www.burmeseclassic.com
BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သုခ

# ချယ်ရီအလှ စာအလှ

ဗိုလ်ချုပ်
စာပေ

www.burmeseclassic.com

www.burmeseclassic.com

**ချယ်ရီအလှ စာအလှ**
ဒုတိယအကြိမ်၊ ၁၉၉၈ ဖေဖော်ဝါရီလ၊ အုပ်ရေ ၂၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၇/၉၈(၂) နှင့် စာမူခွင့်ပြုချက်အမှတ် ၂၄/၉၈(၁) တို့အရ ဦးဝင်းမြင့်(၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ၊ ၃၁၅၊ ၂-ခ ရပ်ကွက်၊ သောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကသျှာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၂၅၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## တန်းတွန်းအမှာ

ဆရာဦးသုခ၏ ချယ်ရီဝတ္ထုတိုများကို ဖတ်ရသောအခါ တောင်ငူရာဇဝင် အစနားမှာပါသော ပိုက်ဆံကြိုး၍ ဖြူးမြို့ရာ နင်းပုံ၊ ဆေးခါးကို သကြားအုပ်ပုံ၊ လေးလံလှသော ရထားတွဲကို သီချင်း တအေးအေးနှင့် တဖြည်းဖြည်း တွန်းသွားပုံများကို သတိရမိသည်။

ပိဋကတ်စာပေ အနံ့အသက်ရလိုက်လျှင် တွန့်သွားကြသော သူများအား ဦးချမ်းသာ ဒေါ်မြမေတည်းဟူသော ဗုဒ္ဓဘာသာဝင် ဇနီးမောင်နှံနှစ်ဦး ဆွေးနွေးခန်းဖွင့်၍ အဆင့်ဆင့်သော စာပေအသိ တအိအိတိုးအောင် အမျိုးမျိုးဆွဲဆောင်နိုင်သူကား ကျွန်ုပ်တော်သိသည် ထက် တိုင်းပြည်ကပိုသိသော ဆရာဦးသုခ ဖြစ်ပါသည်။

ချယ်ရီဝတ္ထုတိုများကို 'ပိဋကတ် သင်္ဂြိုဟ်' ဟု ကျွန်တော်က ဆိုလိုက်ချင်သည်။ သို့သော် ဆိုလှချည့်လားဟု ဆိုချင်သူများ ရှိကောင်း ရှိမည်ကို ငဲ့၍ ဓမ္မပဒသာရ၊ ဇာတကသာရ၊ မဟာဒေဝသာရ စသော အမည်များဖြင့် ဆိုပါမည်။ ဆို၍ အားမရသောအခါ 'လောကီသင်္ဂြိုဟ် အင်္ဂုတ္တိုရ်' ဟု ဆက်၍ဆိုချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လောကအကြောင်း၊ ဓမ္မအကြောင်း ကျေညက်လှသော ဆရာဦးသုခသည် ခေတ်မမီတော့သယောင်ရှိသော ရှေးခေတ် အမျိုးသား၊ အမျိုးသမီးစံပြများအကြောင်းကို ခေတ်အမီဆုံး ရေးနည်း များဖြင့် ခေတ်လူငယ်များအား ဦးဆောင်လမ်းပြနေသည်ကို အံ့အား သင့်စွာ တွေ့ရသည်။

'သင်္ဂြိုဟ်' ဆိုသောစကားနှင့် လိုက်လျောလှစွာ ပညာပေး သင်ခန်းစာ အကြောင်းအရာများကို ကျစ်လျစ်သိပ်သည်းစွာ စုပေါင်း ထုံးဖွဲ့ထားသည်။

'အင်္ဂုတ္တိုရ်' ဟူသော စကားနှင့်လျော်စွာ အကြောင်းအရာ အချက်အလက် ဆက်ကာဆက်ကာ ရေးဖွဲ့သွားပုံမှာ 'စံပြ' အရေး အသားတစ်မျိုးဟုပင် ဆိုချင်လာပါသည်။

ဆရာဦးသုခသည် 'မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်' [illegible]ယ်ရှယ်စဉ်ကပင် ကျေကျေညက်ညက် လေ့လာပြီးသား ဖြစ်ခဲ့ရုံသာ မက ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ ဓမ္မပဒဝတ္ထု စသော ပိဋကတ်လာ ဝတ္ထုကြောင်းများကိုလည်း အလွန်ကျေကျေညက်ညက် လေ့လာပြီးသား ဖြစ်ခဲ့သည်။

ဆရာ၏ဘဝသည် အတိတ်ဝတ္ထု၊ ပစ္စုပ္ပန်ဝတ္ထု၊ ကိုယ့်ဝတ္ထု၊ သူ့ဝတ္ထုများအကြားမှ ဖြတ်သန်းလာခဲ့ရသည်ဖြစ်ရာ ဆရာ၏ သီချင်း များ၊ ရုပ်ရှင်များ၊ ကျမ်းစာများ၊ ဆရာ့လက်ရာအားလုံး၌ ဝတ္ထု ဇာတ်ကွက်တို့မှ အသက်များ အမြဲပင်ဝင်လျက်ရှိမည် ထင်ပါသည်။

မေတ္တာသုတ်အဖွင့်၊ လောကနီတိအဖွင့်၊ မင်္ဂလသုတ်အဖွင့် စသော ဆရာ့လက်ရာများ အောင်မြင်ကျော်ကြားသကဲ့သို့ ချယ်ရီ ဝတ္ထုတိုများသည်လည်း တစ်မျိုးတစ်ဖုံ တစ်ခန်း တစ်ကဏ္ဍ အောင်မြင် ကျော်ကြားလေဦးမည်ဟု ယုံကြည်ပါသည်။

ဆန်းထွန်း

၁-၇-၅၇

# မာတိကာ


ဆန်းထွန်းအမှာ

**မင်္ဂလာလက်ဖွဲ့တေးထပ်** ၂
ချစ်သူမောင်နှံတို့ ဘဝဆက်တိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ လက်တွဲနိုင်ကြမည့် ဗုဒ္ဓအလိုတော်ကျနည်းလမ်းများ

**သမီးတစ်ကောင်** ၂၂
ခမည်းတော်ဖမ်းမိထားသောရန်သူကို ကယ်၍ နှစ်ဦးသဘောတူလိုက်ပြေးသွားသည့် သမီးတော်

**လက်တွင်းကသာသူ့ဘက်ပါနဲ့** ၃၄
ခမည်းတော်က လက်တစ်ဖက်ကို မလွတ်တမ်းကိုင်ထားသည့် ကြားမှ ချစ်သူနောက် လိုက်ပြစ်အောင်လိုက်သွားသူ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တီးသမျှဖိန့်ဖိန့်တုန် ၄၈
မွေးကတည်းက ယောကျ်ားနှင့် မတွေ့စေရန် စောင့်ရှောက်
ထားသည့်ကြားမှ ယောကျ်ားတစ်ဦးနှင့် ဖောက်ပြားသွားသူ

မကြားစကောင်း မဆိုစကောင်း ၇၄
ဘုရားသာသနာ၌ သဒ္ဓါကြီးပါလျက်နှင့် အပြစ်ရှိသည်ကို
မသိ၍ မယားဟောင်းနှင့် ပေါင်းဖက်မိသည့် ရဟန်း

ကြည်ညိုနှင့်ခေါင်ရန်း ၉၀
မိဖုရားချင်းအတူတူ တစ်ပါးက တရားတော်၏ မွေရသကို
ခံစားနိုင်သည်၊ နောက်တစ်ပါးမှာမူ မခံစားနိုင်

မိဖုရားမလ္လိကာ ၁၀၈
သက်ဦးဆံပိုင်ဘုရင်ကို ရှဲဝှံစွာဝေဖန်၍ လူသူတိရိစ္ဆာန်
တို့၏ အသက်ကိုကယ်ခဲ့သူ မိဖုရား

ကယ်တင်ရှင်မိဖုရား ၁၂၈
ယခုဘဝ၌သာမဟုတ် ယခင်ဓမ္မဒိန္နာ မိဖုရားဘဝကလည်း
မင်းမိဖုရားတို့၏အသက်ကို ကယ်ခဲ့သူ

မလ္လိကာနှင့်မလ္လိကာ ၁၄၆
ခင်ပွန်းဖြစ်သူနှင့် သားအားလုံးတို့ အသတ်ခံရကြောင်း
ကြား၍သော်မှ မတုန်လှုပ်သည့် စစ်သူကြီးကတော်

တောင်ရေးကမှကောင်းသေးသည် ၁၆၄
မိဘကျေးဇူးမသိတတ်သော သားမိုက်လေးယောက်ကို
ရှိသမျှအမွေ အကုန်ခွဲပေးလိုက်မိသောအခါ

နက်ဖြန်ဆိုတာအဝေးကြီး ၁၈၀
ဆန့်သောလက်မကွေးမီ ကွေးသောလက်မဆန့်မီ တဲ့
နောက်ဘဝဆိုသည်မှာ နီးနီးလေးပါ

ဘယ်သူပြိုင်၍ ရပါတော့နိုင် ၁၉၄
မရဏဆိုတဲ့သေမင်းကို စစ်အင်္ဂါလေးပါးနဲ့
ဖွန့်ဖွန့်စားစားပြိုင်တိုက်၍ မရနိုင်ပါ

သဒ္ဓါပါတယ်မောင့်ကို ၂၁၂
ပုဂ္ဂိုလ်တစ်ဦး၏ သဒ္ဓါတရား မပျောက်မပျက်အောင်
ရဟန္တာကိုယ်တော်မြတ်ကြီးသော်မှ အာမ မခံနိုင်

ဘုရားမှာတစ်ခါဆုံတယ် ၂၂၈
ဘုရားဖူးသွားကြရာ၌ သဒ္ဓါစိတ်အပြည့်ဖြင့်
ရတနာသုံးပါးဂုဏ်တော်များကို ပွားများ၍ သွားကြပါမှ

မဟာကပ္ပိန ၂၄၀
ရေပြင်ကို မြေပြင်အဖြစ် ပြောင်းလဲဖြတ်ကျော်ပြီး
ဘုရားထံတော်မှောက်သို့ အရောက်သွားသူ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


**ပုဏ္ဏသုဘဒ္ဒ** ၂၆၆

ရတနာသုံးပါး၏ ဂုဏ်တော်များကို ဖတ်ရှုရရုံမျှနှင့် သဒ္ဓါစိတ်လွှန်ကဲပြီး ရဟန်းဘဝကို ရယူသူ

**အရှင်မဟာကဿပ** ၂၈၂

ဗုဒ္ဓ၏ တရားတော်တို့ကို ယနေ့တိုင် မပျောက်မပျက် တည်နေအောင် ဦးဆောင်၍ သံဂါယနာတင်ခဲ့သူ

**အရှင်အနုရုဒ္ဓါ** ၂၉၆

ဗုဒ္ဓမြတ်စွာ၏ ညီတော်တစ်ဝမ်းကွဲဖြစ်ပြီး မရှိဘူး ဆိုသည်ကို ကြားပင်မကြားဖူးသူ

**အရှင်ကောဏ္ဍညသောဏ** ၃၁၀

ပထမအမျိုးသမီးသောတာပန်၏ သားဖြစ်ပြီး မြတ်စွာဘုရားနှင့်အတူ တစ်ညတာ သီတင်းသုံးဖူးသူ

**ခဒိရဝနိယ ရေဝတသာမဏေ** ၃၂၄

ရှင်သာရိပုတ္တရာ၏ ညီငယ်အထွေးဆုံးဖြစ်သည့်အပြင် အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်နေသူ

**ဝနဝါသီတိဿသာမဏေ** ၃၃၈

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် နှစ်တန်နှစ်ဘဝသာသနာတော်နှင့် ကြုံရသူ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာလက်ဖွဲ့တေးထပ်



မာန်ချင်တာအပြတ်ကင်းပါလို့
အပ်နှင်းတော့ဥစ္စာ
ကိုယ့်သက်ထားကြင်ယာကို
ရွေးသစ္စာစောင့်ထား
ဝတ်အစားဆင်ယင်ကာ
ကြင်,ကြင်နာ,ချစ်ပါ့သနား။
အိမ်တွင်းမှုကိစ္စာ
စိတ်ပါပါလှုပ်ရှား
လင်တော်မောင်ရှာဖွေထားသမျှ
ဘဏ်အလားထိန်းသို
ချစ်တဲ့သူမောင်ကလွဲလျှင်
ဖွဲ့ဆန်ကွဲထင်လိုက်တော့ဗျို့
မိတ်သင်္ဂဟဆွေမျိုးဆိုလျှင်
လိုသလိုဖြည့်စွမ်း၍
ပေးကမ်းခြင်းအောင်စေရာ
ဒါနပြုပါ
မပျင်းနဲ့ဝင်းလဲ့ညာရယ်
အဆင်းနဲ့ရှုပကာ  စောင့်ထိန်းဝါဗျာ့လေး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ဘဘက မင်းတို့ရဲ့ လက်ထပ်မင်္ဂလာပွဲအတွက် အမွှန်အမြတ်ပြု၍ လက်ဖွဲ့လိုက်တဲ့ တေးထပ်ကဗျာလေး ဆိုပါတော့ကွယ်။

သားသားရဲ့အမည်က "မောင်စိုးမင်း" ပညာအရည်အချင်းက B.Sc (Physics)၊ အလုပ်အကိုင်က အလုပ်သင်အရာရှိ F.G နော်၊ မိဘက ချယ်ရီမဂ္ဂဇင်းအယ်ဒီတာချုပ် စာရေးဆရာ မြတ်ထန် အမည်ခံ ဗိုလ်မှူးကြီးဟောင်းတင်မောင်နဲ့ ဒေါ်နန်းဝိုးခမ်းတို့ ဖြစ်ကြသလို၊

သမီးလေးအမည်က "နန်းဝိုးဆိုင်"၊ ပညာအရည် အချင်းက Final Year (Geography)၊ အလုပ်အကိုင်က အစီအစဉ် လ/ထ (ရှမ်း) မြန်မာ့အသံ၊ မိဘများက မိုင်းယမ်းမြို့ ဦးစိုင်းမုတ် (မြို့စားကြီးဟောင်း) နဲ့ ဒေါ်နန်းနုံ ဖြစ်ကြကြောင်း ဘဘသိရပါပြီကွယ်။

၁၃၄၈ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၁၉၈၆ ခု နိုဝင်ဘာလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့က သားတို့ သမီးတို့ လက်ထပ်မင်္ဂလာ အစီအစဉ်ကို ဘဘအနေနဲ့ ချီးမွမ်းထောမနာ ပြုချင်တာကတော့ နှစ်ဦးနှစ်ဘက်သော ဆွေမျိုးမိဘများက ဝတ္တရားနဲ့အညီ နေရာချထား လက်ထပ်ထိမ်းမြားပေးပြီးသည်နှင့်တစ်ပြိုင်နက် အိမ်ထောင်ဦးကြင်စဦး မင်္ဂလာဦးမှာ ရတနာသုံးပါး ဦးထိပ်ထားပြီး ဗဟန်း မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးမှာ ဆရာတော်ဘုရားကြီးနဲ့တကွ သံဃာတော်များကို မင်္ဂလာဆွမ်းဦး လှူဒါန်း၍ တိပိဋကဓရ ဆရာတော် တစ်ပါးဖြစ်တဲ့ ယောဆရာတော် ဦးသိရိန္ဒာဘိဝံသ၏ ဩဝါဒကို အမှုဝေကြတယ်လို့ သိရတဲ့အတွက် ဘဘက သာဓု သာဓု သာဓု အနုမောဒနာပြုလိုက်ရပါတယ်။

ဒီကိစ္စလုပ်ရပ်ဟာ ဗုဒ္ဓဘာသာပီသသော နှစ်ဘက်မိဘတို့မှ အမွေအနှစ်ကို ခံယူတဲ့ သားကောင်းသမီးကောင်းတို့၏ ပဓာနကျတဲ့ ဆောင်ရွက်မှုကြီးတစ်ရပ် ဖြစ်ပါပေတယ်လေ။

BURMESE CLASSIC .com



သံသရာဘဝခရီးမှာ ဘုရားသွားဖက် ကျောင်းသွားဖက် အလှူရေစက်လက်နဲ့မကွာ အတူတကွ ကျင့်သုံးဆောက်တည်ကြမယ့် သပ္ပုရိသနွယ်ဝင် အကြင်လင်မယားအဖြစ်ကို ပြသ သက်သေပြုလိုက်တဲ့ သာဓကတစ်ခုလို့လည်း ဆိုနိုင်ပြီပေါ့ကွယ်၊ အရပ်စကားနဲ့ပြောရရင် 'ရှေ့သွားနောက်လိုက်' ညီကြတယ်ပေါ့။

အေး၊ ကျောင်းရှိသံဃာကုန်ကို ဆွမ်း ဘောဇဉ် အာဟာရ စိတ်တိုင်းကျလှူဒါန်းပြီးကာမှ အပေါင်းအသင်းရောင်းရင်း မိတ်ဆွေတို့ကို နံနက်စာထမင်း တည်ခင်းဧည့်ခံပြီး မင်းတို့ဇနီးမောင်နှံ ကိုယ်တိုင် စားပွဲတိုင်းစားပွဲတိုင်း တရိုတသေ နှုတ်ဆက်ဂါရဝ ပြုကြတာကဖြင့် နှစ်လိုဖွယ် ကြည်နူးဖွယ် ဝမ်းမြောက်ဖွယ် မေတ္တာရေးရှုဖွယ်ချည်းပါကလားကွယ်။

နှစ်ဘက်သော လူကြီးမိဘများကလည်း ထိုက်ထိုက်တန်တန် ညီညီမျှမျှ သားသမီးစုံတွဲရလို့ ရွှင်ရွှင်ပျပျ ဖြစ်နေကြတုန်း သားတို့သမီးတို့မှာလည်း 'ပိယေဟိ သမ္ပယောဂ' ချစ်စခင်စ ကြင်နာကြစ ရွှင်ရွှင်ပျပျ ပျော်တပြုံးပြုံး ဘဘတို့အပါအဝင် ပရိသတ်တွေကလည်း နှစ်ထောင်းအားရ ရယ်ကြမောကြ စားကြသောက်ကြ ပြောကြဆိုကြ သောသောညံနေကြတာကဖြင့် 'ဇေယျတု သဗ္ဗမင်္ဂလံ' ပါပဲဗျာ။

ကဲ... ကဲ ... ဘဘက အဓိကထားပြီး သားနဲ့သမီးကို ပြောချင်တာက ဘဘလက်ဖွဲ့လိုက်တဲ့ ဩဝါဒ မင်္ဂလာလက်ဖွဲ့ တေးထပ်ကလေး အကြောင်းပါပဲကွယ်။

သားတို့သမီးတို့က ခေတ်ပညာတတ်တွေမဟုတ်လား၊ ဒီတော့ ခေတ်ပညာတတ်ကလေးတွေကို ခေတ်စကားနဲ့ ပြောမှဟောမှ ထိလွယ် မိလွယ် ဖြစ်လိမ့်မယ်လို့ ဘဘသဘောရပါတယ်။

ဒါကြောင့် ဘဘကပြောတော့မယ်။

ယခု ဘဘရေးစပ်လိုက်တဲ့ တေးထပ်စာသား အဓိပ္ပာယ်များဟာ

www.burmeseclassic.com

www.burmeseclassic.com



သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ 'သိင်္ဂါလောဝါဒသုတ္တန်' ပါ ဒေသနာတော်များ ဖြစ်ပါတယ်၊ သိင်္ဂါလောဝါဒသုတ် ဆိုတာ သိင်္ဂါလ၊ ဩဝါဒ၊ သိင်္ဂါလသတို့သားကို ဩဝါဒပေး ဆုံးမဟောကြားတော်မူတဲ့ တရားလို့ အဓိပ္ပာယ်ရပါတယ်၊ ဘာတွေဆုံးမထားသလဲ။

မိဘက သားသမီးအပေါ် ပြုစုရမယ့်အကျင့်တရားတို့၊ သားသမီးက မိဘအပေါ် ပြုကျင့်ရမယ့် အကျင့်တရားတို့၊ လင်က မယားအပေါ် ပြုကျင့်ရမယ့် ဝတ္တရားတို့၊ မယားက လင့်အပေါ် ပြုကျင့်ရမယ့် ဝတ္တရားတို့၊ ဆရာက တပည့်အပေါ်ပြုကျင့်ရမယ့် ဝတ္တရားတို့၊ တပည့်က ဆရာ့အပေါ် ပြုကျင့်ရမယ့် ဝတ္တရားတို့ စသည်စသည်အားဖြင့်ပေါ့ကွယ်၊ ဒါတွေကို သားတို့သမီးတို့ ကြားဖူးနား၀ ရှိထားပြီးသားပါ၊ ဘုရားဟောတော်မူတဲ့ မူရင်းပါဠိကို မတွေ့ဖူး မဖတ်ဖူးသည့်တိုင်အောင် ကျေးဇူးရှင် သင်္ဃာဆရာတော် ဘုရားကြီးကတို့ခေတ်လူတွေ ကျက်နိုင်အောင် မှတ်နိုင်အောင် မြန်မာလင်္ကာနဲ့ ရေးပေးတော်မူခဲ့တယ်မဟုတ်လား၊ အဲဒီကျေးဇူးဟာ နည်းနည်းနောနော မဟုတ်ပေဘူးနော်၊ မိဘဝတ္တရားဆိုရင် 'မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' အဲဒီစာသားပေါ့။

အခု သားသားတို့ သမီးလေးတို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ 'လင်ကျင့်ဝတ်'၊ 'မယားကျင့်ဝတ်' ကျတော့၊ ဟောသလို ရေးသားပေးတော်မူခဲ့တယ်၊ လင့်ဝတ္တရားကတော့ . . .

"မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ" . . . တဲ့။

မယားဝတ္တရားကျပြန်တော့ ... "အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးသူ၊ အိမ်သူကျင့်အပ်စွာ" . . . တဲ့။



ဒီလို မြန်မာစာသားနဲ့ဆိုတော့ တို့တစ်တွေ အသိရမလွယ်ဘူးလား၊ အမှတ်ရ မလွယ်ဘူးလား၊ အကျက်ရ မလွယ်ဘူးလား၊ လွယ်သွားတာပေါ့နော်၊ အဲဒီစာသားတွေကို ကဗျာ ဂီတသံလေးနဲ့ သီဆိုရရင် ပို၍ စိတ်ဝင်စားစရာကောင်းမယ်ထင်လို့ ဘဘက တေးထပ်လေး ရေးစပ်လိုက်တာပါ။

ဒါနဲ့ စကားစပ်မိလို့ ပြောရဦးမယ်၊ အတိုင်းတိုင်း အပြည်ပြည်ရှိ လူမျိုးအသီးသီး ဘာသာအမျိုးမျိုးမှာ ကိုယ့်သမီး ကိုယ့်သား အရွယ်ရောက်ရင် လင်နဲ့မယား ပေးစား အသိအမှတ်ပြုလေ့ပြုတာ ရှိကြတာချည်းပါပဲ၊ လက်ထပ်ပွဲရယ်လို့ ကြီးကျယ်ခမ်းနားစွာ ပြုလေ့ပြုထရှိကြတာလည်းများပါတယ်၊ 'ရိုးမြေကျ ရာသက်ပန် ပေါင်းနိုင်ကြပါစေ'လို့ ဆုတောင်းကြတာတွေ ဆန္ဒပြုကြတာတွေ ကိုးကွယ်ခံဆရာကြီးတို့က မင်္ဂလာမိန့်ခွန်းဩဝါဒ ပေးကြတာတွေလည်း ရှိတန်သလောက်ရှိကြပါရဲ့၊ အဲဒီအနက်က သိပ္ပံနည်းကျကျ အရေအတွက်နဲ့ပြပြီး ဂဃနဏ ဆုံးမတော်မူခဲ့တာဖြင့် ငါတို့ရဲ့ ဗုဒ္ဓကိုယ်တော်မြတ်ကြီးတစ်ပါးသာ ရှိလိမ့်မယ်လို့ ဘဘကဖြင့် အဲသလိုသာ ပြောလိုက်ချင်ပါတယ်။

ကဲ ဒီတော့ 'ဗုဒ္ဓမြတ်စွာက ဘာဖြစ်လို့များ လင်ယူသားမွေးကိစ္စထဲမှာ ဟောကြားနေရသလဲ၊ ဆုံးမနေရသလဲ၊ နည်းပေးလမ်းပြလုပ်နေရသလဲ၊ နိဗ္ဗာန်မင်္ဂဖိုလ်ရောက်ရှိရေးသာ ပဓာနကိစ္စ မဟုတ်လား' လို့ ကတ်သီးကတ်သတ် မေးချင်ရင် မေးစရာ ရှိမနေပြန်ဘူးလား၊

အေး၊ အမေးရှိရင် အဖြေလည်း ရှိရမှာပေါ့ကွယ်။ မှန်ပါတယ်၊ ဗုဒ္ဓမြတ်စွာကိုယ်တော်ဟာ သတ္တဝါ ဆနေယျကို သံသရာဝဋ်ကြမ်းမှ တစ်ဘက်ကမ်းနိဗ္ဗာန်သို့ ပို့ဆောင်တော်မူလိုရင်း ဖြစ်သော်လည်း သတ္တဂါတို့၏ အနုစား အရင့်စား (အရည်အချင်း) ကွာခြားကိုသိမြင်တော်

www.burmeseclassic.com

www.burmeseclassic.com



မူတဲ့အလျောက် ဤဘဝမှာပင် နိဗ္ဗာန်ထုတ်ချောက် မရောက်နိုင်သေးသော လူပုဂ္ဂိုလ် နတ်ပုဂ္ဂိုလ်တို့ အတွက် ရှေ့ဆက်ရမည့် သူတို့ရဲ့ သံသရာ ဘဝဘဝမှာ အပါယ်လေးပါးမှ ကင်းလွတ်ပြီး၊ လူဖြစ်ရင်လည်း လူကောင်းသူကောင်း၊ နတ်ဖြစ်ရင်လည်း နတ်ကောင်းနတ်မွန်၊ ထိုကမှ အဆင့်ဆင့် အရိယာဖြစ်နိုင်အောင် မဟာကရုဏာထားတော်မူ၍ ဟောကြားခြင်းဖြစ်ပါတယ်။

နောက်တစ်ခု အရေးကြီးတာ ရှိသေးတယ်ကွဲ့၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ အိမ်ထောင်သည်အသစ်ဖြစ်တဲ့ဇနီးခင်ပွန်းဘဝဟာ အရေးအကြီးဆုံးအခန်းကဏ္ဍက ပါဝင်နေကြရတယ်၊ သားသားတို့ပဲစဉ်းစားကြည့်ကြလေ၊ မင်းတို့တစ်တွေ ကိုယ်တိုင် ယနေ့ကစ၍ အကြင်လင်မယားဖြစ်ကြတယ်၊ အဲဒီနောက် မိခင်ဖခင် ဖြစ်ကြရလိမ့်မယ်၊ အဲဒီနောက် အဘိုးအဘွားများ ဖြစ်ကြရလိမ့်ဦးမယ်၊ အဲဒီလိုနဲ့ သားစဉ်မြေးဆက် အရင်းအမြစ်ကြီး ဖြစ်မလာကြပေဘူးလား၊ အဲဒီတော့ မင်းတို့ကိုယ်တိုင် ဗုဒ္ဓအလိုတော်ကျ 'စံပြလင်မယား' ဖြစ်ကြရမယ်။

"အရင်းစစ်တော့၊ အမြစ်မြေက" တဲ့၊ အမြစ်မှန်မှ အပင်ရှင်သန်မယ်၊ အပင်ရှင်သန်မှ အပွင့်အသီး ဖွံ့ဖြိုးမယ်၊ အသီးအောင်မှ မျိုးစေ့ ကောင်းကောင်းရမယ်၊ မျိုးစေ့ကောင်းမှ အပင်ပွားမယ်လေ။

ဒီတော့ မင်းတို့ဇနီးမောင်နှံသစ်လွင်တို့ဟာ 'အမိကောင်း၊ အဖကောင်း' ဖြစ်လာမယ်၊ အမိကောင်း အဖကောင်းကမွေးမှ 'မိကောင်း ဖခင်သားသမီးများ' ပေါ်လာလိမ့်မယ်၊ ဟုတ်ပလား၊ ဒီတော့သားသားတို့ သမီးတို့ဟာ အရေးကြီးတဲ့ 'အမျိုးမဏ္ဍိုင်ကြီး' ဖြစ်မနေဘူးလား၊ ဒါကြောင့်သာ ဘုရားမြတ်စွာက 'ရေးကြီးခွင့်ကျယ်' ဆုံးမတော်မူတာပေါ့ သားတို့ရယ်။

ကဲ တေးထပ်ပါစာသားအဓိပ္ပာယ်ကို အနည်းငယ် ဖွင့်ဆို



ကြရအောင်လား။

"အရိပ်ပြလျှင် အကောင်ထင်၊ တစ်ထွာပြလျှင် တစ်လံမြင်" တဲ့ ခေတ်ပညာရှင်ကလေးများဖြစ်လို့ အကျယ်ချဲ့ထွင်ပြီး ဘဘက ပြောနေစရာ မလိုဘူး၊ "ရွှေဖလားကို အနားကွပ်ပေးရုံသဘော" နဲ့ ဘဘကပြောပါမယ်။

"မာန်ချင်တာအပြတ်ကင်းပါလို့" ဆိုတဲ့ စာသားက ကျေးဇူးရှင် သင်္ဂဇာဆရာတော်ဘုရားကြီးရဲ့ 'မထီမဲ့ကင်း' ဆိုတဲ့စာသားကို နှီးနွှယ်ထားတာဖြစ်ပါတယ်၊ အဓိပ္ပာယ်က ပုရိသ ယောကျ်ားများရဲ့ စိတ်ဓာတ်ဟာ လောကရေးရာ စီးပွားရှာရာဝယ်၊ ဦးဆောင်ရသူဖြစ်လေတော့ တစ်ခါတစ်ရံ 'လောကဓံ' နဲ့တွေ့ပြီလားဆိုရင် စိတ်ဓာတ်ကြံ့ခိုင်အနိုင်တိုက်ရတဲ့အတွက် စိတ်လက်မကြည်မသာ ဖြစ်တတ်ပါတယ်၊ အဲဒီအခါ ပြောဆိုဆက်ဆံရာမှာ 'ပြတ်ပြတ် တောင်းတောင်း တင်းတင်းမာမာ' ဖြစ်ချင်လည်းဖြစ်နေတတ်ပါတယ်၊ မိမိ၏ ဇနီးမယားကိုတောင်မှ ကင်းကင်းကွာကွာ ဥပေက္ခာပြုသလို ရှိတတ်ပါတယ်။

ဇနီးမယား အနေနဲ့ကတော့ သမီးရည်းစားဘဝက မိမိကို ဦးစားပေးပြီး ချော့မော့ခဲ့တာတွေ၊ ညားခါစက ကယုကယင် မြတ်မြတ်နိုးနိုး ပြုစုခဲ့တာတွေကိုတွေးပြီး သူ့အပေါ်မှာ 'မထီမဲ့မြင်' ပြုတဲ့သဘော၊ 'ထန်ချင်မာန်ချင်' တဲ့ သဘောပဲလို့ နားလည်မှုလွဲတတ်ပါတယ်၊ ဒါကြောင့် အလုပ်ထဲက ဒေါမနဿကို အိမ်သို့ မပါခဲ့အောင် သတိထားပြီး ဇနီးမယားကို သမီးရည်းစားဘဝက ဆက်ဆံသကဲ့သို့ ပြောဆိုဆက်ဆံပါ၊ အလောင်းတော် မဟော်သဓာနဲ့ အမရာဒေဝီတို့လို ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေရာတောင်းပြီး မိတ်ဆွေနဲ့တူသော မယားကဲ့သို့ ပြောဆိုဆက်ဆံပါပေါ့ကွယ်။

"အပ်နှင်းတော့ဥစ္စာ" ဆိုတဲ့ အဓိပ္ပာယ်ကတော့ အလုပ်ကြီး အကိုင်ကြီးသမားဆိုရင် အမြတ်အစွန်းရတဲ့ငွေကို ဇနီးမယားထံအပ်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



လခစားဆိုရင်လည်း လစာငွေကလေးကို ပေးအပ်ပါ၊ အိမ်သူမယားတို့ရဲ့ဆန္ဒဟာ မိမိလင်ယောကျ်ားရဲ့ လုပ်စာကို လက်ခံရရင် အင်မတန်ဂုဏ်ယူ ကျေနပ်တတ်ကြပါတယ်။ တကယ်တော့လည်း မိမိ၏လင်ယောကျ်ားကို ကိုယ့်ဆွေကိုယ့်မျိုးထက် အားကိုးကြရတာ ဖြစ်ပါတယ်။

"ဆွေကောင်းတော့ တစ်စလယ် မျိုးကြွယ်တော့ တစ်စလောင်း၊ ဘူးကောင်းတော့စင်ခံ၊ လင်ကောင်းမှ စံရတယ်" ဆိုတဲ့စကားဟာ သူတို့ရဲ့လက်သုံးစကားပေါ့၊ 'ဥစ္စာ' လို့ဆိုရာမှာ ငွေကြေးသာမကဘူး နော်၊ အိမ်တွင်းရှိ အဝတ်အစားအသုံးအဆောင် နဲ့တကွ 'မီးဖိုချောင်မှအစ ဘုရားစင်အထိ' စီမံခန့်ခွဲမှုသြဇာကိုပါ လွှဲအပ်ပေးရမှာဖြစ်ပါတယ်၊ 'အိမ်ရှင်မ' ဆိုတဲ့ စကားနဲ့အညီ မယားကသာလျှင် စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့် ရယူလိုတတ်ကြပါတယ်။

"ကိုယ့်သက်ထားကြင်ယာကို၊ ရွှေသစ္စာစောင့်ထား"

ဒီစကားအဓိပ္ပာယ်ကို သိလွယ်ပါတယ်၊ မိမိ၏ဇနီးမှတစ်ပါး "အိုင်တွေ့တိုင်းခြေမဆေး" ကြဖို့ပေါ့ကွယ်၊ တို့ယောကျ်ားများက 'ယောကျ်ားကောင်း၊ မောင်းမတစ်ထောင်' ဆိုတဲ့ စကားကို တယ်ပြီးတော့ အားကျတတ်ကြတယ်၊ ဒါကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက ယောကျ်ားတွေကို "ဆိတ်၏ အလား၊ နွား၏သဘော၊ အာရုံပြောတိုင်း၊ လိုက်လျောမေ့ကြဲ၊ ယွင်းဖောက်ပြန်၏" လို့ ဆိုထားတာပေါ့ကွယ်၊ ဆိတ်ဆိုသော သတ္တဝါမျိုးဟာ စားရသောသစ်ပင်မှန်ရင် အသီးအပွင့်အရွက် အခေါက်မရွေး စားလေ့ရှိကြတယ်၊ နွားဆိုတဲ့ သတ္တဝါများကျတော့ "နွားသိုးကြိုးပြတ်၊ နွားငတ်ရေချ" ဆိုတဲ့စကားပုံတွေတောင် ရှိတယ်မဟုတ်လား၊ ဇနီးမယားများအနေနဲ့ကတော့"တစ်ရည်းစား . တစ်မယားလင်ကို ကြားအဝင်မခံနိုင်ဘူး" ဖောက်ပြားတဲ့ယောကျ်ားဆိုရင် အရိုအသေတောင် ကင်းတတ်ပါတယ်၊ စိတ်ဆင်းရဲတာကတော့ မပြောနဲ့တော့၊ အဲဒီကိစ္စမျိုးဟာ



သာမန် မိန်းမသားကိုထားတော့ ဘုရားအလောင်း ဝေဿန္တရာမင်းကြီးရဲ့ မယ်တော် ဖုဿတီဒေဝီမိဖုရားကြီးဟာ သိဋ္ဌည်းမင်းကြီးနဲ့လက်ထပ်စက မိမိမှတစ်ပါး မိဖုရားငယ်မထားဖို့ "လင်တူမယား" အဖြစ်နဲ့မနေရဖို့ အရေးဆိုခဲ့ဖူးပါသတဲ့။

ယောကျ်ားများအနေနဲ့ အငယ်အနှောင်းတွေ တွေ့ပြီး 'ရွက်ပုန်းသီး' ထားတဲ့ကိစ္စများမှာ ယောကျ်ားများကစပြီး လော်လီ ဖောက်ပြားခြင်း မရှိပါဘဲလျက် မိန်းကလေးတွေက မယားရှိမှန်းသိလျက်နဲ့ ဝိုင်းဝိုင်းလည်ဖြစ်နေရင်လည်း မှောက်မှား တတ်ကြပါတယ်၊ အဲဒီလို မှောက်မှားနိုင်တဲ့ အကြောင်းတရားဟာ လေးပါးရှိသတဲ့။

၁။ ဝယ = အရွယ်ကောင်းခြင်း၊ နုပျိုခြင်း၊ ယောကျ်ားပီသခြင်း၊

၂။ လာဘ = လာဘ်ပေါများခြင်း၊ ရက်ရောစွာ လက်ဆောင်ပေးတတ်ခြင်း၊

၃။ ကိတ္တိ = ကျော်စောထင်ရှားခြင်း၊ ဘွဲ့ထူး ဂုဏ်ထူးတွေရှိခြင်း၊ (အဆိုတော်တို့ ရုပ်ရှင်မင်းသားတို့ ဇာတ်မင်းသားတို့လိုပေါ့ကွယ်)

၄။ ဣဿရိယ =အခွင့်အာဏာအစိုးရခြင်း၊ အလုပ် ခန့်နိုင်ခြင်း၊ ပရိမိုးရှင်းပေးနိုင်ခြင်း၊ မြို့ပြောင်း နယ်ပြောင်းလုပ်ပေး နိုင်ခြင်း၊

အဲဒီ အကြောင်း လေးပါးမှာ တစ်ပါးပါးနဲ့ပြည့်စုံရင်တောင် မိန်းကလေးတွေက ဝိုင်းဝိုင်းလည်အောင်လာရောက် ချဉ်းကပ်တတ်ကြပါသတဲ့၊ အကြောင်းနှစ်ခုနဲ့ပြည့်စုံလာရင် ပို၍ အန္တရာယ် ကြီးလာတယ်၊ သုံးခုဆိုရင်မပြောနဲ့တော့၊ လေးခုစလုံးသာပြည့်စုံရင်ဖြင့် မလွတ်အောင်ရှိတတ်တယ်။

အဲဒါကို သားသားက ကြပ်ကြပ်သတိထားရမယ်။

ကဲ "ဝတ်အစားဆင်ယင်ကာ" ဆိုတဲ့ စကားကို ဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရအောင်။

ဒါကတော့ မိန်းမများနှစ်သက်လေ့ရှိတဲ့ အဖိုးတန်အဝတ်အစား အသစ်အဆန်းကလေးတွေ၊ မိန်းမများခုံမင်တတ်တဲ့ လက်ဝတ်ရတနာ ကိုယ်ဝတ်ရတနာ အမွှန်အမြတ်ကလေးတွေကို အခါအားလျော်စွာ 'ချစ်လက်ဆောင်' ပေးကြဖို့ပေါ့ကွယ်။

ဒီနေရာမှာ သားက မေးစရာတစ်ခုရှိသပေါ့။

"ဘယ်လိုလဲဘဘရယ်၊ အပ်နှင်းဥစ္စာဆိုတဲ့ စကားအတိုင်း ကျွန်တော်က ငွေကြေးဥစ္စာ ပေးအပ်ပြီးတဲ့နောက်တော့ သူလိုချင်တာ သူဝယ်ဝတ်ရင်ကော မပြီးဘူးလား" လို့ မေးလာရင် ဘဘက သူတို့ အတွက် ရှေ့နေလိုက်ပေးရလိမ့်မယ်၊ လိမ္မာသော မယားကောင်းဆိုရင် လင်ယောကျ်ားကပေးထားတဲ့ငွေကြေးကို 'လက်လွှတ်စပယ်' ဝယ်ချင်တိုင်းဝယ်၊ လုပ်ချင်တိုင်းလုပ် မသုံးကြပါဘူး၊ 'ဘဏ်အလား ထိန်းသို' ဆိုတဲ့ သူတို့ဝတ္တရားအရ မယောက်မပျက် မလျော့ပါးအောင် ထိန်းသိမ်းထားတတ်ကြပါတယ်။

နောက်တစ်ခုက ဇနီးမယား မိန်းမသားတို့မည်သည် ကိုယ်ဝယ်ပြီး ဝတ်ရတာထက် လင်လုပ်သူက အမြတ်တနိုးဝယ်ပေးတဲ့ ပစ္စည်းကို အလွန့်အလွန် ခုံမင်နှစ်သက် ဂုဏ်ယူလျက် ရှိတတ်ကြပါတယ်၊ မိန်းမချင်းတွေ့လို့မေးရင် 'ဒါဟာ မောင်နိုင်ငံခြား သွားတုန်းက ကျွန်မဖို့ ဝယ်လာတဲ့ ပစ္စည်းကလေးပါလို့' ပြောရတဲ့ အရသာဟာ 'အရိုးတောင်း လက်ဖက်' ထက် ခပ်မြက်မြက် ခံတွင်းတွေ့တတ်ကြပါတယ်၊

ကဲ . . . နောက်ဆုံး 'ကြင်ကြင်နာ ချစ်ပါ့သနား'

အဲဒီစကားမှာ ကြင်နာတာရယ် ချစ်တာရယ် သနားတာရယ် သုံးမျိုးပေါင်းထားတာကို တွေ့ရလိမ့်မယ်၊ လင်နဲ့မယားညားကြတာမှာ သမီးရည်းစားက စ,ကြတာပေါ့၊ သမီးရည်းစားရယ်လို့ စ,ဖြစ်တာဟာလည်း 'စက္ခုရူပေန သံဝါသာ၊ ရာဂပုဗ္ဗံ ဝိဇာယတိ' မျက်စိက



အစ (SEX) ဆိုတဲ့ 'ရာဂ' ဖြစ်လာတာပါပဲ၊ 'ရာဂ' ဆိုတဲ့ ပါဠိကို 'ချစ်မေတ္တာ' လို့ ယဉ်ကျေးစွာ ဘယ်လိုပဲသုံးသုံး၊ မေတ္တာလုံးဝ မဟုတ်တဲ့ 'ရာဂ' ပါပဲကွယ်။

ဒီတော့ 'ရာဂ' တစ်ခုတည်းသာ အဓိကထားပြီး ပေါင်းသင်း ဆက်ဆံကြမယ်ဆိုရင် မိမိမယားထက် ဆွဲဆောင်မှုအင်အား သာလွန်ကြီးမားတဲ့ အငယ်အနှောင်းကို တွေ့တဲ့အခါဖြစ်စေ၊ အရွယ်ရင့်ရော် အိုမင်းလာတဲ့အခါဖြစ်စေ၊ နာမကျန်းဖြစ်လာတဲ့အခါဖြစ်စေ၊ အိမ်ထောင်ရေးရာ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကြပါတယ်၊ ဒါကြောင့် 'ရာဂ' တစ်ခုတည်းကိုသာ အဓိကမထားဘဲ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တို့နဲ့ ပေါင်းစပ်ထားပါမှ ဆံဖြူ သွားကျိုး ပါးရေနားရေတွန့်ကြသည့် အရွယ်အထိ တစ်ဦးကိုတစ်ဦး ယုယ ကြင်နာ ချစ်သဒ္ဒါမိုး ဖွေကြမှာပေါ့ကွယ်။

ကဲ . . . သားသားအနေနဲ့ 'အရိပ်ပြလျှင် အကောင်ထင်' လောက်ပြီမို့ သမီးကလေးအတွက် စကားဆက်ကြရအောင်။

သမီးကလေးရေ 'အိမ်တွင်းမှုကိစ္စာ စိတ်ပါပါလှုပ်ရှား' ဆိုတဲ့ စကားအဓိပ္ပာယ်ကတော့ သမီးကလေးတို့ လင်မယား 'အိမ်တစ်ဆောင် မီးတစ်ပြောင်' နဲ့ တသီးတခြား နေသွားကြရမယ့် အခြေအနေကို မလွဲမသွေ ရောက်ရပေလိမ့်မယ်၊ အဲဒီအခါမှာ အိမ်ရှင်မပီပီ အိမ်မှုဝေယျာဝစ္စ မှန်သမျှဟာ သမီးလေးရဲ့ တာဝန်သာဖြစ်လာလိမ့်မယ်၊ မိဘရဲ့အိမ်မှာ 'ခြေမွေးမီးမလောင် လက်မွေးမီးမလောင်' 'ထမင်းပွဲရှေ့ရောက်' နေခဲ့ရပေမဲ့ အိမ်ထောင်ကျပြီဆိုရင်တော့ 'မီးဖိုချောင်က အစ ညှိခန်းနဲ့ဘုရားခန်းအထိ' နေရာတကျ သန့်သန့်ရှင်းရှင်း မြင်ကွင်းလှအောင် လုပ်လာရတော့မယ်။ ချက်မှု ပြုတ်မှု စားသောက်မှု၊ ဖွပ်မှုလျှော်မှုဆိုတဲ့ 'နေ့တဓူဝ' ဆောင်ရွက်ရမယ့်ကိစ္စဟာ မနက်မိုးလင်းလို့ အိပ်ရာမှ ထသည့်အချိန်ကစ၍ ညမိုးချုပ်၍ အိပ်ရာဝင်သည့်အထိ

www.burmeseclassic.com

www.burmeseclassic.com



တကုပ်ကုပ်နဲ့ မိမိကိုယ်တိုင် လုပ်ရတာတွေ၊ အခြွေအရံ အစေအပါးတွေကို စီမံခန့်ခွဲပေးရတာတွေ ဒီကိစ္စတွေကို ရှောင်လွှဲလို့ မရနိုင်တော့ပါဘူး၊ အိမ်မှုဝေယျာဝစ္စဆိုတာ မိမိကိုယ်တိုင်က စိတ်ပါလက်ပါ တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားမပြုရင် ဘယ်သူ့ကိုမှ အားကိုးလို့ မရပါဘူး၊ မိမိရဲ့ ဗိမာန် မိမိရဲ့ အသိုက်အမြုံဟာ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ 'သီရိဂေဟာ' ဖြစ်ဖို့ရာက သမီးရဲ့ တာဝန်သာဖြစ်တယ်။ "Home sweet home" ဖြစ်လာအောင် သမီးမှမလုပ်ရင် ဘယ်သူမှ လုပ်လို့မရပါဘူး၊ သမီးရဲ့ ချစ်ခင်ပွန်းက 'အပ်နှင်းဥစ္စာ' ဆိုတဲ့ စကားအရ အိမ်တွင်းစီမံခန့်ခွဲဖို့ ဩဇာအာဏာကို ပေးအပ်ထားပြီလေ။

"လင်တော်မောင် ရှာဖွေထားသမျှ၊ ဘဏ်အလားထိန်းသို"

ဘဏ်တိုက်ဆိုတာ ရတနာရွှေငွေပစ္စည်းပစ္စယတို့ကို မပျောက်မပျက် မလျော့ပါးအောင် လက်ခံသိမ်းပေးထားတဲ့ ဌာနကြီး မဟုတ်လားကွယ်၊ ခင်ပွန်းလင်သည်က ကာယအား ဉာဏအားနဲ့ ပင်ပန်းကြီးစွာ ရှာဖွေရသမျှငွေကြေး ပစ္စည်းတို့ကို ဇနီးမယားက ထိန်းသိမ်းထားရမှာပေါ့၊ 'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' ဆိုတဲ့ စကားကို သမီးကြားဖူးပြီးသားပါ၊ လယ်လုပ်ရာမှာ အရေးအကြီးဆုံးက မိုးရေ ချောင်းရေ ဆည်ရေ လိုအပ်သည့် အချိန်အခါ အားလျော်စွာ လယ်တွင်းကရေကို 'ကန်သင်း' ဖို့ထားတဲ့မြေကြီးက တားဆီးသိုလှောင်ထားရမှာပေါ့၊ ဒါမှ အပင်ရှင်သန်လာလိမ့်မယ်၊ ဒီလိုမှ တည်တံ့အောင် ထိန်းသိမ်းမထားနိုင်ဘူးဆိုရင် 'ကတွတ်ပေါက်' က တောက်လျှောက် စီးထွက်ကုန်မှာပေါ့၊ စီးပွားရေးမှာ 'အိတ်ပေါက်နဲ့ ဖားကောက်ရသလို' အဖတ်မတင်ဘဲ ဖြစ်လိမ့်မယ်၊ အိမ်သုံးစရိတ် မီးဖိုချောင်စရိတ်တို့ကိုလည်း ကျကျနန ချွေချွေ တာတာ စာရင်းဇယားနဲ့တကွ ချင့်ချိန်မှတ်သားပြီး သုံးရစွဲရမယ်၊ 'ဆင်းရဲခြင်းအစ မီးဖိုချောင်က' လို့ ဆိုတယ် ဟုတ်လား သမီးရယ်၊ လင်တော်မောင်က သူအပ်ထားတဲ့ ငွေကြေးကို



ပြန်တောင်းတဲ့ အခါသော်မှ စစ်စစ်ဆေးဆေး မေးမေးမြန်းမြန်းနဲ့ ထုတ်ပေးရမယ်။

"ချစ်တဲ့သူမောင်ကလွဲလျှင် ဖွဲဆန်ကွဲထင်လိုက်တော့ဗျို့"တဲ့။

အဲဒါကတော့ ဇနီးမယားတို့အတွက် အရေးကြီးဆုံးလို့ ဆိုရလိမ့်မယ်ထင်တယ်၊ 'ဣတ္ထိဝဏ်၊ နဒီဝဏ်' ဆိုတဲ့စကားမျိုးနဲ့ အပုပ်ချခံရတာဟာ အင်မတန် စက်ဆုပ်ရွံရှာဖွယ် ကောင်းပါတယ်၊ လောကမှာလည်း အရှက်တကွဲအကျိုးနည်း၊ သံသရာမှာလည်း အပါယ်ငရဲရှောင်မလွဲ၊ 'သွေးသားဆန္ဒ' တဏှာရာဂကို တစ်ဒင်္ဂ အလိုလိုက်မိတာနဲ့ အမိုက်ထဲဝင်မိမှား၊ ငါးပါးမှောက် ဆယ်ပါးမှောက် သံဃာစင်ပါ အကုန်မှောက်၊ တစ်သက်လုံး ဒုက္ခရောက်ရတဲ့ သာဓကတွေ ဘာဘတို့ သမီးလေးတို့မျက်စိအောက်မှာ အများရှိကြတယ် မဟုတ်ပါလားကွယ်။

'မယားထိမ်းကြည့်' 'သွားကြားရိုးညှပ် မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း ချစ်ခြင်းမယား၊ ရည်းစားလူလု အူနုကျွဲခတ်' ဆိုတဲ့ စကားများဟာ ယောကျာ်းများရဲ့ အနာကြည်းဆုံး ခံစားချက်၊ ဥပမာများသာ ဖြစ်လို့မို့ တုတ်တစ်ပြက် ဓားတစ်ပြက် စီးပွားပျက် အိမ်ထောင်ပျက် ဂုဏ်သရေပါပျက်ရတဲ့အထိ ဖြစ်တတ်ပါတယ်။

"မိတ်သင်္ဂဟဆွေမျိုးဆိုလျှင်၊ လိုသလို ဖြည့်စွမ်း၍၊ ပေးကမ်းခြင်း အောင်စေရာ၊ ဒါနပြုပါ"

ဒါကတော့ တရားဓမ္မနဲ့ ဇေတာရီ အရညာဝါသီ၊ ကျင့်တော်မူပြီး 'သစ်သီးထမင်း၊ သစ်သီးဟင်း' နဲ့သာ မျှတတော်မူနိုင်တဲ့ တောမှီယောဂီရသေ့ ရဟန်းကလွဲရင် ဘယ်ပုဂ္ဂိုလ်မှ မိမိတစ်ဦးတည်း အထီးကျန် နေလို့ထိုင်လို့မရပါဘူး၊ အိမ်ရာတည်ထောင်တဲ့လူတွင်းမှာ မိဘ ဆွေမျိုး အပေါင်းအသင်း မိတ်သင်္ဂဟ အခြွေအရံ အစေခံတို့မှအစ ဝိုင်းဝိုင်းလည်နေကြရတယ်မဟုတ်လား၊ ဒီတော့ အပေးအယူ အကူအညီ အမအစ အချေးအငှား ကင်းကို မကင်းနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်လာလို့ ကိုယ့်လက်ကမ်းရတာရှိတယ်၊ သူ့လက်လာအောင် ကိုယ့်လက်ကမ်းရတာရှိတယ်၊ ကတညုတ ကတဝေဒီ၊ ကျေးဇူးရှိလို့ ကျေးဇူးဆပ်ရတာတွေရှိတယ်၊ ပကိဏ္ဏကနိပါတ်မှ ဘုရားအလောင်း ကေဒါရ ကျေးမင်း ပြောသလို 'စပါးနှံများကို ဤသို့ချီယူရတာဟာ ကြွေးဟောင်းကိုလည်း ဆပ်စရာရှိလို့၊ ကြွေးသစ်ကိုလည်း ချစရာရှိလို့၊ နောင်ကာလအတွက် မြုပ်နှံသိုမှီးဖို့ သယ်ယူရခြင်းဖြစ်တဲ့ အကြောင်း' လယ်ရှင်ကို ပြောခဲ့တယ်လေ။

အဲဒီသဘောအတိုင်းပဲ၊ မိမိဘက်က မိဘဆွေမျိုးများ ခင်ပွန်းသည်ဘက်က မိဘဆွေမျိုးများ၊ မိတ်သင်္ဂဟ အပေါင်းအသင်းများ၊ အိမ်ဆေ အခြေအရံမှအစ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် အိမ်နီးနားချင်းများကိုပါ အထိုက်အလျောက် ဝေငှ ပေးကမ်း ကျေးဇူးပြုရပေလိမ့်မယ်။

ကဲ "မပျင်းနဲ့ ဝင်းလဲ့ညာရယ်၊ အဆင်းနဲ့ ရူပကာ စောင့်ထိန်းပါဗျာ့လေး"

သမီးအတွက် ဒီအချက်ဟာလည်း အလွန်အရေးကြီးပါတယ်၊ သဘောကတော့ ဇနီးခင်ပွန်း အကြင်လင်မယားနှစ်ဦးသားနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပုဂ္ဂလိကရေးရာ ဆိုပါတော့ကွယ်၊ 'ဣတ္ထိ ရူပံမန်' ဆိုတဲ့ လောကနီတိ ဆရာကြီးရဲ့စကားကို ငါ့သမီးကြားဖူးမှာပေါ့၊ မိန်းကလေးတို့ရဲ့အဆင်းဟာ ဥစ္စာရတနာ တစ်ပါး ဖြစ်တယ်တဲ့လေ၊ 'ရူပံ'ဆိုတဲ့နေရာမှာ အဆင်းနဲ့ရူပကာယ ကိုယ်လုံးကိုယ်ထည်တို့ ပေါင်းစပ်ပြီး ဆိုလိုတာဖြစ်တယ်၊ အပျိုစင်ဘဝက မိမိကိုယ်ကို အလှအပ အမွှမ်းအမံနဲ့ ဂရုတစိုက် ခြယ်မှုန်းပြုပြင်နေသလို အိမ်ထောင်ရက်သား ဇနီးမယား အဖြစ် ရောက်နေတဲ့အခါမှာလည်း အထိုက်အလျောက် ပြုပြင် ခြယ်သနေရမယ်၊ သန့်ရှင်း ကြည်လင်စွာရှိစေရမယ်၊ လင်တော်မောင်အဖို့ စိတ်နှလုံးအေးမြတဲ့ 'ပသာဒ' ဖြစ်စေရမယ်၊ အလုပ်ခွင်မှ ပင်ပန်းနွမ်းရိစွာ ပြန်ရောက်လာတဲ့ လင်သားအတွက် ရွှင်လန်းအားတက်



အောင် ဖန်တီးပေးရမယ်၊ အဲဒီကိစ္စဟာ အိမ်ထောင်သက် ရှည်ကြာလေ၊ ဂရုစိုက်ရလေဖြစ်တယ်၊ 'အိမ်အိုတော့ကျားကန်၊ လူအိုတော့ ပန်းပန်' ဆိုတဲ့ စကားကို ထောက်ကြည့်ပေါ့၊ သားတွဲလောင်း သမီးတွဲလောင်း ဖြစ်လာတဲ့ ဤအခါမှာ မိမိကိုယ်ကို ပစ္စလက်ခတ်မနေဖို့ ပို၍ သတိထားရမယ်၊ 'အိမ်မှုဝေယျာဝစ္စ သားသမီး ဝေယျာဝစ္စ ကြားမှာ မအားနိုင်လွန်းလို့ ပြုပြုပြင်ပြင် မနေနိုင်ပါဘူးတော်' လို့များ အပျင်းထူပြီး ဆင်ခြေတက်မယ်မကြံနဲ့၊ မအားတဲ့ ကြားထဲကပဲ လင်သားရဲ့ 'ဟဒယ' အိမ်ကို ဆီးစိမ်၍ ပေးနိုင်စွမ်း ရှိရမယ်။

ဘုရားကျောင်းအမကြီး ဝိသာခါကို ကြည့်၊ အရိယာနွယ်ဝင်သူတော်စင် သောတာပန် အမျိုးသမီးကြီးဟာ သူ့အဆင်းနဲ့ ရူပကာယကို ဂရုစိုက်ခဲ့တာကြောင့် သူ့မြေးမကလေးများအလယ်မှာ ထိုင်နေရင် 'အဘွား' လို့တောင် မယောင်နိုင်ခဲ့ဘူးတဲ့လေ။

ငါ့သမီးကြောက်အောင် ခြောက်ပြောရဦးမယ်၊ တို့ခေတ်မှာ (small) ဆွဲတဲ့ ယောကျ်ားငနဲများရဲ့ ဆင်ခြေက 'အိမ်ကဟာမကြီးကို စိတ်ကုန်လို့' တဲ့ဗျာ၊ ဟား. . . ဟား. . . ဟား၊ ငါ့သမီး အပျင်းမထူနဲ့နော်။

သားတို့သမီးတို့ရေ၊ ဘဘရဲ့ မင်္ဂလာလက်ဖွဲ့တေးထပ်အဓိပ္ပာယ်ကို ဒီလောက်နဲ့ပဲ အဆုံးသတ်လိုက်ပါတော့မယ်ကွယ်၊ 'တစ်ထွာပြလျှင် တစ်လံမြင်လိမ့်မယ်' လို့ ဘဘက ယုံကြည် ပြီးသားပါ။ လင်ရော မယားရော၊ ဘုရားဟောကျင့်စဉ်ကို မသွေ မဖည် ယုံယုံကြည်ကြည် လိုက်နာကျင့်ဆောင်သွားကြမယ်ဆိုရင် သားတို့သမီးတို့ရဲ့ အိမ်ထောင်ရေးဟာ အေးအတူ ပူအမျှ သားစဉ်မြေးဆက်ကျအောင် သာယာနေပါလိမ့်မယ်၊ တိတိပပ ပြောရမယ်ဆိုရင် အဲသလို ကိုယ်စီကိုယ်င လင့်ဝတ္တရား မယားဝတ္တရား တက်ညီလက်ညီ ကျင့်ထားကြတာတောင် ဒီတစ်ဘဝ ဒီတစ်သက်တာအတွက်သာ အကျိုးပေးပါဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောင်ဘဝ၊ နောင်ဘဝအတွက် ဒီလင်နဲ့ ဒီမယား နိဗ္ဗာန်မရမီစပ်ကြား လက်တွဲသွားကြဖို့ အကျင့်အကြံက တသီးတခြား ရှိနေသေးသတဲ့ကွယ်။

ဘဘက မေးရဦးမယ်၊ သားတို့ သမီးတို့က နောင်ဘဝ နောင်ဘဝမှာလည်း ဒီလင်နဲ့ဒီမယား 'ငှက်ဖြစ်တောင် တစ်ကိုင်းတည်းနားပါရစေ' လို့ ဆုများတောင်းခဲ့ဖူးကြသလားကွယ်၊ ဒီဆုမျိုးကို လူငယ်တိုင်း တောင်းဆိုတတ်ကြတယ်လေ။

လူငယ်ပီပီ အချစ်လွန်ကဲ မိုက်ရူးရဲပြီး တောင်းတတ်တဲ့ ဆုမျိုးပေါ့၊ ကြင်ဖက်သက်နှံ တစ်ဦးနဲ့တစ်ဦး မကွဲရန် ဆုတောင်းကြတာကတော့ ကောင်းပါရဲ့၊ 'ငှက်ဖြစ်တောင်' ဆိုတဲ့ စကားကတော့ အပါယ်လေးပါး ရောက်မသွားပေဘူးလား၊ ဘယ်ကောင်းပါ့မလဲနော်။

ဒီတော့ နောင်ဘဝ ဘဝမှာလည်း တိရစ္ဆာန်မောင်နှံ မဖြစ်ရအောင်၊ လူကောင်းလင်မယား နတ်ကောင်းလင်မယား လက်တွဲ၍ သွားနိုင်ကြရအောင် နည်းကလေးများ မလိုချင်ကြဘူးလား၊ လိုချင်ရင် ဘဘရဲ့စာကို ဆက်ဖတ်ကြည့်ကြပေတော့။

အခါတစ်ပါး၊ ငါတို့ရဲ့ မြတ်စွာဘုရားသခင်ဟာ "သုံသုမာရဂိရိ" ဆိုတဲ့ မြို့တစ်မြို့ကို ဒေသစာရီ ကြွသွားသီတင်းသုံးတော်မူနေပါသတဲ့၊ ဒီအခါမှာ ဘုရားမြတ်စွာကို သားအရင်းသဖွယ် ချစ်ခင်ကြည်ညိုတဲ့ 'နကုလပိတာ' နဲ့ 'နကုလမာတာ' ဆိုတဲ့ ပုဏ္ဏား သူဌေးကြီးဇနီးမောင်နှံက မြတ်စွာဘုရားကို လျှောက်ထားပါသတဲ့။

သူဌေးကြီးက လျှောက်ထားတယ်၊ 'ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်သည် ကြင်ယာသက်ထားမယားဖြစ်သော သူဌေးကတော်ကြီးအပေါ်၌ လင်တို့ပြုအပ်သော ဝတ္တရားငါးပါးနဲ့အညီ ပြုမူကျင့်သုံးခဲ့ပါတယ်၊ အထူးသဖြင့် သူဌေးကတော်ကြီးမှလွဲ၍ မည်သည့်မိန်းမသားအပေါ်ကိုမှ စိတ်ဖြင့်ပင် ပြစ်မှားကျူးလွန်ခဲ့ခြင်းမရှိပါ၊ တပည့်တော်သည် မိမိမယားကိုသာလျှင် 'သည်းစု၊ သည်းနစ်' စွဲအောင်ချစ်ခဲ့ပါတယ်၊



ထို့ကြောင့် တပည့်တော် သည် နိဗ္ဗာန်မဂ်ဖိုလ်ကို ဘဝတိုတိုနှင့် မရောက်လိုသေးပါဘုရား၊ အပါယ်ငရဲသို့လည်း မကျမရောက်လိုပါဘုရား၊ တပည့်တော်တို့ လင်မယား လူချမ်းသာ နတ်ချမ်းသာ တူစုံညီ လက်တွဲပြီး လူ့ဘဝနဲ့ နတ်ဘဝမှာ တစ်လဲစီ စံစားနိုင်ကြောင်းတရားကို သနားသဖြင့် ချီးမြှင့် တော်မူပါဘုရား' လို့ ပွင့်ပွင့်လင်းလင်း လျှောက်ထားသတဲ့ကွယ်။

အဲဒီလို သူဌေးကြီးက လျှောက်ထားပြီးတာနဲ့တစ်ဆက်တည်း သူဌေးကတော်ကြီးကလည်း ကောက်ကာငင်ကာ ထိုနည်းအတိုင်း လျှောက်ထားပြန်သတဲ့၊

တို့ခေတ်စကားနဲ့ပြောရရင် 'လွန်တာပေါ့' လို့များ ပြောရမလား မသိဘူး၊ ကြည့်လေ၊ နိဗ္ဗာန်ရောက်ရေး အမြိုက်ဆေး ကို တိုက်ကျွေးတော်မူနေတဲ့ ဘုရားမြတ်စွာကိုယ်တော်တိုင်အား ပြောင်ပြောင်တင်းတင်း လျှောက်တင်ခြင်းဟာ ရဲတင်းလွန်းတယ်လို့ ဆိုရမလား၊ အရှက်အကြောက်ကင်းတယ်လို့ ဆိုရမလား၊ ပွင့်လင်းလွန်းတယ်လို့ ဆိုရမလား မသိဘူးနော်။

ဘုရားမြတ်စွာအပါးမှာ ရှိနေကြတဲ့ ဘိက္ခုပရိသတ် ဘိက္ခုနီပရိသတ် ဥပါသကာပရိသတ် ဥပါသိကာပရိသတ်တို့ကဖြင့် မြတ်စွာဘုရားကိုအားနာပြီး ထိတ်လန့်တဲ့သူက ထိတ်လန့်၊ အံ့ဩတဲ့သူက အံ့ဩ၊ ပြုံးသူကပြုံး၊ မဲ့သူကမဲ့၊ ကဲ့ရဲ့သူက ကဲ့ရဲ့၊ အဲသလိုဖြစ်ကုန်ကြလိမ့်မယ် ထင်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကတော့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးတို့၏ ကုသိုလ်အနုအရင့်တို့ကိုမျှင့်ထောက်စာနာ၍ မဟာကရုဏာတော်ဖြင့် ခွင့်လွှတ် သည်းခံတော်မူပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကိုယ်တော်တိုင်က 'ဥဇု' ဂုဏ်နဲ့ ပြည့်စုံကြတဲ့ သာဝကများကို ချီးမွမ်းတော်မူလေ့ရှိတယ်လေ၊

'ဥဇု' ဂုဏ်ဆိုတာ ကိုယ် နှုတ် နှလုံး ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုကျင့်ကြံခြင်းကို ဆိုလိုတာဖြစ်တယ်၊ မြတ်စွာဘုရားသခင်ရဲ့ တပည့်သာဝက သံဃာတော် များဟာလည်း ကိုယ် နှုတ် နှလုံး ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံတော် မူကြပါတယ်၊ ဒါကြောင့် သံဃာ့ဂုဏ်တော်ကိုးပါးမှာ 'ဥဇုပ္ပဋိပန္န' ဂုဏ်ဆိုတာလည်း တစ်ပါး အပါအဝင် ဖြစ်ပါတယ်၊

အရှိကိုအရှိအတိုင်း ပြောပြရမယ်၊ အပြစ်ရှိရင် အပြစ်ရှိတဲ့ အတိုင်း ဝန်ခံရမယ်၊ မတတ်ရင် မတတ်ကြောင်း၊ တရားမရသေးရင် တရားမရသေးကြောင်း ဝန်ခံ ရမယ်၊ ထိုပုဂ္ဂိုလ်တွေကို ကဲ့ရဲ့ပြစ်တင်မှု မပြုပါဘူး၊ ထိမ်ဝှက်လိမ်ညာ ဖြီးဖြန်းသူများကိုသာ 'ဥဇု' ဂုဏ်နဲ့ မပြည့်စုံဘူးလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

သားတို့သမီးတို့ရေ၊ သူဌေးကြီးလင်မယားက ရိုးသားစွာ တောင်းပန် လျှောက်ထားတဲ့အတိုင်း ဒီလင်နဲ့ဒီမယား သံသရာ တစ်ဆက်တည်း လက်တွဲသွားနိုင်မယ့်တရားကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်၊

အတိုချုပ်ကို ဘဘကပြောရမယ်ဆိုရင် ထိုအကျိုးကိုလိုချင်သော ဇနီးမောင်နှံတို့မှာ အကြောင်းတရား လေးပါးနှင့် ညီညီမျှမျှ ပြည့်စုံကြ ရလိမ့်မယ်တဲ့။

၁- သဒ္ဓါ၊ ၂- သီလ၊ ၃- စာဂ၊ ၄- ပညာ . . . တဲ့။

၁။ သဒ္ဓါဆိုတာ ယုံကြည်ခြင်းကို ခေါ်တယ်။ ရတနာ သုံးပါးဂုဏ်နဲ့ ကံ ကံ၏အကျိုးတို့ကို မမှိတ်မသုန် စိတ်ချယုံကြည်တာကို 'သဒ္ဓါ' လို့ခေါ်တယ်၊ အဲဒီ သဒ္ဓါတရားကို လင်ရောမယားပါ ညီတူ ညီမျှ ပြည့်စုံကြရမယ်၊ ညီတူညီမျှဆိုတာ 'တစ်ယောက်က တင်းပြည့် ကျပ်ပြည့်၊ တစ်ယောက်က မှုးတင်းပဲတင်း' မဖြစ်စေရဘူးနော်။



နောက်တစ်ခုက ၂- သီလ တဲ့။

ကိုယ်ကျင့်တရားပေါ့၊ ကိုယ်ကျင့်တရားဆိုတာ ကာယကံ ဝစီကံ မနောကံတို့ကို ပေါင်းပြီးခေါ်တာနော်၊ လင့်ဝတ္တရား မယားဝတ္တရားတို့ကိုလည်း ကိုယ်ကျင့်တရားပဲ၊ 'ပဉ္စင်္ဂသီလ' လည်း ကိုယ်ကျင့်တရားပဲ၊ သုစရိုက်တရားလည်း ကိုယ်ကျင့်တရားပဲ၊ အဲဒီ တရားတွေနဲ့ ညီတူညီမျှ ပြည့်စုံကြရမယ်၊ မယားက ဥပုသ်စောင့် လင်က အရက်ကလေး တမြမြ လုပ်မနေနဲ့၊ လင်က ရိပ်သာသွား မယားက ပိုကာဆွဲပြီး ဗိုလ်ချုပ်ဈေးထဲလည်မနေနဲ့။

၃။ စာဂ ဆိုတာကတော့ ရက်ရောစွာ လှူဒါန်းပေးကမ်းမှုကို ဆိုလိုတယ်၊ အလှူရေစက် လက်နဲ့မကွာ ဆိုသလိုပေါ့ကွယ်၊ အဲဒီ နေရာမှာ လင်ကလှူချင်တယ် မယားက က, ဖျက် ယ, ဖျက်၊ မယားက လှူချင်တယ် လင်က တုံ့ဆိုင်းတုံ့ဆိုင်း၊ ဒီလို မဖြစ်စေရဘူးနော်။

၄။ ပညာ၊ အဲဒါက လောကီ လောကုတ္တရာပညာကို ဆိုလို တယ်၊ အဲဒီပညာတွေလည်း သာတူညီမျှ ဉာဏ်စွမ်းဉာဏ်စချင်း လိုက်လျောညီထွေ တူနေကြရမယ်၊

ကဲ... ဘဘဆောင်းပါးလည်း ရှည်လာပြီ၊ ယခုအချိန်ဆိုရင် မြတ်စွာဘုရားဟောကြားတဲ့ တရား အတိုင်း ကျင့်ကြံဆောက်တည် သွားကြတဲ့ 'နကုလပိတာ' နဲ့ 'နကုလမာတာ' ဇနီးမောင်နှံတို့ဟာ နတ်ပြည်မှာ လက်တွဲပြီး အချစ်ဖွဲ့ကြီးနေကြမှာ သေချာတယ်။

သားတို့သမီးတို့လည်း သူတို့ကို အားကျရင် သူတို့ လမ်းစဉ်ကို လိုက်ကြပေရော့။

ကိုယ့်အကျိုး သူ့အကျိုး သာသနာအကျိုးကိုသည်ပိုး ဆောင်ရွက် နိုင်သော 'လင်ကောင်း မယားကောင်း'၊ 'မိကောင်း ဖကောင်း'၊ 'ဘိုးကောင်း ဘွားကောင်း' များ ဖြစ်ကြပါစေဗျာ။ ■

www.burmeseclassic.com

www.burmeseclassic.com

# သမီးတစ်ကောင်



ရှေးလူကြီးစကားက
သမီးတစ်ကောင်လို့
ဆိုထားတာကွဲ့
တစ်ကောင်နှစ်ကောင်ဆိုတာ
တိရစ္ဆာန်ကိုမှ
ခေါ်တဲ့စကားမဟုတ်လား
တိရစ္ဆာန်လောက်မိုက်တဲ့
သမီးကိုပြောတာပေါ့

ရန်ကုန်မြို့ ပြည်လမ်း ခုနစ်မိုင် ပိတောက်မြိုင်ရိပ်သာနေ ဦးကျော်တင့် ဒေါ်ခင်မာမာအေးတို့က (သမီး x x x) အား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဝန်ချတောင်းပန်ခြင်း လုံးဝလက်မခံပါ။

မေးမြန်းစုံစမ်းကြခြင်း သည်းခံတော်မူကြပါ။

**ဦးကျော်တင့်၊ ဒေါ်ခင်မာမာအေး**

ဦးချမ်းသာသည် သတင်းစာကြော်ငြာကို ဖတ်လိုက်ရသည်နှင့် အံ့သြသွားရလေသည်၊ "မြရေ၊ အေ-မြ" ဟု နောက်ဖေးခန်းသို့ လှမ်းအော်လိုက်သည်။ ဇနီးသည် ဒေါ်မြခမသည် ဦးချမ်းသာ၏ အသံကြောင့် ထိတ်ထိတ်ပျာပျာလေး ထွက်လာခဲ့သည်။

"ဒီမှာ မောင်ကျော်တင့်တို့က သူ့သမီးကို . သေခန်းပြတ် ကြေညာလိုက်ပါကလား"

"အမလေး၊ ကျွန်မက ဘာများဖြစ်လို့လဲလို့၊ ထိတ်ခနဲ ဖြစ်လိုက်တာ" ဟု ပြောပြောဆိုဆိုနှင့် ဦးချမ်းသာအပါးတွင် ထိုင်လိုက်ရင်း "တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျွန်မ ထင်သား။ မိုက်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးမကလေး” ဟုဆက်၍ပြောကာ ဦးချမ်းသာလက်ထဲမှ သတင်းစာကိုယူ၍ ဖတ်လိုက်သည်။

“အင်း၊ မောင်ကျော်တင့်တို့က တော်တော်စိတ်နာသွားတယ်နဲ့တူတယ်၊ သမီးရဲ့ နာမည်တောင် ကြက်ခြေခတ် သုံးခုသာပြတယ်”

“သူ့သမီးနာမည်က ဘယ်သူတဲ့၊ ငါမေ့တော့တော့ ဖြစ်နေတယ်”

“အေးအေးတင့်တဲ့လေ၊ မိဘမျက်နှာ အိုးမဲသုတ်တဲ့သမီးပေါ့၊ တစ်နေ့ကပဲသူ့အဒေါ်မခင်မြနဲ့တွေ့လို့ သူ့တူမမိုက်ပုံကို ဖောက်သည်ချလိုက်သေးတယ်”

“အင်း၊ အိမ်တွင်းရေးမှန်သမျှ ဆွေမျိုးသားချင်းထဲက ပေါက်ကြားကြတာမဲ့တာပါကွာ၊ ကဲပြောစမ်းပါဦး”

“ဒီလိုလေ၊ သူတို့ဇာတ်က ပြောရမှာအရှည်သား၊ အခု အေးအေးတင့်နဲ့ လိုက်ပြေးကြတာက ဝင်ဒါမီယာက ကိုကျော်ဝေရဲ့ သားတဲ့၊ နာမည်က ခင်မောင်ဦးဆိုလား”

“ကောင်းရောကွာ၊ အဲဒီ ကိုကျော်ဝေနဲ့ ကိုကျော်တင့်တို့က နိုင်ငံရေးအစိုးရလက်ထက် သွင်းကုန်ထုတ်ကုန် လိုင်စင်ခေတ် ကတည်းကစီးပွားရေးပြိုင်ဘက်တွေ၊ တစ်ဦးကိုတစ်ဦး ကျော်ဖြတ်တက်ရအောင် ကြိုးစားကြလို့ စီးပွားရေးလောကမှာ ‘ကျော်နှစ်ကျော်’ လို့တောင် ရေပန်းစားခဲ့ကြတယ်၊ တင်ဒါကို အပြိုင်တင် လေလံကို အပြိုင်ဆွဲ ဒီဘက်ခေတ်ရောက်ပြန်တော့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေကြတဲ့လူတွေပေါ့”

“ဟိုတလောက ကိုကျော်တင့်ကို စ,သုံးလုံးကဆိုလား ခေါ်ပြီး စစ်ဆေးမေးမြန်းကြသတဲ့၊ ဘဏ်ငွေစာရင်းတွေ အိမ်မှာရှိတဲ့ စာရွက်စာတမ်းတွေ လာရှာကြသတဲ့၊ သူတို့ တော်တော်ဗျာများ သွားကြသေးတယ်၊ နောက်တော့လည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားတယ်လို့ဆိုတာပါပဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကိုကျော်တင့်က ကိုကျော်ဝေရဲ့ပယောဂလို့



တစ်ထစ်ချစွပ်စွဲပြီး တစ်ဦးကိုတစ်ဦး ‘တဓောင်းစေးနဲ့ မျက်ချေး’ ဖြစ်နေကြတယ်၊ ဒီကြားထဲ ကိုကျော်တင့်ရဲ့သမီးက ကိုကျော်ဝေရဲ့သားနဲ့ သမီးရည်းစားဖြစ်နေကြသတဲ့”

“အင်း... သူတို့ဟာက ရိုမီယိုနဲ့ ဂျူလိယက်ဇာတ်လမ်းပဲ”

“တစ်နေ့မှာ ကိုကျော်တင့်ရဲ့သားအကြီး မောင်တင့်ဆွေက သူ့နှမကို ကျူရှင်ကျောင်းမှာ ကားနဲ့သွားကြိုတယ်၊ သူ့သူငယ်ချင်းတွေက ‘အေးအေးတင့် အစောကြီးပြန်သွားတယ်’ လို့ပြောကြတယ်၊ အဲဒီတော့ ဟိုကောင်က ကားနဲ့လိုက်ရှာတာပေါ့၊ ဗဟန်းအလွန် ကန်တော်ကြီးစောင်းမှာ သူတို့နှစ်ယောက်က ပန်းခြံထဲက ထွက်အလာ ပက်ပင်းတိုးကြရော၊ ဒီတော့ မောင်တင့်ဆွေက ကားရပ်ပြီး သူ့နှမကို ခြိမ်းခြောက်မောင်းမဲခေါ်ရာက ဟိုကောင်လေးနဲ့စကားများ၊ ထိုးလားကြိတ်လားအထိ ဖြစ်ကုန်ရော၊ အဲဒီမှာ ဟိုကောင်လေးက ခဲနဲ့ ထုလိုက်လို့ဆိုလား၊ မောင်တင့်ဆွေမှာ ခေါင်းကွဲလာခဲ့တယ်လေ၊ ကိုကျော်တင့်တို့ ရှုးရှုးရှားရှား ဖြစ်ကုန်ကြတာပေါ့၊ အိမ်မှာ မောင်တင့်ဆွေက သူ့နှမကို နင့်ကြောင့်ဆိုပြီး ထိုးလားကြိတ်လား လုပ်တယ်၊ မအေက သမီးကို ပါးရိုက်တယ်၊ ဖအေက သေနတ်နဲ့ ပစ်မယ်တကဲကဲ”

“အဲဒီလို လုပ်တာတွေဟာ သမီးကို ရည်းစားနောက် မြန်မြန်လိုက်အောင် တွန်းပို့တာနဲ့ အတူတူပဲကွ၊ ဒီနေရာမျိုးမှာ မိဘလုပ်သူက လိမ္မာပါးနပ်စွာနဲ့ ကိုယ့်ဘက်ကို ဆွဲယူဖို့ အရေးကြီးတယ်၊ နောက်တော့ ဘာဖြစ်သေးလဲ”

“အမှုလုပ်မယ် ဘာလုပ်မယ်နဲ့ ဖြစ်ကြသေးဆိုလား၊ နောက်တော့ မိတ်ဆွေတွေက ‘ညောင်မြစ်တူးရင် ပုတ်သင်ဥ ပေါ်လိမ့်မယ်၊ အမှုဖြစ်လို့ ရုံးရောက်ရင် ကိုယ့်သမီး အရှက်ကွဲရုံဖြစ်မယ်၊ လူငယ်ချင်းတွေနဲ့ဖြစ်ကြတာပဲလို့သာ သဘောထားပြီး ကိုယ့်သားကိုယ်ဆေးကု ကိုယ့်သမီး ကိုယ်ဖျောင်းဖျောင်းဖျဖျ ဆုံးမကြပါ’ လို့ ဝိုင်းဝန်း ဟောချ သတဲ့လေ”

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တာပေါ့၊ လူတွင်ပါလို့ နွားကျားကိုက်တာ၊ ကိုယ့်သမီး
ကိုယ်ဆုံးမဖို့ အရေးကြီးတာပဲ၊ ရုံးရောက်ရင် တစ်ရက်က နှစ်ရက်
ကွဲရုံ ရှိတော့မပေါ့၊ မောင်ကျော်ဝေတို့ဘက်ကလည်း ခေါင်းငုံ့ခံမယ့်
လူတန်းစားမျိုးမှ မဟုတ်တာ၊ ‘စကားနည်း ရန်စဲ’ ပဲ ကောင်းပါတယ်”
“သူတို့ရန်က မစဲသေးဘူးမောင်ရေ၊ နောက်ထပ် ဘာဖြစ်သေး
တယ်ထင်သလဲ၊ ကိုကျော်တင့်တို့အိမ်က ဒရိုင်ဘာက စတိတ်ရှိုး
လာကြည့်တဲ့ ခင်မောင်ဦးကို ရိုက်လို့ ခေါင်းပေါက်သွား ပြန်ရောတဲ့၊
လက်စားချေလိုက်တဲ့သဘောပေါ့”
“အေး၊ ကျီးနဲ့ခင်ပုပ် ကမ္ဘာရန် လုပ်ကြရောပေါ့ကွာ”
“အဲဒီ ကမ္ဘာရန်ဖြစ်နေကြတဲ့ကြားက လိုက်ဖြစ်အောင်လိုက်သွား
တာကြောင့် ကိုကျော်တင့်တို့မှာ အသည်းကွဲခတ် ခံရတာပေါ့”
“လူကြီးတွေက ပေါ့ပေါ့ဆဆ နေကြလို့လား”
“အံမယ်လေး၊ အိမ်အပေါ်ထပ်မှာ အခန်းကို သော့ခတ်ထားတာ
တဲ့တော့၊ အဲဒီအခန်းထဲကကို ကြိုးလှေကားလုပ်ပြီး ညဘက်မှာဆင်းသွား
တာတဲ့၊ သူ့အဒေါ်ကပြောတယ်၊ အင်း၊ ဒီလိုသမီးမျိုးများ မွေးရရင်
ဝမ်းရေစပ်တာသာ အဖတ်တင်မယ်”
“အေးလေ၊ သမီးတစ်ကောင် နွားတစ်ထောင် လုံအောင် အမြဲ
စောင့်နိုင်ခဲ့သတဲ့၊ ရှေးလူကြီးသူမစကား အရှိသားပဲ”
“သမီးတိုင်း မဟုတ်ပါဘူးတော်၊ ကျုပ်တို့သမီးများ မိဘက
ပေးစားမှပဲ လင်သားသနာ အိမ်ထောင်ပြုခဲ့ကြတာ မဟုတ်လား”
“ဟဲ့၊ ရှေးလူကြီးစကားက သမီးတစ်ကောင်လို့ ဆိုထား
တာကွဲ့၊ သမီးတစ်ဦး သမီးတစ်ယောက်လို့မှ မဆိုဘဲ၊ တစ်ကောင်
နှစ်ကောင်ဆိုတာ တိရစ္ဆာန်ကိုမှ ခေါ်တဲ့စကား မဟုတ်လား၊ တိရစ္ဆာန်
လောက် မိုက်တဲ့သမီးကိုပြောတာပေါ့၊ မိန်းကလေးဆိုတာ သူတို့ကသာ
ကြိုက်ရင် ဖအေရဲ့ ရန်သူကြီး စစ်စစ်ကိုတောင် ဖအေ့လက်ထဲက



အသက်ကယ်ပြီး အဲဒီ ရန်သူနဲ့လိုက်ပြေးသေးတာပဲ၊ အဲဒါ ဘုရားဟော”
“ကဲ၊ ကဲ၊ လုပ်စမ်းပါဦး၊ ကြားရအောင်”
“လိပ်ပတ်လည်အောင်ပြောရမယ်ဆိုရင် အရှည်ကြီးကွ”
“မောင်ကပဲ စကားစ,တာ၊ လိပ်ပတ်လည်အောင်ပြောရမှာပေါ့”
“မဇ္ဈိမဒေသမှာပါတဲ့ ဥတေနမင်းနဲ့ စန္ဒပဇ္ဇောတဘုရင်ရဲ့သမီး
ဝါသုလဒတ္တာပေါ့၊ ဇာတ်ကွက်လည်အောင်ဆိုရင် ဥတေနမင်း ဖွားတာက
စ,ပြောရလိမ့်မယ်၊ ကောသမ္ဗီပြည့်ရှင်ရဲ့ မိဖုရားကြီးဟာ ကိုယ်ဝန်အရင့်
အမာနဲ့မို့ နန်းပြာသာဒ်ပေါ်မှာ ကမ္ဗလာနိခြုံပြီး နေပူစာလှုံလေ့ရှိတယ်တဲ့၊
တစ်နေ့သော နံနက်ခင်းမှာတော့ ငှက်ဆင်ကြီးတစ်ကောင်က ကမ္ဗလာ
ခြုံထားတဲ့မိဖုရားကို သားတစ်ကြီးမှတ်ပြီး ထိုးသုတ်သွားပါလေရော၊
မိဖုရားကြီးက အဆင်အခြင် ပညာရှိတယ်၊ ငှက်ဆင်ကြီးက သုတ်ချီ
ပျံသွားနေတဲ့အချိန်မှာ ကယ်ပါယူပါလို့ အော်လိုက်မိရင် ငှက်ဆင်ကြီးက
လန့်ပြီး လွှတ်ချလိုက်တာနဲ့ သူ့အသက်သေရလိမ့်မယ်၊ ငှက်တို့မည်
သည်မှာ သူစားနေကျ သစ်ပင်ရောက်မှ အစာကို ချစားလေ့ရှိကြောင်း
တွေးမိတယ်၊ ဒါကြောင့် အသံအသက်မပြုဘဲ သူချီတာကို ဘုရားတ,ပြီး
လိုက်သွားရတာပေါ့”
“ရှင်ဘုရင်ကလည်း ဒီတိုင်းပဲ ကြည့်နေသတဲ့လားတော်”
“ဘုရင်ကြီးက လေးသည်တော်များကို တပ်ဖွဲ့ပြီးလိုက်ခိုင်းပါ
တယ်၊ ဒါပေမဲ့ အလွန်လျင်မြန်တဲ့ ငှက်ဆင်ကြီးကို မျက်ခြည်ပြတ်
သွားကြတယ်၊ အဲဒီငှက်ဆင်ကြီးဟာ ဟိမဝန္တာတောအရောက် ပျံသွား
တယ်၊ သူစားနေကျ ညောင်ပင်ခွကြားပေါ်မှာ မိဖုရားကို ချလိုက်တယ်၊
အဲဒီအခိုက် မိဖုရားကြီးက လက်ခုပ်လက်ဝါးတီးပြီး ငယ်သံပါအောင်
အော်လိုက်တယ်၊ ဒီတော့မှ ငှက်ဆင်ကြီးဟာ လန့်ပြီးပျံပြေးလို့ အသက်
ချမ်းသာရာရတော့တယ်၊ သို့ပေမဲ့ မိန်းမသားလည်းဖြစ်ပြန်၊ ကိုယ်ဝန်
ကလည်း အရင့်အမာနဲ့ဆိုတော့ အောက်ကိုမဆင်းနိုင်ဘူးလေ၊ ဒီလိုနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



တောကြီးတောင်ကြီးရဲ့ဥတုကို ခံစားနေရတယ်၊ ညကျပြန်တော့ သည်းထန်စွာ ရွာလိုက်တဲ့ မိုးဥတုကို ခံစားရပြန်တယ်၊ နံနက်နေအရဏ်တက်လာတော့မှ သားကလေးကို မွေးဖွားလိုက်ရတယ်၊ မွေးဖွားစဆိုတော့ ကလေးကငိုတယ်လေ၊ အဲဒီအနားမှာ အလ္လကပ္ပအမည်ရှိတဲ့ ရသေ့ကြီးတစ်ပါး၊ဂ၊ သီတင်းသုံးနေတယ်၊ ကလေးငိုသံကြားတော့ ရသေ့ကြီးက လိုက်လံစူးစမ်းတယ်၊ သစ်ပင်ခွကြားမှမိဖုရားက ရသေ့ကြီးကို မြင်တော့ 'ကယ်တော်မူပါဘုရား' လို့ အကူအညီ တောင်းလိုက်ရတာပေါ့၊ ဒီတော့မှ ရသေ့ကြီးက ဝါးပင်ကို ခုတ်ဖြတ် လှေကားလုပ်ပြီး သားအမိနှစ်ယောက်ကို ကယ်လိုက်ရတယ်၊ ရသေ့ကြီးက ဖြစ်ပုံကိုမေးတော့ မိဖုရားက သူ့အကြောင်းကိုပြန်ပြောတယ်၊ ရသေ့ကြီးကလည်း မင်းသုံးမင်းဆောင်ဖြစ်တဲ့ ကမ္ဗလာနီခြုံထည်နဲ့တကွ မိဖုရားကြီးရဲ့ ရုပ်ရည်ရူပကာယကို မြင်ရတော့ ဘုန်းကံရှိတဲ့ သားအမိမှန်းသိသွားပြီး ကြင်နာစွာ ကျွေးမွေးစောင့်ရှောက်ထားတယ်၊ မိဖုရားကြီးက သူ့သားတော်လေးကို 'ဥတေန' လို့ အမည်ပေးလိုက်တယ်"

"ဘာဖြစ်လို့ ဒီအမည်ကို ပေးရတာလဲဟင်"

"မိဖုရားကြီးမှာ တောကြီးတောင်ကြီးရဲ့ဥတု၊ မိုးဒဏ် လေဒဏ်ရဲ့ဥတု၊ နံနက်နေအရဏ်ရဲ့ ဥတုဆိုတဲ့ ဥတု သုံးမျိုးကို ခံစားပြီးမှ မွေးလာရလို့ ဥတေနလို့ အမည် ပေးလိုက်တာပေါ့"

"ဩော် . . . ဩော်၊ ဒီလိုကိုး"

"တိုတိုပြောရရင်ကွာ၊ တောထဲမှာပဲ ဥတေနမင်းသားလေးဟာ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာတယ်၊ ရသေ့ကြီးက ဘုန်းရှင်ကံရှင် ဘုရင်ဖြစ်မယ်ဆိုတာ သိလေတော့ စောင်းတစ်လက်လုပ်ပေးပြီး 'ဟတ္ထိကန္တ' မန္တန်ကို သင်ပေးတယ်"

"အဲဒီ မန္တန်က ဘယ်လိုစွမ်းသလဲ"

"အဲဒီမန္တန်ရဲ့အစွမ်းက ပထမစောင်းကြိုးကိုတီးပြီး မန္တန်ကို



ရွတ်လိုက်ရင် ဆင်မှန်သမျှ ကြောက်လန့်ထွက်ပြေးစေတယ်၊ ဒုတိယစောင်းကြိုးကိုတီးပြီး မန္တန်ကိုရွတ်လိုက်တဲ့အခါ ပြေးနေတဲ့ဆင်တွေ ရပ်ပြီး တုပ်ဝပ်သွားကြရတယ်၊ တတိယစောင်းကြိုးကိုတီးပြီး မန္တန်ကို ရွတ်လိုက်တဲ့အခါမှာတော့ ဝပ်နေတဲ့ဆင်တွေဟာ မိမိရှိရာကို လိမ္မာယဉ်ကျေးစွာဝင်လာပြီး အမိန့်ကို နာခံရတယ်"

"ဆင်နိုင်တဲ့ မန္တန်ပေါ့နော်"

"အေး၊ ဟုတ်တယ်၊ ဒီဝတ္ထုကို မှီးပြီးတော့ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်သမျှ ဆင်တွေကို ဖမ်းယူကျုံးသွင်းတဲ့နေရာမှာ ဥတေနနတ်ကွန်းဆိုပြီး တသီးတခြား နတ်စင်ကလေး ဆောက်လို့ ပူဇော်ပသလေ့ရှိကြတယ်၊ ထားပါတော့ကွာ၊ ဥတေနမင်းသားလေးဟာ ဒီမန္တန်နဲ့ ဒီစောင်းကို လေ့ကျင့်တတ်မြောက်ပြီးတဲ့ အခါကျတော့ မယ်တော်နဲ့ ရသေ့ကြီးကို ကန်တော့ပြီး ဆင်တပ်ကြီးနဲ့ ကောသမ္ဗီ ပြည်ကို ပြန်လာတယ်၊ အဲဒီအခါမှာ ခမည်းတော်ဘုရင်လည်း နတ်ရွာစံသွားပြီဖြစ်လို့ အလွယ်တကူနဲ့ ဥတေနဟာ ရှင်ဘုရင် ဖြစ်လာတာပေါ့"

ဦးချမ်းသာက ဤနေရာတွင် လက်ဖက်ရည်ကြမ်း တစ်ခွက်ကို ငုံ့သောက်လိုက်သည်။

"ဩော်၊ ကျွန်မ မှတ်မိပြီ၊ အဲဒီ ဥတေနမင်းမှာ သာမာဝတီ မိဖုရားနဲ့ မာဂဏ္ဍီမိဖုရားဆိုတာ ရှိသေးတယ်မဟုတ်လား" ဟု ဒေါ်မြမေက ဖောက်၍မေးလိုက်သည်။

"အေး၊ အဲဒီမိဖုရားတွေအကြောင်းပါ ပြောနေရရင် ဆုံးမှာမဟုတ်တော့ဘူး၊ မောင်ပြောချင်တဲ့ သမီးတစ်ကောင် အကြောင်းသာ ကွက်ပြောပါရစေတော့ကွာ"

"အဲဒီ ဥတေနမင်းဟာ ဟတ္ထိကန္တမန္တန်တန်ခိုးနဲ့ ဇမ္ဗူဒီပါကျွန်းမှာ အကြီးကျယ်ဆုံးသော ဆင်တပ်ပိုင်ရှင်ကြီး ဖြစ်နေတယ်၊ ဒါကြောင့် အနီးအနား တိုင်းပြည်အသီးသီးကို ကိုက်ခိုက် အနိုင်ယူ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်၊ ရှေးရှေးတုန်းက စစ်တပ်အင်အားဆိုတာ လေးပါးသာ ရှိတယ်မဟုတ်လား၊ ၁ – ဆင်တပ်၊ ၂ – မြင်းတပ်၊ ၃–ရထားတပ်၊ ၄–ခြေလျင်တပ်၊ အဲဒါတွေနဲ့ တိုက်ခိုက်ကြရာမှာလည်း မျက်နှာချင်းဆိုင် ရောရောထွေးထွေး ခုတ်ထစ် ထိုးနှံကြရတာဆိုတော့ ဆင်တပ်ဟာ အရေးပါအရာရောက်ဆုံး ဖြစ်နေတာပေါ့၊ အခုခေတ်မှာ 'တင့်ကား' တပ်တွေ အသုံးဝင်သလိုပေါ့ကွယ်၊ ဥတေန မင်းဟာ တစ်ဘက်ရန်သူရဲ့ ဆင်တပ်ကြီးကို စောင်းတီးပြီး မန္တန်ရွတ်လိုက်တာနဲ့ သူလိုသလို ဖြစ်ကုန်ကြတာ မဟုတ်လား၊ ဥဇ္ဇေနီပြည့်ရှင် စန္ဒပဇ္ဇောတမင်းကတော့ ဥတေန မင်းရဲ့ မန္တန်တန်ခိုးကို သတင်းကြားထားတယ်၊ သူ့ကိုလည်း တစ်နေ့နေ့ လာတိုက်လိမ့်မယ်လို့ သိထားတယ်၊ ဒီတော့ စစ်မြေပြင် ဖြစ်နိုင်တဲ့ သူ့တိုင်းပြည်ရဲ့ အစွန်အဖျားမှာ နစ်ကျွံသွားနိုင်တဲ့ ရွှံ့ညွန်ကြီးများ အများအပြား အကြီးအကျယ် လုပ်ထားတယ်၊ ရွှံ့ညွန်တွင်းကြီးရဲ့ အလယ်ဗဟိုမှာတော့ ကြီးမားလှတဲ့ ဆင်ရုပ်ကြီးတစ်ရုပ်လုပ်ပြီး နှာမောင်းလှုပ်နိုင်အောင် နားရွက်ခတ်နိုင်အောင် ခြေတို့လက်တို့ လှုပ်ရှားနိုင်အောင် အသံပါအော်နိုင်အောင် စက်ခလုတ်တွေတပ်ထားတယ်၊ အဲဒီ ဆင်ရုပ်ကြီးအပေါ်မှာ စန္ဒပဇ္ဇောတမင်းကိုယ်တိုင် မိန်ညိုချပ်ဝတ် စစ်ဝတ်တန်ဆာများ ဝတ်ဆင်ပြီး ဥတေန စစ်တပ် ကို ကြိုဆိုနေတယ်၊ ရွှံ့ညွန်နဲ့ လွတ်ရာမှာ မြင်းတပ်တို့ ရထားတပ်တို့ ခြေလျင်တပ်တို့က ဝိုင်းရံနေစေတယ်၊ သူ့ရဲ့သက်ရှိဆင်တပ်ကို လုံးဝ အသုံးမပြုဘူးလေ၊ အသုံးပြုရင်လည်း ကိုယ့်ဆင်တပ်ဟာ သူ့ဆင်တပ် ဖြစ်သွားမယ့် အကြောင်း ကောင်းကောင်းကြီး သိထားတာကိုး"

"မျှော်လင့်တဲ့အတိုင်း ဥတေနမင်းကလည်း လာတိုက်တာပါပဲ၊ စန္ဒပဇ္ဇောတမင်းရဲ့ စစ်တပ်မှာ ဆင်တစ်ကောင်တည်းသာ မြင်ရလေတော့ လွယ်ကူလှချည်ရဲ့လို့ထင်ပြီး ပထမစောင်းကြိုးတီး၍ မန္တန်ရွတ်လိုက်တယ်၊ အရုပ်ဆင်ဆိုတော့ သူထင်သလို ထွက်မပြေးဘဲ နှာမောင်း



မြှောက်လိုက် နားရွက်ခတ်လိုက် ခြေလက် လှုပ်လိုက်နဲ့ မာန်စောင်သလို လုပ်ပြနေတယ်၊ ဒီတော့ ဒုတိယစောင်းကြိုးတီးပြီး မန္တန်ကို ရွတ်လိုက်တယ်၊ အရုပ်ဆင်က ဝပ်မချလိုက်ပါဘူး၊ တတိယစောင်းကြိုးကိုတီးပြီး မန္တန်ကိုရွတ်လိုက်ပြန်တယ်၊ အရုပ်ဆင်ကြီးက သူရှိရာကို ပြေးမလာပါဘူး၊ ဒီအခါမှာ ဥတေနမင်းဟာ အလွန်ဒေါသဖြစ်လာတယ်၊ စန္ဒပဇ္ဇောတမင်းကလည်း ဥတေနမင်းမခံချင်အောင် စစ်မြှူနေတယ်၊ တစ်ကောင်တည်းသောဆင်က သူ့အမိန့်ကို မနာခံကောင်းလားဆိုပြီး ဒေါသမွှန်နေတဲ့ ဥတေနမင်းဟာ သူ့ဆင်ကို ချွန်းဖွင့်ပြီး အတင်းဝင်တိုက်တာပေါ့၊ အဲဒီတော့ သူ့ဆင်ကြီးဟာ နွံနစ်ပြီး နုတ်မရ ရုန်းမရဖြစ်နေတယ်၊ သူ့နောက်က စစ်သားတွေလည်း နွံထဲကျပြီး အော်ကြဟစ်ကြနဲ့ ကစဥ့်ကလျားဖြစ်ကုန်ကြတယ်"

"ဒီအခါမှာ စန္ဒပဇ္ဇောတမင်းရဲ့တပ်တွေက နွံလွတ်ရာကဝင်ပြီး ဝိုင်းဝန်းတိုက်ခိုက်ကြတာနဲ့ ဥတေနမင်းစစ်တပ်ဟာ ပျက်ပါလေရော၊ ဥတေနမင်းလည်း စန္ဒပဇ္ဇောတရဲ့ သုံ့ပန်းဖြစ်ပါလေရော၊ သူ့ဆီက မန္တန်ကိုလိုချင်လို့ သတ်မပစ်သေးဘူး၊ အဲဒီမန္တန်ကို သင်ပေးဖို့ တောင်းဆိုတယ်၊ မန္တန်ကိုသင်ပေးယင် အသက်ဘေးက လွတ်မယ်ပေါ့၊ ဒီတော့ ဥတေနမင်းက မန္တန်တို့မည်သည် ရှိခိုးပြီးယူမှ အစွမ်းအာနိသင် ရှိလိမ့်မယ်လို့ပြောတယ်၊ စန္ဒပဇ္ဇောတ မင်းက ရှိမခိုးချင်ဘူး၊ မန္တန်ကို ရမှ ဖြစ်မယ်၊ ဒါကြောင့် သူ့အချစ်ဆုံး စိတ်အချရဆုံး သမီးတော် ဝါသုလဒတ္တာ ကို ကန့်လန့်ကာအတွင်းက ရှိခိုးပြီး သင်ယူရအောင် စီမံတယ်"

"တော်တော်ဉာဏ်များတဲ့ ရှင်ဘုရင်ပဲ၊ တစ်ယောက်ကို တစ်ယောက် မြင်ရင် ကြိုက်သွားမှာစိုးလို့ပေါ့နော်"

"အေးပေါ့ကွ၊ ဒါကြောင့် အခုသင်ပေးမယ့်လူဟာ အကြီးလို့ သမီးကို ပြောထားတယ်၊ ဥတေနမင်းကိုတော့ မန္တန်သင်ယူမယ့် မိန်းမဟာ သူ့ကျေးကျွန်ဖြစ်တဲ့ ခါးကုန်းမတစ်ယောက်လို့ ပြောထား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီနည်းနဲ့သင်ကြားတဲ့အခါ ဝါသုလဒတ္တ မင်းသမီးက ဥတေန မင်းနှုတ်ကချပေးတဲ့ မန္တန်ကို ဌာန်ကရိုဏ်းကျနအောင် မရွတ်ဆိုနိုင်ဘူး တဲ့လေ၊ တစ်ခါရွတ်ဆိုလည်းမှား၊ နှစ်ခါရွတ်ဆိုလည်းမှား၊ ကြာတော့ ဥတေနမင်းက စိတ်မရှည်တော့ဘဲ 'ထုံလှထိုင်းလှတဲ့ ခါးကုန်းမရယ်' လို့ ကြိမ်းမောင်းလိုက်သတဲ့၊ ဒီတော့ မင်းသမီးကလေးက ဆတ်ဆတ်ခါ နာသွားပြီး 'ငါလိုမင်းသမီးကို နင်လိုအနူက ဒီလိုကြိမ်းမောင်း ရသလား ဟဲ့' လို့ ပြန်ပြီးရန်တွေ့တယ်၊ အဲဒီတော့ ဥတေနမင်းက 'ငါလိုဘုရင်ကို နင်က အနူလို့ ခေါ်ရသလားဟဲ့' လို့ ဒေါသနဲ့ ကန့်လန့်ကာကိုဖွင့်ကြည့် လိုက်ပါလေရော၊ အဲဒီမှာတင် ဥတေနနဲ့ ဝါသုလဒတ္တ မင်းသမီးတို့ တစ်ယောက်ကိုတစ်ယောက်မြင်ပြီး ချစ်ကြိုက်သွားကြပါလေရောဗျာ"

"အေးလေ၊ နောက်ဆုံးတစ်နေ့ ဒီလိုဖြစ်ရမှာပေါ့"

"အဲဒီနေ့ကစပြီး သူတို့နှစ်ယောက်ဟာ 'ဟတ္ထိကန္တ' မန္တန်ကို မရွတ်ဆိုကြတော့ဘဲ 'ချစ်မန္တန်' ကိုသာ ရွတ်ဆိုသင်ပြနေကြတော့ တာပေါ့၊ ဟဲ ဟဲ . . . ဒါကြောင့် မန်လည်ဆရာတော်ဘုရားက ရေးသားတော်မူထားတယ် မဟုတ်လား၊ 'မိဘမောင်ကြီး၊ ချစ်မငြီးဘဲ၊ ရွေသီးမည်လောက်၊ စောင့်ရှောက် အနိုင်၊ နန်းပင်တိုင်နှင့်၊ ရံပြိုင်ခြွေရွေ၊ စံပစေလည်း၊ မပြေထဲနှောင့်၊ ထိန်းမစောင့်ဘူး' တဲ့"

"ဒါတွေက မောင်ပြောတဲ့ 'သမီးတစ်ကောင်' မျိုးပါ၊ ဝတ္ထုသာ ဆက်ပြောပါ"

"ဥတေနမင်းက သူ့လက်ရှိဘဝအခြေအနေကို သူသိတယ်၊ မန္တန်ကိုသင်ပေးလို့ မင်းသမီးကလေး တတ်မြောက်သွားတဲ့အခါမှာ စန္ဒပဇ္ဇောတမင်းက သူ့ကိုသတ်ပစ်မှာကိုး၊ ဒီတော့ မင်းသမီးကလေး ကို 'အသက်ဘေးကလွတ်အောင် ကယ်ပေးပါ၊ ကောသမ္ဗီပြည် ရောက် ရင် မိဖုရားကြီးအရာမြှောက်ပါမယ်' လို့ နားသွင်းသတဲ့လေ"

"ဝါသုလဒတ္တ မင်းသမီးကလေးကလည်း သူ့ချစ်သူ အသက်ခံ



ရမှာကို ဘယ်ကြည့်ရက်မလဲ"

"အဲဒီနေရာမှာလည်း မန်လည်ဆရာတော်က ရေးထားသေး သကွဲ့၊ 'ဖခင်နှင့်လင်၊ တူပင်မကွာ၊ သေကြရာ၌၊ ဤနှာနတ်ဆေး၊ တစ်လုံးပေးလည်း၊ ကျေးဇူးထွတ်တင်၊ မွေးဖခင်ကို၊ မရှင်စေရာ၊ လင်ကိုသာလျှင်၊ ရှင်ပါစေမူ၊ ယျင်စွာကုလိမ့်' တဲ့၊ ဒီလိုပါပဲ၊ ဝါသုလဒတ္တ မင်းသမီးက သူ့ခမည်းတော်ကို သွားလျှောက်တယ်၊ ဒီမန္တန်ကို ကောင်းကင်က နက္ခတ်ကြုံကြိုက် လာတဲ့အခါမှာ သိဒ္ဓိတင်ဖို့ တောတွင်းက ဆေးမြစ်တစ်ခု လိုပါသတဲ့၊ ဒါကြောင့် သူကိုယ်တိုင် ဆေးမြစ်ကိုရှာရအောင် ဆင်တစ်စီးနဲ့ တံခါးထွက်ပေါက်တစ်ခုကို အချိန်မရွေး ထွက်ဝင်သွားလာနိုင်အောင် အမိန့်ထုတ်ပြန်ပေးပါတဲ့၊ ခမည်းတော်ဘုရင်ကြီးက သူ့သမီးတစ်ယောက်တည်း သွားလိမ့်မယ် လို့ထင်ပြီး ဆင်မယဉ်သာနဲ့ မြို့တံခါးကို ထွက်စေ ဝင်စေအမိန့်ထုတ်ပေး လိုက်တယ်၊ မင်းသမီးက ဘယ်လောက် ဉာဏ်ကောင်းသလဲဆိုရင် ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေကို ဆင်ပေါ်တင်ပြီး ဥတေနမင်းနဲ့ ထွက်ပြေးကြတယ်"

"စန္ဒပဇ္ဇောတမင်းကြီးကသိလို့ အတင်းလိုက်ဖမ်းစေတဲ့အခါ ဝါသုလဒတ္တမင်းသမီးက ရွှေ ငွေ ကျောက်သံပတ္တမြားတွေကို ကြဲချ လိုက်တယ်၊ ဒီတော့ လိုက်ဖမ်းတဲ့လူတွေဟာ အဲဒီရွှေ ငွေ ကျောက်သံ ပတ္တမြားတွေကို အလုအယက် ကောက်ယူနေကြတာနဲ့ သူတို့နောက်ကို မလိုက်နိုင်တော့ပါဘူး၊ ဒီလိုနဲ့ ကောသမ္ဗီပြည်ကို ရောက်တော့ဥတေန မင်းက သူ့ကတိအတိုင်း ဝါသုလဒတ္တကို မိဖုရားအရာ မြှောက်လိုက် ပါတယ်၊ အဲဒါ ဖအေ့ရန်သူဖြစ်တဲ့ လင်နောက်ကို လိုက်ပြေးတဲ့သမီး တစ်ကောင်အကြောင်းပေါ့လေကွာ"

ဒေါ်မြမေက 'အင်း . . .' ဟု သက်မ,ရှည်ကြီး ချလိုက်လေ သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# လက်တွင်းကသာ သူ့ဘက်ပါခဲ့



ယောကျ်ားများ
မြှုလုပ်မအောင်မြင်တဲ့
အချို့ကိစ္စဆိုရင်
မိန်းမကိုတိုင်ပင်ပါတဲ့
သူတို့ဆီကအကြံအစည်
ရပါလိမ့်မယ်တဲ့

နံနက် ခုနစ်နာရီခန့်ဆိုလျှင် ဦးချမ်းသာက နံနက်စာစားလေ့ရှိသည်၊ နံနက်စာဆို၍ ထူးထူးထွေထွေတော့ မဟုတ်လှ၊ ဒေါ်မြမေက ပဲပြုတ်ထမင်းကြော်ကလေး ပျော့ပျော့ပျောင်းပျောင်း ကြော်ပေးတတ်သည်၊ သို့မဟုတ် ထမင်းပူပူလေးကို ပဲပြုတ်နှင့် ဆီရွှဲရွှဲဆမ်းပြီးပေးတတ်သည်၊ ကြက်ဥတစ်လုံးကို မကျက်တကျက်ကြော်၍ မွှေပေးတတ်သည်၊ တစ်ခါတစ်ရံတော့ မုန့်ဟင်းခါး တစ်ခါတလေတော့ ပေါင်မုန့်မီးကင် ထောပတ်သုတ်နှင့် တရုတ်ဝက်အူချောင်းကို ကြော်ပေးသည်။

ဦးချမ်းသာကလည်း အစားအသောက်ကို ချေးမများ၊ ဇနီးသည် လုပ်ပေးသမျှစား၍ ကော်ဖီကြမ်းကို တစိမ့်စိမ့်သောက်ရင်း သတင်းစာဖတ်ကာ ဇိမ်ယူလေ့ရှိသည်၊ ထိုအခါမျိုးတွင် ဒေါ်မြမေက ဦးချမ်းသာအား အိမ်တွင်းရေးစကား လာ၍မပြောတတ်၊ လွတ်လွတ်လပ်လပ်ထားလေ့ရှိသည်၊ ဦးချမ်းသာကလည်း မျက်နှာဖုံးသတင်းမှ အစ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောသတင်းအထိ သာရေးနာရေးပါမကျန် ဖတ်နေလေ့ရှိသည်။

ယနေ့တော့ ဒေါ်မြမေက မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သောကြောင့် ဦးချမ်းသာက သတင်းစာဖတ်ရာမှ လှမ်းကြည့်လိုက်သည်၊ ပြုံးစနဲ့နဲ့ဖြစ်နေသော ဒေါ်မြမေ၏မျက်နှာထားက တစ်ခုခုပြောလိုဟန်ရှိနေသည်။

"ဘယ်လိုလဲကွ ဘာများပြောချင်လို့တုံး" ဟု ဦးချမ်းသာ လမ်းခင်းပေးလိုက်မှ

"မနေ့က မောင်ပြောတဲ့သမီးတစ်ကောင် အကြောင်းလေ၊ ဒါကို စဉ်းစားမိလို့ပါ" ဟု ဒေါ်မြမေက နိဒါန်းပျိုးလိုက်သည်။

သူတို့နှစ်ယောက်မှာ အသက်ခြောက်ဆယ်ကျော် ပတ်ဝန်းကျင်စီ ဖြစ်ကြသော်လည်း သားသမီးများနှင့် မြေးတို့၏ အလစ်တွင် ချစ်စ ခင်စ ကြင်နာစ တုန်းက ခေါ်သလို ဒေါ်မြမေက 'မောင်' ဟု ခေါ်၍ ဦးချမ်းသာက 'မြ' ဟု အမြတ်တနိုးခေါ်လေ့ ရှိကြသည်၊ သားသမီးများရှေ့တွင်တော့ တစ်ဦးကိုတစ်ဦး 'အဘိုးကြီး၊ အဘွားကြီး' ဟု ခေါ်ကြသည်။

"သမီးတစ်ကောင်အကြောင်းကို ဘယ်လိုများစဉ်းစားမိလို့လဲ၊ ပြောစမ်းပါဦး" ဟု ဦးချမ်းသာက ဖတ်နေသောသတင်းစာကို စားပွဲပေါ်သို့ချလိုက်ပြီး ဆွေးနွေးရန် အဆင်သင့်ရှိကြောင်း သဘောလက္ခဏာ ပြလိုက်သည်။

"ဪ - မောင်ပြောတယ်လေ၊ သမီးတစ်ကောင်ဆိုတာ တိရစ္ဆာန်လောက်မိုက်တဲ့သမီးမျိုးလို့ ဆိုတယ် မဟုတ်လား၊ ဝါသုလဒတ္တ မင်းသမီးလေးဟာ သူ့ခမည်းတော် စန္ဒပဇ္ဇောတမင်းက ဖမ်းထားတဲ့ ရန်သူဥတေနဘုရင်နောက်ကို လိုက်သွားတဲ့အကြောင်း၊ အဲဒါကို ရန်သူ့အားပေးတဲ့သမီးမိုက်လို့ စွပ်စွဲထားတယ်"



"အေးလေ၊ ဆက်ပြောပါဦး"

"ကျွန်မကတော့ မိန်းမသားချင်းအနေနဲ့ တွေးမိလို့ပါ၊ မိန်းမယောက်ျားငြိစွန်းကြတယ်ဆိုတာ ယောက်ျားက ကိုယ်ထိလက်ရောက် သိမ်းသွင်းလို့သာ ဖြစ်ကြရတာမျိုးပါ၊ စကားပုံတောင် ရှိသေး၊ မိန်းမကြိုက်တော့ မျှော်လိုက်ကာ၊ ယောက်ျားကြိုက်တော့ စိုက်စိုက်လာတဲ့"

"အမယ်၊ မြက ဘယ်ဆိုးလို့တုံး"

"အဲဒီလို ဆွဲဆောင်သိမ်းသွင်းလို့ မိန်းကလေးက ပြန်ချစ်မိတဲ့အခါ ယောက်ျားတွေထက် သစ္စာရှိကြပါတယ်၊ ဒါကြောင့်ဝါသုလဒတ္တမင်းသမီးလေးဟာ သူ့ချစ်သူကို အသက်ဘေးကကယ်ပြီး လိုက်ပြေးရတာဟာ ခမည်းတော်ဘက်က ကြည့်ရင်သာ သမီးတစ်ကောင် ဖြစ်ချင်ဖြစ်လိမ့်မယ်၊ သူ့ချစ်သူဘက်ကကြည့်မယ်ဆိုရင် သစ္စာရှိတယ်လို့ ချီးမွမ်းရမယ် မဟုတ်လား"

"မင်းက မိန်းမတွေဘက်က ရှေ့နေလိုက်နေသကိုး"

"မောင်တို့ ယောက်ျားတွေက မိန်းမသားဆိုရင် သိပ်နှိမ်ချင်ကြတာကိုး၊ လင်ယောက်ျားများ အငယ်အနှောင်းထားနေကြတာတော့ ထည့်မပြောဘူး၊ ထင်ထင်ပေါ်ပေါ်မထားတောင် ရွက်အုပ်သီးသီးနေတတ်ကြတယ်၊ ရွက်အုပ်မသီးလည်း အိုင်တွေ့ရင် ခြေဆေးနေကြတာပဲ"

"အိုင်တွေကလည်းများသကိုးကွ၊ ဟဲ . . . ဟဲ . . . ဟဲ . . ."

"ဘယ်လောက်များများ အိုင်တွေက ယောက်ျားခြေထောက်နား ရွှေ့လာကြတာ မဟုတ်ပါဘူးတော်"

ဦးချမ်းသာက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

"မြက တယ်စကားတတ်ပါကလား ၊ ဟား - ဟား-ဟား"

"စကားမတတ်ရင် တစ်ဖက်သတ် အနိုင်ခံနေရမှာပေါ့ မောင်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့မယားမျိုး မရှိဘူးလို့တော့ ကျွန်မ မပြောချင်ပါဘူး၊ မကောင်းတဲ့လင်တွေက ပိုများသေးတယ်၊ ဒါကျတော့ မောင်တို့က မြို့နေတာ"

"နေပါဦးလေ၊ ဘယ့်နှယ်၊ သမီးတစ်ကောင်အကြောင်း ပြောရာက လင်မယားအကြောင်း ရောက်လာရတယ်လို့၊ ဘုရားကအစ ပဏ္ဍိတကြီးများက 'မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ငြားဘူး၊ ယောကျ်ားတို့လည်း၊ ပညာနည်းတို့၊ စောင့်စည်းမရှိ' တဲ့၊ အဲဒီလိုပဲ၊ ပညာမဲ့တဲ့ ယောကျ်ားတွေကို ကဲ့ရဲ့ထားတာတွေ ရှိပါသေးတယ်၊ ဒါက တခြားပါ၊ မောင်ပြောခဲ့တာက သမီးတစ်ကောင် အကြောင်းပဲ၊ မိန်းကလေးကို စောင့်ရှောက်ဖို့ ခက်ခဲတယ်လို့ ဆိုလိုတာပါ၊ လောကမှာတော့ မင်းတို့မိန်းမတွေကို ချီးမွမ်းစရာ ရှိပါတယ်၊ ဥပမာကွာ အနုခေတ်မှာပဲကြည့်၊ မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ဗလက္ကာရ ပြုတယ်ဆိုပါတော့၊ အဲသည် မိန်းကလေးက သဘောမတူရင် မချစ်ရင် အရှက်ကို အသက်နဲ့ လဲပြီး တွန်းလှန်ကြတာတွေ ရှိပါတယ်၊ ယောကျ်ားတစ်ယောက်ကို မိန်းကလေးတစ်ယောက်က ဗလက္ကာရ လုပ်ကြည့်စမ်းပါလား၊ 'ချစ်ချစ်၊ မချစ်ချစ်' ငြိမ်နေလိုက်ကြမှာပဲ၊ ဟဲ . . . ဟဲ . . ."

"ကြည့်စမ်း–ကြည့်စမ်း၊ အခုမှပေါ်တော့တယ်၊ သူ ဘယ်နှစ်ခါများ ငြိမ်လာခဲ့တယ် မသိဘူး"

ဦးချမ်းသာက ခိုးခိုးခစ်ခစ်ဖြစ်အောင် ရယ်လိုက်ပါသည်။

"သဘာဝကို ပြောတာပါဗျာ၊ ကဲ–ကဲ– မြပြောသလို ချစ်သူအပေါ်မှာ သစ္စာရှိပုံပဲထားပါတော့၊ ခမည်းတော်က သမီးတော် ကလေးကို စိတ်မချလို့ လက်တစ်ဖက်ကိုင်ထားတဲ့ကြားက ချစ်သူ နောက်ကို လိုက်ဖြစ်အောင်လိုက်သွားတဲ့ဝတ္ထုကို ပြောမယ်"

"ဘုရားဟောလား"



"ဘုရားဟောပေါ့၊ ဘာဖြစ်လို့ မေးတာလဲ"

"လက်တစ်ဖက် ကိုင်ထားတဲ့ကြားက လွတ်အောင် ထွက်သွားတယ်ဆိုတာ ဖြစ်နိုင်မယ်မထင်လို့"

"ဖြစ်နိုင်လို့ကို ဖြစ်သွားခဲ့တာ၊ ငါးရာ့ငါးဆယ်ထဲက နိပါတ်မှာ ပါတဲ့အတိုင်း မောင်ပြောမယ်၊ ကြားထဲဖြတ်ပြီး မေးလားမြန်းလား စောဒကတက်လား မလုပ်နဲ့၊ ပြောနေတဲ့သူ အရသာပျက်တယ်"

"မဖောက်ပါဘူးတော်၊ မဖောက်ပါဘူး၊ ပြောသာပြောပါ"

"သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်း သုံးတော်မူစဉ်က မာတုဂါမတစ်ယောက်အတွက် သာသနာတော်မှာ မပျော်မွေ့တဲ့ ရဟန်းငယ်တစ်ပါးအကြောင်းကို အကြောင်းပြုပြီး မုဒုပါဏိဇာတ်ကို ဟောတော်မူသတဲ့"

"မုဒုပါဏိဆိုတာ နူးညံ့သောလက်ဖဝါးလို့ အဓိပ္ပာယ်ရတယ်၊ ဝတ္ထုအကြောင်းက ဒီလိုကွာ၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်မှာ ဘုရားလောင်း ဗြဟ္မဒတ်မင်း မင်းပြုနေသတဲ့၊ အဲဒီမင်းကြီးမှာ ထီးညွန့်နန်းလျာ သားတော်တစ်ပါးမှ မရှိဘူး၊ အလွန်လှပတဲ့ သမီးတော်တစ်ပါးသာရှိသတဲ့၊ တစ်ဦးတည်းသော သမီးမို့ အလွန် ချစ်မြတ်နိုးတော်မူရှာတယ်"

"တစ်နေ့မှာ သူနတ်ရွာစံတော်မူရင် တိုင်းပြည်ကြီးကို ဆက်လက် အုပ်ချုပ်မယ့်သူမရှိတဲ့အတွက် ဘယ်လိုလုပ် ရပါ့မလဲလို့ မှူးကြီး မတ်ကြီး များနဲ့ တိုင်ပင်တော်မူတယ်၊ ဒီတော့ မှူးကြီးမတ်ကြီး အချို့က သမီးတော် ကလေးကိုပဲ ဘုရင်မအဖြစ်ဖြင့် ထီးမွေနန်းမွေဆက်ခံစေရန် စီမံ လျာထားတော်မူသင့်ကြောင်း သံတော်ဦးတင်ကြတယ်"

"အချို့ မှူးမတ်ကြီးများက သမီးတော်ကလေးဟာ နူးညံ့သိမ်မွေ့ လွန်းလှပါတယ်၊ အရွယ်နဲ့ပညာကလည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ် ရအောင် မရင့်ကျက်သေးပါဘူး၊ မင်းတရားကြီး နတ်ထီးစံတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန့်မှာ မိန်းမသားဘုရင်မ ဆိုရင် အနီးအနား တိုင်းကြီးပြည်ကြီး များက ပမာမခန့် မရွံ့မရှား လက်နက်အားကိုးပြီး အလွယ်တကူ တိုက်ခိုက်သိမ်းယူနိုင်တဲ့ အရေးအခွင့် ရှိလာပါလိမ့်မယ်၊ အဲဒီလို ဖြစ်လာရင် ဘုရင်မကလေးကလည်း ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်တွန်းလှန် နိုင်မယ် မထင်ပါဘူး"

"ဒါကြောင့် သတ္တိ ဗျတ္တိနဲ့ ပညာအရည်အချင်းပါ ပြည့်စုံတဲ့ တူတော်မောင်ကို အိမ်ရှေ့အရာ ပေးထားပြီး ရွှေနန်းတက်တဲ့အခါ သမီးတော်နဲ့ ရာဇာဘိသေက ရေဖျန်းခံရအောင် ဘုန်းတော်ကြီး ဘုရားက စီစဉ်လျာထား ပေးသနားတော်မူပါလို့ အကြံပေး သံတော်ဦး တင်ကြသတဲ့"

"ဒီတော့ မင်းကြီးက သဘောတူတော်မူတယ်၊ 'အေး၊ ဟုတ်ပေသားပဲ၊ တူအရင်းကို သားအရင်းပမာ ငါချီးမြှောက်ထားတဲ့ ရာဇကုမာရမင်းသား ရှိပေသားပဲ၊ အဌာရသ ယောကျ်ားမြတ်တို့၏ အတတ် တစ်ဆယ့်ရှစ်ရပ်ကို နှံ့စပ်ကျွမ်းကျင် သင်ယူပြီးမှ တက္ကသိုလ် ပြည် ဒိသာပါမောက္ခ ဆရာကြီးထံက ပြန်လာခဲ့တာ မကြာသေးဘူး၊ တူတော်မောင်ကလည်း ငါ့ကို ခမည်းတော် အရင်းပမာ သစ္စာစောင့်ထား ခဲ့ညားရှိသေသော ဂါရဝတရားနဲ့ နေ့ညမပြတ် ခစားနေတာမို့ ငါကိုယ် တိုင် နန်းတွင်းမှာ မင်းအိမ်ဆောက်၍ ဘွဲ့ရည်ဂုဏ်ရည်များနှင့် ချီးမြှောက် တော်မူထားရင် သင့်လေစွ၊ ငါ့ပြည်ငါ့နိုင်ငံအတွက် ငါကိုယ်တိုင် နတ်ရွာစံသွားသော်မှ စိတ်ချစရာဖြစ်လိမ့်မယ်' လို့ ဘုရင်မင်းတရား ကြီးက အတွင်းစကား လျှို့ဝှက်တိုင်ပင်တော်မူလိုက်တယ်"

"လျှို့ဝှက်တယ်ဆိုတဲ့ စကားဆိုတာ မပေါက်ကြားဘူးဆိုတာ မရှိပါဘူး၊ 'ကြမ်းကြား လေကြား' သူတစ်ပါးနား ရောက်သွား တတ်ကြတာပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက 'နတ္ထိ လောကေ ရဟောနာမ' တဲ့၊ လောကကြီးမှာ ဆိတ်ကွယ်ရာအရပ် မရှိပါဘူးတဲ့"



"အဲဒီသတင်းဟာ တူတော်မောင် ရာဇကုမာရထံ မကြာခင် ရောက်သွားတော့တာပါပဲ၊ မင်္ဂလာသတင်းဆိုတာ ဦးဦးဖျားဖျား မျက်နှာလိုမျက်နှာရ ပြေးပြောလိုက်ချင်တဲ့ ကျေးကျွန်များက အများ အပြားရှိတာကိုး၊ ဒီတော့ ရာဇကုမာရမင်းသားဟာ သူတိမ်းညွှတ်နေ တဲ့ နှမတော်မင်းသမီးကလေးနဲ့ ခမည်းတော်ကိုယ်တိုင်က လျာထား တော်မူတယ်ဆိုတာကို သိရတော့ ဟိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမှာ ထက် သမီးတော်ကလေးနဲ့ လက်ဆက်ရမှာကို ဝမ်းသာသွားသတဲ့လေ၊ သူက ဘုရင့်သမီးတော်ကလေးကို မစ,ဝံ့လို့သာ နေရတာ၊ ခမည်း တော်ကြီးသိသွားရင် ရာဇမာန်ရှမှာစိုးလို့သာ ဆင်ခြင်နေရတာ၊ အခုတော့ ယောက္ခမကြီးက မျက်နှာချိုတယ်ဆိုတာ သိရတော့ ဘယ်နေလိမ့်မလဲ၊ အတွင်းလူအပြင်လူတို့နဲ့ ချစ်စေတမန် လွှတ်တော် မူတာပေါ့၊ မုဒုပါဏီ မင်းသမီးကလေးကလည်း နန်းတွင်းက လျှို့ဝှက်စကား ခမည်းတော်ဘုရားရဲ့ ကြံရွယ်တော်မူထားတာကို သိမှာပေါ့"

"ဩော်၊ မင်းသမီးကလေးက လက်ဖဝါး ခြေဖဝါးကအစ နူးညံ့လွန်းလို့ မုဒုပါဏီဒေဝီလို့ ဘွဲ့အမည်ခံရတာ အစက ပြောခဲ့ ပြီးပြီ ထင်ပါရဲ့နော်၊ သူတို့နှစ်ဦးဟာ နဂိုကလည်း စိတ်ကူးယဉ်ထားတဲ့ သူချင်းမို့ ချစ်ကြိုး သွယ်မိပါလေရော၊ သူတို့ရဲ့ အနာဂတ်ခရီးကလည်း ဖြောင့်ဖြူး သာယာနေတဲ့အတွက် နှစ်ဦးစလုံး ရွှင်မြူးဝမ်းသာ ရှိနေကြတယ်"

"ဒီနေရာမှာ ပြောရဦးမယ်၊ လောကဆိုတာ 'လုဒ္ဓတိ ပလုဒ္ဓတီတိ ာလောကော' တဲ့၊ ဖြစ်တတ်ပျက်တတ်ကဲ့ သဘောမို့ လောကလို့ဆိုသကိုး၊ ကြံစည်ထားတဲ့ သဘောတရားများကလည်း ဖြစ်ချင်မှဖြစ်ကြလိမ့်မယ်၊ မကြံစည် မရည်ရွယ်ပဲနဲ့လည်း ဖြစ်ချင် ဖြစ်လာတတ်တယ်၊ နောက်ပြီးတော့ 'မင်းတို့စကား မိုးကြိုးသွား'

www.burmeseclassic.com

www.burmeseclassic.com



ဟဲ့၊ 'ထွက်ပြီးသားဆင်စွယ်ဝင်တယ်လို့ မရှိ' တဲ့၊ အဲသလို ပြောရိုးရှိကြပေမဲ့ တစ်ခါတစ်ရံမှာ မှားတယ်ထင်ရင် ပြန်ပြင်ကြရပါတယ်၊ ဆုံးဖြတ်ပြီးသားမို့လို့ ဖွတ်လုပ်လို့ မကောင်းတာတွေလည်းရှိပါတယ်၊ ပထမ စဉ်းစားတာထက် ပိုမိုလျော်ကန်သင့်မြတ်တဲ့ အကြံအစည်များ ပေါ်လာရင်လည်း ပေါ်လာတတ်ပါတယ်၊ အဲဒီအခါမှာ ကောင်းဖို့သာဆိုရင် ပြင်တန်ပြင်ရမှာပေါ့"

"ဘုရားအလောင်းတော်ကြီး ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က ယခုငါကျင့်နေတဲ့ 'အတ္တကိလမထ' အကျင့်ဟာ မဟုတ်မမှန်နိုင်သေးဘူးဆိုပြီး မဇ္ဈိမပဋိပဒါအကျင့်ကို ပြောင်းလဲ၍ ကျင့်တော်မူခဲ့ပါတယ်၊ တိုင်းရေးပြည်ရေးနဲ့ဆိုရင်လည်းအရေးကြီးတယ်၊ဘာဖြစ်လို့လဲဆိုတော့ အခုပဲ ဗြဟ္မဒတ်မင်းကြီးကိုကြည့်လေ၊မင်းကြီးက အကြံသစ်တစ်ခုရလို့ အရေးတကြီး အတွင်းညီလာခံခေါ်လိုက်တယ်၊ မှူးကြီးမတ်ရာတို့ကို ဘာပြောသလဲဆိုတော့"

"ပညာရှိသုခမိန်ကြီးများတဲ့၊ မင်းကြီးတို့နဲ့တိုင်ပင်ပြီး ငါကိုယ်တော်မြတ်က တူတော်မောင်ကို နန်းအပ်၍ သမီးတော်နဲ့ လက်ထပ်ထိမ်းမြားစေရမယ်ဆိုတဲ့ အစီအစဉ် သတ်မှတ်ခဲ့တယ် မဟုတ်လားတဲ့၊ ဒီတော့ မှူးမတ်များက 'မှန်လှပါဘုရား' လို့ လျှောက်ထားကြတာပေါ့"

"ဗြဟ္မဒတ်မင်းကြီးက 'အဲဒီ အစီအစဉ်ထက် ပိုမို ကောင်းမွန်တဲ့ အစီအစဉ်သစ်တစ်ရပ်ကို ငါကိုယ်တော်မြတ် စဉ်းစားတော်မူမိတယ်၊ ဘယ်လိုလဲဆိုတော့ ကိုယ့်တူနဲ့ ကိုယ့်သမီး တစ်ခုတည်းသောနိုင်ငံမှာ အာဏာလက်ကိုင် ထားရှိနိုင်တာထက် တိုင်းနားပြည်နီးနိုင်ငံကြီးတို့နဲ့ ရွှေလမ်းငွေလမ်းဖောက်ထားရရင် အစဉ်ထာဝရစစ်မက်အရေးက အေးချမ်းသာယာ၍ 'ပြည်သူများမှာ ဝပြောစည်ပင်ကြလိမ့်မယ်' တဲ့၊ 'အဲဒါကို မှူးကြီးမတ်ကြီးများနဲ့ ဆွေးနွေးတော်မူလိုတယ်' တဲ့၊ မှူးမတ်များက ဘုရင်ကြီးရဲ့စကားကို စိတ်ဝင်တစား



နားထောင်နေကြရတယ်"

"မင်းကြီးက – လောကဓမ္မတာ နိုင်ငံရေးရာဆိုတာ 'ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်' သတဲ့၊ 'ပြည်တွင်းအရေး ပေါက်နှင့်ကျေး' တဲ့၊ ကြက်ဥထဲက ကြက်ကလေးရဲ့အရောင်ကို မပေါက်ခင် ဘယ်သူမှ မပြောနိုင်ဘူး၊ တိမ်တောင်တိမ်ပိုင်းများဟာလည်း ပုံသဏ္ဌာန်အမျိုးမျိုးကို တစ်ခဏချင်း ပြောင်းသွားနိုင်တယ်၊ ဒီလိုပဲ မင်းဧကရာဇ်အချင်းချင်းမှာလည်း မဟာမိတ်ဖြစ်နေရာက ချက်ချင်း စစ်ကြေညာလျှင် ကြေညာတတ်တယ်၊ ကိုယ့်ပြည်တွင်းမှာတောင် လိုလားသူလား ဆန့်ကျင်သူလား ကွဲကွဲပြားပြားဖြစ်ဖို့ဆိုတာက ပေါက်ပင်အရွက်ကလည်းစိမ်းစိမ်း၊ ကြက်တူရွေးအရောင်ကလည်းစိမ်းစိမ်းမို့ ဖြန်းခနဲ မခွဲခြားနိုင်သလိုဖြစ်တတ်ပါတယ်တဲ့"

"တိုင်းပြည်ရေးရာ စစ်မက်အင်္ဂါများကြီးနေရင် တိုင်းသူပြည်သားလူအများမှာ ဥစ္စာစီးပွားပျက်ပြား၍ ကစဉ့်ကလျား သနားစရာဖြစ်ပါတယ်တဲ့၊ ဒါကြောင့် နိုင်ငံနားနီး ပြည်ကြီးများနဲ့ သွေးသားတော်စပ် ခြေခြင်းထပ်ကြရအောင် တူတော်မောင်ကို ပြည်ထောင်တစ်ခုက ဘုရင့်သမီးတော်နဲ့ အဘိသိက်ခံစေပြီး သမီးတော်ကိုလည်း ပြည်ကြီးအရှင် ဘုရင်တစ်ပါးရဲ့ မိဖုရားအရာ ချီးမြှောက်မယ်ဆိုရင် မောင်းမမိဿံ အခြွေအရံများနှင့်တကွ ပို့ဆက်စေရမယ်၊ အဲဒီနည်းဟာ နိုင်ငံများစွာနဲ့ မဟာမိတ် ထာဝရဖြစ်နေကြလိမ့်မယ်လို့ ငါ ကိုယ်တော်မြတ် စဉ်းစားတော်မူမိတယ်၊ သင့်မသင့် လျော်မလျော် သံတော်ဦးတင်ကြစေ မင်းကြီးများတဲ့"

"မှူးကြီးမတ်ကြီးများက အရှည်ကိုမျှော်၍ စဉ်းစားတော်မူသည့် အကြံဟာ လျော်ကန်သင့်မြတ်လှပါကြောင်း တညီတညာတည်း သံတော်ဦး တင်ကြသတဲ့၊ ဗြဟ္မဒတ်မင်းကြီးရဲ့ အကြံကလည်း သူနတ်ရွာစံသည်အထိ သူ့နိုင်ငံတော်အတွက် အေးချမ်းသာယာနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်ကြီး မဟုတ်ပါလား"

"ဒီတော့ တူတော်မောင်နဲ့သမီး နီးစပ်ကျွမ်းဝင်မှုမရှိအောင် တူတော်မောင်ကို နန်းတွင်းမြို့ရိုးမှအပ မှူးမတ်များဆိုင်ရာ ပတ်ဝန်းကျင်မှာ ပြောင်းရွှေ့စံနေတော်မူစေတယ်"

"ဗြဟ္မဒတ်မင်းကြီးရဲ့အကြံဟာ အကြံကောင်းသော်လည်း အခါနှောင်းသွားပြီလေ၊ အဲဒီသတင်းကလည်း မင်းသမီးနဲ့ မင်းသားထံ အမြန်ဆုံး ပေါက်ကြားသွားတော့တာပေါ့"

"ကဲ- အခုဘယ့်နှယ်လုပ်ကြမလဲ၊ နှစ်ယောက်စလုံး သောကဗျာပါရ ဖြစ်ကုန်ကြရပြီ၊ ချစ်လက်စ မသိမ်းနိုင်လို့ မရှောင်ချင် မတိမ်းချင်ကြတော့ဘူးလေ၊ အဲဒီမှာ မင်းနားတစ်ထောင် မင်းမြှောင်တစ်သိန်းဆိုသလို ခမည်းတော် ဘုရင်မင်းတရားကြီးက ရိပ်စားမိတော်မူလာတယ်၊ ဒီတော့ သမီးတော်ကို သူ့မျက်စိအောက်က အပျောက်ခံတော် မမူတော့ဘူး၊ နေ့နေ့ညည သူ့အပါးမှာသာ အမြဲခစားတော်မူစေသတဲ့"

"မင်းသမီးက ချိုးရေတော်သုံးတဲ့အခါမှာတောင် ရေချိုးဆောင်မှာ တံခါးအပြင်ဘက်က လက်ကလေးကိုင်ထားပြီး စောင့်တော်မူသတဲ့၊ ကိုယ်လက်သုံးသပ်ရအောင် ညာဖက်လက်ပြီးရင် ဘယ်လက် မင်းသမီးကလေးက ပြောင်းပေးရသတဲ့။ အဲဒီလောက် ကိုယ်တိုင် စောင့်ရှောက်တော်မူတယ်"

"ဒီကြားထဲက ဘယ်လိုလွတ်အောင် ထွက်သွားသလဲဆိုတာ ဘုရားကိုယ်တော်တိုင် ဟောတော်မူထားတယ်"

"မင်းသားနဲ့ မင်းသမီးကလေးဟာ အနေဝေးကွာသွားပေမဲ့ အတွင်းစကား အပို့အယူ လူယုံတော်တွေကတော့ ရှိကြသေးတာကိုး၊ တစ်နေ့တော့ မင်းသားလေးက သဝဏ်လွှာပါးလိုက်တယ်၊ မောင်တော်ဟာ နှမတော်နဲ့ ကွဲကွာရမယ်ဆိုရင် ဘုရင်လုပ်ပြီး နန်းစည်းစိမ်



ခံစားမနေချင်ပါဘူးတဲ့၊ နှမတော်ကလည်း မောင်တော်နဲ့ မခွဲနိုင်ဘူးဆိုရင် တိုင်းတပါးအဝေးသို့ ထွက်ပြေးကြပါစို့တဲ့၊ အစောင့်အကြပ်အခြံအရံနဲ့တကွ ခမည်းတော်ဘုရင်ကြီးရဲ့လက်က ဘယ်ပုံ ဘယ်နည်းနဲ့ လွတ်မြောက်အောင်ဆောင်ရွက်ရမယ်ဆိုတာ နှမတော်က အကြံပေးပါတဲ့"

"ရာဇကုမာရက ဘယ်လိုကြံရမယ်ဆိုတာမသိလို့ မင်းသမီးထံ အကြံတောင်းတာပေါ့လေ၊ တစ်ခါတစ်ခါ ယောကျ်ားများ သတိဉာဏ်လစ်ဟင်းနေတဲ့ကိစ္စမှာ မိန်းမများက ရုတ်တရက် ဉာဏ်ရတတ်ပါသတဲ့"

"ဉာဏ်လစ်ယောကျ်ား၊ ရှိခဲ့ငြားသော်၊ ယောကျ်ားတို့ထက်၊ ရုတ်တရက်ဉာဏ်၊ ပဋိဘာန်ဖြင့်၊ လျင်မြန်မချွတ်၊ ကြံစည်တတ်၏"

"အဲဒါကြောင့် ယောကျ်ားများ ပြုလုပ် မအောင်မြင်တဲ့အချို့ ကိစ္စဆိုရင် မိန်းမကို တိုင်ပင်ပါတဲ့၊ သူတို့ဆီက အကြံအစည်ရပါလိမ့်မယ်တဲ့၊ အဲဒါကို မန်လည်ဆရာတော်ဘုရားက ကျမ်းလာအတိုင်း ရေးပြတော်မူခဲ့တယ်"

"ကိစ္စတစ်သီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာ၏- တဲ့"

"ကဲ-ဒီနေရာမှာ မိန်းမတွေကို ချီးမွမ်းထားပါတယ်ကွာ"

"အခု ရာဇကုမာရမင်းသားက အကြံမရလို့ မင်းသမီးကို တိုင်ပင်ရတာလေ၊ မင်းသမီးကလည်း အထက်ကကျမ်းဂန်စကားအတိုင်း မိမိဉာဏ်နဲ့ ရုတ်တရက် ပြန်လည်ပြီးတော့ သူ့မောင်တော်ကို အကြံဉာဏ် အစီအစဉ် လေးချက် ပေးလိုက်သတဲ့"

"ပထမအချက်ကတော့ နူးညံ့သိမ်မွေ့သော လက်အဝါးရှိတဲ့ မိန်းမပျိုလေးတစ်ယောက်ကို ရှာထားပါတဲ့"

"ဒုတိယအချက်ကတော့ လိမ္မာယဉ်ပါးတဲ့ ဆင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ကို ရှာထားပါတဲ့၊ အဲဒီနှစ်ချက်နဲ့ ပြည့်စုံပြီးရင် တတိယအချက်အနေနဲ့ လကွယ်နေ့ညကို စောင့်ပါ၊ စတုတ္ထအချက်က အဲဒီလကွယ်နေ့ညမှာ မိုးမှောင်ကြီးကျပြီး သည်းထန်စွာရွာတဲ့ အချိန်ကို စောင့်ပါ- တဲ့"

"အဲဒီ လေးချက်စလုံးကိုက်ညီတဲ့ အခါဆိုက်ပြီဆိုရင် သူ့ရေချိုးတော်ဆောင် လေသွန်တံခါးနား ဆင်နဲ့တကွ ချဉ်းကပ်လာပါတဲ့၊ ကျန်တဲ့ကိစ္စတွေကို သူကိုယ်တိုင် ဆောင်ရွက်ပါ့မယ်တဲ့၊ အဲဒီလို ပြန်ကြားလိုက်တယ်၊ အဲဒါဟာ မိန်းမဉာဏ်လေ"

"ရာဇကုမာရမင်းသားကလည်း သူပြောတဲ့အတိုင်း နူးညံ့တဲ့ လက်ဖဝါးရှိတဲ့ မိန်းကလေးကို ရှာထားတယ်၊ လိမ်မာယဉ်ပါးပြီး ငြိမ်ငြိမ်သက်သက် သြဇာကိုနာခံတတ်တဲ့ ဆင်ပြောင်ကြီးတစ်စီးကိုလည်းအရန်သင့်ထားတယ်၊ အဲဒီလို အချက်နှစ်ချက် ပြည့်စုံပြီးတဲ့အခါ နန်းတွင်းမြို့ရိုးကို လျှို့ဝှက်စွာဝင်ပြီး လကွယ်နေ့ မိုးရွာတဲ့ ညတစ်ညကို စောင့်နေတယ်"

"တစ်ခုသော လကွယ်နေ့ညကျတော့ မိုးကြီးသည်းထန်စွာ ရွာပါလေရော၊ ဒီတော့ မင်းသားက မင်းသမီးမှာထားတဲ့အတိုင်း နူးညံ့သောလက်ဖဝါးရှိတဲ့ မိန်းကလေးကို ဆင်ပေါ်တင်၍ မင်းသမီးကလေးရဲ့ ရေချိုးတော်ဆောင်ကို ဆင်ယှဉ်ပြီး ရပ်လိုက်တယ်၊ မင်းသမီးက မင်းသားရောက်လာပြီဆိုတာကို အချိန်းအချက်တစ်ခုနဲ့ သိလိုက်တယ်၊ ဒီတော့ ခမည်းတော်ဘုရားကို ရေချိုးပါရစေလို့ ခွင့်တောင်းတယ်၊ ဘုရင်ကြီးကလည်း သမီးလက်ကိုကိုင်ပြီး ချိုးရေတော်ဆောင်ကို လိုက်ပို့တယ်၊ တံခါးအပြင်ဘက်က ညာလက် ကလေးကို ကိုင်ထားတယ်"

"အဲဒီအချိန်မှာ မင်းသမီးက ဆင်ပေါ်မှာပါလာတဲ့ မိန်းကလေးကို အချက်ပြပြီး ခေါ်လိုက်တယ်၊ အနားရောက်လာတော့ သူ့ဘယ်



ဖက်လက်က လက်ဝတ်လက်စားတွေကို အဲဒီမိန်းကလေးရဲ့ ဘယ်ဖက်လက်မှာ ဝတ်ခိုင်းလိုက်တယ်၊ အားလုံးဝတ်ပြီးတဲ့ အခါကျတော့ 'ခမည်းတော်ဘုရား၊ သမီးတော် လက်ပြောင်းပါရစေ' လို့ ပြောတယ်၊ ဘုရင်ကြီးက သမီးတော်ရဲ့ညာလက်ကို လွှတ်ပြီး ဘယ်လက်ကို ကိုင်လိုက်တဲ့အခါမှာတော့ သူ့ကိုယ်စား မိန်းကလေးရဲ့ ဘယ်ဖက်လက်ကို ထည့်ပေးလိုက်တယ်၊ ဘုရင်ကြီးက ခွဲခြားပြီး မသိနိုင်ပါဘူး"

"အဲဒီအချိန်မှာ မင်းသမီးရဲ့ညာလက်က လက်ဝတ်ရတနာတွေကို မိန်းကလေးအား ဝတ်ပေးလိုက်တယ်၊ အဲဒီလိုနဲ့ လက်နှစ်ဘက်စလုံးလည်းလွှတ်သွားရော၊ လေသွန်တံခါးက ဆင်ပေါ်တက်ပြီး လိုက်ပြေးပါရောဗျာ"

"ညတံခါးစောင့်အသီးသီးကိုတော့ စောစောကတည်းက တံစိုးလက်ဆောင်များ အနင့်သား ပေးသားကြမှာပေါ့လေ၊ ဒါကြောင့် မန်လည်ဆရာတော်ဘုရားက – 'သမီးတစ်ကောင်၊ နွားတစ်ထောင်သို့၊ လုံအောင်အမြဲ၊ စောင့်နိုင်ခဲဟု၊ မလွဲပမာ၊ နန်းတွင်းမှာလျှင်၊ ရာဇာမွေဖ၊ မြိန်စွာဖြင့်၊ နေ့ညမကင်း၊ စောင့်ပါလျဉ်းလည်း၊ လက်တွင်းက,သာ၊ သူ့ဘက်ပါခဲ့' လို့ ရေးသားတော်မူထားတယ်"

"အဲဒါလည်း မင်းကတော့ မိန်းကလေးက သစ္စာရှိတယ်လို့ ချီးမွမ်းမှာပဲ မဟုတ်လား"

"ချီးမွမ်းရမှာပေါ့တော်၊ မိန်းမဆိုတာ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်ကြပါဘူး၊ 'မိန်းမကောင်းမှန် တစ်ပွင့်ပန်' တဲ့၊ အမျိုးကောင်းမိန်းကလေး၊ စိတ်သဘောကောင်းတဲ့ မိန်းကလေးဆိုရင် ပန်းကို တစ်ပွင့်ပဲ ပန်သလို ရည်းစားဆို တစ်ယောက်တည်း စွဲစွဲမြဲမြဲထားပြီး ပေါင်းရအောင် ကြိုးစားတာ ချီးမွမ်းရမှာပဲ" ဟုပြော၍ ဒေါ်မြမေက ဦးချမ်းသာကို 'အနိုင်နှင့်ပိုင်းကာ' ခပ်ပြုံးပြုံး ထသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# တိုးသမျှ ဖိမ့်ဖိမ့်တုန်



မိန်းမမှန်သမျှသည်
ဆိတ်ကွယ်ရာသာ ရမယ်ဆိုရင်
မကောင်းမှုကို
ပြုတာချည်းပါပဲ
ဤသစ္စာစကားကြောင့်
ငါအနိုင်ရပါစေ
လာလေရော့ဟဲ့

ဦးချမ်းသာက မာဇဒါဂျစ်ပေါ်မှဆင်း၍ ဧည့်ခန်းတွင်းသို့ ဝင်လိုက်မိသည်နှင့် ချွေးမကလေး ခင်မာချိုသည် ဒေါ်မြမေနှင့် ဆိုဖာပေါ်တွင် ထိုင်နေရာမှ မျက်ရည်ကို လက်ဖမိုးဖြင့်သုတ်၍ ထ,ထွက်သွားသည်၊ ဒါကို ဦးချမ်းသာက ရိပ်ခနဲမြင်လိုက်ပါသည်၊ ဒေါ်မြမေကတော့ ခပ်ညိုညိုမျက်နှာကို လျှပ်တစ်ပြက် ပြောင်းလိုက်ပြီး

"ဟော အဖေကြီးပြန်လာပြီ" ဟု ထ,၍ ကြိုလိုက်သည်။

ဦးချမ်းသာက စာရေးစားပွဲဆီသို့ ဖြတ်သွားပြီး လက်ထဲမှ စာဖိုင်ကို တင်လိုက်သည်၊ ဒေါ်မြမေက ဦးချမ်းသာ ချွတ်ပေးလတ္တံ့သော အပေါ်အင်္ကျီကို ငံ့လင့်နေသည်။

"ဘာဖြစ်တာလဲကွ၊ ခင်မာချို" ဟု မေးရင်း အပေါ်အင်္ကျီကို

www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပေးလိုက်သည်၊ ဒေါ်မြမေက

"အို ဘာမှမဖြစ်ပါဘူး" ဟု ဦးချမ်းသာ၏ အပေါ်အင်္ကျီကို လှမ်းယူရင်း ရေးကြီးခွင့်ကျယ် မဟုတ်သလို ပေါ့ပေါ့လေး ပြောလိုက်သည်။

"မင်းအနားက မျက်ရည်သုတ်ပြီး ထ,သွားတာမြင်လို့"

"သြော် ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ လင်မယားချင်း စိတ်ကောက်ကြတာလေ၊ ရှင့်သားက မခေါ်မပြောလုပ်နေတာ သုံးရက် တောင်ရှိပတဲ့၊ အဲဒါ ကျွန်မကိုလာတိုင်တာ"

ဦးချမ်းသာက ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ ဒေါ်မြမေက ဦးချမ်းသာအနားသို့ ခပ်ယို့ယို့ဝင်ထိုင်လိုက်ပြီး

"ကိုယ့်သားကလည်း ကိုယ့်သားပဲ" ဟု ဆက်၍ ပြောလိုက်သည်။

"နေပါဦးလေ၊ အကြောင်းတော့ရှိရမှာပေါ့၊ အဲဒီအကြောင်းက ဘာတဲ့လဲ"

"အကြောင်းက ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ခင်မာချို တို့ရဲ့ ညွန့်ကြားရေးမှူးက ခင်မာချိုကို အရေးပေးတာ အားကိုးတာ ကိုယ့်သားက မကြိုက်နိုင်ဘူးတဲ့လေ၊ အထက်လူကြီးဆိုတာမျိုးက လုပ်ရည် ကိုင်ရည်ရှိမယ် ဖျတ်ဖျတ်လတ်လတ်ရှိမယ် တက်တက် ကြွကြွရှိမယ် ခိုင်းလို့စေလို့ကောင်းမယ်ဆိုရင် အစစအရာရာလက်ကသုံး တောင်ဖေး လုပ်ကြတာပဲမဟုတ်လား၊ ရုံးအုပ်နဲ့ ညွှန်ကြား ရေးမှူးဆိုတာ ဦးထမ်းပဲ့ထမ်း အမြဲတမ်းဆက်ဆံနေကြရတာ"

"အေး၊ ငါနားလည်ပြီ၊ ဒါကို မင့်သားက ဘယ်လိုလုပ် သိသလဲ၊ သူကတစ်ရုံးမှာ လုပ်နေတာမဟုတ်လား"

"ဒါတော့တော်၊ တိုးတက်တာကို မနာလိုတဲ့သူတွေက တစ်စိတ် ကို တစ်အိတ်လုပ်ပြောကြလို့ ရှင့်သားက ကြားတာနေမှာပေါ့၊ လောက



က အခက်သား၊ ကိုယ့်ထက်သာ မနာလိုတဲ့သူတွေ အများကြီး"

"အင်း၊ မင်းပြောတာ မှားတယ်လို့ မဆိုလိုပါဘူး၊ ဒါပေမဲ့ ရုံးထဲကအခြေအနေဟာ အပြင်ရောက်တာတော့ သိပ်မကောင်းလှဘူး လေ၊ 'မပြေးသော် ကန်ရာရှိလိမ့်မယ်' ဟုတ်တာ မဟုတ်တာအပထား၊ လင်သားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုတော့ ထိခိုက်နိုင်တယ် မဟုတ် လား"

"အိုတော်၊ ဟိုမှာလည်း သားတွေမြေးတွေနဲ့၊ ဒီကလည်း ကလေး နှစ်ယောက်အမေပဲဟာ၊ နောက်ပြီး 'ကျုပ်သမီး' က ပျံတံတံ နန့်တဲ့တဲ့ လည်း မဟုတ်ရပါဘူး၊ ရှင့်သားကိုက သဘောထားနုလွန်းပါတယ်"

ဒေါ်မြမေက အပြစ်တင်လေသံလေးနှော၍ မေးတစ်ချက် ငေါ့ပြောလိုက်သောအခါ ဦးချမ်းသာက ဒေါ်မြမေမျက်နှာကို စူးစူး စိုက်စိုက် ကြည့်လိုက်သည်။

"မင်းတို့မိန်းမတွေဟာ ကိုယ့်ဘက် တစ်ဘက်တည်းသာကြည့် တတ်ကြတာပဲ၊ ဒါမျိုးနဲ့ပတ်သက်ပြီးပြောရင် သဘောထား သေးတယ် လို့ စွပ်စွဲတတ်ကြတယ်၊ အဲဒီသဘောဟာ ကိုယ့်တစ်ဘက် တည်းသာ ခံစားရတယ်လို့ ထင်ကြတာကိုး၊ စွပ်စွဲတဲ့လူ ပြောတဲ့လူက ဘယ်လောက် နာသာခံခက်ဖြစ်ပြီးမှ ပါးစပ်က ထုတ်ပြောရသလဲဆိုတာ မင်းတို့ မသိပါဘူး"

"အခု သားက မခေါ်မပြောဘဲနေတာဟာ 'စကားနည်းရန်စဲ' ဖြစ်တာပေါ့၊ နို့မဟုတ်ရင် 'စကားနောက် တရားပါ' 'စကားများတော့ အမှားပါ' 'စကားကျွံတော့ နုတ်မရ'၊ ဒေါသ မောဟတွေ ပါလာတတ် ကြတယ်၊ ဒီအတောအတွင်းမှာ အဆင်ခြင်ပညာနဲ့ လိမ္မာတဲ့မိန်းကလေး ဆိုရင် ပြုပြင်သွားကြမှာပေါ့၊ 'မင်းသမီး'ကို မင်းက ဖျောင်းဖျောင်းဖျဖျ နဲ့ ပြောပြရင် ကောင်းမယ်၊ မင်းမနေ့ကပြောခဲ့တယ်လေ၊ ယောကျ်ား တွေဟာ အိုင်တွေ့ရင် ခြေဆေးချင်သတဲ့၊ ဟုတ်တယ် မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါက 'အိုင်တွေကလည်းများသကိုးကွ' လို့ ပြောခဲ့မိတယ်၊ ဒါကို မင်းက 'အိုင်တွေက ယောက်ျားခြေထောက်နား ရွှေ့လာကြတာမဟုတ်ပါဘူး'တဲ့၊ 'ယောက်ျားတွေကသာ အိုင်ထဲကို ခြေချကြတာပါ' တဲ့၊ မင်းမှတ်မိပါတယ်နော်"

ဒေါ်မြမေက ဦးချမ်းသာ၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရင်း

" အဲဒါကို မောင်က ဘာပြောချင်လို့တုံး" ဟု ခပ်ဆတ်ဆတ်ကလေး မေးလိုက်သည်၊ ဦးချမ်းသာ ဖြုန်းခနဲပြန်မဖြေပါ၊ စားပွဲနိမ့်ကလေးပေါ်တွင်ရှိသော ဆေးပြင်းလိပ်သေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကိုယူ၍ ဓာတ်ငွေ့မီးခြစ်ဖြင့် မီးညှိပြီး တစ်ဖွာနှစ်ဖွာဆက်တိုက် ဖွာထုတ်လိုက်သေးသည်။

"ငါပြောချင်တာက ဒီလိုပါ၊ အိုင်တွေက ခြေထောက်နား ရောက်မလာတာ မှန်ပါတယ်၊ ဒါပေမဲ့ ခြေထောက်က အိုင်ထဲ ချလိုက်တာနဲ့တစ်ပြိုင်နက် ကြည်လင်တည်ငြိမ်တဲ့ အိုင်ထဲကရေဟာ လှုပ်ရှားနောက်ကျို အနည်ထလာကြတာ ဓမ္မတာပဲ၊ ဘယ်အိုင်က ရေမှ ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်တယ်လို့ မရှိပါဘူး၊ ဒါ သဘာဝပေါ့၊ ရှင်းရှင်းပြောရရင် 'ကျောမှကျောရစေ' ဆိုတဲ့ အချောင်သမား လူယုတ်မာများက ကာယကံဝစီကံနဲ့ ပြစ်မှားလာရင် ခံနိုင်တဲ့မိန်းကလေးများ ရှားပါလိမ့်မယ်"

မကျေမနပ်နှင့် ပြန်ကြည့်နေသော ဒေါ်မြမေကို ဦးချမ်းသာက သတိထားမိ၍ 'ခစ်ကနဲ' ရယ်လိုက်မိသည်။

"ဘာရယ်တာလဲ . . . မောင်က"

ဦးချမ်းသာက နောက်ထပ်တစ်ချက် ရယ်သံထွက်သွားပြန်သည်။

"ကြည့်ပါလား၊ မခံချင်စရာကောင်းလိုက်တာ"

ဤတွင်မှ ဦးချမ်းသာက ဆေးလိပ်ပြာကို ပြာခွက်ကလေးထဲ အသာအယာ ခြွေချပြီး



"သြော်၊ မဆီမဆိုင် မန်လည်ဆရာတော်ဘုရားရဲ့ ကဗျာတစ်ပုဒ်ကို တွေးမိလို့ပါကွာ၊ ကဗျာက မိန်းမ ယောကျ်ား၊ လင်မယားအကြောင်းပြောတာ မဟုတ်ပါဘူး၊ အတိုက်အခံလုပ်တဲ့ လူတွေကို 'သံပဟုံးစုံ' ကြုံးဝါးတဲ့ 'သီဟနာဒ' ကဗျာပါ"

"သီဟနာဒဆိုတာ ဘာတုံး"

"သြော်ကွာ၊ 'ယူဇနာသုံးထောင် အကျယ်အဝန်းရှိတဲ့ ဟိမဝန္တာတောကြီးမှာ အခြေလေးချောင်းတို့ရဲ့ဘုရင်ဟာ 'ငါသာ' ဖြစ်တယ်ဟေ့'လို့ ကေသရာဇာခြင်္သေ့မင်းက ဟိန်းဟောက်လိုက်တဲ့ သဘောပေါ့၊ အဲသလို ဆရာတော်ကြီးက ရေးထားတာ"

ဒေါ်မြမေက သူ့လင်တော်မောင် ပညာရှိကြီးကို ပြုံး၍ကြည့်ရင်း

"ဆိုပါဦး မောင့်ကဗျာက"

"ကိုယ့်ကဗျာ မဟုတ်ရပါဘူးဗျာ၊ ဆရာတော်ကြီးရဲ့ ကဗျာပါဆိုမှ"

"အေးပါလေ၊ အဲဒီကဗျာပဲ ဆိုပါဦး"

"အဟမ်း, အဟမ်း၊ 'သူ မတို့လေမှ၊ သူ တို့လျှင် တကယ်မြည်တဲ့၊ မြို့မန်လည် ရွှေစည်ကြီးပါတဲ့၊ တီးသမျှ ဖိန့်ဖိန့်တုန်' တဲ့"

"အဓိပ္ပာယ်ကို ငါပြောဦးမယ်၊ ဆရာတော်ကြီးရဲ့အာဘော်က သူ့ကို တုပ၊ ယှဉ်ပြိုင်၊ တိုက်ခိုက်ကြတဲ့လူတွေကို ပြောချင်တာ"

"စည်တော်ကြီးများဟာ သူ့ကို မတို့ မထိ မတီး မခတ်ရင် ဘာမှ အသံမထွက်ဘဲ ငြိမ်နေမှာပါတဲ့၊ အဲ၊ သူ့ကိုသာ ထိလိုက် တီးလိုက် ခတ်လိုက်ရင်တော့ နည်းနည်းထိရင် နည်းနည်းအသံမြည်ပြီး များများကြီး ထိ ခတ် ရိုက် တီးလိုက်ရင်တော့ ဖိမ့်ဖိမ့်တုန်သွားအောင် အသံကြီးမြည်ဟိန်းထွက်လာပါလိမ့်မယ်တဲ့၊ အဲဒါကို စဉ်းစားမိလို့ပါ၊ အမျိုးသမီးမိန်းမတို့မည်သည် (ငါ့နှမ၊ ငါ့အမေ အပါအဝင်ပေါ့ကွာ) စည်ကြီးလိုပါပဲ၊ တီးတဲ့လူကသာ တီးလိုက်ရင် တီးသမျှဖိမ့်ဖိမ့်တုန်၊

www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးဗျ နာလိုက်တာ၊ မြကလည်းကွာ”

ဒေါ်မြမေက ပေါင်တွင်းကြောကို လိမ်ဆွဲလိုက်သောကြောင့် ဦးချမ်းသာက အော်လိုက်ခြင်းဖြစ်သည်။

“နာပစေ နာပစေ၊ ဒီအသက်အရွယ်ကြီးနဲ့ ရန့်ရင်းတာ”

“ဟဲ ဟဲ ... ဆရာတော်ကြီးစာနဲ့ ရောသွားလို့ပါကွာ၊ တမင် ရန့်ရင်းချင်လို့ မဟုတ်ပါဘူး၊ ဒီလိုလေကွာ၊ အဟမ်း၊ အဟမ်း၊ ကျမ်းဂန်ပါဠိ လာရှိသည်နဲ့အညီ ပြောရမယ်ဆိုရင် အရွယ်မလွန်သေးသောမိန်းမ တစ်ရာမှာ တီးတာခတ်တာကို မခံနိုင်တဲ့ အမျိုးသမီးဦးရေက ငါးဆယ် လောက် ရှိလိမ့်မယ်တဲ့”

“အင်း၊ ရာခိုင်နှုန်းငါးဆယ်ဆိုတော့ တော်သေးတာပေါ့”

“နေဦး နေဦး၊ အဲဒီခံနိုင်တဲ့ ငါးဆယ်ထဲက အစိတ်လောက်ဟာက ဖြစ်ပျက်လောက်သော အခြေအနေ ဖြစ်ပျက်လောက်သော ပတ်ဝန်းကျင် ဖြစ်ပျက်လောက်သော ပုရိသပုဂ္ဂိုလ်မဟုတ်သေးလို့ ခံနိုင်ရည်ရှိကြတာပါတဲ့၊ အခြေအနေဆိုတာက စားဝတ်နေရေး အခြေအနေ စီးပွားရေးအခြေအနေ ဂုဏ်ပကာသနအခြေအနေ ဝတ္ထုကာမ ကိလေသာကာမ အခြေအနေပေါ့ကွာ၊ ပတ်ဝန်းကျင်ဆိုတာ ကတော့ လူမမြင်သူမသိ ပတ်ဝန်းကျင်ကိုလည်းဆိုတယ်၊ လူမြင် သူသိနိုင်ပေမဲ့ လည်း သမဏောနသမဏော ဂေါဏောနဂေါဏော စရိုက်တူ အကျင့်တူ ဝါသနာတူများရှိတဲ့ ပတ်ဝန်းကျင်ပေါ့၊ ပုဂ္ဂိုလ်ဆိုတာကျတော့ နှစ်လို တပ်မက်စရာကောင်းတဲ့ပုဂ္ဂိုလ် အထင်ကြီးစရာဖြစ်တဲ့ပုဂ္ဂိုလ် မပေါက် မကြားလောက်တဲ့ ယုံကြည်စိတ်ချလောက်သော ပုဂ္ဂိုလ်ပေါ့ကွယ်၊ အဲဒီ အခြေအနေ ပတ်ဝန်းကျင် ပုဂ္ဂိုလ်သုံးခုအနက် တစ်ခု နှစ်ခု သုံးခု မပြည့်စုံ လို့ တော်လှန်လိုက် ကြတာ ဖြစ်တယ်တဲ့၊ အဲဒီအစိတ်ထဲက ဆယ့်သုံးယောက်တစ်စုနဲ့ ဆယ့်နှစ်ယောက်တစ်စု ထပ်ခွဲလိုက်ဦး”

“အမယ်လေး၊ ကိုရင်ချမ်းသာရယ်၊ ချမ်းသာ ပေးပါတော့၊



ကြာရင်တစ်ရာထဲက တစ်ယောက်မှတောင် ကျန်တော့မှာ မဟုတ်ဘူး”

“တစ်ယောက်မှမကျန်လည်း မတတ်နိုင်ဘူးမိန်းမရေ၊ ဘုရား ကိုယ်တော်မြတ်ကြီးကတော့ အနန္တဘဝ ဣတ္ထိယမိန်းမများအနက်မှာ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလ တော်လေးဝရယ်လို့ မိန်းမသားလေးဦးသာ ချီးမွမ်းတော်မူခဲ့တာကလား၊ အဲဒီအထဲမှာ အမရာ၊ ကိန္နရီ၊ မဒီ ဆိုတာ က ဘုရားလောင်းရဲ့ ပါရမီဖြည့်ဖက် ယသော်ဓရာ ထေရီအလောင်း၊ သမ္မုလဆိုတာကတော့ သောတ္ထိသေန ဘုရင်ရဲ့ မိဖုရားကြီးဖြစ်တယ်၊ ထားပါတော့ကွာ၊ အခု မောင်ပြောချင်တာက ‘သူ မတို့လေမှ၊ သူ တို့လျှင် ဟကယ်မြည်တဲ့’ ဆိုတဲ့အကြောင်း ငါးရာငါးဆယ် ‘အဏ္ဍဘူတ’ ဇာတ်တော်ကို ဘုရားဟောတော်မူခဲ့တာ ပြောချင်လို့ပါ၊ အဏ္ဍဘူတ ဆိုတဲ့ အဓိပ္ပာယ်က မြန်မာလို အနီးစပ်ဆုံး ပြန်ရရင် ‘အမိဝမ်းထဲမှ မိန်းကလေး’ လို့ ပြောရလိမ့်မယ်ထင်တယ်၊ အကြောင်းကတော့အမိဝမ်း တွင်း ပဋိသန္ဓေတည်စကတည်းက စောင့်ရှောက်လာတဲ့ မိန်းကလေးဟာ မိမိလင်သားမှလွဲလို့ ဘယ်ယောကျ်ားရဲ့အထိအတို့မှ မခံရအောင် စောင့်ရှောက်လာတဲ့ကြားက အထိအတို့သမား ယောကျ်ားတစ်ယောက် နဲ့တွေ့တော့ ဖောက်ပြားမှုရဲ့အကြောင်းပါပဲ”

ဦးချမ်းသာက စကားကိုရပ်၍ ဆေးလိပ်ကို မီးညှိလိုက်ပြန် သည်၊ မီးခိုးကိုမှုတ်ထုတ်၍ စဉ်းစားနေဟန်ပြုသည်၊ ထို့နောက် နှုတ်ခမ်း ကို လျှာနဲ့သိမ်းနေလေသည်၊ စိတ်မရှည်သော ဒေါ်မြမေက သူ့လင်တော် မောင်အား တရားတောင်းလိုက်ရလေ၏။

“ကဲပါလေ အကျယ်ကိုဟောပါဦး ဓမ္မကထိကကြီးရဲ့”

“အင်း၊ ဘုရားပွင့်တော်မမူမီ ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုစိုးစံတော်မူသတဲ့၊ အဲဒီမင်းကြီး က ကြွေအန်ကစားခြင်းမှာ ဝါသနာအလွန်ပါတယ်”

“ရှင်ဘုရင်ကလည်း အလောင်းအစား ဝါသနာပါသတဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘုရင်ဆိုတာလည်းလူပဲကွာ၊ အလောင်းအစား ဝါသနာ
ပါတဲ့ ရှင်ဘုရင်ရှိတယ်၊ သေအရက်ကိုဝါသနာပါတဲ့ ရှင်ဘုရင်ရှိတယ်၊
ကာမဂုဏ်ကိုဝါသနာပါတဲ့ ရှင်ဘုရင်ရှိတယ်၊ အမဲလိုက်ဖို့ ဝါသနာ
ပါတဲ့ ရှင်ဘုရင်ရှိတယ်၊ စစ်တိုက်နယ်ချဲ့ဝါသနာပါတဲ့ ရှင်ဘုရင်
ရှိတယ်၊ တိုင်းပြည်တိုးတက်အောင်ဆောင်ရွက်တဲ့ ရှင်ဘုရင်ရှိတယ်၊
သာသနာကိုချီးမြှောက်တဲ့ ရှင်ဘုရင်ရှိတယ်၊ အမျိုးမျိုးပေါ့၊ ရှင်ဘုရင်
များ လောင်းကစားတယ်ဆိုတာ ပစ္စည်းဥစ္စာ ရတနာရွှေငွေကို
မက်မောလို့ မဟုတ်ပါဘူး၊ နိုင်လေမလား, ရှုံးမလားလို့ စိတ်လှုပ်ရှား
ရတဲ့ ခံစားမှုမျိုးကို ခံစားချင်လို့ ဖြစ်တယ်"

"နောက်တစ်ခုက သူများအပေါ်မှာ နိုင်လိုက်ရတယ်ဆိုတဲ့
မာန်ကို ခံစားချင်လို့ ဖြစ်တယ်၊ တကယ်တော့ လောင်းကစားခြင်း
ဆိုတာဟာ ဘုရင်ကအစ အရပ်သားအထိ ကောင်းကျိုးမပေးပါဘူး၊
ဒါကြောင့် မြတ်စွာဘုရားက သိင်္ဂါလောဝါဒသုတ်မှာ 'နိုင်သူရန်ပွား၊
ရှုံးသားစိုးရိမ်၊ စည်းစိမ်မတည်' လို့ ဆုံးမတော်မူခဲ့တာပေါ့၊ တခြား
မကြည့်နဲ့၊ ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဝိဓူရဇာတ်မှာ ဓနဉ္စယ ကောရဗျ
မင်းဟာ ပုဏ္ဏကဘီလူးနဲ့ ကြွေအန်ကစားမိလို့ ဝိဓူရအမတ်ကြီးကို
ပေးအပ်လိုက်ရတာပေါ့"

ဦးချမ်းသာက စကားဖြတ်လိုက်စဉ် ဒေါ်မြမေက ကောက်ကာ
ငင်ကာ ဝေဖန်လိုက်လေသည်။

"အခုကာလလည်း လူကုံထံတွေအသိုင်းအဝိုင်းမှာ အပျင်းပြေ
ကစားရာက စီးပွားထိခိုက်လာတာတွေတောင် ရှိသေးတယ်လေ"

"ရှေးတုန်းက ရှင်ဘုရင်တွေလည်း မင်းပြောသလို အပျင်းပြေက
စ,လိုက်ကြတာနဲ့ တူပါရဲ့ကွယ်၊ အဲဒီဗြဟ္မဒတ်မင်းကြီးက ဘယ်သူနဲ့
ကစားသလဲဆိုတော့ သူ့အတိုင်ပင်ခံ ပညာရှိအမတ်ကြီး ပုရောဟိတ်
နဲ့လေ၊ ကစားသမားများဟာ နိုင်ဖို့သာဆိုရင် ဗေဒင်ယတြာ လက်ဖွဲ့



အဆောင်အယောင် ဂါထာမန္တရားတွေနဲ့ အကြံအဖန်အမျိုးမျိုးလုပ်တတ်
ကြတယ်မဟုတ်လား"

"ဒါတွေက ရှေးခေတ်မပြောနဲ့၊ အခုနှစ်ဆယ်ရာစု သိပ္ပံခေတ်
ကြီးထဲတောင် နိုင်ငံကြီးအသီးသီးမှာ စတိုတို့ ယတြာတို့ လုပ်ကြဆိုပဲ"

"ဒီလိုပဲဗြဟ္မဒတ်မင်းကြီးကလည်း သူကြွေပစ်တော့မယ့်အချိန်
တိုင်း အချိန်တိုင်းမှာ ဂါထာလိုလို သစ္စာစကားဆို,ဆိုပြီးမှ ပစ်လေ့
ရှိသတဲ့၊ သူဆိုတာက 'သဗ္ဗနဒီ ဝင်္ကနဒီ၊ သဗ္ဗေကဋ္ဌ၊ မယာဝနာ။
သဗ္ဗတ္ထိယောကရေပါပံ၊ လဘမာနေ နိဝါတကေ' တဲ့"

"အဓိပ္ပာယ်က ဘာတဲ့တုံး"

"မြစ်ဟူသမျှဟာ ဖြောင့်ဖြောင့်တန်းတန်းရယ်လို့ မရှိကြပါ
ဘူးတဲ့၊ တောကသစ်ပင်မှန်သမျှဟာလည်း မီးဆိုက်ဖို့ ထင်းတွေသာ
ဖြစ်ကြပါတယ်တဲ့၊ မိန်းမမှန်သမျှလည်း ဆိတ်ကွယ်ရာသာရမယ်
ဆိုရင် မကောင်းမှုကို ပြုကြတာချည်းပါပဲတဲ့၊ ဤသစ္စာစကားကြောင့်
ငါအနိုင်ရပါစေ လာလေရော့ဟဲ့လို့ဆိုပြီး ပစ်တဲ့သဘောပေါ့"

"အဲဒီလို ပစ်လိုက်တော့ နိုင်ရောတဲ့လား"

"နိုင်တာပေါ့ကွ သစ္စာစကားကိုး"

"ဒီလိုဆို ပုရောဟိတ်အမတ်ကြီးက အမရာ၊ ကိန္နရီ၊ မဒီ၊
သမ္ဘူလတို့ကို ထည့်ပြီး သစ္စာပြန်ဆိုဖို့ ကောင်းတာပေါ့"

"အမယ် ငါ့မိန်းမ,မဆိုးဘူး၊ အဲဒီတုံးက ဗုဒ္ဓမှ ပွင့်တော်
မမူသေးတာ၊ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလအကြောင်း ဟောတော်
မမူနိုင်သေးလေတော့ ပုရောဟိတ်ကြီးက သူ့နည်းသူ့ဟန်နဲ့ အကြံ
အဖန်လုပ်တော့တာပေါ့"

"အကြံအဖန် ဘယ်လိုလုပ်တုံး"

"ပုရောဟိတ်ကြီးက ကစားဝိုင်းကို ရပ်လိုက်တယ်၊ နောက်ကို
ဆယ့်ငါးနှစ်ကြာမှ ဆက်ကစားပါရစေတော့လို့ မင်းကြီးထံ ခွင့်တောင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်၊ မင်းကြီးကလည်း သူ့ကို လက်မြှောက်တောင်းပန်တာကိုပဲ အရသာခံချင်ခံနေမှာပေါ့၊ အသင်အမတ်ကြီး ကစားချင်တဲ့အချိန်ကျမှ ကစား၊ ငါသာနိုင်ရမှာပဲလို့ ကြုံးဝါးလိုက်သေးသတဲ့လေ၊ ဒီအတော အတွင်းမှာ ဗေဒင်လက္ခဏာကျွမ်းကျင်တဲ့ အမတ်ကြီးက အမျိုးကောင်း ကိုယ်ဝန်ဆောင် မိန်းမများကို စုရုံးဆင့်ခေါ်ပြီး လက္ခဏာကြည့်တယ်၊ အမျိုးသမီးကလေး မွေးဖွားမယ့် လက္ခဏာရှင် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေထဲကမှ အဆင်း ကြန်အင် အပြည့်စုံဆုံး အမျိုးအနွယ်အားဖြင့် အမြင့်မြတ်ဆုံး ကိုယ်ဝန်ဆောင်အမျိုးသမီးကို သူ့ဗိမာန်ဖြစ်တဲ့ ဘုံခုနစ်ဆင့်မှာ တင်ထားလိုက်တယ်၊ မွေးဖွားတဲ့အချိန်ကစလို့ ဘယ်ယောကျ်ားမှ မတွေ့မမြင်ရအောင် အစောင့်အရှောက်ကြီးမားစွာနဲ့ ဂရုတစိုက်ထားတယ်၊ တိုတိုပြောကြစို့ကွယ်၊ ဒီမိန်းကလေး အရွယ်ရောက်လာလို့ ဆယ့်ငါးနှစ်ပြည့်မြောက်လာတဲ့အခါ ဇနီးအဖြစ်သိမ်းပိုက်လိုက် တယ်"

ဦးချမ်းသာက ဤနေရာတွင် ခေတ္တစကားရပ်လိုက်သည်၊ တစ်ထွာပြလျှင် တစ်လံမြင်သော ဒေါ်မြမေက သဘောပေါက်သွားသဖြင့် "သြော်၊ ဒါကြောင့် 'အမိဝမ်းထဲက မိန်းကလေး' လို့ အမည်ပေးတာကိုး" ဟု ဆိုလေသည်။

"အဲဒါက ဇာတ်အမည်ကွ၊ သူ့ဇနီးကလေးအမည်ကတော့ မာဏဝိကာတဲ့ မြန်မာလိုပြန်တော့ 'လုံမပျို' ပေါ့ကွယ်"

"သြော် သြော်၊ ဆက်ပြောပါဦး"

"အဲဒီအချိန်မှာတော့ ပုရောဟိတ်ကြီးက စိတ်ချသွားပြီလေ၊ သူ့ဇနီးမယားကလေးဟာ သူကလွဲလို့ ဘယ်ယောကျ်ားရဲ့ အထိအတို့မှ မခံရဘူးမဟုတ်လား၊ ဒီတော့ မင်းကြီးဆီသွားပြီး ကစားရအောင်ချိန်းလိုက်တယ်၊ အဲဒီချိန်းပွဲကျတော့ မင်းကြီးက သူ့ထုံးစံအတိုင်း 'မြစ်ဟူသမျှလည်းကောက်ကွေ့၊ တောဟူသမျှလည်း ထင်းတွေ့သည်၊ မိန်းမဟူသမျှလည်း ဆိတ်ကွယ်ရာရရင် မကောင်းမှုကို ပြုသည်၊ ဤသစ္စာ



စကားကြောင့် ငါနိုင်ပါစေသတည်း၊ လာလေရော့' လို့ ကြိမ်းဝါးပြီး ကြွေအန်ပစ်လိုက်တယ်၊ ကြွေအန်က ထုံးစံအတိုင်းကျတယ်ဆိုပါတော့၊ ပုရောဟိတ်ကြီးကတော့ ပြုံးလိုက်တယ်၊ သူ့အလှည့်ကျတော့ 'အဲဒီမိန်းမတွေထဲမှာ ငါ့မယား မပါဘူးဟ၊ လာလေရော့' လို့ ကြုံးဝါးပြီး ပစ်လိုက်တယ်၊ ဟော၊ ဘုရင်ကြီးထက် ကြွေအန်တစ်ပွင့် သာနေပါလေရော"

"ပုရောဟိတ်ကြီးက နိုင်လိုက်ပြီဆိုပါတော့ ဟုတ်လား"

"ဟုတ်တာပေါ့ကွ၊ သူဆိုတာလည်း သူ့အတွက် မှန်တဲ့ စကားပေကိုး"

"ခုခေတ်တော့ ဒီလိုသစ္စာဆိုလို့လည်း နိုင်ကြမယ် မထင်ပါဘူး"

"လူတွေကလည်းသစ္စာမရှိ၊ စကားကလည်း သစ္စာမဟုတ်လို့ မနိုင်ကြတာ ဖြစ်ကြမှာပေါ့၊ မှန်ကန်သောသစ္စာစကားဆိုတာကတော့ ဘယ်ခေတ်ဖြစ်ဖြစ် ရှိတာပဲ၊ 'ကတီသစ္စာ မှန်သောအခါဝယ် ဩဇာလေးနက် ပေါ်စီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏' တဲ့၊ အဲဒါတောင် သမုတိသစ္စာသာ ရှိသေးတယ်၊ ပရမတ္ထသစ္စာဖြစ်တဲ့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ သစ္စာလေးမျိုးတို့၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးတို့ဟာ ဘုရားပွင့်တော်မမူသေးတဲ့ ခေတ်ကာလ ကမ္ဘာကမ္ဘာတွေမှာတောင်အမြဲရှိနေတယ်၊ အဲဒါကြောင့် ပုရောဟိတ်ရဲ့ သစ္စာစကားက လတ်တလော မှန်ကန်နေလို့ အနိုင်ရတာပေါ့ကွယ်၊ ဒီတော့ ဗြဟ္မဒတ်မင်းကြီးက မခံနိုင်ပြန်ဘူး၊ ကစားသမားတို့ရဲ့စိတ်ဟာအမြဲတမ်းနိုင်ချင်ကြတယ်၊ ဒါကြောင့် တိတ်တဆိတ် စုံစမ်းကြည့်တယ်၊ စုံစမ်းတော့ အမိဝမ်းမှ ကျွတ်ကတည်းက ယောကျ်ားတစ်ပါးရဲ့ အထိ,အတွေ့ မခံရအောင် ထိန်းသိမ်းစောင့်ရှောက်လာတဲ့ မိန်းကလေးကို မယားပြုထားကြောင်း သိရတယ်၊ ဒါကြောင့် ဖောက်ပြားတဲ့မိန်းမထဲမှာ သူ့မယားလေးမပါဘူးလို့ဆိုတဲ့ သစ္စာစကားက မှန်နေကြောင်းသိရတယ်၊ ဒီလို မှန်နေသမျှတော့ကြွေ

www.burmeseclassic.com

www.burmeseclassic.com



အန်ကစားတိုင်း ရှုံးနေမှာပေါ့လို့ ဘုရင်ကြီးက တွေးမိတယ်၊ ဒီတော့ ဘာလုပ်ရမလဲ၊သူ့သစ္စာစကားမမှန်အောင် အဲဒီမိန်းကလေးကိုယောကျ်ား တစ်ယောက်ယောက်နဲ့ ဖောက်ပြန်စေအောင် လုပ်ရမှာပေါ့"

"အမယ်လေးတော်၊ ရှင်ဘုရင်ကြီးကလည်း အကြံပက်စက် လိုက်တာ" ဟု ဒေါ်မြမေက ပစ်ပစ်ခါခါ ဝေဖန်လိုက်လေ၏။

"အေး၊ အဲဒါတောင် ဗြဟ္မဒတ်မင်းကြီးဟာ တို့ဂေါတမ မြတ်စွာဘုရား အလောင်းတော်ပဲကွ"

"ဟင်၊ ဘုရားအလောင်းက ဒီလိုကြံရသလား၊ အံ့ပါရဲ့"

"ဒါကတော့ ပါရမီ အလွန်နုစဉ်က လူ့သဘာဝအတိုင်း ဖြစ်ခဲ့တဲ့ အဖြစ်ပေါ့ကွယ်၊ အခါကလည်း ဗုဒ္ဓအဆူဆူရဲ့ သာသနာ တော်တွင်းမှာ မဟုတ်သေးဘူး၊ ဒါကြောင့် ဘုရားလောင်းဆိုပေမဲ့ အကုသိုလ်အမျိုးမျိုးတွေကို ကံသုံးပါးနဲ့ ကျူးလွန်ခဲ့မိတဲ့ ဘဝပေါင်း အသချေ့ အသချေ ရှိခဲ့ကြတယ်၊ ကုသိုလ်အမျိုးမျိုးတွေကိုလည်း ကံသုံးပါးနဲ့ပြုခဲ့တဲ့ ဘဝပေါင်းအသချေ့ အသချေ ရှိခဲ့ကြတယ်၊ အဲဒါကြောင့် သမ္မာသမ္ဗုဒ္ဓစင်စစ် ဖြစ်တော်မူလာတဲ့အခါမှာအကုသိုလ် တရားဆိုတာတွေလည်း ကိုယ်တွေ့ကြုံခဲ့ရလို့ အကုန် သိမြင်တော်မူ တယ်၊ ကုသိုလ်တရားတွေကိုလည်း ကိုယ်တွေ့ကြုံလို့ အကုန်သိမြင် တော်မူခဲ့တယ်၊ ဒါကြောင့် ကုသိုလ် အကုသိုလ်အရာမှာ မတတ်တာမရှိ၊ မသိတာမကျန်တဲ့ သဗ္ဗညုတဉာဏ်တော်ရှင်ကြီး ဖြစ်လာတာပေါ့"

"ဩော်၊ ဒီလိုလား၊ ဒါကြောင့် တရားအပေါင်းကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရားလို့ ဆိုကြရ တာကိုးနော်"

"အေး၊ ငါ့မိန်းမက တစ်ထွာပြရင် တစ်လံမြင်သားပဲ၊ သာဓု သာဓု"

"ကဲ, ဆက်ပါဦး၊ ဒီတော့ ရှင်ဘုရင်ကြီးက ဘယ်လိုလုပ်သလဲ"



"ရှင်ဘုရင်ကြီးက အလွန်လှပချောမွေ့တဲ့ လုလင်ပျိုကလေး တစ်ယောက်ကို ပုရောဟိတ်မယား မာဏဝိကာ လုံမပျိုနဲ့ နီးစပ်ထိတွေ့ အောင် ကြံဆောင်ပြီး ဖျက်ဆီးခိုင်းတယ်၊ ဒီကြားထဲမှာ ပုရောဟိတ်နဲ့ တော့ အရှုံးခံပြီး ကစားမြဲတိုင်း ကစားနေတယ်၊ ဘာဖြစ်လို့လဲသိလား၊ ပုရောဟိတ်ပုဏ္ဏား သူ့အိမ်မှာ အမြဲရှိမနေစေ ချင်လို့ပေါ့၊ မင်းနားလည် ပါတယ်နော်"

"ကျွန်မနားလည်ပါတယ်၊ ပုဏ္ဏားကြီးမရှိမှ သူ့အိမ်ကို လွတ်လွတ်လပ်လပ် ဝင်နိုင်ထွက်နိုင်မှာပေါ့"

"အေး၊ ဟုတ်တယ်၊ အခု တို့ခေတ် တို့ကာလမှာလည်းကြည့်၊ လင်ကအလုပ်သွားနေတုန်း မယားက ကစားဝိုင်းတစ်ခုခုမှာသာ အမြဲ သွားကစားနေရင် ကိုယ့်သားသမီးကလေးတွေမှာ ထိန်းသိမ်း စောင့်ရှောက် မယ့်လူကင်းကွာလို့ အိမ်တွင်းမှာဖြစ်ဖြစ် အိမ်ပြင်မှာဖြစ်ဖြစ်မတော်တာ တွေ ဖြစ်ကုန်တတ်ကြတယ် မဟုတ်လား"

"ဟုတ်တယ်, ဟုတ်တယ် အများကြီးရှိတယ်"

"မာဏဝိကာကို စောင့်ရှောက်ကြတဲ့ မိန်းမ အခြွေအရံတွေက အများကြီးရှိပါတယ်၊ အဲဒီအနက်က အယုံကြည်ရဆုံး စိတ်အချရဆုံး ဖြစ်တဲ့ အမှုလုပ် 'အိမ်ထောင်စိုး' အမျိုးသမီးကြီးတစ်ယောက်ရှိတယ်၊ ဇာတ်ထဲမှာ သူ့အမည်က ဖော်ပြမထားပါဘူး၊ ဒါပေမဲ့ မင်းအမှတ်ရ လွယ်အောင် နာမည်တစ်ခုခု မှည့်လိုက်ကြတာပေါ့၊ 'အမိတ္တာဘုံ'လို့ ထားလိုက်ပါကွာ၊ သူက မာဏဝိကာ အမိဝမ်းက ကျွတ်ကတည်းက သုတ်သင်ကျွေးမွေးစောင့်ရှောက်လာခဲ့ရတဲ့ အထိန်းတော်ကြီးပေါ့၊ ပုရောဟိတ်အမတ်ကြီးရဲ့ အိမ်တော်ပါကျွန်ရင်းမို့ တစ်အိမ်လုံး 'သူ့လက် သူ့ခြေ' ပေါ့ကွယ်၊ အဲတာကို ဘုရင်က လွှတ်လိုက်တဲ့ ပုဏ္ဏားပျိုကလေး၊ သူ့နာမည်ကိုလည်း 'မာဏဝလုလင်' လို့ ဆိုကြပါစို့၊ အဲဒီမာဏဝ လုလင်ကလေးက အိမ်တွင်းအခြေအနေ အရပ်ရပ်ကို ထောက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းထားတယ်”

“အထိန်းတော်ကြီး အမိတ္တာဘုံက နံနက်တိုင်း နံနက်တိုင်း မာဏဝိကာအတွက် ပန်းနံ့သာ အဝယ်ထွက်ရတယ်၊ ဒါကိုသိတဲ့ မာဏဝလုလင်က အမိတ္တာဘုံလာဝယ်တဲ့ ဈေးထဲမှာ လှလှပပ ပန်းဆိုင်ကြီးတစ်ဆိုင် ဖွင့်လိုက်တယ်၊ ပထမဆုံးနေ့မှာပဲ အထိန်းတော်ကြီး အမိတ္တာဘုံကို တွေ့လည်းတွေ့လိုက်ရော မာဏဝလုလင်က ‘အမယ်လေးအမေရယ်၊ အမေ့ကို ခုမှသားတွေ့ရပါတယ်၊ အမေက ဘယ်သွားနေရပါသလဲ’ လို့ပြောပြီး မရှက်မကြောက် ခြေထောက်ဖက် ငိုပါလေရော၊ ဈေးထဲကလူတွေက ဝိုင်းကြည့်နေကြတယ်၊ အများကလည်း သားအမိအရင်းလို့ထင်ပြီး ဝမ်းသာ ဝမ်းနည်း ဖြစ်ကုန်ကြတယ်”

“ဒီနေရာမှာ မင်းတို့မိန်းမတွေရဲ့ စိတ်သဘောကို ဘုရားဟောထားတော်မူတာတွေ ရှိပါတယ်၊ အမျိုးသမီးတိုင်းဟာ ကြီးကြီးငယ်ငယ် မိခင်စိတ် ကိန်းအောင်းနေတတ်ကြပါတယ်တဲ့၊ စိတ္တဗေဒနည်းနဲ့ကြည့်ဦးမလား၊ သမီးမိန်းကလေးများ ကစားတဲ့အခါမှာတောင် ထမင်းအိုး ဟင်းအိုးချက်တမ်း ကစားချင်ကြတယ်၊ ဘောဘီအရုပ်ကလေးများကို သားလိုသမီးလို ပွေ့ပိုက်ကစားချင်ကြတယ်၊ အဲဒီသဘာဝက ဘယ်အထိမကင်းသလဲ၊ လင်ယောကျာ်းရယ်လို့ ရလာတဲ့အခါမှာတောင် မိမိလင်ကို မိခင်စိတ်နဲ့ သြဇာပေးပြီး ကျွေးမွေးယုယချင်တယ်၊ ပြစ်တင်ဆုံးမ,ချင်တယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က စေ့စေ့စပ်စပ် သိတော်မူလိုက်တာနော်”

“သိတော်မူတာပေါ့ကွ၊ ဒါကြောင့် မယားခုနစ်မျိုးမှာ အမိနဲ့တူသောမယားရယ်လို့ တစ်ပါးအပါအဝင် ဟောတော်မူထားတယ်လေ၊ ကဲ ဒီတော့ ဆက်ပြောမယ်ကွာ၊ သားအရွယ်လောက် လှပ ချောမှေ့တဲ့ မာဏဝလုလင်က အမေအဖြစ်နဲ့ ချစ်ခင်တွယ်တာလာတာကိုအမိတ္တာဘုံ



အထိန်းတော်ကြီးက ကျေကျေနပ်နပ် နှစ်သက်လက်ခံ လိုက်တာပေါ့၊ မိခင်စိတ်ရှိတဲ့ အမျိုးသမီးတိုင်း ကိုယ့်သားအရင်း မဟုတ်မှန်းသိပေမဲ့ ‘အမေ’ လို့ခေါ်လိုက်တဲ့ အသံဟာ အသည်းနှလုံးမှာ အမြဲပြုံးပြီး ကြည်နူးတတ်ကြတယ်၊ ဒီလိုနဲ့ပဲ မာဏဝလုလင်ကို တစ်နေ့တခြား သားအရင်းသဖွယ် တွယ်တာ ချစ်ခင်လာတော့တယ်”

“လှပေ့မွှေးပေ့ဆိုတဲ့ ပန်းအဖိုးတန်တွေကို နေ့စဉ်ဝယ်နေတော့ မာဏဝလုလင်က ဒီလောက်တန်ဖိုးများတာတွေဟာ ဘယ်သူ့အတွက်လဲလို့ မသိကျိုးကျွံပြုပြီးမေးတယ်၊ ဒီအခါ အထိန်းတော်ကြီးက မာဏဝိကာ အမျိုးသမီးလေးအတွက် ဝယ်ရကြောင်း ပြောတာပေါ့၊ ဒီတော့ မာဏဝလုလင်က မာဏဝိကာအကြောင်းကို ဆက်မေးတယ်၊ ဘယ်အရွယ်လောက်ရှိပြီလဲ၊ ဘယ်လောက်များ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသလဲပေါ့၊ ဒီအခါ အထိန်းတော်ကြီးက သူ့သခင်မကလေးရဲ့ လှပချောမွေ့ပုံကို ဂုဏ်ယူပြီး ငြီကာချဲ့တော့တယ်”

“မာဏဝိကာဟာအရွယ်ကလည်းဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်၊ မိဘမျိုးရိုးကလည်း အထက်တန်းကျကျ လှပတဲ့အနွယ်ထဲက မွေးဖွားလာသူကလေးမို့ အလွန်လှ အလွန်ချောကြောင်း၊ အဲဒီလှပ ချောမွေ့တဲ့ မိန်းကလေးဟာ စည်းစိမ်ချမ်းသာအမျိုးမျိုးနဲ့ လိုလေသေးမရှိ ရွှေဘုံပေါ်မှာစံနေကြောင်း၊အလှအပအမွှေးအကြိုင်သာယာတဲ့သီချင်းသံမှစ၍ အာရုံငါးပါးနဲ့သာ ပျော်မွေ့နေလို့ နံနက်တိုင်း နံနက်တိုင်း လှပေ့မွှေးပေ့ဆိုတဲ့ ပန်းပေါင်းစုံတွေ ဝယ်ဝယ်ပေး နေရကြောင်း အာဝဇ္ဇန်းရွှင်ရွှင်နဲ့ သိဒ္ဓိတင်တယ်လေ”

“ဒီတော့ မာဏဝလုလင်က သူ့ဘဝမှာ သည်လောက်လှတဲ့ မိန်းကလေးနဲ့ နဖူးစာဆုံလိုက်ရရင် သေပျော်ပါပြီ အမေရယ်လို့ ငြီးငိုက်တယ်၊ ‘အမယ်လေး မလုပ်ပါနဲ့သားရယ်၊ ပုရောဟိတ်အမတ်ကြီးက အမိဝမ်းမှကျွတ်ကတည်းက ကြီးပြင်းအောင် မှောင့်ရှောက်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမယားအဖြစ် ဘုံခုနစ်ဆင့်မှာတင်ထားတာမို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွယ်'လို့ ပြောတဲ့အခါ 'ဒါဖြင့်လည်း သားကံနဲ့သား ရှိပါစေတော့၊ ကျွန်တော်ကဖြင့် အမေ့ဆီက သတင်းစကားကြားရုံနဲ့မမြင်တွေ့ရပေမဲ့ တပ်မက်နေမိပါပြီ၊ သူ့ကို စေတနာထားပြီး ပန်းများကိုမေတ္တာလက်ဆောင် ပေးနေပါရစေ၊ ဒီလိုနဲ့သာ ကျွန်တော့်စိတ်ကျွန်တော်ဖြေပါတော့မယ်'လို့ပြောပြီး အထိန်းတော်ကြီးကို ပန်းတွေ အလကားပေးနေသတဲ့"

"မာဏဝိကာက အဆမတန်များပြားတဲ့ ပန်းများကိုမြင်တော့ မေးတယ်၊ အမိတ္တာဘုံက သူ့သားကလေးက အလကားပေးလိုက်တာလို့ ပြောပြတယ်၊ အဲဒီကစကားစ,ပြီး သားကလေးက သဘောကောင်းကြောင်း၊ ချောကြောင်း လှကြောင်း ကျန်းမာရွှင်လန်းသောလုလင်ပျိုကလေးဖြစ်ကြောင်း စကားစပ်မိတော့တာပေါ့၊ ဒီအချိန်က စ၍ မာဏဝိကာမှာ စိတ်လှုပ်ရှားလာခဲ့ရတယ်၊ သူနေ့စဉ်တွေ့မြင်ထိပါးနေရတာက သူ့အဖေလောက်ရှိတဲ့ ပုရောဟိတ်ကြီး မဟုတ်ပါလား၊ မာဏဝိကာက သွေးသားတက်ကြွတဲ့အရွယ်၊ ပုရောဟိတ်ကြီးက ထိုင်းမှိုင်းတဲ့ ဇရာအရွယ်ဆိုတော့ စိတ်ဆန္ဒချင်း မညီမျှကြဘူးလေ၊ မိန်းမတို့မည်သည် လင်ယောကျ်ားအပေါ်မှာ မကြည်မသာဖြစ်တတ်ကြတဲ့ အကြောင်းရှစ်ပါးရှိသတဲ့၊ 'လင်မွဲ, လင်နာ၊ လင်သူရာကြိုက်၊ လင်မိုက်, လင်ဖျင်း၊ လင်ပျင်း, လင်အို၊ အလိုမဖြည့်၊ မပြည့်ဆန္ဒ၊ ရှိလေကလျှင်၊ မိန်းမဟူသည်၊ ဤရှစ်မည်ကြောင့်၊ မကြည်မသာ၊ အနာတရ၊ ပြုတတ်စွရှင့်' လို့ စာဆိုရှိတယ်"

ဦးချမ်းသာက စကားကိုဖြတ်၍ ဆေးလိပ်ကို မီးညှိ လိုက်ပြန်သည်၊ ထိုအခိုက်အခါလေးမှာ ဒေါ်မြမေက စောဒကတက်စရာအချိန်ကလေး ရသွားသောကြောင့်

"မောင်တို့ယောကျ်ားများက မိန်းမတွေကိုချည်း အပြစ်တင်



တတ်ကြတယ်၊ သက်တူရွယ်တူ အိမ်ထောင်ကျခဲ့တဲ့ လင်တွေကကော ကိုယ့်မယားအရွယ်ကျလို့ အိုရုပ်ပေါက်လာတဲ့အခါတို့၊ ရောဂါဝေဒနာကြောင့် မီးယပ်ပိန် မီးယပ်ခြောက် ရှုနာရှိုက်ကုန်း ဖြစ်နေတဲ့အခါတို့၊ နာတာရှည်ရောဂါစွဲပြီး အိပ်ရာထဲလဲနေရတဲ့အခါ တို့မှာကော ဘယ်လိုသဘောထားကြသတုံး၊ အငယ်အနှောင်း, အသစ်အလွင်တို့ကို ရှက်ပုန်းသီး ထားကြတာပဲမဟုတ်လား၊ ကျွန်မတို့ ခပ်ငယ်ငယ် 'မြားနတ်မောင်' ရုပ်ရှင်ဇာတ်ကား ခေတ်စားတုန်းကများ မမထား, မမထားနဲ့ အစ်မအရွယ်ကို မရ,ရအောင်ယူခဲ့ကြတဲ့ ယောကျ်ားကလေးတွေ ဆယ်နှစ်မှမပေါင်းကြရဘူး၊ ဟောင်းလာ အိုလာတော့ သစ်စိမ်းချိုးချိုးပစ်ကြတာ အများကြီး"

ဦးချမ်းသာက ဤတစ်ခါတော့ ပြုံး၍ဝန်ခံလိုက်ပါသည်။

"ဟုတ်ပါတယ်ကွာ၊ ဒီလိုယောကျ်ားမျိုးတွေလည်း တို့မျက်စိအောက် နားအောက်မှာ မြင်ရကြားရပါတယ်၊ တကယ်ကတော့ ဒီလိုလင်မယားတွေဟာ မေတ္တာကိုအရင်းမခံဘဲ အချစ်ဆိုတဲ့ ရမ္မက်စိတ်ကို ဦးစားပေးပြီး ယူခဲ့ကြလို့ ဖြစ်ပါလိမ့်မယ်၊ ဒီနေရာမှာတော့ မိန်းမယောကျ်ား မထူးခြားပါဘူး၊ ပြောလက်စဝတ္ထုကိုပဲ ဆက်ကြရအောင်"

ဦးချမ်းသာက ဆေးလိပ်ကို တစ်ဖွာ နှစ်ဖွာ ဖွာပြီး ပြာခွက်ကလေးပေါ်တွင်တင်ကာ ဝတ္ထုအကြောင်းကို ဆက်လိုက်သည်။

"တစ်နေ့နံနက်တော့ အထိန်းတော်ကြီးက ထုံးစံအတိုင်း မာဏဝလုလင်ရဲ့ပန်းဆိုင်ကို လာတယ်၊ သူ့ကို ဆိုင်မှာ မတွေ့ရဘူး၊ ပန်းတွေကလည်း လန်းလန်းဆန်းဆန်းမရှိဘဲ ညိုးခြောက်၍ နေကြတယ်၊ ဆိုင်နီးပါးနီးကို မေးကြည့်တော့ ယမန်နေ့မနက်ကအထိန်းတော်ကြီးလည်းပြန်သွားရော မာဏဝလည်း ညိုးညိုးငယ်ငယ်နဲ့ အိမ်ထဲဝင်သွားတာတွေ့တာပဲ၊ တော်တော်နေမကောင်းဘူးနဲ့တူတယ်လို့ ပြောကြတယ်၊ အဲဒါက မာဏဝကိုယ်တိုင်က သူ့အပေါင်း အဖော်တွေကို

www.burmeseclassic.com

www.burmeseclassic.com



'စကားသွင်း' ထားပုံရပါတယ်၊ ဒီတော့ အမိတ္တာဘုံဟာစိုးရိမ်သောက ဖြစ်ပြီး အိမ်ထဲဝင်ကြည့်တယ်၊ မာဏဝလုလင်ဟာ အိပ်ရာပေါ်မှာ ညှိုးလျော်ခွေပြောင်းဖြစ်နေတာ တွေ့ရတယ်၊ ခြေစမ်း လက်စမ်းနဲ့ အရေးတကြီးမေးတော့ မာဏဝလုလင်က သူ့စိတ်ထဲမှာ မာဏဝိကာ ကိုသာ စွဲလမ်းတမ်းတလျက် စားမဝင် အိပ်မပျော် ဖြစ်နေရပါပြီတဲ့၊ မာဏဝိကာကိုသာ မတွေ့ရရင် ဒီစိတ်နဲ့ပဲ သေရပါလိမ့်မယ်တဲ့၊ အဲဒီလို မာယာနဲ့ ကရုဏာဖြစ်အောင် ချွဲတော့တာပေါ့ကွာ"

"မောင်တို့က မိန်းမမာယာ သဲကိုးဖြာသာဆိုတယ်၊ ယောကျ်ား မာယာက သဲကိုးဖြာမလောက်လို့ မန်းကျည်းကိုးပင်တောင် နှောက်ရ လိမ့်ဦးမယ်"

"အေး မင်းက မာမာအေးသီချင်းကို ကိုးကားလိုက်တာပေါ့လေ၊ ထားပါတော့၊ မာယာသာဌေယျဆိုတာလည်း ဖြောင့်မတ်ရိုးသားခြင်း မရှိတဲ့ မိန်းမ ယောကျ်ားတို့ရဲ့ လက်နက်တစ်ခုပါပဲကွာ၊ ဆိုပါတော့ မာဏဝလုလင်ဟာ အဲဒီမာယာနဲ့ပဲ ကရုဏာမကင်းတဲ့ အမိတ္တာဘုံကို ဖမ်းစားသိမ်းသွင်းနိုင်လိုက်တယ်၊ အမယ်ကြီးက ငါ့သား မစိုးရိမ်နဲ့၊ မာဏဝိကာကို မရ,ရအောင် နားချပြီး သားကို သူ့ထံ မရောက် ရောက်အောင် ဆောင်ကြဉ်းပေးမယ်လို့ ကတိခံလိုက်ထယ်၊ အဲဒီ နောက် အထိန်းတော်ကြီးက မာဏဝိကာကို သွေးဆောင်နားချတော့ တာပေါ့ကွာ၊ မာဏဝိကာကလည်း မာဏဝလုလင်လေးအကြောင်းကို ကြားစ,ကတည်းက စိတ်ကူးယဉ်ခဲ့တဲ့သူမို့ အလွယ်တကူပဲ ခေါင်း ညိတ်လိုက်တယ်၊ နောက်တစ်နေ့မနက်ကျတော့ အထိန်းတော်ကြီး ကိုယ်တိုင် လေးလံတဲ့ပန်းတောင်းကို ခေါင်းပေါ်ရွက်၍ ဘုံခုနစ်ဆင့် ကို တက်သွားတော့တာပေါ့၊ ပန်းအမျိုးမျိုးတို့ရဲ့အောက်မှာ မာဏဝ လုလင်တစ်ယောက် ပါသွားလိမ့်မယ်ဆိုတာတော့ ပြောဖို့မလိုတော့ ပါဘူးနော်၊ အဲဒီအချိန်ကစ၍ 'မိန်းမဟူသမျှထဲမှာ ငါ့မယား မာဏဝိကာ



မပါဘူးကွ၊ လာလေရော့' လို့ဆိုပြီး ကြွေအန်ပစ်လိုက်တဲ့ ပုရောဟိတ် ကြီးဟာ ရှုံးတော့တာပါပဲ"

ဦးချမ်းသာက စကားကိုဖြတ်၍ ခြေညောင်းလက်ဆန့်လုပ်ကာ ဆိုဖာကို မှီယင်း အပန်းဖြေလိုက်သည်ကို ဒေါ်မြမေက ခပ်ပြုံးပြုံးနှင့် ပြောလိုက်သည်။

"ဒါပဲမဟုတ်လား၊ မောင်ပြောချင်တဲ့ တီးသမျှ ဖိမ့်ဖိမ့်တုန် ဇာတ်လမ်း"

ဦးချမ်းသာက အသံထွက်အောင်ရယ်လိုက်သည်။

"ဟဲဟဲ... ဟဲဟဲ... မင်းတောင် တီးသမျှ ဖိန့်ဖိန့်တုန်ဆိုတာကို သဘောပေါက်သွားပြီထင်တယ်၊ ဟဲ...ဟဲ"

"အမယ်တော် ကျွန်မက ရိုးရိုးပြောလိုက်တာပါ"

"ဟုတ်ပါတယ်၊ ငါလည်းရိုးရိုးပြောတာပါ၊ မိန်းမသားတို့ မည်သည် အထိ အတို့ မခံနိုင်တဲ့သဘောပါ၊ အဲဒီဝတ္ထုက အဆုံး မသတ်သေးပါဘူး၊ တီးသမျှ ဖိန့်ဖိန့်တုန်ပြီးတဲ့နောက် မိန်းမသစ္စာ မှသားသာတည့်ဆိုတာ ဆက်ရှဦးမယ်"

"ကဲ...ဒီနေ့တော့ မိန်းမ မကောင်းကြောင်းတွေ ပြောလို့ ဆုံးမှာ မဟုတ်တော့ဘူးထင်တယ်"

"ဆက်ပြီးနားထောင်ချင်သေးရင် ဓမ္မကထိကကို လိမ္မော် ရည်လေး ဘာလေး တိုက်ဦးမှပေါ့ကွ"

ဒေါ်မြမေက ချစ်မျက်စောင်းကလေး ထိုးလိုက်ပြီး ထိုင်ရာမှ ထလိုက်ကာ

"မိန်းမတွေ မကောင်းကြောင်းဟောတဲ့ ဓမ္မကထိကမျိုးများ မသဒ္ဓါချင်ပါဘူး" ဟု ခနဲ့တဲ့တဲ့ ငေါ်တော့တော့ ပြော၍ ထွက်သွား သည့်အခါ

"ဟဲဟဲ... မိန်းမတွေကို မချီးမွမ်းရင် မစားသာဘူးဆို...

www.burmeseclassic.com

www.burmeseclassic.com



မမွှကထိကတိုင်း သိပါတယ်ဗျာ" ဟု ပြောရင်း ရယ်၍ကျန်ခဲ့သည်။

ဒေါ်မြမေက ဦးချမ်းသာ၏ အပေါ်အင်္ကျီကို အင်္ကျီချိတ်တွင် သေသေသပ်သပ် ချိတ်လိုက်ပြီး မီးဖိုခန်းဘက်သို့ ထွက်သွားသည့် အချိန်မှာ ဦးချမ်းသာက မာဏဝိကာ လုံမပျိုကလေးအကြောင်းကို ဆက်၍ တွေးနေမိသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် အမျိုးသမီးများ၏ အပြစ်အနာအဆာတို့ကို ထုတ်ဖော်ဟောကြားရာ၌ ရည်ရွယ်တော်မူရင်းအကြောင်းများရှိပါသည်၊ ပထမအကြောင်းမှာ မာတုဂါမ တစ်ဦးဦးကို တပ်မက်၍ သာသနာမှ ထွက်သွားလိုသော ရဟန်းပျို တို့အား စက်ဆုပ်ရွံရှာ ဩတ္တပ္ပသံဝေဂတရား ရစေလိုသော မဟာကရုဏာတော်ကြောင့် ဖြစ်သည်၊ ထိုသို့ ဟောတော်မူခြင်း ကြောင့်ပင် ထိုရဟန်းပျိုတို့သည် လောကီအာရုံ ကာမဂုဏ်တို့မှ ရှောင်ရှား၍ လောကုတ္တရာတရား ကိုးပါးအား လျှော်သောကျင့်ဝတ် ပဋိပတ္တိတို့ဖြင့် အာသဝေါ ကုန်ခန်း၍ ရဟန္တာမထေရ်ကြီးများ ဖြစ်သွားကြရသည်။

ဒုတိယအကြောင်းကား ကာမဘောဂီ လောကီဘုံသား ပုထုဇဉ်ယောကျ်ားများအတွက် မိမိတို့၏ ဇနီးမယားများအပေါ်တွင် တစ်ရံတစ်ဆစ် အပြစ်မှ ခွင့်လွှတ်နိုင်ကြစေ၍ ဇနီးမယားတို့ကလည်း ကာမေသု မိစ္ဆာစာရကို ထိတ်လန့်ကြဉ်ရှောင် သီလဖြင့်ပြည့်စုံအောင် လင်တော်မောင် ယောကျ်ားတို့အပေါ်ဝယ် အိမ်ထောင်သစ္စာ ရှိကြစေခြင်းအကျိုးငှာ မဟာကရုဏာတော်ဖြင့် ဟောကြားဆုံးမတော်မူခြင်း ဖြစ်ပေသည်။

ထိုအတွင်းဒေါ်မြမေက တရိုတသေ လိမ္မော်ရည်ကို လာ၍ ပေးသောကြောင့် ဦးချမ်းသာက အတွေးကိုရပ်၍ ယူလိုက်ရသည်၊ ဒေါ်မြမေက ထိုင်မြဲနေရာတွင် ဝင်ထိုင်လိုက်ပြီး လင်တော်မောင်အား



သဒ္ဒါကြည်ညိုစွာ ကြည့်နေသည်၊ တကယ်တော့ 'ဖခင်နှင့်တူသော လင်ယောကျ်ား၊ ဆရာသမားနှင့်တူသော လင်ယောကျ်ား၊ အဆွေခင်ပွန်းနှင့်တူသော လင်ယောကျ်ားပါတကား' ဟု စဉ်းစား၍ ကြည့်နေခြင်းသာ ဖြစ်သည်။

ဦးချမ်းသာက လိမ္မော်ရည်ကို တစ်ဝက်လောက်သောက်ပြီး လက်သုတ်ပုဝါနှင့် နှုတ်ခမ်းတို့လိုက်သည်။

"ဝတ္ထုက ပြောစရာများများ မကျန်တော့ပါဘူးကွာ၊ မာဏဝိကာဟာ မာဏဝလုလင်နဲ့ ဖောက်ပြားယှဉ်ပါးလာခဲ့ပြီးနောက် တစ်နေ့တော့ မာဏဝလုလင်က ပုရောဟိတ်အမတ်ကြီးရဲ့ခေါင်းကို သူ့လက်နဲ့ ထောင်းချင်ပါတယ်၊ အကြောင်းဆိုက်အောင် စီစဉ်ပေးပါလို့ ပူဆာတယ်လေ"

"အိုတော်... ကြံကြီးစည်ရာ၊ ဘာကြောင့် ဇော်ကားချင်ရတာတဲ့တုံး၊ မုန်းစရာကောင်းလိုက်တာ"

"အကြောင်းရှိတယ်လေကွာ၊ မာဏဝလုလင်ဟာ ဗြဟ္မဒတ်မင်းကြီးရဲ့ အစေအပါး မင်းခ,စားမဟုတ်လား၊ 'စေတဲ့ကျွန် ထွန်တဲ့နွား' သူ့ဝတ္တရား ကျေပွန်ပါတယ် ဆိုတာကို သက်သေပြစရာ အချက်ကလိုသေးတယ်လေ"

"ကြွေအန် ရှုံးနေမှပဲ သက်သေပြစရာ လိုသေးလို့လား"

"ကြွေအန် ရှုံးတာနိုင်တာကို မာဏဝလုလင်က မသိနိုင်ဘူးလေ၊ ပုရောဟိတ်အမတ်ကြီးရဲ့ခေါင်းမှာ ပြစရာဒဏ်ရာဒဏ်ချက်ကလေးရှိမှ ဗြဟ္မဒတ်မင်းကြီးကို သာကေယုတ္တိနဲ့ ပြန်လျှောက်နိုင်မယ် မဟုတ်လား"

"ဖြစ်မှ ဖြစ်ရလေတော်၊ ဒီတော့ ဘယ်နှယ့်လုပ်သတုံး"

"မာဏဝိကာက မာဏဝလုလင်ကို သူ့အဆောင်ထဲမှာ ပုန်းနေစေတယ်၊ ပုရောဟိတ်အမတ်ပြန်လာတော့ မာဏဝိကာက

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးပျူငှာနဲ့ ပလီပလာလုပ်ပြီးတော့ ပူဆာတယ်၊ 'ဒီကနေ့က,ချင်လွန်းလို့ စောင်းတီးပေးပါတဲ့၊ သူက,တာကိုလည်း အမတ်ကြီး ကြည့်နေရင်ရှက်လို့ မျက်စိကို ပဝါနဲ့စည်းထားပါတဲ့"

"ကြံကြံဖန်ဖန်တော်၊ အယုတ်တမာမ,ကလေး၊ လင်ကြီးကလည်း သူပြောတဲ့အတိုင်း လုပ်ပေးရောတဲ့လား"

"လင်ယောကျ်ားများဟာ မယားရဲ့အလိုကို လိုက်တတ်ကြပါတယ်၊ လင်အိုလင်မင်းများကဆိုရင် ပိုလို့တောင် အလိုလိုက်တတ်ကြသေးတယ်"

"အလိုလိုက်လို့ အမိုက်ဇော်ကားတာပေါ့လေ"

"ဒါလည်းသဘာဝတရားတစ်ခုပဲကွ , မြရဲ့၊ ပညာရှိကြီးဖြစ်စေ၊ ဘုရင်ဧကရာဇ်ဖြစ်စေ၊ အလိုလိုက်ထားတဲ့ မယားကလေးက လူရှေ့သူရှေ့မှာသာ ရိုသေပြလိမ့်မယ်၊ တစ်ဦးချင်းသာဆိုရင်တော့ မလေးစားတတ်ပါဘူးတဲ့၊ ဒါကြောင့် မန်လည်ဆရာတော် ဘုရားကြီးက 'စကြာမင်းစစ်၊ ဖြစ်လင့်ကတည်း၊ ဝမ်းထဲတစ်စိ၊ တပ်မှန်းသိက၊ မိမိခြေအောက်၊ ကျွန်သပေါက်မျှ၊ သို့လောက်ထင်ကြွား၊ မလောက်လားဘူး' တဲ့"

"ဆရာတော်ကြီးကလည်းတော်၊ ပေါက်ပေါက်ရှာရှာ ရေးပဲရေးတတ်လွန်းတယ်"

"ဆရာတော်ကြီးက ပေါက်ပေါက်ရှာရှာရေးတာ မဟုတ်ပါဘူး၊ ဗုဒ္ဓမဟ္ဘုည္ဘူ ဘုရားဟောတော်မူတဲ့အတိုင်း ဖွင့်ဆိုရေးသားတော်မူခဲ့တာပါကွ၊ ကဲကဲအဆုံးသတ်ကြစို့ရဲ့၊ ပုရောဟိတ်အမတ်က မျက်နှာကို ပဝါစည်းပြီး စောင်းတီးပေးနေတဲ့အချိန် မာဏဝလုလင်က ပုန်းနေရာမှ ထွက်ထောင်းတယ်၊ ထောင်းပြီးတော့ အလျင်အမြန်ပြန်ပုန်း လိုက်တယ်၊ 'အမယ်လေး . . . မင်းထောင်းတာကလည်းနာလိုက်တာ'လို့ ပြောပြီး မျက်စိဖွင့်ကြည့်လိုက်တဲ့အခါမှာတော့



မာဏဝိကာက က,ကွက်ကလေးနဲ့ ဆက်ထောင်းမယ့်ဟန် တောင်ပြနေလိုက်သေးတယ်၊ နောက်ပြီးတော့ မူယာမာယာနဲ့ ပြန်ချော့တယ်"

"မိုက်မဲလွန်းတဲ့ မယားမျိုးဟာ လင်မြှောင်အလိုကျအောင် ဘာမဆို လုပ်ပေးတတ်တယ်၊ လင့်လုပ်စာကိုတောင် ပုံပေးတတ်တယ်တဲ့၊ ဒါက မယုံမရှိနဲ့၊ ဘုရားဟော ကောသလမင်းကြီးရဲ့ အိပ်မက်တစ်ဆယ့်ခြောက်ချက်မှာ အိပ်မက်တစ်ခုပါတယ်၊ အဲဒီအိပ်မက်က လူတစ်ယောက်ဟာ နွားရေကိုလှီးပြီး လွန်ကြိုးအဖြစ် ကျစ်၍ ချလိုက်တိုင်း ခွေးမတစ်ကောင်က ကျလာသမျှလွန်ကြိုးကို စားပစ်ပါသတဲ့၊ အဲဒါကို ကောသလမင်းကြီးကလျှောက်တော့ ဗုဒ္ဓမြတ်စွာက နောင်ကာလ၌ မယားမိုက်တို့သည် လင်ကြီးရှာမှီးသော ဥစ္စာဘဏ္ဍာတို့ကို လင်မြှောင်အား ကဲ့ဝှက်ခိုးပေးကြလိမ့်မယ်လို့ ဟောတော်မူတယ်"

"အဲဒီအချက်ကို လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးက ရှစ်လုံးဘွဲ့ မြန်မာကဗျာလေးတောင် စပ်ပေးထားခဲ့သေးတယ်၊ ဘာတဲ့လေ အဲ... အဲ... 'ရှေ့ကကျစ်ချ၊ လွန်စကြိုးကို၊ ခွေးမ,ခိုးစား၊ ကိုက်ဝါးကာမျို၊ လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို၊ လင်မြှောင်အား၊ မယားလောကွတ်ပို' "

"ကဲ... ကဲ၊ ကိုရင်ချမ်းသာ၊ ဒီဝတ္ထုကို မြန်မြန်အဆုံးသတ်ရင်သတ်တော့ ကျွန်မနားရှက်လှပြီ"

"အေးပါကွာ၊ ငါလည်းဆိုရေးရှိက ဆိုအပ်လှ၏ ဆိုသလိုပြောနေရတာပါ၊ စပ်ဆိုင်လာတဲ့အခါတော့လည်း မိန်းမတွေကို ချီးမွမ်းစရာအကြောင်း ပြောပါဦးမယ်၊ ပရောဟိတ်အမတ်ကြီးကို မာဏဝလုလင်က ထောင်းပြီးတော့ သူ့သခင်ဗြဟ္မဒတ်မင်းကြီးအား အရေးတော်ပြီးခဲ့ကြောင်း ဒဏ်ရာဒဏ်ချက်ပါ သာဓကရခဲ့ကြောင်း အကုန်ပြောပြတယ်၊ နောက်တစ်နေ့ ပုရောဟိတ်အမတ်လာပြီး ကြွေအန်ကစားတော့ ငယ်ထိပ်မှာ ဖူးဖူးရောင်နေတဲ့ဒဏ်ရာ တွေ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မဒတ်မင်းကြီးက ဒဏ်ရာကိုမေးမြန်းရာမှ စကားစပ်ပြီး သူ့မယား လေး မာဏဝိကာ 'အိမ်သူ့သီလ' ပျက်ကြောင်း ပြောလိုက်တယ်၊ ပုရောဟိတ်အမတ်က ရှက်စိတ်နာလို့ အိမ်ပြန်လာပြီး အထိန်းတော်နဲ့ မယားလေး မာဏဝိကာတို အမျိုးမျိုးစစ်မေးတယ်၊ သူတို့က သီလ မပျက်ရကြောင်း ဖွဲနုပဲနဲ့ နှုတ်လိမ်ပြောကြတယ်၊ မယုံရင် မီးပုံထဲဆင်းပြီး သစ္စာဆိုပြပါ့မယ်လို့ မာဏဝိကာကပြောတယ်"

"မိုက်တွင်းနက်လိုက်တဲ့ ကလေးမ၊ သေတဲ့အထိ အလိမ်က မလျှော့ဘူးပေါ့"

"နားထောင်ဦးလေ၊ မခံချင်တဲ့ပုရောဟိတ်က မာဏဝိကာ သစ္စာဆိုပြီး မီးပုံထဲဆင်းရအောင် ကြီးစွာသောမီးပုံကြီးကို လုပ်ပေး တယ်၊ မြို့သူမြို့သားတွေက အဲဒီသစ္စာဆိုပွဲကို စိတ်ဝင်တစား တစ်စုတဝေးကြီးလာကြည့်ကြတယ်၊ ဒီပွဲမျိုးက ဟိုခေတ်မှာ အဆန်း မဟုတ်ပါဘူး၊ 'ရာမယန'ကျမ်းမှာ ရာမမင်းရဲ့မိဖုရား သီတာဒေဝီဟာ ဒသဂီရိမင်း ဆောင်ကြဉ်းလို့ သိန်းဃိုရ်ပြည်ကို ပါသွားရတယ်၊ ရာမမင်းက စစ်တိုက်၍ သီတာဒေဝီကို ပြန်ရတဲ့အခါ သီတာဒေဝီက သူ့မှာ ဒသဂီရိမင်းနဲ့ အငြိအစွန်းမရှိခဲ့ကြောင်း သစ္စာဆိုပြီး မီးပုံတွင်း ဆင်းပြခဲ့တယ်၊ အခုလဲ ဒီသဘောပေါ့"

"မာဏဝိကာက ပြည်သူလူထုရဲ့ ရှေ့မှောက်မှာ အများ ကြားလောက်အောင် သစ္စာဆိုပြလိုက်တယ်၊ 'ကျွန်မသည် မိမိ၏ လင်ဖြစ်သူ ပုရောဟိတ်မှအပ အခြားယောကျ်ားတစ်ပါး၏ အထိ, အတို့မှ မခံခဲ့ပါ၊ ဤသစ္စာစကားမှန်လျှင် ဤမီးပုံသည် ကြာပဒုံ အလား ကျွန်မအား အေးမြပါစေသတည်း' လို့ဆိုပြီး မီးပုံနားကို လျှောက်လာတယ်"

"အဲသည့်အခိုက်မှာ မာဏဝလုလင်က လူကြားထဲမှ ထွက် လာပြီး သည်လောက်လှတဲ့ မိန်းကလေးဟာ သဘောထားသေးတဲ့



လင်ကြောင့် အကျိုးမဲ့သေရတော့မှာလားလို့ ဟစ်အော်ပြောဆိုပြီး မာဏဝိကာ၏ လက်ကိုဆွဲ၍ တားထားလိုက်တယ်၊ ကာယကံ စည်းပေါက်ပြီပေါ့၊ အဲသည်မှာတင် ကြည့်နေသူအများက ထင်မြင် ချက် အမျိုးမျိုးနဲ့ ဝေဖန်နေကြတယ်၊ မာဏဝိကာကတော့ မာဏဝ လုလင်ရဲ့လက်ထဲမှ ရုန်းထွက်ပြီး 'ကြည့်ကြပါတော့ အရပ်ကတို့၊ ဤလူငယ်ကြောင့် ကျွန်မသစ္စာပျက်ခဲ့ရပါပြီ၊ မီးပုံထဲကို မဆင်းဝံ့တော့ ပါဘူး' လို့ အရပ်ကို တိုင်တည်လိုက်တယ်၊ အရပ်လူထုကလည်း 'ဟုတ်တယ်... ဟုတ်တယ် မဆင်းနဲ့တော့ ဆင်းရင် သေလိမ့်မယ်'လို့ ဝိုင်းကန့်ကွက်ကြတယ်"

ဒေါ်မြမေက သဘောပေါက်၍ တဟားဟား ရယ်လိုက်သည်။

"ဇကန္တ သူ့လင်ငယ်ကို တမင်လုပ်ခိုင်းတာနေမှာပေါ့၊ ဟုတ်တယ် မဟုတ်လားဟင်"


"ဒါပေါ့ကွ၊ အထိန်းတော်ကြီးကို အပြောခိုင်းလိုက်တာလေ၊ ဒါကြောင့် မိန်းမသစ္စာ မုသားသာတည့်လို့ ဆိုတာပေါ့၊ ပုရောဟိတ် အမတ်ကြီးက သူ့ကိုလှည့်စားတဲ့ မာဏဝိကာကို အိမ်မှ နှင်ထုတ် လိုက်တယ်၊ ကဲ . . . ဒီနေရာမှာ တရားနိဂုံးချုပ်လိုက်ကြစို့၊ မင့် 'သမီး' ခင်မာချိုကိုလည်း အစစအရာရာ လိမ္မာအောင်ဖျောင်းဖျောင်း ဖျဖျ ဆုံးမပေး"

"ဗုဒ္ဓမြတ်စွာက ရဟန်းတော်များအား မာတုဂါမနဲ့ စပ်လျဉ်း၍ ဝိနည်းသိက္ခာ ပညတ်တော်မူရာမှာ မြင်ခြင်း ကြားခြင်း ရွံ့ရှားခြင်း ကင်းအောင် နေရမယ်တဲ့၊ (ရွံ့ရှားခြင်းဆိုတာ သံသယဖြစ်နိုင်တာကို ပြောတာ) အဲဒီလိုပဲ အိမ်သူ ဇနီးများဟာလည်း တစ်ပါးသောယောကျ်ား နဲ့ဆိုရင် မြင်ခြင်း ကြားခြင်း ရွံ့ရှားခြင်းကင်းအောင် နေမှ အိမ်ထောင်ရေး သာယာလိမ့်မယ် ဒကာမကြီးရေ"

"သာဓု သာဓု သာဓုပါတော်" ■

www.burmeseclassic.com

www.burmeseclassic.com



# မကြားစကောင်း မဆိုစကောင်း

မပြောမဖြစ်တဲ့
အကြောင်းနဲ့
တိုက်ဆိုင်လာရင်
မြတ်စွာဘုရားက
မကြားကောင်းမနာသာ
ဖြစ်စေဦးတော့
စေတနာကောင်းနဲ့
ပွင့်ပွင့်လင်းလင်း
မိန့်တော်မူပါတယ်

"မန်လည်ဆရာတော်ကြီးက မိန်းမတွေကို ဘာဖြစ်လို့ ဒီလောက် မုန်းရတာလဲဟင်"

ဒေါ်မြမေက ဦးချမ်းသာအား ကော်ဖီချပေးရင်း စကား အဆက်အစပ်မရှိဘဲ ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဘယ်လိုကွ . . . ဘယ်လို" ဟု ဦးချမ်းသာက ထပ်၍ မေးလိုက်ရသည်။

"ဩော်... မန်လည်ဆရာတော်ဘုရားကြီးကို ပြောပါတယ်၊ မိန်းမတွေကို ဘာဖြစ်လို့ ဒီလောက် မုန်းနေရပါသလဲမို့လို့"

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းသာက ဇနီးသည်၏ စကားရိပ်ကို ကောင်းကောင်းကြီး ဖမ်းမိလိုက်ပါသည်၊ 'သမီးတစ်ကောင်'မှ အစ တီးသမျှ ဖိန့်ဖိန့်တုန်' အထိ သူ့ကိုပြောခဲ့သမျှဝတ္ထုတို့မှာ မိန်းမအကြောင်း အ,မနာပ များသာဖြစ်ချေသည်။

မိန်းမတို့မည်သည် သူတို့အချင်းချင်းသာ တစ်ယောက်ကို တစ်ယောက် အပုပ်ချ၍ပြောရန် ခံတွင်းတွေ့ချင်တွေ့မည်၊ ယောကျ်ား များက မိန်းမအကြောင်း မကောင်းပြောလျှင်တော့ လက်သည်းဆိတ် သဖြင့် လက်ထိပ်နာတတ်ကြသည်၊ အထိမခံရှေ့ပန်းကန် ကက်ကက် လန်အောင် ရန်တွေ့တတ်ကြသည်၊ လက်ညှိုးမကောင်းလက်ညှိုး လက်မ မကောင်းလက်မဟု ဆိုကြစေကာမူ လက်ငါးချောင်းစလုံး အလုပျက်သည်ဟု ယူဆကြသည်၊ ထို့ကြောင့် မန်လည်ဆရာတော်အား ဇနီးသည်က တရားခံလုပ်လာပြီဖြစ်ကြောင်း ဦးချမ်းသာကသိလိုက် ပါသည်။

သို့သော် သူ့စကားကို နှိုက်ထုတ်ချင်သေးသဖြင့်

"မင်းက ဘယ်လို အထောက်အထားတွေကြောင့် ဆရာ တော်ကြီးအပေါ် သံသယရှိရတာ[illegible]ကွ၊ပြောပါဦး" ဟု စကား အစ်လိုက်သည်။

"မိန်းမတွေကို မှိုချိုးမှျစ်ချိုး ပစ်ပစ်[illegible]ခါ ရစရာမရှိအောင် ရေးထားတာတွေလေ"

"ဘယ်လိုများရေးထားလို့လဲကွ၊ မင်းကလည်း ဟဲဟဲ"

ဦးချမ်းသာက သိလျက်နှင့်ပြောလိုက်ခြင်း ဖြစ်ပါသည်။ ဒေါ်မြမေကလည်း သိလျက်နှင့်ပြောသည်ကို နားလည်လိုက်ပါသည်။ ထို့ကြောင့် ဦးချမ်းသာအပါးမှထွက်သွားပြီး စာအုပ်ကို ယူလာပြသည်။

'မဟာသုတကာရီ မဃဒေဝလင်္ကာသစ်'

"ဩော်-ဩော် ဒီစာအုပ်လား၊ ဒီစာအုပ်ထဲမှာ မိန်းမ



မကောင်းတာတွေချည်းပဲ ရေးထားတာမဟုတ်ပါဘူးကွာ၊ ယောကျ်ား တွေ မကောင်းတဲ့အကြောင်းတွေလည်း အများကြီးရေးထားပါတယ်၊ မန်လည်ဆရာတော်ဘုရားကြီးက မိန်းမတွေအကြောင်း ဇာတ် အဋ္ဌကထာ နိပါတ်ဝတ္ထု ဘုရားဟောကျမ်းဂန်အဖြာဖြာတို့မှ တစ်စု တစ်ဝေးတည်း စုပေါင်းဖော်ပြထားလို့သာ 'မိန်းမအကြောင်းတွေ' ဒီလောက် များနေတာပါကွာ"

"အဲဒီအထောက်အထားဟာ ဆရာတော်ကြီးက မိန်းမတွေကို မုန်းတဲ့အကြောင်း မထင်ရှားဘူးလား"

"ကဲ၊ မင်းစကားကတော့ရှူးလာပြီ၊ ဆူးစူးရင် ဆူးနဲ့သာထွင်ပေး ရသလို စကားစူးရင်လည်း စကားနဲ့ပဲ ထွင်ပေးရမှာမို့ စကားရှည်ရှည်ပဲ ပြန်ပြောမှဖြစ်တော့မယ်"

"ကောင်းပါတယ်၊ ဗဟုသုတ ဖြစ်ရတာပေါ့"

ဒေါ်မြမေ၏ စကားက ငေါ့သံကလေး ပါနေသေးသည်။

"ဟောဒီ မဃဒေဝလင်္ကာသစ်ကို စတင်ရေးတုန်းက ဆရာ တော်ဟာ ပဥ္စင်းဆယ်ဝါပဲရသေးသတဲ့"

"ပဥ္စင်းဆယ်ဝါဆိုတော့ အသက်သုံးဆယ်ကျော်လောက် ရှိဦးမှာပေါ့နော်"

"အေး၊ အဲဒီအသက်အရွယ်ကို ထောက်ကြည့်မယ်ဆိုရင် ဆရာတော်ဟာ ဉာဏ်မီးတောက်စ စိတ်ဓာတ်အလွန်တက်ကြွနေတဲ့ သဘာဝကို တွေ့ရလိမ့်မယ်၊ ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသား တော်မူတာက မဃဒေဝမင်းကြီး တောထွက်ခန်းကို ကြည်ညိုလွန်းလို့ ရေးဖွဲ့တယ်လို့ ဆိုပါတယ်၊ မဃဒေဝမင်းကြီး ဖြစ်တော်မူတဲ့ ဘဝမှာက လူ့သက်တမ်းဟာ အလွန့်အလွန် ရှည်လျားတယ်၊ မဃဒေဝမင်းကြီး ကိုပဲကြည့်၊ ကလေးဘဝနဲ့ နှစ်ပေါင်းရှစ်သောင်းလေးထောင် ရှည်ကြာခဲ့ တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အကြာကြီးပါလား၊ ခုသက်တမ်းကဖြင့် တစ်ရာလောက်ပဲရှိတော့တယ်"

"အေး၊ တို့က အဲဒီသက်တမ်းတစ်ရာလောက်ကလေးကိုပဲ အကြာကြီးထင်နေတယ်၊ ဘုရားအလောင်းတော် မဃဒေဝ မင်းကြီးကတော့ နန်းစည်းစိမ် ရှစ်သောင်းလေးထောင်ကြာတဲ့အခါမှာ ဆတ္တာသည်အမတ်က ဆံပင်ဖြူတစ်ချောင်းနှုတ်ပြတာနဲ့ ဇရာ မရဏဘေးကို ခဏလေးအတွင်းမှာ တွေ့ရတော့မယ့်အတိုင်း သြတ္တပ္ပ သံဝေဂ အကြီးအကျယ်ဖြစ်ပြီး တောထွက်တော်မူတယ်လေ၊ မင်းတို့ ငါတို့မှာ သက်တမ်းကလည်း တစ်ရာဆိုတာ သိထားလျက်နဲ့ ခေါင်းမှာလည်း ဆံပင်တွေ ဖွေးဖွေးဖြူနေလျက်သားနဲ့ သေခြင်းတရားကို နှလုံးမသွင်းနိုင်သေးတာ အံ့သြစရာမကောင်းဘူးလား"

"ကျွန်မတို့ခေတ်က မေ့လျော့ပျော်ပါးစရာ အာရုံတွေနဲ့ နပန်းလုံးနေရလို့ပေါ့"

"ကဲလေ၊ မန်လည်ဆရာတော်ဘုရားအကြောင်း ဆက်ပြောပါ့မယ်၊ ဆရာတော်ဘုရားက ဝတ္ထုကြောင်းအတိုင်း ရေးရာမှာ မဃဒေဝမင်းကြီးတောထွက်တော်မူခါနီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမယ့်သားတော်ကို လူမှုရေး နိုင်ငံရေး သာသနာရေးတို့နဲ့ ပတ်သက်ပြီး သွန်သင်ဆုံးမတဲ့ ဩဝါဒစကားစုကို ပုတ္တောဝါဒအခန်းရယ်လို့ တခမ်းတနား ရေးသားတော်မူတယ်၊ အဲဒီ ပုတ္တောဝါဒအခန်းထဲမှာ မောင်းမ, မိဖုရားနဲ့တကွ မာတုဂါမ အမျိုးသမီးများရဲ့ သဘောစရိုက် သိရှိနားလည်အောင် တစ်ကဏ္ဍဖွင့်ပြီးတော့ ရေးသားခဲ့ပါတယ်"

"အဲဒီလိုရေးသားရာမှာ ဆရာတော်ဘုရားကြီးကိုယ်တိုင် ပိဋကတ်သုံးပုံကို ကုန်စင်ပေါက်မြောက်ပြီး ဘဂ်ါလီ သသံကရိုက်ဆိုတဲ့ ကျမ်းမျိုးစုံပါ သူမတူအောင် တတ်ကျွမ်းထားသူမို့ မိန်းမတွေအကြောင်း နှိုက်နှိုက်ချွတ်ချွတ် ပြည့်ပြည့်စုံစုံ ဖြစ်နေတာပေါ့၊



အဲဒါတွေကလည်း ဗုဒ္ဓမဟ္ဓသု ဘုရားအလိုတော်ကျချည်းပဲ ဖြစ်ပါတယ်၊ ဗုဒ္ဓက အထူးသဖြင့် မိန်းမအာရုံကိုမင်မိတဲ့ ရဟန်းများကို ဟောရတာပါ"

"ဗုဒ္ဓလက်ထက်တော်ကလည်း ရဟန်းပေါင်းအသိန်းအသောင်း ရှိလေတော့ မယားဟောင်းကို ဖြစ်စေ၊ လောကလောတွေ့ရတဲ့ မာတုဂါမကို ဖြစ်စေ၊ တိမ်းညွှတ်ဖောက်ပြန်ဟဲ့ ရဟန်းများလည်း ရှိမှာပေါ့၊ ကျွန်မကြားဖူးတာတစ်ခုတောင်ရှိသေး၊ သီရိမာ ပြည့်တန်ဆာမလေးကို တပ်မက်စွဲလမ်းနေတဲ့ ရဟန်း တစ်ပါးဟာလေ"

"အေး . . . မင်းမှတ်မိသမျှပြောပါဦး"

"အဲဒီကိုယ်တော်လေးဟာ သီရိမာ ချောကြောင်းလှကြောင်း သတင်းကြားတဲ့နေ့မှစပြီး လူကိုယ်တိုင် တွေ့ဖူး မြင်ဖူးချင်တယ်၊ သီရိမာက နေ့စဉ် သံဃာတော်များကို ဆွမ်းကပ်တယ်၊ တစ်နေ့တော့ သီရိမာနာမကျန်းဖြစ်နေတုန်း ကိုယ်တော်လေးဟာ ဆွမ်းစားပါလာတယ်၊ သီရိမာကလည်း ကပိုကရို ညှိုးညှိုးငယ်ငယ်နဲ့ပဲကိုယ်တိုင်ထွက်၍ ဆွမ်းကပ်လှူတယ်လေ၊ အဲဒီလို ကိုယ်တိုင်တွေ့လိုက်တော့ သီရိမာကို ပို၍ တပ်မက်သွားရှာသတဲ့၊ တစ်ချို့မိန်းကလေးများဟာ မပြုမပြင် ကပိုကရိုလေး နေတာက ပိုပြီးချစ်စရာကောင်းနေတယ် မဟုတ်လား"

"အေး၊ မင်းငယ်ငယ်တုန်းကလည်း ဒီအတိုင်းပဲ၊ ဟဲဟဲ"

"တော်စမ်းပါ၊ စကားကောင်းကောင်းပြောနေတာ ဝင်မဖောက်နဲ့၊ ဆက်ပြောမယ်၊ နောက်ရက်များမကြာမီ သီရိမာသေတယ်လည်းကြားရော၊ ကိုယ်တော်လေးမှာ မစားနိုင်မသောက်နိုင် ရဟန်းတရား အားမထုတ်နိုင်ဘဲ တပိန်ပိန် ဘလိန်လိန် ဖြစ်နေလို့ မြတ်စွာဘုရားက ပုပ်ပွပုပ်စီးစ,ပြုနေတဲ့ သီရိမာအလောင်းကိုပြပြီး အသုဘကမ္မဋ္ဌာန်း ရှုခိုင်းရတယ်လေ၊ ဟုတ်တယ်မဟုတ်လား"

"အေး ဟုတ်တာပေါ့၊ အဲဒါက ကမ္မဋ္ဌာန်းနဲ့ပြီး အနုနည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမတော်မူတာ၊ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်လာရင် (ရန့်ရင်းကြမ်းတမ်းတဲ့စကားလို့ ထင်ခါမှထင်ရော) ပွင့်ပွင့်လင်းလင်း ပြောဆိုဆုံးမရတာတွေလည်း ရှိသေးတယ်၊ မင်းခုန ပြောတဲ့ရဟန်းလို ဖောက်ပြန်တဲ့ ကာမဆန္ဒ မရှိဘဲနဲ့ သာသနာမှာ သဒ္ဓါဝီရိယလည်း ကြီးပါလျက်နဲ့ အပြစ်ရှိမယ်ဆိုတာ မသိရှာလို့ မိမိမယားဟောင်းကို သံဝါသ မိတဲ့အတွက် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သွားတဲ့ ရဟန်းတစ်ပါးကျတော့ ပြင်းပြင်းထန်ထန် ပြစ်တင်ဆုံးမတော်မူတယ်လေ"

"ဘယ်ကိုယ်တော်များပါလိမ့်"

"ရှင်သုဒိန်ပေါ့"

"သူ့အကြောင်း ပြောစမ်းပါဦးရှင့်"

"ဝေသာလီပြည်အနီးအနားက ကလန္ဒဆိုတဲ့ ရွာကြီးတစ်ရွာမှာ ကုဋေလေးဆယ်ကြွယ်ဝတဲ့ ကလန္ဒသူဌေးသား သုဒိန်ဆိုတဲ့ လုလင်ပျိုတစ်ယောက်ရှိတယ်၊ သူ့မှာ မိဘကပေးစားတဲ့ အချောအလှမယားကလေးတစ်ယောက်ရှိတယ်၊ သူဌေးသားဆိုတော့ စည်းစိမ်ချမ်းသာတွေအလယ်မှာ အခြွေအရံအပေါင်းအသင်း မိတ်ဆွေသင်္ဂဟများနဲ့ ပျော်ပါးခံစားနေတာပေါ့၊ မိဘများကလည်း တစ်ဦးတည်းသောသားမို့ အစစအရာရာ အလိုလိုက်ထားကြတယ်လေ၊ တစ်နေ့တော့ မိဘများရဲ့ ကြွေးမြီတွေကို တောင်းရင်း ကြွတ္တိကာ နက္ခတ်သဘင်ပွဲမှာလည်း ပျော်မြူးရအောင် ဝေသာလီကို အပေါင်းအသင်းများနဲ့ ရောက်လာတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း ဝေသာလီမှာ သီတင်းသုံးနေတော်မူလျက် ရှိတယ်၊ ဒီတော့ များစွာသော ဥပါသကာ ဥပါသိကာမတို့က ပန်းနံ့သာ လက်စွဲပြီး ဘုရားကျောင်းတော်ကို သွားကြတယ်၊ သုဒိန်ဟာ အဲဒီအခါတုန်းက ဗုဒ္ဓသခင်ကိုလည်း မဖူးမမြင်ရသေးဘူး၊ တရားတော်ကိုလည်း မကြားနာဖူးသေးဘူး၊ ကြုံကြိုက်တဲ့အခါ ဗုဒ္ဓကို ဖူးမြင်ပြီး တရားတော်ကို



ကြားနာရအောင် ဘုရားဖူးများနဲ့ လိုက်ပါသွားတယ်"

"သုဒိန်ဟာ ပါရမီကုသိုလ်ထူးလို့သာ ဗုဒ္ဓမြတ်စွာနဲ့ကြုံကြိုက်ရတာပေါ့နော်"

"ဒါပေါ့ကွ၊ တချို့မြို့ကြီးသားတွေဟာ သာသနာနဲ့ မနီးစပ်လေတော့ ပေါ့ပေါ့နေပေါ့ပေါ့စားပြီး ဘုရားမှန်း တရားမှန်း မသိတဲ့လူတွေ အများကြီး ရှိသေးတာပဲ၊ သုဒိန်ကတော့ မုတ်ဆိတ်မှာ ပျားစွဲသလို ခရီးသွားဟန်လွှဲ ရလာတဲ့အခွင့်အရေးကြီးကို လက်မလွှတ် လိုက်ပါဘူး၊ ဘုရားကျောင်းတော်ရောက်တော့ ပရိသတ်လေးပါးတို့ စည်ကားနေလိုက်တာ အစွန်အဖျားကသာ ဘုရားကို ဖူးမြော်ခွင့်ရတယ်၊ သို့ပေမဲ့ ဘယ်လောက်ပဲဝေးသည်ဖြစ်စေ မြတ်စွာဘုရားရဲ့ အသရေတော်က ရွှေပေါ်မှာ မြတင်ထားသလို ဓမ္မပလ္လင်ပေါ်မှာ ထင်ထင်ရှားရှား သပ္ပာယ်နေတယ်"

"ဒီကတည်းက သုဒိန်မှာ မြတ်စွာဘုရားကို ကြည်ညို လွန်းလို့ မဆုံးတော့ပါဘူး၊ အသံတော် အင်္ဂါရှစ်ပါးနဲ့ တရား ဟောတော်မူပြန်တော့လည်း သီလ သမာဓိ ပညာ သိက္ခာသုံးပါး တရားတို့ကို ကွက်ကွက်ကွင်းကွင်း နားရှင်းအောင် သဘောပေါက် လိုက်မိတယ်၊ ဘယ်လောက် သဘောပေါက်သလဲသိလား"

"ပြောပါဦး"

"သုဒိန်က မြတ်စွာဘုရားဟောတဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါးစလုံးကို ပြည့်စုံအောင် ပြီးမြောက်အောင် အကျိုးရှိအောင် ကျင့်ရမယ်ဆိုရင် လူဝတ်ကြောင်အဖြစ်နဲ့တော့ ပြတ်ပြတ်သားသား ကျင့်နိုင်မှာ မဟုတ်ဘူးလို့ သဘောပေါက်လိုက်တယ်"

"နေပါဦး၊ ဒီနေရာမယ် မသိလို့ မေးစမ်းပါရစေနော်၊ အနာထပိဏ်တို့လို ဗိမ္ဗိသာမင်းကြီးတို့လို လူဝတ်ကြောင်နဲ့ အားထုတ်ရင်ကော ဖြစ်နိုင်သားပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လူ့ဝတ်ကြောင်နဲ့ဖြစ်တဲ့ အဆင့်လောက်ဟာက သောတာပန် သကဒါဂါမ် အဆင့်လောက်သာ ရနိုင်မယ်၊ သုဒိန်ဖြစ်ချင်တာက တစ်ဘဝတည်းနဲ့ အပြီးအပြတ် လွတ်မြောက်သွားနိုင်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဆန္ဒပြုနေတာ ဖြစ်တယ်။ အဲဒီအဆင့်မျိုးကျတော့ ရဟန်းအဖြစ်နဲ့ မကျင့်သမျှ မရနိုင်ပါဘူး၊ တစ်ခုတည်းသောစိတ်နဲ့ တစ်ခုတည်းသော အလုပ်ကိုသာ ရှုးရှုးစိုက်စိုက် ပြင်းပြင်းထန်ထန် လုပ်ရမှာမဟုတ်လား၊ လူ့ဝတ်ကြောင်ဆိုတာမျိုးက 'ဃရာဝါသော ဗဟုကိစ္စော' 'ကိစ္စများမြောင်လူတို့ဘောင်' လို့ ဆိုထားတာပဲ၊ လွတ်လွတ်ကျွတ်ကျွတ် အပြတ်အသတ်လုပ်ခွင့် ဘယ်ရနိုင်မလဲ"

"ဒီတော့ ရှင်သုဒိန်က ရဟန်းပြုလိုက်ရောလား"

"ရှင်သုဒိန်က မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး၊ ရဟန်းပြုပေးဖို့ လျှောက်ထားတော့ မြတ်စွာဘုရားက မိဘရဲ့ခွင့်ပြုချက်ရမှသာ ရဟန်းပြုကောင်းတယ်လို့ မိန့်တော်မူလိုက်တယ်"

"ဇနီးမယားရဲ့ ခွင့်ပြုချက်လည်း လိုသေးတယ် မဟုတ်လား"

"မယားရဲ့ခွင့်ပြုချက်တော့ မလိုပါဘူး"

"ဟင်၊ ဒီနေရာမှာတော့ မယားများက တစ်ပန်းရှုံး လိုက်တာ"

"သား သမီးကို မိဘကသာ ပိုင်တာကိုးကွဲ့၊ လင်နဲ့မယားဟာ ဝိနည်းတော်အရ ဆွေမျိုးတော်စပ်ကြတာ မဟုတ်ဘူးလေ၊ ဒါကြောင့် မယားထံ ခွင့်ပန်စရာမလိုပါဘူး"

"သိပါဘူးတော်၊ တချို့ သင်္ကြန်တွင်းမှာ ဒုလ္လဘရဟန်းခံကြတာ မယားက ရက်ကြာကြာ ခွင့်မပြုလို့ဆိုပြီး လေးငါးရက်နဲ့ ထွက်ကြတာတွေ ကြားဖူးလို့ပါ"

"ဒါက သာသနာ့ဗဟုသုတ မရှိကြလို့ပါကွာ၊ တချို့ကျတော့လည်း မယားကိုရမယ်ရှာပြီး အပြတ်မချနိုင်လို့ အရပ်ထဲ



ပြန်လာခဲ့ကြတာပေါ့"

"ဒါဖြင့် သုဒိန်က မိဘများထံ ခွင့်တောင်းတော့ သူ့မိဘတွေက ခွင့်ပြုလိုက်သလား"

"မိဘတွေက တစ်ဦးတည်းသောသား အမွေခံသားမို့ လုံးဝခွင့်မပြုနိုင်ဘူး၊ သုဒိန်ကလည်း ရဟန်းမပြုရရင် အသေခံတော့မယ်လို့ အစာမစားဘဲ ဆန္ဒပြတယ်၊ ရက်ပေါင်းများစွာ မစားဘဲနေတော့ သေလုမြောပါး ဖြစ်လာပြီ၊ ဒီတော့ မိတ်ဆွေများက 'ရဟန်း ဖြစ်နေသေးတာကမှ နှစ်ပေါင်းရှည်ကြာ သင်တို့သားကို အသက်ရှင်တာမြင်ရဦးမယ်၊ အခုလတ်တလော သေသွားရင် သူ့အဖို့လည်း အကျိုးနည်း ကိုယ့်အဖို့လည်း အကျိုးနည်း ဖြစ်ကြရမှာမို့ ရဟန်းပြုခွင့်ပေးလိုက်ပါတော့' လို့ နားချကြတယ်၊ တချို့ မိတ်ဆွေများက 'သုဒိန်ဟာ ငယ်စဉ်က,စပြီးတော့ စည်းစိမ်ချမ်းသာနဲ့ မိဘဆွေမျိုးရဲ့ အယုအယခံလာခဲ့ရသူပါ၊ လိုလေသေးမရှိ ပြုစု လုပ်ကျွေးမယ့်လူတွေဝိုင်းရံနေခဲ့တာပါ၊ ဆင်းရဲချို့တဲ့တယ်ဆိုတာ ကြုံဖူး ကြားဖူးတဲ့လူတောင်မဟုတ်ပါဘူး၊ အခု သူလုပ်ချင် လုချည်ရဲ့ဆိုတဲ့ ရဟန်းဘဝဆိုတာက ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီး တစ်နပ်တည်းသော နံနက်စာကို အိမ်စဉ်လှည့်ရပ် တောင်းခံပြီးမှ ရသမျှနဲ့ တင်းတိမ်ရောင့်ရဲရမှာ ဖြစ်ပါတယ်၊ အခိုင်းအစေ အခြွေအရံဆိုလို့လည်း တစ်ဦးမှရှိတာမဟုတ်ဘူး၊ အအိပ်ဆင်းရဲ အစားဆင်းရဲ အနေဆင်းရဲလို့ မကြာခင် စိတ်ပျက် လက်ပန်းနဲ့ လူထွက်ပြီး ပြန်ချင်ပြန်လာမှာပါ၊ သူစမ်းချင်စမ်းကြည့် ပါစေ၊ ရဟန်းလုပ်ဖို့သာ ခွင့်ပေးလိုက်ပါ' လို့ ပြောကြတယ်၊ အဲဒီ တော့မှ မိဘကခွင့်ပြုလို့ သုဒိန်ဟာ ရဟန်းဝတ်ခဲ့ရတာပေါ့"

"ဒီလောက် ဖွဲနပဲကြီးနဲ့ ကြိုးစားခဲ့ရတာနော်၊ သူ့မိတ်ဆွေများကပြောသလို ရဟန်းဘဝမှာ ငြိုငြင်ဆင်းရဲတာယ်လို့ မထင်ဘူးလား"

"ဆင်းရဲတယ်လို့ မထင်တဲ့အပြင် ရှင်သုဒိန်ဟာ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



ခွာထွက်ကြောင်း (ဖျက်ဆီးကြောင်း) ဓုတင် အကျင့်ကောင်းများ ဖြစ်တဲ့ ... အာရညိကဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ သပဒါန စာရိကဓုတင်တို့ကို ကျင့်ဆောင်တော်မူတယ်"

"ရှင်ကလည်း ကျွန်မနားလည်အောင် မြန်မာလို ပြောစမ်းပါ"

"အာရညိကဓုတင်ဆိုတာ . . . မြို့ကျောင်း ရွာကျောင်း ကျောင်းကြီး ကျောင်းကောင်းမှာမနေဘဲ သစ်ရွက်မိုး တောကျောင်း မလေးမှာနေတာကို ခေါ်တယ်၊ ပိဏ္ဍပါတ်ဓုတင်ဆိုတာက ပင့်ဆွမ်း ပို့ဆွမ်းကိုမစားဘဲ ကိုယ်တိုင်ဆွမ်းခံစားတာကို ခေါ်တယ်၊ ပံသုကူ ဓုတင်ဆိုတာကတော့ မင်းသိပါတယ်၊ အရန်သင့်ချုပ်ပြီး လှူကြတဲ့ သင်္ကန်းကိုမဝတ်ဘဲ စွန့်ပစ်ထားတဲ့ အဝတ်အပိုင်းပိုင်း အပြတ်ပြတ်ကို ကိုယ်တိုင်ချုပ်ပြီး သင်္ကန်းအဖြစ်ဝတ်ရတာ မဟုတ်လား၊ သပဒါန စာရိကဓုတင်ဆိုတာက ဆွမ်းခံရင် လောင်းလှူသည်ဖြစ်စေ မလှူသည် ဖြစ်စေ အိမ်စဉ်အတိုင်း ဆွမ်းခံရတာကိုခေါ်တယ်"

"အမယ်လေး၊ တော်တော်ခြိုးခြံဆင်းရဲစွာ ကျင့်တော်မူပေ တာကိုး၊ ကြည်ညိုစရာနော်"

"ရှင်သုဒိန်ဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ကျင့်စဉ် များကို အဲဒီလောက် ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်တော်မူပါတယ်၊ အဲဒီလို ရှစ်နှစ်လုံးလုံး နေခဲ့ပြီးသည့်နောက် သူသီတင်းသုံးနေတဲ့ ဝဇ္ဇီတိုင်းမှာ အစာရေစာခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက် လာတယ်၊ အဲဒီအခါမှာ သူနဲ့တကွ သီတင်းသုံးဖော်ဖြစ်တဲ့ ရဟန်း အများအပြားဟာ ဘောဇနသပ္ပာယမဖြစ်လို့(ဆွမ်းကောင်း ဟင်းကောင်း ကို မျှတစွာ မစားရတဲ့အတွက်) ရဟန်းတရားကို အားကြိုးမာန်တက် မဆောင်ရွက်နိုင်ကြဘူး"

"ဒီတော့ ရှင်သုဒိန်ဟာ ဝဇ္ဇီတိုင်းက သီတင်းသုံးဖော်တွေ ဘောဇနသပ္ပာယ ဖြစ်အောင် သူ့ဆွေမျိုးများရှိရာ ဝေသာလီကို



ရဟန်းများနဲ့တကွ ကြွလာတော်မူတယ်၊ သံဃာတော်များနဲ့ ရှင်သုဒိန်ဟာ ဝေသာလီကို ကြွလာတယ်ဆိုတော့ ဆွေမျိုးများက ဆွမ်းအိုးခြောက်ဆယ် လှူဒါန်းကြတယ်၊ ဆွမ်းက တစ်အိုးတစ်အိုးကို ရဟန်းတော်ဆယ်ပါး လုံလောက်စွာ ဘုဉ်းပေးနိုင်ကြသတဲ့၊ ဒီနေ ရာမှာ မင်းတို့မိန်းမတွေကို ချီးကျူးစရာရှိပါတယ်၊ ရဟန်းတော်များ အတွက် ဆွမ်း ကွမ်း ဝေယျာဝစ္စဆိုတာ ယောကျ်ားများက ကရိကထ ခံပြီး စီမံကြတာ နည်းပါတယ်၊ အလှူအတန်းဟော့ဆို မင်းတို့အမျိုးသမီး များက သဒ္ဓါတရားနဲ့ တက်တက်ကြွကြွ ချက်ကြပြုတ်ကြ မဟုတ်လား"

"အဲသလိုလည်း ပြောဖော်ရဦးမှပေါ့တော် . . . တကတဲ"

"တကယ်ပြောတာပါကွ၊ ဗုဒ္ဓလက်ထက်တော်က မာတိက မာတာဆိုတဲ့ အမျိုးသမီးကြီးက ဆွမ်းကောင်း ဟင်းကောင်း ချက်ကျွေးဖော်ရလို့ ချမ်းသာစွာ တရားကျင့်နိုင်တဲ့အတွက် ရဟန်း ပေါင်းခြောက်ဆယ် ရဟန္တာဖြစ်သွားကြတယ်၊ အဲဒါဟာ အနာဂါမ် ဖြစ်တဲ့ မာတိကမာတာ ဥပါသိကာမကြီးရဲ့ ကျေးဇူးပေါ့၊ ရှင်သုဒိန် ကတော့ အဲဒီပို့ဆွမ်းကို စားတော်မမူပါဘူး၊ ရဟန်းခြောက်ရာကို လှူစေပြီး သူ့အတွက်ကတော့ ကလန္ဒရွာကို ဆွမ်းခံထွက်တော်မူတယ်"

"သူကိုယ်တိုင်ကတော့ ဘာဖြစ်လို့ ဘုဉ်းပေးတော် မမူ သလဲဟင်"

"စောစောက ပြောထားပြီးကော့ကွာ၊ ပို့ဆွမ်းကို မစားဘဲ ဆွမ်းခံဝတ်ဓုတင်ကိုကျင့်နေတယ်ဆိုတာလေ"

"ဩော်-ဩော် . . . ကြည်ညိုစရာ ကောင်းလိုက်တာ၊ သူ့ အတွက်ထက် သံဃာတော်များအတွက်သာ စေတနာ ထားတော် မူတာကိုးနော်"

"ဟုတ်ပါတယ်၊ ရှင်သုဒိန်ဟာ သူ့မိဘရွာရောက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်စဉ်အတိုင်း ဆွမ်းခံရပ်တော်မူပါတယ်၊ ကလန္ဒရွာမှာ လောင်းလှူမယ့်လူ ရှိဟန်မတူပါဘူး၊ သူ့မိဘအိမ်မှာ ခိုင်းထားတဲ့ 'ကျွန်မ' က နေ့လွန် ရက်လွန် သိုးနေတဲ့ မုယောမုန့်တွေကို အမှိုက်ပုံလာပစ်တဲ့အခါ ရှင်သုဒိန်က စွန့်ပစ်မယ့်အတူတူ ငါ့ကိုသာ လောင်းပါလို့ မိန့်တော်မူသတဲ့"

"ဟုတ်တာပေါ့၊ ဘယ်အိမ်ကမှ မလောင်းလှူလိုက်လို့ ဒီမုန့်အပုပ်အသိုးကို အလှူခံရတာဖြစ်မှာပေါ့"

"ကျွန်မက ရှစ်နှစ်လောက်ကွဲနေတဲ့ သူ့သခင်ကလေးကို မှတ်မိလိုက်တယ်၊ ဒီတော့အိမ်ပြန်ပြောတာပေါ့၊ သူ့ဖခင်က ကမန်းကတန်းလိုက်လာတယ်၊ အဲဒီအချိန်မှာ ရှင်သုဒိန်က ဆွမ်းစားဇရပ်ကလေးတစ်ခုပေါ်မှာ မုန့်အသိုးတွေကို ဘုဉ်းပေးနေတယ်၊ ဖခင်ကြီးကတော့ ရင်ထုမနာနဲ့ အိမ်ကိုပင့်တယ်၊ သို့ပေမဲ့ 'ယနေ့အဖို့ဆွမ်းကိစ္စပြီးပါပြီ ဒါယကာကြီး' လို့ငြင်းပယ်တော်မူလိုက်တယ်၊ ဒါဖြင့် မနက်ဖြန်အိမ်ကို ဆွမ်းစားကြွပါလို့ ဖိတ်မန္တကပြုပါတယ်၊ ဒီအခါမှာ ရှင်သုဒိန်က ပင့်ဆွမ်းကို မစားပါဘူးလို့ ငြင်းလိုက်ရင် သူ့ဖခင်ကြီး ဝမ်းနည်းပက်လက် ဖြစ်သွားမှာစိုးတဲ့အတွက် ပိဏ္ဍပါတ်ဓုတင်ကိုဖျက်ပြီး ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်တယ်"

"ရှစ်နှစ်လုံးလုံးကွဲနေတဲ့ ဖခင် ဒါယကာကြီးကို ငဲ့ကွက်တော်မူလို့ နေမှာပေါ့နော်"

"ဟုတ်ပါတယ်၊ နောက်တစ်နေ့မနက် သားရဟန်း ဆွမ်းစားကြွလာတော်မူတော့ မိခင်နဲ့ဖခင်တို့က သူတို့ပိုင်တဲ့ ရတနာ ရွှေပုံ ငွေပုံတွေပြပြီး အမွေဆက်ခံဖို့ လူထွက်ခိုင်းတယ်၊ ရှင်သုဒိန်က သူကျင့်ကြံအားထုတ်နေတဲ့ ဓမ္မရတနာနဲ့ မလဲနိုင်ပါဘူးလို့ လူထွက်ဖို့ ငြင်းဆန်တယ်၊ ဒီတော့ မိခင်ကြီးက ချွေးမအလှကို အချော့ခိုင်းပြန်တယ်"



"ချွေးမကလည်း အမျိုးမျိုး အနည်းနည်းနဲ့ အသနားခံပြီး လူထွက်ရန် တောင်းပန်တယ်၊ ရှင်သုဒိန်ကလည်း ဘယ်နည်းနဲ့မှ လူမထွက်နိုင်ပါဘူးလို့ ငြင်းဆန်တယ်၊ ဒီမှာ မိဘနှစ်ပါးက ရဟန်းဘဝမှ လူမထွက်နိုင်ရင် သူတို့ကွယ်လွန်တဲ့အခါ အမွေတွေ ဆက်ခံဖို့ မျိုးဆက်မပြတ်အောင် သားမျိုးစေ့တော့ ပေးခဲ့ပါလို့ ပူဆာပြန်တယ်"

"ဟောတော့- ရဟန်းနဲ့ မအပ်မရာတဲ့ အလုပ်ကြီးမျိုး ပူဆာရသလား၊ မိဘတွေကလည်း မသိသား ဆိုးဝါးလိုက်တာ"

"အဲဒီတုန်းက ရဟန်းအဖြစ်နဲ့ ဒီအမှုမျိုး ပြုကောင်းတယ် မပြုကောင်းတယ်လို့ သိကြပုံမရဘူး၊ သည့်အပြင် မိဘတွေ ကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာဝင် မဟုတ်ကြဘူးလေ"

"အဲဒီလို ပူဆာတော့ ရှင်သုဒိန်က ဘယ်လိုပြောသလဲ"

"အဲဒီအချိန်မှာ ဘုရားက သိက္ခာပုဒ် မပညတ်သေးလေတော့ အပြစ်ရလိမ့်မယ် မထင်လို့ သားလူမထွက်ရရင်၊ ဒီအမှုလောက်ကိုတော့ ဖြစ်နိုင်ပါရဲ့လို့ ဝန်ခံလိုက်တယ်"

"အို- ဖြစ်မှ ဖြစ်ရလေတော်"

"ဒီလိုနဲ့ ရက်များမကြာမီအတွင်းမှာ ရှင်သုဒိန် တရားကျင့်နေတဲ့ ပန်းစုံပေါသည့် မဟာဝုန်တောကို မိခင်နဲ့ဇနီး လိုက်လာပြီး သားမျိုးစေ့ပေးဖို့ နားပူနားဆာလုပ်ကြတဲ့အခါ ရှင်သုဒိန်က ရဟန်းတရားကို အနှောက်အယှက်ကင်းစွာနဲ့ ဖြောင့်ဖြောင့်တန်းတန်း အားထုတ် ချင်တဲ့အတွက် 'အေးမှ-အေးစေတော့' လို့ သဘောထားပြီး မိဘရဲ့ဆန္ဒကို လိုက်လျောမိတယ်"

"အမယ်လေး- ကိုယ်ကျိုးနည်းပါပြီ"

"အဲဒီအမှုပြုပြီးတဲ့နောက် ရှင်သုဒိန်လည်း မိမိပြုခဲ့တာ အပြစ်မကင်းပါ့မလားလို့ ကုက္ကုစ္စနှောင်တကြီးနဲ့ ရဟန်းတရားလို အားထုတ်လို့ မရတော့ဘူး၊ ညှိုးငယ်သောစိတ်နဲ့ တပိန်ပိန်တလှီလှီနဲ့ တမှိုင်မှိုင်

www.burmeseclassic.com

www.burmeseclassic.com



တတွေတွေ ဖြစ်နေတယ်"

"အင်း- သူ့အဖြစ်က ရင်နာစရာ ကောင်းလိုက်တာနော်"

"သူ့အဖြစ်ကိုမြင်တဲ့ သီတင်းသုံးဖော်များက အကြောင်းကို မေးကြတယ်၊ ရှင်သုဒိန်ကလည်း မကွယ်မဝှက် သူသောကဖြစ်နေရသမျှ ပြန်ပြောပြတယ်၊ မြတ်စွာဘုရားထံ ဒီသတင်းစကား ရောက်သွားတဲ့အခါ ရှင်သုဒိန်ကို ခေါ်ယူစစ်မေးတယ်၊

"သုဒိန်၊ သင်သည် ဇနီးဟောင်း၌ မေထုန်အကျင့်ကို ပြုမှီဝဲ၏ ဟူသည် မှန်သလော"

" 'မှန်ပါသည် မြတ်စွာဘုရား' လို့ ရှင်သုဒိန်က လျှောက်ထားတယ်"

"အဲဒီအခါမှာ မြတ်စွာဘုရားက 'မောဃပုရိသ- မဂ်ဖိုလ်မရကိစ္စမပြီး အချည်းနှီးသော ယောကျ်ား၊ ယခု သင်ပြုသောအမှုသည် ရဟန်းတို့အား မလျောက်ပတ် မလျော်ကန် မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ အပ်လည်း မအပ်စပ်၊ ပြုလည်း မပြုသင့်'

'အချည်းနှီးသောယောကျ်ား- သင်သည် အဘယ်ကြောင့် ဤသို့ ကောင်းစွာဟောကြားအပ်သည့် ဓမ္မဝိနယသာသနာတော်၌ ရဟန်းပြုရပြီးလျှင် သိက္ခာသုံးရပ် မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာကျင့်သုံးရန် မတတ်နိုင်ဘိသနည်း'

'အချည်းနှီးယောကျ်ား - ငါဘုရားသည် များစွာသော အကြောင်းဖြင့် ရာဂကင်းဖို့ရန် မာန်မယစ်ဖို့ရန် ကိလေသာဟူသော ဆာလောင်မွတ်သိပ်မှုကို ပယ်ဖျက်ဖို့ရန်၊ တဏှာမပြတ်သော အကာအကွယ်ကို ပယ်ဖျက်ဖို့ရန်၊ ကိလေသာဝဋ်မြစ်ကို ဖြတ်ဖို့ရန်၊ တဏှာကုန်ဖို့ရန်၊ မတပ်မက်ဖို့ရန်၊ ကိလေသာ ငြိမ်းအေးဖို့ရန်၊ တရားတော်ကို ဟောအပ်သည်မဟုတ်လော'

'အချည်းနှီးယောကျ်ား - လျှင်သော အဆိပ်၊ ကြမ်းတမ်းသော



အဆိပ်ရှိသော မြွေ၏ခံတွင်း၌ သင်၏အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းက မြတ်သေး၏။ မာတုဂါမ၏ အင်္ဂါဇာတ်တွင် သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း' စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူတယ်၊ အဲဒီနောက် ရှင်သုဒိန်ကို အကြောင်းပြုပြီးတော့ ပထမပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်တယ်"

" ဗုဒ္ဓမြတ်စွာ ဆုံးမတော်မူတာကလည်း မကြားဝံ့ မနာသာ ပွင့်လင်းလိုက်တာနော်"

"အဲဒီစကားများဟာ ပါရာဇိကဏ် ပါဠိတော် အဋ္ဌကထာ တို့မှာ ပါတဲ့အတိုင်း ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော် ဘုရားက မဟာဗုဒ္ဓဝင်ထဲမှာ ရေးထားတဲ့စကားများဖြစ်ပါတယ်၊ မောင်က အဲဒီထဲက ထုတ်နှုတ်ပြီးတော့ ပြောရတာပါ၊ မပြောမဖြစ်တဲ့ အကြောင်းနဲ့ တိုက်ဆိုင်လာရင် မြတ်စွာဘုရားက မကြားကောင်း မနာသာဖြစ်စေဦးတော့ စေတနာကောင်းနဲ့ ပွင့်ပွင့်လင်းလင်း မိန့်တော်မူပါတယ်။ ဒါကို ရှင်မဟာရဋ္ဌသာရက ဘူရိဒတ္တပျို့မှာ ယခုလိုဆိုထားပါတယ်၊ 'ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊ မကြားစကောင်း၊ မဆိုကောင်းကို၊ အကြောင်း ဆောင်တွေး၊ ဆိုတုံ့သေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏' တဲ့"

"ဒါကြောင့် မြတ်စွာဘုရားသခင်ဟာ ကိလေသာ ပယ်ဖျောက်၍ အရဟတ္တဖိုလ်ပေါက် ကျင့်တော်မူကြတဲ့ တပည့်သာဝက ရဟန်းများ အတွက် မဂ်အန္တရာယ် ဖိုလ်အန္တရာယ် ဖြစ်စေတဲ့ မာတုဂါမ မိန်းမအကြောင်း မကြားစကောင်း မဆိုစကောင်း ရင်ရင့်သီးသီး ဟောတန်ရင် ဟောတော်မူရပါတယ်။ ဒီတော့ ဗုဒ္ဓ ဟောတော်မူသမျှ ရေးရတဲ့ မန်လည်ဆရာတော်ဘုရားကြီးကို မပြစ်မှားလိုက်ပါနဲ့ မိန်းမရယ်" ■

www.burmeseclassic.com

www.burmeseclassic.com



> မလ္လိကာမိဖုရားက
> ရှိသေကောင်းမွန်စွာ
> သင်ယူပါသည်
> ရှင်တော်မြတ်ဘုရား၏
> ဆွေတော်မျိုးတော်ဖြစ်သော
> ဝါသဘခတ္တိယာမိဖုရားကား
> ရှိသေကောင်းမွန်စွာ
> မသင်ယူပါ

လောကလူ့ဘုံ၌ လူသားတို့အလယ်တွင် ဂုဏ်အဆင့်အတန်းဟူ၍ ခွဲခြားသတ်မှတ်လာကြသည်မှာ ကမ္ဘာတည်စ လူပေါ်ပေါက်သည့်အချိန်က စ,လိမ့်မည်ထင်သည်၊ ဗြဟ္မဏ ခတ္တိယ ဝေဿ သုဒ္ဒ ဟူသော အမျိုးကြီးလေးပါး ခွဲခြားလာသည်မှာလည်း ဘုရားအဆူဆူတို့ မပွင့်မပေါ်မီကတည်းက ရှိလာကြဟန်တူသည်၊ ထိုအမျိုးကြီးလေးပါး သာမက ဇာတိ ပုည ဂုဏဟူ၍ အမျိုးအားဖြင့် မြင့်မြတ်ခြင်း၊ဘုန်းတန်ခိုး အာဏာ ဥစ္စာအားဖြင့် ကြီးမားမြင့်မြတ်ခြင်း၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် မြင့်မြတ်ခြင်းဆိုသော အရည်အချင်းသုံးမျိုးတို့က လည်း သူ့ထက်ငါ မြင့်သည် မြတ်သည်ဟူသော မာန်ဝင့်ဝါကြွားစရာ အဆောင်အယောင်အစွဲအလမ်းများ ဖြစ်လာခဲ့ကြသည်၊ လူ့ခွင်ဌာန လူ့လောက၌ဂုဏ်ပကာသနနှင့်အဆင့်အတန်းခွဲခြားလာခြင်းမှာအဘယ် သက္ကရာဇ် အဘယ်နှစ်များကစ၍ အဘယ်အချိန် အဘယ်ကာလတွင်မှ အဆုံးတိုင်ကြမည်မသိ၊ ထို့ကြောင့် အပြစ်တင်ဖွယ်မရှိ။

ဦးချမ်းသာနှင့် ဒေါ်မြမေတို့မှာ ခေတ်စကားနှင့်ပြောရလျှင် ထင်ပေါ်သော လူလတ်တန်းစားထဲက ဖြစ်သည်၊ ဇာတိအားဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

မနိမ့်ကျ၊ ပုညအားဖြင့်လည်း မရှားပါး၊ ဂုဏအားဖြင့်လည်း အထိုက်အလျောက် ပြည့်စုံကြသူများဖြစ်သည်၊ ထို့ကြောင့် မိမိတို့၏ပတ်ဝန်းကျင်၌ မင်းပွဲ စိုးပွဲ အလှူအတန်း ပွဲနေပွဲထိုင် သာရေး နာရေးတို့တွင် လူမှုရေးအရ သွားလာဝင်ထွက် ဝတ်မပျက်အောင် ဆောင်ရွက်နေကြရခြင်းက ပဓာနအလုပ်ဖြစ်လာလေသည်၊ တစ်ခါတစ်ခါတော့ကိုယ့်ကိစ္စကို နောက်ထား၍ ကိုယ်လက် မအီမသာရှိသည်များကို လျစ်လျူပြု၍ ထိုကိစ္စများကို ဦးစားပေး ရခြင်းကြောင့် ကရိကထကြုံရသည့်အခါငြီးငြူလိုက်မိသော်လည်း ဘယ်သူမပြု မိမိမှုဆိုသလိုပင် ယခုအခြေအနေကိုရောက်အောင် ရအောင် မနည်းကြိုးစား၍ ဖြေသိမ့်ရတော့သည်။

အလှူအတန်း ရဟန်းခံရှင်ပြုပွဲများသို့ သွားရသည်မှာ ပေါ့ပါးလှပါသေး၏၊ အသုဘတစ်ခုသို့ သွားရခြင်း သင်္ဂြိုဟ်ရာကို လိုက်ပို့ရခြင်းကိစ္စတို့မှာလည်း တာဝန်မကျယ်လှ၊ ဖြစ်သလိုသွားလို့ရသည်၊သူတို့အကြောက်ဆုံးမှာ မင်္ဂလာဆောင်များသာဖြစ်သည်၊ ထိုမင်္ဂလာ အခမ်းအနားများသို့ သွားရသည့်အခါတွင်ကား အချိန်ကိုလည်း တိကျအောင်သတိထားရသည်၊ အဝတ်အစားကလည်း (အထူးသဖြင့် အမျိုးသမီးများအတွက်) အများမျက်မြင် ထင်ထင်ပေါ်ပေါ်ရှိအောင် မရှိ ရှိတာထုတ်၍ ဝတ်ဆင်ကြရသည်၊ အဖြီး ဒ. လိမ်း အပြုအပြင် အခြယ်အသဒါတွေကလည်း အချိန်အများဆုံးယူရသည်။

တစ်ခါတစ်ရံ စနေ တနင်္ဂနွေဆိုလျှင် တစ်နေ့တည်းတွင် မင်္ဂလာဆောင်သုံးခု ဆက်တိုက်သွားရတတ်သည်၊ ကြည့်လေ၊ သွားရတာကတစ်နေရာတည်း အင်းလျားကန်ဟိုတယ်၊ ပထမပွဲက နံနက်ရှစ်နာရီမှဆယ်နာရီ၊ ပထမပွဲပြီးတော့ အိမ်ပြန် ထမင်းစား တအောင့်တနားအနားယူ၊ နောက် ဆယ့်နှစ်နာရီမှ နာရီပြန်နှစ်ချက် အထိ ဒုတိယပွဲထိုင်ကိုတက်၊ အိမ်ခဏပြန်လာ၊ တအောင့်တနားမှ ကြာကြာ မနေလိုက်ရ၊ လေးနာရီမှ ခြောက်နာရီဆိုသောပွဲကို တစ်ဖန် တက်လာရပြန်သည်၊



ရယ်စရာကောင်းပုံကတော့ သတို့သမီး သတို့သား မိဘများသာအပြောင်းအလဲရှိကြသည်၊ မင်္ဂလာဆောင် လာသမျှ ပရိသတ်ကတော့မနက်ကတွေ့ရတဲ့လူ နေ့လယ်က တွေ့ရတဲ့လူတို့နှင့်သာ တွေ့ရဆုံရစကားမရှိ စကားရှာ ပြောကြရတာပဲဖြစ်သည်။

သူလိုကိုယ်လို တွေ့နေကျ မိတ်သင်္ဂဟများနှင့်ပင် ဆုံကြရသည်ဖြစ်သောကြောင့် အမျိုးသမီးများမှာ 'တစ်ခါလာ၊ မည်းပြာပုဆိုး' မဖြစ်အောင် ထဘီ အင်္ကျီ ပဝါမှအစ ထည်လဲဖြစ်ဖို့ ကြိုးစားရသည့်ဒေါ်မြမေ၏ ပကာသနဒုက္ခကို ဦးချမ်းသာက မြင်ဖူးနေကျ ဖြစ်သည်၊ အဆိုးဆုံးကတော့ လက်ဖွဲ့ပစ္စည်း၊ လက်ထပ်သူမိဘ၏ ဂုဏ်နှင့်လိုက်အောင်ဝယ်ရသော ပစ္စည်းတစ်ခုခုမှာ ငွေတစ်ရာကျပ်ထက် တန်ဖိုးနည်းပါး၍ မဖြစ်၊ မင်္ဂလာဆောင်များကလည်း သီတင်းကျွတ်ကတည်းကဝါမဆိုခင်အထိ တစ်နှစ်တွင်ကိုးလနီးပါးဖြစ်သည်၊ ယခုခေတ်ရန်ကုန်မြို့ကြီး၌ သတို့သမီးနှင့်သတို့သားတို့ လက်ထပ်ကြရမည့် မင်္ဂလာအခါနေ့ရက် နာရီ ဗီဇနာတို့ကို အခါပေး ဗေဒင်ပါရဂူပညာရှိကြီးများကရွေးချယ်ပေးကြသည်မဟုတ်၊ အင်းလျားကန်ဟိုတယ်မန်နေဂျာကမ်းနားလမ်း ဟိုတယ်မန်နေဂျာ ကရဝိတ်ဟိုတယ်မန်နေဂျာများကသာနေ့ရက်အချိန် နာရီတို့ကို ခွဲတမ်းနှင့် ကန့်သတ်ချပေးနေကြသည်၊ သူတို့ဟိုတယ်များတွင် အစီအစဉ်အရ အားလပ်သည့် အခါများကိုယူကြရသည်။ ထို့ကြောင့် တိတိကျကျ အခါယူလိုကြသော မိဘများဆိုလျှင်တော့ ကိုယ့်အိမ်တွင် အကျဉ်းရုံး၍ လက်ထပ်ဖြစ် အောင် လက်ထပ်ပေးပြီး ဧည့်ခံပွဲအနေနှင့်သာ ဟိုတယ်ကြီးများတွင် ရတဲ့နေ့ရက်အချိန်နာရီကို လုပ်ကြရရှာသည်။

"ရန်ကုန်မင်္ဂလာဆောင်များသွားရတာ ဝင့်ခံရသလိုပါ၊ မသွားလို့ကလည်းမဖြစ်၊ ဖိတ်စာထဲမှာပါတဲ့ အချိန်မရောက်ခင် အနည်းဆုံးနာရီဝက်လောက် စောရောက်မှ နေရာကောင်းကိုပြောတယ်၊ ဒါမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဟောင်း သင်းဟောင်း မိတ်ဆွေများနဲ့ တစ်စားပွဲတည်း အတူထိုင်ရမယ်၊ ဒီလိုမှ စကားစမြည် အချီအချပြောနိုင်တဲ့ စားပွဲကိုမရရင် တစ်နာရီခွဲလောက် လုံးလုံး ဣန္ဒြေကြီးတွေနဲ့ ဟန်လုပ်နေကြရတယ်၊ တို့ကနန်း ဆိတ်ကနန်း စားစရာ သောက်စရာ ကလေးများကမရှိတော့ စကားပြောဖော်နဲ့မှ မဆုံရ မကြုံရရင် ငုံးတိတိနဲ့ ထိုင်နေရမှာက အကြာကြီး၊ သတို့သားနဲ့ သတို့သမီး ပွဲထုတ်တာက အလွန်နောက်ကျလွန်းပါတယ်၊ ပွဲထုတ်ပြီး ဘိသိက်ဆရာကဖြစ်ဖြစ် အခမ်းအနားမှူးကဖြစ်ဖြစ် ရှည်လျားထွေပြားစွာ ပြောနေ၊ အဲဒါပြီးမှ စားသောက်ဖွယ်ရာတို့ကို လာချပေး၊ အဲဒီအချိန်မှာလည်း ထ,ပြန်လို့ မကောင်းသေးဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် မင်္ဂလာဆောင်တစ်ခုမှာ နှစ်နာရီလောက် အောင့်အည်းသည်းခံနေကြရတယ်၊ အဲဒါမျိုးကျတော့ မန္တလေးက မင်္ဂလာဆောင်တွေကကောင်းတယ်၊ သူ့ဝင်ငါထွက် စနစ်နဲ့မို့ သွားချင်တဲ့ အချိန်ထ,သွား၊ စားသောက်ပြီး ပြန်ချင်တဲ့အချိန် ထ,ပြန်၊ လူလည်း မပင်ပန်းဘူး၊ အချိန်လည်းမကုန်ဘူး" ဟု ဒေါ်မြမေက ပြောဖူးသည်။

ဦးချမ်းသာနှင့် ဒေါ်မြမေတို့မှာ တစ်ခါတစ်ရံ မင်္ဂလာဆောင်နှစ်ခုကို တစ်ယောက်စီခွဲ၍ သွားကြရသည်၊ ဥပမာ- အင်းလျားလိတ်မင်္ဂလာဆောင်က နေ့လယ်နှစ်နာရီမှ လေးနာရီအထိ၊ ကမ်းနားလမ်းဟိုတယ်မှ မင်္ဂလာဆောင်တစ်ခုက သုံးနာရီမှငါးနာရီဆိုလျှင် ဦးချမ်းသာက ကမ်းနားလမ်းမင်္ဂလာဆောင်ကို သွားရသည်။

ပျော်စရာတော့ အကောင်းသား၊ ယခုလို တကွဲတပြားသွားပြီး၍ အိမ်မှာ ပြန်ဆုံကြသည့်အခါ ဦးချမ်းသာက မည်သူမည်ဝါတို့နှင့် တစ်စားပွဲတည်းထိုင်ပြီး ဘာကြောင်း ညာကြောင်း ပြောရသည်ဟု ဒေါ်မြမေအား အစီရင်ခံသည်၊ ဦးချမ်းသာက စ,မပြောလျှင်လည်း ဒေါ်မြမေကမေးသည်၊ ဒေါ်မြမေအဖို့တော့ ဦးချမ်းသာက စ,၍ မေးစရာပင်မလို၊ မည်သည့်မင်းကတော် စိုးကတော်များနှင့်အတူ



ထိုင်ပြီး ရွှန်းရွှန်းဝေအောင် စကားလက်ဆုံကျခဲ့ရကြောင်း၊ သူတို့၏ ကိုယ်မှာ နောက်ဆုံးပေါ် ဘယ်လိုအဝတ်အစား၊ ဘယ်လိုအဆင့်အတန်း၊ ဘယ်လို အသွေးအရောင် ဝတ်လာသည်ဆိုသည့် အကြောင်းတို့ကိုပါ ဦးချမ်းသာအား တိတိကျကျ ဖောက်သည်ချလေ့ရှိသည်၊ ဤနေရာမျိုးမှာ မိန်းမသားတို့၏ မျက်စိကအလွန်စူးသည်၊ အလွန်လျင်မြန်သည်၊ အလွန်မှတ်မိလွယ်သည်၊ တစ်ချက်ပဲငဲ့ကြည့်ရုံမျှနှင့် လုံးဝဥဿုံ တစ်ကိုယ်လုံးကို ခြုံ၍ မြင်နိုင်စွမ်းရှိကြသည်၊ စကားအရာမှာဆိုလျှင်လည်း ယောကျ်ားများစကားဝိုင် ထက် မိန်းမများစကားဝိုင်းက စကားတံ ပိုရှည်၍ အကြောင်းအရာ တွေကလည်း စုံလှပါဘိသည်၊ အိမ်အကြောင်း စိန်အကြောင်း ကားအကြောင်း၊ သားအကြောင်း သမီးအကြောင်း မြေးအကြောင်း ဟိုလူ့အကြောင်း သည်လူ့အကြောင်း မြေ အကြောင်း၊ ရာထူးအတက်အကျ၊ အနိမ့်အမြင့် သတင်းစကား အတင်းစကားမှစ၍ . . . မှစ၍။

ရုံးမအားသောနေ့များတွင် အင်းလျားကန်ဟိုတယ်၌ မျက်နှာကြီး မင်္ဂလာဆောင် တစ်ခုရှိသည်ဆိုပါစို့၊ ရုံးတက်နေရသောအရာရှိအရာခံများသွားဖို့က စကောစကအချိန်၊ နေ့လယ် နှစ်နာရီမှ လေးနာရီအထိ ဆိုပါစို့၊ ညှော်ခံကြမည့် ခများများကလည်း ရသည့်အချိန်ကို လုပ်ရသည်ဆိုပါစို့၊ ဤလိုအခါမျိုးတွင် အရာရှိများက သူတို့'ကတော်'များကိုသာ ကိုယ်စားပြု၍လွှတ်ကြမြဲဖြစ်သည်၊ တစ်ရက်သော သောကြာနေ့တွင် ဦးချမ်းသာက အခြားအရာရှိများ နည်းတူ သူ့ 'ကတော်'ကိုသာ အင်းလျားကန် ဟိုတယ်၌ မျက်နှာကြီး မင်္ဂလာဆောင်တစ်ခုသို့ လက်ဖွဲ့ပစ္စည်းများနှင့် လွှတ်လိုက်သည်၊ ညနေ လေးနာရီခွဲ၍ ဦးချမ်းသာက ရုံးကပြန်လာသောအချိန်တွင် ဒေါ်မြမေက အိမ်နေအဝတ်အစားပေါ့ပေါ့ပါးပါးကလေးများကို လဲပြီးစ သနပ်ခါးမဖျက်မိ တွေ့လိုက်ရသည်။

"ဘယ့်နှယ်လဲကွ၊ မင်္ဂလာဆောင်သွားရတာ အဆင်ပြေရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . .၊ ပြော မပြောချင်တော့ပါဘူး"

"မပြောချင်လည်း မပြောပါနဲ့တော့ကွာ"

ဦးချမ်းသာ သူ့ဇနီးအကြောင်းသူသိပါသည်၊ 'ပြော မပြောချင်ပါဘူး' ဟု နိဒါန်းပျိုးလိုက်ပြီဆိုလျှင် ဆက်ပြောမည့် စကားတွေက အာဘောင်အာရင်းမှ ရေပက်မဝင်အောင် သွန်ချလိုက်လေတော့မည်။

"ရှေ့ဆုံးက သီးသန့်စားပွဲမှာ ဘယ်သူနဲ့ တွဲထိုင်ခဲ့ရတယ် မှတ်သလဲ၊ မြင်စမ်းစေချင်တယ်"

"ငါ့ရုံးကနေပြီး မြင်ရအောင် ဒိဗ္ဗစက္ခုမှ မရှိဘဲ"

"သေနာ[illegible],ကြီး ဒေါ်ကုလားအုပ်မနဲ့ တစ်စားပွဲတည်း ထိုင်ခဲ့ရတယ်လေ"

ဒေါ်ကုလားအုပ်မ ဟူ၍ ငယ်ကျိုးငယ်နာ မလိုတမာခေါ်သော အမည်မှာ မည်သူ့ကို ရည်ညွှန်းသည်ဟု ဦးချမ်းသာသိပြီးဖြစ်ပါသည်။

"မင်းနှယ်ကွာ၊ သေနာမ,ကြီးရယ်လို့၊ မနက်က ဘုရားရှိခိုးတုန်းကတော့ မေတ္တာပို့နေပြီး"

"မေတ္တာပို့နေတုန်းက သူ့ကို အမှတ်မရလို့ပေါ့"

"အမှတ်ရရင် ဘယ်လိုလုပ်မလဲ"

"အို၊ သူ့များအမှတ်ရလိုက်မိရင်'သဗ္ဗေသတ္တာထဲမှာ ရှင်မပါဘူး' လို့ ပြောလိုက်မှာပေါ့"

ဦးချမ်းသာက သူ့မိန်းမမျက်နှာကို ကြည့်ပြီး ရယ်တော့သည်။

"ဟား-ဟား-ဟား- မင်းဥစ္စာက ငါကြားဖူးတဲ့စကားနဲ့ တစ်ထပ်တည်း ဖြစ်နေပြီ"

"ဘယ်လိုလဲ ပြောစမ်းပါဦး"

"ရှေးရှေးတုန်းကပေါ့ကွာ၊ ဗြိတိသျှအစိုးရ လက်ထက်က ရွာတစ်ရွာမှာ ကျောင်းဒါယကာကြီး တစ်ယောက် ဘုရားရှိခိုးပြီး မေတ္တာပို့သတဲ့၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု 'ပုလိပ်နှင့်ကျီးကန်း၊



သန်း၊ ခြင်၊ ယင်၊ ခြ၊ ကြွက်၊ ကြမ်းပိုး ဤရှစ်မျိုးမပါ' တဲ့၊ ပြီးတော့မှ ကြေးစည်လေးခတ်လိုက်တယ်၊ နှောင် - တဝေ-ဝေဝေ-၊ ဟား-ဟား-ဟား" ဤအခါတွင်တော့ ဒေါ်မြမေပါ ရယ်လိုက်တော့သည်။

"မင်းကလည်း ကျောင်းဒါယကာကြီးလို ဖြစ်နေပြီ"

"ဖြစ်ကာမှ ဖြစ်ရောတော်၊ ကျွန်မတော့ သူ့ကို မုန်းတယ်"

"ဒါဖြင့် ဘာဖြစ်လို့ သူ့စားပွဲမှာ သွားထိုင်ရတာတုံးကွ"

"သူက ကျွန်မလာတဲ့ လမ်းဘက်ကို ကျောပေးထိုင်နေတာလေ၊ သူနဲ့မျက်နှာချင်းဆိုင်ထိုင်နေတာက ဝန်ကြီးကတော် ဒေါ်မြမြစိန်၊ ကျွန်မကို ဒေါ်မြမြစိန်က လှမ်းခေါ်တဲ့အခါ ဧည့်ကြိုမိန်းကလေးက နေရာချပေးလို့ ဝင်ထိုင်လိုက်ရတာပေါ့၊ ထိုင်ပြီးမှ သူ့တွေ့တာနဲ့ ပြန်ထ,လို့ ဘယ်ကောင်းတော့မလဲ၊ ဒေါ်မြမြစိန်ကတော့ ဖော်ရွေရှာပါတယ်၊ သူက,သာ မတူသလိုလို မတန်သလိုလို ဧည့်ထောက်ခံတဲ့ စကားမှ ရောရောနှောနှော ပြောထွက်မလာဘူး"

"အေးပေါ့ကွာ၊ သူကမရောတော့လည်း ကိုယ်က နေသာသလို နေလိုက်ရုံပေါ့"

ဦးချမ်းသာ၏စိတ်က 'ဇာတ်တော်ကို မုန်းမသသော်လည်း ကျောင်းတော်က ရန်စ' ကို ပြန်၍ သတိရလိုက်မိသည်၊ ဒေါ်မြမေ 'ဒေါ်ကုလားအုပ်မ' ဟု မှိုချိုးမှိုချိုး အခေါ်ခံရသူမှာ အရာရှိကြီးကတော် ဒေါ်ခင်မကြီး ဖြစ်သည်၊ လက်ပြင်အနည်းငယ် ကုန်းနေ၍ ဒေါ်ကုလားအုပ်မ,ဟု ခေါ်ကြခြင်းဖြစ်သည်၊ လောကလူဗိုလ်များထိုထိုတို့ မလိုမကောင်း လိုလျှင်ကောင်း၏ ဆိုသလို မလိုလျှင် မလိုသလို 'နာမည်ပြောင်များ' ပေးတတ်ကြသည် မဟုတ်ပါလား။

ယခင်နှစ်လောက်က မောင်ရေချမ်း (ယခု ခင်မာချိုနှင့်လက်ထပ်ပေးလိုက်ရသော ဦးချမ်းသာ ဒေါ်မြမေတို့၏ သား မောင်ရေချမ်း) က ဆယ်တန်းကျောင်းသား လူပျိုပေါက် ဆယ့်ခုနစ်နှစ်သားအရွယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းများက အလောင်းအစားလုပ်၍ ဆိုလား ဝိုင်းမြှောက်ပေး၍ဆိုလား မောင်ရေချမ်းက ဒေါ်ခင်မကြီးသမီး အတန်းတူ ကျောင်းတူ ဆွေဆွေဦးကို ရည်းစားစာ လိုက်ပေးသည်ဆို၏၊ ဆွေဆွေဦးက စာကို ပစ်ချပြီး ဖိနပ်နှင့် ဆောင့်နင်းလိုက်သည်ဆို၏၊ ထိုကိစ္စက ထိုမျှနှင့်မပြီး၊ ညဘက်ကျတော့ ဒေါ်ခင်မကြီးထံမှ ဖုန်းလာသည်ဆို၏။

"ဟုတ်ကဲ့မမ၊ ကျွန်မ တောင်းပန်ပါတယ်မမ၊ ကျွန်မ ဆုံးမပါတယ် မမ၊ ကျောင်းအုပ်ကြီးကို မတိုင်လိုက်ပါနဲ့မမရယ်၊ ကျွန်မ သူ့အဖေကို တိုင်လိုက်ပါမယ်မမရယ်"

ဤသို့ ဂါရဝနိဝါတနှင့် မမ ချင်းမိုးမွှန်အောင် တောင်းပန် တိုးလျှိုးနေသည့်ကြားက တစ်ဘက်မှ စကားတစ်ခွန်းကြောင့် ဒေါ်မြမေမှာ ဆတ်ဆတ်ခါ နာသွားရသောဟူ၏။ ထိုစကားမှာ

"ကိုယ့်အဆင့်အတန်းကိုလည်း ကိုယ်သိကြပါ" တဲ့။

ဒေါ်မြမေက ဦးချမ်းသာအား ပြန်၍ပြောပြလိုက်စဉ်က ဦးချမ်းသာမျက်နှာမှာ မှုန်ကုပ်ကုပ် ဖြစ်သွားခဲ့ရဖူးသည်။

"အေး၊ ကြိုက်ရင်လက်ခံ၊ မကြိုက်ရင် ကက်ကက်လန်၊ ဒါဟာ မိန်းကလေးတွေရဲ့ ထုံးစံ၊ သူကမကြိုက်လို့ အမေ့ကို ပြန်တိုင်တော့လည်း သူ့အမေကဘာပြောပြော သူပြောသမျှခံပြီး ကိုယ်က တောင်းပန်ရမှာ ဝတ္တရားရှိသပေါ့ကွာ" ဟု ဒေါ်မြမေအား နားချခဲ့ရဖူးသည်။

ယခုလည်း မင်္ဂလာဆောင်ကအကြောင်းကို ကြားရပြန်တော့ ဦးချမ်းသာမျက်နှာမှာ မှုန်ကုပ်ကုပ် ဖြစ်သွားရပြန်သည်၊ သို့သော် ယခင်ကလောက် နင့်ခနဲနေအောင်တော့ မခံစားလိုက်ရပါ။

"လူလူချင်း အထင်သေးတာများတော့ သိပ်မုန်းတယ်၊ မမစိန်တို့နဲ့များ (ဒေါ်မြမြစိန်ကို ဆိုလိုသည်) ကွာလိုက်တာ၊ ဘဝင်မြင့်ခြင်းမြင့်ရင် မျိုးရိုးကို ကြည့်မလား၊ ရုပ်ရည်ရူပကာယကို ကြည့်မလား၊ သူနဲ့ ဆီနဲ့ရေလောက်ကွာတယ်" ဟု ဒေါ်မြမေက



မကျေမချမ်း ဆက်ပြောနေပါသေးသည်။

"ဟေ့ လူချင်းတူပေမဲ့ အသက်ရှူချင်းကွဲတယ် ဆိုတဲ့စကား ရှိတယ် မဟုတ်လား၊ ကြာညိုနဲ့ခေါင်ရန်း သူလည်းပန်း ကိုယ်လည်းပန်း၊ ပန်းရယ်လို့ အတူတူအခေါ်ခံရစေကာမူ ရနံ့ ဂန္ဓာရုံကျတော့ ကြာညိုမှာ သာရှိတယ်၊ ခေါင်ရန်းမှာ ရနံ့လုံးဝ မရှိဘူးလို့ 'ဓမ္မပဒ' ဆတ္တပါဏိ ဥပါသကာ ဝတ္ထုမှာ ဘုရား ဟောတော်မူထားတယ်၊ မင်းစိတ်ပြေ လက်ပျောက်ဖြစ်သွားအောင် ငါပြောပြမယ်၊ နားထောင်"

ဦးချမ်းသာက မာန်ပြေရန်ပြေ စကားဆိုလိုက်မှ ဒေါ်မြမေမှာ တည်ငြိမ်၍ လာပါတော့သတည်း။

"သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သခင် သီတင်းသုံးတော်မူစဉ် ဆတ္တပါဏိအမည်ရှိတဲ့ အနာဂါမ် ဥပါသကာကြီးဟာ မြတ်စွာဘုရားထံတော်ပါးသို့ ရှိသေစွာ ချဉ်းကပ်၍ မြတ်နိုးစွာ ကြည်ညိုနေပါသတဲ့၊ အဲသည်ခိုက်မှာ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကလည်း ဘုရားကို ဖူးမြော်ရအောင် ကြွလာပါတယ်၊ တရားနာတဲ့ လူအပေါင်းဟာ ဘုရင်ကြီးကြွလာတယ်ဆိုတော့ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတယ်၊ တချို့ကလည်း ခရီးဦးကြို ပြုကြတယ်၊ တချို့ကလည်း နေရာဖယ်ပေးကြတယ်၊ တချို့က လက်အုပ်ချီပြီး အရိုအသေ အသိအမှတ် ပြုလိုက်ကြတယ်၊ ဒီအခါမှာ ဆတ္တပါဏိ ဥပါသကာကြီးက စဉ်းစားလိုက်မိတယ်၊ ဘုရင်ကြီးကြွလာတာကို လေးစားတဲ့သဘောနဲ့ နေရာမှ ထ,ပေးရရင်ကောင်းမလား၊ ဖယ်ပေးရရင်ကောင်းမလား၊ ကြွတော်မူပါ အရှင်မင်းကြီးလို့ လေးစားသမှုနဲ့ ခရီးဦးကြိုပြုရရင်ကောင်းမလား၊ ကျေးတော်မျိုး ကျွန်တော်မျိုးတစ်ယောက် က အဲသလိုမှ ဦးစားမပေးရင်ဘုရင်တို့မည်သည် မျက်မာန်ရှတတ်တယ်၊ အဲသလို စဉ်းစားလိုက်မိသတဲ့"

"စဉ်းစားစရာ မလိုပါဘူးရှင်၊ ဘုရင်ကြီးလာတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေက အရိုအသေပေးပြီး ခရီးဦးကြို ပြုကြရမှာပေါ့၊ လူကြီးတွေကလည်း ပျူပျူငှာငှာ ပျာပျာသလဲ ကြိုဆိုကြမှ ကြိုက်တတ်တယ် မဟုတ်လား၊ ကြိုဆိုဧည့်ခံလို့ ကိုယ့်မှာ ဘာမှ မနစ်နာလိုက်ပါဘူး၊ ဝတ္တရားပျက်ရင်သာ အပြောင်ခံကြရမှာ၊ အခုပြောတဲ့ ဥပါသကာကြီးက ဘာဖြစ်လို့များ စဉ်းစားနေရတယ် မသိဘူး"

"လူဆိုတာ ကိုယ့်ထက် ရာထူးဌာနန္တရကြီးတဲ့သူ မြင့်တဲ့သူ ဆိုရင် အရိုအသေပေးရတာ လူ့ဝတ္တရားပါပဲ၊ ဒါပေမယ့် ကာလ ဒေသ ပုဂ္ဂလအခြေအနေက ရှိသေးတယ်လေကွာ၊ ဒါကြောင့် ဥပါသကာကြီးက စဉ်းစားရတာပေါ့၊ အခုကြည့်လေ၊ ဘုရင်ကြီး ကြွမလာခင်ကတည်းက ဘုရားကိုလက်အုပ်ချီပြီး သူက ကြည်ညို နေတယ် မဟုတ်လား၊ ဘုရင်ကြီးကြွလာလို့ အရိုအသေ ပြုလိုက်တယ် ဆိုရင် ဘုရားအား ဂါရဝပြုနေတာကို ဖျက်ပစ်ရမှာပေါ့၊ ဥပါသကာကြီး ဟာ လူသာမန် ပုထုဇဉ် မဟုတ်ဘူးလေ၊ အနာဂါမ်အရိယာကြီး ဖြစ်နေတယ်၊ ဒါကြောင့် ကောသလဘုရင်ကြီးက မျက်မာန်တော် ရှကာမှ ရှရော့၊ ရာဇဝတ်အပြစ်ဒဏ်ခံကာမှ ခံရရော၊ မြတ်စွာဘုရား ကို ကြည်ညိုနေတဲ့ဝတ်က မဖျက်လိုက်တော့ဘူးတဲ့"

"အတော်လည်း ရဲရင့်တဲ့ ပုဂ္ဂိုလ်ကြီးပဲနော်"

"သရဏဂုံတည်မြဲတယ်ဆိုတာ ဒါမျိုးကို ပြောတာပေါ့ကွ၊ တို့တစ်တွေက 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လို့ တော့ သီလယူတိုင်းဆိုနေကြ ပါရဲ့၊ 'သရဏံ' ကိုးကွယ်ရာဟူ၍၊ 'ဂစ္ဆာမိ' ဆည်းကပ်ပါ၏ လို့သာ ပါးစပ်ကပြောနေကြပေမဲ့ မိရိုးဖလာနတ်တွေကိုရော၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းဆိုတာတွေရော၊ အထက်ဆရာကြီး ဘိုးဘိုးကြီး ဝိဇ္ဇာ ကြီးတို့ကို ဘုရားစင်နဲ့ တစ်တန်းတည်းထားပြီး ကိုးကွယ် ဆည်းကပ် နေကြတာမဟုတ်လား၊ သောတာပန်ကအစ ရဟန္တာအထိ အရိယာ ပုဂ္ဂိုလ်များကတော့ ဘုရားမှတစ်ပါး ဘယ်သူ့ကိုမှ ကိုးကွယ်ရာရယ်လို့ မဆည်းကပ်ကြတော့ဘူးလေ၊ အသက်သေကာမှသေရော့"



"အသက်သေကာမှ သေရော့ဆိုလို့ သတိရတာလေး တစ်ခု မေးရဦးမယ်၊ လူတွေဟာ မသာအလောင်းကို သရဏဂုံ တင်နေ ကြတယ်၊ အဲဒါဟာ သရဏဂုံ တည်နိုင်ပါ့မလား"

"စဉ်းစားကြည့်၊ ငှက်ပျောတုံးကို သရဏဂုံတင်ရင် ရပါ့မလား"

"ဘယ်ရနိုင်မလဲ"

"အဲဒီလိုပဲပေါ့ကွ၊ ဥတုဇရုပ်ဖြစ်တဲ့ အသုဘအလောင်းကောင် ကြီးကို သရဏဂုံတင်လို့မရပါဘူး၊ မသာကိုတင်ဖို့ထက် အသက်ရှိနေ တုန်း ကိုယ့်ကိုယ်ကို သရဏဂုံ တင်နေကြဖို့သာ အရေးကြီးပါတယ်၊ ဒါကြောင့် သရဏဂုံတည်မြဲနေတဲ့ ဆတ္တပါဏိ ဥပါသကာကြီးက မတုန် မလှုပ် နေဝံ့တာပေါ့"

"ကောသလဘုရင်ကြီးက မျက်မာန်တော် မရှဘူးလား"

"ဘယ်နေလိမ့်မလဲ၊ ငါလိုဘုရင်ကို မထီမဲ့မြင်နေဝံ့ရသလားလို့ ရွှေစိတ်တော်ခုတော့တာပေါ့၊ ဗုဒ္ဓရဲ့ကျောင်းတော်တွင်း ဗုဒ္ဓရဲ့ရှေ့တော် မှောက်မှာမို့သာ တော်တော့တယ်၊ မြို့တွင်း နန်းတွင်းမှာသာဆိုရင် ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်အခတ်ခံရမှာသေချာတယ်"

"ဟုတ်တာပေါ့နော်၊ မြတ်စွာဘုရားကတော့ ကောသလ မင်းကြီးရဲ့ ဒေါသဖြစ်တာကို သိတော်မူလိုက်မှာပဲ"

"ဟာ- သိတာပေါ့၊ ပရစိတ္တဝိဇာနနအဘိညာဉ်နဲ့လည်းပြည့်စုံ တယ်၊ အာသယာနုသယဉာဏ်တော်နဲ့လည်း ပြည့်စုံတော်မူတယ်လေ၊ ဒါကြောင့် ဒေါမနဿ အကြိတ်အခဲနဲ့ ခိုးလိုးခုလု ဖြစ်နေတဲ့ကောသလ မင်းကြီးကို 'အသင်မင်းကြီး၊ ဤဆတ္တပါဏိ ဥပါသကာဟာ ပညာ ရှိသောသူ ဖြစ်တယ်၊ သိမြင်အပ်ပြီးတဲ့ တရားရှိတယ် (အရိယာ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဆိုလိုတဲ့သဘော) ပိဋကတ်သုံးပုံကို ဆောင်နိုင် တယ်၊ အကျိုးဟုတ်သည် မဟုတ်သည်၌လည်း လိမ္မာလှပေတယ်'

www.burmeseclassic.com

www.burmeseclassic.com

လို့ ဥပါသကာကြီးရဲ့ဂုဏ်ကို ပြောပြဆုံးစပ်ပေးလိုက်ရတယ်၊ အဲဒီတော့မှ ကောသလဘုရင်ကြီးဟာ ရာဇမာန်ပြေပျောက်၍ ဒေါသ အငြှော်က်ကလေး ငြိမ်းအေးသွားပါတော့တယ်"

"တော်သေးတာပေါ့နော်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဥပါသကာကြီးကို ချီးမွမ်းလိုက်တော့ ရှင်ဘုရင်ကြီးက သူ့ထက်အဆင့်အတန်းမြင့်မှန်း သိသွားမှာပေါ့၊ လူတွေမှာ ခက်တာတစ်ခုက ကိုယ်တိုင်ဖြင့် အကဲမခတ်နိုင်ကြဘူး၊ ကိုယ့်ထက်ကြီးတဲ့သူက ချီးမွမ်းမှ လေးစားရမှန်း သိလာတတ်ကြတယ်"

"ဒါဟာ ပုထုဇဉ်လူသားတွေရဲ့ သဘာဝပါပဲကွာ"

"နောက်တော့ ဘယ်လိုဖြစ်လဲ ဆက်ပြောပါဦး"

"ရက်ပေါင်းများစွာ ကြာလွန်လာတဲ့တစ်နေ့မှာ ကောသလမင်းကြီးက သူ့နန်းတော် လေသာပြတင်းပေါက်မှ မင်းလမ်းမကြီးဘက်လျှောက်ကို ကြည့်နေတယ်၊ အဲဒီအချိန်မှာ ဖိနပ်ကိုစီး ထီးကိုဆောင်း၍ ခရီးသွားနေတဲ့ ဆတ္တပါဏိ ဥပါသကာကို မြင်တော်မူလိုက်သတဲ့၊ ဒီတော့ ကျောင်းတော်မှာ တွေ့ခဲ့ရတာတွေ သတိရလာလို့ ဆတ္တပါဏိကို မိမိအပါးသို့ အခစားဝင်ရန် မင်းချင်းတစ်ယောက်အား လွှတ်ပြီး အမိန့်တော်နဲ့ အခေါ်ခိုင်းလိုက်တယ်"

"ဟောတော့ ဒုက္ခပါပဲ၊ ရာဇဝတ်ဒဏ်ပေးတော့မယ် ထင်ပါရဲ့"

"မင်းချင်းက အဆောတလျင်သွားခေါ်တယ်၊ ခေါ်တော့ ဆတ္တပါဏိ ဥပါသကာဟာ ဆောင်းထားတဲ့ထီးကိုပိတ်၊ စီးထားတဲ့ ဖိနပ်ကိုချွတ်ပြီး ရိုရိုသေသေလိုက်ပါလာတာကို ဘုရင်ကြီးက မြင်နေရတယ်၊ ဆတ္တပါဏိဥပါသကာဟာ ကောသလမင်းကြီးမြင်လောက်တဲ့ အဆောင်တံခါးဝမှစ၍ တုပ်ပျပ်ဝပ်လျှိုး ရှိခိုးပြီးတော့ အပါးတော်အရောက် ဒူးထောက်ခ,စားလာတယ်၊ ဒီအခါမင်းကြီးက 'ဘာဖြစ်လို့ ထီးနဲ့ဖိနပ်ကို ရုပ်သိမ်း၍လာသလဲ ဥပါသကာ' လို့ မေးတော်မူတယ်၊



'အရှင်မင်းမြတ် ခေါ်တော်မူတယ်ဆိုလို့ ထီးနဲ့ဖိနပ်ကိုချွတ်၍ လာခဲ့ရပါကြောင်း' သံတော်ဦးတင်လိုက်တယ်၊ ဒီတော့ 'အခုမှ ငါကိုယ်တော်မြတ်ကို ဘုရင်ဖြစ်ကြောင်းသိသလား ဥပါသကာ' လို့ မေးတယ်"

"ဥပါသကာကြီးက ဘယ်လိုပြန်ဖြေသလဲ"

"'အရှင့်ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သော ကျွန်ုပ်က အရှင်မင်းကြီးအား ထာဝစဉ် ဘုရင်ဖြစ်ကြောင်း သိနေသူပါ ဘုရား' လို့ ဆတ္တပါဏိ ဥပါသကာက လျှောက်တယ်၊ 'ဒီလိုသိနေရင် ဘုရားရှင်ကျောင်းတော်တုန်းက ငါ့ကို ဘာဖြစ်လို့ ဂါရဝအမှုနဲ့ ဦးစားမပြုရတာတုန်း' လို့ မေးပြန်တယ်"

"ဒါလဲ စကားနာထိုးတာပေါ့၊ ရှင်ဘုရင်ကြီးကလည်း မိန်းမလို မိန်းမရ နိုင်လိုက်တာ၊ ဒီတော့ ဆက်ပြောပါဦး"

"ဒီတော့ ဥပါသကာကြီးက 'အရှင်မင်းကြီး၊ အရှင့် ကျွန်တော်မျိုးက မင်းတကာတို့ထက်မြတ်တဲ့ မြတ်စွာဘုရားကိုရှိခိုးနေရာမှ တစ်စိတ်တစ်ဒေသလောက်သော ရေမြေကို အစိုးရတဲ့ ပဒေသရာဇ်မင်းကိုမြင်လို့ ခရီးဦးကြိုပြုလိုက်မယ်ဆိုရင် မြတ်စွာဘုရားကို မရိုသေရာရောက်သွားပါလိမ့်မယ်၊ ဒါကြောင့် အရှင်မင်းကြီးကို ဂါရဝမပြုဘဲ နေလိုက်ရတာပါဘုရား' လို့ ပြန်လျှောက်လိုက်တယ်"

"ကောင်းတယ်၊ ပြောင်ပြောင်တင်းတင်းပဲ၊ မြတ်စွာဘုရားရဲ့ 'အရဟံ' ဆိုတဲ့ ဂုဏ်တော်တစ်ပါးပါပဲ၊ 'လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်းအထူးကို ခံယူထိုက်တော်မူသော မြတ်စွာဘုရား' လို့ ဖွင့်ဆိုထားတာပဲဟာ၊ ဒီတော့ ဘုရင်ကြီးက ဒေါသပိုဖြစ်လာရောလား"

"မဖြစ်ပါဘူး၊ တကယ်ဆိုတော့ ကောသလမင်းကြီးကိုယ်တိုင်လည်း ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်ပါ၊ လျှောက်တင်တဲ့ စကားကလည်း မှန်နေတယ်လေ၊ ဒါကြောင့် စိတ်မဆိုးတဲ့အပြင် ဥပါသကာကြီးကို သာဓုတောင် ခေါ်လိုက်ပါသေးသတဲ့၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာဆက်ပြောသလဲဆိုရင် 'အသင် ဥပါသကာကြီး၊ သင့်ကို မြတ်စွာဘုရားကိုယ်တော်တိုင်က ပိဋကတ် သုံးပုံကို ဆောင်နိုင်သူ ဖြစ်တယ်၊ အရိယာပုဂ္ဂိုလ်ကြီးလည်း ဖြစ်တယ်လို့ အဲဒီလို ချီးကျူး ဂုဏ်ပြုတော် မူလိုက်ပါတယ်၊ ဒါကြောင့် ငါ့နန်းတော်မှာလာပြီးတော့ ပိဋကတ်များကို သင်ကြားပေးပါ' လို့ တောင်းပန်တယ်"

'အသင်မင်းကြီး၊ ကျွန်တော်မျိုး မဝံ့ပါဘုရား'

'အဘယ်ကြောင့်လဲ ဥပါသကာ'

'အရှင်မင်းမြတ်တို့ စံတော်မူရာ နန်းတော်ဆိုသည်မှာ မင်းမှု ရေးရာတို့၌ အပြစ်မကင်းစရာများရှိတတ်ပါတယ်၊ ကျွန်တော်မျိုးကြီး တို့မှာလည်း မင်းမှုရေးရာကို ကျွမ်းကျင်သူများမဟုတ်ပါ၊ ကျွန်တော်မျိုး အစား ရဟန်းတစ်ပါးကိုသာ ပင့်ဆောင်၍ သင်ယူတော်မူပါ ဘုရား' လို့ လျှောက်ထားလိုက်တယ်"

"ဒါလည်း ဟုတ်တာပဲ၊ ရှင်ဘုရင်စံတော်မူရာ နန်းတော်ဆိုတာ အဝင်ရ အထွက်ရလည်း ခက်ပါဘိသနဲ့၊ မောင်းမမိဿံ အပျိုတော် အခြွေအရံကအစ သူတို့နဲ့ဆက်ဆံရမှာကလည်း လွတ်လွတ်လပ်လပ် ရှိမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ တရားဒေသနာ ဟောပြောပို့ချ သင်ပေးရတဲ့ နေရာမှာလည်း လူနဲ့လူချင်းထက် ရဟန်းတစ်ပါးပါးက သင်ကြားပို့ချမှ လေးစားကြမယ် မဟုတ်လား"

"ငါ့မိန်းမက အများကြီးတိုးတက်လာပါလားကွ၊ မင်းပြောတဲ့ သဘောအဓိပ္ပာယ်တွေအကုန်အကျုံးဝင်အောင် ဆတ္တပါဏိ ဥပါသကာ က လျှောက်လိုက်တာပေါ့၊ အဲဒီစကားကို ဘုရင်မင်းတရားကြီးက လက်ခံတော်မူတယ်၊ 'အသင်လျှောက်ထားတာ မှန်ပါပေတယ် ဥပါ သကာကြီးရယ်၊ သင့်အစား ဘုရားကိုယ်တော်မြတ်ထံ ဓမ္မာစရိယ တစ်ပါးကို နန်းတော် ပင့်ရအောင် လျှောက်ထားပါ့မယ်' လို့ပြောလိုက် တယ်၊ အဲသလိုနဲ့ ကောသလမင်းကြီးက မြတ်စွာဘုရားထံ သူ့ရဲ့



မိဖုရားများဖြစ်ကြတဲ့ မလ္လိကာနဲ့ ဝါသဘခတ္တိယာတို့ကို တရားဓမ္မများ သင်ကြားဖို့ သံဃာတော်တစ်ပါးကို စေလွှတ်ပေးပါရန် တောင်းပန် လျှောက်ထားတယ်၊ ထိုအခါ မြတ်စွာဘုရားက ညီတော်အာနန္ဒာမထေရ် အား ထိုကိစ္စကိုတာဝန်ပေးတော်မူလိုက်တယ်၊ အဲဒီမိဖုရားနှစ်ပါး အကြောင်း စကားစပ်မိလို့ ပြောရဦးမယ်၊ မလ္လိကာမိဖုရားဆိုတာက သာဝတ္ထိပြည်အနီးမှာရှိတဲ့ ဥယျာဉ်ကြီး တစ်ခုက ဥယျာဉ်မှူးကြီးတစ်ဦးရဲ့ သမီးပျိုဖြစ်တယ်၊ ကောသလမင်းကြီး ရာဇဂြိုဟ်ပြည် အဇာတသတ် မင်းနဲ့ စစ်ခင်းပြီးပြန်အလာမှာ ဥယျာဉ် ကြီးအတွင်း ဝင်နားနေတုန်း အလွန်တရာလှပပြီး လိမ္မာရေးခြား ရှိလွန်းတဲ့ မလ္လိကာကိုတွေ့လို့ နှစ်သက်ကြည်ဖြူတော်မူတာနဲ့ မိဖုရားအရာ ကောက်ယူချီးမြှင့်တော် မူလိုက်တာဖြစ်တယ်၊ ဝါသဘခတ္တိယာ မိဖုရားကတော့ သကျသာကီဝင် မဟာနာမ်မင်းကြီးထံမှ တောင်းယူ၍ မိဖုရားမြှောက်ထားခြင်း ဖြစ်တယ်၊ နောင်အခါ ဝိဋဋူပမင်းသားရဲ့ မယ်တော်ဖြစ်လာတာပေါ့"

"ဪ- သိပြီ၊ သိပြီ၊ ဒါသီကို သာကီလုပ်ပြီး ပေးလိုက် တယ်ဆိုတဲ့ မိဖုရားပေါ့၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ပသေနဒီ ကောသလမင်းကြီးဟာ မြတ်စွာ ဘုရားနဲ့ အလွန်ရင်းနှီးကျွမ်းဝင်လိုတဲ့အတွက် သာကီဝင် မင်းသမီး တစ်ပါးကို မိဖုရားအရာ မြှောက်စားလိုက်မယ်ဆိုရင် ဗုဒ္ဓသခင်နဲ့ဆွေမျိုး တော်စပ်ပြီးသား ဖြစ်သွားလိမ့်မယ်လို့ ယူဆပြီး သာကီဝင်မင်းတို့ထံမှ မင်းသမီးတစ်ပါးကို တောင်းလိုက်တယ်၊ သကျသာကီဝင် မင်းမျိုး ဆိုတာကလည်း အသမ္ဘိန္နခတ္တိယဆိုတဲ့ မျိုးချစ်မာနနဲ့ ကိုယ့်သွေး ကိုယ့်သား ဆွေမျိုးများထဲကို သူတစ်ပါးသွေး အရောမခံလိုကြဘူးလေ၊ တောင်းခံလာတဲ့ ကောသလမင်းကြီးရဲ့ လိုအင်ဆန္ဒကိုလည်း ငြင်းရှောင် တိမ်းဖယ်ပြီး မဆက်ဘဲမနေဝံ့ကြဘူး၊ ဗုဒ္ဓခေတ်အခါက ကောသလ တိုင်းနဲ့ ကောသလဘုရင်ဟာ စစ်သည်လက်နက်၊ ခွန်ထွက်ဘဏ္ဍာ၊

www.burmeseclassic.com

www.burmeseclassic.com



ပြည်ရွာတိုင်းကား၊ အကြီးမားဆုံးဖြစ်နေတယ်၊ ဒါကြောင့်ကပ္ပိလဝတ် ပြည်ကမပြောနဲ့၊ မာဂဓတိုင်း ရာဇဂြိုဟ်ကတောင် ခုံညားရှိသေရတဲ့ ရှင်ဘုရင်ဖြစ်တယ်၊ ဒီတော့ သာကီဝင်မျိုး အစစ်မဟုတ်တဲ့ မင်းသမီး ကလေးတစ်ပါးကို အဆောင်အယောင်ကြီးစွာနဲ့ လိမ်လည်ပြီး ပို့လိုက် တယ်ပေါ့ကွာ"

"ဝိဋဋူဘမယ်တော်ဆိုတဲ့ မင်းသမီးအကြောင်းကိုတော့ ကြားဖူး ထားပါတယ်၊ မလ္လိကာမိဖုရား အကြောင်းကိုတော့ အခုမောင်ပြောမှပဲ သိရတယ်၊ အရှင်အာနန္ဒာမထေရ်မြတ်က အဲဒီ မိဖုရားနှစ်ပါးကို နေ့စဉ်ကြွလာပြီး သင်ပေးတော်မူတယ်ပေါ့နော်"

"နေ့စဉ်ကြွလာပြီး ပို့ချသင်ပေးတော်မူပါတယ်"

"သင်ပေးတယ်ဆိုတာ ဘယ်လိုသင်တာလဲ"

"အဲဒီအချိန်အခါတုံးက ကျမ်းတစ်ကျမ်းရယ်လို့ ကျောက်ထက် ပေထက်အက္ခရာတင်ထားတာ မရှိသေးလေတော့ နှုတ်တိုက်အာဂုံ ပို့ချပေးရပါတယ်၊ အဲဒါကို သင်ယူတဲ့လူက သရဇ္ဈာယ်ရပါတယ်"

"သရဇ္ဈာယ်တယ်ဆိုတာ ဘာကိုခေါ်တာလဲ"

"ဆရာကနှုတ်တိုက်ချပေးတဲ့ဂါထာ၊ ပါဠိတို့ကို အထပ်ထပ် အဖန်ဖန် ရွတ်အံနေရတာကို သရဇ္ဈာယ်တယ်လို့ခေါ်တယ်၊ အရှင် အာနန္ဒာမထေရ်က နေ့ရှည်လများ သင်ကြားပြီးတဲ့အခါမှာ မြတ်စွာ ဘုရားသခင်က တစ်နေ့တော့ အာနန္ဒာမထေရ်ကို မေးတော်မူတယ်"

'ချစ်သားအာနန္ဒာ၊ ဥပါသိကာမ တို့သည် တရားတော်ကို သင်ယူကြကုန်သလော'

'သင်ယူကြပါသည်ဘုရား'

'ရိုသေကောင်းမွန်စွာ သင်ယူကြပါသလော"

'မြတ်စွာဘုရား၊ မလ္လိကာမိဖုရားက ရိုသေကောင်းမွန်စွာ သင်ယူပါသည်၊ ရိုသေကောင်းမွန်စွာ သရဇ္ဈာယ်ပါသည်၊ ရိုသေ



ကောင်းမွန်စွာ သင်ယူအပ်သော ပါဠိကို ဝန်ခံစေခြင်းငှာ စွမ်းနိုင်ပါ သည်၊ ရှင်တော်မြတ်ဘုရား၏ ဆွေတော်မျိုးတော်ဖြစ်သော ဝါသဘ ခတ္တိယာ မိဖုရားကား ရိုသေကောင်းမွန်စွာ မသင်ယူပါ၊ မသရဇ္ဈာယ်ပါ၊ သင်ယူအပ်သော ပါဠိကိုဝန်ခံစေခြင်းငှာမစွမ်းနိုင်ပါ' ဟုလျှောက်တယ်"

"ဝန်ခံစေခြင်းငှာ စွမ်းနိုင်တယ်ဆိုတာ ဘာကိုပြောတာလဲ"

"ဝန်ခံစေခြင်းငှာစွမ်းနိုင်တယ်ဆိုတာ မှန်မှန်ကန်ကန် ကျကျ နနကို ရွတ်ပြနိုင်တယ်၊ ဆရာက အေး ဟုတ်ပြီ၊ မှန်ပြီလို့ဝန်ခံသည် အထိ၊ အားရကျေနပ်သည်အထိ နှုတ်တက်အာဂုံရတာကို ဆိုလိုတယ်"

"ဒါဖြင့် မိဖုရားချင်းအတူတူ မလ္လိကာမိဖုရားက ဝါသဘ ခတ္တိယာထက် အရည်အချင်းသာတာပေါ့နော်"

"သာတာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက အာနန္ဒာ မထေရ်ကို

'ချစ်သားအာနန္ဒာ၊ အဆင်းသာရှိ၍ အနံ့မရှိသော၊ တင့်တယ် လှပသော ခေါင်ရန်း၊ ပေါက်ပွင့်စသောပန်းသည် ပန်ဆင်သောသူအား ရနံ့တည်းဟူသော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော (ပိဋကတ်) စကားတော်သည် သင်ကြား နာယူ၊ ကျင့်ကြံခြင်းမရှိသူအား အကျိုးကို မဆောင်နိုင်'

'ချစ်သားအာနန္ဒာ၊ အဆင်းအနံ့ပြည့်စုံ၍ တင့်တယ်လှပသော ကြာညို၊ စကားဝါ စသောပန်းသည် ပန်ဆင်သူအား ရနံ့တည်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော ပိဋကတ် စကားတော်သည် ရိုသေစွာ သင်ကြား၊ နာယူ၊ ကျင့်ကြံခြင်းရှိသူအား အကျိုးကို ဆောင်နိုင်၏' ဟု မိန့်တော်မူတယ်"


"သြော်၊ ဒါကြောင့်မို့လို့ မောင်က ကြာညိုနဲ့ခေါင်ရန်း၊ သူလည်း ပန်း ကိုယ်လည်းပန်း၊ ပန်းရယ်လို့အတူတူခေါ်ခံရစေကာမူ ရနံ့ကျတော့ ကြာညိုမှာသာရပြီးခေါင်ရန်းမှာ လုံးဝမရှိဘူးလို့ ပြောခဲ့တာကိုး"

"ဟုတ်ပေ့ဗျား"

www.burmeseclassic.com

www.burmeseclassic.com

# မိဖုရားမလ္လိကာ



မလ္လိကာမိဖုရားခံစားရတဲ့
မွေ့ရသအကျိုးဟာ
သူတစ်ကိုယ်တည်း
နှလုံးစိတ်ဝမ်း
အေးချမ်းရုံမကဘူး
အကျိုးမဲ့သေကြရတော့မယ့်
လူနဲ့တိရစ္ဆာန်ပေါင်းများစွာတို့ရဲ့
အသက်တွေကိုလည်း
ချမ်းသာအောင်
ဆောင်ရွက်နိုင်ခဲ့တယ်

ယထာပိ ရုစိရံပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာဝါစာ၊ အဖလာဟောတိ အကုဗ္ဗတော။

ရုစိရံ=တင့်တယ်သည်ဖြစ်၍။ ဝဏ္ဏဝန္တံ=အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော။ အဂန္ဓကံ=အနံ့မရှိသော။ ပုပ္ဖံ=ကသစ်ခေါင်ရန်း စသော ပန်းသည်။ အဖလံ=အကျိုးမရှိသည်။ ဟောတိယထာ=ဖြစ်သကဲ့သို့။

www.burmeseclassic.com

www.burmeseclassic.com



ဇဝံ=ဤအတူ။ သုဘာသိတာ=ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဝါစာ=ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်သည်။ အကုဗ္ဗတော=ရှိသေစွာ သင်ကြားနာယူခြင်း စသည်ဖြင့် မပြုမကျင့်အပ်သောသူအား။ အဖလာ=အကျိုးမရှိသည်။ ဟောတိ=ဖြစ်၏။

ယထာပိ ရုစိရံပုပ္ဖံ၊ ဝဏ္ဏဝန္တံ သုဂန္ဓကံ။

ဇဝံ သုဘာသိတာဝါစာ၊ သဖလာဟောတိ သကုဗ္ဗတော။

ရုစိရံ=တင့်တယ်သည်ဖြစ်၍၊ ဝဏ္ဏဝန္တံ=အဆင်းသဏ္ဌာန်နှင့် ပြည့်စုံထသော၊ သုဂန္ဓကံ=ကောင်းသော အနံ့လည်းရှိထသော၊ ပုပ္ဖံ=ကြာညို ဇလပ် ရင်ခတ် ပွင့်ဆန်း ကတက်ပန်း စသောပန်းသည်၊ သဖလံ=အကျိုးရှိသည်၊ ဟောတိယထာ=ဖြစ်ဘိသကဲ့သို့၊ ဇဝံ= ဤအတူ၊ သုဘာသိတာ=ကောင်းစွာဟောကြားတော်မူအပ်သော၊ ဝါစာ =ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်သည်၊ သကုဗ္ဗတော=ရှိသေစွာ သင်ကြားနာယူခြင်း စသည်ဖြင့် ပြုကျင့်သောသူအား၊ သဖလာ=များစွာအကျိုးရှိသည်၊ ဟောတိ=ဖြစ်၏။ ဦးချမ်းသာက မမ္မပဒကို သံနေသံထားနှင့် ဖတ်နေသည်။

ဒေါ်မြမေက နှစ်လိုကြည်ညိုစွာ သူ့ခင်ပွန်းသည်ကို ကြည့်နေလေသည်။

ကတုံးဆံတောက်ဆန်ဆန် ခပ်တိုတို ခပ်ပါးပါး ဆံပင်တို့၌ ဆံပင်ဖြူတို့က အတော်များများ နေရာယူထားကြလေသည်၊ မျက်ခုံးမွေးများ၌ပင်လျှင် တစ်ပင်စ နှစ်ပင်စ ထိုးထိုးထောင်ထောင် ငွေရောင်တွေက သန်းလာလေပြီ၊ မျက်နှာပြင်၌ကား အရေးအကြောင်းကလေးများက နက်ရှိုင်း၍လာပြီးလျှင် အရေအသားတို့က ပျော့ရရှော့ ရှိနေကြသည်၊ မျက်မှန်ကို အားကိုး၍ ကြိုးစားကာ ဖတ်နေရသော မျက်စိနှစ်လုံး၏ အရောင်မှာပင် မှေးမှိန်ဖျော့တော့ အမြင်အား လျော့နေပုံရသည်၊ ဦးချမ်းသာက ဂါထာကို ဖတ်၍ ပြီးဆုံးသွားသည်။



"ဒါ ရှင်ပြောခဲ့တဲ့ ကြာညိုနဲ့ခေါင်ရန်းဝတ္ထုထဲက ဘုရားဟောတော်မူတဲ့ စကားပဲမဟုတ်လား" ဟု ဒေါ်မြမေက မေးလိုက်သည်။

ဦးချမ်းသာက စာအုပ်တွင် လက်ညှိုးညှပ်၍ ပိတ်လိုက်ရင်း

"ဟုတ်တယ်လေ၊ မလ္လိကာမိဖုရားနဲ့ ဝါသဘခတ္တိယာ မိဖုရားတို့ကို ပန်းနဲ့တင်စားပြီး ဘုရားဟောတော်မူတဲ့ စကားတော်ပေါ့" ဟု ဇနီးသည်အား ကြည်ကြည်သာသာ ဖြေလိုက်သည်။

"မြတ်စွာဘုရား ကိုယ်တော်မြတ်က မိဖုရားနှစ်ပါးကို ပန်းနဲ့ တင်စားပြီး ဥပမာပေးတော်မူတာဟာ သဘာဝကျလိုက်တာနော်၊ အမျိုးသမီးများဟာ ပန်းဆိုရင် သိလွယ်တယ် နားလည်လွယ်တယ်၊ မြတ်လည်းမြတ်နိုးကြတယ်လေ" ဟု ဆိုလိုက်သောအခါ ဤစကားကို ငယ်ငယ်ရွယ်ရွယ်တုန်းကသာဆိုလျှင်ဦးချမ်းသာက 'အကျအန' ကောက်၍ အရှန်းဖောက်လိုက်မည်ဖြစ်သော်လည်း ယခု အသက်အရွယ်နဲ့ဖြင့် 'ကလိန်းကလက်' ပြောမထွက်တော့ပါ။

"မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ အံ့ဝင်ခွင်ကျ ဥပမာ ဥပမေယျတို့ဖြင့် အလွယ်ဆုံး အရှင်းဆုံး ဟောတော်မူလေ့ရှိတဲ့အတွက် 'ဝါစာအစိန္တေယျ' သုဂတ ဂုဏ်တော်ကြီးကို ရတော်မူတာပေါ့ကွယ်၊ အခုပဲကြည့်လေ၊ ပန်းဆိုပေမဲ့ ခေါင်ရန်းပန်းတို့လို လှရုံသာလှပြီး အနံ့မရှိတဲ့ ပန်းဆိုရင် 'ခေါင်းပေါ်တင်' မပန်ချင်ကြဘူး မဟုတ်လား"

"ဟုတ်တယ်၊ ခေါင်ရန်းဆိုရင် အ မင်္ဂလာပန်းလို့တောင် ခေါ်ကြတယ်လေ"

"အေး၊ ကြာညိုပန်းကျတော့ အရောင်အသွေးကလည်း ညိုပြာပြာကလေးနဲ့ လှတယ်၊ ရနံ့ကျပြန်တော့လည်း သင်းသင်းပျံ့ပျံ့ ကလေးနဲ့ မွှေးတယ်၊ ဒါကြောင့် ဥပ္ပလဝဏ်ထေရီမ အလောင်းတော်ကြီးက သူ့ကိုယ်မှာ 'ကြာညိုနံ့လေး သင်းနေရပါလို၏' လို့ ဆုတောင်းခဲ့တာပေါ့"

"ဟုတ်တယ်နော်၊ ကြာညိုခေါင်ရန်း ပန်းနှစ်ပွင့်နဲ့ တင်စား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာဟာ မလ္လိကာမိဖုရားနဲ့ ဝါသဘခတ္တိယာ မိဖုရားတို့ရဲ့အရည်အချင်းကို 'ဒက်ခန့်'နေအောင် ဖော်ပြတော်မူလိုက်တာပဲ၊ ဝါသဘခတ္တိယာ မိဖုရားက အဆင်းသာရှိမယ် အချင်းမရှိဘူး၊ မလ္လိကာမိဖုရားကျတော့ အဆင်းရောအချင်းရော ပြည့်စုံတဲ့သဘောပဲ"

"ဝါသဘခတ္တိယာ မင်းသမီးဟာ သကျမင်းသွေးအစစ် မဟုတ်ပေမဲ့ သွေးနီးစပ်ပြီး ထီးထဲနန်းထဲနေခဲ့ရတာကြောင့် 'မပြည့်တဲ့အိုးဘောင်ဘင်ခတ်' ဆိုသလို သွေးကြီးနေပုံ ရပါတယ်၊ ဒါကြောင့်သာ ဗုဒ္ဓမုက္ခပါဠ်ကို လေးလေးမြတ်မြတ် မှတ်မိသားမိ မရှိတာနဲ့တူပါတယ်၊ ဒါပေမဲ့ ငယ်စဉ်ကတည်းက ထီးထဲနန်းထဲ နေခဲ့ရသူဆိုတော့ ရုပ်ရည်ရူပကာယကလည်း လှလှပပ ရှိလိမ့်မယ်၊ ရွှေနန်းထုံးတမ်းဓလေ့တွေကလည်း ကျွမ်းကျင်ပြီးသားရှိလိမ့်မယ်၊ ဒီတော့ 'မင်းရိပ်မင်းခြည်'ကိုသိပြီး 'အခအစား' 'အလျှောက်အတင်' 'အဆက်အဆံ' ရာဇပရိယာယ်အသွယ်သွယ်ကို နားလည်ကျင့်သုံးနိုင်သူဖြစ်လို့ ပသေနဒီကောသလ မင်းကြီးကိုယ်တိုင်က သဒ္ဒါမြတ်နိုးတော်မူပေလိမ့်မယ်"

"ဒါကတော့ ထုံးစံပဲလေ၊ မောင်တို့ ယောကျ်ားများကလည်း အပလီ အခရာ တီတီတာတာ လုပ်တတ်တဲ့ မိန်းမမှ ရွှေသဘောတော်ပိုကျတယ် မဟုတ်လား"

"ထားပါတော့ကွာ၊ မလ္လိကာမိဖုရားအကြောင်းသာ ဆက်ကြရအောင်၊ မလ္လိကာကတော့ ဝါသဘခတ္တိယာနဲ့စာရင် တည်တည်ငြိမ်ငြိမ်ရှိလိမ့်မယ်၊ သိမ်မွေ့နူးညံ့တဲ့ နှလုံးသားလည်း ရှိလိမ့်မယ်၊ နက်နက်နဲနဲဆင်ခြင်တဲ့ ဉာဏ်လည်း ရှိလိမ့်မယ်၊ ဒါကြောင့်သာ မြတ်စွာဘုရားရဲ့ တရားတော်ပိဋကတ် အရသာကို ခံစားနိုင်လို့ နှုတ်တက်အာဂုံ ဆောင်လွယ်နိုင်တာ ဖြစ်လိမ့်မယ်၊ ဒီတော့ သူခံစားရတဲ့ ဓမ္မရသအကျိုးဟာ သူတစ်ကိုယ်တည်း နှလုံး စိတ်ဝမ်း အေးချမ်းရုံမကဘူး၊ အကျိုးမဲ့ သေကြရတော့မယ့် လူနဲ့ တိရစ္ဆာန်ပေါင်းများစွာ



တို့ရဲ့ အသက်တွေကိုလည်း ချမ်းသာအောင် ဆောင်ရွက်နိုင်ခဲ့တယ်"

"ဩော်- ဟုတ်ကဲ့လား၊ ဘယ်လိုများလဲ၊ ဘယ်သူတွေ အသက်ချမ်းသာရာ ရတာလဲ၊ ပြောပါဦး"

"နေဦးကွ၊ နားထောင်တဲ့သူက အလွယ်လေးရယ်၊ ပြောတဲ့လူက ပြန်ရှာရဦးမှာ"

ဦးချမ်းသာက လက်ညှိုးညှပ်၍ ပိတ်ထားသော စာအုပ်ကို ဖွင့်ပြီးလျှင် တစ်ရွက်ချင်းလှန်၍ ကြည့်နေလေသည်။

ဒေါ်မြမေက ဦးချမ်းသာကို ကြည့်နေရင်း တစိမ့်စိမ့် တွေးမိသည်၊ လွန်ခဲ့သောနှစ်ပေါင်း သုံးလေးဆယ်လောက်ကဆိုလျှင် သန်မာဖျတ်လတ်သော ကိုချမ်းသာက 'ဘုန်းမောင့် တစ်ယောက်တည်းရယ်' ဝတ္ထုကို အငန်းမရဖတ်နေစဉ် နုပျိုလန်းဆန်းသော မိမိကလည်း 'မယ့်ကို သေစေညွှန်းရော့သလား' ဝတ္ထုစာအုပ် ကို ဆွေးတသိမ့်သိမ့် အရသာနှင့် လက်မှမချနိုင်အောင် ဖြစ်ခဲ့ရလေသည်။

"ယွန်းစေဝသုန် ငွေဝန်းသော်တာယုန်သို့ ကမ္ဘာကုန် ကျယ်သရွေ့မှာ ဘယ်မေ့လိမ့်လဲ" ဟု ဦးချမ်းသာက တိုးတိုးကလေး ငြီးနေပြီဆိုလျှင် နားဝင်ပီယံ ဖြစ်ခဲ့ရသည်၊ ယခုကား ဦးချမ်းသာ ဖတ်ပြသော တရားကျမ်းဂန် စာသံပေသံတို့ကို နားဝင်ချိုရမှန်း သိလာခဲ့ရလေသည်၊ အသိနှင့်အသက်တို့သည် တစ်စတစ်စ ပြောင်းလဲကြီးရင့် လာခဲ့ကြရလေပြီတကား။

"တွေ့ပြီကွ ဒီမှာ၊ ဗာလဝဂ် ပသေနဒီကောသလမင်းကြီးနှင့် မထင်ရှားသော ယောကျ်ားဝတ္ထုတဲ့၊ ဒီဝတ္ထုအကြောင်းကိုပဲ ငါးကျငါးဆယ် စတုက္ကနိပါတ်လောဟကုမ္ဘိဇာတ်မှာလည်း တွေ့ရသေးတယ်၊ ဒါပေမဲ့ မလ္လိကာမိဖုရားရဲ့အကျိုးပြုပုံနဲ့ အတတ်ဝတ္ထုပါရှိတဲ့ ဓမ္မပဒဇာတ်ကိုပဲ အဓိကထားပြီး အတိုချုံးပြောပြမယ်၊ အဲ - အဲဝေဖန်တာတော့ လောမကြီးနဲ့နော် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါပြီတော်”

“သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသခင် သီတင်းသုံးနေတော်မူစဉ် ဖြစ်တယ်၊ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းဟာ တစ်ခုသော ရာသီပွဲတော်ကြီး၌ ဆင်တော်ကိုစီးပြီး ‘ထွက်တော်မူကြီးနဲ့’ မြို့တွင်းကို လှည့်လည် ထွက်ကြွတော်မူလာတယ်၊ ‘ထွက်တော်မူကြီး’ ဆိုတာ ရွှေဝင်းနောက်ဝင်း မင်းခမ်းမင်းနားကြီးကျယ်စွာနဲ့ မှူးကြီးမတ်ကြီး စစ်ဗိုလ်စစ်သားများနဲ့တကွ မောင်းမမိဿံ အခြွေအရံတို့ပါ အဆောင်အယောင် အခမ်းအနားကိုယ်စီနဲ့ ကြီးကြီးကျယ်ကျယ် တပ်တော်ခင်းပြီး ထွက်တော်မူတာကို ခေါ်တယ်၊ အတီးအမှုတ် အကအခုန် ကျွမ်းသမား သိုင်းသမားတို့ပါ နောက်ဖျားမှာ အသုံးတော်ခံလျက် ပါကြတာမို့ မြို့နေလူထု အားလုံးတို့က လမ်းဘေးဝဲယာ အိမ်အပေါ်ထပ် အောက်ထပ်တို့မှာ စိတ်ဝင်တစား ကြည့်ကြရတယ်၊ မင်းတရားကြီး ကြွတော်မူမယ့် လမ်းတလျှောက်မှာ သဲဖြူခင်း ‘ရာဇမတ်ကာ’ ကြံပင် ငှက်ပျောပင်များ စိုက်ထားကြရတယ်၊ ရှင်ဘုရင် ဖြတ်ကြွသွားတဲ့အခါလေးမှာတော့ တိုင်းသူပြည်သား ကျေးတော်မျိုး ကျွန်တော်မျိုးများက မြေပေါ်မှာ ဒူးပုဆစ်ချပြီး ဂါရဝ ပြုကြရတယ်”

“ဒီလိုနဲ့ ကောသလဘုရင်ကြီးဟာ တစ်လမ်းလုံး ရွှေစိတ်တော် ကြည်ကြည်သာသာနဲ့လှည့်လည်ခဲ့ရာက တစ်နေရာ ရောက်တော့ ‘ဟယ်’ ခနဲ ဖြစ်သွားတော်မူတယ်၊ တစ်ခုသော အိမ်ကြီးရဲ့အပေါ်ဆုံး ထပ်က ပြတင်းပေါက်တစ်ခုမှ ထွက်ကြည့်နေတဲ့ ‘လှဇကရီ’မိန်းကလေး တစ်ယောက်ရဲ့ ရုပ်ရည်ဟာ သူ့အသည်းနှလုံးကို ဆွဲကျုံး ယူငင်လိုက် သလိုခံစားလိုက်ရလို့ ဘုရင်ကြီးဟာ ဆင်ပေါ်ကကျတော့ မလောက် ‘ကတိမ်းကပါး’ တောင် ဖြစ်သွားတယ်”

“လုပ်ပြီ မောင်တို့ ယောကျ်ားများကတော့”



“ဝေဖန်တာ လောမကြီးပါနဲ့လို့ဆို၊ ဟဲ . . . ဟဲ . . . ရှေ့ဆက်ပြောမယ်၊ မင်းကြီးအပါးမှာကပ်ပါခြံရံလိုက်လာခဲ့တဲ့ ကိုယ်ရံတော် မင်းချင်းတစ်ယောက်ကလည်း ဘုရင်ကြီးရဲ့အဖြစ်ကို ရိပ်မိလိုက်တယ်၊ ကောသလမင်းကြီးဟာ ရှေ့ဆက်ပြီး မြို့ကိုလှည့်လည်ခြင်း မပြုတော့ပါဘူး၊ နန်းတော်ရောက်တယ်ဆိုရင်ပဲ အဲဒီ မင်းချင်းကိုခေါ်ပြီး သူမြင်ခဲ့ရတဲ့ ‘လှဇကရီ’ ကလေးအကြောင်း စုံစမ်းတယ်၊ ဘယ်သူ့သမီးလဲ၊ ကာမပိုင်ရှိသလား မရှိသလားပေါ့၊ ဒီတော့ မင်းချင်းကလည်းကာမပိုင် ရှိကြောင်း အမှန်အတိုင်း လျှောက်တင်လိုက်တယ်၊ ကောသလ ဘုရင်ဟာ ကာမပိုင်ရှိတဲ့ အကြောင်း သိသွားတော့ အလွန်စိတ်ထိခိုက် သွားပါတယ်၊ သို့ပေမဲ့ တပ်မက်တဲ့ သူ့စိတ်ကို မချိုးနှိမ်နိုင်တော့ပါဘူး၊ ဒါကြောင့် လှဇကရီကလေးရဲ့ ခင်ပွန်းလင်ကို သူ့အပါးမှာ ခစားစေလို့ အမိန့်တော်မြတ် ချမှတ်တယ်၊ တကယ်ကတော့ စေတနာကောင်းနဲ့ ရာထူးပေးဟန်မတူပါဘူး၊ အချွတ်အချော် အတိမ်းအစောင်း အပြစ်ကြီး ငယ်တွေ့ရင် ရာဇဒဏ်ပေးချင်တဲ့ စေတနာဆိုးဖြစ်မယ်”

“အဲဒီယောကျ်ားခမျာကလည်း ရိပ်မိနေတာပေါ့၊ သူ့ခမျာမှာ မင်းအာဏာကို မလွန်ဆန်ဝံ့လို့သာ ခန့်တဲ့ရာထူး ယူထားရပေမဲ့ ဘယ်မှာ စိတ်ချနိုင်ပါ့မလဲ၊ အပြစ်ဟူ၍ မရှိရအောင် သတိနဲ့ ခစားထမ်းရွက်နေရတယ်လေ၊ ဒီလိုနေတော့ကော အေးသတဲ့လား၊ မအေးပါဘူး၊ တစ်နေ့သောနံနက်မှာ ထိုယောကျ်ားကို ခေါ်ပြီး မင်းကြီးက အမိန့်ပေးတယ်၊ ‘အချင်းယောကျ်ား၊ ဤသာဝတ္ထိမြို့မှ တစ်ယူဇနာကွာဝေးသော အရပ်၌ မြစ်တစ်ခုရှိတယ်၊ အဲဒီမြစ်မှကုမုဒြာ ကြာပန်းနဲ့ အရုဏဝတီမြေညက်ကို ညချမ်းအခါ ငါကိုယ်တော်မြတ် ရေသုံးသပ်တော်မူချိန်အမီ သွားယူ ဆောင်ကြဉ်းခဲ့ရမယ်လို့ တစ်ချက် လွှတ်အမိန့်တော် ထုတ်လိုက်တယ်”

“ဟင် . . . ကောသလမင်းကြီးကလည်း သူ့မယားလိုချင်

www.burmeseclassic.com



သူ့လင် လုံနဲ့ထိုး' ဆိုတာမျိုး လုပ်နေပါပြီ"

"ပြောလည်း ပြောစရာပေါ့ကွာ၊ တစ်ယူဇနာဆိုတာ ရှစ်မိုင်ရှိတယ်လို့ ဖွင့်ဆိုကြတယ်၊ ဆယ့်နှစ်မိုင်ရှိတယ်လို့လည်း ဖွင့်ဆိုကြတယ်၊ ဒီတော့ အသွားအပြန် မိုင်နှစ်ဆယ်လောက်ကို နေ့ချင်းပြန်သွားရမယ်လို့ မှတ်မယ်၊ နောက်ပြီးတော့ ကြာပန်းဆိုတာမျိုးဟာ ရေအလျဉ်စီးဆင်းနေတဲ့မြစ်တို့မှာ ပေါက်တတ်ကြတာ မဟုတ်ပါဘူး၊ ငြိမ်သက်သော ရေပြင်နဲ့ ရွှံ့ညွှံကောင်းရှိတဲ့အိုင်များ ကန်များမှာသာ ပေါက်ကြစမြဲပါ၊ သို့ပေမဲ့ သူ့ခမျာကတော့ သွားရရှာတာပဲ၊ မြစ်ကမ်းနားရောက်တော့ ကြာကိုလည်းမတွေ့ဘူး၊ မြေညက်ကိုလည်း မတွေ့ဘူး၊ ဒီတော့ ပါလာတဲ့ ထမင်းထုပ်ကလေးကို စားမယ့်ဆဲဆဲ ဆာလောင်လာတဲ့ ခရီးသွားတစ်ယောက်ကိုတွေ့လို့ သဒ္ဒါဒေယျနဲ့ တစ်ဝက်ခွဲကျွေးလိုက်တယ်၊ ကျန်တစ်ဝက်ကိုစားလို့ မကုန်ပြန်တော့ မြစ်ထဲက ငါးအစရှိတဲ့ သတ္တဝါတွေ စားရအောင် စေတနာနဲ့ စွန့်ကြဲလိုက်တယ်၊ နောက်ပြီးတော့နတ်နဂါးများအား အမျှပေးဝေပြီး သူ့ဒုက္ခကို ကယ်မပါမည့်အကြောင်း တိုင်တည်လိုက်တယ်၊ အဲဒီတော့ မြစ်တွင်းမှာရှိတဲ့ နဂါးမင်းက သူ့ကုသိုလ် ကမ္မပထကို ကြည်ညိုပြီး သူအိုယောင်ဆောင်၍ ကုမုဒြာကြာနဲ့ မြေညက်ကိုလာပေးတယ်"

"အင်း၊ သူတော်ကောင်းနတ်ကောင်းမ ဆိုတာမျိုးပေါ့၊ ကြာပန်းနဲ့ မြေညက်ရတော့ သူ့ခမျာဝမ်းသာအားရ ပြေးဆက်နိုင်ပြီပေါ့လေ"

"သူ့အဖို့ကတော့ တစ်ယူဇနာခရီးကို ကြာပန်းနဲ့မြေညက်ကိုင်ပြီး အပြေးပြန်ခဲ့တာပေါ့၊ သို့ပေမဲ့ ရာဂစိတ်မွှန်နေတဲ့ ကောသလဘုရင်ကြီးက ညချမ်းမတိုင်မီ မြို့တံခါးအားလုံးကို ပိတ်ထားစေတယ်"

"ဟောတော့၊ အကြံပက်စက်လိုက်တာနော်၊ အကုသိုလ်သိပ်ကြီးနေပြီ၊ ဒီတော့ ဘယ့်နှယ်လုပ်သလဲ"

"အချိန်မီရောက်လာပေမဲ့ တံခါးမှူးများက မြို့တွင်း မဝင်စေ



တော့ဘူးလေ၊ ဒါကြောင့် သူ့ခမျာမှာ တံခါးဝတင်ပဲ မြေညက်ပေါ်ကြာစိုက်ပြီး ဘေးရန်ကင်းရာ နှလုံးစိတ်ဝမ်း အေးချမ်းရာရတဲ့ ဇေတဝန်ကျောင်းတော်မှာ သွားအိပ်ရရှာတယ်"

"ကောသလမင်းကြီးကတော့ စက်တော်ခေါ်ရာ နန်းဆောင်ထဲမှာ သူ့အကြံနဲ့သူ စိတ်ကူးယဉ်နေပြီလေ၊ မနက်ဖြန် နံနက်မှာဆိုရင် အမှုတော်ထမ်း လစ်ဟင်းတဲ့ မင်းခ ယောကျ်ားကို သေမိန့်ချပြီး သူ့မယား 'လုဧကရီ' ကို ကောက်ယူတော်မူမယ်ပေါ့၊ အဲဒီလို ရာဂစိတ်နဲ့ မှေးမှိတ်၍မပျော်အောင် တလူးလူး တလိမ့်လိမ့် စိတ်ကူးနေစဉ်အတွင်းမှာပဲ စက်တော်ခေါ်ရာ ခန်းဆောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားမတတ် အသံကြီးတစ်ခုကို ကြားလိုက်ရတယ်၊ အဲဒီအသံကြီးက သူ့ရဲ့နားဝမှာကပ်ပြီး ပြင်းပြင်းထန်ထန် အသံနက်ကြီးနဲ့မချိမဆံ့အော်လိုက်တဲ့ 'ဒု' ဆိုတဲ့ စကားတစ်လုံးပါပဲ၊ ဘုရင်ကြီးကလန့်ဖျပ်ပြီး လျောင်းရာက ထထိုင်လိုက်မိတယ်၊ အဲဒီအတွင်းမှာပဲ နောက်အသံဆိုးကြီးတစ်ခုကို နှလုံးတုန်လောက် အောင် ကြားလိုက်ရပြန်တယ်၊ အဲဒီစကားလုံးကတော့ 'သ' တဲ့၊ ပီပီသသ ဆိုးဆိုးရွားရွား ဖြစ်လွန်းလို့ ဘုရင်ကြီး ထိုင်ရာမှကုန်း၍ ထလိုက်မိတယ်၊ အဲဒီလို ကုန်းကုန်းကွကွ ဖြစ်နေတုန်းမှာပဲ နားဝကို ကပ်ပြီးအော်လိုက်တဲ့ စကားတစ်လုံးကတော့ 'န' ဆိုတဲ့ အသံကြီး ပါပဲ၊ ကောသလမင်းကြီးဟာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတယ်၊ ဒူးတဆတ်ဆတ် ခါလာတယ်၊ အဲဒီအချိန်မှာပဲ 'သော' ဆိုတဲ့ အသံကြီးကို ထပ်ကြားရပြန်တယ်၊ဒီတော့ သူဆောက်တည်ရာ မရနိုင်တော့ပါဘူး"

"သြော်၊ ကျွန်မကြားဖူးတယ်၊ ဒု, သ, န, သော ဆိုတာလေ၊ သူများမယားကို ကြာခိုရင် ပြောကြတဲ့စကားပဲ"

"ဟုတ်ပါတယ်၊ ယောကျ်ားတို့အတွက် အယုတ်မာဆုံး [illegible]သိမ်ဆုံး အောက်တန်းအကျဆုံး ဘွဲ့ဆိုးကြီးတစ်ခုပေါ့၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အသံကြီးလေးပါးရဲ့ အဓိပ္ပာယ် အကျယ်ကိုတော့ လူတိုင်း နားမလည်ကြပါဘူး"

"ကဲ၊ ငါဆက်ပြောပါ့မယ်၊ ကောသလမင်းကြီးဟာ အဲဒီအသံဆိုးကြီးလေးလုံးက သူ့နားထဲမှ မထွက်တော့ပဲ 'ဒု ဒု ဒု၊ သ သ သ၊ န န န၊ သော သော သော' အဲဒီလို ပဲ့တင်ရိုက်နေတယ်၊ စက်ရာခန်းဆောင် တစ်ခုလုံး အသံလှိုင်းကြီးတွေ ပြည့်နေတယ်လို့လည်း ထင်ရတယ်၊ ရွှေရေးနန်းဆောင် နံရံတွေကလည်း ဒီအသံကြီးတွေပဲ ထွက်နေတယ်၊ တံခါးအသီးသီးကလည်း အဲဒီအသံကြီးတွေပဲ ထွက်နေတယ်၊ ဗိတာန် မျက်နှာကြက်ကလည်း ဒီအသံကြီးတွေပဲ ထွက်နေတယ်၊ သူလျောင်းစက်ရာ ရွှေသလွန်ညောင်စောင်းကတောင်မှ ဒီအသံကြီးတွေပဲ အော်နေသလားလို့ ထင်မိတယ်၊ ဒါကြောင့် နားနှစ်ဘက်ကို ပိတ်လိုက်တယ်၊ မရပါဘူး၊ နှစ်ဘက်သော လက်ဝါးက စိမ့်ယိုပြီး နားနှစ်ဘက်စလုံးမှာပဲ ပြတ်ပြတ်သားသား ကြားနေရသေးတယ်၊ ကြာတော့ ကိုးကွယ်ရာမရအောင် ချောက်ချား လာတယ်၊ ထိုင်လို့မရ ထလို့မရ လျောင်းလို့မရ၊ တစ်ညလုံး ဒီအသံကြီးတွေက သူ့ကို နပန်းလုံးပြီး ဖိစီးနှိပ်စက်နေတော့မှာပဲလို့ သိလိုက်ရတယ်"

"ဘယ်နည်းနဲ့မှ အိပ်လို့မရ၊ တစ်ဗီဇနာကို တစ်နာရီ တစ်မောင်းလောက် ထင်ရအောင် ညတာကလည်း ရှည်လွန်းလှတယ်၊ ဒီလိုနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ တစ်ညလုံး ခံစားရပြီးတော့မှ နံနက်အရုဏ်က တက်လာတော့တယ်၊ အဲဒီအခါမှာ မျက်နှာသစ်တော်ရေကျရင် လောကီမင်္ဂလာ အောင်ဂါထာကိုဆိုကြ လျှောက်တင်ကြမယ့် ပုရောဟိတ် ပုဏ္ဏားတော်များက ဝင်ရောက်ခ,စားလာကြတယ်၊ ကောသလမင်းကြီးက မဆိုင်းမတွဘဲ သူကြားရတဲ့အသံကြီးတွေအကြောင်းကို ပြောပြပြီး အဓိပ္ပာယ်ကို မေးတယ်၊ ပုဏ္ဏားတော်များက အဓိပ္ပာယ်ကို မသိပေမဲ့လည်း မသိကြောင်း ဝန်မခံဘဲ 'ထိုစကားကြီး



လေးလုံးဟာ အရှင်မင်းမြတ်အား အန္တရာယ် ပေးမယ့် အသံဆိုးကြီးများဖြစ်တယ်၊ အသင်မင်းကြီးရဲ့ အသက်စည်းစိမ်တော် ပျက်သုဉ်းမည့်ကိန်းဖြစ်ပါတယ်' လို့ နိမိတ်ဖတ်လိုက်ကြတယ်"

"ကောသလမင်းကြီးဟာ ပိုမိုပြီး ထိတ်လန့်ကြောက်ရွံ့လာတဲ့အတွက် 'ဒီအန္တရာယ်မှ ပျောက်ကွယ်ငြိမ်းအေးနိုင်တဲ့ ယတြာများမရှိကြဘူးလား' လို့ မေးတော်မူတယ်၊ ပုဏ္ဏားများက 'သဗ္ဗသတမည်သောယဇ်ကို ပူဇော်လျှင် အသက်စည်းစိမ် တည်မြဲပါလိမ့်မယ်' လို့ လျှောက်တင်ကြတယ်၊ သဗ္ဗသတယဇ် ဆိုတာ ဆင် တစ်ရာ၊ မြင်း တစ်ရာ၊ နွားလားဥသဘ တစ်ရာ၊ နို့ညှစ်နွားမ တစ်ရာ၊ ဆိတ်မြန်မာ တစ်ရာ၊ ဆိတ်ကုလား တစ်ရာ၊ မြည်းတစ်ရာ၊ အာဇာနည်မြင်းတစ်ရာ၊ ကြက်တစ်ရာ၊ ဝက်တစ်ရာ၊ သတို့သား တစ်ရာ၊ သတို့သမီးတစ်ရာတို့ကို သတ်ပြီး လည်ချောင်းသွေးနဲ့ ပူဇော်ရတာကို ခေါ်တယ်"

"မင်းဆရာ ပုရောဟိတ်တို့ကလည်း မသိရင် မသိဘူးလို့ မပြောဘဲနဲ့ လမ်းလွဲကို လျှောက်တင်နေကြတာပဲနော်"

"တကယ့်ပညာရှိ မဟုတ်တဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့သိက္ခာကျမှာစိုးတာနဲ့ မဟုတ်မမှန် လုပ်ကြံပြီး ဖြေတတ်ကြတယ်"

"ရှင်ဘုရင်ကြီးကရော ယဇ်ပူဇော်ခွင့် ပြုလိုက်သလား"

"ပုထုဇဉ်ဆိုတာ အတ္တသမားတွေပဲကွယ်၊ 'အတ္တသမံ ပေမံနတ္ထိ' လို့ ဆိုတယ်မဟုတ်လား၊ ဒီလိုစိတ်ထားမျိုးပေါ်လာရင် တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ သတ္တဝါအပေါင်း ဆင်းရဲကြောင်း ဖြစ်ခါမှဖြစ်ရော၊ လုပ်တတ်ကြတာ မမှတာပါပဲ၊ ကမ္ဘာ့သမိုင်းတွေမှာ ပြည့်လို့၊ ကဲ၊ ဒီတော့ ဆက်ပြောကြပါစို့ကွာ၊ ကောသလ မင်းကြီးက အမိန့်ပေးလိုက်တာနဲ့ပဲ ပုဏ္ဏားများက ယဇ်ပလ္လင် အခမ်းအနားကို ကြီးကြီးကျယ်ကျယ် စီမံပြီး တိရစ္ဆာန်တွေကို ဖမ်းကြ ဆီးကြ ဆွဲကြ ယူကြ၊ လူယောကျ်ား လူမိန်းမတွေကိုလည်း ဖမ်းကြ ဆီးကြ ဆွဲကြ

www.burmeseclassic.com

www.burmeseclassic.com



ငင်ကြ လုပ်လိုက်ကြတာ တစ်မြို့လုံး တိရစ္ဆာန်တို့ရဲ့ အော်သံ ဟစ်သံ၊ လူတွေရဲ့ ပြေးကြ လွှားကြ အော်ဟစ်ငိုယို မြည်တမ်းကြတဲ့ အသံတွေဟာ ပွက်ပွက်လန်အောင်ဆူညံနေကြသတဲ့"

"ဟုတ်ပေမှာပေါ့၊ ဘုရင်ကြီးက သူ့အသက်သူမြတ်နိုးသလို လူ သူ သတ္တဝါတွေကလည်း ကိုယ့်အသက်ကိုယ် မြတ်နိုးကြပေတာပဲဟာ၊ တိုင်းပြည်ပျက်သလိုနေမှာပဲနော်"

"ဟုတ်မှာပေါ့၊ အဲဒီအခါတွင်မှ တို့ရဲ့ဇာတ်လိုက်မင်းသမီးဖြစ်တဲ့ မလ္လိကာမိဖုရားအခန်း ပေါ်လာတာပဲ၊ သူက ဘုရင်ကြီးထံ ဝင်ပြီး ခ,စားတယ်၊ 'မောင်တော်ဘုရား၊ အဘယ်ကြောင့် မျက်နှာတော် မရွှင် မလန်း ညှိုးနွမ်းနေရပါသလဲ၊ တစ်မြို့တော်လုံး လူသူတိရစ္ဆာန်တို့ရဲ့ အော်ဟစ်ငိုကြွေးသံတို့ကလည်း အဘယ်ကြောင့် ဖြစ်ပွားနေရပါသလဲ' လို့ မေးတယ်"

"'အဘယ်မိဖုရား၊ သင်က ငါ့ကိုလုံးဝ ဂရုစိုက်သူမဟုတ်၊ ငါ့အကျိုးစီးပွားကိုလည်း ရှေးရှုသူမဟုတ်၊ ငါ၏ အသက်စည်းစိမ်ကိုလည်း စိုးရိမ်ကြောင့်ကြ ပူပန်သူမဟုတ်၊ ငါမြှောက်စားအပ်သော နန်းစည်းစိမ်၌သာ အမှတ်မဲ့ ယစ်မူးခိုစား နေသူဖြစ်တယ်' လို့ အပြစ်တင်ပြီးမှ သူ့အဖြစ်အပျက်နဲ့ ယဇ်ပူဇော်မှုပြုမည့်အကြောင်းကို ဖွင့်ဟ မိန့်ကြားတော်မူလိုက်တယ်၊ ဒီအခါမှာ မလ္လိကာ မိဖုရားက ရဲရဲဝံ့ဝံ့ ဝေဖန်လိုက်ပါတယ်၊ 'အရှင်မင်းကြီးသည် ဆန်တစ်စိတ်နဲ့ အမဲဟင်းလျာတို့ကို နေ့စဉ်စားသုံးနေသူဖြစ်တယ်၊ အဲဒီလောက် တနင့်တပိုး စားနေပါလျက် ဉာဏ်ပညာ အမြော်အမြင်ကျတော့ တစ်ကွမ်းစားမျှပင် ရှိသူမဟုတ်ပါကလား၊ အရှင်မင်းကြီး စဉ်းစားကြည့်ပါ၊ သူတစ်ပါး၏ အသက်ကို သတ်သဖြင့် ကိုယ့်အသက်မသေပြီလို့ ဘယ်တုန်းက ကြားဖူးသလဲ၊ သင်မင်းကြီးသည် ကောသလတိုင်းနှင့် ကာသိကတိုင်းတို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေသူ ဖြစ်ပါလျက် အဆင်ခြင်ပညာကား တစ်ရွေးမျှမရှိ၊ ထို့ကြောင့် မိုက်မဲသော ပုရောဟိတ်ပုဏ္ဏားကို၏ အကြံဉာဏ်ကို လက်ခံခဲ့ခြင်းမှာ ခလုတ်ထိ၍မှ အမိ, မတဘဲ သူစိမ်းရင်ခွင်သို့ ပြေးဝင်တဲ့ကလေးမိုက် လို ဖြစ်နေပြီ၊ ဤဇေတဝန်နန်းတော်နှင့် မဝေးလွန်းသော အရပ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးစံနေတော်မူသည် မဟုတ်လား၊ လောကီ လောကုတ္တရာ တရားအပေါင်းတို့ကို အကြွင်းမရှိ အမှန်သိမြင်တော်မူသောမြတ်စွာဘုရားအား ထိုအသံကြီးလေးပါးအကြောင်းကို မေးမြန်းလျှောက်ထားရန်မှ သတိမရခြင်းမှာ မိုက်မဲလွန်းစွတကား၊ ယခုပင် သွား၍ မေးမြန်းကြပါအံ့' လို့ ပြတ်ပြတ်သားသား လျှောက်ထားသတဲ့လေ"

"အမလေး၊ တော်လိုက်တဲ့ မိဖုရားနှယ်နော်၊ သတ္တိကလည်း ကောင်းလိုက်တာ၊ သက်ဦးဆံပိုင်ဘုရင်ကိုတောင် ရဲရဲဝံ့ဝံ့ကြီးဝေဖန်လိုက်တာပဲ"

"မှန်တဲ့စကားဆိုတော့ ပြောဝံ့တာပေါ့၊ အားကိုးစရာ ဗုဒ္ဓကိုယ်တော်မြတ်ကလည်း ရှိပေတယ်လေ၊ မြတ်စွာဘုရားကလည်း ပညာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခုဆိုတဲ့ စက္ခုတော်ငါးပါးနဲ့ သိမြင်ဖြေစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား"

"နေပါဦး၊ အခုန မိဖုရားပြောတဲ့အတိုင်း ကောသလမင်းကြီးက ဆန်တစ်စိတ်ချက်ကုန်အောင် စားသတဲ့လား"

"ဆန်တစ်စိတ်ချက်ကုန်အောင် စားလေ့ရှိသတဲ့၊ သူ့ခန္ဓာကိုယ်ကြီးက ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်နေပါလိမ့်မယ်၊ ဝမ်းပြင်မှာ အဆီအသားတွေ ရစ်လိပ်နေပြီး ဗိုက်သားပေါ်မှာ မြစ်ပေါ်သလို ဖြစ်နေလို့ ပသေနဒီကောသလမင်းလို့တောင် ခေါ်ကြတယ်လေ"

"ဗိုက်ခေါက်ထူထူကြီးမှာ ကျောက်ပျဉ်လို မြောင်းပတ်လည်ကြီး ပေါ်နေမှာပေါ့"

www.burmeseclassic.com



"အဲဒီလောက် အစားကြီးပြီး တနင့်တပိုး မအီမလည်ဖြစ်နေတာကို မြတ်စွာဘုရားက မြင်တော်မူလို့ အစားအစာကို စားရာမှာ ဘောဇနေမတ္တညုတာ အတိုင်းအဆနဲ့ စားသင့်တယ်လို့ ဆုံးမခဲ့ရဖူးတယ်"

"ကဲ- ထားပါတော့ကွာ၊ ကောသလမင်းကြီးအကြောင်း ပြောရရင် အများကြီး၊ တော်တော်နဲ့ဆုံးမှာ မဟုတ်ဘူး၊ ရှေ့သာဆက်ကြရအောင်၊ အဲဒီနေ့က မလ္လိကာက ဦးဆောင်လို့ ဘုရားကျောင်းတော် ရောက်သွားကြတယ်၊ ကျောင်းတော်မှာ လာ'ခို' နေတဲ့ လှကေရီရဲ့ ယောကျ်ားခများလည်း ဘုရင်ကြီးကြွလာတာမြင်တော့ အထိတ်တလန့်နဲ့ ပုန်းနေရှာသတဲ့၊ ဘုရင်ကြီးမှာတော့ သူ့အပူနဲ့သူမို့ သူတို့ကိုသတိမရတော့ပါဘူး၊ မြတ်စွာဘုရားသခင်က နေ့လည်ကြောင်တောင် မွန်းတည့်ချိန်တွင် ရောက်လာတဲ့ဘုရင်ကို လာရင်းကိစ္စ မေးမြန်းတော်မူတယ်၊ ဘုရင်ကြီးက မလျှောက်ဝံ့လို့ ဆိတ်ဆိတ်သာ ငြိမ်နေတယ်၊ အဲဒီတော့ မလ္လိကာမိဖုရားက

'ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အရှင်မြတ်၏ ဒကာတော်မင်းကြီးသည် သန်းခေါင်ယံအချိန်၌ မကောင်းသော အသံဆိုးကြီးများကို ကြားရပါသတဲ့၊ ဒီအကြောင်းကို ပုရောဟိတ် ပုဏ္ဏားတို့အား မေးမြန်းပါသတဲ့၊ ပုဏ္ဏားတို့က မင်းကြီး၏အသက် အန္တရာယ်ဖြစ်မည့် နိမိတ်ဆိုးများ ဖြစ်ကြောင်းလျှောက်တင်ပြီးတော့ ထိုအန္တရာယ်မှကင်းလွတ်အောင် သဗ္ဗသတ ယဇ်ပူဇော်ပွဲကြီး ပြုလုပ်ဖို့ တိုက်တွန်းပါသတဲ့၊ မင်းကြီးကလည်း ပုဏ္ဏားများစကား လိုက်နာ၍ ယဇ်ပူဇော်ပွဲအစီအစဉ်ကို ပြုလုပ်ရန် စီမံနေပါတယ်ဘုရား၊ ထိုကြောင့် ဟပည့်တော်မက မင်းကြီးကို ရှင်တော်မြတ်၏ ခြေတော်ရင်းသို့ သိမ်းသွင်း ခေါ်ခဲ့ရပါတယ်ဘုရား' လို့ လျှောက်ထားလိုက်ရတယ်"

"အင်း- တကယ့်အရေးကျတော့ ကောသလမင်းကြီး က



ဘုရားကိုတောင် မလျှောက်ဝံ့ဘူး၊ မိဖုရားကြီးက သူ့ကိုယ်စား လျှောက်နေရတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဘယ်လိုအမိန့်တော်ရှိတော်မူသလဲ"

" 'ဒကာတော်မင်းကြီး၊ မလ္လိကာမိဖုရားလျှောက်တဲ့အတိုင်း မှန်သလား' လို့မေးတော်မူတယ်၊ ကောသလမင်းကြီးက 'မှန်ပါတယ်ဘုရား' လို့ ဝန်ခံလိုက်ရတယ်၊ မြတ်စွာဘုရားက 'အသင်မင်းကြီး ဘယ်လို အသံဆိုးကြီးများ ကြားပါသနည်း' ဟု မေးတော်မူတဲ့အခါ ကောသလမင်းကြီးက ဒု, သ, န, သော ဆိုသော အသံဆိုးကြီး လေးခွန်းကို ကြားရကြောင်း လျှောက်ပါတယ်၊ သို့ကလို လျှောက်ထားပြီးတာနဲ့ ကာလသုံးပါးကို မြင်တော်မူသော မြတ်စွာဘုရားက သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိတော်မူလိုက်ပါပြီ"

" 'မင်းကြီး၊ ထိုအသံကြီးတို့သည် သင်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်ကို ဖြစ်စေလိမ့်မည်မဟုတ်၊ စင်စစ်သော်ကား လွန်ခဲ့သော ကဿပဘုရားလက်ထက်တော်က လူတို့၏သက်တမ်း အနှစ်နှစ်သောင်းကျော်ကာလပတ်လုံး ကောင်းမှုကုသိုလ်ဟူသမျှ တစ်စုံတစ်ရာမျှ မပြုလုပ်ကြဘဲ သေအရက်သောက်ခြင်း၊ ကာမဂုဏ်ငါးပါးတို့၌ ပျော်ပါးမွေ့လျော်ခြင်း၊ အထူးသဖြင့် ပရဒါရိကကံဖြစ်သော သူတစ်ပါး၏မယားတို့ကို ဖျက်ဆီးကျူးလွန်ကြသော သူဌေးသားလေးယောက်တို့၏ အသံဆိုးကြီးများဖြစ်တယ်၊ သူတို့သည် အဝီစိငရဲ၌ ကျခံရပြီးသည့်နောက် ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီ သံရည်ပူငရဲမှာ ဆက်လက်ကျခံနေကြရတယ်၊ ကျိုက်ကျိုက်ဆူသော သံရည်ပူအတွင်းတွင် အနှစ်သုံးသောင်းကြာမှ တစ်ခါ အထက်မျက်နှာပြင်သို့ ခဏလေး ပေါ်လာနိုင်ကြတယ်၊ အဲဒီအခိုက်လေးမှာ သူတို့ပြောချင်သော စကားများကို ပြီးဆုံးအောင် ပြောချိန်မရဘဲ ဒု ဟုလည်းကောင်း၊ သ ဟုလည်းကောင်း၊ န

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်းကောင်း၊ သော ဟုလည်းကောင်း အသီးသီး တစ်လုံးစီသာ အော်နိုင်ပြီး ပြန်လည် နစ်မြုပ်သွားကြရတယ်'

'ဒု အော်သွားတဲ့ငရဲသားရဲ့ ပြောချင်တဲ့စကား အပြည့်အစုံကတော့ ဒုဇ္ဇီဝိတ မဇိဝိမှ၊ ယေသံနော န ဒဒမှသေ။ ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံနာကမှ အတ္တနော။ ဤကဲ့သို့ ပြောလိုရင်းဖြစ်တယ်' လို့ မြတ်စွာဘုရားက ဖော်ပြတော်မူလိုက်ပါတယ်"

"မြန်မာလိုပြောရရင်တော့ (ငါတို့မှာ) ငရဲတွင် ပြင်းစွာ ခံစားပြီး ဆိုးရွားတဲ့အသက်ရှည်ခြင်းမျိုးဖြင့် အသက်ရှည်နေရပါတယ်၊ လူ့ဘဝတုန်းက ပစ္စည်းဥစ္စာချမ်းသာပါလျက် ကောင်းမှုကုသိုလ် ဘာတစ်ခုမှ မလုပ်ခဲ့ဘဲ မကောင်းမှုအကုသိုလ်မှန်သမျှ လိုက်စားပြီး အသက်ထက်ဆုံး မိုက်မှားခဲ့တယ် ဆိုတဲ့ အဓိပ္ပာယ်ပါပဲ"

"သ ဆိုတဲ့ စကားလုံးကိုတော့ မြတ်စွာဘုရားက 'သဋ္ဌိဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။ နိရယေ ပစ္စမာနာနံ၊ ကဒါအန္တော ဘဝိဿတိ' လို့ အပြည့်အစုံ ဖော်ပြလိုက်ပါတယ်။ မြန်မာလိုက (ငါတို့ဟာ) လောဟကုမ္ဘီငရဲ သံရည်ပူထဲမှာ နှစ်ချည် ပေါ်ချည်နဲ့ ခံစားနေရတာ အနှစ်ခြောက်သောင်း ရှိပါပြီ၊ ဘယ်တော့များမှ လွတ်ပါ့မလဲ လို့ ငြီးတွားတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်"

"န ဆိုတဲ့စကားလုံးကို မြတ်စွာဘုရား ဟောတော်မူတာက– 'နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။ တဒါဟိ ပကတံ ပါပံ၊ မမတုယှဉ္စ မာရိသ'ဟူ၍ ဖြစ်တယ်၊

'အိုသူငယ်ချင်းတို့ တို့သူဌေးသားဘဝတုန်းက သူတစ်ပါး မယားများကို ပြစ်မှားကျူးကျော် ပျော်ချင်တိုင်းပျော်ခဲ့တဲ့ မကောင်းမှုဒဏ်တွေ ယခုခံစားကြရပြီ၊ ဘယ်သောအခါမှ လွတ်ကင်းမည်ကို မသိနိုင်ပါတကား' လို့ အဓိပ္ပာယ်ဖြစ်တယ်"

"သောဆိုတဲ့စကားလုံးကျတော့ 'သောဟံနူန ဣတောဂန္တွာ၊



ယောနိံ လဒ္ဓါန မာနုသိံ။ ဝဒညူသီလ သမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ' လို့ ထုတ်ဖော်မိန့်တော်မူတယ်"

" 'မကောင်းမှုများ မိုက်မှားပြုမိသော ငါသည် ဤငရဲမှ လွတ်ပြီး အကယ်၍ လူ့ဘဝကို ရခဲ့သည်ရှိသော် ဒါနသီလ စသည် ပေါင်းစုကောင်းမှုဟူသမျှကို နေ့ညမစဲ အားထုတ်၍ နေပါတော့မည်' ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်"

"အင်း– ဒု, သ, န, သော ဆိုတဲ့ စကားလေးလုံးရဲ့ အဓိပ္ပာယ်ကို မြတ်စွာဘုရား ဟောတော်မူတာ အခုမောင်ပြောမှသိရပေတော့တယ်၊ ကောသလမင်းကြီးတော့ အကြောက်ကြီး ကြောက်သွားမှာပဲနော်"

"ဟာ ဘယ့်နှယ့်ပြောပါလိမ့်၊ သူဌေးသားလေးယောက်တို့ရဲ့ အော်ငြီးသံတွေကို သူကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရ တယ်လေ၊ အဲဒါကို မြတ်စွာဘုရားက ဟောပြတော်မူတော့ ဘုရားတစ်ဆူနဲ့ တစ်ဆူအကြားမှာ ကာလရှည်လျား ငရဲခံစားနေရတာ သိတဲ့အတွက် 'အမယ်လေး၊ ငါ့မှာ သီသီလေးလိုပါတော့ကလား၊ မှားမိတော့မလို့၊ နောင်များဖြင့် သူတစ်ပါးမယားကို စိတ်နဲ့တောင် မပြစ်မှားတော့ပါဘူး' လို့ သန္နိဋ္ဌာန် ချလိုက်သတဲ့"

"အေး၊ မောင်တို့ယောကျ်ားတွေ သတိထား၊ မိန်းမတွေ အကြောင်းသာ ချိုးချိုးဖဲ့ဖဲ့နှိမ်ပြောနေကြတာ၊ ဒု, သ, န, သော ငရဲသားလေးယောက်ဟာ မိန်းမတွေ မဟုတ်ဘူးနော်"

"မိန်းမတွေ မဟုတ်ပေမဲ့ မိန်းမတွေကြောင့် ကျရတာဗျ"

"အင်း၊ ပြောပုံကဖြင့် သေတာတောင် ဝမ်းလျှောမရပ်သေးဘူးကဲ၊ ဆက်သာပြောပါတော့တော်"

"ကောသလမင်းကြီးဟာ အဲဒီအသံတွေကြားရတဲ့ညက အသည်းတုန် အူတုန်နဲ့ 'မိုးမြန်မြန်လင်းပါစေတော့' လို့တောင့်တ

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ဒုက္ခကိုလည်း ပြန်တွေးမိတယ်၊ ဒါကြောင့် မြတ်စွာဘုရားကို

'ရှင်တော်ဘုရား၊ တပည့်တော်အဖို့ ထိုညက ညတာသည် ရှည်လွန်းလှသည်ဟု ထင်ခဲ့ရပါသည်ဘုရား' အဲဒီလို ကောသလ မင်းကြီးက လျှောက်လိုက်တော့ လုဇကရီရဲ့ ခင်ပွန်းကလည်းပုန်းနေရာမှထွက်ပြီး

'ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ မြတ်သောမင်းကြီးက အိပ်မရနိုင်သည့်အတွက် ထိုညက ညတာရှည်လွန်းပါတယ်လို့ တွေးမိသကဲ့သို့ တပည့်တော်ကိုယ်တိုင်လည်း ထိုနေ့က တစ်ယူဇနာသော ခရီးဟာ ဝေးလွန်းလှသည်ဟု တွေးမိခဲ့ရပါတယ် ဘုရား' လို့ လျှောက်ထားလိုက်တယ်"

"သူ့ခမျာ အခုမှ စိတ်အေးသွားတယ်ထင်ပါရဲ့၊ ဒါကြောင့်သာ ထင်ထင်ပေါ်ပေါ် ရဲရဲတင်းတင်း လျှောက်ဝံ့တာနေမှာပေါ့"

"ဟုတ်ပါတယ်၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ဖြစ်တဲ့ ဗုဒ္ဓကိုယ်တော်ရဲ့ ရှေ့မှောက်မှာလည်း ဖြစ်ပြန်၊ ရာဂဒေါသများ ပြေပျောက်သွားတဲ့ ကောသလမင်းကြီးရဲ့ အခြေအနေကိုလည်း ရိပ်မိပြန်ဆိုတော့ ရဲဝံ့လာတာပေါ့"

"အဲသလို လျှောက်ထားလိုက်တော့ မြတ်စွာဘုရားက ဘယ်လိုများ မိန့်တော်မူပါသေးသလဲ"

"မြတ်စွာဘုရားက သူတို့နှစ်ယောက်ရဲ့စကားကို နှီးနှယ်ပြီး 'ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တ သ ယောဇနံ။ ဒီဃောဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။ (သောကကြောင့် သော်လည်းကောင်း၊ ဝေဒနာကြောင့် သော်လည်းကောင်း) မအိပ်စက်နိုင်ဘဲ နိုးကြားနေသူအတွက် ညတာ သည် ရှည်လျား၏၊ ခရီးပန်းနွမ်းနယ်သူအား လေးဂါဝုတ်ရှိသော တစ်ယူဇနာခရီးသည် ဝေးလွန်း၏၊ ထို့ထက် သူတော်ကောင်း တရားကို မသိကြသော လူမိုက်တို့အဖို့ ဘဝသံသရာ



သည် ကြာရှည်၏' လို့ ဟောတော်မူတယ်၊ အဲဒီတရားကို ကြားနာရတဲ့ အတွက် လုဇကရီ ရဲ့ ခင်ပွန်းသည်ဟာ သောတာပန် တည်သွားသတဲ့"

"မြတ်စွာဘုရား ကိုယ်တော်မြတ်က သူတို့ကိုယ်တွေ့ဖြစ်ရပ်နဲ့ ထစ်ထပ်တည်း 'ဒက်ထိ' ဟောကြားတော်မူလိုက်တာကိုး၊ ကောသလ မင်းကြီးကတော့ တရားထူးမရဘူးလား"

"ကောသလမင်းကြီးက ရင့်မာတစ်ကျိပ်အပါအဝင် ဘုရား လောင်းဆိုတော့ မဂ်ဖိုလ်ရပြီး နိဗ္ဗာန်ဝင်လို့ မဖြစ်သေးဘူးလေ၊ ဗုဒ္ဓ စင်စစ် ကိုယ်တိုင်ဖြစ်ရဦးမယ်၊ သတ္တဝါ ဝေနေယျကို ကယ်ချွတ် ရဦးမယ်"

"ဩော်၊ ကောသလမင်းကြီးက ဘုရားလောင်းကိုး"

"ဟုတ်တယ်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ရေးသား တော်မူခဲ့တဲ့ 'ပါရမီဒီပနီ' မှာ ပသေနဒီကောသလမင်းဟာ ကောဏာ ဘုရားလက်ထက် သုဒ္ဓလုလင် ဖြစ်စဉ်က နောင်လာလတ္တံ့သော မဏ္ဍကမ္ဘာတွင် 'ဓမ္မရာဇာဘုရား ဖြစ်လိမ့်မယ်' လို့ ဗျာဒိတ်ကော် ရခဲ့တယ် ဆိုတဲ့အကြောင်း စုဏ္ဏိယ အနာဂတဝင်ကျမ်းကို ညွှန်းထား တာ တွေ့ရတယ်"

"ဩော်၊ ဩော်၊ ဒါနဲ့ ယဇ်ပူဇော်ခံရမယ့်လူတွေ တိရစ္ဆာန်တွေ အသက်ဘေးမှ လွတ်သွားကြရောလား"

"မလ္လိကာမိဖုရားရဲ့ ကျေးဇူးကြောင့် လွတ်သွားကြတာပေါ့၊ မလ္လိကာမိဖုရားဟာ ယခုဘဝမှသာ အဲဒီလို ကယ်တင်နိုင်တာ မဟုတ်ဘူး၊ အတိတ်ဘဝ 'ဓမ္မဒိန္နာမိဖုရား' ဖြစ်စဉ်ကလည်း လူအပေါင်း ရဲ့ အသက်ကို ကယ်တင်ခဲ့ဖူးတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူ ပါသေးတယ်"

"ပြောစမ်းပါဦးရှင်"

"အခုတော့ နားဦးမယ်ကွာ၊ နောက်မှ၊ နောက်မှ" ■

www.burmeseclassic.com

www.burmeseclassic.com

# ကယ်တင်ရှင်မိဖုရား



အသင်မင်းကြီးကား
ကျွန်ုပ်နဲ့
ဆွေမျိုးတော်စပ်သူလည်းမဟုတ်
ကောင်းကျိုးချမ်းသာပေးတဲ့
ကျေးဇူးရှင်လည်း
မဟုတ်လို့
ရှိမခိုးခြင်း
ဖြစ်ပါတယ်

"ကဲလေ"

"ဘာလဲကွ၊ မင်းစကားက အရင်းမရှိ အဖျားမရှိ"

"သူ့မှာလည်းမေ့တတ်ရန်ကော၊ မလ္လိကာမိဖုရားအကြောင်း ဆက်ပြောမယ်ဆိုတာလေ၊ တစ်နေ့ပြောနိုး တစ်နေ့ပြောနိုးနဲ့"

"ဩော်၊ ဒါလား၊ ဟုတ်ပေသားပဲ၊ တရားဟော ဓမ္မကထိက ဆိုတာ တရားတောင်းတဲ့လူရှိမှ' ပြောအားဟောအား ရှိတာကွ၊

www.burmeseclassic.com

www.burmeseclassic.com



အဟာမ်း အဟာမ်း"

"အမယ်လေး၊ သူကလည်း ဘဝင်မြင့်ပြီး စိတ်ကြီးဝင်နေလိုက်တာ တကတဲ"

"ဟ၊ ဘုရားဟော ဓမ္မဒေသနာတွေကို တစ်ဆင့်ဟောပြောပေးရတဲ့ လုပ်ပဲဟာ စိတ်ကြီးဝင်ရမှာပေါ့၊ နေပါဦး၊ ဟောရတဲ့လူက ဟောပြသလောက် တရားနာတဲ့လူက ပွဲပြီးမီးသေ မေ့မေ့ပျောက်ပျောက် အမှတ်မထားရင် ဟောတဲ့သူလည်း အကျိုးမရှိဘူး၊ နာတဲ့သူလည်း အကျိုးမရှိဘူး၊ ကဲ အရင်တစ်ပတ်က မိဖုရားမလ္လိကာအကြောင်း မင်းဘယ်လောက် မှတ်မိသလဲ၊ ပြောပြစမ်း"

ဦးချမ်းသာက ဒေါ်မြမေအား အကဲစမ်းသလို မေးလားမြန်းလားနှင့် ခပ်ပြုံးပြုံးလုပ်နေသဖြင့် ဒေါ်မြမေက မျက်စောင်းလေးတစ်ချက် ချိတ်လိုက်ပြီး

"မှတ်မိပါ့တော်၊ ပသေနဒီကောသလမင်းကြီး ညတစ်ညမှာ ဒု၊ သ၊ န၊ သော ဆိုတဲ့ အသံဆိုးကြီးလေးခွန်းကို မထိတ်သာ မလန့်သာ ကြားလိုက်ရတယ်၊ တစ်ညလုံး အိပ်မပျော်နိုင်အောင် တုန်လှုပ်ချောက်ချားနေရတယ်၊ မနက်လင်းလင်းချင်း အခ,စား ဝင်လာကြတဲ့ ပုဏ္ဏားတော်တွေကို အသံဆိုးကြီးတွေအကြောင်း မေးမြန်းတော်မူတယ်၊ ပုဏ္ဏားတော်များက အမှန်တရားကိုမသိဘဲ မင်းကြီးကြားရတဲ့ အသံဆိုးကြီးလေးခွန်းဟာ ရွှေနန်းစည် စိမ်နဲ့ အသက်အန္တရာယ်ပါ ပျက်စီးမယ့် နိမိတ်ဆိုးကြီးများ ဖြစ်ပါတယ်လို့ လျှောက်ကြတယ်၊ ဒီတော့ ရှင်ဘုရင်ကြီးက ပိုထိတ်လန့်သွားပြီး ဘယ့်လိုယတြာများချေရင် ဒီအန္တရာယ်က လွတ်ကင်းနိုင်မလဲလို့ မေးတယ်၊ ပုဏ္ဏားများက ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ လူယောကျ်ားတစ်ရာ၊ လူမိန်းမတစ်ရာတို့ကို သတ်ပြီး ယဇ်ပူဇော်ရမယ်လို့ ပြောတယ်၊ တိရစ္ဆာန်အမျိုးအစားတွေကိုတော့



တိတိကျကျ ကျွန်မ မမှတ်မိတော့ဘူး"

"ထားပါတော့ ထားပါ၊ ယဇ်ပူဇော်ခိုင်းတဲ့ မူလအကြောင်း သိရင် လုံလောက်ပါပြီ၊ ကဲ ဆက်သာပြောပါ"

"အဲဒီတော့ မင်းကြီးက ခွင့်ပြုလိုက်တာနဲ့ ပုဏ္ဏားတွေက ယဇ်ပူဇော်ဖို့ အစီအရင်တွေလုပ်ပြီး တိရစ္ဆာန်တွေကိုဖမ်းကြတယ်၊ လူတွေကို ဖမ်းကြတယ်၊ တစ်တိုင်းတစ်ပြည်လုံး ပြေးကြ လွှားကြ ငိုကြ ယိုကြ ဖြစ်နေတယ်၊ ဒီအသံတွေကို မလ္လိကာမိဖုရားကြားတော့ ဘုရင်ကြီးထံလာပြီး မေးမြန်းတယ်၊ ဘုရင်ကြီးက သူ့အသက်စည်းစိမ် တည်မြဲရေးအတွက် ယဇ်ပူဇော်ပြီး ယတြာချေမယ့်အကြောင်း ပြောတယ်၊ ဒီတော့ မလ္လိကာမိဖုရားက အကုသိုလ်တွေလုပ်လို့ ကိုယ့်အသက်ရှည်နိုင်မယ်ဆိုတာ ယထာဘူတမကျပါဘူး၊ ဒီအသံကြီးလေးခွန်းရဲ့အကြောင်းကို မလွဲဧကန် အမှန်ဆုံးပြောပြနိုင်တဲ့ သဗ္ဗညုတ မြတ်စွာဘုရားထံ အမြန်လျှောက်ထားကြည့်ရအောင်လို့ ဘုရင်ကြီးကို နားချပြီး ဘုရားကျောင်းတော်ကို ခေါ်ခဲ့တယ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ကွာ၊ ဖြတ်ဖြတ်မပစ်ပါနဲ့၊ ဆက်သာပြောပါ၊ မင်းပြောတာလေးတွေ နာနေရတာ အရသာရှိလွန်းလို့"

"တော်စမ်းပါ ပိုလိုက်တာ"

"ငါက မင်းကို မြှောက်ပြောနေတာ မဟုတ်ပါဘူးကွ၊ ကိုယ်က စေတနာနဲ့ ဟောထားတဲ့တရားကို သင်ယူကြားနာရတဲ့လူက ကောင်းကောင်း မှတ်မိတယ်ဆိုတာ သိရရင် ဟောရကျိုး နပ်လေရဲ့လို့ ဝမ်းသာလို့ပါ၊ 'ကြာညိုနဲ့ခေါင်ရန်း' မှာ ကြည့်လေ၊ အရှင်အာနန္ဒာ သင်ကြားပေးတဲ့ ပိဋကတ်တော်များကို မလ္လိကာမိဖုရားက [illegible]စေ ပတ်စေ ပြန်လျှောက်နိုင်တာကြောင့် ဘုရား 'ရွှေနားတော်ပေါက်' မလ္လိကာ မိဖုရားအကြောင်း ချီးမွမ်း လျှောက်ထားတာမဟုတ်လား၊ ဒီလိုပေါ့၊ ကဲ ဆက်ပြော"

www.burmeseclassic.com

www.burmeseclassic.com



"သူဝင်ပြောလိုက်တာနဲ့ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး၊ တကတဲ"

"မြတ်စွာဘုရားထံ မလ္လိကာမိဖုရားက ကောသလမင်းကြီးကို ခေါ်သွားတယ်ကွာ"

"အဲ၊ မလ္လိကာမိဖုရားက အသံဆိုးကြီးလေးခွန်းရဲ့ အကြောင်းကို ကောသလမင်းကိုယ်စား မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားရတယ်၊ ဒီတော့မှ မြတ်စွာဘုရားသခင်က 'ဒု၊ သ၊ န၊ သော ဆိုတဲ့ အသံဆိုးကြီးလေးခွန်းဟာ ရှေးရှေးဘဝက သူတစ်ပါးသားမယားကို ပြစ်မှား ကျူးလွန်တဲ့ လူရမ်းကား သူဌေးသားလေးယောက်လောဟကုမ္ဘီငရဲမှာ ခံနေရတဲ့အတွက် မချိမဆံ့ စကားတစ်လုံးစီသာ အော်ပြီးငရဲအိုးထဲ ပြန်နစ်သွားကြရတဲ့အကြောင်း၊ မင်းကြီးမှာ အန္တရာယ်ဖြစ်ဖို့နိမိတ်ဆိုးကြီးများမဟုတ်ကြောင်း' ဟောတော်မူတယ်၊ ဒီတော့မှ ယဇ်ပူဇော်ဖို့ ဖမ်းထားတဲ့ တိရစ္ဆာန်နဲ့ လူသားတွေဟာ အသက်ချမ်းသာရာရသွားကြတယ်၊ ဒါပဲမဟုတ်လား"

"သာဓုဗျာ၊ သာဓု၊ သာဓု၊ ကဲ မောင်က ဆက်ပြောမယ်၊ အဲဒီလို သေရမယ့်အန္တရာယ်မှ ဘေးမဲ့လွတ်သွားကြတဲ့ တိရစ္ဆာန်ပေါင်းများစွာတို့မှာ မြူးတူး တွန်ကျူး ပြေးလွှားနေကြသလို အသက်ဘေးမှ သီသီလေးလွတ်ကြတဲ့ ယောကျ်ားများ မိန်းမများ သူတို့ရဲ့မိဘဆွေမျိုးသားချင်းများ အပေါင်းအဖော်မိတ်ဆွေသင်္ဂဟများ မြို့သူမြို့သားများ လူတိုင်းလူတိုင်းဟာ 'မလ္လိကာမိဖုရားရဲ့ကျေးဇူးကြောင့် အသက်ချမ်းသာရာ ရပေတယ်' လို့ ဥက္ကောဋ္ဌေယျ (ချီးကျူး) ပူဇော်ကြတယ်၊ အိမ်တိုင်းအိမ်တိုင်းမှာ မလ္လိကာမိဖုရားအကြောင်း ချီးမွမ်း၍ မဆုံးပြော၍မဆုံး ဖြစ်နေကြတယ်၊ တစ်မြို့လုံးဝမ်းသာနေကြတယ်ပေါ့ကွာ"

"အဲသလို ချီးမွမ်းဝမ်းသာ ပြောဆိုနေကြတာဟာ မြို့ထဲတင်မဟုတ်ဘူး၊ ဘုရားသီတင်းသုံးတော်မူရာ ဇေတဝန် ကျောင်းတော်ကြီး



မှာလည်း ရဟန်းအချင်းချင်း ပြောဆိုဆွေးနွေးနေကြသတဲ့၊ အဲသည့်အခါမှာ မြတ်စွာဘုရားကြွတော်မူလာပြီး မေးမြန်းတော်မူလို့ မလ္လိကာမိဖုရားရဲ့ ဂုဏ်ကျေးဇူးကို ရဟန်းတော်များက လျှောက်ထားကြတယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ်က 'ချစ်သားရဟန်းတို့၊ မလ္လိကာမိဖုရားကြီးသည် ယခုဘဝ၌ သာလျှင် မိမိ၏ပညာကိုမှီ၍ များစွာသောလူအပေါင်းအား ဇီဝိတဒါနကို ပေးလှူသည်မဟုတ်သေး၊ ရှေး၌လည်း ပေးလှူဖူးသည်သာလျှင်တည်း' လို့ မိန့်တော်မူပြီး ဓမ္မပဒမှာပါတဲ့အတိုင်း ဓမ္မဒိန္နာဇာတ်ကို ဆက်လက် ဟောကြားတော်မူတယ်"

"လွန်လေပြီးသောအခါကပေါ့ကွယ်၊ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတယ်၊ အဲဒီမင်းကြီးရဲ့ သားတော်တစ်ပါးက တစ်နေ့တော့ မြို့ပြင်မှာရှိတဲ့ အဓိကရ ညောင်ပင်ကြီးတစ်ပင်သို့ သွားပြီး ဆုတောင်းသတဲ့၊ 'အသင်ညောင်စောင့်နတ်မင်းကြီး ကျွန်ုပ်ၥို ဖခမည်းတော်ရဲ့ အရိုက်အရာဖြစ်သော မင်းစည်းစိမ်ကို ဆက်ခံနိုင်အောင် မှိုင်းမ,တော်မူပါ၊ ကျွန်ုပ်ဘုရင်ဖြစ်လာရင် အသင်နတ်မင်းကြီးအား တစ်ရာ့တစ်ပါးသော မင်း မိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ပေးပါမည်' လို့ တိုင်တည်လိုက်သတဲ့"

"ဘုရင့်သားဟာ ဖခမည်းတော်နတ်ရွာစံရင် ဘုရင်ဖြစ်ရမှာပဲ မဟုတ်လား၊ ဘာပြုလို့ ညောင်စောင့်နတ်ကို သွားပြီးဆုတောင်းနေရသတဲ့လဲ"

"ဘုရင်တစ်ပါးမှာ သားတော်တစ်ပါးတည်း ရှိရင်တော့ ဆုတောင်းဖို့ မလိုဘူးပေါ့၊ သားတော်အများအပြားရှိနေရင်တော့ အကြီးဆုံးသားတော်ပဲ ဖြစ်ပေစေ၊ မင်းအဖြစ်ကို ရဖို့က မသေချာဘူးကွ၊ ငါးရာ့ငါးဆယ် တေလပတ္တဇာတ်ကိုပဲကြည့်၊ ခမည်းတော်ဘုရင်ကြီးမှာ သားတော်တစ်ထောင်ရှိနေလို့ အငယ်ဆုံးသားအတွက် သူ့တစ်သက်မှာ ဘုရင်ဖြစ်နိုင်တော့မှာ မဟုတ်လို့ တခြားသော

www.burmeseclassic.com



ပြည်ရွာတို့ကို ရှာပြီး မင်းလုပ်စေရအောင် လွှတ်တော်မူလိုက်ရသတဲ့၊ အခုတို့ပြောနေတဲ့ ဗြဟ္မဒတ်မင်းကြီးမှာလည်း သားတော်တွေ အများအပြားရှိနေတော့ နန်းစည်းစိမ်အတွက် ကိန်းမသေဖူးလေ၊ ညီတော်နောင်တော် အချင်းချင်း သတ်ဖြတ်နိုင်စရာတွေရှိတယ်၊ တချို့များဖခမည်းတော်ကိုတောင် သတ်ပြီး နန်းလုကြတယ်မဟုတ်လား"

"ဟုတ်တာပေါ့၊ 'သားတော်မောင် အဇာတသတ်ရယ်က နန်းရပ် ထီးဖြူ လုယူပြန်တော့သည်' တဲ့ သီချင်းတောင်ရှိသားပဲ၊ မကြည်အောင် ဆိုထားတာလေ"

"လုပ်စမ်းပါဦးကွ၊ သံနေသံထားကလေးနဲ့ ဟဲ...ဟဲ..."

"တော်စမ်းပါ၊ ဒီက အကောင်းပြောနေတဲ့ဥစ္စာ"

"နောက်တစ်ခု တို့မြန်မာ့သမိုင်း ရတနာပုံခေတ်ကိုပဲ ကြည့်ဦးကွာ၊ သားတော်တွေ များလွန်းတော့ သတ်ကြဖြတ်ကြနဲ့၊ ဘယ်လောက် ကမောက်ကမ ဖြစ်ခဲ့ရသလဲ၊ ဒါကြောင့် အခု ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော်ဟာ ပညောင်ပင်ကို အားကိုးတာဖြစ်မှာပေါ့၊ ဒါလည်း အယူသီးတယ်လို့တော့ ပြောလို့မရဘူး၊ သိပ္ပံထွန်းကားပါတယ်ဆိုတဲ့ အခုတို့ခေတ်ကိုပဲကြည့်၊ မိမိတိုးတက်ကြီးပွားအောင်ဆိုပြီး ဘိုးတော်ပွဲတွေ ထိုးကြတယ်၊ ဝိဇ္ဇာပွဲတွေ ထိုးကြတယ်၊ အစွမ်းသိဒ္ဓိရှိတယ်ဆိုတဲ့ ဘုန်းကြီးဆရာ လူဆရာတွေနောက် တကောက်ကောက်လိုက်နေကြတယ်၊ မြင်းဖြူရှင်ကို စီးတော်ရပ်ဆက်တယ်၊ မင်းကြီးမင်းလေးကို 'ဗောင်းတော်' တင်တယ်၊ သခင်မ မနဲ့လေးကိုရွှေထဘီလေးချုပ်ပေးတယ်၊ ကိုကြီးကျော်ကို အရက်ဆက်ရတယ်၊ ကုန်ကုန်ပြောရရင် ရေခြားမြေခြားက ဆိုင်းဘာဘာကြီးတောင် အတော်ခေတ်ထလိုက်သေးတယ် မဟုတ်လား၊ အဲဒီနေရာမျိုးမှာ မင်းတို့မိန်းမတွေ အကဲဆုံး"

"အမလေး ကျုပ်တို့ မပါ,ပါဘူးတော်"



"အေးပါ၊ လူဆိုတာ အတ္တသမားတွေဖြစ်လို့မို့ ကိုယ်ချမ်းသာဖို့ ကိုယ်ကြီးပွားဖို့ ကိုယ်အောင်မြင်ဖို့ နည်းအမျိုးမျိုးနဲ့ အားကိုးရှာကြတာဟာ သဘာဝပါ၊ ဒါကို တစ်ဖက်သတ် အဆိုးမဆို အပြစ်မတင်ချင်ပါဘူး၊ သို့ပေမဲ့ လွန်လွန်းပြီး ကိုးကွယ်ရာ ထင်လာရင် အမှားကြီးမှားတတ်တယ်၊ 'လောဘော အတ္တံ နဿနာတိ' တဲ့၊လောဘကြီးလာရင်ပစ္စုပ္ပန်သံသရာအကျိုးဟုတ်သည်မဟုတ်သည်ကိုမဆင်ခြင်မစဉ်းစားနိုင်တော့ဘူးတဲ့၊ အခုပဲကြည့်လေ၊ တစ်ရာ့တစ်ပါးသောမင်းနဲ့ တကွ မိဖုရားများကိုသတ်ပြီး ယဇ်နတ်ပူဇော်မယ်ဆိုတာ ပစ္စုပ္ပန်သံသရာမှာ ဘယ်လောက်အပြစ်ကြီးသလဲ"

"ဟုတ်ပါရဲ့နော်၊ တစ်ရာ့တစ်ပါးသော မင်းနဲ့မိဖုရားဆိုရင် နှစ်ရာ့နှစ်ယောက်ကို သတ်ရတော့မှာပဲ၊ အဲဒီမင်းသားကလည်း ဒီလောက်မှ မတွေးမိဘူးတဲ့လားရှင်"

"ဟ၊ အဲဒီအခါက ဗုဒ္ဓမြတ်စွာတို့ရဲ့ သာသနာတွင်း မဟုတ်ဘူးလေ၊ အခုသာသနာတွင်းမှာတောင် ရှင်တော်ဘုရားကိုယ်တော်တိုင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါလျက်နဲ့ ယဇ်ပူဇော်ပွဲကြီးလုပ်မယ့် ကောသလမင်းကြီးကို ကြည့်ကွာ၊ ဘယ်လောက် ဆိုးသလဲ"

"အင်း၊ ဟုတ်ပါရဲ့နော်၊ သေချာစဉ်းစားကြည့်လေ၊ ကြက်သီးထစရာ ကောင်းလေပဲ"

"လူတစ်ယောက်ရဲ့ ကြီးပွားအောင်မြင်မှုဟာ ကံ ဉာဏ် ဝီရိယ သုံးမျိုးက အဓိကမဟုတ်လား၊ ကံဆိုတာက ရှေးအတိတ်က လုပ်ခဲ့တဲ့ ကုသိုလ်ကံ၊ အခု ပစ္စက္ခမှာ ကိုယ်လုပ်နေတဲ့ ကိုယ့်အလုပ်၊ ဉာဏ်နဲ့ဝီရိယဆိုတာကတော့ မင်းသိလောက်ပါတယ်၊ အဲဒါတွေကို မယုံကြည် မလိုက်နာတဲ့လူဆိုရင် မိမိကံအားလျော်စွာ အောင်မြင်လာတာကိုတောင် နတ်တွေက မ,လို့၊ အစောင့်အရှောက်တွေက မ,လို့ ဆိုပြီး အကုသိုလ်ထပ်ဖြင့်အောင် အယူလွဲကုန်ကြရော၊ အခုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ ဗြဟ္မဒတ်မင်းကြီးရဲ့ သားဟာ ခမည်းတော်နတ်ရွာစံလို့ကံအား လျော်စွာ (ကိုယ့်အကျိုးပေးနဲ့ကိုယ်) ဘုရင်ဖြစ်လာတယ်၊ အဲဒါကို ပညောင်စောင့်နတ်က မ,လို့ မင်းဖြစ်ရတယ်ဆိုပြီး သူ့ကတိအတိုင်း ကျေးဇူးဆပ်ရအောင် 'ဗလိနတ်စာ' ပူဇော်ဖို့ စီမံတော့တာပါပဲ"

"ဒီလိုအဖြစ်မျိုးဟာ ငါ့ရှာငါးဆယ် မဟာသုတသောမ ဇာတ်မှာလည်း ရှိတယ်ကွ၊ လူသားကို စားမိရာက အရသာတပ်မက်လွန်းလို့ တိုင်းပြည်က နှင်ထုတ်ခံရတဲ့ ပေါရိသာဒဘုရင်ဟာ တစ်နေ့တော့ လူအဖမ်းမှာ ပြေးရင်းလွှားရင်း သူ့ခြေဖဝါးကို ထုတ်ချင်းပေါက် ရှားငုတ်ရှူးတယ်၊ အဲဒီအနာက ကိုက်ခဲလွန်းတော့ သူနားခိုနေတဲ့ ပညောင်ပင်က နတ်ကို 'အသင်နတ်မင်း၊ ကျွန်ုပ်၏အနာကို ခုနစ်ရက်အတွင်း ပျောက်အောင်ကယ်မ,ရင် အသင်နတ်မင်းအား တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးနဲ့ ပူဇော်ပါ့မယ်' လို့ တိုင်တည်လိုက်တယ်"

"အဲဒီနောက် ပေါရိသာဒဟာ အစာမစားရတော့ ကိုယ်ခန္ဓာခြောက်ကပ်ပြီး ခုနစ်ရက်အတွင်းမှာပဲ အလိုအလျောက် သူ့အနာ ပျောက်သွားတယ်၊ ဒါကို ညောင်စောင့်နတ်က မ,တယ်ထင်ပြီး သူ့ကတိအတိုင်း ပူဇော်ရအောင် တစ်ရာ့တစ်ပါးသော မင်းတို့ကို လိုက်ဖမ်းတယ်၊ အခု ဗာရာဏသီဘုရင်လည်း ဒီအတိုင်းပဲ"

"အင်း၊ အခု ကျွန်မတို့ခေတ်လည်း သူတို့မ,လို့ အောင်မြင်တယ်ဆိုပြီး ရှစ်ထောင်ကုန် တစ်သောင်းကုန် 'နတ်ကနား' ပေးတဲ့ လူတွေ ပေးနေကြတာပဲ၊ အခု အဲဒီ ရှင်ဘုရင်ဖြစ်လာတဲ့ မင်းသားလည်း တစ်ရာ့တစ်ပါးသောမင်းတွေကို လိုက်ဖမ်းတော့မှာပေါ့၊ ဟုတ်လား"

"ဖမ်းတော့တာပေါ့ကွ၊ အလွဲကို ကျေးဇူးတင်တော့ လွဲမှားစွာ ကျေးဇူးဆပ်ချင်လာတာပေါ့"

"နေပါဦး၊ သူကတစ်ယောက်တည်းနဲ့ တစ်ရာ့တစ်ပါးသော



မင်းတွေကို ဘယ်လိုလုပ် ဖမ်းသလဲ"

"သူလုပ်ပုံက ပထမဦးဆုံး သူကိုယ်တိုင် စစ်သည်ဗိုလ်ပါများနဲ့ တိုင်းနားပြည်နားက ဘုရင်တစ်ပါးကို စစ်အင်အားပြပြီး သိမ်းသွင်းသစ္စာခံစေတယ်၊ သူတို့နှစ်ပါးဖြစ်လာတော့ နောက်ဘုရင် တစ်ပါးကို အလွယ်တကူရတယ်၊ သုံးပါးဖြစ်လာတော့ နောက်ဘုရင် တစ်ပါးကို သိမ်းသွင်းဖို့ ပိုလွယ်သွားပြန်ရော၊ အဲသလို အဲသလို လုပ်တာပေါ့ကွာ၊ နှိပ်စက်ချုပ်နှောင်တာမျိုး မဟုတ်ဘူးလေ၊ ဥပါယ် တံမျဉ်နဲ့ စည်းရုံးထားတာမျိုးပေါ့"

"အင်း ဒီလိုရင်လည်း လုပ်မှပဲ၊ အတိအလင်းသာဆိုရင် သူ့ပြန်ပုန်ကန်လို့ ဒုက္ခရောက်သွားမှာပေါ့၊ ဒီလိုနဲ့ တစ်ရာ့တစ်ပါးသော မင်းနဲ့မိဖုရားများ ပြည့်လာရောလား"

"ဘုရင်တစ်ရာ့တစ်ပါးနဲ့ မိဖုရားတစ်ရာကိုရခဲ့တယ်၊ အငယ်ဆုံးဖြစ်တဲ့ ဥဂ္ဂသေနဘုရင်ရဲ့ မိဖုရား ဓမ္မဒိန္နာကိုတော့ ကိုယ်ဝန်အရင့်အမာနဲ့မို့ ချန်ထားခဲ့သတဲ့"

"ဒီလိုဆို တော်သေးတာပေါ့နော်၊ ကိုယ်ဝန်အရင့်အမာနဲ့ မိဖုရားပါဆိုရင် အသက်တစ်ချောင်း အဆစ်ပါသွားမှာပဲ"

"အေး၊ မင်းတွေးသလို တွေးလို့ထင်ပါရဲ့ကွာ"

"လူတွေ ဒီလောက်အများကြီးကို သတ်ရမှာ လွယ်တော့ မလွယ်ဘူးနော်"

"သိမ်းသွင်းထားတဲ့ မင်းနဲ့မိဖုရားတွေကို 'ယဇ်ရှေ့ရည်' ပွဲအနေနဲ့ အဆိပ်ခတ်ထားတဲ့ အဖျော်ယမကာများကို တိုက်မယ်၊ မူးယစ်သတိလစ်တဲ့အခါကျမှ သတ်ပြီး လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်မယ်၊ အဲဒီလို စီစဉ်ထားတာကွ၊ ဒီလိုနဲ့ ပရိသတ်ကိုခေါ်ပြီး ညောင်ပင်ကြီးဆီကို လာကြတဲ့အခါ ညောင်ပင်စောင့်နတ်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဘာဖြစ်လို့လဲဟင်”

“သူက ဘုရားအလောင်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်ဆိုတော့ စင်ကြယ်သန့်ရှင်းတဲ့ သူ့ပညောင်ပင်ရင်းမှာ အကုသိုလ်အမှုကြီးနဲ့ ပူဇော် ပ,သပြီး သွေးချောင်းစီးမှာကို မလိုလားဘူးလေ၊ နောက်တစ်ခုက ဇမ္ဗူဒိပ်ကျွန်းမှာ မင်းဆက်တွေ ဆိတ်သုဉ်းသွားရင် လူတွေဟာ ကိုယ်ကျင့်တရား ပျက်ပြားပြီး တစ်လောကလုံး ကပ်ကြီးသုံးပါး ဆိုက်ကုန်လိမ့်မယ်၊ အထိန်းအကွပ်မရှိတဲ့ မင်းမဲ့တိုင်းပြည်ဆိုရင် အကုသိုလ်အမှုများ ပွားသထက်ပွားပြီး အပါယ်ကျကုန်ကြမယ်”

“ဒါဆိုလည်း လွယ်ပါတယ်တော်၊ ကိုယ်ထင်ပြပြီး မင်းကိုငါမ,တာမဟုတ်ဘူး၊ ဒီမင်းတွေသတ်ပြီး မပူဇော်ပါနဲ့လို့ တားလိုက်ရင် ပြီးတာပဲမဟုတ်လား”

“လူပြိန်းပြော ပြောရင်တော့ လွယ်တာပေါ့ကွာ၊ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးရဲ့ကံဟာ အင်မတန် ဆန်းပြားတယ်၊ အတိတ်ဘဝအသချေ်လောက်က ပါရမီဆုတောင်းတွေဆိုတာလည်း အင်မတန်ထူးခြားတယ်၊ မင်းပြောသလို ညောင်စောင့်နတ်မင်းက ဘုရင်ကိုတားမြစ်ဖို့ မိမိရဲ့ ကံစွမ်း ဉာဏ်စွမ်းနဲ့ ကယ်ခွင့်ကယ်ထိုက် ရှိမရှိဆင်ခြင်ကြည့်တဲ့အခါ မကယ်နိုင်ကြောင်း သိရတယ်၊ ဒီတော့သူ့ပတ်ဝန်းကျင်က ရုက္ခစိုးများထံ အကြံဉာဏ်တောင်းတယ်၊ သူတို့ကလည်း မပေးနိုင်ဘူး၊ စတုမဟာရာဇ်နတ်မင်းကြီးများကို သွားပြောတယ်၊ သူတို့လည်း မကယ်နိုင်ဘူး၊ ဒါနဲ့ သိကြားမင်းထံ ရောက်သွားရောကွာ၊ သိကြားမင်းကလည်း သူကဖြင့် မကယ်နိုင်ဘူး၊ ဘုရင်ဥဂ္ဂသေနရဲ့မိဖုရား ဓမ္မဒိန္နာတစ်ယောက်သာလျှင် ကယ်နိုင်လိမ့်မယ်၊ ဘုရင်နဲ့ဓမ္မဒိန္နာကိုသာ တွေ့ပေးလိုက်ပါလို့ အကြံဉာဏ်ပေးလိုက်တယ်”

“သိကြားမင်းက ဓမ္မဒိန္နာရဲ့ ပညာပါရမီကို သိလို့ဖြစ်မှာ



ပေါ့နော်”

“ဟုတ်ပါလိမ့်မယ်၊ ဒီတော့မှ ညောင်စောင့်နတ်က အကြံရပြီး သူ့ဗိမာန် သူပြန်လာတယ်၊ ဘုရင်ကလည်း ပရိသတ်နဲ့ ညောင်ပင်ခြေရင်းရောက်နေပြီ၊ ဒီအချိန်မှာ ညောင်စောင့်နတ်မင်းက ကိုယ်ထင်ပြပြီး ‘ဟယ်၊ ကတိမတည်တဲ့မင်းယုတ်၊ ငါ့ကို တိုင်တည်စဉ်ကတစ်ရာ့တစ်ပါးသော မင်း မိဖုရားတို့ရဲ့ လည်ချောင်းသွေးဖြင့်ပူဇော်ကန်တော့ပါ့မယ်လို့ ဝန်ခံခဲ့တယ်၊ အခု မိဖုရားတစ်ပါး လိုနေပါကလား၊ အပြောနဲ့အလုပ်မညီညွတ်တဲ့ ပူဇော်ခြင်းမျိုးကို ငါလက်မခံချင်ဘူး’ လို့ ကန့်ကွက်လိုက်တယ်၊ အဲဒီအခါကျမှ မင်းတစ်ရာ့တစ်ပါးတို့မှာ ‘ငါတို့ကိုသတ်ပြီး ယဇ်နတ်ပူဇော်မှာ ပါကလား’ လို့သိကြတဲ့အတွက် အံ့ဩထိတ်လန့်၍ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတယ်၊ သို့ပေမဲ့ သူတို့ဘာမှမတတ်နိုင်ကြပါဘူး၊ စစ်သည်တော်များက ဝိုင်းထားကြပြီလေ”

“ဘုရင်မှာလည်း နတ်မင်းက အပူဇော်မခံဘူးလို့ ငြင်းလိုက်တော့ စိုးရိမ်ကြောက်လန့်ပြီး မင်းချင်းများအား ကျန်ခဲ့တဲ့ ဓမ္မဒိန္နာမိဖုရားကို အလျင်အမြန် ဆောင်ကြဉ်းခိုင်းတယ်”

“နတ်မင်းက ဥပါယ်တံမျဉ် ပရိယာယ်ဆင်ပြီး ပြောလိုက်တာပေါ့နော်၊ ဟုတ်ကဲ့လား”

“ဟုတ်တာပေါ့ကွ၊ ဒီလိုခေါ်ခိုင်းလိုက်မှ ဓမ္မဒိန္နာနဲ့ တွေ့ရမှာကိုး၊ မင်းချင်းများကခေါ်လာလို့ ဓမ္မဒိန္နာမိဖုရား ပါလာရရှာတယ်၊ ဥဂ္ဂသေနမင်းမှာ ကိုယ်ဝန်အရင့်အမာနဲ့ သူ့မိဖုရားကိုမြင်ရတော့ဗျာပါသောကနဲ့ ဆောက်တည်ရာမရအောင် ဖြစ်နေရှာတယ်၊ သူ့အသက်ဆုံးရမည်ထက် သူ့မိဖုရားသေမှာကို ယူကျုံးမရဖြစ်ပြီးတုန်လှုပ်ချောက်ချားနေတယ်၊ ဓမ္မဒိန္နာမိဖုရားကတော့ တည်တည်ငြိမ်ငြိမ်ကြည်ရွှင်နဲ့ ဥဂ္ဂသေနမင်းကို ဦးချကန်တော့လိုက်တယ်လာမယ့်ဘေးကို အရေးမစိုက်သလိုပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပမာမခန့်လုပ်တော့ ဘုရင်ကြီးက ပိုပြီး အမျက်မထွက်ဘူးလား"

"ထွက်တာပေါ့ကွ၊ ဗာရာဏသီမင်းက သူ့ကို အရင်ရှိခိုးဦးတင်လုပ်လိမ့်မယ်ထင်တာ၊ သူထင်သလို အရိုအသေမပြုတော့ ခက်ထန့်လာပြီး 'ဟဲ့၊ မိုက်မဲလှတဲ့မိဖုရားကလေး၊ သင့်လင်နဲ့တကွ မင်းတစ်ရာ့တစ်ပါးတို့ကို လက်ရပိုင်ပိုင် ဖမ်းထားနိုင်တဲ့ ငါ့ကို အဘယ်ကြောင့်ရှိမခိုးသလဲ' လို့ မာမာထန်ထန် ရာဇမာန်နဲ့ မေးတယ်၊ ဒီတော့ ဓမ္မဒိန္နာက 'ကျွန်ုပ်အား ကောင်းကျိုးချမ်းသာပေးသော ကျေးဇူးရှင်ဖြစ်၍ ရှိခိုးရပါတယ်၊ အသင်မင်းကြီးကား ကျွန်ုပ်နဲ့ဆွေမျိုးတော်စပ်သူလည်းမဟုတ်၊ ကောင်းကျိုးချမ်းသာပေးတဲ့ ကျေးဇူးရှင်လည်းမဟုတ်လို့ ရှိမခိုးခြင်းဖြစ်ပါတယ်' အဲသလို ဓမ္မဒိန္နာက ရဲရဲဝံ့ဝံ့လျှောက်လိုက်တော့ ဗာရာဏသီဘုရင်ဟာ ထိပ်အပုတ်ခံလိုက်ရတဲ့မြွေဟောက်လို ရှူးရှူးရှားရှား ဖြစ်လာတယ်၊ ဥဂ္ဂသေနနဲ့ ပရိသတ်များမှာလည်း 'ဟယ်' ခနဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတယ်"

"ဖြစ်စရာပေါ့၊ သူ့စကားက စော်ကားသလို ဖြစ်နေတာကိုး၊ ဗာရာဏသီမင်းက ချက်ချင်းထသတ်မှာတောင် စိုးရသေး"

"သို့ပေမဲ့ အဲဒီအခိုက်မှာ ညောင်စောင့်နတ်က 'အရှင်၊ အရှင်မ,စကားဟာ ဟုတ်ပါပေတယ်၊ မှန်ပါတယ်' လို့ ချီးမွမ်းပြီး ပန်းတစ်ဆုပ်ကြဲဖြန့် ပူဇော်လိုက်တယ်၊ ဒီတော့ အမျက်ထွက်နေတဲ့ ဗာရာဏသီဘုရင်ဟာ သူအရိုအသေပြုနေတဲ့ နတ်မင်းကတောင် ဓမ္မဒိန္နာကို လေးလေးစားစား ချီးမွမ်းလိုက်ပါကလားလို့ ဒေါသအရှိန်လျှော့သွားရတယ်၊ ပရိသတ်တွေကလည်း အားတက်လာကြတယ်၊ အဲဒီနောက် ဗာရာဏသီမင်းက

'ကဲ၊ ငါ့ကိုတော့ ဆွေမျိုးလည်းမတော်စပ်လို့ ကျေးဇူးရှင်လည်းမဟုတ်လို့ ရှိမခိုးတာ ထားပါတော့၊ ငါ့ကို မင်းစည်းစိမ်ရအောင်



တန်ခိုးဣဒ္ဓိပါဒ်နဲ့ စောင်မ,တဲ့ ဤနတ်မင်းကိုကော ဘာဖြစ်လို့ရှိမခိုးသလဲ' လို့ မေးပြန်တယ်"

"ဟဲ ဟဲ... တော်တော်လာတဲ့ ဘုရင်ပဲ၊ နတ်နဲ့လှည့်တိုက်တယ်ဆိုတာ ဒါမျိုးဖြစ်လိမ့်မယ်၊ ဒီတော့ မိဖုရားက ဘယ်လိုပြန်ပြောသလဲဟင်"

"ဒီတော့ မိဖုရား ဓမ္မဒိန္နာက 'အသင်မင်းကြီး၊ အသင်မင်းကြီးမင်းဖြစ်လာတာဟာ ကိုယ့်ဘုန်း ကိုယ့်ကံ ကိုယ့်ဉာဏ်ဝီရိယနဲ့ဖြစ်လာတာပါ၊ အခု တစ်ရာ့တစ်ပါးသောမင်းများ အသင်မင်းကြီးရဲ့အာဏာအောက် ရောက်လာကြတာကို ကြည့်ပါ၊ မင်းကြီးကိုယ်တိုင်ကိုယ့်လုံ့လ ပယောဂနဲ့ ဖမ်းယူခဲ့ရတာပါ၊ နတ်မင်းက တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဖမ်းပေးတာ မဟုတ်ပါဘူး၊ အသင်မင်းကြီးအတွက် ဖမ်းပေးဖို့နေနေသာသာ သူ့ညောင်ပင်ကိုကြည့်လိုက်စမ်းပါ၊ ဘယ်ဖက်တစ်ခြမ်းမှာ မီးလောင်ထားတယ်၊ အကယ်၍သာ မင်းကြီး ပြောသလိုတန်ခိုး ဣဒ္ဓိပါဒ်ရှိရင် သူ့ဗိမာန်လောင်တဲ့ ဒီမီးကို မလောင်ခင်ကတားနိုင်ရမှာပေါ့' လို့ ပြောလိုက်တယ်၊

"ဒီစကားကြားရတော့ တစ်ရာ့တစ်ပါးသော မင်းတို့ဟာ ညောင်ပင်ကိုကြည့်ပြီး ပြုံးလိုက်ကြသတဲ့၊ ဗာရာဏသီမင်းကလည်း နတ်မင်းကို မလုံမလဲကြည့်လိုက်မိသတဲ့၊ နတ်မင်းကတော့ 'အရှင်မပြောတာ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်' လို့ ရှေ့နည်းအတိုင်း ပန်းတစ်ဆုပ်နဲ့ ပူဇော်လိုက်ပြန်သတဲ့"

"အင်း၊ မိဖုရားကလည်း ရဲရဲဝံ့ဝံ့လျှောက်တတ်ပါပေ့၊ နတ်မင်းကလည်း ရိုးရိုးသားသား ဝန်ခံပါပေရဲ့"

"အဲသလို ဓမ္မဒိန္နာက ရဲရဲဝံ့ဝံ့လျှောက်လို့ နတ်မင်းကိုယ်တိုင်ဝန်ခံတဲ့စကားပြောမှ ဗာရာဏသီမင်းက ကိုယ့်ကံနဲ့ကိုယ် မင်းဖြစ်လာရတာ သိတော့မပေါ့၊ အဲသလိုသိအောင် လျှောက်နိုင်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



ခမ္မဒိန္နာရဲ့သတ္တိဗျတ္တိဂုဏ်လို့ ခေါ်ရမယ်၊ သတ္တိဆိုတာ ပြောဝံ့၊ ဆိုဝံ့၊ လုပ်ဝံ့၊ ကိုင်ဝံ့တာပေါ့ကွာ၊ အဲသလိုသတ္တိတစ်ခုတည်းရှိရုံနဲ့ မပြီးသေးဘူး၊ အမှားအမှန်ဝေဖန်ဆုံးဖြတ်နိုင်တဲ့ ဗျတ္တိဂုဏ်ကလည်း ရှိရဦးမယ်၊ အဲ၊ တချို့ကျတော့လည်း ဗျတ္တိတော့ရှိပါရဲ့၊ အမှန်တော့ သိပါရဲ့၊ အမှန်အတိုင်းပြောဝံ့တဲ့သတ္တိက မရှိပြန်ဘူး၊ အခု ခမ္မဒိန္နာမှာတော့ သတ္တိရောဗျတ္တိပါ ပြည့်စုံလို့ သိကြားမင်းကိုယ်တိုင် ညောင်စောင့်နတ်ကို လမ်းညွှန်လိုက်ရတာပေါ့"

"အဲသလို အချက်ကျကျပြောချလိုက်တော့ ဗာရာဏသီမင်းမှာ စိတ်သဘောထား နူးညံ့သွားတယ်၊ ခမ္မဒိန္နာက ဘုရင်ကိုကြည့်ပြီး ဝမ်းပန်းတနည်း ငိုချလိုက်တယ်၊ ဒီတော့ ဘုရင်ကြီးက ခမ္မဒိန္နာကို မေးတယ် 'ခမ္မဒိန္နာ၊ အသင် သေရမှာကိုကြောက်လို့ ငိုတာလား'

'အသင်မင်းကြီး၊ သေရမှာကြောက်လို့ ငိုတာမဟုတ်ဘူး'

'ဒါဖြင့် ဘာကြောင့်ငိုတာလဲ'

'အသင်မင်းကြီး၊ ကျွန်ုပ်ဟာ ဇာတိဿရဉာဏ်ရသူ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်ုပ်၏အတိတ်ဘဝ ဖြစ်စဉ်များကို အမှတ်တရ သိနေပါတယ်၊ လွန်လေပြီးသော ဘဝတစ်ခုမှာ ကျွန်ုပ်ဟာ သူဌေးသား တစ်ယောက်ရဲ့ ဇနီးမယား ဖြစ်ခဲ့ရပါတယ်၊ တစ်နေ့တော့ ကျွန်ုပ်၏ လင်ယောကျ်ားက သူ့မိတ်ဆွေများကို ထမင်းစားပွဲ တည်ခင်း ကျွေးမွေးရန် ဖိတ်မန္တက ပြုခဲ့ပါတယ်၊ ကျွန်ုပ်မှာ အိမ်ရှင်မတို့၏ ဝတ္တရားအတိုင်း ဧည့်သည်များအတွက် ဟင်းကောင်းကျွေးကောင်း စီမံချက်ပြုတ်ရပါတယ်၊ အသားဟင်းတစ်ခွက်လိုနေလို့ ဈေးမှ အမဲဟင်းလျာ သွားဝယ်တာလည်း မရတာနဲ့ အိမ်မှာရှိတဲ့ ဆိတ်မ ကလေး တစ်ကောင်ကို ကိုယ်တိုင်လည်လှီးပြီး ချက်ပြုတ်ကျွေးမွေးခဲ့ ရပါတယ်'

'ကျွန်ုပ်ဟာ ထိုအကုသိုလ်ကံကြောင့် ငရဲမှာ ကြာမြင့်စွာ



ကျခံခဲ့ရပါတယ်၊ ထိုငရဲမှ လွတ်လာပြီးသည့်နောက် တိရစ္ဆာန်အဖြစ် သို့ ရောက်ရပါသော်လည်း ကျွန်ုပ်သတ်ခဲ့သော ဆိတ်မကလေး၏ အမွေးအရေအတွက်နဲ့အမျှ ဘဝပေါင်းများစွာ ခေါင်းဖြတ် အသတ်ခံ ခဲ့ရပါတယ်၊ အခုမင်းကြီးလည်း တစ်ရာ့တစ်ပါးသော မင်းနဲ့မိဖုရား တို့ကို သတ်၍ အကုသိုလ်အမှုကြီး ပြုမယ်ဆိုရင် ကျွန်ုပ်ခံခဲ့ရ တာထက် ဘဝပေါင်းများစွာ ခံရတော့မှာပဲလို့ ဝမ်းနည်းပြီး ငိုကြွေးခြင်း ဖြစ်ပါတယ်' လို့ ခမ္မဒိန္နာက ဖြေလိုက်တယ်"

"ခမ္မဒိန္နာမိဖုရားက သူ့ပါရမီနဲ့ ဇာတိဿရဉာဏ်ရလို့ သူ့အဖြစ်ကို ပြန်ပြောနိုင်တာပေါ့နော်"

"ဟုတ်တာပေါ့ကွ၊ အဲဒီဝတ္ထုသာခကကို ကိုးကားပြီး ကျေးရှုး ဂှင် မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာမှာ

'မများသုတ၊ မိုက်ဝါဒနှင့်၊ မရသတိ၊ လူ့ဒိဋ္ဌိတို့၊ ရ,မိ ဂ,ရာ၊ ဝင့်ချမ်းသာကို၊ လွန်စွာခင်မင်၊ အမြဲထင်၍၊ ဆင်ခြင်မညှာ၊ ပြုတတ်စွာ၏၊ ပါဏာတိပါတ်၊ သက်သတ်ဝင့်ကြွေး၊ ဆိတ်ငယ် သေးလျက်၊ အမွေးအမျှ၊ ခေါင်းပြတ်ရရှင့်' လို့ ရေးသားတော်မူခဲ့တယ်၊ အဲဒီမှာကြည့်စမ်း၊ သာသနာတော်ရဲ့ အဆုံးအမ ဉာဏ်ဗဟုသုတ ကင်းတဲ့ ဗာရာဏသီမင်းဟာ ကိုယ့်တစ်ဘဝ မင်းစည်းစိမ် ချမ်းသာ လေးကို လောဘတဏှာဖြစ်ပြီး တည်မြဲလိမ့်မယ်အထင်နဲ့ မင်းတစ်ရာ့ တစ်ပါးကို သတ်တော့မည့်ဆဲဆဲမှာ ခမ္မဒိန္နာမိဖုရားက ပါဏာတိပါတ ကံရဲ့ မကောင်းကျိုးကို ပြတဲ့အနေနဲ့ သူကိုယ်တိုင် ဆိတ်မ တစ်ကောင်ကို သတ်မိလို့ ထိုဆိတ်မရဲ့ အမွေးအရေအတွက်နဲ့အမျှ ဘဝပေါင်းများစွာ ခေါင်းဖြတ်အသတ်ခံခဲ့ရတဲ့အကြောင်း လေ့ကျက်တင် တာကို ဆရာတော်ကြီးက စုပေါင်းပြီးရေးသားထားတာဖြစ်တယ်"

"ဒီနေရာမှာ ဆိတ်သတ်လို့ ဆိတ်မွေးနဲ့ပြုကြတာပေါ့နော်၊ နွား သတ်ရင် နွားမွေးနဲ့ ပြလိမ့်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားဟော ပိဋကတ်တော်များဟာ 'နာနာသယ' နည်း ပရိယာယ်မျိုးစုံနဲ့ သိမ်မွေ့နက်နဲစွာ သုံးနှုန်းထားတာတွေ ရှိတယ်၊ ပါဏာတိပါတကံရဲ့ မကောင်းကျိုးဟာ ဘဝပေါင်းမရေမတွက်နိုင်အောင် ခံရတတ်တယ်လို့ ပြလိုတဲ့အတွက် ဆိတ်မွေးနဲ့ နှိုင်းထားတာဖြစ်တယ်"

"ကဲ၊ ဝတ္ထုအကြောင်းကို ဆက်ပြောမယ်ကွာ၊ ဓမ္မဒိန္နာမိဖုရားဟာ အဲသလိုငိုယိုလျှောက်ထားပြီးတဲ့နောက် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်သတဲ့၊ ဒီတော့ ဗာရာဏသီမင်းက

'အို၊ ဓမ္မဒိန္နာ၊ သင်စိတ်ဖောက်ပြန်သွားပြီလား' လို့မေးတယ်၊ 'အရှင်မင်းကြီး ကျွန်ုပ်ကဲ့သို့ ပညာရှိသော မိန်းမတစ်ယောက်ဟာ စိတ်ဖောက်ပြန်ရူးသွပ်ခြင်း ဖြစ်နိုင်ပါ့မလား၊ ကျွန်ုပ်ရယ်ရခြင်းက ကျွန်ုပ်ခံစားခဲ့ရတဲ့ဝဋ်ကြွေးများ ယခုဘဝမှာပင် ကုန်ဆုံးပြတ်စဲသွားပြီဖြစ်လို့ ဆိတ်လို ခေါင်းဖြတ်အသတ်ခံရမယ့်ဘေးမှ လွတ်ကင်းတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ရယ်ခြင်းဖြစ်ပါတယ်' လို့လျှောက်တင်တယ်၊ ဒီအခါမှာ ညောင်စောင့်နတ်မင်းက

'အရှင်မ ဓမ္မဒိန္နာ၊ အရှင်မ၏ စကားများသည် မဖောက်မပြန်မှန်ကန်သော သစ္စာစကားများ ဖြစ်ပါတယ်၊ ထို့ကြောင့် ကျွန်ုပ်က ပူဇော်ပါတယ်' လို့ဂုဏ်ပြုပြီး ပန်းများကို ကြဲဖြန့်ပူဇော်လိုက်တယ်၊ ဓမ္မဒိန္နာမိဖုရားရဲ့ ကိုယ်ပေါ်မှာ နတ်ပန်းတွေဟာ အစုလိုက် အပုံလိုက် မွှေးကြိုင်ပျံ့သင်းနေပါတော့တယ်၊ ပရိသတ်များရဲ့ နှလုံးရင်တွင်းမှာလည်း အေးမြချမ်းသာနေကြပါတယ်၊ ဗာရာဏသီမင်းမှာလည်း ဓမ္မဒိန္နာရဲ့ ဓမ္မဒေသနာကို ဆင်ခြင်ပြီး သတိသံဝေဂရလာလို့

'အို၊ မင်းနဲ့ မိဖုရားအပေါင်းတို့၊ အသင်တို့၏အသက်ကို ချမ်းသာပေးပါ၏၊ အကျွန်ုပ်ပြစ်မှားမိသော အမှုကို သည်းခံခွင့်လွှတ်ကြပါလော့၊ အကျွန်ုပ်ထက်အသက်ကြီးသော မင်းတို့အား ဦးချရှိခိုးပါ၏၊ ကျွန်ုပ်၏ သက်တူရွယ်တူမျှဖြစ်သော မင်းတို့အား လက်အုပ်ချီ၍ အလေးအမြတ်ပြုပါ၏' လို့ တောင်းပန်လိုက်တဲ့အခါမှာ နတ်မင်းနဲ့တကွ တစ်ရာ့တစ်ပါးသော မင်းမိဖုရားများအပြင် ဝိုင်းဝန်းထားကြသော စစ်သည်တော်များကပါ ဝမ်းသာအားရကောင်းချီးနမော် သာဓုခေါ်ကြတယ်"



"အသက်ဘေးမှလွတ်ခဲ့တဲ့ မင်းမိဖုရားများမှာ တစ်ဦးကိုတစ်ဦး ပွေ့ဖက်လွေ့ရမ်း နမ်းကြ ရှုပ်ကြတယ်၊ ပါးချင်းအပ်၍သော်လည်းကောင်း၊ ရင်ချင်းအပ်၍သော်လည်းကောင်း၊ တစ်ဦးလက်မောင်းတစ်ဦးက မြဲမြဲစွာဆုပ်ကိုင်၍သော်လည်းကောင်း မျက်နှာချင်းဆိုင်၍ပြုံးမျက်ရည်ဖြိုင်ဖြိုင် ကျနေကြတယ်၊ ဓမ္မဒိန္နာမိဖုရားကို ဝိုင်းဝန်းပတ်လည် ချီးကျူးပူဇော်ကြတယ်၊ ဥဂ္ဂသေနမင်းက သူ့မိဖုရားကို အသက်သခင်အရာထားပြီး မြှောက်စားဂုဏ်ပြုတယ်၊ ဗာရာဏသီမင်းကတော့ 'ကြီးလေးသောအကုသိုလ်အပါယ်ခွင်မှ ကယ်တင်သူပါပဲ' လို့ ကြည်ကြည်ညိုညို အရိုအသေပြုလိုက်တယ်"


"ဤသို့ ဟောတော်မူပြီးသည့်နောက် မြတ်စွာဘုရားသခင်က 'ချစ်သားရဟန်းတို့၊ မလ္လိကာမိဖုရားသည် ယခုဘဝ၌သာ မိမိပညာကိုမှီ၍ များစွာသော လူအပေါင်းတို့အား 'ဇီဝိတဒါန' အသက်အလှူကို ပေးလှူဖူးသည် မဟုတ်သေး၊ အတိတ်ဖြစ်သော ဓမ္မဒိန္နာမိဖုရားဘဝကလည်း တစ်ရာ့တစ်ပါးသော မင်း မိဖုရားတို့၏အသက်ကို ယခုကဲ့သို့ ကယ်တင်ခဲ့ဖူးလေပြီ' ဟု အနုသန္ဓေစပ်၍ ဟောကြားတော်မူပါတယ်၊ ဇာတ်တော်ပေါင်းတဲ့အခါမှာ 'ဓမ္မဒိန္နာ က မလ္လိကာမိဖုရား ဖြစ်လာတယ်၊ ဗာရာဏသီမင်းက ကောသလမင်းဖြစ်လာတယ်၊ ညောင်စောင့်နတ်မင်းက ငါဘုရား ဖြစ်လာတယ်' လို့ နိဂုံးကမွတ် အဆုံးသတ်တော်မူပါသတဲ့"

■

www.burmeseclassic.com

www.burmeseclassic.com

# မလ္လိကာနှင့်မလ္လိကာ



သားသုံးကျိပ်နှစ်ယောက်တို့နှင့်
အဖဖြစ်သူ၏ဦးခေါင်းများကို
ဖြတ်အပ်လေပြီဟူသော
အကြောင်းကိုကြား၍သော်မှ
ထွေရာလေးပါး
စိတ်အကြံမများခဲ့ပါ

"သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားက အသိအမှတ်ပြုပြီး အတိတ်ဇာတ်ကြောင်း ဘဝဟောင်းတွေကို ထုတ်ဖော်ဟောပြခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေဟာဖြင့် ဂုဏ်ယူစရာ အားကျစရာကြီးပဲနော်"

ဒေါ်မြမေက ဦးချမ်းသာရှေ့တွင် ကော်ဖီလင်ပန်းကလေးကို လာချပေးရင်း စကားစ,လိုက်သည်၊ ဦးချမ်းသာက ဒေါ်မြမေကိုစေ့စေ့ပြန်ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေလိုက်သည်။

"မင်းက မလ္လိကာမိဖုရားကို အားကျမိတယ်ထင်တယ်၊ ဓမ္မဒိန္နာမိဖုရားဘဝက လူ့အသက်ပေါင်းများစွာကို ကယ်ခဲ့တဲ့အကြောင်း ဘုရားဟောတော်မူတာလေ"

"ဟုတ်ကဲ့၊ ကျွန်မဖြင့် သူ့ကို သိပ်အားကျတာပဲ"

"အားကျရင် နှောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားသခင်က အတိတ်ဆောင်ပြီး ဟောနိုင်လောက်အောင် တို့တစ်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



အကျင့်သီလ အာစာရနဲ့ ထူးထူးချွန်ချွန် ဖြစ်ဖြစ်မြောက်မြောက်ပါရမီ ရှိထားဖို့လိုတယ်၊ ဒီလိုမှမဟုတ်ဘဲ မြတ်စွာဘုရား သခင်က ဤသူ ထိုသူ သည် ယခုဘဝ၌သာ အပြစ်များစွာပြုလုပ်သည် မဟုတ်သေး၊ ရှေး ရှေး ဘဝကလည်း ဆိုးရွားယုတ်မာ အပြစ်များစွာတို့ကို ပြုလုပ်ခဲ့ဖူး သေး၏လို့များ အဟောခံရရင်ပြီးပါလေရောဗျာ၊ ဟား ဟား ဟား"

ဦးချမ်းသာက စကားအဆုံးသတ်တွင် ရယ်လိုက်သောကြောင့် ဒေါ်မြမေမှာ ကသိကအောက် ဖြစ်သွားရလေသည်။

"အမလေး၊ ကျွန်မတို့ ဒီလောက်တော့လည်း မဆိုးရွား သေးပါဘူးရှင်၊ စိတ်ချပါ"

"အဲသလောက်သတိရှိရင် တော်လှပြီပေါ့ကွာ" ဟု ပြောပြီး ဦးချမ်းသာက ကော်ဖီကိုယူ၍ တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်သည်။

"မလ္လိကာမိဖုရားဟာ မြတ်စွာဘုရားရဲ့ ဥပါသိကာမ ဖြစ်နေ တော့ မကြာမကြာ ဇေတဝန်ကျောင်းကိုရောက်ပြီး တရားနာရမှာပဲ နော်"

"ဒါကတော့ သာဝတ္ထိမြို့မှာနေကြတဲ့ ဥပါသကာ ဥပါသိကာမ တိုင်း နေညိုညို ညနေချမ်းရောက်ပြီဆိုရင် ပန်းနံ့သာ တံခွန်ကုက္ကား မုလေးဖွားတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ဖူးမြော်ရအောင် သွားကြ သတဲ့၊ အဲဒီအချိန်ဟာ လူ ဒါယကာ ဒါယိကာမများ၊ ဥပါသကာ ဥပါသိကာမ များကို အထူးပြုပြီး တရားဟောပြ ဆုံးမ,တဲ့ကာလ အပိုင်းအခြားဖြစ်တယ်လေ၊ ဒီတော့ တစ်ဦး တစ်ယောက်သောပုဂ္ဂိုလ်ကို အကြောင်းပြုပြီး တရား အနုသန္ဓေကို စပ်၍ဖြစ်စေ၊ တစ်ဦးတစ်ယောက် က မေးလျှောက်၍ဖြစ်စေ တရားဟောတော် မူလေ့ရှိတဲ့အတွက်အဲဒီ အခွင့်ကောင်းကြီးကို တောင့်တ လိုလားကြလို့ မြို့သူမြို့သားများက အားတက်သရော တရားနာသွားကြသတဲ့၊ မလ္လိကာမိဖုရားလည်း အပါအဝင်ပေါ့၊ တစ်နေ့တော့ မလ္လိကာမိဖုရားက သူသိလိုတဲ့တရားကို



မြတ်စွာဘုရားအား မေးလျှောက်ပါသတဲ့"

"ဘယ်လိုများ မေးလျှောက်ပါသလဲရှင်၊ ပြောစမ်းပါဦး"

"မင်းတို့ အမျိုးသမီးတိုင်းသိချင်နေကြတဲ့ အကြောင်းတွေပေါ့၊ အင်္ဂုတ္တိုရ် မြန်မာပြန် မလ္လိကာဒေဝီသုတ်မှာ မေးလျှောက် တဲ့အတိုင်း ပြောရမယ်ဆိုရင်

'မြတ်စွာဘုရား၊ ဤလောက၌အချို့သောမိန်းမတို့သည်အဆင်း လည်းမလှ၊ ဥစ္စာပစ္စည်းလည်းမကြွယ်ဝ၊ သြဇာတိက္ကမလည်း မရှိ'

'မြတ်စွာဘုရား၊ ဤလောက၌ အချို့သောမိန်းမတို့သည်အဆင်း မလှ၊ ဥစ္စာပစ္စည်းကားကြွယ်ဝ၏၊ သြဇာတိက္ကမ ရှိ၏'

'မြတ်စွာဘုရား၊ ဤလောက၌ အချို့သောမိန်းမတို့သည် အဆင်း လှ၏၊ ဥစ္စာပစ္စည်းကား မကြွယ်ဝ၊ သြဇာတိက္ကမ မရှိ'

'မြတ်စွာဘုရား၊ ဤလောက၌ အချို့သောမိန်းမတို့သည်အဆင်း လည်းလှ၏၊ ဥစ္စာပစ္စည်းလည်း ကြွယ်ဝ၏၊ သြဇာတိက္ကမလည်းရှိ၏'

'ဤသို့ ခြားနားရခြင်းအကြောင်းများကို သိလိုပါသည်ဘုရား လို့' လျှောက်ထားသတဲ့"

"အမယ်၊ အဲဒီအကြောင်းဆိုရင်တော့ ကျွန်မတောင် သိချင်လာ ပြီ၊ မြတ်စွာဘုရားက ဘယ်လိုများဟောတော်မူသလဲဟင်"

"ဟဲ ဟဲ၊ မင်းတို့မိန်းမတွေ သိချင်မှာပေါ့ကွာ" ဟုပြောပြီး ဦးချမ်းသာက စကားမဆက်သေးဘဲ ကော်ဖီကိုယူ၍ သောက်ပြန်သည်။

"ပြောစမ်းပါဆိုမှ အရေးထဲ အကဲကိုင်နေပြန်ပြီ၊ တကတဲ"

ဦးချမ်းသာက ကော်ဖီပန်းကန်ကို ပြန်ချပြီးမှ စကားကိုဆက် တော့သည်။

"မြတ်စွာဘုရားသခင်က ဒီလိုဟောပါသတဲ့"

"မလ္လိကာ၊ ဤလောက၌ အချို့သောမာတုဂါမသည် ဒေါသကြီး ၏၊ စိတ်ပင်ပန်းခြင်းသည်များ၏၊ သူတစ်ပါးက အနည်းငယ်ပြော၍

www.burmeseclassic.com

www.burmeseclassic.com



မှုဖြင့် စိတ်ဆိုးတတ်၏၊ အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်းကို ပေါ်လွင်အောင်ပြုတတ်၏၊ ရန်ငြိုးထားတတ်၏၊ ရဟန်းစသောအလှူခံ ပုဂ္ဂိုလ်တို့အား ဒါနဝတ္ထု တစ်စုံတစ်ခုကိုမျှ ပေးလှူခြင်းမရှိ။ သူတစ်ပါး တို့ လာဘ်ရခြင်း၊ ရိုရိုးပူဇော် အရိုအသေခံရခြင်းဘို့၌ မနာလိုဝန်တိုစိတ် ရှိ၏၊ ငြူစူ၏၊ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည် ဖြစ်အံ့၊ ဖြစ်လေရာရာဘဝ၌ (မည်သည့် အမျိုးအနွယ် အဆင့်အတန်း၌ဖြစ်စေ) ထိုမာတုဂါမသည်အဆင်းလည်း မလှ၊ ဥစ္စာပစ္စည်းမကြွယ်ဝ၊ ဩဇာ တိက္ကမလည်း မရှိ၊ (ဖြစ်လေရ၏)”

“မလ္လိကာ၊ ဤလောက၌ အချို့သော မာတုဂါမသည်ဒေါသ ကြီး၏၊ စိတ်ပင်ပန်းခြင်းသည်များ၏၊ သူတစ်ပါးက အနည်းငယ် ပြောရုံမျှဖြင့် စိတ်ဆိုးတတ်၏၊ အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်း ကို ပေါ်လွင်အောင်ပြုတတ်၏၊ ရန်ငြိုးထားတတ်၏၊ ထိုသို့ဖြစ်သော် လည်း ရဟန်းစသော အလှူခံပုဂ္ဂိုလ်တို့အား ဒါန ဝတ္ထုတို့ကိုများစွာ ပေးလှူ၏၊ သူတစ်ပါးတို့လာဘ်ရခြင်း၊ ရိုရိုးပူဇော် အရိုအသေခံရခြင်း တို့၌ မနာလိုဝန်တိုစိတ်မရှိ၊ ငြူစူခြင်းမရှိ၊ ထိုမာတုဂါမသည်ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ဖြစ်လေ ရာရာဘဝ၌ ထိုမာတုဂါမသည် အဆင်းမလှ၊ ဥစ္စာပစ္စည်းကားကြွယ်ဝ ၏၊ ဩဇာတိက္ကမ ရှိ၏”

“မလ္လိကာ၊ ဤလောက၌ အချို့သော မာတုဂါမသည် ဒေါသမကြီး၊ စိတ်ပင်ပန်းခြင်းလည်းမများ၊ သူတစ်ပါးက များစွာ ပြောဆိုသော်လည်း စိတ်မဆိုးတတ်၊ အမျက်မထွက်တတ်၊ ရန်ငြိုး မထားတတ်၊ ထိုသို့ဖြစ်သော်လည်း ရဟန်းစသော အလှူခံပုဂ္ဂိုလ် တို့အား ဒါနဝတ္ထု တစ်စုံတစ်ခုကို ပေးလှူခြင်းမရှိ၊ သူတစ်ပါးတို့ လာဘ်ရခြင်း ရိုရိုးပူဇော်အရိုအသေခံရခြင်းတို့၌ မနာလိုဝန်တိုစိတ် ရှိ၏၊ ငြူစူ၏၊ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့



အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ဖြစ်လေရာရာဘဝ၌ အဆင်း လှ၏၊ ဥစ္စာပစ္စည်းကား မကြွယ်ဝ၊ ဩဇာတိက္ကမ မရှိ (ဖြစ်ရ၏)”

“မလ္လိကာ၊ ဤလောက၌ အချို့သော မာတုဂါမသည် ဒေါသ မကြီး၊ စိတ်ပင်ပန်းခြင်းလည်းမများ၊ သူတစ်ပါးက များစွာ ပြောဆိုသော် လည်းစိတ်မဆိုးတတ်၊ အမျက်မထွက်တတ်၊ ရန်ငြိုးမထားတတ်၊ ရဟန်း စသော အလှူခံပုဂ္ဂိုလ်တို့အား ဒါနဝတ္ထုတို့ကို များစွာပေးလှူ၏၊ သူ တစ်ပါးတို့လာဘ်ရခြင်း၊ ရိုရိုးပူဇော် အရိုအသေခံရခြင်းတို့၌ မနာလို ဝန်တိုစိတ်မရှိ၊ ငြူစူခြင်းမရှိ၊ ထိုမာတုဂါမသည် ထိုဘဝမှစုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ဖြစ်လေရာဘဝ၌ ထိုမာတုဂါမသည် အဆင်းလည်းလှ၏၊ ဥစ္စာပစ္စည်း လည်း ကြွယ်ဝ၏၊ ဩဇာတိက္ကမလည်းရှိ၏”

“မလ္လိကာ ဤသည်တို့ကား ခြားနားခြင်း၏ အကြောင်း တို့ပေတည်းလို့ မိန့်တော်မူပါသတဲ့၊ အဲဒီတော့ မလ္လိကာမိဖုရားက ပြန်လျှောက်တယ်”

‘ဘုန်းတော်ကြီးသော မြတ်စွာဘုရားတဲ့၊ တပည့်တော်မ,မှာ ရှေးရှေးဘဝက အလှူဒါနတော့ များစွာပြုခဲ့ဖူးဟန် တူပါရဲ့၊ သူတစ်ပါး တို့ လာဘ်ရခြင်း၊ အရိုအသေပူဇော်ခံရခြင်းတို့၌လည်း ဝန်တိုခြင်းမရှိ၊ ငြူစူခြင်း ကင်းခဲ့ဟန်တူပါရဲ့၊ သို့ဖြစ်သော်လည်း တပည့်တော်မသည် အမျက်စောင်းမာန်ကြီး၍ ဒေါသဖြစ်လွယ်ခဲ့ဟန်တူပါရဲ့၊ ထိုကြောင့်သာ လျှင် ယခုဘဝမှာ လိုလေသေးမရှိ၊ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသော မိဖုရားဖြစ်ရပါ၏၊ များစွာသော မင်း၊ မိန်းမ အခြွေအရံတို့အပေါ်၌ လည်း ဩဇာတိက္ကမကြီးပါ၏၊ တန်ခိုးအာဏာ ရှိပါ၏၊ သို့ဖြစ်စေကာမူ ရုပ်ဆင်းသဏ္ဌာန်ကား ပြောပလောက်အောင် မချောမလှ ဖြစ်ရပါသည် တပည့်တော်မသည် ယနေ့မှစ၍ အလှအပကို ဖျက်ဆီးသောဒေါသကို ချိုးနှိမ်ပယ်ရှားပါတော့မယ်ဘုရား’ လို့လျှောက်ထားသတဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမေသည် နားလည်သဘောပေါက်လာသဖြင့်

"မောင်ပြောသလို မိန်းမတိုင်းလှချင်တာ ထင်ရှားပါတယ်၊ မြတ်စွာဘုရား ဟောတော်မူတာကလည်း မှတ်သားစရာ သတိထားစရာ ကောင်းလိုက်တာ၊ လှပချောမောနေတဲ့ အမျိုးသမီးပဲဖြစ်စေဦးတော့ ဒေါသထွက်လာလို့ မျက်နှာထားတင်းသွားရင် လှပတဲ့အဆင်းဟာ အကျည်းတန်သွားတာပဲ မဟုတ်လား၊ ဒါထက် ကောသလမင်းက ချစ်မြတ်နိုးလို့ မြှောက်စားခြင်းခံရတဲ့ မိဖုရားမလ္လိကာဟာ အရုပ်ဆိုး အကျည်းတန်ကြီးတော့ ဟုတ်လိမ့်မယ် မထင်ပါဘူး"

"ဒါတော့ မိန်းမတို့သဘာဝ လှသထက်လှချင်လို့ နေမှာပေါ့ ကွာ၊ ငါဖြင့် လှတာ မလှတာထက် မှန်တဲ့စကားဆိုရင် ပြောဝံ့လျှောက်ဝံ့ တဲ့ သတ္တိနဲ့ အရည်အချင်းကို ချီးကျူးတယ်၊ မင်းကြည့်လေ၊ ဒု,သ, န,သော အသံကြီးလေးပါးရဲ့ ပြဿနာတုန်းက မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတော် တွေရဲ့ တိုက်တွန်းမှုနဲ့ လူသတ္တဝါတွေကို သတ်မယ့်ဆဲဆဲမှာ ဘုရင်ကြီး ကို လျှောက်တာ၊ အရှင်မင်းကြီးက အစားကြီးပေမဲ့ ဉာဏ်မကြီးဘူး၊ မြတ်စွာ ဘုရားသခင်နဲ့ နီးနေပါလျက် အားကိုးတကြီး မမေးမလျှောက် ဘူးလို့ အပြစ်တင်တယ် မဟုတ်လား၊ အဲသလိုပဲ ရဲရဲဝံ့ဝံ့ လျှောက်တင်တဲ့ နောက်စကားတစ်ခုလည်း ရှိသေးသကွဲ့"

"ဘယ်တုန်းက ဘာအကြောင်းနဲ့ ဘယ်လိုများ လျှောက်တင် သလဲရှင်၊ ပြောစမ်းပါဦး"

"တစ်နေ့တော့ ကောသလမင်းကြီးနဲ့ မလ္လိကာမိဖုရားတို့ဟာ ပြာသာဒ်အထက်မှာ အေးအေးလူလူ ကြည်ကြည်ရွှင်ရွှင် စံစားနေ ကြသတဲ့၊ အဲဒီအခါမှာ ဘုရင်ကြီးက ချစ်ရေးပျူငှာတဲ့သဘောနဲ့ 'အသင် မိဖုရားကြီး၊ လောကမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ' လို့ မေးလိုက်သတဲ့၊ ဒီတော့ မလ္လိကာမိဖုရားက ချက်ချင်း ပြန်ဖြေလိုက်တယ်၊ 'အရှင် မင်းကြီး၊ လောကမှာ မိမိကိုယ်သာ မိမိအချစ်ဆုံးပါ' တဲ့၊ အဲသလိုဖြေ



လိုက်တော့ ဘုရင်ကြီးမှာ မျက်နှာတော် ညို အလိုမကျ ဖြစ်သွားသတဲ့၊ ဒီလိုဖြစ်သွားတာကို မလ္လိကာက ရိပ်မိလိုက်တယ်၊ ဒါကြောင့်ဘုရင်ကြီး ကို ပြန်မေးလိုက်တယ်၊ 'မောင်တော်ကော ကိုယ့်ကိုယ်ထက် ပို၍ချစ်ရသူ ရှိသေးသလား' တဲ့၊ ဒီတော့ ဘုရင်ကြီးက 'ငါလည်း ငါ့ကိုယ်ငါ အချစ် ဆုံးပေါ့'လို့ ငေါ့တော့တော့ ပြန်ဖြေလိုက်တယ်"

"ဒီလိုပဲဖြေလိုက်ရတော့မှာပေါ့လေ၊ သူ့ခမျာ တကယ်လို့ မိဖုရားက 'ဤလောကမှာ မောင်တော့်ကိုသာ အချစ်ဆုံးပါဘုရား' လို့ လျှောက်လိုက်မယ်ဆိုရင် သူကလည်း 'ဤလောကမှာ မင်းကိုသာ အချစ်ဆုံးပါကွယ်' လို့ ပြန်ဖြေလိမ့်မယ် ထင်တယ်နော်"

"မေးကတည်းက ဒီရည်ရွယ်ချက်နဲ့ မေးတာပေါ့ကွ၊ အဲသလို သာ ဖြေကြရင် လင်မယားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် လိမ်နေကြတာပဲဖြစ်မယ်၊ မင်းကြီးကြားချင်နေတာက လောကီစကား မိဖုရားဖြေလိုက်တာက လောကုတ္တရာစကား ဖြစ်နေတယ်၊ ဒါကို ကောသလမင်းကြီးက မသိလေတော့ စိတ်ငြိုငြင်သွားလို့ ဘုရားကိုယ် တော်မြတ်ထံ တိုက်ရိုက်သွားပြီး လျှောက်ထားတော့တာပါပဲဗျာ"

"ရှင်ဘုရင်နဲ့ မိဖုရားကလည်း မြတ်စွာဘုရားနဲ့ ဒီလောက် တောင် ရင်းနှီးကျွမ်းဝင်နေတာပဲနော်"

"အမြဲဆည်းကပ်ကိုးကွယ်နေတဲ့ ဒါယကာ ဒါယိကာမများဖြစ် လေတော့ အနာထပိဏ်သူဌေးကြီးနဲ့ ဝိသာခါကျောင်းအမကြီးတို့လို (ဗုဒ္ဓဝလ္လဘ) ရင်းနှီးကျွမ်းဝင်နေကြတာပေါ့ကွယ်၊ အဲဒီအခါမှာမြတ်စွာ ဘုရားက ကောသလမင်းကြီး သဘောပေါက်သွားအောင် ဥဒါန်းစကား ကျူးရင့်တော်မူလိုက်သတဲ့၊ ဘယ်လိုလဲဆိုတော့ 'အောက်ထက်ဝန်းကျင် ကမ္ဘာမြေပြင် စကြဝဠာတစ်ခွင်လုံးသို့ စိတ်မှန်းအားဖြင့် အစဉ်လှည့်ပတ် အထပ်ထပ်ရှာဖွေငြားသော်လည်း မည်သည့် အရပ်၌မျှ မိမိကိုယ်ထက် ပိုမိုချစ်ခင်မြတ်နိုးအပ်သူကို မတွေ့နိုင်ချေ၊ မိမိကိုယ်သို့ မိမိအချစ်ဆုံးဟု

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်နှလုံးပြု သည်နှင့်အတူပင် မိမိမှတစ်ပါး များစွာသောသတ္တဝါတို့သည်လည်း သူတို့၏ကိုယ်ကို သူတို့အချစ်မြတ်ဆုံးဟု သိမှတ်အပ်၏၊ ထို့ကြောင့် ကိုယ်ကျိုးစီးပွား လိုလားသူသည် မိမိမှတစ်ပါးအခြားသူကို ကိုယ်ချင်းစာတရားလက်ကိုင်ထားလျက် နှိပ်စက်ဆိုးသွမ်း ညှဉ်းပန်းမှုကို ‌.မပြုရာ' အဲသလို ဥဒါန်းကျူးတော်မူလိုက်သတဲ့."

" ဒါကြောင့် မေတ္တာပို့တဲ့နေရာမှာ 'အဟံ အဝေရော ဟောမိ အဗျာပဇ္ဇော ... ' ကို 'အကျွန်ုပ်သည် ဘေးရန်ကင်းရပါလို၏' လို့ ကိုယ့်ကိုယ်ကို ပထမဦးဆုံး မေတ္တာပွားပြီးမှ အများသတ္တဝါတွေကို ကိုယ်နဲ့တန်းတူ 'ဘေးရန်ကင်းကြပါစေ' လို့ မေတ္တာပို့ရတာကိုး၊ ဟုတ်တယ်မဟုတ်လားဟင်"

"ဟုတ်လှပေသပေါ့ဗျာ"

ဒေါ်မြမေက ဦးချမ်းသာကိုကြည့်ရင်း တစ်ခုခုတွေးနေပုံရသည်၊ ဦးချမ်းသာကလည်း ဒေါ်မြမေထံမှ ဘယ်လိုစကားမျိုးများ စ,လိမ့်ဦးမည်လဲဟု မျှော်လင့်နေလိုက်မိသည်၊ သို့နှင့်နှစ်ဦးစလုံး တိတ်ဆိတ်နေရာမှ ခဏလေးအကြာတွင် ဦးချမ်းသာမျှော်လင့်သည့်အတိုင်း ဒေါ်မြမေက စကားစ,ပါတော့သည်။

"မလ္လိကာတန်ဆာဆိုတာ မလ္လိကာမိဖုရားဝတ်လို့ ခေါ်ကြတဲ့ အဝတ်တန်ဆာမျိုးလားဟင် အဖေကြီး၊ ဘယ်လိုအဝတ်တန်ဆာမျိုးပါလိမ့်၊ ရွှေ ငွေ ကျောက်သံပတ္တမြားတွေနဲ့ ပြုလုပ်ထားတယ်လို့တော့ ကြားဖူးတာပဲ"

ဦးချမ်းသာက ဗဟုသုတလိုလားသော ချစ်ဇနီးသည်ကို ကြည့်၍ နှစ်လို မြတ်နိုးမိပါသည်။

"မလ္လိကာ တန်ဆာရယ်လို့တော့ မရှိပါဘူးကွယ်၊ မဟာလတာ တန်ဆာလို့သာ ရှိပါတယ်၊ အဲဒီတန်ဆာကလည်း ရွှေ ငွေ ကျောက်သံပတ္တမြားတွေနဲ့ပြုလုပ်ထားလို့ တန်ဖိုးငွေကိုးကုဋေရှိသတဲ့"

"ဒါဖြင့် ကျွန်မတို့က မလ္လိကာတန်ဆာလို့ခေါ်ခဲ့တာဟာ



မှားနေပြီပေါ့နော်၊ နတ်သမီးတွေဝတ်တဲ့ ရွှေရောင်တဝင်းဝင်းနဲ့ တောက်တောက်ပြောင်ပြောင်အဝတ်မျိုးဖြစ်မလား မသိဘူး"

"အင်း၊ သိကြားမင်းတို့ရဲ့ မိဖုရားကြီးများဝတ်တဲ့ အဝတ်မျိုး၊ လူမင်း ဧကရာဇ်များရဲ့ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးများဝတ်တဲ့ အဝတ်အစားမျိုးနဲ့ တူကောင်း တူမလားမသိပါဘူး၊ ဒါပေမဲ့ အဲဒီ မဟာလတာ တန်ဆာအစစ်ကတော့ မိဖုရားကြီးများတောင် မဝတ်နိုင်ကြပါဘူးတဲ့၊ တန်ဖိုးငွေကိုးကုဋေကို အကုန်ခံနိုင်တယ်ထား၊ ရွှေစင်နိက္ခတစ်ထောင်နဲ့ တစ်တင်းလောက်ရှိတဲ့ ရတနာခုနစ်ပါး ကျောက်သံပတ္တမြားတွေနဲ့ စီရင်ထားတာမို့ အဝတ်တန်ဆာရဲ့အလေးချိန်ဟာ ခုနစ်ထောင် ရှစ်ထောင်လောက် ရှိတယ်တဲ့၊ အဲဒီတော့ ဆင်ပြောင်ငါးစီးအားမာန်ကြီးတဲ့ ကာယ ဗလနဲ့ပြည့်စုံမှ ဝတ်ဆင်နိုင်တယ်တဲ့၊ ဒါအပြင် နောက်တစ်ခုက ဘဝပေါင်းများစွာမှာ ဘုရားအမှူး ရှိသောသံဃာတော်တို့အား အဖိုးတန် သင်္ကန်းလျာများစွာကိုလှူခဲ့ပြီး 'မဟာလတာ တန်ဆာကို ဆင်မြန်းရပါလို၏' လို့ ဆုတောင်းခဲ့တဲ့ ပါရမီလည်း ရှိရဦးမယ်တဲ့၊ အဲသလို ကျမ်းဂန်များမှာ တွေ့ဖူးတယ်"

"ဒီအတိုင်းသာဆိုရင် မဟာလတာဆိုတာ အလွန်ကြီးကျယ်မြင့်မြတ်တဲ့အဆင်တန်ဆာကြီးပေါ့နော်၊ ပစ္စည်းကလည်း ချမ်းသာရမယ်၊ ကိုယ်ခွန်အားကလည်း ပြည့်စုံရမယ်၊ အလှူဒါနနဲ့ ဆုတောင်းခဲ့တဲ့ ပါရမီကလည်း ရှိရဦးမယ်၊ အဲဒီလိုပြည့်စုံမှ ဝတ်နိုင်မှာပဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓလက်ထက်တော်အခါက မဟာလတာတန်ဆာကို ဆင်မြန်းနိုင်သူ အမျိုးသမီးရယ်လို့ ဗာရာဏသီသူဌေးသမီးရယ်၊ ဝိသာခါ ကျောင်းအမကြီးရယ်၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာရယ် အဲဒီသုံးဦးသာ ရှိပါသတဲ့"

"ဟောတော့၊ မလ္လိကာမိဖုရားအပြင် စစ်သူကြီးကတော် မလ္လိကာရယ်လို့ ရှိသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိသေးတယ်၊ သာဝတ္ထိပြည်မြို့မှာ မလ္လိကာက နှစ်ယောက်ပေါ့၊ ကောသလမင်းရဲ့ မိဖုရားကလည်း မလ္လိကာပဲ၊ ဗန္ဓုလစစ်သူကြီးကတော်ကလည်း မလ္လိကာပဲ"

"အဲဒီစစ်သူကြီးကတော် မလ္လိကာအကြောင်း နည်းနည်းပြောပြပါလား အဖေကြီးရယ်"

ဦးချမ်းသာမှာ ဘယ်ကစ၍ပြောရပါ့မလဲဟု စဉ်းစားလိုက်ရပါသေးသည်၊ ဒေါ်မြမေက မျှော်တလင့်လင့် နားစွင့်နေပုံရသည်။

"အင်း၊ ဗန္ဓုလကတော် မလ္လိကာအမျိုးသမီးအကြောင်းကလည်း အပွန်စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ရတနာသုံးပါးဂုဏ်ကို မမိုတ်မသုန် ယုံကြည်လေးစားတဲ့ အရာမှာလည်း အတော်ထင်ရှားပါတယ်၊ ဗန္ဓုလအကြောင်းက စ,ပြောရမယ်ဆိုရင် ဗန္ဓုလဟာ ကုသိနာရုံပြည်က မလ္လာမင်းသား တစ်ပါးဖြစ်တယ်၊ တက္ကသိုလ်ပြည်ကို ပညာသင်သွားတဲ့အခါမှာ ဝေသာလီပြည်က မဟာလိ လိစ္ဆဝီမင်းသားရယ်၊ ကောသလမင်းသားရယ်၊ ဗန္ဓုလမင်းသားရယ် သူတို့သုံးယောက်ဟာ အလွန်ချစ်ကျွမ်းဝင်တဲ့ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြတယ်၊ အသီးအသီးပညာတတ်မြောက်ပြီးလို့ မိမိတို့တိုင်းပြည် ပြန်ကြတဲ့အခါ ဗန္ဓုလမင်းသားက မလ္လာမင်းသမီး တစ်ဦးဖြစ်တဲ့ မလ္လိကာဒေဝီနဲ့ လက်ထပ်ပါသတဲ့၊ ဗန္ဓုလမင်းသား ဟာ စစ်ရေးစစ်ပညာနဲ့ ဓမ္မသတ် ရာဇသတ်တို့ကို တတ်ကျွမ်းပြီး ဗိုလ်တစ်ထောင်တင်လေးကို ကိုင်တွယ်ပစ်ခတ်နိုင်တဲ့ ကာယဗလ သန်စွမ်းမှုရှိတယ်၊ အဲဒီလောက် ကိုယ်အားဉာဏ်အား အရည်အချင်းများနဲ့ ပြည့်စုံပေမဲ့လည်း မလ္လာမင်းတို့ရဲ့ ချီးမြှောက်ခြင်းကို မခံရတဲ့အတွက် သူ့သူငယ်ချင်းရှိရာ ကောသလတိုင်းကိုမယားနဲ့တကွထွက်ခဲ့တယ်၊ သူငယ်ချင်းဖြစ်တဲ့ ကောသလ မင်းကြီးထံရောက်တော့ မင်းကြီးက ဝမ်းသာအားရနဲ့ ဆီးကြိုပြီး ယုံကြည်အားကိုးစွာစစ်သူကြီးအရာ ခန့်အပ်လိုက်တယ်၊ အဲဒီကစပြီး ဗန္ဓုလစစ်သူကြီးနဲ့



စစ်သူကြီးကတော် မလ္လိကာတို့ရဲ့ဂုဏ်သတင်းဟာ ထင်ရှားလာတယ်"

"ကောသလမင်းကြီးဟာ သူငယ်ချင်းကောင်းပီသပါပေရဲ့၊ ဗန္ဓုလကို သူ့ဆွေမျိုးများဖြစ်တဲ့ မလ္လာမင်းတို့ထက် စေတနာမေတ္တာထားပြီး ချီးမြှင့်မြှောက်စားလိုက်တာပဲနော်"

"ဒါကတော့ မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး မြတ်နိုးလျှင်သဒ္ဓါဆိုတဲ့အတိုင်းပေါ့ကွာ၊ ဒီလိုနဲ့ ဘုရင့်အမှုတော်ထမ်းပြီး နှစ်အတန်ကြာလာပေမဲ့လည်း မလ္လိကာမှာ သားသမီးမထွန်းကားခဲ့ ပါဘူးတဲ့၊ ဗန္ဓုလ စစ်သူကြီးက အဲဒါကို မကျေနပ်ဘူး၊ သားသမီး ရတနာမထွန်းကားတဲ့ မိန်းမဆိုရင် 'အမြုံမ' ရယ်လို့ နှိမ့်ချထင်မြင် လူဘော်မဝင်အောင်ဖြစ်ကြရတယ်၊ ဒါကို ဗန္ဓုလက ရှက်စနိုးဖြစ်လာဟန် တူပါတယ်၊ ဒါကြောင့် မလ္လိကာကို သူ့မိဘများထံ အပြန်ခိုင်းလိုက်တယ်"

"ဖြစ်မှဖြစ်ရလေတော်၊ သူ့ခမျာ သနားပါတယ်၊ သူ့သဘာဝနဲ့ သားသမီးမရတာ အပြစ်ကြီးတစ်ခုတဲ့လား၊ မယားဝတ္တရားလော်လီဖောက်ပြားတဲ့ အပြစ်ဒဏ်နာအဆာကြီးမို့လို့လား၊ သိပ္ပံနည်းမကျတဲ့ ရှေးခေတ်အယူအဆတွေပါတော်"

"ဟော့ အမေကြီးရဲ့၊ အခုပြောနေတာက ရှေးခေတ် အကြောင်းပြောနေတာလေ၊ ဟိုတုန်းက လူတိုင်းမှာ ဒီအယူအဆမျိုးတွေလက်ခံထားကြတယ်၊ ဓမ္မသတ်တစ်ခုမှာဆိုရင် သားသမီးမထွန်းကားသောမယားရယ်၊ သမီးမိန်းကလေးကိုချည်းပဲ ငါးယောက်ဆက်တိုက်မွေးလာတဲ့ မယားရယ်၊ အဲဒီမယားမျိုးကို တရားဝင်ကွာရှင်းနိုင်တဲ့ ဥပဒေလည်းရှိသေးတယ်၊သိပ္ပံနည်းကျတာတွေမကျတာတွေလုပ်မနေနဲ့"

"ကောင်းပါပြီတော်၊ ကဲ ဆက်သာပြောပါ"

"အဲဒီအခါမှာ မြတ်စွာဘုရားသခင်က ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူလျက်ရှိတယ်၊ မလ္လိကာဒေဝီဟာ သူ့ မိဘရပ်ထံ မလွဲမသွေ ပြန်ရတော့မှာဖြစ်လေတော့ မြတ်စွာဘုရားကိုဖူးမြော်

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ချင်သေးတာနဲ့ ကျောင်းတော်ကိုသွားပြီး ရှိခိုးပူဇော် လိုက်ပါတယ်၊ ဒီအခါမှာ မြတ်စွာဘုရားက မေးတော်မူလို့ မလ္လိကာဒေဝီက 'သားသမီးမထွန်းကားတဲ့အပြစ်နဲ့ မိဘရပ်ထံ ကုသိနာရုံပြည် ကို ပြန်ရတော့မယ့်အကြောင်း' ရှိခိုးလျှောက်ထားလိုက်တယ်၊ ဒီတော့ သဗ္ဗညုတ ရွှေဉာဏ်ရှင် မြတ်စွာဘုရားသခင်က 'ထိုအပြစ်ကြောင့်ဖြင့် ကုသိနာရုံပြည်ကို ပြန်ဖို့မလို၊ ခင်ပွန်း ဗန္ဓုလစစ်သူကြီး အိမ်ကိုသာ ပြန်ပါလေ' လို့ မိန့်မြွက်တော်မူလိုက်တယ်"

"မြတ်စွာဘုရား မိန့်တော်မူတာက သားသမီးထွန်းကားလာမယ့်အဖြစ်ကို မြင်တော်မူလို့ မိန့်တော်မူလိုက်တာပေါ့နော်"

"ဟုတ်ပါတယ်၊ ဒီလိုနဲ့ မလ္လိကာဒေဝီဟာ ဝမ်းသာအားရနဲ့ ဗန္ဓုလထံ ပြန်သွားတယ်၊ ဗန္ဓုလကမေးတော့ မြတ်စွာဘုရားသခင်ရဲ့ အမိန့်တော်ကြောင့် ပြန်ခဲ့ရတဲ့အကြောင်းပြောတယ်၊ အဲဒီတော့ ဗန္ဓုလစစ်သူကြီးက သားသမီးရတော့မှာပဲလို့ ရိပ်မိလာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပါသတဲ့၊ တကယ်တော့ ဗန္ဓုလ စစ်သူကြီးက မလ္လိကာဒေဝီကို မုန်းလို့နှင်ရတာမှ မဟုတ်ဘဲကိုး၊ ကောသလမင်းနဲ့တကွ မှူးစုံမတ်စုံဗိုလ်ပုံအလယ်မှာ မလ္လိကာဒေဝီအကြောင်းကို မကောင်းသတင်းပြောနေကြလို့ ရှက်ရှက်နဲ့နှင်ရတာ နေမှာပေါ့ကွယ်၊ ဒီလိုနဲ့ များမကြာမီမှာပဲ မလ္လိကာဒေဝီမှာ သန္ဓေနှတ်ငုံ ရှိလာပါသတဲ့၊အဲဒီမှာ မိခင်လောင်းတို့ရဲ့ ဓမ္မတာအတိုင်း 'ချင်ခြင်း' ဖြစ်လာတယ်၊သူ့အာသာချင်ခြင်းကလည်း လွယ်လွယ် ကူကူ သာမညချင်ခြင်းမျိုး မဟုတ်ဘူး၊ ဝေသာလီပြည် လိစ္ဆဝီမင်း တို့ရဲ့ အဘိသိက်ရေကန်က အေးမြကြည်လင်တဲ့ ရေစင်ရေကောင်းကို စိမ်ပြီးချိုးချင်သတဲ့လေ"

"အင်း၊ သားကောင်း သားမြတ်ထူးထူးခြားခြား မွေးဖွားမယ့်အမျိုးသမီးတိုင်း ကြီးကြီးကျယ်ကျယ် ချင်ခြင်းတပ်တာဟာ ဓမ္မတာပဲ၊ အဲဒါကို သူ့လင် ပြန့်ပြောရောလား"



"ပြောတာပေါ့၊ ဘယ်နေလိမ့်မလဲ၊ ဗန္ဓုလကလည်း ထူးခြားတဲ့အတိတ်နိမိတ်ကောင်းဆိုပြီး မယားကိုရထားပေါ်တင်ပြီး ဗိုလ်တစ်ထောင်တင် လေးနဲ့ သူကိုယ်တိုင်မောင်းထွက်ခဲ့တယ်၊ ဒီကိစ္စဟာ ဝေသာလီမင်းတို့နဲ့ စစ်ခင်းတန်ခင်း လုပ်ရမယ့်အခြေအနေကို သိထားတယ်လေ၊ လိစ္ဆဝီမင်းတို့ရဲ့ထိပ်ထက်မှာ အဘိသိက်သွန်းရမယ့် ရေစင်ရေကောင်း ကန်တော်မင်္ဂလာမှာ မိန်းမသားက ရေဆင်းချိုးချင်တယ်ဆိုတာဟာ မဟာအန္တရာယ်ကြီး မဟုတ်ပေဘူးလား၊ အေးကွာ၊ လိုကာအကြောင်းသာ ဦးစားပေးပြီး မင်းကိုပြောရမှာဆိုတော့တိုတိုပဲ ကြပါစို့၊ ဒီလိုနဲ့ ဗန္ဓုလဟာ သူ့ကျောင်းနေဖက်သူငယ်ချင်းမဟာလိ လိစ္ဆဝီမင်း တာဝန်ယူရတဲ့ ဝေသာလီတံခါးတစ်ခုက မြို့တွင်းကို ဝင်တယ်၊ ကန်တော်မင်္ဂလာ အစောင့်အကြပ်များကို ခြိမ်းခြောက်ပြီးကန်ကို ဖုံးအုပ်ထားတဲ့ သံကွန်ခြာကို သန်လျက်နဲ့ပိုင်းဖြတ်ပြီး မလ္လိကာဒေဝီကို အေးချမ်းစွာ ရေသုံးသပ်စေတယ်၊ အဲဒီမှာ လိစ္ဆဝီမင်း အပေါင်းတို့ဟာ မခံမရပ်နိုင် ဖြစ်ပြီး ဖမ်းဆီးသတ်ဖြတ်ဖို့ ကြိုးစားနေကြတယ်၊ဗန္ဓုလကတော့ မလ္လိကာဒေဝီ စိတ်အေးလက်အေး ရေချိုးသန့်စင်ပြီးမှရထားနဲ့မောင်းထွက်ခဲ့တယ်၊ နောက်ကလိုက်ဖမ်းကြတဲ့ လိစ္ဆဝီမင်းသားငါးရာကိုတော့ မရှောင်မလွှဲသာလို့ လေးနဲ့ပစ်ခွင်း သုတ်သင်ခဲ့ရသေးသတဲ့၊ ဒါတွေအားလုံးကို အကျဉ်းချုံးပြီးပြောနေတာနော်အမေကြီး၊ ဒီလိုနဲ့ မလ္လိကာဒေဝီမှာ ချင်ခြင်းအာသာပြေပြီး သားအမွှာ မွေးဖွားလာတယ်၊ နောက်လည်း ဆက်တိုက်တစ်ဆယ့် ခြောက်ခါအထိ သား အမွှာချည်းပဲ မွေးလို့ သုံးဆယ့်နှစ်ယောက်သောသားတို့ရဲ့ မိခင်ဖြစ်လာသတဲ့"

"မလ္လိကာကလည်း မွေးမယ့်မွေးတော့ ရှင်မွေးလွန်း ပါကလား"

"သားတိုင်းသားတိုင်းဟာ အရွယ်ရောက်လာပြီဆိုရင်ယောကျ်ားတို့အတတ် တစ်ဆယ့်ရှစ်ရပ်နဲ့ ပြည့်စုံကြသတဲ့၊ သားတစ်ယောက်တစ်ယောက်စီမှာလည်း လူစွမ်းကောင်း တစ်ထောင်စီ တစ်ထောင်စီ

www.burmeseclassic.com

www.burmeseclassic.com



အခြံအရံရှိသတဲ့၊ ဗန္ဓုလစစ်သူကြီးနဲ့ သားအပေါင်း သုံးဆယ့်နှစ်ယောက် ဘုရင့်ထံကို အခ,စားဝင်တဲ့အခါ သူတို့ရဲ့အခြံအရံ ပရိသတ် သုံးသောင်း နှစ်ထောင်ကျော်နေလို့ မင်းရင်ပြင်တစ်ခုလုံး အပြည့်ဖြစ်နေကြသတဲ့၊ ဒါကို မှူးကြီးမတ်ကြီးအချို့က မနာလိုကြဘူး၊ ဗန္ဓုလစစ်သူကြီးကို မလိုတမာဖြစ်နေကြတယ်၊ သူတို့ကိုယ်တိုင်ကတော့ တရားလွှတ်တော်မှာ လာဘ်စားပြီး အမှုများကို မတရားဆုံးဖြတ်နေကြပါသတဲ့"

"တစ်နေ့တော့ တစ်ဖက်သတ် မတရားအဆုံးအဖြတ်ခံရတဲ့ အမှုသည်များက ဗန္ဓုလတို့သားအဖ ညီလာခံဝင်ကြရအောင်လာတဲ့ လမ်းမှာ အစုအဝေးနဲ့ 'ကယ်တော်မူပါ ဗန္ဓုလစစ်သူကြီး' လို့ အော်ဟစ် ဆန္ဒပြကြသတဲ့၊ ဗန္ဓုလက မေးမြန်းစုံစမ်းတော့ အမှုသည်များက သူတို့အဖြစ်နဲ့တကွ အမှုသွားအမှုလာကို အကုန်အစင်တင်ပြ ကြသတဲ့၊ ဒီအခါမှာ ဓမ္မသတ်ကျမ်းကို ကျွမ်းကျင် လိမ္မာပညာရှိတဲ့ ဗန္ဓုလက လွှတ်တော်တရားသူကြီးများ အမှားမှား အယွင်းယွင်း ဆုံးဖြတ်ထားတဲ့ ဝိနိစ္ဆယကို သူကိုယ်တိုင် လွှတ်တော် တက်ပြီး ဆုံးဖြတ်ပေးလိုက်သတဲ့၊ ဒီတော့ အမှုသည်တွေ အများအပြားက ဝမ်းသာအားရဖြစ်လို့ 'ဗန္ဓုလ စစ်သူကြီး သက်တော်ရာကျော်ရှည်ပါစေ' လို့ တစ်ခဲနက် ကြွေးကြော် ကြသတဲ့၊ အဲဒီလို အုတ်အုတ်သဲသဲ တစ်ခဲနက် ကြွေးကြော်သံကိုကြားလို့ ကောသလမင်းကြီးက မေးမြန်း တော်မူတဲ့အခါ နာယကဂုဏ်နဲ့ပြည့်စုံတဲ့ မှူးကြီးမတ်ကြီးများက ဗန္ဓုလစစ်သူကြီးရဲ့ တရားအဆုံးအဖြတ်ကို ကျေနပ်နှစ်သက်ကြလို့ ချီးကျူးတဲ့အသံဖြစ်ကြောင်း လျှောက်ထားကြ တယ်၊ အဲဒီအခါ ကောသလမင်းကြီးက အလွန်နှစ်သက် အားရတော်မူ တာနဲ့ လာဘ်စားတဲ့ တရားသူကြီးများကိုဖြုတ်ချပြီး လွှတ်တော်တစ်ရပ် လုံးကို ဗန္ဓုလအား အပ်နှင်းလိုက်တယ်၊ ဗန္ဓုလကလည်း ဘုရင်ကြီးက ခန့်အပ်တော်မူတဲ့ အတိုင်း တရားနဲ့အညီ စီရင်ဆုံးဖြတ်နေပါသတဲ့"

"အစကတည်းက မနာလိုကြတဲ့ တရားသူကြီးများကတော့



ဗန္ဓုလကြောင့် ရာထူးပြုတ်ရတဲ့အခါ ပိုပြီးအငြိုးထားနေကြတာပေါ့နော်"

"ဘယ်ပြောကောင်းလိမ့်မလဲကွာ၊ အဲဒီအချိန်ကအစ ဗန္ဓုလ စစ်သူကြီးအပေါ် မကောင်းကြံပြီး တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြ တာပေါ့၊ 'ဗန္ဓုလစစ်သူကြီးက သူ့သားသုံးဆယ့်နှစ်ယောက်နဲ့ မင်းကြီး ကိုသတ်ပြီး နန်းရိုက်ထီးဖြို လုယူဖို့ကြံနေကြတယ်' လို့ တိုးတိုး တစ်မျိုး ကျယ်ကျယ်တစ်မျိုး မမှန်တဲ့သတင်း လွှင့်နေကြတယ်၊ လောကဆိုတာကလည်း အခက်သားကွ၊ လူပြောသူပြောများလာရင် ယုန်ထင်ကြောင်ထင် ဖြစ်ကုန်ကြတတ်တယ်၊ လျှို့ဝှက်တဲ့စကားဆိုရင် တစ်ဆင့်စကား တစ်ဆင့်နား ပေါက်ကြားတတ်ကြတယ်၊ အဲသလိုနဲ့ ကောသလမင်းကြီးနား ရောက်သွားတော့တာပဲ"

"ဒီတော့ ကောသလမင်းကြီးက ယုံသတဲ့လားရှင်"

"ကြားစကတော့ ယုံမှာမဟုတ်ပါဘူး၊ အဲ နေ့စဉ်ရက်ဆက် လူတိုင်းလူတိုင်းဆီက ကြားရဖန်များလာတော့ သင်္ကာမကင်း ဖြစ်လာ တော့တယ်၊ သစ်ငုတ်တောင် တိုက်ဖန်များတော့ နုံ့ရသေးတယ်မဟုတ် လားကွာ၊ ဗန္ဓုလကို စစ်သေနာပတိရာထူးတင်မကဘူး လွှတ်တော် တစ်ရပ်လုံးကိုလည်း ပေးအပ်ခဲ့တယ်လေ၊ သူ့သား သုံးဆယ့်နှစ်ယောက် ရဲ့ အခြွေအရံ လူစွမ်းကောင်းတို့ကပဲ သုံးသောင်းကျော်နေတယ်၊ ဘုရင့်တပ်မတော်ကြီးတစ်ခုလုံးကိုလည်း အုပ်ချုပ် နေရတယ်ဆိုတော့ ဗန္ဓုလက လက်ခမောင်းတစ်ချက် ခတ်လိုက်ရုံနဲ့ ကိစ္စက ပြတ်သွား နိုင်တယ်မဟုတ်လား၊ ဒီတော့ ဘုရင်ကြီး ကိုယ်တိုင် ထိတ်လန့်နေတော့ တာပေါ့၊ ရွှေနန်းစည်းစိမ်ဆိုရင် အင်မတန် ချစ်ခင်ပါတယ်ဆိုတဲ့ သူငယ်ချင်းမပြောနဲ့၊ သူ့ တူတော် အရင်း အဇာတသတ်မင်းသားက ခမည်းတော် ဗိမ္ဗိသာရကို သတ်ပြီး နန်းလုခဲ့တယ်မဟုတ်လား"

"ဟုတ်တော့လည်း ဟုတ်တာပဲလေ၊ ရှင်ဘုရင်လုပ်ရတာများ စိတ်ရှုပ်စရာကြီးပါတော်၊ ဒီတော့ ဘယ်လိုဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောသလမင်းကြီးအဖို့ ဗန္ဓုလနဲ့ သူ့သားတွေကို ပြည်တွင်းမှာ ထင်ထင်ရှားရှား သုတ်သင်ဖို့ဆိုတာက အတိုင်းတိုင်း အပြည်ပြည် ကျော်မကောင်း ကြားမကောင်း ဖြစ်နေလိမ့်မယ်၊ ဒီတော့ ကောသလတိုင်း အစွန်အဖျားမှာ သူပုန်အနေနဲ့ လှုပ်ရှားရအောင် အိမ်တော်ပါကျွန်ရင်းများကို စေခိုင်းတော်မူလိုက်တယ်၊ နောက်ပြီး အဲဒီသူပုန်ရန်နှိမ်နင်းဖို့ ဗန္ဓုလနဲ့သူ့သားတွေကို လွှတ်လိုက်တယ်၊ အဲဒီတပ်ထဲမှာ ဘုရင်ကြီးက အင်မတန်စိတ်ချရတဲ့ လက်ရွေးစင်စစ်ဗိုလ်များကို ပူးပေါင်းပြီး ထည့်လွှတ်လိုက်တယ်၊ အဲဒီစစ်ဗိုလ်များက ဗန္ဓုလရဲ့သားသုံးဆယ့်နှစ်ယောက်ကို ခေါင်းဖြတ်သုတ်သင်ခဲ့ကြဖို့ပေါ့၊ စစ်သူကြီးကတော် မလ္လိကာဟာ ဗန္ဓုလနဲ့သားများစစ်မြေပြင်ထွက်နေတဲ့အခိုက်မှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်အမှူးပြုတဲ့ရဟန်း ငါးရာကိုအိမ်ပင့်ပြီး ဆွမ်းလုပ်ကျွေးနေရှာတယ်၊ အဲသလိုဆွမ်းကျွေးနေစဉ်မှာပဲခြေမြန်တော်တပ်သားတစ်ယောက်က ဗန္ဓုလနဲ့ သား သုံးဆယ့်နှစ်ယောက်စလုံး ခေါင်းဖြတ်အသတ်ခံရပါသည်ဆိုတဲ့ လျှို့ဝှက် စာတစ်စောင် လာပေးတော့တာပဲ"

"ဘုရား ဘုရား၊ ဒုက္ခပါပဲနော်"

"မလ္လိကာဒေဝီဟာ ဘယ်လောက်စိတ်ဓာတ်ကြံ့ခိုင်လိုက်သလဲ ဆိုရင် အဲဒီစာကိုဖတ်ပြီး မျက်နှာတစ်ချက်မှမပျက်၊ ဆွမ်းလုပ်ကျွေးတဲ့ ဝေယျာဝစ္စလည်းတစ်ချက်မှ မလစ်ဟင်းဘဲ စာကို သူ့ ရင်ခွင်ထဲသာ ထည့်လိုက်သတဲ့၊ အရှင်မြတ်များဆွမ်းစားပြီးတဲ့အခါ ကျွန်မတစ်ယောက်ဟာ သိမ်းဆည်းရင်း ပေါ့ပေါ့ဆဆနဲ့ ထောပတ်အိုးတစ်အိုး ဖြုန်းခနဲကျကွဲပါသတဲ့၊ အဲဒါကို မလ္လိကာက ရုတ်တရက် လှည့်ကြည့်လိုက်တော့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက 'ကွဲပျက်ခြင်းသဘောရှိသော ဝတ္ထုဖြစ်၍ ကွဲပျက်သွားလေပြီ၊ ထွေရာလေးပါး စိတ်အကြံမများလေနှင့်၊ သောကမဖြစ်လေနှင့်' လို့ အမိန့်ရှိတော်မူတယ်၊ အဲဒီ



အခါ မလ္လိကာက ရင်ခွင်ထဲက စာကိုထုတ်ပြရင်း 'အရှင်ဘုရား၊ သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ အဖဖြစ်သူဗန္ဓုလ စစ်သေနာပတိ၏ ဦးခေါင်းများကို ဖြတ်အပ်လေပြီဟူသော ဤသဝဏ်လွှာကို တပည့်တော်မအား ပို့အပ်လာကြပါသည်၊ တပည့်တော်မသည် ဤအကြောင်းကို ကြား၍သော်မှလည်း ထွေရာလေးပါး စိတ်အကြံမများခဲ့ပါ၊ ထောပတ်အိုးကွဲခြင်းကြောင့်ကား အဘယ်မှာလျှင် ထွေရာလေးပါး စိတ်အကြံများပါအံ့နည်းဘုရား' ဟူ၍ ပြန်လျှောက်ထားသတဲ့"

"အင်း၊ ချီးမွမ်းစရာ ကြည်ညိုစရာကောင်းလိုက်တဲ့ မိန်းမသူရဲကောင်းကြီးပါပဲနော်၊ လင်ရောသားတွေပါ ဆုံးပြီးတဲ့နောက် ဘယ်လိုဖြစ်သေးသလဲ အဖေကြီးရယ်"

"ဘယ်သူ့မှ အားကိုးစရာမရှိလေတော့ ကောသလမင်းကြီးထံ အနူးအညွတ် ခွင့်ပန်ပြီး ချွေးမ သုံးဆယ့်နှစ်ယောက်ကို သူတို့အိမ်သူတို့ ပြန်စေတယ်၊ သူကိုယ်တိုင်လည်း မလ္လာတိုင်းပြည်ကိုပြန်သွားရှာသတဲ့၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဒေဝီအကြောင်းကို နိဂုံးချုပ် ရမှာဖြင့် ရင် မြတ်စွာဘုရားသခင် ကုသိနာရုံအင်ကြင်းတောမှာ မဟာပရိနိဗ္ဗာန်ပြုတဲ့အခါ မလ္လာမင်းအပေါင်းတို့က စကြဝတေးမင်းနည်းတူ အန္တိမ ဈာပန ပူဇော်ကြရအောင် အလောင်းတော်ကို ကုသိနာရုံ ပြည်တွင်းသို့ ထမ်းဆောင်သယ်ယူလာကြတယ်၊ မလ္လိကာဒေဝီစံအိမ်ရှေ့သို့ ရောက်လာတဲ့အခါမှာ မလ္လိကာက သူ၏မဟာလတာတန်ဆာကို မြတ်စွာဘုရားသခင်အလောင်းတော်ပေါ်မှာအုပ်ပြီး လှူဒါန်းပူဇော်မှု ပြုလိုက်ပါသတဲ့၊ အဲဒီတော့တို့မှတ်သားရမှာက သာဝတ္ထိပြည်မှာဘုရင်ကောသလရဲ့မိဖုရားကြီးအမည်ကလည်း မလ္လိကာပဲဖြစ်တယ်၊ ဗန္ဓုလ စစ်သူကြီးကတော်ရဲ့အမည်ကလည်း မလ္လိကာပဲဖြစ်တယ်၊ သူတို့နှစ်ဦးဟာ အမည်ချင်းတူကြသလို ရတနာသုံးပါးဂုဏ်ကို မမိုတ်မသုန် ကြည်ညိုရာမှာလည်း သာတူညီမျှ ရှိနေကြတယ်ဆိုတဲ့အကြောင်းပါပဲကွယ်" ■

www.burmeseclassic.com

www.burmeseclassic.com

# တောင်ဇေးကမှ ကောင်းသေးသည်



မြန်မာစကားစစ်စစ်က
လက်ရှည်တစ်ပြင်တည်းတဲ့
မိဘနဲ့အတူ
လက်ရုံးရှည်တစ်ပြင်တည်း
ခွန်အားဗလတန်းတူ
မိဘကို ကူညီစီးပွားရှာဆေး
တာကိုပြောတာ

ဦးချမ်းသာက ဘုရားဝတ်ပြုပြီး၍ ဘုရားခန်းမှ ထွက်လာသော အခါ ဒေါ်မြမေက ဧည့်ခန်းမှ စောင့်လင့်ကြိုဆိုနေသလို တစေ့စေ့ ကြည့်နေလေသည်၊ ဤသည်ကား ပါးနပ်လိမ္မာသော ဒေါ်မြမေ၏ 'ရွှေပြည်အေး' အကျင့်မူဝါဒကလေး ဖြစ်ပါသည်၊ သားရေး သမီးရေး အိမ်တွင်းရေး လူမှုရေး စီးပွားရေး စသည်တို့တွင် ဦးချမ်းသာအတွက် စိတ်နှောက်ကျိုစရာ ဒေါသဖြစ်စရာ နှမြောတွန့်တိုစရာ ဖြစ်လာနိုင် သည့်ကိစ္စများဆိုလျှင် ဦးချမ်းသာ ဘုရားဝတ်ပြု ကြည်ညိုပြီးသည့် အချိန်ကိုစောင့်၍ ဒေါ်မြမေက ဖျောင်းဖျောင်းဖျဖျ နားချ သိမ်းသွင်းတတ် ပါသည်၊ သဒ္ဓါပသန္နဖြင့် စိတ် အေးမြကြည်လင်နေသောအခါမှာ သဘောထား နူးညံ့သိမ်မွေ့ တတ်သောကြောင့် ထိုအချိန်အခါလေးကို အခွင့်ကောင်းယူ၍ နည်းဗျူဟာသုံးတတ်ပါသည်၊ အနှစ်လေးဆယ် ကျော်ပေါင်းလာသဖြင့် တစ်ယောက်အကြောင်းကိုတစ်ယောက်သိသော ဦးချမ်းသာကလည်း "ဘာများပြောစရာရှိလို့လဲအမေကြီးရဲ့" ဟု စကား တောင်းလိုက်ရင်း နှစ်ယောက်ထိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်သည်၊ ဒေါ်မြမေကလည်း ရယ်ကျဲကျဲလေးလုပ်ကာ ဝင်ထိုင်လိုက်ရင်း "ဘာမှ ထူးထူးထွေထွေမဟုတ်ပါဘူး အဖေကြီးရယ်" ဟု လေအေးကလေး ဖြင့် နိဒါန်းပျိုးကာ ဦးချမ်းသာမျက်နှာကို အကဲခတ်နေလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမေ၏စကားက ပေါ့ပေါ့သာသာကလေးဖြစ်ခြင်းကြောင့် ဦးချမ်းသာကခပ်ဆေါ့ဆေါ့ပင်သတင်းစာကို ကောက်ကိုင်၍ဖတ်နေသည်။

"တစ်နေ့က သားကြီးလာပြီး တိုင်ပင်တယ်" ဒေါ်မြမေက စ,လိုက်သည်၊ ဦးချမ်းသာက သတင်းစာကို ကြည့်မြဲကြည့်နေသည်၊ သဘောကတော့ 'နားထောင်နေပါတယ်' ဆိုသည့်အဓိပ္ပာယ်မျိုး။

"သားကြီးက တိုယိုတာ ဟိုင်းလတ်တစ်စီး ဝယ်ချင်လို့တဲ့"

ဦးချမ်းသာက သတင်းစာကြည့်ရာမှ မေးလိုက်သည်။

"ဘာလုပ်ဖို့တုံး"

"တစ်ဘက်တစ်လမ်းက ဝင်ငွေရအောင်လို့တဲ့၊ လိုင်းထဲဝင်ပြေးရင် တစ်နေ့ကို ငွေသုံးလေးရာ ကိုယ့်အတွက်ကျန်တယ်ဆိုပဲ၊ သူ့ယောက်ဖမှာလည်း တက္ကသိုလ်ပညာ စကောစကနဲ့ အလုပ်မရနိုင်လို့ လတ်လျားလတ်လျားဖြစ်နေတဲ့အတူတူ ကားကလေးတစ်စီးထောင်ပေးထားရင် ကောင်းလေမလားတဲ့၊ ကားက တစ်သိန်းသုံးသောင်းနဲ့ရမှာတဲ့၊ အဲဒါ သူတို့စုထားတာက ငွေသုံးသောင်း လောက်ရှိလို့အဖေကြီးဆီက ငွေတစ်သိန်းလောက် ပြောပေးစမ်းပါမေမေရယ်လို့ လာပြောတယ်"

"ဘာ"

ဦးချမ်းသာက ဒေါ်မြမေကို ဆတ်ခနဲကြည့်လိုက်သည်၊ ဒေါ်မြမေက နည်းနည်းတော့ တွန့်သွားသည်။

"ငွေတစ်သိန်းလောက်၊ ဘာလဲကွ၊ အမွေတောင်းတာလား"

"ဩော် အဖေကြီးရယ်၊ အမွေတောင်းတာလည်း ဘယ်ဟုတ်ပါ့မလဲရှင်၊ 'ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်' ဆိုတဲ့သဘောမျိုးပေါ့"

"အမယ်၊ ပိဋကတ်အိုးကွဲမကြီးက 'ပေးဝေနှီးရင်း'တဲ့၊ မိဘတို့ဝတ္တရားအတိုင်း ပေးရမယ်ပေါ့လေ၊ ဒီမှာ မရွှေမြ၊ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ' ဟုတ်ပါတယ်၊ ဒါပေမဲ့လောကမှာ



ဘယ်နေရာမဆို အပြန်အလှန် အတိုင်အဖောက်ကလေးတော့ ရှိမှကောင်းတာကွ၊ ကိုယ်က 'မောင်ရို့မောင်ရို' လို့ တိုင်လိုက်ရင်'လေလေ့လေလေ့' လို့လိုက်တဲ့လူရှိမှ၊ ကိုယ်က 'တို့လူလေးများ ဆိုသလေ'လို့ ဟာစ်လိုက်ရင် 'ဝေလေလေ' လို့ ညာသံလိုက်ပေးတဲ့ လူရှိမှ သဘာဝကျတယ်ကွ၊ မင်းပြောတဲ့ မိဘဝတ္တရား ငါးပါးရှိသလို သားသမီးဝတ္တရားကလည်း ငါးပါးရှိတယ်ဆိုတာ သတိမေ့မထားနဲ့ဦး၊ 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူ့မျိုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဇတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ' တဲ့၊ ဟုတ်ရဲ့မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီအထဲက 'ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ' လို့ ဆိုတဲ့စကားကို မင်းနားလည်အောင်ပြောရဦးမယ်၊ သားသမီးရယ်လို့ ကိုယ်နဲ့တန်းတူ အရွယ်ရောက်လာလို့ လူလားမြောက်လာတဲ့အခါ မိဘဇကုန်သွယ်ရင် သားသမီးက အရောင်းအဝယ်ဘက်မှာ ကူညီ လုပ်ဆေ ပေးရတယ်၊ မိဘက လယ်လုပ်ရင် သားသမီးများက လယ်အလုပ်ယာအလုပ်ကို ကူညီပေးရတယ်၊ 'လက်ရေတစ်ပြင်စီး' ဆိုတဲ့စကားဟာ 'ဒေါင်းလန်း'ထဲထမင်းတွေဟင်းတွေပုံပြီး တစ်ယောက် စားတဲ့ဟင်းရည်တွေ တစ်ယောက်ထမင်းထဲ ရောနှောစီးဆင်းသွားလို့ လက်ရေတစ်ပြင်စီး စားတယ်လို့ ဆိုကြတာမျိုး မဟုတ်ဘူး၊ မြန်မာ စကားစစ်စစ်က 'လက်ရည်တစ်ပြင်တည်း' တဲ့၊ မိဘနဲ့အတူ 'လက်ရုံးရည်တစ်ပြင်တည်း' ခွန်အားဗလတန်းတူ မိဘကိုကူညီ စီးပွားရှာပေးတာကိုပြောတာ၊ အဲဒီလို လုပ်ပေးကြတာဟာ မိဘအမွေကို ခံစားထိုက်တဲ့သားသမီး ကောင်းလို့ ဆိုကြရတယ်၊ အဲဒီတော့မှ 'မွေခံထိုက်စေ' လို့ဖြစ်လာတာ"

ဦးချမ်းသာက စိတ်ပါလက်ပါပြောနေသောကြောင့် ဒေါ်မြမေက မရွံ့မရဲမော့ကြည့်လိုက်ရသည်။

"ကျုပ်တို့သားသမီးတွေကို ကြည့်လိုက်စမ်း မိဘက 'အတတ်

www.burmeseclassic.com

www.burmeseclassic.com



သင်စေ' လို့ဆိုတဲ့စကားအရ ပညာအရင်းအနှီးရအောင် ငယ်ငယ်ကတည်းက ကျောင်းထားပေးကြတယ်၊ ဘာကလေးတစ်ခုမှမငြိုငြင်ရအောင် ဂုဏ်သိက္ခာနဲ့လျော်ညီအောင် ကျောင်းအသွားအပြန်ကားနဲ့ အပို့အကြို ဘာတစ်ခုလိုသေးလဲ၊ ကျောင်းသားတွေ ကျောင်းသူတွေရယ်လို့ အိမ်မှုဝေယျာဝစ္စ ဘာတစ်ခုများခိုင်းရက်သလဲ၊ သူတို့ကကော ဘာတစ်ခုများ ဝင်ပြီးကူညီဖူးသလဲ၊ ခြေမွေးမီးမလောင် လက်မွေး မီးမလောင် ထမင်းပွဲကို လက်ဆေးပြီး လာထိုင်စား၊ ပြီးတော့လက်ဆေးထ,သွား၊ ကိုယ်စားတဲ့ ပန်းကန်တောင် ကိုယ်ဆေးကြရသလား"

"ဒါကတော့ အိမ်ဖော်တွေကရှိတာကိုး မောင်ရဲ့"

"အေးလေ၊ မင်းက ရှေ့နေလိုက်ရမှပေါ့၊ အဲဒီလိုနဲ့ ဆယ်တန်းလည်းရောက်ရော ရည်းစားကိုယ်စီရှာကြပြီ၊ တက္ကသိုလ်ရောက်တော့ အတွဲကိုယ်စီဖြစ်ကုန်ကြပြီ၊ ဟော ဘွဲ့ကလေး ဒီဂရီလေးတွေလည်း ကိုယ်စီရကြရော မိန်းမတောင်းပေးပါ ဆိုတဲ့သားနဲ့၊ အစေ့စပ်လာရင် လက်ခံပေးပါဆိုတဲ့ သမီးနဲ့ အသီးသီးဟာ အိမ်ထောင်ပြုပြီး အလျှိုအလျှိုအိမ်ပေါ်ကဆင်းသွားကြတာ၊ဘယ်မှာလဲ 'မွေးခံထိုက်စေ' ဆိုတာ၊အမေကြီးကပြောတော့ဖြင့် 'ပေးဝေနီးရင်း' တဲ့လေ၊ ဟား–ဟား–ဟား"

ဒေါ်မြမေက ဦးချမ်းသာနှင့်ရော၍ မရယ်ဝံ့သော်လည်း မချိပြုံးပြုံးလိုက်မိပါသည်၊ သူပြောသမျှကလည်း မှန်သလောက်တော့မှန်နေသည်၊ သို့ပေမဲ့ သက်သာလိုသက်သာငြား လှျောက်လဲချက်ကလေးများတော့ပေးကြည့်ရဦးမည်၊ ဒါကသားတွေကိုချစ်သော မိခင်တို့၏ဓမ္မတာ။

"ဒါကတော့ အမေကြီးရယ်၊ မိဘနဲ့သားသမီးဆိုတာ 'စုန်တဲ့ရေသာရှိတယ်၊ ဆန်တဲ့ရေမရှိဘူး' လို့ ပြောကြတယ် မဟုတ်လား၊ ခုဟာကလည်း သုံးလို့ဖြုန်းလို့ အကြွေးတင်လို့ဆပ်ရအောင် တောင်းတာမှ မဟုတ်ဘဲ၊ စီးပွားရေးကို လာဘ်မြင်လို့ အရင်းအနှီးလိုတဲ့သဘောပါ၊ ဒီလိုလောဘကလေး ရှိလာတာကိုပဲ ကျွန်မတို့က ချီးမွမ်းရဦးမယ်"



"ဒါဖြင့်၊ နောက်အကောင်ငယ်တွေ ကောင်မဇွေက ဒီလိုစီးပွားရှာချင်ပါတယ်ဆိုပြီး လာတောင်းတော့ကော ပေးလိုက်ရဦးမှာလား၊ ညီအစ်ကိုမောင်နှမဆိုတာက သူရရင် ကိုယ်လည်းလိုချင်လာလိမ့်မယ်၊ သူတို့ကမရလို့ စိတ်နှလုံး ညှိုးညှိုးငယ်ငယ်ဖြစ်နေရင်လည်း မိဘဆိုတာ စိတ်ချမ်းသာမှာ မဟုတ်ဘူးလေ၊ အခု ကျုပ်ပြောနေတာက သားသမီးကို သဒ္ဓါတွန့်တို မပေးရက် မကမ်းရက် လို့ ပြောနေတာ မဟုတ်ပါဘူး၊မိဘမှာရှိတဲ့ပစ္စည်းဟာ သူတို့ပစ္စည်းပါ၊ ကိုယ့်မှာစီးပွားရှာလို့ စိတ်ပန်းလူပန်းနွမ်းနယ်တဲ့ အခါတောင်မှ သူတို့လေးတွေရဲ့ မျက်နှာလေးများကို မြင်လိုက်ရင်သိတာရေစင်နဲ့ဖျန်းသကဲ့သို့ပင်ပန်းတာတွေတောင် ပျောက်ကုန်တယ်မဟုတ်လား၊ မင်းချစ်သလို ငါလည်းချစ်ပါတယ်၊ မင်းသနားသလို ငါလည်းသနားပါတယ်၊ မင်းက သူတို့ကောင်းစားတာ မြင်ချင်သလို ငါလည်း မြင်ချင်တာပေါ့ကွာ၊ မိဘဆိုတဲ့စကားကိုက အမိနဲ့အဖ ခွဲမရအောင် ယှဉ်တွဲလာတဲ့စကားပါ"

"ဟုတ်ပါတယ်မောင်ရယ်၊ အမေကချစ်သလို အဖေကလည်း ချစ်တာကိုသိလို့ ပြောကြည့်တာပါ"

ဒေါ်မြမေက 'လေပြည်ထိုး' လိုက်သဖြင့် တောင်းပန်တိုးလျှိုးသံပေါက်နေသည့်အခါ ဦးချမ်းသာမှာ တစ်ခဏလေးကြာအောင်စကားဆက် ပြတ်သွားရလေသည်၊ ထိုအတွင်း ဦးချမ်းသာက 'ဟင်းခနဲ' သက်ပြင်းရှည်ကြီးကို ချလိုက်သည်၊ ဒေါ်မြမေက ဦးချမ်းသာကို မသိမသာ 'ခိုး'၍ ကြည့်လိုက်သည်။

"မိဘဆိုတာ ကိုယ်သေသွားတော့လည်း အကုန်ပေးခဲ့ရတာပဲ၊ မသေခင်လည်း တောင်းလာရင် ပေးချင်ကြတာပဲ၊ သို့ပေမဲ့ ပေးသင့်တဲ့အခါ မပေးသင့်တဲ့အခါ အခြေအနေအမျိုးမျိုးကို သုံးသပ်ကြည့်ရဦးမယ်လေ၊ မိဘမှာ ကိုယ့်အားကိုယ့်မာန်နဲ့ သန်တုန်းမြန်တုန်း ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်တဲ့ အသက်အရွယ် မျိုးဆိုရင်လည်းမထောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး၊ ကိုယ့်မှာ ကုဋေ ကုဋာကြွယ်ဝနေလို့ သိန်းလောက် သောင်းလောက် ဖဲ့ပေးရတာမျိုးဆိုလည်း ကိစ္စမရှိပါဘူး"

"သားသမီးလိမ္မာရင် ဘယ်မိဘမှ ပစ်မထားပါဘူး"

"နေပါဦး၊ မင်းက သားသမီးတွေကို အထင်ကြီးပြီး အားကိုးနေပုံရပါတယ်၊ လောကမှာ လိမ္မာတဲ့သားသမီး၊ မိဘကို မငြိုမငြင် ကျွေးတုံ့ကျွေးလှည့် မွေးတုံ့မွေးလှည့်ပြုတဲ့ သားသမီး ဘယ်နှစ်ယောက်များ တွေ့ဖူးသလဲ၊ သားသမီး ဆယ်ယောက်ကို မွေးထားတဲ့မိဘက အဲဒီသားသမီးတွေကို လူလားမြောက်အောင် မွေးကျွေးနိုင်ခဲ့တယ်၊ အဲဒီသားသမီးဆယ်ယောက်က မိဘနှစ်ယောက်တည်းကို မငြိုမငြင် မကြောင့်မကြ အိမ်ဦးခန်းတင်ထားတာ ဘယ်မှာများ တွေ့ဖူးသတုံး"

"ရှိကြပါတယ်ရှင်"

"အေး၊ ရှိတော့ရှိတယ် ရှားတယ်၊ အများအားဖြင့်တော့'မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့မွေး၏။ ပဲရွေးမရှိ၊ ဖမ်တို့အား၊ သမီးသားလည်း၊ ထံပါးနီးရပ်၊ မကပ်တုံ့လျှင်း၊ ရှောင်ကြကွင်း၏' တဲ့၊ အသက်ကြီးပြီး ပစ္စည်းမဲ့တဲ့ မိအိုဖအိုဆိုရင် သားသမီးတွေကို တောင်ဇေးလောက်မှ အားမကိုးရပါဘူးတဲ့၊ ဒါကြောင့်တို့နှစ်ယောက်မှာ အိုစာ မင်းစာ ဖွားစာ နာစာကလေးတွေလောက်တော့ ရှိထားကြရဦးမယ်၊ 'လက်သပ်ကိုယ်ကျွတ်' အမွေ ပေးလိုက်မိလို့ မိဘမှာလည်း ဒုက္ခဖြစ်၊ သားသမီးတွေမှာလည်း အကုသိုလ်ဖြစ်၊ အဲသလို အဖြစ်မျိုးတွေ ဗုဒ္ဓသခင် လက်ထက်တော် မှာကတည်းကရှိခဲ့တယ်၊ ထေရီအပါဒါန်မှာ ဗဟုပုတ္တိကမယ်တော်ဆိုတာ သားသမီးဆယ်ယောက်ကို အမွေလည်းခွဲဝေပြီးရော ဘယ်သားသမီးကမှအိမ်ပေါ်ခေါ်မတင်ထားလို့ ဘိက္ခုနီမကျောင်းသွားပြီး ရဟန်းမကြီးလုပ်ရတယ်၊ ဒါက မိခင်ရဲ့အဖြစ်၊ ဓမ္မပဒမှာတော့ သားလေးယောက်စလုံးကိုရှိသမျှ အမွေပေးပြီးတဲ့နောက် ပောင်ဇေးကြီး 'တဒေါက်ဒေါက်' နဲ့ ဘုရား



ကျောင်းတော် အရောက်သွားပြီး ခိုလှုံရတာက ဖအေအိုကြီးရဲ့အဖြစ်၊ အဲဒီဝတ္ထုကို ငါပြောပြမယ်၊ မင်းနားထောင်မလား"

"ပြောစမ်းပါဦးရှင်၊ သံဝေဂ ယူတန်လည်း ယူရတာပေါ့"

ဦးချမ်းသာက ဒေါ်မြမေအားမျက်နှာမူလိုက်ကာ နေသားတကျဖြစ်အောင် ထိုင်လိုက်ပြီး သတင်းစာကို ချကာ စကားစလိုက်သည်။

"သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် အခါကပေါ့ကွယ်၊ သာဝတ္ထိမြို့ကြီးရဲ့ အနီးအနားမှာ ပုဏ္ဏားရွာကြီးတစ်ရွာရှိတယ်၊ ရွာအမည်ကို 'မဟာဂါမ' လို့ ခေါ်ကြပါစို့၊ အဲဒီရွာကြီးမှာ မဟာသာလသူဌေးမျိုးက ဆင်းသက်လာတဲ့ ပုဏ္ဏားသူကြွယ် လင်မယားရှိကြတယ်၊ သူတို့လက်ထက်မှာတော့ ဥစ္စာစီးပွား မတိုးပွားတော့ဘဲ ငွေရှစ်သိန်းလောက်သာ ရှိရှာလေတော့သတဲ့၊ သို့ပေမဲ့ ငွေရှစ်သိန်း ဆိုတာကလည်း'နည်းနည်းနောနော' တော့ မဟုတ်သေးဘူးပေါ့ကွယ်၊ မဟာဂါမရွာမှာအချမ်းသာဆုံးလို့ ဆိုရလိမ့်မယ်၊ သူဌေးလင်မယားမှာ အသက်အရွယ်ကလည်း အိုအိုမင်းမင်းမဟုတ်ကြသေးဘူး၊ အနာရောဂါလည်းကင်းကင်း ရှင်းရှင်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံနေတဲ့အပြင် သားချောသားလှကလေးတွေ လေးယောက်တောင်ရှိတာမို့ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင်နဲ့ ကာမဘောဂီ လောကီဘုံသားတို့ ရဲ့အရသာကို ခံစားနေကြသတဲ့၊ လောကမှာ ပစ္စည်းကလည်း ပြည့်စုံမယ်၊ အနာရောဂါလည်း ကင်းရှင်းမယ်၊ချစ်ခင်တွယ်တာစရာ သားကလေးတွေ သမီးကလေးတွေကလည်း ရှိမယ်ဆိုရင် အဲဒီအိမ်ထောင်ဟာ လူသားတို့၏ သုခ၊ ပုထုဇဉ်တို့၏ဘောဂ၊ သံသရာကြီးရဲ့ဝဲသြဃပေါ့၊ ပုဏ္ဏား လင်မယားလည်း အဲဒီသားလေးယောက်နဲ့ ဥမကွဲသိုက်မပျက် တစ်သက်လုံး နေသွားရလိမ့်မယ်လို့ မျှော်လင့်ထားပေမဲ့ မင်းပြောတဲ့ 'မိဘဝတ္တရား အလျောက်' အရွယ်ရောက်လို့ အချိန်တန်ရင် အိမ်ထောင်ရက်သား ထိမ်းမြားပေးစား

www.burmeseclassic.com

www.burmeseclassic.com



ကြရတာပေါ့၊ လက်ဦးဆုံးသားကြီးကိုပေးစားလိုက်တုန်းကတော့ လူပျို လူရွယ် သားသုံးယောက် ကျန်ခဲ့သေးတာမို့ မသိသာသေးပါဘူး၊ စားကြ သောက်ကြ ပြောကြဆိုကြ ရယ်ကြမောကြနဲ့ တသောသော ရှိနေသေးတာပေါ့၊ နောက်တစ်နှစ် နှစ်နှစ်လောက်ကြာတော့သားလတ် တစ်ယောက်ကို နေရာချထားပေးလိုက်ပြန်ရော၊ နောက်တစ်နှစ်လောက် ကြာပြန်တော့ သားတစ်ယောက်ကို ပေးစားလိုက်ရပြန်ရော၊ အဲဒီလိုနဲ့ စတုတ္ထမြောက် သားအထွေးဆုံးကို နေရာချထား ပေးပြီးတဲ့ နောက် မှာတော့ တစ်အိမ်လုံးမှာ ပုဏ္ဏားလင်မယား နှစ်ယောက်သာ ခြောက်ခြောက်သွေ့သွေ့ တိတ်တိတ်ဆိတ်ဆိတ် ကျန်ရစ်ခဲ့ကြသတဲ့"

ဦးချမ်းသာက 'လေးလေးတွဲ့တွဲ့' ပြော၍ ဒေါ်မြမေ မျက်နှာကို မသိမသာကြည့်လိုက်မိသည်၊ ဒေါ်မြမေမှာ ပုဏ္ဏား လင်မယားကို ကိုယ်ချင်းစာ၍ ကရုဏာသက်နေဟန်တူသည်။ မိမိတို့ကိုယ်တိုင် ခံစားနေရသည်မှာလည်း ဤနည်းနှင်နှင် ဖြစ်သည်။

"သားသမီးဆိုတာ ဧည့်သည်တွေပဲ မဟုတ်လားကွယ်၊ အမွေး အတောင်မစုံခင်သာ မိဘတို့ရဲ့ရင်ခွင်မှာရပ်နားပြီး အမွေး အတောင် စုံတာနဲ့တစ်ပြိုင်နက် အသိုက်အမြုံထဲက တစ်ကောင်ပြီးတစ်ကောင် ပျံထွက်သွားကြတဲ့ ငှက်ကလေးတွေနဲ့ မခြားကြပါဘူး၊ မိဘနှစ်ပါးမှာ သာ သူတို့တစ်တွေကို တတမ်းတမ်း တတတ လွမ်းလက်စမပြေသေး ပေမဲ့ သူတို့တစ်တွေမှာတော့ ချစ်စခင်စ ဇနီးအလှကလေးတွေရဲ့အပါး မှာ တစ်ဖဝါးမှတောင်မခွာချင်အောင် ပျော်ရွှင် ကြည်နူးပြီး မိဘနှစ်ပါးကို သတိတောင်ရကြမှာ မဟုတ်ပါဘူး၊အဲဒီလို နေလာရာက တစ်နေ့တော့ သားအကြီးက အမွေတောင်းလာတယ်၊ မင်းပြောသလို ကုန်ကူးသန်း ရောင်းဝယ်ချင်လို့ အရင်းအနှီးကလေး ထုတ်ပေးပါဆိုတဲ့သဘောပေါ့၊ အဲဒီတုန်းကလည်း သားအကြီးက မအေကို ကပ်ချွဲပုံရပါတယ်ကွယ်"

ဦးချမ်းသာက စကားအဆစ် ပိုပိုသာသာ ထည့်လိုက်သည့်



အခါ ဒေါ်မြမေက "ရိုးရိုးဟောပါ ဆရာကြီးရယ်၊ ပိန္နဲပင်တော့ ဆွဲ မထည့်ပါနဲ့" ဟု တောင်းပန်လိုက်လေသည်။

"ငါက ဖြစ်နိုင်တာကိုပြောတာပါကွာ၊ ပိန္နဲပင်ကို တမင်ဆွဲ ထည့်တာ မဟုတ်ပါဘူး၊ အဲဒီအခါ ပုဏ္ဏားကြီးက 'ပေးမယ့်ပေးရင် သာတူညီမျှပေးလိုက်ကြပါစို့' လို့ မယားနဲ့ တိုင်ပင်ပြီး သားလေး ယောက်ကို တစ်သိန်းစီ ထုတ်ပေးလိုက်ပါသတဲ့၊ ငွေရှစ်သိန်းရှိတဲ့အနက် လေးသိန်းကိုပေးလိုက်တော့ သူတို့လင်မယားမှာ 'ခြေစောင့်လက်စောင့်' လေးသိန်းသာ ကျန်တော့တယ် မဟုတ်လား၊ ဒီလိုနဲ့ နေ့ရက်တွေကုန်ခဲ့ တယ်ပေါ့ကွာ၊ အချိန်ဆိုတာများက တစ်နာရီ တရွေ့ရွေ့နေ့နေ့ရက်ကုန် ဆိုတာမျိုးလို တစ်မိုးသောက်ရင် တစ်နေ့ဝင်လို့ တွင်တွင်ကြီးသာပြောင်း နေကြတာမဟုတ်လား၊ အဲဒီလို အချိန်က ပြောင်းလာကြတာနဲ့အမျှ ခန္ဓာကိုယ်မှာ ဇရာဆိုတဲ့ အဖြစ်တွေကလည်း အမြဲပြောင်းနေကြတာပဲ၊ ပုဏ္ဏားလင်မယားမှာ ပျို့မျစ် နုနယ်တဲ့ အရွယ်က အိုမင်းတဲ့ဘဝတွေကို ချဉ်းကပ်လာကြပြီ၊ အထူးသဖြင့် ပုဏ္ဏေးမကြီးမှာ သားတွေနဲ့ကွေကွင်း ရတဲ့ စိတ္တဇကြောင့် ဝေဒနာသည်ကြီးဖြစ်ပြီး ဆုံးပါးသွားသတဲ့"

"အင်း၊ မအေဆိုတာ ဒီလိုပဲဖြစ်တတ်တာမျိုးပဲ"

"သားလေးယောက်မှာ အမေဆုံးတယ်ဆိုတော့ ယူကျုံးမရနဲ့ လာကြပါရဲ့၊ ဈာပနကို ပြာကျအောင် စောင့်ရှောက်ပေးကြပါရဲ့၊ အထီးကျန်ဖြစ်နေရှာတဲ့ ဖခင်အိုကြီးကိုလည်း ပို၍ပို၍ ဂရုစိုက် ကြပါရဲ့၊ ကဲ၊ ဘာဖြစ်လို့ ဂရုစိုက်ကြတာလဲ၊ သိရဲ့လား အမေကြီး"

"သားတွေက လိမ္မာကြလို့ပေါ့"

"ဟားဟားဟား၊ ထင်လိုက်လေ ကျောင်းအမကြီးနယ်၊အေးလေ လိမ္မာကြလို့ပေါ့၊ သူတို့အတွက် သူတို့လိမ္မာကြတာ ခင်ဗျ၊ ဘယ်လိုလဲ သိရဲ့လား၊ အမေသေသွားလို့ အဖေလုပ်တဲ့သူက ဆေးပေးမီးယူရအောင် နောက်ပုဏ္ဏေးမတစ်ယောက် အိမ်ထောင်ပြုလိုက်မယ်ဆိုရင် 'ဖအေကု

www.burmeseclassic.com

www.burmeseclassic.com



မအေကွဲ အမွေခွဲပေးရမယ့်’ သားသမီးတွေ မွေးလာမှာစိုးလို့၊အိုကြီး အိုမနဲ့ နောက်မိန်းမ မယူရအောင် တရားချရင်း ပြုစုနေကြတာတဲ့ခင်ဗျ”

“သြော်၊ ဖြစ်မှဖြစ်ရလေရှင်”

“နောက်တော့ ဘယ်လိုပြောလာကြသလဲ သိလား၊ ‘ကျွန်တော်တို့ ညီအစ်ကို လေးယောက်က အဖေ့ကို အမြဲလုပ်ကျွေးသွားပါ့မယ်၊ အဖေအိုကြီးတစ်ယောက်တည်းနေတာကိုလည်း ကျွန်တော်တို့က စိတ်မချပါဘူး၊ အဖေ့မှာကျန်တဲ့ငွေလေးသိန်းဟာလည်း အဖေ့အတွက်အသုံးမကျမယ့်အတူတူ ကျွန်တော်တို့လေးယောက်ကိုသာ ခွဲပေးပါတော့’ လို့ ဆိုသတဲ့၊ ဖခင်ပုဏ္ဏားကြီးကလည်း တစ်ကိုယ်ရေ တစ်ကာယဆိုတော့ ဖျားတာနာတာကအစ အားကိုးရလိမ့်မယ်လို့ထင်ပြီး သူတို့ပြောတဲ့အတိုင်း ရှိစုမဲ့စု ငွေလေးသိန်းကိုသာမက အိမ်ကိုပါရောင်းပြီး ခွဲဝေပေးလိုက်သတဲ့၊ ကဲ နောက်တော့ ဘာဖြစ်လာလိမ့်မယ် ထင်သလဲ”

“ဘယ်သားကမှ လက်ခံမထားချင်ကြတော့ဘူး မဟုတ်လား”

“အေးပေါ့ကွ၊ ချွေးမချင်း တွက်ကပ်ကြတာကအစ အဖေအိုကြီးဒုက္ခရောက်ရတော့တာပေါ့၊ သားဆိုတဲ့ အကောင်တွေကလည်း ပြောပါများ မယားစကားအောင်၊ မိဘကိုတောင် အသတ်ခိုင်းရင် သတ်ကြမယ့်ယောကျ်ားမိုက်တွေ မဟုတ်လား၊ အမေအို အဖေအိုဆိုတဲ့ အမိအဖတို့မှာလည်း သားသမီးကငြိုငြင်တယ်ထင်ရင် ‘ဖင်နွေး’ အောင်မှအရိပ်မခိုချင်ကြပါဘူး၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က လူဖြစ်အောင်မွေးလာခဲ့ရတဲ့စေတနာက ဝေဒနာဖြစ်လာပြီဆိုရင် ဝမ်းနည်းတဲ့စိတ်ထက် မခံချိမခံသာဖြစ်တဲ့ ဒေါမနဿနဲ့ အောက်ကျမခံချင်တဲ့မာနမျိုးပေါ်လာတတ်ကြတယ်၊ သူတို့ရဲ့ မသဒ္ဒါရေစာကို မျိုနေရတာထက် တောင်းခံစားရတာကမှ စိတ်ချမ်းသာလိမ့်ဦး မယ်ထင်ပြီး ပုဏ္ဏားအိုကြီးဟာ အရပ်တစ်ပါးကို ထွက်သွားတယ်၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ တောင်းစားဖို့ဆိုတာကလည်း ရှက်စရာတော့အကောင်းသားကိုး”



“အင်း၊ အိုကြီးအိုမနဲ့ ဒုက္ခပါပဲရှင်၊ သူ့ခမျာ သနားပါတယ်”

“ဒီလိုနဲ့ အရပ်တစ်ပါးမှာ ပရိဗိုဇ်အသွင်ဝတ်ဆင်ပြီး တောင်ဝှေးတစ်ချောင်းနဲ့ တောင်းခံစားသောက်နေရရှာသတဲ့၊ သို့ပေမဲ့ သူများပေးစာ ကမ်းစာဆိုတာ ဝဝလင်လင် ကောင်းကောင်းမွန်မွန်တော့ ဘယ်စား ရရှာပါ့မလဲ၊ အနေအစားဆင်းရဲ စိတ်ဆင်းရဲတဲ့ ဒဏ်တွေကို မခံနိုင်တဲ့အဆုံး ခန္ဓာကိုယ်ပါ လုံးပါး ပါးလာရတော့တယ်၊ ဒီတော့ ပုဏ္ဏားကြီးမှာ ဒုက္ခိတသတ္တဝါတွေကို သနားကယ်တင်ရာ၌ မဟာပထဝီမြေကြီးအထုထက် ကြီးမားတော်မူတဲ့ မဟာကရုဏာ တော်အရှင်ဗုဒ္ဓသခင်ကို သတိရလာခဲ့တယ်၊ မြတ်စွာဘုရားရဲ့ ထံတော် မှောက်ကိုရောက်ရင်အေးချမ်းခြင်းတစ်ခုခုတော့ ရလိမ့်မယ်လို့ယုံကြည်လာတယ်၊ နည်းကောင်းလမ်းညွှန်တစ်ခုခုတော့ သွန်သင်လိမ့်မယ်လို့ အားကိုးလာတယ်၊ ဒီလိုနဲ့ပဲ ဘုရားသီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်အရောက် တောင်ဝှေးတဒေါက်ဒေါက်နဲ့ လျှောက်လာခဲ့ရသတဲ့ကွယ်”

“မြတ်စွာဘုရားသခင်က ပုဏ္ဏားကြီးကို မြင်တယ်ဆိုရင်ပဲ ‘ကိုယ်လက်ညှိုးနွမ်း စိတ်ပင်ပန်း၍ ဝမ်းစာမပြည့်မတင်း ဆင်းရဲခြင်းကြီးစွာဖြင့် ဆင်းရဲလှတဲ့ ဒါယကာ ပုဏ္ဏားကြီး၊ ဘယ်ခရီးကလာ၍ ဘယ်ခရီးသို့သွားရအောင် ငါဘုရားထံ ရောက်ခဲ့ရပါသနည်း’ လို့ ကရုဏာမကင်းသော ကြိုးကြာမင်း၏ အသံတော်နဲ့ နှုတ်ခွန်းဆက်သ မေးမြန်းတော်မူလိုက်ပါသတဲ့”

“‘ဘုန်းတော်ကြီးသောသခင် မဟာကရုဏာရှင် မြတ်စွာဘုရား၊ အကျွန်ုပ်မှာ ဝေးစွာသောအရပ်မှလာ၍ အဘယ်အရပ်သို့ခရီးဆက်ရမည်ကို မသိသေးပါ၊ ကျွန်ုပ်မှာ သွားစရာလည်းမရှိ၊ စားစရာလည်းမရှိ၊ မှီခိုစရာလည်းမရှိ၊ ပကတိအထီးကျန်နေသူပါဘုရား’ ဆိုတဲ့စကားအစချီပြီးတော့ မိမိမှာ သားလေးယောက် ရှိခဲ့ရသည့်အကြောင်း၊ အလွန်လျှင်သနားကြင်နာ၍ ရှိစုမဲ့စုငွေရှစ်သိန်းကို သားတို့အား အကုန်အစင်

www.burmeseclassic.com

www.burmeseclassic.com



အမွေပေးခဲ့ရကြောင်း၊ သို့သော်လည်း သားလေးယောက်စလုံးကချွေးမများ၏စကားကို နားဝင်ကာလက်သင့် မခံ၊ ပြန်လှန်ကျွေးမွေးပြုစုခြင်း မရှိသောကြောင့် အရပ်တကာသို့ လှည့်လည်တောင်းစားခဲ့ရကြောင်း၊ ရှေ့အဖို့ ဘယ်သို့ပြုရမည် မသိပါကြောင်းနဲ့ ဝမ်းနည်းအားငယ်စွာ ပြန်ပြောင်း လျှောက်ထားပါသတဲ့၊ အဲဒီနေရာမှာ လူချင်းတူပေမဲ့ ပါရမီချင်း မတူတာကိုပြောရဦးမယ်၊ စောစောက ငါပြောခဲ့တဲ့ 'ဗဟုပုတ္တိကမာတာ' သားများအမေ မိခင်အိုကြီးဟာ သားသမီးဆယ်ယောက်က လက်သင့်မခံကြလို့ တရားသံဝေဂရပြီး ဘိက္ခုနီကျောင်းကို ရောက်သွားတယ်၊ ရဟန်းမ,ပြုတယ်၊ အဲဒီနောက် ဗုဒ္ဓ၏ ဥပနိဿယဖြင့် ရဟန္တာထေရီမ,ကြီး ဖြစ်သွားတယ်၊ အခုပုဏ္ဏားကြီးကျတော့ သားတွေက ပစ်ပယ်ထားတဲ့ဘဝမျိုး ကြုံရသည့်ငိုင်အောင် 'သံဝေဂ' တရားနဲ့ ရဟန်းပြုလိုစိတ် ပေါ်ခဲ့ဟန်မတူပါဘူး၊ ဒါကြောင့် အာသယာ နုသယဉာဏ်၊ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တို့နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင်ကလည်း ကျွတ်ခွင့်ကျွတ်ချိန် ဣန္ဒြေအနုအရင့်ကို သိမြင်တော်မူတဲ့အလျောက် သစ္စာလေးပါး နိဗ္ဗာန်တရားကို ဟောကြားတော်မမူဘဲ၊ ပစ္စက္ခဘဝ ချမ်းသာရအောင် ယခုလို မိန့်ကြားတော်မူပါသတဲ့"

'သားမိုက်တို့၏ လျစ်လျူပြုခြင်းကြောင့် ဆင်းရဲတွင်းနက်စွာ ဝမ်းစာမဝ မမျှတသည့် ဒုက္ခဖိစီး အိုပုဏ္ဏားကြီး၊ သင်၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော 'မဟာဂါမ' ပုဏ္ဏားရွာကြီး၌ အခါအားလျော်စွာ ကျင်းပသော ဝေဒပဏ္ဍိတ်ပုဏ္ဏား ပညာရှိကြီးများ၏ ဂါထာရွတ်ပွဲ၊ အစည်းအဝေးပွဲရှိသည်။ ထိုအစည်းအဝေးပွဲသို့ ရွာရှိ လူကုန် အမျိုးလေးပါးစုံအောင် တက်ရောက်ကြားနာကြသည် မဟုတ်ပါလော၊ ထိုပရိသတ်ထဲတွင် သင်၏သားများလည်း အပါအဝင်ဖြစ်လိမ့်မည်။ ထိုအခါ အသင်ပုဏ္ဏားအိုကြီးသည် ပရိသတ်အလယ်သို့သွား၍ငါဘုရားသင်ကြားပေးလတ္တံ့သောဂါထာတို့ကို အများကြားအောင် သီဆိုကျူးရင့်



ပါလေလော့' ဟု မိန့်တော်မူပြီးလျှင် 'ယေဟိဇာတေဟိ နန္ဒိဿံ၊ယေသဉ္စ ဘဝမိစ္ဆိတံ' အစရှိတဲ့ ငါးဂါထာကို သင်ချပေးတော်မူလိုက်ပါသတဲ့"

"အဲဒီဂါထာရဲ့ အဓိပ္ပာယ်တွေကို သိချင်လိုက်တာရှင်"

"ဒါက 'မြှုပ်ကွက်' ကွ၊ မဟာဂါမရွာရောက်လို့ ပရိသတ်တွေအလယ်မှာ ပုဏ္ဏားအိုကြီးကဆိုပြတော့ မင်းကြားရလိမ့်မယ်၊ မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း မဟာဂါမရွာကြီးမှာ ဂါထာ ရွတ်ပွဲပြုလုပ်ဖို့ စီစဉ်နေကြတယ်၊မြို့မျက်နှာဖုံးလူကုံထံဖြစ်တဲ့ ပုဏ္ဏားကြီးရဲ့သားလေးယောက်က အမှုဆောင်လူကြီးများအနေနဲ့ ဆောင်ရွက်နေကြတယ်၊ ပညာရှိအဆူဆူကြီးတို့ရဲ့ ဂါထာရွတ်ပွဲ ဆိုတော့ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ရွာလုံးကျွတ် စုဝေးရောက်ရှိနေကြတယ်၊ အဲဒီအချိန်မှာ ပုဏ္ဏားအိုကြီးရောက်လာပြီး ပရိသတ် အလယ်သို့သွားကာ 'အမျိုးကောင်းသား အို–ပုဏ္ဏားတို့၊ ကျွန်ုပ်သည် မကြာသေးမီက ဗုဒ္ဓ၏ထံမှ ဂါထာ (ဂီတ) များကို သင်ယူကျက်မှတ် ခဲ့ရပါသည်၊ ပရိသတ်တို့ကြားနာ လိုသည်ဆိုလျှင် ယခုပင်ဆိုပြပါရစေ' လို့ ကြွေးကြော်လိုက်သတဲ့"

"ဓနီးမယားများနဲ့အတူ ကြွားကြွားဝါဝါရှိနေကြတဲ့ သားလေးယောက်စလုံးက စုတ်စုတ်နုတ်နုတ်နဲ့ ဝင်လာတဲ့ ဖအေအိုကြီးကို မြင်ရတော့ ရှက်လွန်းလို့တုန်လှုပ်သွားကြသတဲ့၊ ဟန့်တားမယ်လို့ တောင်လုပ်ကြသတဲ့၊ ဒါပေမဲ့ ပရိသတ်ကြီးက ဗုဒ္ဓရဲ့ဂါထာ (ဂီတ) ဆိုတော့ အလွန်အမင်း နားထောင်ချင်ကြတာနဲ့ 'ဆိုပြပါ၊ ဆိုပြပါ'လို့ တစ်ခဲနက် တောင်းဆိုကြတယ်၊ ဒီတော့ ပုဏ္ဏားကြီးက သားလေးယောက်ရှိရာကို မျက်နှာမူပြီး ဂါထာများကို ရွတ်ဆိုလိုက်ပါသတဲ့"

'အစည်းအဝေးရောက်လာကြတောင်း အို– လူအပေါင်းတို့၊ ကျွန်ုပ်သည် သားတို့ရပ်ရည်သီတာမည်သား ရေကြည်ချမ်းမြေ့စွာပေါက်ကျက မိဘတို့ဝမ်းငြိမ်းစတမ်းတည်း ဟု ကျမ်း၌ထင်ရှားအကြင်သားတို့ဖြင့်လည်း ကြီးကာတစ်သွယ်၊ ငယ်စဉ်ကတစ်မျိုး အမျိုးမျိုးအချစ်

www.burmeseclassic.com

www.burmeseclassic.com



မပျက်နိုင်ဘဲ နှစ်သက်မြတ်နိုးခဲ့ရပါ၏။ ရင်သွေးဟူက ချစ်မဝမို့လောက အားလုံး သားသမီးကို မုန်းသည်ဟူ၍ ထုံးစံမရှိ၊ အသိထင်ရှားအကြင် သားတို့၏ပင် ဥစ္စာစည်းစိမ် ရိပ်ငြိမ်ပြည့်ဖြိုး ချမ်းသာတိုးပွားခြင်းကို စိတ်ကတွေးတော တစောစောဖြင့် အလောတကြီးအလိုရှိခဲ့ရ၊ ကြောင့်ကြ စိုက်ခဲ့ရပါ၏။ မပစ်မမုန်း အနှစ်ကုံးရယ်လို့ အချစ်ဆုံးချစ်ခဲ့ရတဲ့ ထိုသားလေးယောက်တို့သည် သူတို့၏ မယား၊ ကျွန်ုပ်၏ ချွေးမ,များနဲ့ အတူတကွ တိုင်ပင်ကြကုန်လျက် ဝက်ကိုဟိန်းဟောက် ချောက်၍ တားမြစ်ကြသော ခွေးတို့ကဲ့သို့ ကျွန်ုပ်ကို အိမ်သို့မကပ်ရအောင်တားမြစ် နှင်ထုတ် ထားကြကုန်၏'

'သူတော်ကောင်းမဟုတ်သည့် အယုတ်တမာ သားသတ္တဝါ တို့သည် ရက္ခိုသ်ဘီလူးများဖြစ်ကြပါလျက် သားအသွင်ဆောင်ကာ စောစောက ကျွန်ုပ်ကို 'အဖေ–အဖေ' ဟု ခေါ်ဝေါ်နေခဲ့ကြကုန်၏။ (အစိပ္ပာယ်က သူ့သားများကို ရက်စက်ကြမ်းကြုတ်တဲ့ ဘီလူးတွေပါ လို့ တင်စားပြောလိုက်တာပေါ့) အယုတ်တမာ ထိုသားဆိုတဲ့သတ္တဝါ တို့သည်(ယခုအခါ ကျွန်ုပ်ပစ္စည်းတွေကို အကုန်ခွဲဝေယူပြီးသည့်နောက်) အရွယ်လွန်ပြီး အဖိုးကြီးဖြစ်နေတဲ့ ကျွန်ုပ်ကို မွေးတုံ့ ကျွေးတုံ့ မတုံ့ မပြန် အမှန်သက်သက် ရက်စက်စွာ စွန့်ပယ်၍ ထားကြတုန်၏'

'အသုံးချ၍မရတော့သော မြင်းအိုကြီးကို အစာမကျွေးတော့ဘဲ ပစ်ထားသကဲ့သို့ တရားမလိုက်သည့်သားအမိုက်တို့၏ ဖခင်ဖြစ်ရသော ကျွန်ုပ်ကိုလည်း အိုမင်းကုန်းကွ၊ အသုံးမကျတော့ပြီ ဖြစ်၍ မွေးတုံ့ ကျွေးတုံ့ကလေးမျှ မတုံ့ပြန်ကြသဖြင့် သူတစ်ပါးအိမ်တို့၌ လှည့်လည် သောအား တောင်းစားနေရပါသည်'

'ကျွန်ုပ်အဖို့မှာကား စကားကို နားမထောင်ကြသော သားမိုက် တို့ထက်ယောဒိလက်ကသုံးတောင်ဝှေးကမှအားကိုးရသဖြင့်ကောင်းမြတ် ပါသေး၏၊ ဤတောင်ဝှေးသည် ဝေ့ရန်ကြိုးပမ်း နွားဆိုး နွားကြမ်း



ကိုလည်းကောင်း၊ ကိုက်ရန် ကြိုးပမ်း ခွေးဆိုးခွေးကြမ်းကို လည်းကောင်း အန္တရာယ်မနှောက် ဘေးမရောက်အောင် စောင့်ရှောက် ဆီးတားဖော် ရသေး၏'

'ကျွန်ုပ်၏ ဤတောင်ဝှေးသည် အလင်းရောင်ကင်း မှောင် အတွင်း၌ ရှေ့သွားရှေ့ဆောင်ဖော်ရ၏၊ နိမ့်ကျ ချိုင့်ဝှမ်းရာ အရပ်၌ ထောက်ရာတည်ရာကို ရနိုင်၏။ ယိမ်းယိုင်မတော် ခြေချော်၍လဲမည် ရှိသော်မှ တောင်ဝှေး၏အစွမ်းကြောင့် ပြန်၍ မတ်မတ် ရပ်တည်နိုင်၏၊ ထို့ကြောင့် မလိမ္မာသည့် သားအမိုက် တို့ထက် ဤတောင်ဝှေးက အားကိုးရသဖြင့် ကောင်းမြတ်ပါသေးသည်'၊ အဲဒီ မြန်မာစကားပြေ စာသားကတော့ ယခု အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယက အဖွဲ့ဝင် အရှင်ကုဏ္ဍလာဘိဝံသရဲ့ သဂါထာဝဂ္ဂသံယုတ် မြန်မာဘာသာ ဋီကာမှဖြစ်တယ်" ဟု နီဂိုးချုပ်လိုက်လေသည်။


"အင်း၊ သားသမီးများမိုက်ရင် မိအို ဖအိုတို့အတွက် တောင်ဝှေး လောက်မှ အားမကိုးရဘူးဆိုတဲ့ စကားက မှန်လိုက်တာ၊ နောက်တော့ ဘယ်လို ဖြစ်သလဲ၊ ဆက်ပြောပါဦး အဖေကြီးရယ်"

"လူထုတစ်ရပ်လုံးက ဒီလောက်ကျေးဇူးမဲ့တဲ့ သားတွေကို 'ဖမ်းမယ်၊ ဆီးမယ်' လို့လှုပ်လှုပ် ရွရွ ဖြစ်ကုန်ကြတယ်၊ အဲဒီအခါက မိအိုဖအိုများကို ပစ်ပယ်ထားတဲ့ သားဆိုးသမီးဆိုးများအား သေဒဏ် ချနိုင်သည်အထိဥပဒေရှိသတဲ့၊ အဲဒီတော့ သားလေးယောက်က သူတို့ရဲ့ အသက်ကို ကယ်မ,တော်မူပါလို့ ဖခင်ကြီးကို တောင်းပန်ကြရတာပေါ့၊ တစ်သက်လုံးပြုစုသွားပါ့မယ်လို့လည်း ဝန်ခံကြသတဲ့လေ၊ ပုဏ္ဏားကြီးက လည်း ပရိသတ်ကိုတောင်းပန်ပြီး သားတို့ရဲ့စကားကို လက်ခံခွင့်လွှတ် လိုက်ရှာသတဲ့၊ ထိုနေ့ကစပြီး ဗုဒ္ဓ၏ဂုဏ်ကျေးဇူးတွေကို ထောက်မေ့၍ ဗုဒ္ဓထံမှတရားတော်ကို နာယူကျင့်သုံးကြတဲ့အတွက် သားအဖ ချွေးမ တွေအားလုံး သောတာပန်များ ဖြစ်သွားကြပါသတဲ့ကွယ်" ■

www.burmeseclassic.com

www.burmeseclassic.com

# နက်ဖြန်ဆိုတာ အဝေးကြီး



နောက်ဘဝမှာ
နောက်တစ်ခါ
မသေရအောင်
ကျင့်ဆောင်နိုင်တဲ့
နည်းလမ်းဟာ
ဗုဒ္ဓတရားတော်မှာပဲ
ရှိပါတယ်

ဒေါ်မြမေသည် တိုက်ကလေးရှေ့ရှိ ပန်းခြံထဲတွင် ပန်းပင်နှင့် ပန်းအိုးကလေးများကို တယုတယ ပြုစုနေလေသည်၊ ဦးချမ်းသာက မနီးမဝေးတွင် မိုးတိုးမတ်တတ် ရပ်သည့်အခါရပ်၍ လျှောက်သည့်အခါလျှောက်ကာ လမ်းသလား၍ နေလေသည်။

မိုးကျွတ်ပြီးသည့်နောက် ဆောင်းဝင်စပြုရန် အားယူနေသော ရာသီဥတုသည် မြောက်ပြန်လေညင်းကလေးများကို ဆော့၍ ဆော့၍ သွင်းလာကြသည်။ မစိုလွန်းမခြောက်လွန်းသော ရာသီဌ် မအေးလွန်း မပူလွန်းသေးသော သရဒဥတု၏အငွေ့အသက်ကိုဆောင်ကြဉ်းလေသည်။

ဆွေမျိုးနီးစပ် အိမ်ဖော်မိန်းမပျိုကလေးက ဒေါ်မြမေအသို့ ထမင်းပွဲပြင်ပြီးကြောင်း ပြောလာသည်၊ ဒေါ်မြမေက သူ့အလုပ်ကို လက်စသတ်ကာ မြေမှုန့်များကို ခါချရင်း "ကဲ၊ အဖေကြီး ထမင်းစားကြရအောင်" ဟု လှမ်း၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းသာသည် ကြို့တင်၍ ဝင်သွားသော ဒေါ်မြမေကိုတစ်ချက်ကြည့်လိုက်ပြီး ခပ်အေးအေးပင် နောက်မှ လိုက်သွားသည်။ဦးချမ်းသာက ထမင်းစားပွဲရှိရာ ကုလားထိုင် နောက်မှီကိုကိုင်၍ ရပ်လိုက်စဉ် အိမ်ဖော်မကလေးက လက်ဆေးပန်းကန်ကို လာ၍ချပေးသည်။

ဦးချမ်းသာက ဟင်းပွဲများကိုကြည့်နေစဉ်မှာပင် လက်နှစ်ဘက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးလာပြီးသော ဒေါ်မြမေက

"ငါးပုဏ္ဏားကလေးလတ်လတ်ရလို့ အိုးကင်းကပ် ခပ်ခြောက်ခြောက်ကလေးချက်ထားတယ်၊ ဟောဒါကတော့ ပျဉ်းမနားမျှစ်ချဉ်နဲ့ သုံးထပ်သားကလေးကို အရည်သောက် ချက်ထားတာ၊ ဟိုဘက်ကတော့ ဂေါ်ရခါးသီးကို ပုစွန်နဲ့ကြော်ထားတာထင်ပါရဲ့" ဟု အဓိက ဟင်းသုံးခွက်ကို ပြသပြောဆိုနေသည်။

ဦးချမ်းသာက ဟင်းပန်းကန်များကိုကြည့်ရင်း ကုလားထိုင် တွင်ဝင်ထိုင်ကာ "အင်း" ဟုသက်ပြင်းရှည်ကြီးငြီးရင်း လက်ဆေးပန်းကန်တွင်လက်နှိုက်ကာ စိမ်ပြေနပြေလက်ဆေးနေရာက

"အသေသတ် လက်မရွံ့ကို၊ အသက်ခွန် ပဏ္ဏာသွင်းရန်ဖို့၊ထမင်းအစာစုံနှင့်၊ ခန္ဓာရုံ မြုံပြတီးဆီက၊ အငြီးဖြေကာ စောင့်ရာကြ၊ စိုးနောင့်သချေ" ဟု တိုးတိုးလေး မြည်တမ်းလိုက်လေသည်။

ဒေါ်မြမေ၏ ရွှင်ကြည်နေသောမျက်နှာထားသည် တည်ကြည်ရင့်ကျက်သလို ဖြစ်သွားရလေသည်၊ အသက်ငါးဆယ်ကျော်ကတည်းက ဦးချမ်းသာ၏နှုတ်မှ ရံဖန်ရံခါ ငြီးနေကျဖြစ်သောကြောင့်ကြားဖူးနားဝရှိနေသော ဒေါ်မြမေအဖို့ ဣန္ဒြေဆည်လိုက်နိုင်ခြင်း ဖြစ်ပါသည်၊ ဒေါ်မြမေ၏အသက် လေးဆယ်လောက်ကကြားလိုက်ရသည့် အချိန်ကမူ ထိတ်လန့်တကြား တုန်လှုပ်သွားမိခဲ့သည်။

"မောင်ကလည်း စားခါနီး သောက်ခါနီး ဘာတွေများရွတ်နေရတာလဲကွယ်" ဟု မေးပြောပြောမိသည်။



"လယ်တီဆရာတော်ကြီး ဆုံးမတော်မူခဲ့တဲ့ သံဝေဂလေးချိုးကြီးပေါ့ မြရဲ့၊ 'မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီမှာ၊ ခါတော်မိသိမဝေ့နိုင်ဘု' ဆိုတဲ့ လေးချိုးကြီးလေ၊ တို့တစ်တွေဟာ သေမင်းလာခေါ်ရင် လိုက်ဖို့ ဟင်းကောင်း ကျွေးကောင်းကလေးတွေကို ကြံဖန်လုပ်ကိုင်စားသောက်ရင်း အိမ်ပြတင်းပေါက်က အသင့်စောင့်မျှော်ကြရတယ်တဲ့၊ တရားရစရာ မကောင်းဘူးလား"

"စားတုန်းသောက်တုန်းများ စိတ်အေးချမ်းသာနဲ့ စားစမ်းပါမောင်ရယ်၊ ဥရောပမှာဆိုရင် ဒီလိုညစာများစားတဲ့အခါ ရယ်စရာမောစရာတွေတောင် တမင်ပြောကြရသေးတယ်၊ ဒါမှ စားလို့ခံတွင်းတွေ့တယ်၊ အစာကြေလွယ်တယ်လို့ ဆိုကြတယ်မဟုတ်လား"

"ဒါက ပေါ့ပေါ့နေ ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့စားနေကြတဲ့အလေ့အကျင့်တွေပေါ့ကွယ်၊ 'ဆင်သေပေါ်ကကျီး' လိုလေ"

"သူတို့လည်း လူတိုင်းဟာ သေကြရမှာပဲလို့ သိကြတဲ့လူတွေပဲဟာ"

"သူတို့သိတာက 'သညာသိ'ပဲကွ၊ ဗုဒ္ဓဆုံးမတော်မူခဲ့တာက 'ပညာသိ' သိကြရမယ်တဲ့၊ သညာသိဆိုတာက အမှုမဲ့ အမှတ်မဲ့ကလေးသိဆိုတာမျိုး၊ နက်နက်နဲနဲ ဆင်ခြင်ပြီးသိတာ မဟုတ်ဘူး၊ ပညာသိဆိုတာက ကမ္မဋ္ဌာန်းဘာဝနာဖြစ်အောင် ဆင်ခြင်နိုင်စွမ်းရှိတဲ့ အသိမျိုးကို ခေါ်တာ၊ ဒါကို အမြဲမပြတ် သတိရှိနေရင် မရဏာနုဿတိကမ္မဋ္ဌာန်း ဖြစ်လာတယ်"

"မြ မသိလို့ မေးမယ်နော် အဖေကြီး၊ တစ်နေ့နေ့ ငါသေရတော့မှာပဲ၊ ငါသေရတော့မှာပဲလို့ အောက်မေ့ပါများလာရင် စိတ်ဓာတ်တွေကျမကုန်ပေဘူးလား"

"အေး၊ အခုနပြောတဲ့ သညာသိ ,သိတဲ့ လူများအတွက်တော့ ကျောချမ့ စားပြမှန်းသိတဲ့အခါမှာ မျက်ကလဲဆန်ပျာနဲ့ တုန်လှုပ်ချောက်

www.burmeseclassic.com

www.burmeseclassic.com



ချားပြီး စိတ်ဓာတ်တွေ ကျနေမှာပေါ့၊ ပညာသိ,သိပြီး မရဏာနုဿတိ ကို အဖန်တလဲလဲ အောက်မေ့နေနိုင်သူများ အတွက်တော့ပြေးလို့မရ၊ ပုန်းလို့မရ မလွဲမသွေ သေရမယ့်အတူတူ စိတ်ဓာတ်မကျဘဲ ရဲရဲရင်ဆိုင် ဝံ့လာနိုင်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သေခါနီးမှာ တရားလက် လွတ် ငုက်တောင်ကျွတ်မဖြစ်အောင်၊ အကြီးအကျယ် တုန်လှုပ် ချောက်ချားမှုမဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများ၊ ဒါန သီလ ဘာဝနာ၊ သီလ သမာဓိ ပညာ ရင့်သည်ထက်ရင့်အောင် ဖြည့်ကျင့် ထားနိုင်နိုင်လို့ ပေါ့ကွယ်"

"သေရမှာကြောက်စရာကောင်းလိုက်တာ"

"ကြောက်တဲ့လူများ နှစ်ခါသေရသတဲ့၊ ရဲရင့်တဲ့လူများက တော့ တစ်ခါပဲသေရသတဲ့၊ နောက်ပြီး သေရမှာကို တကယ်ကြောက် ရင် နောက်ဘဝ ဘဝတွေမှာ နောက်ထပ်တစ်ခါမသေရအောင် ကျင့်ဆောင်နိုင်တဲ့ နည်းလမ်းဟာ တို့ ဗုဒ္ဓတရားတော်မှာပဲ ရှိပါတယ်၊ ဘယ်ဘာသာ ဘယ်အယူဝါဒမှ အဲဒီလို အဆုံးစွန်အထိ နည်းလမ်း ပြထားတာ မရှိပါဘူး၊ မရှိတော့ မသိကြတော့ဘူးပေါ့ကွယ်"

"မရဏာနုဿတိဆိုတာ အနုဿတိ ဆယ်ပါးထဲကပေါ့နော်၊ ကျွန်မတော့ အားလုံးကို မမှတ်မိတော့ဘူး၊ ပြောပြပါဦး"

"၁။ ဗုဒ္ဓါနုဿတိ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို အမြဲမပြတ်အောက်မေ့ခြင်း၊ ဂုဏ်တော်ပုတီးစိပ်တယ်ဆိုတာလည်း ဗုဒ္ဓါနုဿတိ ဖြစ်တယ်။

၂။ ဓမ္မာနုဿတိ၊ တရားဂုဏ်တော်ခြောက်ပါးကို အမြဲမပြတ် အောက်မေ့ဆင်ခြင်တာ။

၃။ သံဃာနုဿတိ၊ သံဃာ့ဂုဏ်တော်ကိုးပါးကို အမြဲမပြတ် အောက်မေ့ဆင်ခြင်တာ။

၄။ သီလာနုဿတိ၊ မိမိမှာရှိနေတဲ့ အကျင့်သီလကို အမြဲမပြတ်



အောက်မေ့ဆင်ခြင်တာ။

၅။ စာဂါနုဿတိ၊ မိမိလှူဒါန်းပြီးခဲ့သော အလှူဒါနတို့ကို အမြဲမပြတ် အောက်မေ့ဆင်ခြင်တာ။

၆။ ဒေဝတာနုဿတိ၊ သုဂတိနတ်တို့ရဲ့ သဒ္ဓါတရားကို အားကျပြီး မိမိသဒ္ဓါတရား၌ အမြဲမပြတ် အောက်မေ့ဆင်ခြင်နေတာ၊ ဒါလည်း ရတနာသုံးပါးကို တကယ်ယုံကြည်ထားမှနော်။

၇။ ဥပသမာနုဿတိ၊ ကိလေသာ အာသဝေါမှ ကင်းသော နိဗ္ဗာန်၏ ဝိရာဂစသော ဂုဏ်ကျေးဇူးကို အမြဲမပြတ် အောက်မေ့ ဆင်ခြင်နေတာ၊ အဲဒါကတော့ နိဗ္ဗာန်ရဲ့ အမြိုက်အရသာကို တကယ် လိုချင်မှနော်။

၈။ မရဏာနုဿတိ၊ သေခြင်းတရားကို အမြဲမပြတ် အောက်မေ့ဆင်ခြင်နေတာ။

၉။ ကာယဂတာသတိ၊ သုံးဆယ့်နှစ်ကောဋ္ဌာသလို့ခေါ်တဲ့ ဒွတ္တိံ သကမ္မဋ္ဌာန်းကို စီးဖြန်းနေတာ။

၁၀။ အာနာပါနဿတိ၊ ထွက်သက်ဝင်သက်ကို အမှတ်ပြု၍ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းနေတာတို့ပေါ့ကွယ်၊ နောက်ကို မေ့မသွားအောင် မှတ်ထား"

ဒေါ်မြမေက တွေ၍ စဉ်းစားနေလိုက်သည်၊ ဦးချမ်းသာ ကလည်း စကားစပ် ပြတ်နေလေသည်၊ အတန်ကလေးကြာမှဒေါ်မြမေ က စ၍အသံပြုလိုက်သည်၊ သူ့အသံက 'ဟင်း ဟင်း' ဟူ၍ မပွင့် တပွင့် တိုးတိုးသက်သာ ရယ်လိုက်ခြင်းဖြစ်သည်။

"ဘာများလဲကွ"

"သြော်၊ ကျွန်မတို့အဖြစ်ကို ပြောပါတယ်၊ ကိုယ်နဲ့ ရင်းနှီး သိကျွမ်းတဲ့သူတွေ သေတယ်လို့ကြားရသိရတဲ့အခါ၊ အသုဘပို့တဲ့ အခါ အဲဒီအခါမျိုးတွေမှာ သူ့ခမျာသေရှာပြီ ဆုံးရှာပြီလို့ နှမြော

www.burmeseclassic.com

www.burmeseclassic.com



စိတ် ဝမ်းနည်းစိတ်ကလေးတွေတော့ ပေါ်ပေါက်လာတတ်ပါရဲ့၊အင်း၊ သူ့လိုပဲ ငါလည်း တစ်နေ့သေရမှာပဲလို့ စဉ်းစားမိတဲ့အခါမျိုး မရှိသလောက်ပါပဲ၊ သူတို့သာ သေပြီး ကိုယ့်မှာတော့ မသေရတော့မလိုလို"

"အဲဒါကြောင့် မရဏာနုဿတိဆိုတဲ့ ဆင်ခြင်မှုမျိုး လိုအပ်တယ်လို့ပြောတာပေါ့ကွ၊ တို့ပတ်ဝန်းကျင်မှာကြည့်စမ်း၊ တို့အပေါင်းအသင်းတွေ တို့ဆွေမျိုးတွေ ထင်ရှားကျော်ကြားတဲ့လူတွေ သာမန်အညတြလူတွေ လူတိုင်းလူတိုင်းဟာ မသေခင်က ရုတ်ရုတ်ရုတ်၊ သေသွားတော့ ဘာမှမဟုတ်ဆိုတာ တွေးကြည့်ဖို့ကောင်းတယ်၊ဒီလိုတွေးလိုက်နိုင်ရင် တို့တစ်တွေမှာရှိတဲ့ လောဘတွေ၊ ဒေါသတွေ၊ မာန်မာနတွေဟာ နည်းနည်းတော့ လျော့ပါးသွားနိုင်တာပေါ့ကွာ၊ အဲဒီလို ဆင်ခြင်နိုင် အောင် ဗုဒ္ဓမြတ်စွာက ဂါထာတစ်ပုဒ်ပေးခဲ့တယ်"

"'အစိရံ ဝတယံ ကာယော၊ ပထဝိံ အဓိသေဿတိ။ ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ' တဲ့၊ မြန်မာလို အဓိပ္ပာယ်ကတော့ ငါ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မမြဲကြကုန်၊ မမြဲသောသဘောတရားကြောင့် သေရမည်ဖြစ်၏၊ ထိုသေခြင်းသို့ ရောက်သောအခါ အသုံးမကျသော ငါ၏ ကိုယ်ကာယကို စွန့်ပစ်ရလိမ့်မယ်တဲ့"

ဒေါ်မြမေသည် ဣန္ဒြေရစွာ ထမင်းစားနေသော ဦးချမ်းသာကိုကြည့်ရင်း အထက်ပါစကားများကို ပြန်၍ စဉ်းစားနေမိခြင်း ဖြစ်သည်၊ တကယ်ကတော့ ဦးချမ်းသာ ဆက်တိုက် တောက်လျှောက် တစ်ကြိမ်တည်း ပြောခဲ့သော စကားများမဟုတ်။ ထမင်းစားရင်းမေးသဖြင့် တစ်ခွန်းစ နှစ်ခွန်းစ အကြောင်းအရာတစ်ခုစ နှစ်ခုစပြောကြားသည်လည်းရှိသည်၊ ထမင်းစားပြီး၍ စိတ်အေးလက်အေး ညဦးညချမ်းအခါအနားယူနေစဉ် ထမင်းဝိုင်းမှစကားစပ်ကို ဆက်၍ဆွေးနွေး မေးမြန်းသဖြင့် ကြားရသော ဓမ္မသဘောများလည်း ဖြစ်လေသည်။

မှန်ပါသည်၊ ဒေါ်မြမေ၏ အသက်အရွယ်နှင့် ပထမဦးဆုံး



သေခြင်းတရားကို ကြားရစဉ်က မကြားဝံ့ မနာသာ နားရှုံ့ခဲ့သော်လည်း အသက်ငါးဆယ်ကျော်ခဲ့သည့် အချိန်တွင်ကား သေခြင်းတရားများကို စဉ်းစားဝံ့လာသည်၊ ဦးချမ်းသာပြောသလို 'သေရဲရှင်ရဲ' ရဲရင့်သော စိတ်ဓာတ်မျိုး လိုချင်လာသည်။

ကိုယ်သေဦး၊ သူသေဦး တစ်ယောက်ယောက်တော့ တစ်နေ့နေ့မှာ သေရလိမ့်မည်၊ သူ့ကိုချန်ရစ်၍ ကိုယ်ကသေနှင့်ရမည်လား၊ ကိုယ့်ကိုချန်ရစ်၍ သူကသေနှင့်တော့မှာလား၊ သည်သဘောတရားနှင့် ဆက်နွှယ်၍ ရယ်စရာတစ်ခုလိုနှင့် ရင်တုန်လိုက်သည့် အဖြစ်တစ်ခုကို ကြုံခဲ့ရပါသေးသည်။

"မောင်ရေ၊ မန္တလေးက ဒေါ်ငွေငွေ လက်ဖွဲ့ဏာကြည့်ချင်ပါတယ်ဆိုလို့ လက္ခဏာဆရာ့ဆီ ဒီနေ့လိုက်ပို့ရတယ်၊ တစ်လက်စတည်း ကျွန်မလက္ခဏာကိုပြတော့ မြမှာ မုဆိုးမလက္ခဏာ မပါဘူးလို့ ဟောလိုက်တယ်"

ဒေါ်မြမေက ဝမ်းသာအားရ ပြောပြသည်ကို ဦးချမ်းသာက တွေတွေကလေး စိုက်ကြည့်ရင်း လေးလေးတွဲ့တွဲ့ ခေါင်းနှစ်ချက်ဆက်ညိတ်ပြီးမှ

"အင်း၊ မင်းက ဝမ်းသာနေတယ်လား၊ မုဆိုးမလက္ခဏာ မပါဘူးဆိုတာ မိမိလင်ယောကျ်ားထက် မယားက အရင်သေလိမ့်မယ်ဆိုတာကို ပြောတဲ့အဓိပ္ပာယ်ခင်ဗျ၊ အဲသလိုကော စဉ်းစားမိရဲ့လား" ဟု ဆိုမှ

"အမယ်လေးတော် ဟုတ်ပါရဲ့" ဟု ဒေါ်မြမေက သူ့ရင်ဘတ်ကို သူတီးလိုက်ရလေသည်၊ ယနေ့လည်း ထိုအကြောင်းကို သတိရလိုက်မိ၍ ရယ်ရမလို ငိုရမလို ဖြစ်လိုက်ရပါသေးသည်။

ထမင်းစားပြီး၍ ညဦးပိုင်းသို့ ရောက်သောအခါ အိပ်ခန်းတွင် ဆေးပြင်းလိပ်ကိုဖွာ၍ စိမ်ပြေနပြေရှိနေသော ဦးချမ်းသာ၏အနားသို့

www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်လိုက်သည်၊ ဦးချမ်းသာအား တစ်ချက်ကြည့်ပြီးနောက် "သူလည်း ကျန်းကျန်းမာမာကြီးရှိသေးတာပဲ၊ ငါ့မှာလည်း သေကောင်ပေါင်းလဲ သေနိုင်တဲ့ဝေဒနာ ကြီးကြီးကျယ်ကျယ် မရှိသေးပါဘူး" ဟု အားတင်း၍ စဉ်းစားနေမိသည်၊ တကယ်ပြောရလျှင် ကိုယ်လိုရာကိုကိုယ်ဆွဲ၍ လိပ်ခဲတည်းလည်း လုပ်နေခြင်းသာ ဖြစ်သည်။

"ဘာတွေများတွေးနေလဲအမေကြီးရဲ့" ဟု ဦးချမ်းသာက မျက်နှာရိပ်မျက်နှာကဲကို ခတ်၍ စပ်စုလိုက်လေသည်။

"ဩော်၊ မောင်ပြောခဲ့တဲ့ မရဏာနုဿတိ ဆိုတာတွေကိုပေါ့"

"သာဓုဗျာ သာဓု၊ ဆိုစမ်းပါဦး"

"ရိုးရိုးသားသားပြောရမယ်ဆိုရင် ကျွန်မအနေနဲ့ဖြင့် တရားတော့သိပါရဲ့၊ တရားမရှိနိုင်သေးဘူးဆိုတာမျိုးလို အခါခပ်သိမ်းနှလုံးမသွင်းနိုင်သေးလို့ပါ၊လူ့ကိစ္စတွေကလည်း အများသား မဟုတ်လား"

"ဟုတ်တာပေါ့ကွယ်၊ ငါလည်း ထို့အတူပါပဲ၊ အသိက အရှိဖြစ်အောင်ကြိုးစားကြရမှာပေါ့၊ သိတာပဲတော်သေးတယ် ဆိုရမယ်"

"အင်း၊ မကျန်းမမာ ဝေဒနာဖိစီးပြီး အိပ်ရာထဲ လှဲနေရတဲ့အခါများတော့ မပြတ် ဆင်ခြင်နေမိမလား မသိဘူး"

"ဟဲ ဟဲ၊ အထင်မကြီးနဲ့ ကျောင်းအမရေ့၊ ဝေဒနာဖိစီးလာတဲ့အခါ ကယ်ပါယူပါနဲ့ မရဏာနုဿတိကို အမှတ်မပြုနိုင်ဘဲ ဝေဒနာထဲမှာသာ အလူးအလဲ ခံစားနေရတတ်တယ်၊ ဒါကြောင့် ကျန်းကျန်းမာမာ ရှိနေစဉ်ကတည်းက ဝေဒနာမပေါ်ခင်ကတည်းက အဆောက်အအုံ ဖြစ်အောင်၊ အထုံပါအောင် ကြိုးစားနေကြရမယ်၊ တို့တစ်တွေက နာမကျန်းဖြစ်ပြီးမှ သေရလိမ့်မယ်ထင်နေကြတယ်၊ ဘယ်ဟုတ်လိမ့်မလဲ၊ ကွေးတဲ့လက်မဆန့်ခင်၊ ဆန့်တဲ့လက် မကွေးခင်တဲ့၊ သေခြင်းတရားဆိုတာ အဲဒီလောက်မြန်တယ်"

"ဒီအကြောင်းနဲ့ပတ်သက်လို့ ဗုဒ္ဓမြတ်စွာက ငါ့ရှင်ငါးဆယ်



တေရသနိပါတ် ဇဝနဟံသဇာတ်မှာ ဟောတော်မူထားတယ်ကွဲ့"

"ပြောပါဦး အဖေကြီးရယ်"

"ရှေးရှေးတုန်းက စိတ္တကုဋ်တောင်မှာ ကိုးသောင်းသော ဟင်္သာတို့ အခြံအရံရှိတဲ့ ဇဝနဟင်္သာမင်းဆိုတာ ရှိသတဲ့၊ သူ့မှာ ညီတော်နှစ်ပါးလည်း ရှိသေးတယ်၊ အဲဒီ ဇဝန ဟင်္သာမင်းဟာ ဗာရာဏသီ ဗြဟ္မဒတ်မင်းနဲ့ အဆွေခင်ပွန်း ဖြစ်နေကြသတဲ့"

"ဒီဗြဟ္မဒတ်မင်းက ရွှေဥဒေါင်းကိုဖမ်းတဲ့ ရှင်ဘုရင်လို မဟုတ်ဘဲ သူတော်ကောင်း ဖြစ်မှာပေါ့နော်"

"ဒါပေါ့ကွ၊ သူတော်ကောင်းမို့ သူတော်ကောင်းနဲ့ ပေါင်းမိတာပေါ့၊ တစ်နေ့တော့ သူ့ညီတော်နှစ်ပါးကနေမင်းနဲ့ အသွားလျှင်မြန်ပုံချင်းပြိုင်ပါရစေလို့ ခွင့်တောင်းသတဲ့၊ ဒီတော့ ဘုရားလောင်းက တားတော်မူတယ်၊ သို့ပေမဲ့ သူတို့က သူတို့ရဲ့စွမ်းပကားအားကိုးနဲ့ ဇွတ်တိုးပြီးပြိုင်ကြသတဲ့"

"နေမင်းကိုပြိုင်လို့ နိုင်မတဲ့လားတော်"

"အေးပါလေ၊ နားထောင်ပါဦး၊ အဲဒီလို နောင်တော်ကြီးရဲ့စကားကိုနားမထောင်ဘဲ နေမင်းထွက်လာတာနဲ့ ယုဂန္ဓိုရ်တောင်ထိပ်မှ တက်ပြိုင်ကြတဲ့အခါ ညီငယ်ဟင်္သာက မွန်းလတ်အချိန်ထိသာ ပျံနိုင်ပြီး အတောင်ညောင်းလို့ သေအံ့မူးမူးမှာ နောင်တော် ဟင်္သာကြီးက အလျှင်အမြန်လိုက်၍ အတောင်နဲ့ပွေ့ပိုက်ပြီး စိတ္တကုဋ်တောင်ကို ပြန်ခေါ်ခဲ့ရသတဲ့"

"ဒါဖြင့် ညီလတ်ကတော့ ဆက်ပြီး ပျံနိုင်တယ်ပေါ့နော်"

"ဟင့်အင်း၊ ညီလတ်ခမျာလည်း မွန်းတည့်ချိန်မှာ အတောင်ညောင်းလို့ ရှေးနည်းအတိုင်းပဲ နောင်တော်ကြီးက လိုက်ကယ်ခဲ့ရသတဲ့၊ အဲဒီနောက် ဇဝနဟင်္သာမင်းက ငါလည်း ငါ့စွမ်းပကားကိုသိရအောင် ပြိုင်စမ်းကြည့်ရရင် ကောင်းမှာပဲလို့ အကြံရကာ စိတ္တကုဋ်

www.burmeseclassic.com

www.burmeseclassic.com



တောင်က မွန်းတိမ်းသွားပြီဖြစ်တဲ့ နေမင်းကို အမီလိုက်ပြီး ပျံလိုက်တာ နေမင်းကြီးရဲ့ရှေ့ကိုတောင် ကျော်ပြီး ရောက်သွားသေးသတဲ့”

“ကြည့်စမ်းပါဦး၊ ရွှေဟင်္သာမင်းမှာ ညီတော်အငယ်ကိုလည်း လိုက်ခေါ်ပြီး ပြန်ပို့ရသေးတယ်၊ ညီအလတ်ကိုလည်း လိုက်ခေါ်ပြီး ပြန်ပို့ရသေးတယ်၊ မွန်းတိမ်းချိန်ရောက်မှ နေမင်းကို အမီလိုက် ပျံနိုင်တာ အံ့သြစရာကြီးပေါ့နော်”

“အေးပေါ့ကွ၊ ဇဝနဆိုတဲ့ပါဠိကိုက လျင်မြန်ခြင်းလို့ အဓိပ္ပာယ်ထွက်တယ်၊ ဘုရားလောင်းရဲ့ပါရမီတော်တို့က အင်မတန် ကြီးပေတာပဲ၊ ဒီလိုနဲ့ ပြိုင်ရာက အနိုင်ရမှန်းသိပြီးတဲ့နောက် စဉ်းစားမိသတဲ့၊ ဒီအလုပ်တွေဟာ အကျိုးမရှိတဲ့အလုပ်တွေပဲ၊ ဒီလိုအကျိုးမဲ့အလုပ်ကို လုပ်နေတာထက် ငါ့မိတ်ဆွေ ဗြဟ္မဒတ်မင်းထံသွားပြီး တရားဟောနေရတာကမှ ကျေးဇူးရှိလိမ့်ဦးမယ်လို့ စိတ်ပိုင်းဖြတ်လိုက်တယ်၊ အဲဒီလိုနဲ့ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ နန်းတော်ထဲကို ပျံသန်းဝင်ခဲ့သတဲ့၊ ဒီတော့ ဗြဟ္မဒတ်မင်းက သူ့အဆွေခင်ပွန်းကို ကောင်းမွန်စွာ ကြိုဆိုဧည့်ခံပြီးတဲ့နောက် အခုဘယ်ကကြွလာခဲ့ပါသလဲလို့ မေးမြန်းတော်မူတယ်”

“အဲဒီအခါ ဘုရားလောင်းက သူ့ညီတော်နှစ်ပါး နေမင်းကို အပြိုင်ပျံသန်းကြတဲ့အကြောင်း၊ အတောင်ညောင်းလာတဲ့ ညီတော်များကို တစ်ပါးစီ တစ်ပါးစီ နှစ်ကြိမ်နှစ်လီ ကယ်ယူပြီး စိတ္တကုဋ်တောင်ကို ပြန်ပို့ရတဲ့အကြောင်း၊ နောက်တော့ သူကိုယ်တိုင် လိုက်ပြိုင်ကြည့်တဲ့အကြောင်း၊ အဲဒီကမှ နေမင်းကို အနိုင်ရပြီးတဲ့နောက် အကျိုးမရှိတဲ့အလုပ်ကို စွန့်ခဲ့ပြီး မင်းကြီးထံဝင်ခဲ့ကြောင်း ပြန်ပြောပါသတဲ့၊ အဲဒီအခါမှာ ဗြဟ္မဒပ်မင်းကြီးက အံ့သြခြင်းမက အံ့သြသွားပြီး ‘ဘုရားလောင်းရဲ့ လျင်မြန်သောအရှိန်အဟုန် စွမ်းပကားကို မျက်ဝါးထင်ထင် မြင်ချင်စမ်းပါဘိ’ လို့ တောင့်တတော်မူလိုက်တယ်”



“ဟုတ်တာပေါ့ရှင်၊ အံ့သြစရာကြီးဆိုတော့ ကြည့်ချင် မြင်ချင်မှာပေါ့၊ အဲဒီတော့ ဟင်္သာမင်းက ပျံသန်းပြသေးသလားဟင်”

“နေမင်းက ဝင်စပြုသွားလို့ နေမင်းကို ပြိုင်မပြနိုင်တော့ပါဘူး၊ ပြိုင်ပြလည်း ဗြဟ္မဒတ်မင်းက မြင်နိုင်မှာ မဟုတ်ဘူးလေ၊ ဒီတော့ ဘုရားလောင်းက ပြောတယ်၊ “အသင်မင်းကြီးတဲ့၊ နေမင်းကို ပြိုင်တာတော့ အသင်မင်းကြီးရဲ့ ‘မံသ’ မျက်စိနဲ့မြင်နိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့ ဒီလိုလုပ်ပေးပါ၊ မင်းရင်ပြင်မှာ ကျောက်တိုင်ကြီးတစ်တိုင် မြင့်မြင့်စိုက်ပေးပါ၊ အဲဒီနောက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာ အချက်ပေါင်းတစ်ထောင် ပစ်စွမ်းနိုင်တဲ့ ‘အက္ခဏ ဝေဓိ’ လေးသည်ကျော်များကို အရှေ့ အနောက် တောင် မြောက် လေးမျက်နှာမှု၍ အဆင်သင့်ထားပေးပါ၊ အဲဒီလိုခေါ်ထားပြီးရင် ကျွန်ုပ်၏လည်တိုင်ကို ရွှေဆည်းလည်း (ဆွဲလဲ) ကလေးချည်ပေးပါ၊ မင်းကြီးက အချက်ပေးလိုက်တဲ့အခါ လေးသည်ကျော်များက မိမိတို့ရဲ့ ‘တူရူ’ မျက်နှာကို မြားတစ်စင်းစီ တစ်ပြိုင်တည်း ပစ်လွှတ်လိုက်ပါစေ၊ ကျွန်ုပ်က ထိုမြားများ မြေသို့မကျခင် လေးစင်းစလုံးကို ပျံသန်းကိုက်ချီကာ လေးသည်တော်တို့၏ ခြေရင်းမှာ မြားတစ်စင်းစီ ပြန်ချပေးပြီးတဲ့ နောက်မှ ကျောက်တိုင်ထိပ်မှာ ရပ်တည်ပြပါမယ်၊ ကျွန်ုပ်၏ လျင်မြန်သော အဟုန်ကို အသင်မင်းကြီး မြင်နိုင်မှာမဟုတ်တဲ့အတွက် ကျွန်ုပ်၏ လည်ပင်းမှ ရွှေဆည်းလည်း၏ အသံကိုသာ နားဆင်၍ ကြည့်ပါတော့’ လို့ အကြံပေး မှာထားတော်မူတယ်”

“အမလေး၊ အံ့သြစရာကြီးပါလားနော်၊ ရှင်ဘုရင်ကလည်း ဘုရားလောင်း မိန့်တော်မူတဲ့အတိုင်း လုပ်ဆောင်ပေးသတဲ့လား”

“လုပ်ပေးတာပေါ့ကွ၊ အဲဒီလို လုပ်ပေးပြီးတဲ့နောက် ရှင်ဘုရင်တစ်ပါးတည်းသာမကဘူး၊ မိဖုရားနဲ့ မောင်းမမိဿံ အခြွေအရံအားလုံး မှူးကြီးမတ်ရာ တိုင်းသူပြည်သား များပါမကျန်မှ ဘုရားလောင်း

www.burmeseclassic.com

www.burmeseclassic.com



၏စွမ်းပကားကို ကြည့်ရှုကြစေသတဲ့၊ အဲဒီနောက် ဗြဟ္မဒတ်မင်းကြီးက အချက်ပေးလိုက်တယ်ကွာ၊ လေးသည်ကျော်တို့ကလည်းတစ်ပြိုင်တည်း ပစ်လိုက်ကြတယ်ကွာ၊ ဘုရားလောင်း ဟင်္သာမင်းကလည်း အထက်က ပြောခဲ့တဲ့အတိုင်း မြားလေးစင်းစလုံးကို တစ်မုဟုတ်ချင်း ပျံသန်း ကိုက်ချီယူခဲ့ပြီး လေးသည်တော်တွေခြေရင်းမှာမြားတစ်စင်းစီ ချပေး လိုက်တယ်ကွာ၊ ပြီးတော့မှ ကျောက်တိုင်ထိပ်မှာ ရပ်နားပြတော်မူလိုက် တယ်၊ တကယ်ပါဘဲ ဗြဟ္မဒတ်မင်းကြီးဟာ ဘုရားလောင်းပျံသန်းတာ ကို မြင်တောင်မမြင်လိုက်ရဘဲ ရွှေဆည်းလည်းအသံကိုသာ ကြားရပြီး ကျောက်တိုင်ထိပ်မှာ ရပ်လာတော့မှ ဘုရားလောင်း၏ ရွှေကိုယ်တော်ကို မြင်တော်မူရပါတယ်"

"အမလေး၊ အံ့ဩလက်ခတ်၊ ရင်ဘတ်စည်တီး၊ ချီးပမကုန် ဆိုသလိုပါပဲကလားနော်"

"အေး၊ မင်းချီးမွမ်းသလို ဗြဟ္မဒတ်မင်းကြီးကလည်း ချီးမွမ်း ပါသတဲ့၊ အဲဒီအခါမှာ ဘုရားလောင်းက ဘာပြောသလဲသိလား၊ အသင်မင်းကြီးတဲ့ ယခုကျွန်ုပ်၏ လျင်မြန်ခြင်းဟာ အယုတ် အလတ် အမြတ်အားဖြင့် 'အယုတ်' မျှသာ (အနိမ့်ဆုံးအဆင့်သာ) ဖြစ်ပါသေး တယ်တဲ့၊ ဒီထက်အလျင်မြန်ဆုံး ပျံသန်းနိုင်သေးတဲ့ စွမ်းပကားကို ထောက်ချင့်၍သာ ကြည့်ပါတော့ လို့ မိန့်တော်မူသတဲ့၊ အဲဒီတော့ ဗြဟ္မဒတ်မင်းကြီးက ဘုရားလောင်းကို ယခုလို မေးမြန်းလိုက်တယ်"

'ဒါဖြင့်လောကမှာ အသင်ဟင်္သာမင်းထက် လျင်မြန်တဲ့ အခြင်းအရာ အကြောင်းတရား အခြားရှိပါသေးသလားတဲ့"

"'အသင်မင်းကြီး၊ ကျွန်ုပ်ထက်လျင်မြန်ခြင်းမက လျင်မြန် လှတဲ့ အကြောင်းတရားတစ်ခု ရှိပါသေးတယ်၊ အဲဒါကတော့ 'သေခြင်း' ဆိုတဲ့ အကြောင်းတရားပါပဲ' တဲ့"

"ရွှေဟင်္သာမင်းက အဲဒီလိုလည်းပြောလိုက်ရော၊ ဗြဟ္မဒတ်မင်း



ဟာ သေရမှာကို အကြောက်ကြီးကြောက်ပြီး မူးမေ့လဲကျသွားပါသတဲ့၊ မောင်းမမိဿံ အခြွေအရံများက ထိတ်ထိတ်ပျာပျာနဲ့ ကုမနှာနှပ်ပြုစု ကြရတာပေါ့၊ ဗြဟ္မဒတ်မင်း သတိပြန်လည်လာတဲ့အခါ ဘုရားလောင်း ရွှေဟင်္သာမင်းက 'အသင်မင်းကြီး၊ သေခြင်းတရားကို ကြောက်နေရုံ မျှနဲ့ မလွန်ဆန်နိုင်ပါဘူး၊ ထိုတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့သာ အရေး ကြီးပါတယ်' လို့ ပြောလိုက်တယ်"

"'ဘယ်လိုရင်ဆိုင်ရမှာလဲ ရွှေဟင်္သာမင်းရယ်' လို့ မေးတော့ 'ငါသည် သေရအံ့တကားလို့ သတိတရားနဲ့ 'မရဏာနုဿတိ' ကို အမြဲပွားများနေပါ၊ မင်းကျင့်တရား ဆယ်ပါးနဲ့လည်း ပြည့်စုံ ပါစေ' လို့ ရွှေဟင်္သာမင်းက တရားပြတော်မူခဲ့တဲ့အကြောင်း မြတ်စွာ ဘုရားကိုယ်တော်တိုင် အတိတ်ဆောင်၍ ဇဝနဟံသဇာတ်ကို ဟောတော်မူခဲ့ပါတယ်"

"ဇာတ်တော်ပေါင်းတဲ့အခါမှာတော့ ဗြဟ္မဒတ်မင်းက ရှင် အာနန္ဒာ ဖြစ်လာတယ်၊ ညီတော်အငယ်က ရှင်မောဂ္ဂလာန်၊ ညီတော် အကြီးက ရှင်သာရိပုတ္တရာ၊ ဟင်္သာအပေါင်းတို့က ဘုရားရဲ့ ပရိသတ်၊ ဇဝနဟင်္သာမင်းကတော့ ဘုရားကိုယ်တော်မြတ်ပေါ့ကွယ်၊ အေး၊ သေခြင်း၏ လျင်မြန်ပုံကို ရွှေတိဂုံဘုရားဂေါပကဟောင်း ဓမ္မမိတ်ဆွေ တစ်ဦးက မြန်မာကဗျာလေးတစ်ပုဒ် စပ်ဆိုရေးသားထားတာ ရှိတယ်၊ သူ့အာဘော်က နက်ဖြန်ဆိုတာအဝေးကြီးတဲ့၊ နောက်ဘဝဆိုတာက နီးနီးလေးတဲ့၊ ကဲ နားထောင်နော်၊


*နက်ဖြန်ဆိုတာ၊ တစ်နေ့တာသည်၊ ဒီကာလနောက်၊ ညမှောင် ရောက်ပြီး၊ နောက်နေ့နံနက်၊ အရုဏ်တက်မှ၊ ဆက်ဆက်ရောက်လာ၊ ခရီးကွာ၏။*

*သို့ပါသော်လည်း၊ မသဲကွဲသည့်၊ ရောက်မြဲသော၊ နောက်ဘဝ ကား၊ ခဏခရီး၊ ရောက်ဖို့နီးသည်၊ ကွေးပြီးလက်ဆန့်မျှမီတည်း"* ■

www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူပြိုင်၍ရပါတော့နိုင်



မရဏဆိုတဲ့သေမင်းကို
ဆွမ်းစားလာပင့်တဲ့
ဒါယကာလောက်
သဘောထားပြီး
ပေါ့ပေါ့ပါးပါး
ကြည်ကြည်လင်လင်
လိုက်သွားတော်မူတာဟာ

ညနေငါးနာရီဆိုလျှင် ဒေါ်မြမေက ဘုရားခန်းမှာ ပန်းနှင့် ရေချမ်း ကပ်နေကျဖြစ်သည်။

သူ့ခြံကလေး၌ ပိန်းပန်း နှင်းဆီပန်း စံပယ်ပန်း ဖွန်ပန်းတို့ကို လတ်လတ်ဆတ်ဆတ်ရသည်။

အိမ်ရှင်မပီပီ မီးဖိုချောင်ထဲ၌ ဟင်းကျွေးဟင်းလျာ ချက်ပြုတ်စီမံခန့်ခွဲရာတွင်သော်လည်းကောင်း၊ အိမ်မှုကိစ္စဗာဟီရအလုပ်များကို သေသေသပ်သပ် မရှိလျှင်သော်လည်းကောင်း၊ တဖျစ်တောက်တောက် မြည်တွန်ငေါက်ငမ်းခြင်းများ ပြုလေ့ပြုထရှိသဖြင့် တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းသာအတွက် နားမချမ်းမသာ ဖြစ်ရလေသည်။

သို့သော် ဘုရားခန်းတွင် ယောဂီတဘက်ကလေးကို ပခုံးပေါ်တင်၍ ပန်းနှင့်ရေချမ်း ကပ်လှူနေသည့်အခါများမှာတော့ ဒေါ်မြမေ၏ အသံကို အလွန်နူးညံ့ သာယာစွာ ကြည်ညိုစရာ ကြားနေရတတ်ပါသည်။

ယနေ့လည်း ဒေါ်မြမေက အမျှအတန်းဝေကာကြေးစည်ကလေး တစ်ချက်ခတ်ပြီးသည့်နောက် ဘုရားခန်းမှ ကြည်ကြည်လင်လင် ထွက်လာခဲ့လေသည်၊ ဧည့်ခန်းတွင်ထိုင်နေသော ဦးချမ်းသာက မဃဒေဝလင်္ကာစာအုပ်ကို ကြည့်နေရာမှ

"လာဟေ့ အမေကြီး၊ မန်လည်ဆရာတော်ဘုရားရဲ့ မဃဒေဝလင်္ကာကို ဖတ်ကြရအောင်" ဟု ခေါ်လိုက်သည်။

"ဘာများဖတ်ပြမလို့လဲ၊ ဆရာတော်ကြီးရဲ့စာများ ကြောက်လွန်းလို့" ဟု ဒေါ်မြမေက တွန့်ဆုတ်ဆုတ် လုပ်နေသောကြောင့်

"မင်းကလည်း မန်လည်ဆရာတော်ဆိုရင် မိန်းမတွေ မကောင်းကြောင်းချည်းပဲ ရေးထားတယ်လို့ မှတ်နေတာကိုး"

"ကျွန်မနားလည်သလောက်တော့ အဲဒီအကြောင်းတွေပဲ အတွေ့များနေတာပဲ"

"ဟဲ ဟဲ၊ မင်းက ကွက်တိကွက်ကျား ဖတ်မိတာ နေပါလိမ့်မယ်၊ ဟိုဒင်းလေ၊

'အဋ္ဌပတိ၊ ရှစ်လင်ရှိလည်း၊ လွန်ဘိပိုမို၊ ကိုးယောက်ကိုလျှင်၊ အလိုရှိမြဲ၊ လွန်ပြည့်ခဲ၏' ဆိုတာမျိုး၊

'တစ်နေ့ ဆယ်ကြိမ်၊ တင်းမတိမ်သည်၊ ပန်းထိမ်လူမျိုး၊ ရတိုင်းခိုး၏' ဆိုတာမျိုး၊

'လူမဆိုသေး၊ ခွေးကိုသော်မျှ၊ ကပ်တတ်ကြ၏' ဆိုတာမျိုး"

"တော်ပါတော့ နားရှက်ပါတယ်"



"မဟုတ်ပါဘူး၊ လောကီကိစ္စနဲ့ ဒီလောက်အဆုံးအမကိုသာ မင်းဖတ်မိတာနေမှာကို ပြောချင်လို့ပါ၊ အခု ငါဖတ်ပြချင်တာက မနေ့က တို့ဆွေးနွေးခဲ့တဲ့ မရဏာနုဿတိအကြောင်းနဲ့ ဆိုင်ရာကို ဖတ်ပြမလို့ပါ၊ ဒါတွေကျတော့ မင်း မဖတ်တော့ဘူး မဟုတ်လား"

"ဖတ်တော့လည်း အဓိပ္ပာယ်မှ မသိတာရှင်"

"ဆရာတော်ကြီးက မြို့စကား ရွာစကား အရပ်စကားနဲ့ ရေးထားတာတွေများပါတယ်၊ မင်းနားလည်အောင် ငါကရှင်းပေးပါ့မယ်၊ လာပါ ထိုင်ပါ၊ စာကို နာလှည့်စမ်းပါ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ ဖြစ်တယ်ကွဲ့"

ဤတွင်မှ ဒေါ်မြမေက ဦးချမ်းသာအနားသို့ မဝံ့မရဲထိုင်ချလိုက်လေသည်။

"မင်းကို 'အတ္တစိန္တာခန်း' ထဲက လင်္ကာ ပုဒ်ရေ ၁၃၃ ကို ဖတ်ပြမှာပါ၊ အတ္တစိန္တာဆိုတာ ဘုရားလောင်း မဃဒေဝမင်းကြီးက ဆံဖြူတစ်ချောင်း တွေ့ရတဲ့အခါ မရဏာဆိုတဲ့ ဘေးကို တွေးကြည့်တဲ့အခန်း၊ ကြံဆတဲ့အခန်းလို့ခေါ်တယ်၊ တစ်ပိုဒ်ချင်းဖတ်ပြပြီး မင်းကို တစ်ပိုဒ်ချင်းရှင်းပြမယ်၊ နားထောင်နော်"

"ကောင်းပါပြီရှင်"

"မညွတ်နိုင်ဆေး၊ သည်အရေးတည့်၊ လေးပါးသေနင်၊ စတုရင်ဖြင့်၊ မြင်းဆင်ရထား၊ ခြေသည်များနှင့်၊ ဟြား၍ပြိုင်ခင်း၊ စစ်အင်ကျင်း၍၊ နင်းသော်လည်းကောင်း"

"အဲဒါက မရဏာဆိုတဲ့ သေမင်းကို မြင်းတပ်၊ ဆင်တပ်၊ ရထားတပ်၊ ခြေလျင်တပ်ဆိုတဲ့ စစ်အင်္ဂါလေးပါး ဗိုလ်ခြေဗိုလ်ပါ များနဲ့ စွန့်စွန့်စားစား ပြိုင်တိုက်လို့လည်း အနိုင်မရနိုင်ပါဘူးတဲ့၊ (ဘယ်သူပြိုင်၍ ရပါတော့နိုင်ပေါ့ကွယ်) အဲဒါတော့ မင်းနားလည် ပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့ နားလည်ပါတယ် အဖေကြီးရယ်"

"အေး၊ မင်းကြားဖူးမှာပါ၊ ဘုန်းကြီးပျံတို့ အရပ်ထဲကအသုဘ တို့မှာ ဆိုင်းသွင်းပြီး ယေင်ကျူးတဲ့အခါ ဆိုလေ့ဆိုထ တီးလေ့တီးထ ရှိကြတဲ့ မျောက်မင်းအူသံသီချင်းလေ"

"ရှင်သေမင်းရယ်က၊ လူချင်းမှမဟုတ်ပါလေ၊ ဗိုလ်ပါ ဆင် မြင်းနဲ့ စစ်ခင်းလို့မှ မတိုက်ရလေ"

ဦးချမ်းသာက အသံနေအသံထားနှင့် ဆိုပြလိုက်သည်။

"အို၊ အဖေကြီးကလည်း၊ ဖွဟဲ့– ရွှေအိမ် ငွေအိမ်"

"ဟဲ ဟဲ၊ မင်းက နိမိတ်မရှိ နမာမရှိလို့ ထင်နေတာကိုးကွ၊ ဒါန သီလ ဘာဝနာဆိုတာ သူတော်ကောင်းတရားတွေမဟုတ်လား၊ သေခြင်းတရားကိုပြောတာ ဆွေးနွေးတာတွေဟာ ဘာဝနာ ဖြစ်ပါ တယ်၊ မင်္ဂလာရှိပါတယ်ကွယ်၊ ကဲ နောက်ဆက်မယ်"

"အသောင်းအသိန်း၊ ကိန်းအကုဋေ၊ မရေတွက်အား၊ ရွှေငွေ များနှင့်၊ ပတ္တမြားကျောက်စိန်၊ တောက်ထိန်ဝိုးဝင်း၊ မြေပြည့်လင်း အောင်၊ ဆင်, မြင်း, သားကြီး၊ နန်းနှင့်ထီးက၊ သမီးကညာ၊ ရတနာ ဖြင့်၊ ပဏ္ဏာဆက်နှင်း၊ တံစိုးသွင်း၍၊ ငြင်းသော်လည်းကောင်း"

"ဤကမ္ဘာမြေပြင်အပြည့် ရွှေငွေ ကျောက်သံပတ္တမြားတွေ ကုဋေကုဋာခင်းပေးသည်ပဲဖြစ်စေ၊ ဒါမှမဟုတ် ဆင်ကောင်းမြင်းကောင်း တွေပဲပေးပေး၊ ဒါထက်မျှမက မိမိအချစ်ဆုံး ရင်သွေးဖြစ်တဲ့ သား ရတနာ သမီးရတနာကိုပဲပေးပေး၊ နောက်ဆုံး ကိုယ်ပိုင်ဆိုင် စိုးစံတဲ့ ရွှေနန်းနဲ့တကွ တိုင်းနိုင်ငံအလုံးစုံကို တံစိုးလက်ဆောင် ပဏ္ဏာအနေနဲ့ ပေးပြီး မသေပါရစေနဲ့လို့ ငြင်းရင်လည်း မရစကောင်း မဖြစ်စကောင်း ပါဘူးတဲ့၊ မင်းနားလည်ပါတယ်နော်"

"ဒီလိုရှင်းပြတော့လည်း နားလည်တာပေါ့ အဖေကြီးရယ်"

"ရှစ်သောင်း တပသီ၊ ဇောဂီတက္ကသိုလ်၊ ဝိဇ္ဇာမိုရ်တို့၊ ထိုထို



များစွာ၊ ပညာဆေးဝါး၊ အပါးပါးတိ၊ ပြဒါးမီးနေ၊ သံသေ ဓာတ်ပြာ၊ ရသာယန၊ ဩသဓေ၊ အာယုဝါဒီ၊ ဝသီကရဏ၊ စသည်လိမ်းသပ်၊ စားမျိုအပ်နှင့်၊ အာထဗ္ဗဏ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိဓိသို့၊ မဟိဒ္ဓိမျိုး၊ တန်ခိုး နတ်ရှိ၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊ မဟာဂန္ဓာရီ၊ လောကီဉာဏ်ပေါင်း၊ အင်းကောင်းတတ်ပွန်၊ မန္တန်မွန်ဖြင့်၊ ပြုဟန် ပယောဂ၊ မကျန်ရအောင်၊ အင္ဂသာခါ၊ ယတြာက၊ ဂါထာမန်းမှုတ်၊ အစုတ်အနှံ၊ ကာယံကိုယ်တွင်း၊ ဖောက်ကာထွင်း၍၊ သွင်းသော် လည်းကောင်း၊ လွတ်ကြောင်းသေဘေး၊ မထင်ဝေးခဲ့"

"လောကီပညာအရပ်ရပ်မှာ ရသေ့ရှစ်သောင်း ဆရာကောင်း ဆိုတာ မင်းကြားဖူးမှာပေါ့၊ ဝိဇ္ဇာဇော်ဂျီတို့ တပသီတို့ဆိုတဲ့ တန်ခိုး ရှင်တွေလေ၊ ဒီထဲမှာ ဘိုးဘိုးအောင်တို့ ပထမဆရာအောင်တို့ ဘိုးတော် မင်းခေါင်တို့ဆိုတာတွေလည်း ပါသပေါ့ကွယ်"

"သူတို့ကျတော့ နှစ်ပေါင်းရာနဲ့ထောင်နဲ့ချီပြီး အသက်ရှည်ကြ တယ်လို့ ကြားဖူးတာပဲ"

"အေး၊ အနှစ်ရာနဲ့ထောင်နဲ့ချီပြီး အသက်ရှည်တဲ့ပုဂ္ဂိုလ်မျိုး မပြောနဲ့၊ အသင်္ချေယျကပ်ကြီး တစ်ကပ်လုံး အသက်ရှည်တဲ့ ဗက ဗြဟ္မာကြီးတို့တောင် တစ်နေ့မှာ စုတေကြရသေးတယ် မဟုတ်လား၊ ဒီတော့ တို့တစ်တွေမှာ သာမန်လူသားတွေအနေနဲ့ သေမင်းရဲ့ အန္တရာယ်က အနီးကလေးရယ်၊ မဃဒေဝမင်းကြီးတို့ခေတ်က လူ့ယ် ဘဝနဲ့ နှစ်ပေါင်းရှစ်သောင်းလေးထောင်၊ အိုမင်းရတဲ့အချိန်က ရှစ်သောင်းလေးထောင်၊ အဲဒီလောက်အသက်ရှည်တာတောင် သတိ ပညာနဲ့ ဆင်ခြင်စဉ်းစားတဲ့အခါ သေခြင်းတရားက ကျောမှာကပ်နေ သလို မြင်တော်မူတယ်မဟုတ်လား"

"ဒါကြောင့် အင်းအိုင် ခလှဲ့ လက်ဖွဲ့မန္တရား မြားလုံး သံလုံး အင်္ဂရတ်ပညာ ဆေးဝါးပညာတို့နဲ့သော်လည်းကောင်း၊ အာယုဝမုန

www.burmeseclassic.com

www.burmeseclassic.com



ဆေးတို့ အာယုဒီဃဆေးတို့ မဟာသြသမနေတ်ဆေးတို့ ရသာယနဆေးတို့နဲ့ သော်လည်းကောင်း အဲဒီလို ပယောဂအစီရင်မျိုးတွေနဲ့ ထိုးမဝင် ခုတ်မရ ကာယသိဒ္ဓိဆေးတွေ ထိုးချင်တိုင်း ထိုးထားပါစေ၊ ပြဒါးလုံး သံလုံး ပြဒါးပြာ သံပြာ အစရှိတဲ့ ဆေး တွေကိုလည်းစားချင်စားထားပါစေ၊ လိမ်းဆေး သွင်းဆေးဆိုတာတွေလည်း လုပ်ထားကြပါစေတဲ့၊ မဟာဂန္ဓာရီပညာနဲ့ အင်းအိုင်ခလဲ့ လက်ဖွဲ့တွေလည်း ဆောင်ထားပါစေတဲ့၊ အာထဗ္ဗဏာ ကျမ်းလာ အတိုင်း ညှောင်ထောက်တံတားခင်း သစ်ပင်စိုက်အစရှိတဲ့ ယတြာအမျိုးမျိုးလည်း ချေချင်တိုင်းချေကြပါစေတဲ့၊ ဘယ်လိုပဲ သိဒ္ဓိအစွမ်း ရှိသည်ပဲဖြစ်စေ သေမင်းကိုတော့ အရှုံးပေးကြရမှာပါပဲတဲ့၊ ဒီလောက် ရှင်းပြရင် မင်းနားလည်ပါတယ်နော်"

"သဘောပေါက်ပါတယ်ရှင်၊ တွေးကြည့်ရင် ကြောက်စရာကြီးပါပဲ"

"ပြေး၍ဆုန်းဆုန်း၊ ဘယ်တွင်ပုန်းအံ့၊ ကျင်းကုန်း ကောင်းကင်၊ ပင်လယ်ပြင်နှင့်၊ ဥမင်လိုဏ်ခေါင်း၊ အောင်းလည်း မလွတ်၊ မချွတ်မှန်ဘိ၊ လွဲမရှိဘူး"

"သေမင်းမလိုက်နိုင်တဲ့နေရာ၊ သေမင်းမမြင်နိုင်တဲ့နေရာ၊ သေမင်း မတွေ့နိုင်တဲ့နေရာရယ်လို့ ဘယ်မှာမှ မရှိပါဘူးတဲ့။ တောတောင် ရေ မြေ သမုဒ္ဒရာ မိုးကောင်းကင်နဲ့ ဥမင်လိုဏ်ခေါင်းမှစ၍ ဘယ်နေရာမဆို အောင်းနေဖို့ ပုန်းနေဖို့ လွတ်အောင်ပြေးနိုင်ဖို့ မဖြစ်နိုင်ပါဘူးတဲ့"

"ဟုတ်ပါရဲ့နော်၊ ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိ ဆိုတဲ့စကားဟာ ဒီနေရာမှာ သုံးတာထင်ပါရဲ့၊ ဆက်ပါဦး အဖေကြီးရယ်၊ ကောင်းလိုက်တာ"

"သိဒ္ဓိပြီးကြား၊ ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြာ၊ စားကာမျိုပြီ၊



လုပ်ရတ်မှုဖြင့်၊ အာယုသမား၊ ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မှာရှိနဲ့"

"အခုနပြောတဲ့ သိဒ္ဓိပေါက်တယ်ဆိုတဲ့ ဆရာဆရာကြီးများကို ဘယ်သူမှ ခုထိ ထင်ထင်ရှားရှား မပြနိုင်ပါဘူးတဲ့"

"အာဒိကပ္ပ၊ ကမ္ဘာစက၊ ကာလခုတောင်၊ ပြည်ကျိုးဆောင်သည်၊ ဘုန်းခေါင်မဟာ၊ ကြီးတောဇာနှင့်၊ စကြာစိုးရ၊ မင်းထိုမျှက၊ ဗုဒ္ဓ,ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟု၊ ခီဏာသဝ၊ ဝိသုဒ္ဓဖျား၊ အရှင်များလည်း၊ တစ်ပါးမျှတိ၊ မြဲမရှိဘူး"

"တို့ကမ္ဘာကြီး တည်စကတည်းက လူတွေနဲ့တကွ မဟာသမ္မတမင်းဆိုတာတွေ၊ အလွန် ဘုန်းတန်ခိုးကြီးပါတယ်ဆိုတဲ့ စကြာမင်း မန္ဓာတ်မင်းတွေ သူတို့တစ်တွေလည်း အခု ဘယ်မှာရှိကြတော့လို့တုံး၊ အဲဒီလူသား ဘုန်းတန်ခိုးရှင်များ ထားလိုက်ပါတော့၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနဲ့တကွ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး ရှိတော်မူကြတဲ့ ဂဂ်ါဝါဠူ သဲစုမကသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်တို့လည်း ပရိနိဗ္ဗာန်ပြုကြရတာပဲ၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအဆူဆူတို့လည်း ပရိနိဗ္ဗာန် ပြုကြရတာပါပဲ"

"မျက်စိ နား နှာ၊ ကိုယ်အင်္ဂါကား၊ အိုနာသေမျိုး၊ နိမိတ်ဆိုးတည့်၊ ရိုးရှုလှုပ်လက်၊ အုတ်ကျွက်ညံဆူ၊ နေဘိမှုလည်း၊ ရန်သူသေမင်း၊ ချောင်းနေလျှင်းခဲ့"

"တို့ကိုယ်ကာယမှာ မျက်စိ နား နှာ လျှာ ကိုယ်စိတ်ရယ်လို့ ဖြစ်ပေါ်လာကတည်းက ရုပ်နာမ်ရယ်လို့သမုတ်ခဲ့ကြတယ် မဟုတ်လား၊ အဲဒီရုပ်နာမ်ခန္ဓာဖြစ်ပေါ်လာတဲ့နေ့ကစပြီး နေ့နေ့ညည အခါမလပ်စောင့်ကြပ်ချောင်းမြောင်းနေတာကတော့ သေမင်းပါပဲတဲ့နော်ဗျာ၊ ဒီတော့ မသေခင်ကလေးကသာ လှုပ်လှုပ်ရွရွ လုပ်ကြ ကိုင်ကြ ကြဲကြ စည်ကြ သွားကြ လာကြ၊ စားကြ သောက်ကြ လှုပ်ရှားနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာပါတဲ့"

"ငြင်း၍မရ၊ ခ,၍မသာ၊ ဤခန္ဓာကား၊ ကြင်နာမဲ့ငြား၊ သေမင်းဖျားလျှင်၊ သနားကင်းလစ်၊ သူမချစ်ဘူး၊ ပစ္စရက္ခ၊ ဝဓကသို့၊ မုချဆတ်ဆတ်၊ တွေ့ရာသတ်လိမ့်၊ မုတ်လော့စင်းလျင်း၊ သေမယွင်းသည်၊ ကွင်း၍ မတတ်နိုင်ရေးတည်း"

"သေမင်းကို ငြင်းဆန်လို့လည်း မရပါဘူးတဲ့၊ ခ,ယတောင်းပန်လို့လည်း မရပါဘူးတဲ့၊ သေမင်းဆိုတာက သူဖြားယောင်းသိမ်းသွင်းင့်ခေါ်တဲ့အခါမှာ အကြင်နာတရားလည်း မရှိပါဘူးတဲ့၊ မေတ္တာတရားလည်း မရှိပါဘူးတဲ့၊ သူသတ်ယောကျ်ား အာဏာသားဟာ လူတစ်ယောက်ရဲ့အသက်ကို အလေးအနက်မထား၊ ပေါ့ပေါ့တန်တန် ကလေး သတ်လိုက်သကဲ့သို့ တွေ့ရာသျှိုင်းမားမဆိုင်းဘဲ ခုတ်ပိုင်သတ်ဖြတ်လေ့ရှိသတဲ့၊ ဒါကြောင့် သူ့ဘေးမှ လွတ်အောင်ပြေးလွှား၊ ခိုအောင်း ပုန်းလျှိုးနေလို့လည်းမရ၊ တံစိုးလက်ဆောင် အမျိုးမျိုးမဲ့ တိုးလျှိုးတောင်းပန်လို့လည်းမရ၊ အသနားခံလို့လည်းမရ၊ ကွေကွင်းရှောင်တိမ်းလို့လည်းမရနိုင်ဘူးဆိုတာ မုချဆတ်ဆတ်သာ မုတ်လိုက်ပါတော့တဲ့၊ အခုပြောတာတွေ ကိုယ့်စကားနဲ့ကိုယ် နားလည်ရဲ့မဟုတ်လား အမေကြီး"

"အခုလို တစ်ခုချင်း ရှင်းပြတော့လည်း နားလည်တာပေါ့ အမေကြီးရယ်"

"အေး၊ အဲဒီလို နားလည်ပြီးတယ်ဆိုရင် ဆရာတော်ရဲ့ လင်္ကာတစ်ပုဒ်လုံးကို အရသာခံပြီး ဖတ်ကြည့်ရအောင်"

"မညွတ်နိုင်ဝေး၊ သည်အရေးတည့်၊ လေးပါးသေနင်၊ စတုရင်ဖြင့်၊ မြင်, ဆင်, ရထား၊ ခြေသည်များနှင့်၊ ပြား၍ ပြိုင်ခင်း၊ စစ်အင်းကျင်း၍၊ နင်းသော်လည်းကောင်း၊ သောင်းအသိန်း၊ ကိန်းအကုဋေ၊ မရေတွက်အား၊ ရွှေငွေများနှင့်၊ ပဂ္ဂမြားကျောက်စိန်၊ တောက်ထိန် ဝိုးဝင်း၊ မြေပြည့်လင်းအောင်၊ ဆင်မြင်းသားကြီး၊ နန်းနှင့်ထီးကာ၊ သမီးကညာ၊ ရတနာဖြင့်၊ ပဏ္ဏာဆက်နှင်း၊ တံစိုးသွင်း၍၊ ငြင်းသော် လည်းကောင်း၊ ရှစ်သောင်းတပသီ၊ ဇောဂီတက္ကသိုလ်၊ ဝိဇ္ဇာမိုရ်ရဲတို့၊ ထိုထိုများစွာ၊ ပညာဆေးဝါး၊ အပါးပါးတိ၊ ပြဒါးမီးနေ၊ သံသေဓာတ်ပြာ၊ ရသာယန၊ ဩသဓေ၊ အာယုဝါဓိ၊ ဝသီကရဏ၊ စသည်လိမ်းသပ်၊ စားမျိုအပ်နှင့်၊ အာထဗ္ဗဏာ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိခ်သို့၊ မဟိဒ္ဓိမျိုး၊ တန်ခိုးနတ်ရှို၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊ မဟာဂန္ဓာရီ၊ လောကီဉာဏ်ပေါင်း၊ အင်းကောင်းတတ်ပွန်၊ မန္တန်မွန်ဖြင့်၊ ပြုဟန်ပယောဂ၊ မကျန်ရအောင်၊ အင္ဂသာခါ၊ ယတြာက၊ ဂါထာမန်းမှုတ်၊ အစုတ်အနံ့၊ ကာယံကိုယ်တွင်း၊ ဖောက်ကာထွင်း၍၊ သွင်းသော်လည်းကောင်း၊ လွတ်ကြောင်းသေဘေး၊ မထင်ဝေးခဲ့၊ ပြေး၍ဆုန်းဆုန်း၊ ဘယ်တွင်ပုန်းအံ့၊ ကျင်းကုန်းကောင်းကင်၊ ပင်လယ်ပြင်နှင့်၊ ဥမင်လိုဏ်ခေါင်း၊ အောင်းလည်းမလွတ်၊ မချွတ်မှန်ဘိ၊ လွဲမရှိဘူး၊ သိဒ္ဓိပြီးငြား၊ ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြာ၊ စားကာမျိုပြု၊ လုပ်ရတ်မှုဖြင့်၊ အာယုသမား၊ ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မှာရှိခဲ့၊ အာဒိကပ္ပ၊ ကမ္ဘာစက၊ ကာလခုတောင်၊ ပြည်ကျိုးဆောင်သည်၊ ဘုန်းခေါင်မဟာ၊ ကြီးတေဇာနှင့်၊ စကြာစိုးရ၊ မင်းထိုမျှက၊ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟု၊ ခီဏာသဝ၊ ဝိသုဒ္ဓဖျား၊ အရှင်များလည်း၊ တစ်ပါးမျှတိ၊ မြဲမရှိဘူး၊ မျက်စိ,နား,နှာ၊ ကိုယ်အင်္ဂါကား၊ အိုနာသေမျိုး၊ နိမိတ်ဆိုးတည့်၊ ရိုးရှလှုပ်လက်၊ အုတ်ကျွက်ညံဆူ၊ နေဘိမူလည်း၊ ရန်သူသေမင်း၊ ချောင်းနေလျဉ်းခဲ့၊ ငြင်း၍မရ၊ ခ,၍မသာ၊ ဤခန္ဓာအား၊ ကြင်နာမဲ့ငြား၊ သေမင်းဖျားလျှင်၊ သနားကင်းလစ်၊ သူမချစ်ဘူး၊ ပစ္စရက္ခ၊ ဝဓကသို့ မုချဆတ်ဆတ်၊ တွေ့ရာသတ်လိမ့်၊ မုတ်လော့စင်းလျင်း၊ သေမယွင်းသည်၊ ကွင်း၍ မတတ်နိုင်ရေးတည်း"

www.burmeseclassic.com

ဦးချမ်းသာက ယခုကဲ့သို့ တစ်ပိုဒ်ချင်းရှင်းပြ၍ ဒေါ်မြမေအဖို့ အစိပ္ပာယ်ပေါက်ပြီးမှ လင်္ကာကြီးတစ်ပိုဒ်လုံးကို အဆက်မပြတ်ကြားနာလိုက်ရသောအခါ ဓမ္မရသကို ကောင်းစွာ နားလည် ခံစားလိုက်ရတော့သည်။

"နေပါဦး အဖေကြီးရဲ့၊ သေမင်းကိုယ်တိုင်ကော မသေတော့ဘူးလား"

"သေမင်းဆိုတာက သေခြင်းဆိုတဲ့သဘောတရားကို ဥပမာတင်စားပြီး ခေါ်ထားတာပါကွယ်၊ သေမင်းရယ်လို့ အထည်ကိုယ်ဒြပ်နဲ့ သတ္တဝါပုဂ္ဂိုလ် မဟုတ်ပါဘူး"

"ဪ ဪ၊ ဒါဖြင့် ယမမင်းဆိုတာကျတော့ကော"

"ယမမင်းဆိုတာကတော့ နတ်မင်း သိကြားမင်းတို့လို ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ သူက သတ္တဝါတို့၏ ကံ၊ ကံ၏အကျိုးအပြစ်ကို စီစစ်စီရင်တဲ့ ဥပပတ္တိနတ်ကြီးတစ်ပါး ဖြစ်ပါတယ်၊ ဒါကြောင့် တို့ရေစက်ချတဲ့အခါမှာ ကြည့်ပါလား၊ 'ယမရာဇသေဠ၊ ငရဲသေနင်း ယမမင်းအားလည်းကောင်း' လို့ ဆိုကြတယ်လေ"

"သူလည်း သေရမှာပဲလား အဖေကြီး"

"ဟာ၊ သုံးဆယ့်တစ်ဘုံရှိသမျှ အလုံးစုံဟာ မမြဲပါဘူးလို့ဆိုထားတာပဲကွာ၊ သူလည်းသေရမှာပေါ့"

"သေရမှာကို မကြောက်တဲ့လူများကော ရှိသေးသလား အဖေကြီး၊ ဘုရားရဟန္တာက လွဲရင်ပေါ့လေ"

"အေး၊ မင်း အဲဒီလိုမေးတာ သိပ်အဖိုးတန်တာပေါ့ကွာ၊ အင်္ဂုတ္တိုရ် စတုက္ကနိပါတ် အဘယသုတ်မှာ ဇာဏုသောဏိပုဏ္ဏားကို ဗုဒ္ဓမြတ်စွာက ဟောတော်မူထားတာ ရှိတယ်၊ လောကမှာ သေခြင်းတရားကို ကြောက်တဲ့လူ လေးမျိုးရှိတယ်တဲ့၊ မကြောက်တဲ့လူလည်း လေးမျိုးရှိတယ်တဲ့၊ ကြောက်တဲ့ပုဂ္ဂိုလ် လေးမျိုးဆိုတာက



၁။ သားသမီး ဇနီး လင်သား ဆွေမျိုး စသည်များနှင့် ပစ္စည်းဝတ္ထု အာရုံတွေအပေါ်၌ ခင်တွယ်မက်မော စွဲလမ်းနေသော ပုဂ္ဂိုလ်က တစ်မျိုး၊ အဲဒီလိုလူမျိုးများဟာ သေရတော့မယ်လို့ သိတဲ့အချိန်မှာ အထက်ကပြောခဲ့တဲ့ သက်ရှိသက်မဲ့ အာရုံဝတ္ထုတွေကို 'ငါစွန့်ရတော့မှာပါကလား' လို့ ပူပန်စိုးရိမ်ခြင်းပြင်းပြစွာနဲ့ သေရမှာ ကြောက်တတ်ကြသတဲ့။

၂။ ကိုယ်ခန္ဓာ အတ္တဘောကို ခင်တွယ်မက်မော စွဲလမ်းနေသော ပုဂ္ဂိုလ်ကတစ်မျိုး၊ အဲဒီလို လူမျိုးများက သေရတော့မယ်လို့ သိတဲ့အချိန်မှာ ကိုယ့်ကိုကိုယ် လှတယ် ချောတယ် ကျော့စေထင်ရှားတယ် ဘုန်းတန်ခိုးသြဇာအာဏာရှိတယ်လို့ ထင်လာခဲ့သမျှ 'အခုဒါတွေက ငါ့ကို စွန့်သွားကြတော့မှာပါကလား' လို့ ပူပန်စိုးရိမ်ခြင်း ပြင်းပြစွာနဲ့ သေရမှာ ကြောက်တတ်ကြသတဲ့။

၃။ မကောင်းမှုဒုစရိုက်အကုသိုလ်ကံများစွာတို့ကို ပြုလုပ်ထားမိသော ပုဂ္ဂိုလ်ကတစ်မျိုး၊ အဲဒီလိုလူမျိုးက သေရတော့မယ်လို့ သိတဲ့အချိန်မှာ ကိုယ်ပြုမိမှားတဲ့ အကုသိုလ်ကံတွေကိုသာ တွေးပြီး စိုးရိမ်ပူပန်ခြင်း ပြင်းပြစွာနဲ့ သေရမှာကြောက်တတ်ကြသတဲ့။

၄။ သူတော်ကောင်းတရား၌ ယုံမှားပြီး သမ္မာဒိဋ္ဌိဖြစ်အောင် မဝေခွဲ မဆုံးဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး၊ အဲဒီလို လူမျိုးများက သေရတော့မယ်လို့ သိလိုက်ရတဲ့အချိန်မှာ အားကိုးစရာရယ်လို့ ဘုရားကိုလည်း သတိမရ၊ တရားကိုလည်းသတိမရ၊ သံဃာကိုလည်း သတိမရနိုင်တော့လို့ စိုးရိမ်ပူပန်ခြင်းပြင်းပြစွာနဲ့ သေရမှာကြောက်တတ်ကြသတဲ့"

"သေရမှာမကြောက်တဲ့ ပုဂ္ဂိုလ်လေးမျိုးကို ပြောပါဦး"

"ကြောက်တဲ့လူလေးမျိုးကို ပြောင်းပြန်ပြုကြည့်လိုက်ရင် သိတာပေါ့ကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



၁။ သားသမီး၊ ဇနီး၊ လင်သား ဆွေမျိုး စသည်များနှင့်ပစ္စည်း ဝတ္ထု အာရုံတွေအပေါ်၌ မခင်တွယ် မမက်မော မစွဲလမ်းတဲ့ပုဂ္ဂိုလ်။

၂။ ကိုယ်ခန္ဓာ အတ္တဘောကို မခင်တွယ် မမက်မောမစွဲလမ်းတဲ့ ပုဂ္ဂိုလ်။

၃။ ကောင်းမှုကုသိုလ်ကံ များစွာတို့ကို ပြုလုပ်ထားသောပုဂ္ဂိုလ်။

၄။ သူတော်ကောင်းတရား၌ မယုံမှား၊ သမ္မာဒိဋ္ဌိဖြစ်အောင် ဝေခွဲဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်လေးမျိုးပေါ့"

"အမလေး၊ သေခြင်းတရားကို မကြောက်ရအောင် လုပ်ထားရမှာက မလွယ်လှသေးပါလားနော်"

"တကယ်ဆန်းစစ်ကြည့်ရင် ကိုယ့်ကိုယ်ကို အသိဆုံးပေါ့ကွာ၊ ဒါကြောင့် ပညာရှိ သူတော်ကောင်းကြီးများဟာ သေမင်းတံခါးဝသို့ ဝင်ရမယ့်အချိန်မှာ ငါ့မှာဒါနရှိတယ်၊ ငါ့မှာသီလရှိတယ်၊ ငါ့မှာ ဘာဝနာရှိတယ်၊ ငါ့မှာ တမလွန်အတွက် စိတ်ချရတယ်၊ အားကိုးစရာ ရှိတယ်ဆိုပြီး မကြောက်မရွံ့ နောက်မတွန့်ဘဲ လိုက်သွားကြတာပေါ့၊ အခုမင်းကိုပြောရင်း သေရမှာမကြောက်တဲ့ အလီနသတ္တုမင်းသား အကြောင်းသတိရလာတယ်"

"အဲဒီအကြောင်း ပြောပြပါဦး"

"ငါ့ရှင်ငါးဆယ် တိကနိပါတ်'ဇယဒိသ' ဇာတ်ပေါ့ကွာ၊ အဲဒီဇယဒိသ မင်းကြီးဟာ တောလိုက်ဝါသနာပါတယ်၊ တစ်နေ့တော့ သမင်ဖမ်းရင်း နောက်လိုက်နောက်ပါ အခြံအရံတွေနဲ့ကင်းကွာပြီး ဘီလူးကြီးစိုးတဲ့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ အမောအပန်းဖြေ ရာက အိပ်ပျော်သွားသတဲ့၊ အဲဒီတော့ ဘီလူးက သူ့ပိုင်နက်ထဲ ရောက်လာပြီဖြစ်လို့ မင်းကြီးကို သတ်စားရအောင် ခြိမ်းခြောက်တယ်၊ ဒီတော့ မင်းကြီးက တောလိုက်ထွက်မလာခင် နန်းတော်မှာ သူတော်ကောင်းတရားကြားနာဖို့ အစီအစဉ်လုပ်ခဲ့ကြောင်း၊ အဲဒီ



အစီအစဉ်အတိုင်း မြို့တော်ပြန်ပြီး ဂါထာများကို ကြားနာပြီးတဲ့ နောက်မှ သင့်ထံလာပြီး အစားခံပါရစေလို့ ကတိပြုပြီ ခွင့် တောင်းတယ်"

"အဲဒါ ပရိယာယ်နဲ့ ခွင့်တောင်းတာလားဟင်"

"မဟုတ်ပါဘူး၊ ရှေးတုန်းက 'မင်းမှာသစ္စာ လူမှာကတိ' ဆိုတဲ့အတိုင်း အခုကာလလို စကားမတည်ကြတာ ဘယ်သူမှ မရှိပါဘူး၊ လူလည်း လူအလျောက်၊ မင်းလည်း မင်းအလျောက် မုသာဝါဒကို စက်ဆုပ်ကြတယ်"

"ဪ ဪ၊ ဒီတော့ ဘီလူးက ပြန်လွှတ်လိုက်သတဲ့လား"

"ဘီလူးကလည်း မင်းကြီးကို ယုံတော့ ပြန်လွှတ်လိုက်တာပေါ့၊ အဲဒီတော့ မင်းကြီးက နန်းတော်ပြန်လာတယ်၊ မိဘကို လုပ်ကျွေး နေသော ပညာရှိဗြာဟ္မဏပုဏ္ဏားထံမှ ဂါထာများကို ကြားနာတယ်၊ အဲဒီလို ကြားနာပြီးတဲ့နောက် ဘီလူးထံပြန်သွားပြီး အစားခံမယ့် အကြောင်းကို မိဖုရားနဲ့ သားတော်တို့အား ဖွင့်ပြောတယ်၊ အဲ့ အခါ သားတော်အလီနသတ္တုမင်းသားက ဖခမည်းတော်ကိုယ်စား သူသွား၍ အစားခံပါရစေလို့ ခွင့်တောင်းတယ်"

"ဟင်၊ သားတော်ကလည်း သေရမှာမကြောက်တဲ့အတိုင်း၊ သူ့ခမည်းတော်ကလည်း ခွင့်ပြုလိုက်ရောတဲ့လား"

"ဖခမည်းတော်ကလည်း ဘုရားလောင်းဖြစ်တဲ့ သားတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ယုံကြည်တော်မူတဲ့အတွက် သူ့ကိုယ်စားစေလွှတ်လိုက်ပါတယ်၊ တိုတိုပြောမယ်ကွာ၊ အဲဒီလို အလီနသတ္တုမင်းသား ဘီလူးထံရောက်သွားတော့ ဘီလူးက

'အသင်လုလင်ကလေး ဘာလို့လာသလဲ' လို့မေးတယ်"

" 'သူ့ခမည်းတော်ကိုယ်စား အစားခံရအောင် လာခဲ့ပါ တယ်' လို့ မင်းသားက ရဲရဲတင်းတင်းပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"'သင်မင်းသားကလေး သေရမှာ မကြောက်လို့လား' လို့ ဘီလူးက တအံ့တသြမေးတယ်"

"'ကျွန်ုပ်မှာ အကုသိုလ်ဒုစရိုက် ဘာတစ်ခုမှမရှိတဲ့အတွက် သေရမှာမကြောက်ပါဘူး၊ ထို့အပြင် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းနဲ့ မရဏတရားတို့ကို ဆင်ခြင်နေတဲ့သူ ဖြစ်ပါတယ်၊ ဒါကြောင့် အသင်ဘီလူးမင်း စားသာစားပါ' လို့ မင်းသားကခွင့်ပြုတယ်၊ အဲဒါဟာ အခုနပြောခဲ့တဲ့ သေဝံ့သူရဲ့ အရည်အချင်းများပေါ့ကွာ၊ ဒါတွေအားလုံး ငါ အတိုချုံးပြောတာ"

"ဒီလိုနဲ့ ဘီလူးအစား ခံလိုက်ရရှာသလားအဖေကြီးရယ်၊ သူ့ခမျာ"

"ဘီလူးက မစားတော့ပါဘူး၊ မိဘရဲ့ကျေးဇူးဂုဏ်ကို သိတဲ့ လူလည်းဖြစ်ပြန်၊ တရားကို ဆင်ခြင်နေတဲ့လူလည်းဖြစ်ပြန်ဆိုတော့ အသက်မှချမ်းသာပေးလိုက်ပါသတဲ့၊ အဲဒါဟာ 'ရဲသော်မသေ သေသော်ငရဲမလား' ဆိုတဲ့ သဘောပေါ့ကွယ်"

ဒေါ်မြမေက ခပ်တွေတွေကလေး စဉ်းစားနေသည်။ ထို့နောက် ဦးချမ်းသာကိုကြည့်၍

"အခု ကျွန်မတို့ခေတ်မှာလည်း ဒီလိုသေဝံ့တဲ့ပုဂ္ဂိုလ်မျိုး ရှိမယ်ထင်ပါရဲ့" ဟု စူးစမ်းလိုက်ပြန်သည်။

"ရှိကြမှာပေါ့ကွယ်၊ ဒါပေမယ့် 'ကြည့်သောသူသာမြင်ကြ၏' ဆိုသလို ကြည့်တတ်သူများသာ မြင်တတ်ကြတာကလား၊ တို့လို မံသ, စက္ခုများနဲ့တော့ မမြင်နိုင် မသိနိုင်ဘူးပေါ့၊ အေး၊ တစ်ပါးမက များလှစွာသောအနက်မှ တောင်လေးလုံးဆရာတော်ကြီးရဲ့ အကြောင်း ကို မွှာစရိယ ဦးဌေးလှိုင်ရဲ့ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်မှာ ရေးထားတာ ဖတ်ဖူးပါတယ်၊ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရား လက်ထက်မှာ စတုဂီရိတောင်လေးလုံးဆရာတော်ကြီးဟာ အမရပူရ



နေပြည်တော်ရဲ့ မြောက်ဘက် မင်းရွာတိုက်သုံးထပ်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် အခါကတဲ့၊ တစ်နေ့တော့ ဆရာတော် ဘုရားက

'ငါအသက်အရွယ်ကြီးပြီ၊ သေချိန်နီးပြီ၊ ခေါင်းနှစ်လုံးလုပ်ပြီး လာလှူလှည့်' လို့ ဒါယကာရင်း ဒါယိကာမရင်းများကို အမိန့်ရှိပါသတဲ့"

"ဟင်၊ အလှူခံတော်မူတာကလည်း ခေါင်းနှစ်လုံးတဲ့လား၊ ဘယ်လိုပါလိမ့်"

"အဲသလို ခေါင်းနှစ်လုံး အလှူခံတာကို ဒါယကာ ဒါယိကာမ တွေက ပြန်လည်း မမေးမလျှောက်ဝံ့ဘူး၊ မလှူဘဲလည်း မနေဝံ့ကြဘူး၊ ဒီလိုနဲ့ ကောင်းမွန်သပ်ရပ်စွာ ပြုလုပ်ပြီး တထိတ်ထိတ်နဲ့ လာလှူ ကြတာပေါ့"

"ဒီတော့ ဆရာတော်ကြီးက 'အေး ကောင်းသားပဲ၊ တစ်ခုကို တော့ ကျောင်းဦးမှာသွားထား၊ တစ်ခုကို ငါကျိန်းတဲ့နေရာနားမှာ ထားလိုက်' လို့ အမိန့်ရှိတော်မူတယ်၊ ဒါယကာတွေက ဆရာတော်ကြီး ရဲ့အမိန့်အတိုင်း ခေါင်းတစ်ခုကို ကျောင်းဦးမှာထားပြီး ခေါင်းတစ်ခုကို ဆရာတော်၏ကျိန်းစက်ရာ ညောင်စောင်းနဲ့လည်း ယှဉ်ထားလိုက်ရော၊ ဆရာတော်ကြီးက ခေါင်းနား သွားရပ်ကြည့်တဲ့ပြီး

'နင်တို့ခေါင်းဟာ ငါနဲ့တော်ကောင်းပါရဲ့လို့ ပြောပြောဆိုဆို ခေါင်းထဲ ဝင်လှဲအိပ်လိုက်တာ ပြန်မထ,တော့ပါဘူးတဲ့ဗျာ"

"ဟင်၊ ဘယ်လိုလဲ"

"ခန္ဓာဝန်ချတော်မူလိုက်တာလေ၊ ပျံလွန်တော်မူတယ်လို့ပဲ ပြောရမလား၊ ပရိနိဗ္ဗာန်ပြုတယ်လို့ပဲပြောရမလား မသိပါဘူး"

"ဟောတော့"

"အဲဒါ မင်းကြည့်စမ်း၊ မရဏဆိုတဲ့သေမင်းကို ဆွမ်းစား

www.burmeseclassic.com

www.burmeseclassic.com



လာပင့်တဲ့ ဒါယကာလောက်သဘောထားပြီး ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင် လိုက်သွားတော်မူတာဟာ သေဝံ့တဲ့ ပုဂ္ဂိုလ်ဖြစ်လို့သာပေါ့ကွယ်"

"အို၊ ဒါယကာ ဒါယိကာမတွေ ဘယ်လောက်ရင်ထုမနာဖြစ်လိုက်ကြမလဲလို့"

"ရင်ဘတ်စည်တီး ဖြစ်ကုန်ကြရတာပေါ့၊ အဲဒီနောက် ဘာမှ မကြာပါဘူး၊ အာဂန္တုဆရာတော်ကြီးတစ်ပါးဟာ 'မခေါ်ပင့်ရျေ' ကျောင်းပေါ်ကို ကြွရောက်တော်မူလာပါသတဲ့၊ ဒီတော့ ဒါယကာ ဒါယိကာမတွေလည်း မမြင်ဖူး မဖူးဖူးတဲ့ ဆရာတော်ကြီးကို သောက ဗျာပါရတွေကြားထဲက ခရီးဦးကြိုပြုကြရတာပေါ့၊ အာဂန္တု ဆရာတော်ကြီးက

'အင်း၊ မင်းတို့ဆရာတော် ပျံလွန်တော်မူပေါ့ကိုး' လို့ မိန့်တော်မူပြီး မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသကဲ့သို့ တစ်ခဏ ငြိမ်သက်စွာ မျက်စိစုံမှိတ်၍နေပြီးနောက် ကျောင်းဦးဘက်က ခေါင်းတစ်လုံးကို မြင်တော်မူတော့

'ဟဲ့ ဟိုမှာလည်း ခေါင်းအသစ်တစ်လုံးပါလား၊ ငါ့အတွက်များ အလှူခံထားတာလား၊ ဝင်စမ်းကြည့်ဦးမှ' လို့ဆိုပြီး ဝင်လှဲလိုက်တာ ဒီဆရာတော်ကြီးလည်း ပြန်ထတော်မမူတော့ပါဘူးတဲ့ဗျာ"

"အို အို ပြောမယုံကြုံဖူးမှသိ ဆိုတာမျိုးလိုပါလားနော်၊ ဒီအာဂန္တုဆရာတော်ကြီးက ဘယ်လိုက ဘယ်လို ကြွတော်မူလာတာလဲ"

"အဲဒီကိုယ်တော်ကြီးက ဆရာတော်ကြီးရဲ့ ညီတော်ဖြစ်ပါသတဲ့၊ ဘွဲ့တော်က ဦးဓမ္မပီယတဲ့၊ ညီနောင်နှစ်ပါးစလုံး သေမင်းပင့်ရာကို သမာဓိကြီးစွာနဲ့ မတုန်မလှုပ် လိုက်ကြွတော်မူကြတာဟာ သေဝံ့တဲ့ ပုဂ္ဂိုလ်များ ဖြစ်လို့သာပေါ့ကွယ်"



"အင်း"

ဒေါ်မြမေက 'လေးလေးတွဲ့တွဲ့' သက်ပြင်းချလိုက်ပြီး 'လေးလေးနက်နက်' စဉ်းစားနေလိုက်သည်။

"အင်း၊ မင်းက ဆရာတော်ကြီးနှစ်ပါးအကြောင်းကို စဉ်းစားနေတယ်နဲ့ တူတယ်" ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်၊ တောင်လေးလုံးဆရာတော်ကြီးက သေမင်းနဲ့ အချိန်းအချက်လုပ်ထားတဲ့အချိန်ကို သိထားတဲ့အတိုင်းပဲနော်၊ ညီဖြစ်တဲ့ ဆရာတော်ကလည်း နောင်တော်ပျံလွန်တာမူတာသိလို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွလာဟန်တူပါရဲ့၊ နောက်ပြီးတော့ အပို ခေါင်းတစ်လုံး လုပ်ထားတာလည်း သူ့အတွက်ပဲလို့ သိတော်မူဟန် တူပါတယ်"

"မင်းထင်တဲ့အတိုင်း သိထားတော်မူကြလို့နေမှာပေါ့ကွယ်၊ ကြည်ညိုစရာ မကောင်းဘူးလား၊ အားကျစရာမကောင်းဘူးလား"

"ကြည်ညိုစရာကောင်းသလောက် အားကျဖို့တော့ မလွယ်ဘူး မောင်ရေ၊ မှန်တာပြောရရင် သေရမှာတော့ ကြောက်သေးတာပဲ"

"မင်းကြောက်သလို ငါလည်း ကြောက်တာပါပဲ၊ ပုထုဇဉ် မှန်သမျှ လူတိုင်းကြောက်ကြတာပဲ၊ ကြောက်ပေမဲ့ သေကြရမှာပဲ၊ အဲဒီလို သေကြရမှာကို သေတော့မယ့်ဆဲဆဲကျမှသိလို့ ကြောက်တဲ့ လူက 'အမယ်လေး၊ အဘလေး၊ ကယ်ပါယူပါ မျက်ကလဲဆန်ပျာ' နဲ့ ပရမ်းပတာ သေကြရတယ်၊ တစ်နေ့နေ့တော့ ငါသေရလိမ့်မယ်၊ သေရမှာပဲလို့ ကြိုတင်တွေးထားပြီးသား ရှိတဲ့လူများမှာတော့ သေခါနီးဆဲဆဲရောက်တဲ့အခါ တွေးမထားမိတဲ့လူလောက် အကြောက် မလွန်ပါဘူးတဲ့ဗျာ၊ ဒီတော့ အလေ့အကျင့်ရအောင် တို့နှစ်ယောက် လည်း တစ်နေ့တစ်ခါလောက်တော့ တွေး,တွေး ကြည့်ကြတာပေါ့ကွာ၊ ဟုတ်လား" ■

www.burmeseclassic.com

www.burmeseclassic.com



# သဒ္ဓါပါတယ်မောင့်ကို

> မြတ်နိုးမှုသဒ္ဓါ
> ဆိုတဲ့စကားဟာ
> မင်းထင်သလို
> ပေတော့မောင်တော့
> သမီးရည်းစားစကား
> လင်မယားစကားမျိုး
> မဟုတ်ဘူး

မိုးလေဝသကင်းသည့်အခါ ဦးချမ်းသာသည် နံနက်တိုင်း လမ်းလျှောက်လေ့ရှိ၏၊ တစ်ခါက သူသွားနေကျခရီးကို ခြေလှမ်းဖြင့် ရေတွက်ခဲ့ဖူးရာ ခြေလှမ်းပေါင်း ၃၅၀၀ ရှိသည်ကို မှတ်သားမိသည်၊ နောက်တစ်ခါတော့ ခြေလှမ်းကို မမှတ်တော့ဘဲ အာနာပါန ထွက်လေဝင်လေကို အမှတ်ပြု၍လျှောက်၏၊ လမ်းတွင် မိတ်ဆွေများနှင့်တွေ့ရ၍ စကားစမြည်ပြောရသောအခါ အာနာပါနပျက်ရပြန်တော့သည်၊ နောက်တော့ ဓမ္မစကြာသုတ်နှင့် မေတ္တာသုတ်ကို ရွတ်သည်၊ ၎င်းနောက် 'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု' အစချီသော မေတ္တာပို့ကို စီးဖြန်းလာသည်၊ ခြေလှမ်းပေါင်း ၃၅၀၀ နှင့် ကွက်တိလောက်ဖြစ်သည်ကို တွေ့ရသည်၊ လမ်းတွင်တွေ့ရသောမိတ်ဆွေများအား ပါးစပ်မှတိုးတိုးရွတ်၍နှုတ်ဆက် ခေါင်းညိတ်ပြခြင်းကြောင့် သူတို့တစ်တွေကလည်း အလိုက်သိစွာ ရပ်တန့် စကားပြောခြင်းမရှိကြတော့ချေ၊ ဤသို့နှင့် လမ်းလျှောက်ရသည်ပင် စိတ်ကြည်လင်ပေါ့ပါး၍ ပင်ပန်းမှုပျောက်သတော့၏။

တစ်နေ့တော့ လမ်းလျှောက်ရာမှအပြန် အိမ်သို့ ရောက်သော

www.burmeseclassic.com

www.burmeseclassic.com

အခါ ဧည့်ခန်းတွင် ဇနီးသည် ဒေါ်မြမေနှင့် စကားဖောင်ဖွဲ့နေသော အရာရှိကတော်ဟောင်း (ဒေါ် . . . .) ကို တွေ့လိုက်ရသောကြောင့် ဦးချမ်းသာ၏စိတ်မှာ မကြည်မလင် ဖြစ်သွားသည်၊ ထိုအမျိုးသမီးမှာ သူများအကြောင်း 'မလိုမကောင်း၊ လိုလျှင်ကောင်း' ပြောတတ်သည်။

"ဟော၊ အစ်ကိုကြီးတောင် ပြန်လာပြီ၊ သွားလိုက်ဦးမယ် မမမြရယ်၊ စကားပြောလို့တော့ ကောင်းပါရဲ့' ဟု စကားစ,ကို ဖြတ်ကာ ဦးချမ်းသာကိုလည်း နှုတ်ဆက်၍ ထွက်သွားလေတော့သည်။

"ဒီတစ်ခါ ဘယ်သူ့အကြောင်း လာပြောတာလဲကွ"

"အို စုံလို့ပါပဲ"

"အေး၊ သူများအကြောင်းတွေ မင်းကိုလာပြောတဲ့ မိန်းမဟာ မင်းအကြောင်းလည်း သူများကို သွားပြောမှာသေချာတာပဲ"

"အင်း၊ လူများဟာ တယ်ခက်တယ်၊ 'မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးမှသဒ္ဓါ' တဲ့၊ အဲဒီစကားများ သိပ်မှန်တယ်"

ဒေါ်မြမေကစကားပြောရင်းဦးချမ်းသာအနား ဝင်ထိုင်လိုက်၏။

"ကဲ၊သူများမကောင်းသတင်းတွေ လက်ဆင့်မကမ်းချင်ပါနဲ့၊ ဗဟုသုတဖြစ်အောင် မင်းပြောတဲ့စကားကိုပဲ အဓိပ္ပာယ်ပြန်ပြပါဦး"

"ဘယ်စကားကို အဓိပ္ပာယ် ပြန်ပြရမှာလဲ အဖေကြီးကလည်း"

"မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးမှသဒ္ဓါ ဆိုတာလေ"

"ဒါများ၊ လူတိုင်း အဓိပ္ပာယ်သိပြီး ပြောနေကြတာကို"

"အေးပါ၊ လူတိုင်းက ဘယ်လို သိထားကြသလဲ၊ မင်းကိုယ်တိုင်ကော ဘယ်လိုသိထားသလဲ၊ အဲဒါကြားချင်လို့ပေါ့ကွ"

"မုန်းလျှင်အပြစ်ဆိုတာက မုန်းနေတဲ့လူ တစ်ယောက်ရှေ့မှာများ ကိုယ်ကဘာလုပ်လုပ် ဘာပြောပြော၊ ကောင်းတာလုပ်ပြီး ကောင်းတာ ပြောစေဦးတော့ အကောင်းကိုမထင်နိုင်ကြဘူး၊ တံတွေးထွေးလိုက်တာကအစ သူ့ကို့ရန်လုပ်တယ် ထင်တယ်၊ ကိုယ်က အမှတ်တမဲ့မို့



သူ့ကို နှုတ်မဆက်တာကို မာနကြီးတယ်ထင်တယ်၊ ကိုယ်ကနှုတ်ဆက်ပြန်တော့ အရောဝင်တယ်လို့ဆိုတယ်၊ ကိုယ့်မှာအပြစ်ချည်းပဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ 'မုန်းလျှင် အပြစ်' တော့သိပါပြီ၊ 'ချစ်လျှင် အကျိုး' ကို ဆက်စမ်းပါဦး"

"ဒါလည်း လွယ်ပါတယ်တော်၊ ကိုယ့်ကို အကောင်းထင်ပြီး ချစ်ခင်ကြည်ညိုနေတယ်ဆိုရင် သူ့ကို ဆဲဆိုအပြစ်တင်ဦး၊ ကောင်းစေလိုလို့ ဆုံးမတယ်လို့ ကျေးဇူးတင်လိုက်ကြသေး၊ ကိုယ်ထိလက်ရောက်ကျူးလွန်တာတောင်စိတ်မနာပါဘူး၊ပိုလို့တောင်ခင်မင်နေကြ ပြန်ရော"

"ကဲ ကဲ၊ 'မြတ်နိုးမှသဒ္ဓါ' ကို ပြောပါ"

"အဖေကြီးကလည်းလေ၊ ကိုယ်မြတ်နိုးတဲ့လူဆိုရင် ပေးချင်တယ် ကျွေးချင်တယ်၊ သဒ္ဓါဒေယျ ရှိတယ်ပေါ့၊ လေဘာတီမြရင်လှားသီချင်းတောင် ရှိသေးတယ်လေ၊ 'သဒ္ဓါပါ တယ်မောင့်ကို၊ ကြည်ဖြူပါတယ်မောင့်ကို၊ သူ့ကိုများဖြင့် ကျွန်မစေတနာတွေပို' "

"ဟဲ ဟဲ၊ ငါ့မိန်းမက အသံနေအသံထားနဲ့ဆိုပြရင် သိပ်ကောင်းမှာကွာ"

"တော်ပါ၊ လူကို ကလေးကလားနဲ့"

ဒေါ်မြမေက ခပ်စူစူလေးလုပ်ကာ ထသွားမည်အပြုတွင် ဦးချမ်းသာက လက်မောင်းကိုဆွဲ၍ တားထားလိုက်သည်။

"ဟေ့ နေဦးကွ၊ အဲဒီ 'မြတ်နိုးမှသဒ္ဓါ' ဆိုတဲ့ စကားအဓိပ္ပာယ်ကို ငါက ရှင်းချင်လို့ မင်းကို တမင်အပြောခိုင်းနေတာ သိလား၊ ထိုင်ဦး၊ အဲဒီ မြတ်နိုးမှသဒ္ဓါဆိုတဲ့စကားဟာ မင်းထင်သလို 'ဖေတော့၊ မောင်တော့' သမီးရည်းစားစကား လင်မယားစကားမျိုး မဟုတ်ဘူး တကယ်မြတ်နိုးလို့ သဒ္ဓါစိတ်ပေါက်ရင် အရိယာတောင် ဖြစ်နိုင်တယ်"

ခပ်စူစူ ခပ်မှုမှုလေးဖြစ်နေသော ဒေါ်မြမေ၏ မျက်နှာထားမှာ စိတ်ဝင်စားလာသလို ဦးချမ်းသာအား စေ့စေ့ကြည့်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုများပါလဲတော်၊ ဟောစမ်းပါဦး မမွကထိကကြီးရဲ့"

"တို့က သဒ္ဓါဆိုတဲ့ ပါဠိစကားလုံးကို တိတိကျကျ အဓိပ္ပာယ် မသိဘဲ 'သဿာ' တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ပြောလာခဲ့ကြတာကွ၊ သဿာတယ်ဆိုတာက စေတနာရှိတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ဟုတ်လား"

"နို့ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ သဒ္ဓါဆိုတဲ့ ပါဠိ အဓိပ္ပာယ်က မြန်မာလို 'ယုံကြည်ခြင်း' လို့ ဘာသာပြန်ရမှာပါ၊ အဲဒါတောင်မှ အသံထွက် မှားနေတတ်ကြသေးတယ်၊ ပါဠိမှာ 'သဒါ' ဆိုတာလည်းရှိတယ်၊ 'သဒ္ဓါ' ဆိုတာလည်း ရှိတယ်၊ မင်းအခုပြော နေတဲ့ 'သဒ္ဓါ' ဆိုတာ လည်းရှိတယ်၊ (သ) နဲ့ ဒဒွေးရေးချ (ဒါ) သဒါဆိုတာက 'အခါ ခပ် သိမ်း'၊ 'အမြဲ' လို့ အဓိပ္ပာယ်ရတယ်၊ (သ) နဲ့ ဒဒွေးနှစ်လုံးဆင့်ရေးချ သဒ်ဒါကတော့(သဒ္ဒါ)ကျမ်းလို့အဓိပ္ပာယ်ရတယ်၊ (သ)နဲ့ဒဒွေးမအောက် ချိုက်ရေးချ သဒ်ဓာကတော့ ယုံကြည်ခြင်းလို့ အဓိပ္ပာယ်ပြတယ်"

"ရှင်ပြောသလို သဒ်ဓာရယ်လို့ အသံထွက်တာ ကြားဖူးပါဘူး တော်၊ သဒါလို့ပဲ ပြောနေကြတာပဲဟာ"

"ဟုတ်ပါတယ်၊ လူတွေကသာ အရပ်စကား အဖြစ်နဲ့ပြောနေ ကြတာပါ၊ ပါဠိဘာသာကျွမ်းကျင်တဲ့ ရဟန်းတော်များကတော့(သဒ္ဓါ) ကို သဒ်ဓာလို့ပဲ အသံထွက် ဟောပြောနေကြပါတယ်"

"ကဲလေ၊ ယုံကြည်ခြင်းဆိုတဲ့ အကြောင်းကိုပဲ ပြောပါတော့"

"ယုံကြည်ခြင်းဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်မှာ လေးလေးနက်နက်ယုံမှတ်၍ ကြည်လင်လာခြင်းကို 'ယုံကြည်ခြင်း' လို့ ကျေးဇူးရှင်တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားက အဓိပ္ပာယ် ဖွင့်တော်မူခဲ့ပါတယ်၊ ဗုဒ္ဓကိုယုံကြည်ခြင်း၊ ဓမ္မကိုယုံကြည်ခြင်း၊ သံဃာကို ယုံကြည်ခြင်း၊ ကံနှင့်ကံ၏အကျိုးကိုယုံကြည်ခြင်း၊ အဲဒီလို ယုံကြည်ခြင်းမျိုးဟာ အရိယာတောင် ဖြစ်နိုင်ပါသတဲ့၊ မင်းပြောတဲ့



'မြတ်နိုးမှုသဒ္ဓါ' ဆိုတာက ဗုဒ္ဓမြတ်စွာကို မြတ်နိုးမှု သဒ္ဓါဆိုတာ ဖြစ်လာနိုင်ပါတယ်၊ တရားတော်ကိုလည်း ထိုနည်းလည်းကောင်းပေါ့"

"ဒီလိုတော့လည်း သူ့အဓိပ္ပာယ်နဲ့သူ အဟုတ်သားပါလား"

"ဟုတ်ရမှာပေါ့၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာတဲ့၊ ကြည့်လေ သဒ္ဓါဆိုတဲ့ ယုံကြည်ခြင်းက ဦးဆောင် နေတယ် မဟုတ်လား၊ မြတ်စွာဘုရားရဲ့ 'စရဏတရား တစ်ဆယ့် ငါးပါး' ထဲမှာလည်း ဒီအတိုင်းပါနေပါတယ်၊ အကျဉ့် ဣန္ဒြေငါးပါး မှာလည်းကြည့်ဦး၊သဒ္ဓိန္ဒြေ၊ဝီရိယိန္ဒြေ၊သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတဲ့"

"အဲဒီဣန္ဒြေဆိုတာက ဘာကိုပြောတာတုံး"

"ဣန္ဒြေဆိုတာ အုပ်ချုပ်ခြင်း၊ အစိုးရခြင်း၊ သိမ်းဆည်းခြင်းလို့ အဓိပ္ပာယ်ရတယ်"

"မိန်းမတို့ ဣန္ဒြေ ရှေ့ပေးလို့မရ ဆိုတာကတော့ကော"

"ဟာ၊ ဒါက မိန်းကလေးပီသအောင်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ အာရုံ ခြောက်ပါးမှာ လျှပ်ပေါ်လော်လီခြင်း ကင်းအောင် စောင့်ထိန်းတာကိုဆိုတာ၊ သဒ္ဓိန္ဒြေကျတော့ မိမိရဲ့ သဒ္ဓါစိတ်ကို မပျံ့မလွင့် မပျောက်မပျက်အောင် အမြဲထိန်းချုပ်ရမှာ ဖြစ်တယ်၊ နောက်တစ်ခု ဗိုလ် ငါးပါးတဲ့၊ အဲဒါတွေက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ ဖြစ်တယ်၊ ဗိုလ်ဆိုတာ အင်အားဗလကိုပြောတာ၊ အဲဒီမှာလည်းကြည့်၊ သဒ္ဓါဆိုတဲ့ နာမ်တရားက ဦးဆောင်နေတယ်၊ သဒ္ဓါတရားက အင်အားမကောင်းရင် ဝီရိယမရှိနိုင်ဘူး၊ ဝီရိယမရှိရင် ပညာဆိုတဲ့ဉာဏ်အလင်းဖြစ်မလာ ဘူး၊ အဲဒါကြောင့် တို့တစ်တွေဟာ သဒ္ဓါတရားအားကောင်းဖို့လိုတယ်"

"နေပါဦး၊ သဒ္ဓါရက်ရောစွာ ပေးလှူတယ်ဆိုတာကရော့ကော"

"အဲဒါက ကံနဲ့ကံ၏အကျိုးကို ယုံကြည်လို့ ပေးလှူတာကို ပြောတာ၊ ပုဂ္ဂိုလ်စွဲ လှူတာတန်းတာမျိုး မဟုတ်စေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဘာသာဝင်တွေဟာ ရတနာသုံးပါးကိုလည်း ယုံကြည်ကြပါတယ်၊ ကံ ကံ၏အကျိုးကိုလည်း ယုံကြည်ကြပါတယ်တော်"

"မင်း မှတ်ကျောက်အတင်ခံနိုင်ပါ့မလား၊ တို့တစ်တွေ (အများအားဖြင့်ဆိုပါတော့ကွာ) ယုံကြည်တယ်လို့ပြောနေတာကိုက သာမန်ပုထုဇဉ်များအနေနဲ့ သဒ္ဓါတရား ခိုင်မြဲဖို့က အလွန်ခဲယဉ်းနေပါသေးတယ်၊ ငါဆိုလိုတာက အခါခပ်သိမ်း ကိုယ့်စိတ်မှာသဒ္ဓါတရားကိန်းနေဖို့ကိုဆိုလိုတာနော်၊ တို့စိတ်မှာ အညစ်အကြေး ငါးပါးဆိုတာကအမြဲလိုလို ဝင်ရောက်ပူးကပ်နှိပ်စက်ဖျက်ဆီး နေတတ်ကြတယ်၊ကျမ်းဂန်များမှာ နေ လ တို့၏ အညစ်အကြေး ငါးပါး၊ ရွှေစင်ရွှေကောင်းတို့၏အညစ်အကြေးငါးပါးတဲ့၊ အဲဒီ ဥပမာများနဲ့ နှိုင်းယှဉ်ပြီး 'သဒ္ဓါ'အစရှိတဲ့စိတ်ကောင်းတွေကိုဖျက်ဆီးတဲ့အညစ်အကြေးငါးပါးဆိုတာပြထားပါတယ်"

"အဲဒါတွေကို တစ်ခုချင်းရှင်းပြမှ နားလည်မှာပေါ့ အဖေကြီးရဲ့"

"အေးပါ၊ ရှင်းပြမှာပေါ့၊ နေ လ တို့၏ အညစ်အကြေးငါးပါးဆိုတာက ၁– ဆီးနှင်း၊ ၂– မြူ၊ ၃– တိမ်၊ ၄– အသုရိန်နတ်မင်း၊ ၅– မီးခိုး အဲဒီငါးပါးပဲကွဲ့၊ ဆီးနှင်းတွေကျနေတဲ့ အခါမှာ နေ,လတို့၏အလင်းရောင်ဟာ ကြည်လင်သန့်ရှင်း မထွန်းတောက်နိုင်ဘူးမဟုတ်လား၊ အဲဒီလိုပဲ မြူမှုန်တွေ ထ,နေတဲ့အခါလည်း နေ,လ၏အလင်းရောင်ကို အညစ်အကြေးဖြစ်စေတယ်၊ တိမ်ထူထပ်တဲ့ အခါများမှာလည်း နေရောင်ဘယ်ထွက်ပါ့မတုံး၊ အသုရိန်နတ်မင်းက ခံတွင်းနဲ့ ငုံတဲ့အခါ နေ,လတို့ရဲ့အလင်းရောင်ဟာ ပျောက်ကွယ်သွားတတ်တယ်၊ တို့တစ်တွေဟာ အဲဒါကို နေကြတ်တယ်၊ လပုပ်ဖမ်းတယ်လို့ဆိုကြတယ်မဟုတ်လား၊ အဲနောက်ဆုံးတစ်ခုက မီးခိုးတဲ့၊ မီးခိုးတွေသိပ်များနေတဲ့အခါမှာလည်း နေရောင်၊ လ,ရောင်တို့ဟာ မှေးမှိန်သွားတာပေါ့၊ အဲဒါတွေက မင်းတို့ ငါတို့ ကိုယ်တွေ့မဟုတ်လားကွယ်"

"ဒါတွေကို ကျွန်မတို့က တစ်ခုချင်း သတိမထားမိခဲ့ကြဘူး၊



ကဲ ရွှေအညစ်အကြေးငါးပါးဆိုတာ ပြောပါဦး"

"အေး၊ မင်းတို့အခုဝတ်နေကြတဲ့ ရွှေဟာ ဇမ္ဗူရာဇ်ရွှေ နာရဏီရွှေအစစ် မဟုတ်သေးဘူးကွ၊ အဲဒီထဲမှာ ရောစပ်ထားတဲ့ ဒြပ်စင်တွေပါနေသေးတယ်၊ နာရဏီရွှေအစစ်ဆိုလျှင် ပျားဖယောင်း ပျော့သလိုပျော့နေတယ်၊ ဒါကြောင့် 'ရွှေအကြောင်း ဖယောင်း သက်သေ' လို့ စကားပုံရှိတာပေါ့"

"သြော် ဟုတ်လား၊ ကျွန်မဖြင့် အခုမှ ကြားဖူးတော့တယ်၊ ရွှေအစစ်များဝတ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲနော်"

"မင်းတို့ မိန်းမများကတော့ လုပ်ပြီ၊ ဖယောင်းလို ပျော့ပျောင်းနေရင် လက်ရာပုံသဏ္ဌာန် လုပ်ချင်တိုင်းလုပ်လို့ ဘယ်ရတော့မလဲ၊ ပုရပိုက်ခေါက် ရွှေဆိုရင်တောင် ပျော့အိနေပြီ၊ ဒါကြောင့် ဘော်တို့ကြေးတို့နဲ့နည်းနည်းစပ်ပေးရတယ်၊ဒါတွေထားပါတော့၊ ရွှေရဲ့အညစ်အကြေးငါးပါးကို ပြောမယ်၊ ၁– ကြေးနီ၊ ၂– ကြေးဝါ၊ ၃– ခဲမဖြူ၊ ၄– ခဲမနက်[အဖြိုက်နက်လို့လည်း ခေါ်ကြ ထင်ပါရဲ့ကွာ] ၅– ဘော်ငွေတဲ့"

" ဒီလိုရောထားလို့ ကာရက်ရွှေလို့ ခေါ်ကြတာထင်ပါရဲ့"

"အဲဒီလို နေ,လ တို့ရဲ့ အညစ်အကြေးတွေက နေ,လ ရဲ့ အလင်းရောင်ကို ညစ်ညူးစေ သကဲ့သို့ ရွှေရဲ့အညစ်အကြေးတွေက ရွှေရဲ့တောက်ပမှု၊ ပျော့ပျောင်းမှု၊ အဖိုးတန်မှုတွေကို ယုတ်လျော့စေတယ် မဟုတ်လား၊ အဲသလိုပဲ စိတ်ကောင်း စိတ်မွန်တို့ကို ရောယှက်ဖျက်ဆီးတာက စိတ်အညစ်အကြေး ငါးပါးပေါ့၊ ၁–လောဘ၊ ၂– ဒေါသ၊ ၃– မောဟ၊ ၄ –မိဒ္ဓ၊ [လေးလံထိုင်းမှိုင်းခြင်း] (၅) အဝိဇ္ဇာ [စုံလုံးကန်းခြင်း] အဲသလိုရှိတယ်ကွ၊ ကုသိုလ်ကောင်းမှုမှာဖြစ်ဖြစ်၊ သဒ္ဓါဆိုတဲ့ စိတ်ဓာတ်ကိုပဲဖြစ်ဖြစ်၊ အဲဒီအညစ်အကြေးငါးပါးတို့က ပူးဝင်ချဉ်းကပ်ပြီး နှောင့်ယှက် ဖျက်ဆီးတတ်တယ်တဲ့"

"အင်း၊ စိတ်ကို စိတ်ကပဲ ကောင်းအောင်ပြုပြင်နိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို စိတ်ကပဲ မကောင်းအောင် တိုက်တွန်းတတ်တယ်ဆိုတာ အဖေကြီး ပြောဖူးသားပဲ”

“ဟုတ်ပါတယ်၊ လောဘ ဒေါသ မောဟတွေနဲ့ နေ့စဉ်နဲ့အမျှ နေ့စဉ်အမြဲ လုံးထွေးသတ်ပုတ်နေကြတဲ့ တို့တစ်တွေမှာ ဣဿာမစ္ဆေရ၊ အဘိဇ္ဈာဗျာပါဒ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဆိုတာတွေပါ ပြန့်ပွားလာတာပေါ့ကွာ၊ ဒါကြောင့် သဒ္ဓါတရား ဆိုတာဟာ တို့များအဖို့ အင်မတန် ပျက်လွယ်တတ်ပါတယ်တဲ့၊ ဘယ်သူကမှ တာဝန်မခံနိုင်ပါဘူးတဲ့၊ ကိုယ့်သဒ္ဓါတရားကို ကိုယ့်ပညာကသာ ထိန်းထားနိုင်ပါလိမ့်မယ်တဲ့၊ အဲဒါနဲ့စပ်လို့ အဆိုအမိန့်တစ်ခုကို တန်ခိုးအဘိညာဉ် အရာမှာ ဧတဒဂ်ဘွဲ့ထူး ရတော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက သူ့ဒါယကာ သူဌေးကြီးကို ဟောတော်မူထားတာရှိတယ်”

“အဲဒီအကြောင်းလေးများ အကျယ်ချဲ့ပြောစမ်းပါဦးလား ဓမ္မကထိကကြီးရဲ့၊ ကြားရ နာရအောင်”

“ကောင်းပါပြီဒကာမကြီးရယ်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ကောလိယပြည်ကိုကြွရောက်ပြီး သီတင်းသုံးတော်မူတဲ့အခါက ဖြစ်ပါတယ်၊ အဲဒီကောလိယပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦးထံ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးက ဆွမ်းခံကြွတော်မူလေ့ရှိပါသတဲ့၊ ဒါကြောင့် သူဌေးကြီးနဲ့ အရှင်မြတ်တို့ဟာ ဆရာဒကာအဖြစ် ရင်းနှီးကျွမ်းဝင်နေကြတယ်၊ တစ်နေ့တော့ ဒါယကာသူဌေးကြီးက ‘လာမယ့် ဥပုသ်နေ့မှာမြတ်စွာဘုရားသခင်ကိုပါ ပင့်ဖိတ်၍ တပည့်တော်အိမ်မှာ ဆွမ်းကျွေးချင်ပါတယ်၊ အရှင်ဘုရားက တပည့်တော်ကိုယ်စား လျှောက်ထားပင့်ဖိတ်ပေးပါ’ လို့ပြောတယ်ကွာ၊ ဒီတော့ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးကလည်း လျှောက်ထားပြီးတော့ ပင့်ဖိတ်ခဲ့ပါမယ်လို့ တာဝန်ခံလိုက်တယ်ကွာ၊ ဒီလိုနဲ့ သူဌေးကြီးလည်း လှူဒါန်းဖွယ်ရာတွေကို စီမံပြုလုပ်



နေတာပေါ့၊ ဖြစ်ချင်တော့ သူဌေးကြီးကိုတာဝန်ခံတဲ့နေ့မှာပဲ‘သုပ္ပဝါသာ’ မင်းသမီးလေးက ခုနစ်ရက်ဆက်တိုက် ဆွမ်းကပ်လှူဖို့ မြတ်စွာဘုရားအား လျှောက်ထားပြီးဖြစ်နေတယ်၊ သုပ္ပဝါသာ မင်းသမီးဆိုတာမင်းတို့ ငါတို့ကြားဖူးနားဝအလွန်ရှိနေတဲ့ အရှင်သီဝလိရဟန္တာရဲ့မယ်တော်ပေါ့”

“သြော် သြော်၊ လာဘ်လာဘပြည့်စုံတဲ့အရာမှာ မြတ်စွာဘုရားက ဧတဒဂ်ပေးတော်မူတဲ့ ရဟန္တာ မဟုတ်လား”

“ဟုတ်ပါတယ်၊ အဲဒီအခါက ‘အဲဒီရဟန်းလောင်းလေးကို မွေးဖွားတော်မူတဲ့နေ့ရက်ဖြစ်နေလို့ မြတ်စွာဘုရားကို ဆွမ်းပင့်ကျွေးမှာ ဖြစ်တယ်၊ အကျယ်တော့မပြောတော့ပါဘူးကွာ၊ သဒ္ဓါတရားနဲ့ပတ်သက်လို့ ဓမ္မရသကိုမြန်မြန်ရောက်အောင် အကျဉ်းချုံးကြတာပေါ့၊ ဒီတော့ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက သူ့ဒါယကာ သူဌေးကြီးထံ ပြန်ပြီး ရက်ချိန်းလွှဲဖို့ပြောရတာပေါ့၊ အဲဒီမှာ သူဌေးကြီးကဆရာဒကာ ရင်းနှီးသူများပီပီ စောဒကဆင်ခြေတွေနဲ့ လျှောက်ပါသတဲ့၊ ‘ဘယ့်နှယ်လဲ အရှင်ဘုရား၊ အရှင်ဘုရားကိုယ်တိုင်က ဝန်ခံသွားလို့ တပည့်တော်မှာ အစစအရာရာစီစဉ်ပြီးပါပြီ၊ တပည့်တော် ရက်ချိန်းလွှဲဖို့ကိစ္စမှာဖြစ်နိုင်မယ် မထင်တော့ပါဘူး’ လို့ လျှောက်တယ်၊ ဒီတော့အရှင်မောဂ္ဂလာန်က ‘ဒကာကြီးချိန်းတဲ့ရက်နဲ့ ခုနစ်ရက်မျှသာ ကွာပါတယ်၊ သည်းခံပြီးစောင့်ပါ’ လို့ပြောတယ်၊ ဒီတော့သူဌေးကြီးက ပြန်လျှောက်တယ်၊ ‘အရှင်ဘုရားကိုပဲ အနိစ္စ, အမြဲမရှိလို့ ဟောတော်မူတယ် မဟုတ်လားဘုရား၊ အခု တပည့်တော်ရှိတဲ့ ပစ္စည်းတွေ အကုန်လုံးဟာ ခုနစ်ရက်အတွင်းမှာ ပျောက်ပျက် ကုန်ဆုံးသွားရင်ဘုရားမြတ်စွာကို တပည့်တော်မှာ ဆွမ်းကပ်နိုင်ခွင့်ဘယ်ရှိပါတော့မလဲ’ လို့ လျှောက်ထားသတဲ့လ”

“သဗ္ဗေသင်္ခါရာ အနိစ္စာ လို့ ဘုရား ဟောတော်မူထားတာပဲ”

“နေပါဦးလေ၊ ငါဆက်ပြောပါမယ်၊ သူဌေးကြီးက အဲသလို ဆင်ခြေတက်တော့ အရှင်မဟာမောဂ္ဂလာန်က ‘မှိုးရိုးပါနဲ့ဒါယကာ

www.burmeseclassic.com



ကြီး၊ ကျွန်ုပ်၏ အနာဂတံသဉာဏ် (ရှေ့ဖြစ်သို့ ကြိုတင်၍ သိမြင်နိုင်သောဉာဏ်) နဲ့ ကြည့်လိုက်တဲ့အခါမှာ အသင်သူဌေးကြီး၏ ဥစ္စာပစ္စည်းများသည် တစ်ဆယ့်နှစ်နှစ်ကာလပတ်လုံး ဆုတ်ယုတ် ပျက်စီးလိမ့်မည် မဟုတ်၊ တိုးပွားသည်ထက်သာ တိုးပွား နေလိမ့်ဦးမည်၊ ထို့ကြောင့် မြတ်စွာဘုရားအား လှူဒါန်းရန် အနှောင့်အယှက် မဖြစ်နိုင်ပါ' လို့ မိန့်တော်မူသတဲ့၊ အဲသလို တာဝန်ခံတော့ သူဌေးကြီးက အတွန့်တက်ပြန်တယ်၊ 'အရှင်ဘုရားရဲ့ တန်ခိုးအဘိညာဉ်ကို သံသယမရှိပါဘူး၊ တပည့်တော်ရဲ့ပစ္စည်းများ မပျောက်မပျက်ရှိသည်ပဲထားဦး၊ အခုခုနစ်ရက်အတွင်းမှာ တပည့်တော်သေသွားရင်ကော ဘယ့်နှယ်လုပ်မလဲ'တဲ့"

"အေးပေါ့လေ၊ 'ပစ္စည်းသခၤါရ၊ လူသခၤါရ' လို့ ဆိုတယ် မဟုတ်လား၊ ပစ္စည်းက လူကိုစွန့်ရင်လည်းစွန့်မယ်၊ လူက ပစ္စည်းကို စွန့်ရင်လည်း စွန့်ကြရမယ်"

"ဟုတ်ပါတယ်၊ 'သဗ္ဗေသခၤါရာ အနိစ္စာ' ကိုးကွ၊ ဒါကို ရဟန္တာအရှင်မြတ်ကြီးက 'ဒါယကာကြီးရဲ့အသက်ဟာ တစ်ဆယ့်နှစ်နှစ် ကာလပတ်လုံး မသေနိုင်ပါဘူး' လို့ တာဝန်ခံပြန်ပါတယ်"

"ဒီလိုဆိုရင် ဘုရားကိုယ်တော်မြတ်ကို ဆွမ်းကပ်ကျွေးဖို့သေချာသွားပြီပေါ့နော်"

"မသေချာသေးပါဘူး၊ အရေးကြီးဆုံးအချက်က ကျန်နေပါသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ သူဌေးကြီးကလျှောက်တဲ့ စကားကို နားထောင်၊ 'အရှင်ဘုရား၊ ဥစ္စာလည်းမပျက်ဘူး၊ တပည့်တော်ရဲ့အသက်လည်း မသေဘူးဆိုတာတော့ ဟုတ်ပါရဲ့၊ ရတနာ သုံးပါးနဲ့တကွ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ တပည့်တော်ရဲ့သဒ္ဓါတရားက ခုနစ်ရက်အတွင်းမှာပဲ ပျောက်ပျက်သွားမယ်' တဲ့၊ 'အဲသလိုဆိုရင် တပည့်တော်ဟာ မြတ်စွာဘုရားကို ဆွမ်းကျွေးဖြစ်တော့မှာ မဟုတ်ပါဘူး၊ အဲဒါ ဘယ့်နှယ်လုပ်ရမတုံး'တဲ့"



"အေးလေ၊ အဲဒါက အရေးကြီးဆုံးဆိုတာ ဟုတ်တာပေါ့၊ ဒီတော့ ရဟန္တာအရှင်မြတ်ကြီးက ဘယ်လိုမိန့်တော်မူသလဲရှင်"

"ဒါယကာသူဌေးကြီးတဲ့၊ ဒါယကာကြီးရဲ့ ရုပ်ဝတ္ထုဖြစ်သော ဥစ္စာနဲ့ အသက်ကိုသာ ကျွန်ုပ်ကမြင်လို့ တာဝန်ခံနိုင်ပါတယ် တဲ့၊ ဒကာကြီးရဲ့ နာမ်ခန္ဓာဖြစ်တဲ့စိတ်ကိုတော့ ကျုပ်က အာမ,မခံနိုင်ပါဘူး တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အယူမှားသော မိစ္ဆာဒိဋ္ဌိနှင့် ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာတို့က သဒ္ဓါတရားကို ဖျက်ဆီးနိုင်လို့ပါ တဲ့၊ ဒါကြောင့် ကျွန်ုပ်က တာဝန်မခံနိုင်ပါဘူး တဲ့၊ ဘယ်သူမှလည်း တာဝန်ခံနိုင်မှာ မဟုတ်ပါဘူး တဲ့၊ ဒကာကြီးရဲ့စိတ်ကို ဒကာကြီးရဲ့စိတ်ကသာ အာမခံနိုင်မှာ ဖြစ်ပါတယ်တဲ့၊ ဆိုလိုရင်းက အခုန ပြောခဲ့တဲ့ စိတ်ရဲ့အညစ်အကြေးဟူသမျှကို မိမိ၏ ပညာ စေတသိက်နဲ့ သုတ်သင်ဆေးကြောပေးရမည်ကို ဆိုလိုတာဖြစ်တယ်"

"သာဓု သာဓု၊ ကောင်းလိုက်တာနော်၊ ဟုတ်တာပေါ့၊ မိမိရဲ့စိတ်ကို မိမိကသာ ပြုပြင်နိုင်တာပဲ"

"ဒီတော့မှ သူဌေးကြီးက ရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာ ရှိခိုးပြီးလျှောက်တယ်၊ လျှောက်တဲ့စကားကတော့ 'အရှင်ဘုရားထံမှ ဟောတော်မူတဲ့တရားကို ကြားနာလိုခြင်းကြောင့်သာ တပည့်တော်က ဆင်ခြေလက်ခြေနဲ့ အတွန့်တက်ခဲ့တာပါဘုရား၊ တပည့်တော် ကျေနပ်လှပါတယ်၊ ယနေ့မှအစပြု၍ တပည့်တော်၏သဒ္ဓါစိတ်ကို ပညာဖြင့် နိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်နေပါမယ်ဘုရား' လို့ သဒ္ဓါကြည်ညိုစွာ လျှောက်ထားပါတယ်၊ အဲဒါကို ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက တို့တစ်တွေ အမြဲသတိထားရအောင် 'မဟာဒေဝ' ကြီးမှာဟောသလို ရေးသားတော်မူခဲ့ပါတယ်ဗျာ၊ 'ထင်ရှားကျော်ဟိုး၊ ဘိညာဉ်စိုးသား၊ တန်ခိုးကြီးစွာ၊ ရဟန္တာလျှင်၊ ဥစ္စာအသက်နှစ်ပါးတွက်ကို၊ မပျက်စီးရာ၊ ဝန်ခံစွာလျက်၊ သဒ္ဓါဟုခြား၊ ထိုတရားမှု၊ ဖောက်ပြား

www.burmeseclassic.com

www.burmeseclassic.com



ယွင်းသွေ၊ မိစ္ဆေဖီသန်း၊ ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်၊ မပြုနိုင်ဟု၊ မြဲခိုင်စိမ့်ငှာ၊ ထိုသဒ္ဓါကို၊ ပညာကွန့်တွေ၊ မဆွံ့စေနှင့်' တဲ့၊ ကဲ မှတ်ထား"

"ကောင်းလိုက်တာရှင်၊သာဓုပါ၊မန်လည်ဆရာတော် ဘုရားကြီးရဲ့ စာပေကျေးဇူးတော်ကို ရှိခိုးလိုက်ပါရဲ့၊ သူဌေးကြီးပြောသလို ကျွန်မတို့လည်း သဒ္ဓါတရား မဆွံ့အောင် အမြဲကြိုးစားရမှာပဲနော်"

"အေးပေါ့ကွ၊ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာမှာ

၁။ သဒ္ဓါ= ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း၊

၂။ သီလ = ပဉ္စသီ, အဋ္ဌင်္ဂသီလနှင့်ပြည့်စုံခြင်း၊

၃။ သုတ = အကြားအမြင်များခြင်း၊

၄။ စာဂ = ပေးကမ်းစွန့်ကြဲခြင်း၊

၅။ ပညာ = လောကီလောကုတ္တရာပညာနှစ်ပါးနှင့်ပြည့်စုံခြင်း၊

၆။ ဟိရီ = သူတော်ကောင်းတို့ ကဲ့ရဲ့မည်ကို ရှက်ခြင်း၊ မကောင်းမှုကိုရှက်ခြင်း၊

၇။ ဩတ္တပ္ပ = ပစ္စုပ္ပန် သံသရာဘေးကို ကြောက်လန့်ခြင်း၊ မကောင်းမှုကိုလန့်ခြင်း၊ အဲဒီ နေရာမှာလည်း သဒ္ဓါက ဦးစီးထားတာကို မင်းတွေ့ရလိမ့်မယ်"

" သူတော်ကောင်းဖြစ်ဖို့လည်း သဒ္ဓါကအရင်းခံတာပဲနော်"

"သူတော်ကောင်းဖြစ်ပြီးတဲ့နောက် သောတာပန်အရိယာဖြစ်လာတဲ့အခါကျတော့ အသက်သာစွန့်ရင်စွန့်မယ်၊ သဒ္ဓါဆိုတဲ့တရားကိုတော့ မစွန့်ဘူးတဲ့၊ သောတာပန်ရဲ့ အင်္ဂါ လေးပါးမှာ

၁။ ဗုဒ္ဓေအဝေစ္စပသာဒ = ဘုရားဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း၊

၂။ ဓမ္မေအဝေစ္စပသာဒ = တရားဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း၊

၃။ သံဃေအဝေစ္စပသာဒ = သံဃာ့ဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်း၊

၄။ သီလသမ္ပန္န= ငါးပါးသီလနှင့် ပြည့်စုံခြင်းတဲ့"



"သောတာပန်ဖြစ်တယ်ဆိုရင် အပါယ်တံခါးပိတ်သွားပြီမဟုတ်လား"

"အေး၊ သောတာပန် အစစ်ဆိုရင်တော့ ဟုတ်တာပေါ့ကွာ၊ လူထုဦးလှပြောတဲ့ သောတာပန်မျိုးဖြစ်နေရင်တော့ မလွယ်သေးဘူးကွ"

"ဦးလှက ဘယ်လိုပြောလို့တုံး"

"ရယ်စရာ ပုံပြင်လေးပေါ့ကွာ၊ ရွာတစ်ရွာမှာ စာပေ မတတ်တတတ် ရွာသူကြီးတစ်ယောက် ရှိသတဲ့၊ ရွာဦးကျောင်းက ဘုန်းကြီးထံသွားသွားပြီး 'သောတာပန်ဖြစ်ကြောင်း တရားဟောတော်မူပါဘုရား' လို့ နားပူလေ့ရှိသတဲ့၊ ဘုန်းတော်ကြီးကလည်း ငါးပါးသီလမှမလုံတဲ့သူကြီး အကြောင်းကိုသိလေတော့ 'ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်ရင် သောတာပန်ဖြစ်လိမ့်မယ်' လို့ ဟောသတဲ့၊ 'ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာဆိုတာ ဘာတွေလဲဘုရား' လို့ သူကြီးက မေးတယ်၊ 'အတ္တစွဲဆိုတဲ့ အယူမှားခြင်းကို ဒိဋ္ဌိလို့ခေါ်တယ်။ တရားဓမ္မမှာ သို့လော, သို့လော ယုံမှားသံသယရှိခြင်းကို ဝိစိကိစ္ဆာလို့ခေါ်တယ်' ဘုန်းတော်ကြီးက ရှည်ရှည်ဝေးဝေး ပြောပြပေမယ့်ရင်လည်း နားလည်မှာ မဟုတ်တော့တဲ့ အတူတူ တိုတိုပဲပြောလိုက်တဲ့အခါ ရွာသူကြီးက ဝမ်းသာအားရစွာနဲ့ 'တပည့်တော်မှာ အတ္တစွဲလည်း မရှိတော့ပါဘူး ဘုရား၊ တရားတော် အပေါ်မှာလည်း သို့လောသို့လော ဝိစိကိစ္ဆာလည်း မရှိတော့ပါဘူး ဘုရား' လို့ ခပ်ကြွားကြွား ခပ်မာမာ ပြောလေတော့ 'အင်း– ဒါဖြင့် ဒကာကြီးဟာ သောတာပန်ဖြစ်နေပြီပေါ့' လို့ နားကြားပြင်း ကတ်နေတာနဲ့ ငေါ့တော့တော့ ပြောလိုက်တာကို သူကြီးက အလိုက် ကန်းဆိုးမသိဘဲ 'ဒါဖြင့် တပည့်တော်ဟာအပါယ်တံခါးပိတ်ပြီပေါ့နော်' လို့ လျှောက်နေသေးတာနဲ့ ဘုန်းကြီးက 'ပိတ်ပြီ၊ ပိတ်ပြီ၊ သွားတော့' လို့ နှင်လွှတ်လိုက်ရသတဲ့၊ အဲသလိုနဲ့ ရွာသူကြီးဟာ သူသောတာပန် ဖြစ်နေကြောင်း၊ အပါယ်လေးပါးတံခါးပိတ်ထားပြီဖြစ်ကြောင်း၊ မသာအိမ် အလှူအိမ် ဒုမင်္ဂလ သုမင်္ဂလ စကားဝိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တဖောင်ဖောင်ပြောနေပါလေရောတဲ့"

"သူကြီးကလည်း အူကြောင်ကြောင် ထင်ပါရဲ့တော်"

"ဒီထက် အူကြောင်ကြောင်ဖြစ်တာ မင်းကြားရလိမ့်ဦးမယ်ဗျာ၊ ဖြစ်ပုံက တစ်နေ့တော့ လက်ထောက် မြို့အုပ်ကလေးက နယ်လှည့်ရင်း သူ့ရွာရောက်လာသတဲ့၊ ရှေးခေတ်ကတော့ ဗိုလ်တဲမရှိတဲ့ ရွာကလေး မျိုးဆိုရင် မြို့အုပ်က သူကြီးအိမ်မှာ တည်းတယ်၊ မြို့အုပ်စားဖို့သောက်ဖို့ သူကြီးက ဟင်းကောင်းကျွေးကောင်းနဲ့ ပွဲတော်ဆက်ရတာကထုံးစံကိုး"

"ဗျူရိုကရက်ခေတ်ကတော့ ဒီအတိုင်းပါပဲရှင်"

"မင်းကလည်း နိုင်ငံရေးလေသံ ပါလိုက်တာကွာ"

"ကြားဖူးတာပြောရတာပဲရှင်"

"ထားပါလေ၊ အဲသလို မြို့အုပ်ကိုဟင်းချက်ကျွေးဖို့ အိမ်မွေးတဲ့ကြက်ကို သူကြီးသားက လိုက်ဖမ်းနေတော့ ကြက်ကလည်း ကြောက်အားလန့်အားနဲ့ 'ကတော်ကတော်' အော်ပြီး ထွက်ပြေးတာပေါ့၊ သူကြီးသားကလည်း ထွက်ပြေးတဲ့ကြက်ကို ခဲနဲ့ပစ်၊ တုတ်နဲ့ ပေါက်၊ တစ်ခြံလုံး ကျွက်ကျွက်ဆူနေရော၊ အဲဒီမှာတင် သူကြီးက ပျာယီး ပျာယာ ထွက်လာပြီး သူ့သားကိုတားသတဲ့"

"ဘယ်လိုတားသတုံး"

"'ဟဲ့ ဟဲ့ သား၊ ပါဏာတိပါတကံကို မကျူးလွန်နဲ့၊ ငရဲကြီးတတ်တယ်၊ ငါမိအောင်လိုက်ဖမ်းပြီး စီရင်လိုက်ပါ့မယ်၊ ငါ့အတွက်ကတော့ ကိစ္စမရှိဘူးကွ၊ အပါယ်တံခါး ပိတ်ထားပြီးပြီ' လို့ အော်ကြီးဟစ်ကျယ် ပြောပါသတဲ့ဗျာ"

ဒေါ်မြမေမှာ တဟားဟားနှင့် ဟက်ဟက်ပက်ပက် ရယ်ရသော ကြောင့် မျက်ရည်များပင် ထွက်လာရသောဟူ၏။

"တို့တစ်တွေလည်း ကိုလှပြောတဲ့ သောတာပန်လို ဖြစ်နေမှာ စိုးတယ်၊ သောတာပန်အစစ် ဖြစ်ပြီဆိုရင် သဒ္ဓါဦးစီးတဲ့ သီလ



ကြောင့် ကိုယ့်အသက်သာ အသေခံမယ်၊ သူများအသက်ကို ခြ 'ပုရွက်' ကအစ မသတ်တော့ပါဘူး"

"အဲဒါ အခုန အမေကြီးပြောတဲ့ သောတာပန်တို့ရဲ့ အင်္ဂါ လေးပါးမှာ ပါပြီးသားလေ"

"အေး၊ သဒ္ဓါတရားက ဦးစီးကြဲ့ခိုင်လာရင် အရိယာတောင် ဖြစ်နိုင်တယ်လို့ ငါပြောခဲ့တယ်နော်၊ သဒ္ဓါ ဆိုတဲ့ ယုံကြည်မှုဟာ လောကုတ္တရာတရားမှာ အဓိကဖြစ်သလို ပစ္စုပ္ပန်လောကမှာလည်း အရေးပါတဲ့ သော့ချက်ကြီးတစ်ခု ဖြစ်တယ်၊ တို့တစ်တွေဟာ သားသမီးနဲ့မိဘဖြစ်စေ၊ ဆရာနဲ့တပည့်ဖြစ်စေ၊ ဆေးဆရာနဲ့ လူမမာ ဖြစ်စေ၊ အကျိုးတူဖက်စပ်တဲ့အပေါင်းအသင်းဖြစ်စေ၊ မိတ်ဆွေသင်္ဂဟ အချင်းချင်းပဲဖြစ်စေ၊ အလုပ်ရှင်နဲ့အလုပ်သမားဖြစ်စေ၊ အကြီးအကဲနဲ့ ငယ်သားဖြစ်စေ၊ ယုတ်စွအဆုံး လင်နဲ့မယား သမီးရည်းစားပဲဖြစ်စေ၊ တစ်ဦးအပေါ်မှာတစ်ဦး ဂုဏ်ကျေးဇူးနဲ့မေတ္တာအရင်းခံစိတ်ဓာတ်ကို လေးလေးနက်နက် ယုံကြည်မှု ရှိထားရမယ်၊ ကိုယ်လုပ်နေတဲ့ အလုပ်ကိစ္စကြီးတစ်ခုပဲကြည့်ဦး၊ အကျိုးဖြစ်ထွန်းလိမ့်မယ်လို့ ယုံကြည် ချက် အရင်းခံသိထားမှ ဝီရိယက မဆုတ်မနစ် ကြိုးစားလာလိမ့်မယ်၊ အဲဒီလို ကြိုးစားလာတော့ သတိအမြဲရှိလာလိမ့်မယ်၊ မှန်နေရင် မှန်နေကြောင်း အားတက်လာလိမ့်မယ်၊ မှားနေရင် မှားနေကြောင်း ပြုပြင်ဖို့ သတိရှိလာလိမ့်မယ်၊ သတိအမြဲရှိလာတော့ စူးစိုက်မှုဆိုတဲ့ သမာဓိ ရလာလိမ့်မယ်၊ အဲဒီလို အာရုံတွေမတွေပြားဘဲ တည်ကြည် တဲ့ သမာဓိဖြစ်လာရင် တိုးတက်ရာတိုးတက်ကြောင်း အကြံကောင်း ဉာဏ်ကောင်း ပညာတွေ ဖွံ့ဖြိုးလာလိမ့်မယ်ဗျာ၊ ဒါကြောင့် 'သဒ္ဓါပါတယ်မောင့်ကို' ဆိုပြီး ပေးချင်တာ ကျေးချင်တာလောက် အဓိပ္ပာယ်မကောက်ဘဲ လောကီ လောကုတ္တရာ ပေါက်ရောက်အောင် သဒ္ဓါစိတ် ကို စောင့်ရှောက်နိုင်ကြမှာဖြစ်တယ်" ■

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားမှာတစ်ခါဆုံတယ်



သူလို
ကိုယ်မဖြစ်လို့
သူဖြစ်တာကို
ကိုယ်ကမယုံဘူးဆိုရင်
သူနဲ့ကိုယ် တူသလားလို့
နှိုင်းယှဉ်စဉ်းစား
ကြည့်ရလိမ့်မယ်

"ဘာသတင်းများပါလို့ သဲကြီးမဲကြီး ဖတ်နေရတာလဲကွ"

ဦးချမ်းသာက သတင်းစာကို စိတ်ဝင်တစားဖတ်နေသော ဇနီးသည်အား မေးလိုက်သည်၊ ဒေါ်မြမေက စာကြည့်မျက်မှန်ကို ချွတ်လိုက်ကာ လက်တစ်ဘက်နှင့်ကိုင်ရင်း

"ဩော်၊ ဘုရားဖူးလိုက်ကြမလားဆိုတဲ့ ကြော်ငြာပါ"

"ဘယ်ဘုရားလဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"အထက်မြန်မာပြည် အောက်မြန်မာပြည် စုံလို့ပဲ၊ သူ့ဟာက ရှမ်းပြည်တောင်ကြီး အင်းလေးထဲက ဖောင်တော်ဦးဘုရားတောင် ပါလိုက်သေး၊ ပြည် မကွေး မန္တလေး မုံရွာ စုံလို့ပဲ၊ အထူးသီးသန့် ဟီးနိုးကားနဲ့ နားနားနေနေ ဆယ်ရက်ခရီး တဲ့၊ လူကြီးတစ်ယောက် ကို သုံးရာ့ငါးဆယ်၊ ငါးနှစ်အောက်ငယ်ရင် လက်မခံတဲ့၊ လူပေါင်း လေးဆယ်သာ လက်ခံမယ်တဲ့"

ဦးချမ်းသာက ဒေါ်မြမေကိုကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ပျော်စရာတော့ အကောင်းသား"

"ဘာပြောတယ်"

"ဒီလို ဘုရားဖူးသွားရတာ ပျော်စရာတော့ အကောင်းသားလို့"

"နေပါဦးကွ၊ မင်းဥစ္စာ ဘုရားဖူးသွားမှာလား၊ အပျော်ခရီး ထွက်မှာလား"

"အို အဖေကြီးကလည်း၊ ဒွပြောတော့မယ်၊ တန်ခိုးကြီး ဘုရားတွေဖူးရတာ ပျော်စရာကြီးပေါ့"

"အင်း၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်က ဝွသမား စာရေးဆရာကြီး သဘင်ဝန် ဦးနုဆိုတာရှိသကွဲ့၊ သူက စကားအပို မပြောဘူး၊ တိုတိုနဲ့လိုရင်းရောက်အောင် ပြတ်ပြတ်တောက်တောက် ပြောတတ်လွန်းလို့ အတော်များများက နားမခံသာ ဖြစ်ကြရတယ်၊ ကာတွန်းဝိဇ္ဇာ ဆရာဦးဘဂျမ်းက သဘင်ဝန်ဦးနုရဲ့ စကားတွေကို ကြည်ညိုလွန်းလို့ အိမ်ပေါ်တင်ပြီး ကိုးကွယ်ထားတယ်"

ဒေါ်မြမေမှာ ဦးချမ်းသာ၏ စကားများကို နားထောင်နေရာမှ

"ဘုရားဖူးအကြောင်းပြောရာက စာရေးဆရာကြီးအကြောင်းကို ဘယ့်နှယ်ရောက်သွားရတာတုံး၊ မဆီမဆိုင်"

"အေးပါ၊ ဆီဆိုင်လာပါလိမ့်မယ်၊ ဦးဘဂျမ်းတို့နေတာက



ဂျပန်ခေတ် စစ်အတွင်းမို့ ရွှေတိဂုံစေတီတော်ကြီးရဲ့ခြေတော်ရင်း ဇရပ်တစ်ခုမှာ နေကြတာ၊ အဲဒီအနားတစ်ဝိုက်မှာလည်း သီလရှင် ဇရပ်တွေကအများကြီး၊ တစ်နေ့တော့ သီလရှင်ကြီးတစ်ပါးက ဦးဘဂျမ်းရဲ့အစ်မဆီကို ငွေအလှူခံလာတယ်၊ 'အထက်အညာက တန်ခိုးကြီးဘုရားတွေကို လှည့်လည်ဖူးမြော်ချင်လို့ နိဗ္ဗာန်ကူးတို့ ထည့်ဝင်လှူဒါန်းကြပါကွယ်' တဲ့၊ ဒီမှာတင် အိမ်ဦးခန်းမှ စာရေး ဆရာကြီးဦးနုက တစ်ခွန်းတည်းပဲပြောလိုက်တယ်၊ 'ဒီမှာ သီလရှင် ဆရာကြီး တိုးတိုးပြောပါဗျာ၊ ရွှေတိဂုံကိုယ်တော်ကြီးကြားသွားရင် အားနာစရာ' တဲ့၊ အဲဒီမှာတင် အလှူခံ သီလရှင်ကြီးလည်း ရှုအောင့်ပြီး ထွက်သွားပါလေရောတဲ့ဗျား"

ဦးချမ်းသာ၏ စကားဆုံးမှ ဒေါ်မြမေမှာ ပြုံးရမလို မဲ့ရမလို ဖြင့် သဘောပေါက်သွားပါတော့သည်။

"လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ကျော်က အမျိုးသားပညာဝန်ဟောင်း ဦးဖိုးကျားဆိုတာ အင်မတန်ထင်ရှားခဲ့သကွဲ့၊ သပိတ်မှောက်ပြီးစ အမျိုးသားကျောင်းများ တည်ထောင်ကြတဲ့အခါ ပညာရေးကို အကျိုးဆောင်ခဲ့တဲ့ မြန်မာပညာရှိကြီးတစ်ဦးပေါ့၊ သူက 'ကိုယ်တွေ့ ဝတ္ထုများ' ဆိုတဲ့ စာအုပ် တစ်အုပ်ရေးခဲ့တယ်၊ အဲဒီစာအုပ်ထဲက 'ဘုရားဖူးသွားခြင်း' ဆိုတဲ့ ဝတ္ထုတိုလေးဟာ အလွန် မှတ်သားစရာ ကောင်းသကွဲ့"

"ပြောပါဦးရှင်"

"သူငယ်ချင်းနှစ်ယောက် ကျိုက်ထီးရိုးဘုရားကို အတူသွား ကြတယ်၊ တစ်ယောက်က မောင်ဖိုးကျားပေါ့ကွယ်၊ တစ်ယောက်က မောင်ထွန်းမောင်တဲ့၊ တောင်ပေါ်တက်တဲ့လမ်းခရီးမှာ မောင်ထွန်းမောင် က တော်ပြတ်ဆင်းရဲပြီး အပြင်းဖျားနေတဲ့ မြေးအဖိုးလေးယောက်ကို ပါလာတဲ့ ဆေးဝါး အစားအစာများနဲ့ ကျွေးမွေးပြုစုပေးရအောင်

www.burmeseclassic.com

www.burmeseclassic.com



တဲပျက်ကလေးတစ်လုံးမှာ နေရစ်ခဲ့တယ်၊ မောင်ဖိုးကျား တစ်ယောက်ကတော့ အပေါင်းအသင်းများနဲ့ ပျော်ပျော်ပါးပါး ဘုရားကုန်းပေါ်အထိ သွားရောက်ဖူးမြော်ခဲ့တယ်၊ အဲသလို နှိုင်းယှဉ်ရေးထားပြီးတော့ 'ဘယ်သူက ဘုရားတရားကိုကြည်ညိုသူ ဖြစ်သလဲ၊ သဒ္ဓါယုံကြည်စွာ လိုက်နာကျင့်သုံးသူဖြစ်သလဲ' တဲ့၊ ကဲ မင်းပဲပြောစမ်းပါ၊ မောင်ဖိုးကျားနဲ့ မောင်ထွန်းမောင် ဘယ်သူဟာ ဘုရားကို တကယ်ကြည်ညိုသူဖြစ်သလဲ"

"မောင်ထွန်းမောင်ပေါ့ အဖေကြီးရယ်"

"အေး၊ မင်းတို့ငါတို့မှာ ကိုယ့်စိတ်ထားကို မှန်မှန်ကန်ကန် မဝေဖန် မသုံးသပ်ချင်ကြဘူးကွဲ့၊ သူများကိုလည်း လိမ်နေတတ်ကြတယ်၊ ကိုယ့်ကိုယ်ကိုလည်း ပြန်လိမ်နေကြတယ်၊ အဲဒီနေရာမှာ သူများကို ကိုယ်ကလိမ်နေတာကိုတော့ နည်းနည်းလေး စဉ်းစားလိုက်တာနဲ့ ကိုယ့်ဟာကိုယ် သိပါတယ်၊ အဲ ကိုယ့်ကိုယ်ကို ပြန်လိမ်တာမျိုးကျတော့ ကိုယ့်ဟာကိုယ်တောင် မသိတော့ပါဘူးတဲ့"

ဦးချမ်းသာက စကားကိုရပ်၍ ဒေါ်မြမေအား အကဲခတ်လိုက်သည်။

ဒေါ်မြမေသည် မည်သို့မျှ စောဒကမတက်ဘဲ နက်နက်နဲနဲ စဉ်းစားနေပုံရသည်၊ ဤသို့နှင့် နှစ်ယောက်သား 'နှုတ်ဆိတ်' နေပြီးမှ ဦးချမ်းသာက စကားစ,ပြန်သည်။

"ဒေသန္တရ ဗဟုသုတအလို့ငှာ အပျော်ခရီးထွက်၍ ထင်ရှားသော ဘုရားစေတီများကို ဖူးမြော်ပါမယ်လို့ ရိုးရိုးသားသားမပြောဝံ့ကြတော့ 'ဘုရားဖူးယာဉ်' ဆိုတဲ့ ဆိုင်းဘုတ်တပ်ပြီး သွားရတာက သိက္ခာရှိလိမ့်မယ်လို့ ထင်ကြဟန် တူပါရဲ့ကွာ"

"အားလုံးကို သိမ်းကျုံးပြောလို့တော့ ဘယ်ဖြစ်မလဲ အဖေကြီးကလည်း"



"အေးပါ၊ ယေဘုယျကိုပြောတာပေါ့၊ ယေဘုယျဆိုတာ 'အများအားဖြင့်' လို့ အဓိပ္ပာယ်ရတာပေါ့ကွာ၊ မင်းကိုယ်တိုင် မျက်မြင်နားကြား အဖြစ်မျိုးတွေ ရှိပါလိမ့်မယ်၊ ဘုရားဖူးရအောင်ဆိုပြီး ငါးယောက် ဆယ်ယောက်စု ဆယ့်ငါးယောက်စု စသည်အားဖြင့်ပေါ့ကွာ၊ ဆွေမျိုးဖြစ်ဖြစ် မိတ်ဆွေသင်္ဂဟဖြစ်ဖြစ် စထွက်တုံးကတော့ ပျော်ပျော်ပါးပါး တညီတညွတ်ရှိကြပါရဲ့၊ အပြန်ကျတော့ တစ်ယောက်ကိုတစ်ယောက် 'စီးပိုးတယ်၊ တွက်ကပ်တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ အသားယူတယ်၊ အနိုင်ကျင့်တယ်၊ အတန်းအစားခွဲတယ်၊ မလိုတမာရှိတယ်၊ ကတ်ဖဲ့လုပ်တယ်' ဆိုပြီး ငြိုငြင်လာတတ်ကြတယ်၊ အခင်အမင်ပျက်လာတတ်ကြတယ်၊ ကဲ 'ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ' ဖြစ်မနေကြဘူးလား၊ 'ဘုရားဖူးရင်း လိပ်ဥတူးတယ်' ဆိုတာမျိုးပေါ့"

"ဟုတ်ပါရဲ့၊ ဒီစကားပုံကလည်း ဆန့်ကျင်ဘက်ကြီးနော်"

"ငါ ခုနပြောတဲ့ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ ဆိုတာပေါ့ကွ၊ 'ပါးစပ်က ဘုရားဘုရား၊ လက်က ကားယားကားယား' လေ၊ ဒီကြားထဲမှာ 'ဘုရားမှာတစ်ခါဆုံတယ်၊ လ,ဝါဆိုဦးဆီကကွယ်၊ ခင့်အသံလေး ကြားယောင်တယ်၊ မြို့မမောင်ရဲ့အနားမှာကွယ်' ဆိုတဲ့ ကိုအံ့ကြီးသီချင်းမျိုးလို အဖြစ်တွေကလည်း အများကြီး"

ဤတွင် ဒေါ်မြမေက မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်သည်။

"ကဲ တော်ပါ 'ပရမတ်ဆရာကြီး' ရဲ့၊ ဘုရားဖူးသွားမယ်ဆိုတဲ့ စိတ်ပေါ်လာတဲ့ အချိန်လေးမှာတော့ ကုသိုလ်ဖြစ်ရမှာပေါ့၊ အလကား သူများကို အပြစ်တင်နေတယ်"

ဦးချမ်းသာက ငြူစူလိုက်သောဒေါ်မြမေအား မျက်နှာချိုသွေး၍ လေအေးကလေးဖြင့် နှစ်သိမ့်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အပြစ်တင်ချင်လို့ ပြောနေတာ မဟုတ်ပါဘူးဗျာ၊ မနေ့က မင်းကိုပြောခဲ့တဲ့ သဒ္ဓါဆိုတဲ့အကြောင်းကို ဆက်ပြောချင်လို့ နိဒါန်းဆင်နေရတာပါ၊ 'သဒ္ဓါပါတယ်မောင့်ကို' ရဲ့ အဆက်ဆိုလည်း ဟုတ်တာပေါ့ကွာ"

"ဒီလိုဆိုလည်း ဆက်ပြောပါရှင်၊ ကျွန်မက မသိလို့ ပြောတာပါ"

"တကယ့် သဒ္ဓါအစစ်နဲ့ ဗုဒ္ဓရဲ့ဂုဏ်ကို လေးလေးနက်နက် စူးစူးစိုက်စိုက် ယုံကြည်ပြီး ဗုဒ္ဓကိုယ်တော်ကို ဖူးမြော်ရအောင် သွားတာဆိုရင် ဆင်တစ်သိန်း မြင်းတစ်သိန်း ရထားတစ်သိန်း သတို့သမီးကညာတစ်သိန်းတို့ရဲ့တန်ဖိုးဟာ တကယ့်သဒ္ဓါစစ်စစ်နဲ့ ဘုရားဖူး သွားသူရဲ့ ခြေတစ်လှမ်း၏ ကုသိုလ်တန်ဖိုးနဲ့ နှိုင်းစာလိုက်ရင် နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သာ ရှိသေးတယ်လို့ အနာထပိဏ်သူဌေးကြီးရဲ့ဝတ္ထုမှာ ပါရှိပါတယ်"

"ပါရှိပါတယ်ဆိုရုံနဲ့ မပြီးသေးဘူးလေ၊ ဝတ္ထုကို အပြည့်အစုံ ပြောဦးမှပေါ့"

"အေး၊ အဲဒီလိုမှလည်း ငါက အားရှိတာကွ၊ အနာထပိဏ်ဆိုတဲ့ နာမည်ဟာ နာမည်ရင်းမဟုတ်သေးဘူး၊ ပြည်သူလူထုက ဂုဏ်ပြုပြီး ခေါ်တဲ့ ဘွဲ့အမည် ဖြစ်တယ်၊ မြန်မာလို 'ကိုးကွယ်ရာ မဲ့သူများအား ထမင်းအမြဲကျွေးသောသူ၊ ကုသိုလ်ရှင်ကြီး' လို့ အဓိပ္ပာယ်ရတယ်၊ သူ့နာမည်ရင်းကတော့ 'သုဒတ္တ' တဲ့၊ သာဝတ္ထိ မြို့နဲ့တကွ ရာဇဂြိုဟ် ဝေသာလီ ဗာရာဏသီစတဲ့ မြို့ကြီးများမှာ တော့ 'အနာထပိဏ် သူဌေးကြီး' ရယ်လို့သာ ထင်ရှားကျော်ကြား လူသိများခဲ့တယ်၊တစ်နေ့ တော့ အနာထပိဏ်သူဌေးဟာ ရာဇဂြိုဟ်ပြည်ကို လှည်းပေါင်းငါးရာနဲ့ အရောင်းအဝယ်သွားသတဲ့၊ ရာဇဂြိုဟ်ပြည်မှာက သူ့ယောက်ဖ သူဌေး တစ်ဦးရှိတယ်လေ၊ အဲဒီသူဌေးအိမ်မှာ အမြဲတမ်းတည်းခိုပြီးပါလာတဲ့



ကုန်များကိုရောင်း၊ ရာဇဂြိုဟ်က ကုန်တွေ ဝယ်ယူ၊ အဲသလိုလုပ်နေမြဲ ဖြစ်တယ်၊ ရာဇဂြိုဟ်သူဌေးကလည်း အနာထပိဏ်သူဌေးရောက်လာရင် ပျာပျာသလဲ အရေးယူပြီး ကျွေးမွေးပြုစုလေ့ရှိတယ်၊ အရောင်းအဝယ် မှာ 'ကံတူအကျိုးပေး စီးပွားဖက်' လည်း ဖြစ်ပြန်၊ 'မောင်လှယ် နှမလှယ်' သမီးယောက်ဖ လည်းတော်ပြန်ဆိုတော့ လောကဝတ္တရား ဘယ်နေရာမှ မချွတ်ယွင်း မလစ်ဟင်းရဘူးပေါ့"

"နေပါဦး၊ မောင်လှယ် နှမလှယ် သမီးယောက်ဖဆိုတာ ဘယ်လိုတော်စပ်ကြတာမျိုးကို ခေါ်ကြတာတုံး"

"အနာထပိဏ်သူဌေးရဲ့နှမကို ရာဇဂြိုဟ်ပြည်သူဌေးနဲ့ပေးစားပြီး ရာဇဂြိုဟ်ပြည်သူဌေးရဲ့နှမကို အနာထပိဏ်က လက်ထပ်ယူတယ်၊ ဒါကြောင့် 'မောင်လှယ် နှမလှယ်၊ သမီးယောက်ဖ' လို့ ခေါ်ရတာပေါ့"

"သြော်၊ အလဲအလှယ် လုပ်ကြတဲ့သဘောကိုး၊ ဆွေချင်းထပ်တော့ မြတ်တယ်၊ မျိုးချင်းခြုံတော့ လုံတယ် ဆိုတာမျိုး နေမှာပေါ့နော်"

"အေးပေါ့လေ၊ သူဌေးတွေဆိုတော့ စီးပွားရေးမျက်စိနဲ့လည်း ကြည့်လိမ့်မယ် ထင်ပါရဲ့ကွာ၊ မင်းကို ဆွေမျိုးစပ်ပြနေရတာနဲ့ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး"

"လှည်းငါးရာနဲ့ ရာဇဂြိုဟ်ပြည်ကို လာတယ်လေတော်"

"အဲ အဲ နောက်ဆုံးအခေါက် အနာထပိဏ်သူဌေး ရောက်လာ တဲ့အခါမှာတော့ ရာဇဂြိုဟ်ပြည်က ယောက်ဖသူဌေးဟာ အရင့်အရင် အခေါက်တွေတုန်းကလို ပျူပျူငှာငှာ ပျာပျာသလဲ ဧည့်မခံဘဲဝတ်ကျေ ဝတ်ကုန်သာ နေရာထိုင်ခင်းပေးပြီး ချက်မှုပြုတ်မှုများကို ကိုယ်တိုင် ကိုယ်ကြပ် ဝီရိယစိုက်နေတာကို တွေ့ရပါသတဲ့၊ ဒီတော့ အနာထပိဏ် သူဌေးက တွေးမိလိုက်တယ် 'ငါ့ယောက်ဖဟာ ငါ့ထက်ပိုပြီးဂရုစိုက် အလေးအမြတ်ပြုခဲ့တဲ့လူရယ်လို့ မရှိခဲ့ပါဘူး၊ ဘယ်သူ့ကိုများ ကျွေးမွေး မှာမို့လို့ အခုလို ဘောဇဉ်အမွန်အမြတ်တွေကို ကိုယ်တိုင်ချက်ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်နေရသလဲ’ ပေါ့၊ ဒီလိုနဲ့ အကဲခတ်နေရာက နောက်ဆုံးတော့ ဖွင့်မေးမိတယ်၊ ‘ဘယ့်နှယ်လဲ ယောက်ဖကြီး၊ ကိုယ်တိုင်ကိုယ်ကြပ် ဒီလောက်ဝေယျာဝစ္စတွေ လုပ်နေကြတာဟာ သားပေးသမီးယူ အာဝါဟ ဝိဝါဟ မင်္ဂလာကိစ္စ အတွက်လား၊ ဒါမှမဟုတ် တိုင်းပြည်ကြီး ရှင်ဘုရင် ဗိမ္ဗိသာရ မင်းကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါများ အတွက်လား’ အဲသလို မေးလိုက်တော့မှ ရာဇဂြိုဟ်သူဌေးက သတိရပြီး အားတုံ့အားနာ ပြန်၍ တောင်းပန်တယ်၊ ‘အို အို သာဝတ္ထိ သူဌေးကြီးရယ်၊ ခင်ဗျားအပေါ်မှာ ဝတ္တရား လစ်ဟင်းရသည်များကို အနူးအညွတ် တောင်းပန်ပါတယ်၊ ကျွန်တော် ဗျာပါရများနေရ တာကတော့ သားပေးသမီးယူကိစ္စ အတွက်လည်းမဟုတ်ပါဘူး၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးအတွက်လည်း မဟုတ်ပါဘူး၊ လောကသုံးပါးမှာ အထွတ်ဆုံး အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရားနဲ့တကွ သံဃာတော်များကို နက်ဖြန်နံနက် ဆွမ်းကပ် ရအောင် စီစဉ်နေခြင်းသာဖြစ်ပါတယ်’ အဲသလို ရာဇဂြိုဟ်သူဌေးက ဖြေကြားလိုက်တဲ့စကားမှာ ‘မြတ်စွာဘုရား’ ဆိုတဲ့အသံလည်း ကြားလိုက်ရော အနာထပိဏ်သူဌေးကြီးဟာ ပီတိငါးဖြာ တစ်ကိုယ်လုံး ထုံမွှမ်းသွားတယ်၊ သေချာသည်ထက် သေချာအောင် သုံးကြိမ်သုံးခါ ဆက်၍ဆက်၍ မေးရာပါသတဲ့၊ ရာဇဂြိုဟ်သူဌေးက ‘မြတ်စွာဘုရား’ ‘မြတ်စွာဘုရား’ လို့ ပြန်၍ ဖြေတာကို ကြားရတိုင်း ပီတိငါးဖြာနဲ့ ‘ဗလဝသဒ္ဓါ’ တွေ ဆက်၍ ဆက်၍သာ ဖြစ်ပေါ်နေပါတယ်တဲ့”

ဦးချမ်းသာက စကားစကိုဖြတ်၍ အနားယူလိုက်သည့်အချိန် ကလေးအတွင်း ဒေါ်မြမေက ကောက်ကာငင်ကာ မေးမြန်းလိုက် ပါသည်။

“မသိလို့မေးပါရစေ အဖေကြီးရယ်၊ ပီတိငါးဖြာဆိုတာ ဘာတွေ ဘာတွေပါလိမ့်”



“ပီတိဆိုတာ အလွန့်အလွန် ကြည်နူးစိတ် ဖြစ်ပေါ်တာ မျိုးကို ခေါ်တယ်၊

၁။ ခုဒ္ဒကာပီတိ = ကြက်သီးထသွားခြင်း၊

၂။ ခဏိကာပီတိ = လျှပ်ပြက်သကဲ့သို့ တစ်ခဏကြာအောင် နှစ်သက်ခြင်း၊

၃။ ဩက္ကန္တိကာပီတိ = လှိုင်းတံပိုးထသကဲ့သို့ သိမ့်ခနဲ ငြိမ့်ခနဲဖြစ်သွားအောင်နှစ်သက်ခြင်း၊

၄။ ဥဗ္ဗေဂါပီတိ = မိမိကိုယ်ကိုကြွမြောက်သွားတယ်ဟု ထင်ရလောက်အောင် ကြည်နူး နှစ်သက်ခြင်း၊

၅။ ဖရဏာပီတိ = အကြောပေါင်းတစ်ထောင် စိမ့်သွားအောင် ကြည်နူးနှစ်သက်ခြင်း ဖရဏာပီတိ ဝွမ်းဆီထိဆိုတဲ့ စကား မင်းကြားဖူး တယ် မဟုတ်လား၊ အဲသလိုမျိုးပေါ့”

“အဲဒီပီတိမျိုးတွေဟာ လောကီအာရုံ ကာမဂုဏ်တရားများကို ခံစားမိတဲ့အခါတွေမှာလည်း ဖြစ်တတ်တယ် ထင်ပါရဲ့နော်”

“အင်း၊ အနည်းနဲ့အများတော့ ဖြစ်တတ်ပါရဲ့၊ စိတ်၏ ကြည်လင်ခြင်းကဖြင့် ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်လို့ ဖြစ်ပေါ် တာ မျိုးနဲ့တော့ ဆီနဲ့ရေလောက် ကွာခြားပါလိမ့်မယ်၊ ကာမဂုဏ် ဆိုတာက ပူလောင်တဲ့ကိလေသာစိတ်မျိုးပဲ”

“အခုန အဖေကြီးပြောတဲ့ ဗလဝသဒ္ဓါဆိုတာကကော”

“ဗလဝဆိုတာ အလွန်တရာ အားကြီးခြင်း၊ သဒ္ဓါဆိုတာက တို့ပြောခဲ့တဲ့ ယုံကြည်ခြင်း၊ နှစ်ခုပေါင်းလိုက်တော့ ယုံကြည်မှု အင်အားအပြည့်အဝရှိခြင်းလို့ ဆိုတာပေါ့ကွာ”

“ဒါဖြင့် ကျွန်မတို့ပြောနေကြတဲ့ ‘စေတနာဗလဗ (ဗရပွ)’ နဲ့ဆိုတဲ့ စကားကကော”

“ဗလပွဆိုတဲ့စကားဟာ ဗရပွေဆိုတဲ့ စကားကို အသံထွက်

www.burmeseclassic.com

www.burmeseclassic.com



များနေကြတာနဲ့ တူပါတယ်ကွာ၊ ဗရပွေဆိုတဲ့စကားကတော့ ရှုပ်ပွေနေတာကိုပြောတာမဟုတ်လား၊ မင်းကစကားဖောက်တာနဲ့ ငါ့စကားစပျောက်ပျောက်သွားတယ်၊ အဲ အဲ အနာထပိဏ်သူဌေးဟာ 'မြတ်စွာဘုရား' ဆိုတဲ့ စကားကို ကြားလိုက်တာနဲ့တစ်ပြိုင်နက် 'အရဟံ၊ သမ္မာသမ္ဗုဒ္ဓ' ဆိုတဲ့ ဂုဏ်တော်ကြီးများကို ကြည်နူးအောက်မေ့မိပါသတဲ့၊ ဒီတော့ မြတ်စွာဘုရားသခင်ကို ယခုချက်ချင်းပဲ ဖူးမြော်ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာတယ်၊ ဒါကြောင့် ယခုမြတ်စွာဘုရားဘယ်အရပ်မှာ သီတင်းသုံးနေပါသလဲလို့ မေးလိုက်တော့ ရာဇဂြိုဟ်မြို့အပြင် 'သီတဝန' တောရကျောင်းမှာ သီတင်းသုံးနေပါတယ်လို့ ရာဇဂြိုဟ်သူဌေးကပြောတယ်၊ အနာထပိဏ်သူဌေးဟာ အခုချက်ချင်းပဲ ဘုရားထံမှောက် အရောက်သွားမယ်လို့ လုပ်တဲ့အခါ ရာဇဂြိုဟ်သူဌေးက 'ယခုအခါ နေဝင်စ,ပြုပြီဖြစ်လို့ မြို့ပြင်လမ်းကိုသွားရန် အချိန်မကောင်းတော့ကြောင်း၊ နက်ဖြန်နံနက် အရုဏ်တက်တဲ့အခါ ဆွမ်းစားကြွတော်မူလာမှာမို့ အဲဒီတော့မှ အားရပါးရ ဖူးမြော်ပါလို့ နှစ်သိမ့်ပြီး ဘုံစဉ်ခုနစ်ထပ်ပေါ်မှာ အိပ်ရာခမ်းနား စီစဉ်ပေးလိုက်ရတယ်၊ အနာထပိဏ်သူဌေးဟာ အိပ်ရာပေါ်မှာသာ လျောင်းစက်နေရပေမဲ့ သူ့စိတ်ထဲမှာတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကိုသာ အောက်မေ့နေတယ်၊ 'သီတဝန' ကျောင်းကိုပဲ အရောက်သွားချင်နေတယ်၊ အချိန်ကလည်း 'အကာလ' ညဥ့်နက်သည်ထက်နက်လာတယ်၊ မြို့ပြင်ခရီးဆိုတော့လည်း ချောက်ချားစရာကောင်းလိမ့်မယ်၊ ရာဇဂြိုဟ်သူဌေးပြောသလို မနက်မိုးသောက်အရုဏ်မှာဗုဒ္ဓ မြတ်စွာကြွလာမှပဲ ဖူးမြော်ပါတော့မယ်လေဆိုပြီး စိတ်တုံးတုံးချ၍ အိပ်လိုက်ရပါသတဲ့၊ သို့ပေမဲ့ သဒ္ဓါစိတ်က နှိုးဆွပြင်းထန်လာတာကြောင့် မေ့ခနဲ မေ့ခနဲ အိပ်ပျော်နေရာမှ နိုးနိုးလာတယ်၊ နိုးတဲ့အခါတိုင်းမှာလည်း ဘုရားဂုဏ်တော်ကိုသာ ရွတ်ရွတ်နေမိသတဲ့၊ နောက်ဆုံး



အကြိမ် နိုးလာတဲ့အချိန်မှာတော့ အောင့်အည်း သည်းခံမနေနိုင်တော့ဘဲ ဘုရားထံမှောက် အရောက်သွားတော့မယ်လို့ စိတ်ဆုံး ဖြတ်လိုက်တယ် အဲဒီလို ဆုံးဖြတ်လိုက်တာနဲ့တစ်ပြိုင်နက် အနာထပိဏ်သူဌေးရဲ့ တစ်ကိုယ်လုံးမှာ အလင်းရောင်တွေ ဝင်းဝင်းလက်လက် ထွက်လာပါသတဲ့"

"ဟယ်၊ အံ့သြစရာကောင်းလိုက်တာနော်၊ သိပ္ပံဆရာများ ပြောသလို ခန္ဓာကိုယ်က လျှပ်စစ်ဓာတ်တွေ ထွက်လာတာများလား"

ဦးချမ်းသာက ဒေါ်မြမေအား စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်၊ သူ့မျက်လုံးများမှာ ဒေါ်မြမေ၏အတွင်းစိတ်ကို ထိုးထွင်း၍ စစ်ဆေးနေပုံမျိုး ဖြစ်သည်။

"ဒီနေရာမှာ တို့တစ်တွေက ကိုယ်တွေ့ကြုံမှ ယုံချင်တတ်တဲ့ သဘောထားလေးတွေ ရှိတတ်သကွဲ့၊ ကိုယ်တွေ့မဟုတ်ရင် မယုံချင်ကြဘူးလေ"

"ဟုတ်ပါတယ်၊ ကျွန်မတို့ကလည်း ဉာဏ်မမီလို့ ဖြစ်မှာပေါ့"

"အေး၊ အဲသလို အဖြစ်ထူးအဖြစ်ဆန်းမျိုး ကြားရ နာရ ဖတ်ရှုရတဲ့အခါ 'သူလို ကိုယ်မဖြစ်လို့ သူဖြစ်တာကို ကိုယ်ကမယုံဘူး ဆိုရင် သူနဲ့ကိုယ် တူသလားလို့ နှိုင်းယှဉ်စဉ်းစားကြည့်ရလိမ့်မယ်၊ သူနဲ့ကိုယ်က ကံချင်းလည်း မတူ ဉာဏ်ချင်းလည်း မမျှ ကာလ ဒေသ ပယောဂလည်း ခြားနားနေကြဦးမယ်လေ၊ ကာလဆိုတာက အချိန်အခါသမယပေါ့၊ ဒေသဆိုတာက အရပ်ပတ်ဝန်းကျင်၊ ပယောဂဆိုတာကျတော့ သူလုပ်ခဲ့တဲ့ ဝီရိယနဲ့ ကမ္မပထ၊ အဲဒါကို ပါရမီလို့လည်း ခေါ်နိုင်ပါလိမ့်မယ်၊ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲကြတယ် မဟုတ်လား၊ လူလူချင်းဆိုပေမဲ့ တစ်သိန်းမှာတစ်ယောက်၊ တစ်သန်းမှာ တစ်ယောက်၊ တစ်ပြည်တစ်နိုင်ငံမှာ တစ်ယောက်၊ တစ်ကမ္ဘာမှာ တစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်ခဲ့ကြတာ ဖြစ်နေကြတာ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ယခုခေတ်မှာတောင် တွေ့နေကြတယ် မဟုတ်လား၊ ကိုယ်မဖြစ်လို့ သူများမဖြစ်ရဘူးသာပြောရင် လောကမှာ ဘုရားတောင် မပွင့်နိုင်တော့ဘူး၊ မြတ်စွာဗုဒ္ဓ အတုလပုဂ္ဂိုလ်ကြီးဆိုရင် သုံးဆယ့်တစ်ဘုံအကုန်လုံးမှာ တစ်ပါးတည်း တစ်ဆူတည်းပွင့်တော်မူခဲ့တဲ့ ‘လောကဝိဒူကြီး’ ဖြစ်တော်မူတယ်လေ၊ အဲသည့် မြတ်စွာဘုရားသခင်ရဲ့ ကျောင်းကြီးဒါယကာ ဥပါသကာ အရိယာလောင်းကြီးဖြစ်တဲ့ အနာထပိဏ်သူဌေး၏ ‘သဒ္ဓါအလင်းရောင်’ ဟာ ဝင်းဝင်းပြောင်ပြောင် ဖြစ်နေတယ်ဆိုတာ မယုံစရာ မရှိတော့ပါဘူး”

ဦးချမ်းသာက ဆက်တိုက်ပြောလာ၍ မောသွားသလို နားလိုက်ချိန်အတွင်း ဒေါ်မြမေက နှစ်နှစ်ခြိုက်ခြိုက် ဝန်ခံလိုက်သည်။

“ကျွန်မသဘောပေါက်ပါပြီ အဖေကြီးရယ်၊ အင်း ဗဟုသစ္စအကြားအမြင်များတာ အင်မတန်အကျိုးပြုပေတာပဲ၊ ယုတ္တိသဘာဝကျအောင်လည်း တွေးတတ်လာတာပဲနော်”

“အဲ၊ မင်းက ယုတ္တိ သဘာဝဆိုလို့ စကားစပ်မိတုန်း ပြောရဦးမယ်၊ ယုတ္တိဆိုတဲ့စကားဟာ ‘ယှဉ်ခြင်း’ လို့ အဘိဓာန်မှာ ပြတယ်၊ နှိုင်းယှဉ်စိစစ်ခြင်းလို့ မြန်မာလို ပြောရမယ်ထင်ပါရဲ့၊ ယုတ္တိလေးပါးလို့ စာထဲပေထဲမှာတွေ့ဖူးတယ်၊

၁။ အာဂမယုတ္တိ = မိမိကြားဖူး၊ နာဖူး၊ ကျက်ဖူး၊ မှတ်ဖူးသမျှနှင့် နှိုင်းယှဉ်စိစစ်ခြင်း၊

၂။ သဘာဝယုတ္တိ = လောကသဘာဝတို့ဖြင့် နှိုင်းယှဉ်စိစစ်ခြင်း၊

၃။ သာဓကယုတ္တိ = ရှေးရှေးက ဖြစ်ခဲ့ဖူးသမျှ၊ မျက်မှောက်ခေတ်မှာ ဖြစ်နေသမျှတို့နှင့် နှိုင်းယှဉ်စိစစ်ခြင်း၊

၄။ ဒေသနာယုတ္တိ = မြတ်စွာဘုရားဟောကြားပြသခဲ့သော တရားဒေသနာများဖြင့် နှိုင်းယှဉ်စိစစ်ခြင်းလို့ ရှိပါတယ်၊ အဲဒီယုတ္တိလေးပါးနဲ့ ပြည့်စုံတဲ့ကိစ္စဆိုလျှင် မမိုက်မသုန် တထစ်ချ ယုံကြည်လိုက်



ပါတော့တဲ့”

“ကျေးဇူးတင်ပါတယ် အဖေကြီးရယ်၊ အနာထပိဏ်သူဌေးကြီးအကြောင်းသာ ဆက်ပြောပါတော့”

“အေး၊ အေး၊ သဒ္ဓါစိတ်ကန္နီးဆော်နေတဲ့ သူဌေးကြီးဟာ မိမိအိပ်ရာဘုံခုနစ်ဆင့်က ဆင်းလာခဲ့တယ်၊ တံခါးအဆင့်ဆင့်က ဖွင့်ပြီးသားဖြစ်နေပါသတဲ့၊ မြို့တွင်းလမ်းမတစ်လျှောက်မှာလည်း မိမိကိုယ်ပိုင်အလင်းရောင်ကြောင့် အမှောင်ထုကို လွယ်ကူစွာ ဖြတ်သန်းလာနိုင်ခဲ့တယ်၊ မြို့တံခါးကြီးရောက်ပြန်တော့လည်း တစ်စုံ တစ်ယောက်က ကြိုဆိုဖွင့်ပေးထားသလို အလွယ်တကူ ထွက်လာနိုင်ခဲ့တယ်၊ ‘သီတဝန’ တောအုပ်က မြို့နဲ့တော်တော်ကလေး အလှမ်းဝေးပါသေးတယ်၊ အဲဒီခရီးအကြားမှာ လူသေကောင်များစွန့်ပစ်ထားရာ သုသာန်တစပြင်ကိုရောက်တော့ ပစ်စလက်ခတ်ဖြစ်နေတဲ့ လူသေကောင်များကို တွေ့ရပါသတဲ့၊ အပုပ်နံ့တွေကလည်း တထောင်းထောင်းထနေတယ်၊ ယင်ကောင်တွေကလည်း တဝုန်းဝုန်းဖြစ်နေတယ်၊ ဒီကြားထဲမှာ တောခွေးတို့ ခွေးအတို့ရဲ့ အူသံတွေကလည်း ‘အမင်္ဂလာ’ ထိတ်စရာတွေဖြစ်နေတယ်၊ ဒီတော့ ရုတ်တရက်ကြောက်သွားပြီး အလင်းရောင် ပျောက်သွားပါသတဲ့”

“အမယ်လေး၊ မှောင်ကြီးမည်းမည်း တစ်ယောက်တည်းဆိုတော့ ခေါင်းနားပန်းကြီးပြီး ကြက်သီးမွေးညင်းတွေ ထ,စရာပါကလား၊ သဒ္ဓါတရား အင်မတန်ကြီးမားတဲ့ သူဌေးကြီးတောင် အလင်းရောင် ပျောက်ပြီး ကြောက်စိတ်တွေ ဝင်လာသေးတယ်နော်”

“အေး၊ ဒါကြောင့် မနေ့က မင်းကိုပြောခဲ့တာပေါ့ ‘သဒ္ဓါပါတယ်မောင့်ကို’ ဆိုတဲ့ အကြောင်းမှာလေ၊ ‘သဒ္ဓါဟူငြား ဆိုတရားမှု၊ ပျက်ပြားယွင်းသွေ၊ မိစ္ဆေဖီသန်း၊ ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်၊ မပြုနိုင်ဘု’ ဆိုတာလေ၊ အဲသလိုနဲ့ သူဌေးကြီးက သူ့ခရီးကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်မယ်လို့ စိတ်ကူးလိုက်မိတယ်၊ ထိုအချိန်အခါမှာပဲ သူဌေးကြီးနောက်က စောင့်ရှောက်လိုက်ပါလာတဲ့ သိဝက နတ်ဘီလူးက 'သူဌေးကြီး မကြောက်ပါနှင့်၊ ဘုရားထံတော်အရောက် ဆက်၍သာ လျှောက်ပါ၊ အသင်လျှောက်နေသော ခြေတစ်လှမ်းတစ်လှမ်းတို့၏ တန်ဖိုးကား အင်မတန်ကြီးမားပါတယ်၊ လောကစည်းစိမ်ချမ်းသာတွေနှင့်သာ ယှဉ်လိုက်ရင် ဆင်တစ်သိန်း မြင်းတစ်သိန်း ရထားတစ်သိန်း ရတနာခုနစ်ပါးများ ဆင်ယင်ထားတဲ့ သတို့သမီးကညာတစ်သိန်းတို့ရဲ့တန်ဖိုးက အသင်သူဌေးကြီး၏ ခြေတစ်လှမ်း တန်ဖိုးရဲ့ တစ်ဆယ့်ခြောက်စိတ်ကို တစ်ဆယ့်ခြောက်စိတ် ပြန်စိတ်ခြင်း (သို့မဟုတ်) နှစ်ရာငါးဆယ့်ခြောက်စိတ်မှာ တစ်စိတ်လောက် တောင်မှ အဖိုးမတန်သေးပါဘူး၊ ဒါကြောင့် ရဲရဲဝံ့ဝံ့ ဆက်သာသွားပါလို့အားပေးတယ်၊ သူဌေးကြီးက အဲဒီအသံကြားရတော့ မိမိနောက်မှာ အဖော်တစ်ယောက်ပါသေးတာပဲလို့ စိတ်ကိုတင်းပြီး ဆက်ပြီးတော့လည်း လျှောက်လိုက်ရော သဒ္ဓါစိတ်ကအနိုင်ရပြီး အလင်းရောင်တွေ ပြန်ထွက်လာပါသတဲ့၊ ဒါကြောင့် 'မြဲခိုင်စိမ့်ငှာ၊ ထိုသဒ္ဓါကို၊ ပညာကွန့်ထွေ၊ မဆွဲ့စေနှင့်' လို့ ဆက်၍ ရေးထားတာ ပေါ့ကွာ"

"အဲဒီ သိဝက နတ်ဘီလူးဆိုတာက သူတော်ကောင်းမို့လို့ ပေါ့နော်၊ နို့မို့ရင် ဒုက္ခ"

"သိဝက နတ်ဘီလူးက သောတာပန်ဖြစ်နေတဲ့ အရိယာပုဂ္ဂိုလ်လေကွယ်၊ သူဌေးကြီးကလည်း သောတာပန်ဖြစ်မယ့် ပုဂ္ဂိုလ်ကြီးမဟုတ်လား၊ ဒီတော့ ကလျာဏမိတ္တ သမ္ပဒါ သူတော်ကောင်းမိတ်ဆွေနဲ့ တွေ့ရတာပေါ့၊ ကဲ ကဲ၊ ငါပြောချင်တဲ့ 'ဘုရားဖူးသွားခြင်း' အကြောင်းတရားတော့ ပြည့်စုံပါပြီ"

"နေဦးလေ၊ ဘုရားထံမှ မရောက်သေးဘဲ၊ ဆက်ပြောဦးမှပေါ့"

"ဒါဖြင့် တိုတိုပဲပြောကြပါစို့ကွာ၊ သူဌေးကြီးက ဆက်၍ဆက်၍



လျှောက်လာတယ်၊ တစ်ခါနှစ်ခါ ကြောက်လန့်စိတ်ဖြစ်လာလို့ ပြန်လှည့်မယ်လို့လုပ်တိုင်း နောက်ကပါလာတဲ့ သိဝက နတ်ဘီလူးက တိုက်တွန်းအားပေးလာရတယ်၊ ဒီလိုနဲ့ပဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သီတဝန တောအုပ်သို့ ရောက်လာတယ်၊ ဒီအချိန်က အရုဏ်တက်လုနီးနေပြီ၊ မြတ်စွာဘုရားသခင်က စင်္ကြံ လျှောက်နေရာမှ တောရကျောင်းတွင်းသို့ဝင်၍ ထိုင်တော်မူပြီးနောက် ကျောင်းဝသို့ ရောက်လာတဲ့ အနာထပိဏ်သူဌေးကြီးကို 'ချစ်သား သုဒတ္တလာလော့' လို့ နှုတ်ဆက်ကြိုဆိုတော်မူလိုက်တယ်၊ အဲဒီမှာတင် အနာထပိဏ်သူဌေးကြီးက လူသိအင်မတန်နည်းတဲ့ ငယ်နာမည်ကို ဖော်ထုတ်ခေါ်တော်မူလိုက်တဲ့ ဗုဒ္ဓကိုယ်တော်အပေါ်မှာ 'သဗ္ဗညုတဉာဏ်တော်ရှင်ကြီး စင်စစ်ဖြစ်တော်မူပါပေတယ်' လို့ ဝိစိကိစ္ဆာ ရှင်းစွာဖြင့် ဘုရားခြေတော်ရင်းမှာ တုပ်ဝပ်ရှိကျိုး ရှိခိုးဦးချလိုက်ပါသတဲ့၊ အဲဒီနောက်တော့ ဘုရားထံမှ တရားနာရလို့ သောတာပတ္တိမဂ်ကို ဆိုက်ရောက်သွားပါသတဲ့၊ ဒီလိုနဲ့ပဲ မိမိနေထိုင်ရာ သာဝတ္ထိမြို့ကို ကြွရောက် သီတင်းသုံးတော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားတယ်၊ ဗုဒ္ဓက ခွင့်ပြုတော်မူတဲ့အခါ မိမိရဲ့ ကုန်သွယ်ရေးကိစ္စတွေကို အလုံးစုံစွန့်ပစ်ခဲ့ပြီး သာဝတ္ထိပြည် ကိုပြန်၍ ဇေတဝန်မင်းသားတို့ရဲ့ အရာမ်မြေနေရာကို ငွေပြား စပ်အောင်ခင်းပြီး ဝယ်လိုက်တယ်၊ အဖိုး ကုဋေကုဋာတန်အောင် ကျောင်းတော်ကြီး ဆောက်လိုက်လို့ ဇေတဝန်ကျောင်းတော်ကြီး ဖြစ်လာတယ်"

"ဟုတ်တာပေါ့၊ ဒါကြောင့် မင်္ဂလသုတ်မှာ 'ဧဝံမေသုတံ ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ' လို့ဆိုထားတာကိုးနော့"

"ဟုတ်လှချေရဲ့ဗျာ၊ အဲဒီဇေတဝန်ကျောင်းတော်ကြီးဟာ ဘယ်လောက် အဓိကာရကျသလဲဆိုရင် မြတ်စွာဘုရား၏ တရား

www.burmeseclassic.com

www.burmeseclassic.com



အများဆုံး ဟောတော်မူရာ သာသနာပြုဌာနကြီး ဖြစ်တယ်"

"ကျေနပ်ပါပြီရှင်၊ သာဓု သာဓု"

"အဲဒီ အနာထပိဏ်သူဌေးက ဘုရားမြတ်စွာ သက်တော်ထင်ရှားရှိစဉ် ယုံကြည်မှုသဒ္ဓါကို ဦးထိပ်ထားပြီး ဗုဒ္ဓထံတော်မှောက်အရောက်သွားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်၊ ဤကဲ့သို့ သဒ္ဓါတရားနဲ့ စွန့်စားသွားတဲ့ ပုဂ္ဂိုလ်များလည်း ရှိကြပါသေးတယ်၊ ဥပမာ-မဟာကပ္ပိန ဘုရင်နဲ့ မိဖုရား အနော်ဇာတို့ပေါ့"

"အဲဒီအကြောင်းကိုလည်း နာရရင် ကောင်းမှာပဲရှင်"

"မဟာကပ္ပိနမင်းကြီးအကြောင်းကို နောက်တော့ သတ်သတ်ပြောပါမယ်ကွာ၊ အခုသတိရတုန်း ပြောချင်တာက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် သာသနာသက္ကရာဇ် ၉၄၃ ခု၊ ခရစ်သက္ကရာဇ်ဆိုလျှင် ၃၉၉၊ အဲ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၆၀၀ ခန့်လောက်ကပေါ့ကွာ၊ တရုတ်ပြည်က 'ဖာဟီယန်' အမည်ရှိတဲ့ တရုတ်ဘုန်းကြီးတစ်ပါးဟာ ဘုရားပွင့်တော်မူရာ အိန္ဒိယပြည် မဇ္ဈိမဒေသအရောက် ဘုရားဖူး လာခဲ့ဖူးသတဲ့၊ တရုတ်ပြည်ကနေ အိန္ဒိယပြည်အရောက်ဆိုရင် နဲနဲနောနော ဝေးတဲ့ခရီးကြီး မဟုတ်ဘူးနော်၊ မိုင်ပေါင်း လေး, ငါး, ခြောက်ထောင်လောက် ဖြစ်လိမ့်မယ်ထင်တယ်၊ အဲဒီခေတ်ကဆိုရင် ကုန်းကြောင်းသွားရမှာပေါ့"

"အေးပေါ့ကွ၊ ခရီးလမ်းပန်းကလည်း ဖြောင့်ဖြောင့်ဖြူးဖြူး မဟုတ်ပါဘူး၊ အလွန်တရာ ပူပြင်းခြောက်သွေ့ပြီး အစာငတ်ရေငတ်ဖြစ်နိုင်တဲ့ 'ဂိုဘီ' သဲကန္တာရကြီးကို ဖြတ်ရတယ်၊ နောက်ပြီး အင်မတန် တောတောင်ထူထပ်တဲ့ 'ဟိမဝန္တာ' တောင်ကြီးကိုလည်း ဖြတ်ကျော်ခဲ့ရတယ်၊ အဲ ဗုဒ္ဓဘာသာ တရုတ်ဘုန်းတော်ကြီး 'ဖာဟီယန်' ဟာ ဘုရားပွင့်တော်မူရာဒေသနဲ့ သာသနာထွန်းလင်းရာ အနယ်နယ် အရပ်ရပ်တို့ကို တစ်ဆယ့်ငါးနှစ်ကြာအောင် လှည့်လည်ဖူးမြော်ပြီး ဗုဒ္ဓ၏ပိဋကတ်တော်တို့ကို ကူးယူရေးမှတ် ဆောင်ကြဉ်းသွားပါသတဲ့"



"အင်း၊ သဒ္ဓါဝီရိယဖွဲ့နဲ့ သာသနာပြုတော်မူခဲ့တာပဲနော်"

"ကဲ၊ ဒီတော့ နိဂုံးချုပ်ကြရအောင်၊ အခုလို နွေရာသီ မိုးဦးမကျခင်လေးအတွင်းမှာ ဘုရားဖူးသွားကြတယ်ဆိုတာ အင်မတန် ရည်ရွယ်ချက် ကောင်းပါတယ်၊ ရည်ရွယ်ချက်အတိုင်း အကျိုးရှိဖို့လိုပါတယ်"

"အကျိုးရှိအောင် ဘယ်လိုလုပ်ရမလဲရှင်"

"ခရီးလမ်းတစ်လျှောက်လုံး ဟေးလားဝါးလား စကားတွေဖောင်ဖွဲ့မယ့်အစား၊ ရပ်ချိန် နားချိန် စားသောက်ကြချိန် အပန်းဖြေကြတဲ့အချိန်မှလွဲလျှင် ကျန်တဲ့အချိန်ကလေးများမှာ တစ်နာရီတစ်ခါလောက် ဝတ်အသင်းများ ပရိတ်ရွတ်သွားသလို ခရီးသွားရင်း ရွတ်သွားကြရင် ကောင်းတာပေါ့ကွာ"

"ဘုရားဖူးလိုက်တဲ့အဖွဲ့ထဲမှာ ပရိတ်ရွတ်နေကျ လူတွေက များများစားစားပါဦးမှကိုး"

"ဒီတော့လည်း မင်္ဂလသုတ် ရတနသုတ် မေတ္တာသုတ်လောက်ကို ရတဲ့ လူလေးငါးယောက်က ဦးဆောင်ပြီး ကျန်တဲ့ အဖွဲ့သားများက စာအုပ်ကိုယ်စီကိုင် လိုက်ဖတ်ကြပေါ့၊ အလေ့အကျင့်ရသွားရင်ကျေကျေညက်ညက် ရွတ်တတ် ဖတ်တတ်လာကြမှာပါ"

"အဖေကြီးကပြောတော့သာ လွယ်တယ်နော်၊ ပါဠိကို ဌာန်ကရိုဏ်းကျအောင် ဖတ်တတ်တဲ့လူကအရှားသား"

"မင်း တယ်ဆင်ခြေများသကိုး၊ ကဲ ဒါဖြင့် ဒီလိုလုပ် 'ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' ဆိုတဲ့ ဘုရားဂုဏ်တော်ကိုးပါးရယ်၊ 'သွာကွာတော ဘဂဝတာဓမ္မော' အစရှိတဲ့ တရားဂုဏ်တော် ခြောက်ပါးရယ်၊ 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော' ဆိုတဲ့ သံဃာ့ဂုဏ်တော် ကိုးပါးရယ်၊ ဒါလောက်တော့ လူကြီးလူငယ်မရွေး ကြားဖူးနားဝနဲ့ အလွတ်ရနေကြမှာပါကွာ၊

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ် မြဲပါစေ ဆိုတဲ့ မေတ္တာပို့တွေကိုလည်း ရွတ်သွားကြပေါ့"

"အဲသလောက်တော့ ရွတ်နိုင်ကြလိမ့်မယ် ထင်ပါရဲ့"

"နောက်တစ်ခုရှိသေးတယ်၊ အဲဒါကတော့ ပါဠိမတတ်ဘဲ မြန်မာစာရိုးရိုးဖတ်တတ်ရင်တောင် ရွတ်နိုင်ဖတ်နိုင်တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓဝင်ကဗျာ ဘုရားရှိခိုးကွ၊ 'သုံးလူ့ရှင်ပင်၊ ကျွန်ထိပ်တင်၊ သောင်းခွင် စကြဝဠာ" ဆိုတဲ့ ကဗျာလေး ရှစ်ပုဒ်ကွယ်၊ ဆိုလို့လည်းကောင်း ဗုဒ္ဓဝင်အကြောင်းလည်း သိသွားရော"

"ဟုတ်တယ်နော်၊ ဝတ်တက်သလိုရွတ်ဆိုသွားကြရင် ကိုယ်တိုင်လည်း သဒ္ဓါစိတ်တွေပေါက်လာမယ်၊ ခရီးလမ်းက ကြားရသူတိုင်းလည်း နားချမ်းသာ စိတ်ချမ်းသာ ကြည်နူးနေကြမယ်"

"ဒါပေါ့ကွ၊ ကိုယ့်သဒ္ဓါတရားကို ကိုယ်စောင့်ရှောက်လာခဲ့ကြတော့ အကျိုးမဲ့စကားတွေ နည်းပါးပြီး ကုသိုလ်တွေ တဖွားဖွားတက်လာလိမ့်မယ်၊ အနာထပိဏ်သူဌေးကြီးရဲ့ ခြေလှမ်းတိုင်းအဖိုးတန်သလို ဘုရားဖူးယာဉ်ကြီး၏ ဘီးတစ်ပတ်လိမ့်တိုင်း ဆင်ရတနာမြင်းရတနာတို့ရဲ့တန်ဖိုးကို ရနေကြပါလိမ့်မယ်၊ အဲဒီ တန်ဖိုးတွေကို ပြန်ပြန်သတိရပြီး ကြည်နူးရအောင် သောတာပန် သိဝကနတ်ဘီလူးရဲ့ အားပေးစကားကို ရေးသားကျက်မှတ် ရွတ်ဆို သွားကြရရင် ပို၍ပို၍ ဆီလျော်လိမ့်မယ်လို့ ပြောနိုင်ပါသေးတယ်ဗျာ"

ဦးချမ်းသာက ယိုင်နေရာမှထ၍ သူ၏စာအုပ်ဗီရိုကိုဖွင့်ကာ မဟာဗုဒ္ဓဝင် (တတိယတွဲ) ကို ဒေါ်မြမေအား လှမ်းပေးလိုက်သည်။

"ရော့၊ စာမျက်နှာ ၁၈၈ မှာ ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ကြီး ဖွင့်ပြထားတဲ့ ပါဠိအနက်ကို ဖတ်ကြည့်စမ်း"

ဒေါ်မြမေက စာအုပ်ကို ရိုသေစွာကိုင်၍ ပုဆစ်တုပ်ထိုင်ပြီး အသံထွက်အောင် ဖတ်လိုက်လေသည်။



"သတံ ဟတ္ထီ သတံ အဿာ၊
သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊
အာမုက္က မဏိ ကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊
ကလံနာဂ္ဃန္တိ သောဠသိံ။

(မဟာသေဋ္ဌိ = အနာထပိဏ် ဂုဏ်သိရ်လျှံညီး၊ အိုသူဌေးကြီး) သတံ ဟတ္ထီ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း ဆင်တစ်သိန်းတို့သည်လည်းကောင်း၊ သတံအဿာ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း မြင်းတစ်သိန်းတို့သည်လည်းကောင်း၊ သတံ အဿတရီရထာ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့်အဖိုးတန်ရတနာ သချ်ာတွက်ကိန်း အဿတိုရ်မြင်းကသည့် ရထားတစ်သိန်းတို့သည်လည်းကောင်း။ အာမုက္က မဏိကုဏ္ဍလာ = ပတ္တမြားနားဒောင်း သွယ်ပျောင်းစုံလင် တန်ဆာဆင်အပ်ကုန်ပြီးသော၊ သတံကညာ သဟဿာနိ = မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချ်ာတွက်ကိန်း သတို့သမီးတစ်သိန်းတို့သည်လည်းကောင်း၊ ဧကဿပဒဝီတိဟာရဿ = မြတ်စွာဘုရားကို ဖူးမြော်မည် တရားတော်ကို နာယူမည် သံဃာတော်ကို ပြုစုလုပ်ကျွေးပါမည်ဟု ရည်ရွယ်မှန်းထား ကျောင်းတော်သို့အရောက်သွားသည့် ယောကျ်ား လူစွမ်း၊ ခြေတစ်လှမ်း၏ (ဝါ) တစ်လှမ်း၌ဖြစ်ပွားသော စေတနာ၏၊ သောဠသိံကလံ = တစ်ဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ်၍ တစ်စိတ်လောက်ကမျှ (ဝါ) နှစ်ရာငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်ကမျှ၊ နာဂ္ဃန္တိ = အဖိုးမထိုက်တန်ကြကုန်"

■

www.burmeseclassic.com



www.burmeseclassic.com

## မြတ်စွာဘုရားကိုယ်တော်တိုင်က မဟာကပ္ပိနမင်းကြီးကို ကြွရောက်ကြိုဆိုတော်မူသတဲ့လား

"ဘုရားဖူးသွားတဲ့ 'မဟာကပ္ပိနမင်းကြီး' အကြောင်း ပြောမယ်ဆို အဖေကြီး"

ဦးချမ်းသာသည် ဒေါ်မြမေအား သက်သက်ငြိမ်ငြိမ် ဣန္ဒြေရရ ကြည့်လိုက်သည်၊ ထမင်းစားပြီးသည့်နောက် ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာရှူလျက် ထွေရာလေးပါး စဉ်းစားဖိမ်ယူနေသည့် အချိန်တွင် စကားစမြည်ပြောရမည်ကို နှုတ်လျှာလေးနေတတ်သည်။

"ကဲလေ အဖေကြီး မနေ့ကပြောထားတာ မေ့ပြီလား၊ မဟာကပ္ပိနမင်းကြီးအကြောင်းလေ"

"မမေ့တော့မမေ့ပါဘူးကွာ၊ စကားစ,မရှိရင် ပြောရမှာက ပျင်းခြောက်ခြောက်နိုင်လွန်းလို့ကွ"

ဒေါ်မြမေက မတုန်မလှုပ်ဖြစ်နေသော ဦးချမ်းသာကိုကြည့်၍ ဟက်ဟက်ကလေး ရယ်လိုက်သည်။

"ဟဲ ဟဲ ဟဲ၊ 'စကားစ' ဆိုတာ စကားစ,ပြောလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာပါ အဖေကြီးရယ်၊ အဖေကြီးအကြောင်း မသိတာမှတ်လို့၊ စကားစ,မိလို့ စိတ်ဝင်စားလာရင် လျှာပေါ် တံတွေးမတင်ပါဘူး”

ဦးချမ်းသာက ပြုံးလိုက်သည်၊ ဒေါ်မြမေ၏ စကားက အမှန်သားပေကိုး၊ ထို့ကြောင့် ‘စကားစ’ ဖြစ်လာအောင် ဒေါ်မြမေက အစ,ဖော်ပေးလိုက်ပါသည်။

“မနေ့က အဖေကြီးပြောခဲ့တယ်လေ၊ အနာထပိဏ် သူဌေးကြီးဟာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီကြားလို့ ဦးဦးဖျားဖျား ဖူးမြော်ရအောင် ညကြီးမင်းကြီး သွားတဲ့အခါ အမှောင်ထုကို လင်းနိုင်တဲ့ အရောင်အဝါတွေ ဝင်းပလာတယ်လို့ ပြောခဲ့တာ မဟုတ်လား၊ နောက်ပြီးတော့ ‘မဟာကပ္ပိနမင်းကြီး’ အကြောင်း ဆက်ပြောရဦးမယ်လို့ အဖေကြီး ပြောခဲ့တာကော”

“အေးပါ၊ သတိရပါတယ်၊ ပြောရမှာ အာဝဇ္ဇန်း မရှင်သေးလို့ပါကွယ်၊ ကဲ ကဲ၊ မဟာကပ္ပိနမင်းကြီးဟာ အမတ်ပေါင်းတစ်ထောင်နဲ့ မြင်းစီးပြီး တိုင်းခန်းလှည့်လည်လာတဲ့အခါ သာဝတ္ထိပြည်ကလာတဲ့ လှည်းကုန်သည်ငါးရာနဲ့ တွေ့တယ်ကွယ်၊ အဲဒီလှည်းကုန်သည်ငါးရာက သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူလို့ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတဲ့အကြောင်း ‘သတင်း’ လျှောက်ထားကြတယ်ကွယ်၊ အဲဒီမှာတင် မဟာကပ္ပိနမင်းကြီးဟာ အမတ်တစ်ထောင်နဲ့တကွ ဘုရားသီတင်းသုံးတော်မူရာ သာဝတ္ထိပြည်ဘက်ကို မြင်းစိုင်း၍ ထွက်လာကြတယ်၊ လမ်းခရီးမှာ မြစ်ကြီးသုံးတန်တွေ့ရတော့ သဒ္ဓါတရားနဲ့ သစ္စာစကားဆိုပြီး မြစ်ကို ဖြတ်ကူးလိုက်ကြတာဟာ ရေပြင်က မြေပြင်ကဲ့သို့ မြင်းခွာမှာ ရေမစွတ်ဘဲ မြတ်စွာဘုရားအထံတော်မှောက် ချမ်းသာစွာ ရောက်သွားကြတယ်၊ ထို့နောက် အသီးသီး ရဟန်းသာဝကများ ဖြစ်သွားကြတယ်ကွာ”

“အမယ်၊ ဒီလောက်ကြီး အတိုချုံးလို့တော့ ဘယ်ရမလဲ၊



သူများသဒ္ဓါတရားဖြစ်လာအောင် ကြည်ညိုအောင် ကုသိုလ်ရအောင် ပြောပေးနိုင်မှပေါ့၊ အဖေကြီးကလည်း တရားနာရတဲ့သူ ကုသိုလ်ရရင် တရားဟောတဲ့သူလည်း ကုသိုလ်ရတာပဲ မဟုတ်လား၊ ‘ဓမ္မဿဝန’၊ ‘ဓမ္မဒေသနာ’ ဆိုတာလေ”

ဦးချမ်းသာက စိတ်ပါလက်ပါပြောနေသော ဇနီးသည်ကို ကြည့်ရင်း ကြည်ကြည်နူးနူးဖြစ်လာသည်။

“လုပ်ပါ အဖေကြီးရဲ့၊ အိမ်တွင်းရေး လူမှုရေး ဗာဟိရစကားတွေ ပြောနေတာထက် ဓမ္မအကြောင်းကို ဆွေးနွေးရတာက ‘သာသနာ့ဗဟုသုတ’ ဖြစ်တယ်လို့ အဖေကြီးပဲ ပြောနေပြီးတော့”

ဦးချမ်းသာက ခေါင်းလေး တဆတ်ဆတ် ညိတ်လိုက်သည်။

“အေးပေါ့လေ၊ ဒီလိုဆိုလည်း မကျဉ်းမကျယ် ပြောရတာပေါ့၊ လူဆိုတာက ‘ကြားချင်ပါတယ်ဆိုမှ ပြောရတဲ့လူမှာ လျှာသွက်သကွဲ့’ ‘နာချင်ပါတယ်ဆိုမှ ဟောရတဲ့လူမှာ ဉာဏ်သွက်သကွဲ့’၊ ‘ဖတ်ချင်ပါတယ်ဆိုမှ ရေးရတဲ့သူမှာ လက်သွက်သကွဲ့’၊ ဟဲ ဟဲ”

ဦးချမ်းသာက စကားအဆုံးတွင် ချောင်းတစ်ချက် ‘ဟန့်’ ၍ လည်ချောင်းရှင်းလိုက်ပြီးမှ ဆက်ပြောပါသည်။

“ယခု ငါတို့ဗုဒ္ဓမြတ်စွာဘုရားသခင် လက်ထက်တော်မှာ ‘ဘိက္ခုနိဝါဒက’ ဧတဒဂ်ဘွဲ့ထူးကြီးကို ရတော်မူတဲ့ အရှင်မဟာကပ္ပိန မထေရ်အကြောင်းကို ပြောရမယ်ဆိုရင်”

“နေဦးနော်အဖေကြီး၊ ဘိက္ခုနိဝါဒက ဧတဒဂ်ဆိုတာ ဘယ်လိုဘွဲ့မျိုးလဲ”

“ရဟန်းယောကျ်ား သာဝကအများအပြားကို တစ်စုတည်း၊ တစ်ထိုင်တည်း၊ အကျွတ်တရားရအောင် တရားဟောနိုင်တဲ့ အရည်အချင်း ဘွဲ့ထူးမျိုးဖြစ်တယ်ကွာ”

“သြော် သြော်၊ သိရအောင် မေးတာပါအဖေကြီးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



'စကားစ' ဖြတ်တာ မဟုတ်ပါဘူးနော်"

"အေးပါ၊ ထားပါတော့၊ အခု ငါပြောချင်တာက 'မဟာကပ္ပိန မထေရ်' ရဲ့ ရှေးဆုတောင်းကစပြီး ပြောချင်လို့ပါ၊ အဲသလိုဘာဖြစ်လို့ ပြောရသလဲဆိုတော့ ဆုထူးပန် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ရဲ့ အဖြစ်အပျက်ဟာ ယခုခေတ် အတွေးအမြင်များနဲ့ကြည့်ရင် မယုံကြည်နိုင်လောက်အောင် ထူးခြားဆန်းကြယ်နေတာမျိုး ရှိတယ်လေ၊ အဲသလို ဘာဖြစ်လို့ ဖြစ်သလဲဆိုတော့ သူ့ရဲ့ 'အတိတ်ဘဝတွေက ပါရမီ' လို့ တို့ခေါ်နေကြတဲ့ 'ကာယကံ၊ ဝစီကံ၊ မနောကံ' ကောင်းမှုကုသိုလ်တွေ မယုံနိုင်လောက်အောင် ပြုစုဆည်းပူးခဲ့ကြတာတွေကို လေ့လာမှဖြစ်ကြမယ်၊မနေ့ကငါပြောတဲ့စကားတစ်ခုကို သတိရသေးရဲ့လား၊ 'ကိုယ်မဖြစ်လို့ သူမဖြစ်ရဘူးဆိုရင် ဘုရားတောင် မပွင့်နိုင်ဘူး' လို့ ဆိုတာလေ"

"ဟုတ်ကဲ့ပါ၊ ကိုယ်နဲ့သူနဲ့ မတူကြဘူးဆိုတာလေ"

"အေး၊ ဒီလို စကားပလ္လင်ခံပြီးမှ ဆက်ပြောရတာ ကောင်းတယ်၊ လွန်ခဲ့သော ကမ္ဘာတစ်သိန်းမှာ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်၊ အဲဒီအခါကတည်းက မဟာကပ္ပိနမထေရ်အလောင်း၊ အမျိုးကောင်းသားဟာ 'ပဒုမုတ္တရ မြတ်စွာဘုရား' က ရဟန်းတစ်ပါးအား ဘိက္ခုဩဝါဒက ဧတဒဂ်ပေးတာကို အားကျ ကြည်ညိုတာနဲ့ နှတ်မြွက်ဆုတောင်းခဲ့ပါတယ်၊ မြတ်စွာဘုရားကလည်း ပြည့်စုံလုံလောက်တဲ့ အကြောင်းအရာများ ဖြစ်လာလတ္တံ့သည်ကို မြင်တော်မူလို့ တောင်းတဲ့ဆုအတိုင်း ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ဗျာဒိတ်ပေးတော်မူခဲ့ပါသတဲ့၊ အမျိုးကောင်းသားလည်း ဆုတောင်း ပြည့်အောင် ကောင်းမှုကုသိုလ်တွေ ပြုခဲ့ပါသတဲ့"

"အင်း၊ ဆုတောင်းတစ်ခုကိုပြည့်ဖို့များ ကမ္ဘာတစ်သိန်း တောင် ပါရမီဖြည့်ခဲ့ရတယ်ဆိုတော့ အကြာကြီးကို ကြာနေတာပဲနော်၊ တစ်ကမ္ဘာဆိုရင်တောင် ဘဝပေါင်းဘယ်လောက်များ နေခဲ့မှာလဲ မသိဘူး"



"ကောင်းမှုကုသိုလ်တွေချည်း ပြုခဲ့တဲ့ပုဂ္ဂိုလ်ဆိုတော့ လူ့ပြည် နတ်ပြည် စုန်ဆန်ကူးပြောင်းပြီး ကောင်းတာတွေချည်း ပြုလာခဲ့မှာ ပေါ့ကွယ်၊ ခု 'ဘဒ္ဒကမ္ဘာ' ကျတော့ 'ကဿပ မြတ်စွာဘုရား' ပွင့်တော်မူလာတယ်၊ အဲဒီအခါမှာလည်း မဟာကပ္ပိနမထေရ် အလောင်းဟာ ကုသိုလ်ကောင်းမှု အများကြီးပြုခဲ့သေးတယ်၊ ကဿပ မြတ်စွာဘုရားပွင့်တော်မူပြီးတဲ့နောက် ငါတို့ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မမူမီ ကြားကာလတစ်ခုမှာ မဟာကပ္ပိနမထေရ် အလောင်းဟာ ဗာရာဏသီပြည်အနီး ရက်ကန်းသည်တို့ ရွာမှာ ရက်ကန်းသည်တို့ရဲ့အကြီးအမှူးဖြစ်တယ်၊ သူ့မှာ တပည့်လက်သားပေါင်း တစ်ထောင် ရှိတယ်၊ တစ်နေ့မှာ ဟိမဝန္တာမှကြွလာတဲ့ ပစ္စေကဗုဒ္ဓါ တစ်ထောင်ကို သူနှင့်ဇနီး တပည့်ပေါင်းတစ်ထောင်၊ ၎င်းတို့၏ ဇနီးမယားပေါင်း တစ်ထောင်တို့က မိမိတို့ရွာမှာ ဝါဆိုကျောင်းငယ် တစ်ကျောင်းစီ ဆောက်လုပ်လှူဒါန်းကြတယ်၊ ဆွမ်း ဘောဇဉ် အာဟာရများကိုလည်း နေ့စဉ်လှူဒါန်းကြတယ်၊ မွန်မြတ်သော သင်္ကန်းတစ်ထောင်ကိုလည်း ပစ္စေကဗုဒ္ဓါတို့အား အသီးသီးလှူဒါန်း တယ်၊ အဲဒီအထဲမှာ သူ့ဇနီးက 'အနော်ဇာ ပန်းသဏ္ဍာန်' ရွှေရောင် သင်္ကန်းကို ကပ်လှူပြီး နောင်ဘဝတို့တွင် ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အသားအရေနှင့် ပြည့်စုံရပါလို၏၊ အမည်နာမမှာလည်း 'အနော်ဇာ' ဟု တွင်ရပါစေသတည်းလို့ ဆုတောင်းခဲ့သတဲ့ကွယ်၊ အဲဒီဆုတောင်းကြောင့် ဂေါတမဗုဒ္ဓသခင် ပွင့်တော်မူတဲ့အချိန်မှာ မဟာကပ္ပိန မထေရ်အလောင်းက မဟာကပ္ပိန မင်းကြီးဖြစ်လာတော့ အမျိုးသမီးလည်း အသားအရေ ရွှေလိုဝင်းဝါတဲ့ 'အနော်ဇာမိဖုရား' ဖြစ်လာတာပေါ့ကွယ်"

"ရှေ့သွားနောက်လိုက်ညီတဲ့ လင်မယားလို့ ဆိုရမှာပေါ့နော်"

"လင်နဲ့မယား ရှေ့သွားနောက်လိုက်ညီတယ်ဆိုတာ ရုပ်ဆင်း အင်္ဂါညီမျှတာမျိုးလောက်နဲ့ ချီးမွမ်းစရာ မဟုတ်သေးဘူးကွ၊ သဒ္ဓါ

www.burmeseclassic.com

www.burmeseclassic.com



သီလ သုတ စာဂဆိုတဲ့ အင်္ဂါရပ်တွေနဲ့ ညီမျှမှကောင်းတယ်၊ အခုကြည့်လေ၊ မဟာကပ္ပိနမင်းကြီး တောထွက်ပြီး ဗုဒ္ဓထံတော်မှာ ရဟန်းဝတ်တော့ အနော်ဇာ မိဖုရားလည်း ဘိက္ခုနီမ လိုက်ဝတ်တယ်"

"အဖေကြီးကလည်း အရသာပျက်အောင် ကျော်မပြောနဲ့လေ"

"အေးပါ အေးပါ၊ မင်းက 'စကားစ' ကို ဆွဲထုတ်တော့ ငါက လိုက်ရှင်းနေရတာပေါ့"

"စကားစ,ရမှ အာဝဇ္ဇန်းရှင်တယ်ဆို၊ ကဲ... ဆက်ပြော"

"ကောင်းပါပြီဗျာ၊ ယခု တို့မြတ်စွာဘုရား ဂေါတမဗုဒ္ဓသခင် လက်ထက်တော်ကျတော့ ကုက္ကုဋဝတီ မင်းနေပြည်မှာ မဟာကပ္ပိန မင်းကြီး ဖြစ်လာတယ်၊ မိဖုရားက 'အနော်ဇာဒေဝီ' ပေါ့ကွယ်၊ ယခင်က ရက်ကန်းသည် တပည့်လက်သား တစ်ထောင်နဲ့ ဇနီးမယား တစ်ထောင်တို့ကလည်း အတွင်းလူယုံတော် အမတ်တစ်ထောင်နဲ့ အမတ်ကတော်တစ်ထောင် ဖြစ်လာတယ်ကွာ၊ မဟာကပ္ပိန မင်းကြီး ဟာ ဘဝ, ဘဝက ပြုလာခဲ့တဲ့ ပါရမီတွေက စေ့ဆော်တိုက်တွန်းလာ တော့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ဖူးမြော်ဆည်းကပ် လိုတဲ့ 'သမ္မာဆန္ဒ' က ပြင်းပြလာတယ်၊ အဲဒီတော့ မြင်းစေကျော် လေးယောက်တို့ကို အရှေ့ အနောက် တောင် မြောက် မြို့တံခါး လေးရပ်က ထွက်စေပြီး သုံးယူဇနာတိုင်တိုင် ပတ်ဝန်းကျင်မှ နေ့စဉ် သတင်းစနည်းအနာခိုင်းလေ့ရှိတယ်၊ မြင်းစေကျော်တို့ထံမှ သတင်း အစ အန မကြားရသေးတော့ တစ်နေ့သောအခါမှာ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် အမတ်တစ်ထောင်ခြံရံပြီး တိုင်းခန်း လှည့်လည်တော် မူတယ်၊ မင်းကြီးနဲ့ အမတ်တစ်ထောင်တို့ဟာ သိန္ဓောမြင်းများကို အသီးသီးစီးလာပြီး တိုင်းစုံပြည်နား တစ်နေရာ ရောက်တော့ခရီးဝေးက ရောင်းဝယ်ဖောက်ကားရန်လာကြတဲ့ လှည်းကုန်သည်ငါးရာနဲ့ သူတို့ ရပ်နားနေတဲ့နေရာမှာ တွေ့ကြပါတယ်"



'အမောင်ကုန်သည်တို့၊ ဘယ်အရပ်ကလာကြပါသလဲ'

'ကျွန်တော်မျိုးတို့ သာဝတ္ထိပြည်က လာကြပါတယ် ဘုရား'

'သာဝတ္ထိပြည်၌ ထူးထူးခြားခြား အဖြစ်အပျက် အကြောင်း တရား သတင်းစကားများ ရှိပါသလား'

'မှန်လှပါ၊ တိုင်းရေးပြည်ရာ သာယာဝပြော၍ တိုင်းသူ ပြည်သားလူအများတို့ အေးချမ်းသာယာရှိကြောင်းပါဘုရား၊ အထူးခြား ဆုံးကတော့ ဗုဒ္ဓမြတ်စွာ ဘုရားသခင် ပွင့်တော်မူ၍ အနာထပိဏ် သူဌေး၏ ဇေတဝန်ကျောင်းတော်၌'

'ဘာ- ဘာ- ဘာ'

"မဟာကပ္ပိနမင်းကြီးဟာ 'ဗုဒ္ဓသခင်လို့ ကြားတော်မူလိုက် တာနဲ့ တစ်ပြိုင်နက် လှည်းကုန်သည်တို့၏ စကားမဆုံးခင် 'ပီတိ ငါးမျိုးစလုံး' ထုံမွှမ်းပြီး သတိမေ့သွားပါတယ်"

" အနာထပိဏ်ကျောင်းဒကာကြီးဖြစ်တဲ့ ပီတိမျိုးပေါ့နော်"

"ဟုတ်ပါတယ်၊ အရိယာ ဖြစ်မယ့် ပုဂ္ဂိုလ်များဟာ အဲသလို ဝိသေသထူးခြားမှုတွေ ရှိတတ်ပါတယ်၊ သဒ္ဓါ ပညာအရာမှာ တို့နဲ့ များဖြင့်နှိုင်းတုမရနိုင်ပါဘူး၊ ဒါကို 'ပြောမယုံ ကြုံဖူးမှသိ' ဆိုတဲ့စကား အားကိုးပြီး ကိုယ်တွေ့မကြုံလို့ မယုံဘူးဆိုရင်တော့ ကမ္ဘာသကာပဲ၊ မဟာကပ္ပိနမင်းကြီးဟာ စိတ်စောလွန်းတာကြောင့် နားကြားများလွဲလေ ရော့သလားလို့ သုံးကြိမ်သုံးခါ ထပ်၍ ထပ်၍ မေးပါသတဲ့၊သုံးကြိမ် သုံးခါ ပြန်၍ကြားတိုင်းလည်း ပီတိဇောနဲ့ မြောမေ့သလို ဖြစ်၍ဖြစ်၍ သွားပါတယ်၊ လေးကြိမ်မြောက်တဲ့အခါမှာတော့ 'တန့်ဆည်' သွားနိုင် တဲ့အတွက် 'အမယ်မင်း၊ ငါကြားချင်နေတဲ့သတင်းကြီးပါပေပဲ၊အမောင် တို့ရယ်၊ မင်္ဂလာသတင်းကို လျှောက်တဲ့ အတွက် မင်္ဂလာဆုတော်ငွေ အသပြာတစ်သိန်းပူဇော်ပါတယ်' လို့ နှစ်သိမ့်ကြည်နူးစွာပြောပြီး ဆုချ တော်မူပါသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲသလို ဗုဒ္ဓရတနာသတင်း ကြားပြီးတော့ ဓမ္မရတနာသတင်းကို ဆက်မေးပြန်တယ်၊ လှည်းကုန်သည်တို့ကလည်း ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်က 'ပွင့်ထိုက်သော သတ္တဝါ ဝေနေယျတို့ကို ပွင့်ပါစေနလုံးဖြင့် ဓွေချွန်းထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝှန် ရွာဖျန်းသွန်သော မေဃဝန်တမျှ ဓမ္မသောရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူလျက်' ရှိပါကြောင်း သံတော်ဦးတင်တဲ့အခါ ဗုဒ္ဓရတနာအကြောင်း ကြားရစဉ်ကကဲ့သို့ ပီတိငါးပါးကို ခံစားလိုက်ရပြန်ပါသတဲ့၊ အဲဒီနောက် ဓမ္မရတနာအတွက် မင်္ဂလာဆု အသပြာတစ်သိန်း ပေးတော်မူပြန်ပါတယ်၊ ၎င်းမှတစ်ဆင့် တည်း သံဃာ့ရတနာသတင်းကို မေးတော်မူပြန်လို့ လှည်းကုန်သည်တို့ကလည်း ဂုဏ်တော်ကိုးပါးနဲ့ပြည့်စုံတဲ့ အရိယာ သံဃာတော်များ အကြောင်းကို လျှောက်ထားပါတယ်၊ အဲဒီအခါမှာလည်း ရှေးနည်းအတိုင်း ဖရဏာပီတိ ဝွမ်းဆီထိသို့ ဖြစ်ပြီးတဲ့နောက် ဆုတော်ငွေ တစ်သိန်း ပေးပြန်ပါတယ်"

"ရတနာသုံးပါးရဲ့ တန်ဖိုးဟာ ရွှေ ငွေရတနာဆိုတဲ့ ရတနာတို့နဲ့ တန်ဖိုးချင်းယှဉ်လို့ ရမှာမဟုတ်ဘူးနော်"

"အေးပေါ့ကွ၊ သက်ရှိသက်မဲ့ ရွှေငွေရတနာ ဥစ္စာဆင်မြင်းစတဲ့ ပစ္စည်းတွေဟာ လောကီရတနာများသာ ဖြစ်တယ်၊ အဲဒါတွေက လက်ဝယ်တစ်ခဏ ပိုင်ဆိုင်ရလို့ အလွန်ဆုံး တစ်ဘဝ တစ်သက်တာမျှသာ နှစ်သက်နိုင်စရာဖြစ်တယ်တဲ့၊ ရတနာဆိုတဲ့စကားက 'နှစ်သက်စရာ' လို့ အဓိပ္ပာယ်ရတာကိုးကွဲ့၊ အေး၊ ဗုဒ္ဓရတနာ ဓမ္မရတနာ သံဃရတနာဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး တို့ကဖြင့် ပစ္စုပ္ပန် တစ်ဘဝ တစ်သက်တာအတွက်သာ 'နှစ်သက်စရာ' မဟုတ်သေးဘူး၊ သံသရာဘဝအဆက်ဆက် နိဗ္ဗာန်မဂ်ဖိုလ် ရောက်အောင်အကျိုးပေးနိုင်လို့ 'နှစ်သက်စရာ ရတနာအစစ် ဖြစ်ပါတယ်' တဲ့၊ အဲဒီ သဘော



တရားတွေကို မင်းတို့ငါတို့လို ပုထုဇဉ် အနုစားတွေက 'ကံသေကမ္မ' စိတ်ချယုံကြည်ခြင်း မရှိကြသေးပေမဲ့ ယခုမဟာကပ္ပိနမထေရ် အလောင်းတို့လို 'ဗျာဒိတ်ရ ရဲရဲတောက်' နိဗ္ဗာန်သို့ ထုတ်ချောက် ဝင်ရောက်တော်မူမည့် ပုဂ္ဂိုလ်ကြီးများ အနေနဲ့ကဖြင့် 'ချက်ခန်ဆို နားခွက်က မီးတောက်' ပါသတဲ့"

"ပါရမီအနုအရင့်လိုက်လို့ ဖြစ်ကြမှာပေါ့လေ"

"ဟဲ ဟဲ၊ ဒီဆင်ခြေမျိုးတွေပဲ တို့တစ်တွေက ပေးလာကြတာပါကွာ၊ မဟာကပ္ပိနအကြောင်းသာ ဆက်ပြောကြပါစို့၊ လှည်းကုန်သည်တို့ကို ကျေကျေနပ်နပ် ဆုပေးပြီးတော့ မဟာကပ္ပိနမင်းကြီးက သူ့အပေါင်းအသင်း အမတ်တစ်ထောင်နဲ့ တိုင်ပင်တယ်"

'ကဲ၊ အမတ်တို့ ရတနာသုံးပါး ပွင့်ပေါ်နေတာတော့ ကြားရပြီ၊ ယခု လောလောဆယ် ဘယ်လိုများ ဆက်လုပ်ရရင်ကောင်းမလဲ'

'အရှင်မင်းမြတ်ရဲ့ အကြံအစည် အဆုံးအဖြတ်ကိုသာ ကျွန်တော်မျိုးတို့က လိုက်နာကြရန် အဆင်သင့် ရှိကြပါသည်ဘုရား'

'ကောင်းပြီ၊ ကျွန်ုပ်၏ အဆုံးအဖြတ်ကတော့ ဒီအရပ်ကနေပြီး နန်းတော်ကို မပြန်တော့ဘူး၊ ဗုဒ္ဓမြတ်စွာရှိတော်မူရာသို့ သွား၍ ရဟန်းပြုပါတော့မည်၊ အသင် အမတ်တို့က တိုင်းပြည်သို့ပြန်ပြီး စီမံအုပ်ချုပ်ကြပါတော့' လို့နန်းစည်းစိမ်ကို လွှဲပေးတဲ့အခါ 'အသို့ဆိုပါသနည်း အရှင်မင်းကြီး၊ ဘေးတော် ဘိုးတော် ခမည်းတော် အဆက်ဆက်မှ ဆင်းသက်၍ အရိုက်အရာ နန်းမွေခံ ဖြစ်သော မင်းစည်းစိမ်ကို အရှင်မင်းကြီးကိုယ်တိုင်က စွန့်လွှတ်ပြီးလျှင် ရတနာသုံးပါး၏ အရိပ်ကို ခိုဝင်ပါက ကျွန်တော်မျိုးတို့က စုံမက်နေသေးသည်ဆိုပါလျှင် 'ပဲ့ပြားလည်ရှုံကို ဥစ္စာတစ်ပဲ' နှင့် လဲသကဲ့သို့ အကျိုးနည်းရုံသာ ရှိတော့မည်၊ ကျွန်ုပ်တို့လည်း အရှင်ဘုရား၏ နောက်ပါးမှလိုက်၍ ရဟန်းပြုကြပါမည်ဘုရားလို့ တညီတညွတ်တည်း ပြောကြပါသတဲ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပါရမီဆုတောင်းနဲ့ ကောင်းမှုတူညီ လုပ်လာခဲ့ကြတဲ့ပုဂ္ဂိုလ်တွေကိုးနော်"

"ဟုတ်ပါတယ်၊ 'သူတော်ချင်းချင်း သတင်းလွှလွှ ပေါင်းဖက်တွေ' ဆိုတာ ဒီလိုပေါ့ကွယ်၊ ဒီတော့ မဟာကပ္ပိနမင်းကြီးက ဘယ်လိုလုပ်သလဲဆိုရင် အနော်ဇာမိဖုရားကြီးကို မှာကြားဖို့ 'ရွှေပြား' မှာ စာရေးတယ်၊ ရွှေပေလွှာပေါ့ကွယ်၊ ရေးသားတဲ့အကြောင်းက မိမိနဲ့ အမတ်ပေါင်းတစ်ထောင်တို့ဟာ ဘုရားထံမှောက် အရောက်သွား၍ ရဟန်းပြုကြပါတော့မည်၊ တိုင်းပြည်နိုင်ငံကို မိဖုရားကြီးကသာ အုပ်ချုပ်၍ ဧကရီဘုရင်မ လုပ်ပါတော့လို့ ရေးသားထားပါတယ်၊ အဲဒီ ရွှေပေလွှာကို လှည်းကုန်သည်ငါးရာတို့ရဲ့ အကြီးအမှူးထံအပ်တယ်"

"အမောင်တို့ ကုက္ကုဋဝတီ မင်းနေပြည်သို့ အရောက်သွားပြီး မိဖုရားကြီး အနော်ဇာလက်သို့ ပေးဆက်ကြပါကုန်၊ အသင်တို့အား ဆုတော်ငွေများစွာ ရပါလိမ့်မယ် လို့ မှာကြားပေးအပ်လိုက်တယ်၊ အဲဒီနောက် ယူဇနာတစ်ရာ့နှစ်ဆယ်ကွာဝေးတဲ့ သာဝတ္ထိပြည်သို့ ရှေးရှုမြင်းစိုင်းလာကြတယ်၊ မြင်းစိုင်းရင်းလည်း 'ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' အစရှိတဲ့ ဗုဒ္ဓဂုဏ်တော်များဖြင့် အနုဿတိ ပွားများလာကြတယ်၊ 'သွာက္ခာတော ဘဂဝတာဓမ္မော သံဒိဋ္ဌိကော' အစရှိတဲ့ ဓမ္မဂုဏ်တော်များကိုလည်း ပွားများလာကြတယ်၊ 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော' အစရှိတဲ့ သံဃာ့ဂုဏ်တော်များကိုလည်း အနုဿတိ ပွားများလာကြပါတယ်၊ မနေ့က မင်းကိုပြောတဲ့ 'ဘုရားမှာ တစ်ခါဆုံတယ်' အကြောင်းမှာ ဘုရားဖူးခရီးသည်တို့က ဘုရားဖူး ယာဉ်ပေါ်မှာ လိုက်ပါလာကြရင်း 'ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ' တို့ ပွားများလိုက်ပါလာကြရင် ကောင်းတယ်လို့ ပြောတာဟာ မဟာကပ္ပိနမင်းကြီးတို့ကို အားကျလို့ ပြောတာပေါ့၊ 'ခရီးတစ်ခွင်' မှာ အနှောင့်အယှက်ကင်းတယ်၊ ကြည်လင်ချမ်းမြသော



ကာယသုခ စိတ္တသုခတို့နဲ့ ပြည့်စုံတယ်"

"ဒီနေရာမှာ တစ်ခုတော့မေးချင်တယ် အဖေကြီးရေ၊ သိချင်လို့ မေးတာနော်၊ စောဒကတက်တာ မဟုတ်ဘူး"

"မေးစရာရှိ မေးပါကွာ၊ ဆရာတပည့်လိုနေကြတဲ့ လင်မယားချင်းပဲ၊ ဘာများတုံး"

"ဒီလိုပါ၊ မဟာကပ္ပိနမင်းကြီးဟာ ဗုဒ္ဓသခင်ပွင့်တော်မူတယ်လို့ သတင်းကြားရုံသာ ကြားရသေးတာနော်၊ တွေ့ရှိဖူးမြော်ပြီး တရားနာရသေးတာ မဟုတ်သေးဘူး၊ အဲဒါ ဟုတ်တယ် မှုတ်လား"

"ဟုတ်ပါတယ်၊ ပြောမှာသာ ဆက်ပြောပါ"

"အဲသလို ဘုရားကိုလည်း မဖူးရသေးဘဲနဲ့၊ တရားတော်ကိုလည်း မကြားနာရသေးဘဲနဲ့ သာဝက အရိယာ သံဃာတွေကိုလည်း မကြည်ညိုရသေးဘဲနဲ့ ဘယ်လိုကြောင့် ဘယ်လိုနည်းနဲ့ ဗုဒ္ဓဂုဏ်တော်တွေ၊ ဓမ္မဂုဏ်တော်တွေ၊ သံဃာ့ဂုဏ်တော်တွေကို တိတိကျကျ နှုတ်မှ တွတ်တွတ် ရွတ်ဆိုသရဇ္ဈာယ် လာနိုင်ကြသလဲလို့ မေးချင်တာပါ"

"အေး၊ မင်း ဒီလိုမေးလိမ့်မယ်လို့ ငါထင်သားပဲ၊ မေးမှ မေးပါ့မလားလို့တောင် တွေးလိုက်မိပါသေးတယ်၊ မင်းမေးတာ သိပ်ကောင်းပါတယ်၊ မင်းပြောတာမှန်ပါတယ်၊ ဗုဒ္ဓကိုယ်တော်ကို ဖူးမြော်ခွင့်လည်း မရသေးဘဲနဲ့၊ ဓမ္မရတနာကိုလည်း ကြားနာခွင့် မရသေးဘဲနဲ့၊ အရိယာသံဃာတော်များရဲ့ စရိယသိက္ခာများကိုလည်း မကြည်ညိုရသေးဘဲနဲ့ ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေကို နှုတ်တွင်ရွရွ ဘာကြောင့် သိကြရသလဲဆိုတာ မေးစရာ ကောင်းပါတယ်၊ ဒီအမေးကိုဖြေဖို့ အစကတည်းက ပျိုးလာခဲ့တဲ့ စကားတွေကို ပြန်ပြီး ဆင်ခြင်ကြရမှာပေါ့"

"မဟာကပ္ပိနမထေရ် အလောင်းတော်ဟာ လွန်ခဲ့သော ကမ္ဘာ တစ်သိန်းက ပဒုမုတ္တရ မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တရားတော်ကိုလည်း နာခဲ့ရပါတယ်၊ သံဃာတော်များကိုလည်း ကြည်ညိုခွင့်ရခဲ့ပါတယ်၊ အဲဒီကတည်းက ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ကြားနာခဲ့ဖူးပါလိမ့်မယ်၊ နှုတ်တွင်ရွရွ အရ မှတ်ခဲ့ဖူးပါလိမ့်မယ်၊ အကယ်၍များ အရဟတ္တဖိုလ် ပေါက်ရောက်အောင် ကြိုးစားခဲ့လျှင် ရဟန္တာပင် ဖြစ်နိုင်ပါလိမ့်မယ်၊ ဘိက္ခုဩဝါဒက ဧတဒဂ်ရ ရဟန္တာဖြစ်ချင်တဲ့ ဆန္ဒကြောင့်သာ သံသရာရှည်ခဲ့ရတယ် မဟုတ်လား၊ ဝသီဘော် အထုံပါရမီက စွဲမြဲလာခဲ့ပြီလေ၊ နောက်တစ်ခါ လည်း ကြည့်ဦး၊ ကမ္ဘာတစ်သိန်း လွန်မြောက်ပြီးယခု ဘဒ္ဒကမ္ဘာ ရောက်ပြန်တော့လည်း ကဿပ ရှင်တော်မြတ်ဘုရားနဲ့ 'တွေ့ဆုံကြုံကြိုက်' အကြိမ်ပေါင်းများစွာ တရားနာခွင့် ရလိုက်ပြန်ပါတယ်၊ ဒီအချက်ကလည်း ပြာဖုံးသော မီးခဲကို ထိုးဆွလိုက်သလို ဖြစ်လာပါလိမ့်မယ်၊ ဒါကြောင့် ငါ့စကား တစ်ခွန်း ပြောခဲ့တယ်လေ၊ 'ချက်ခနဲ ဆိုရင် နားခွက်က မီးတောက်ပါတယ်' လို့"

"ဟုတ်ပါပြီရှင်၊ ကျေနပ်ပါပြီ၊ အကြောင်းလုံလောက်ပါတယ်၊ သာဓု သာဓု"

"ဒီလို ဆင်ခြင်စဉ်းစားနိုင်တာက ထေရာ အပဒါန်တို့ မဟာဗုဒ္ဓဝင်တို့ အင်္ဂုတ္တိုရ်တို့ ဓမ္မပဒတို့ ရေးသားဖော်ပြကြတဲ့ ဆရာတော့် ဆရာတော်တို့၏ အဆိုအမိန့် အရေးအသားများရဲ့ ကျေးဇူးပါပဲ၊ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တစ်ထောင်တို့ဟာ အစဉ်တစိုက် ထွက်လာကြရာက နှစ်ဂါဝုတ်မျှကျယ်တဲ့ 'အပရစ္ဆာမြစ်' ကမ်းပါးကို ရောက်လာပါတယ်၊ ဟိုမှာဘက်ကမ်းသို့ ဖြတ်ကူးရန် လှေတို့ ဖောင်တို့ကိုလည်း မတွေ့ရပါဘူးတဲ့၊ မြင်းများနဲ့တကွ ကူးသွားနိုင်ဖို့ ဖောင်တွေလုပ်နေရရင်လည်း အချိန်တွေ အများကြီး ကြန့်ကြာ နှောင့်နှေးနေလိမ့်မယ်၊ ထိုကာလအတွင်း မရဏဆိုတဲ့ သေခြင်းက လက်ငင်းရောက်လာနိုင်သေးတယ်၊ ဒီတော့ မဟာကပ္ပိန



မင်းကြီးတို့က ဘာလုပ်သလဲ၊ 'သဒ္ဓါပါတယ်မောင့်ကို' တုန်းက မင်းကို ပြောပြခဲ့ဖူးတဲ့ ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်မှု ဆိုသော သဒ္ဓါစိတ်ကို သိဒ္ဓိတင်ပြီး သစ္စာစကား ဆိုလိုက်ကြပါသတဲ့"

"ဘယ်လို သစ္စာစကားလဲအဖေကြီးရယ်"

" 'သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည် စင်စစ်ကေန် အမှန်ပင် ဘဝသုံးသွယ် ရေပြင်ကျယ်ကို နိဗ္ဗူထုတ်ချောက် မှာတမ်းရောက်အောင် ကူးမြောက်တော်မူပြီးလေပြီ (ဝါ) ကူးမြောက်တော်မူပြီးဖြစ်ရကား လောက၏အဆုံးသို့ နလုံးကြည်ဖြူ ဆိုက်ရောက်တော်မူလေပြီ၊ ခပ်သိမ်းသောတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ၊ ဝစီမင်္ဂလာ ဤသစ္စာစကား ကြောင့် မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏ မြတ်စွာဘုရားထံမှောက် ရဟန်းပြုရန်သွားရောက်ခြင်းသည် အန္တရာယ်မမှောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း' အဲဒါက ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ မဟာဗုဒ္ဓဝင်ပါ ဂါထာအနက်ကို မြန်မာသက်သက် ထုတ်နှုတ်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်"

"အဲဒီလို သစ္စာစကားဆိုလိုက်တော့ ဘယ်လိုများ ဖြစ်သွားသလဲ အဖေကြီးရယ်"

"နှစ်ဂါဝုတ်ကျယ်တဲ့ မြစ်ရေပြင်ဟာ မဟာကပ္ပိနမင်းကြီးတို့ ကူးဖြတ်နိုင်လောက်တဲ့ အတိုင်းအတာ ပမာဏလောက်အထိ ကျောက်ပြားကြီး ခင်းထားသလို တင်းတင်းမာမာ ဖြစ်သွားပါတယ်၊ သို့ကလို ဖြစ်တဲ့အတွက် မြင်းခွာများပင် ရေမစွတ်ဘဲ ကူးမြောက်သွားပါတယ်"

"အင်း၊ သဒ္ဓါတရားက စွမ်းအင်ကြီးမားသလို သစ္စာစကားကလည်း စွမ်းအင်ကြီးမားပေတာပဲ"

"ဘယ့်နှယ်ပြောပါလိမ့်ကွယ်၊ 'သစ္စာနှုတ်သီး မြန်ကြီးကား သေပြီးသော်မှ ပြန်ရှင်ရ၏' လို့ ဆိုထားတာပဲ၊ ဒီနေရာမှာ ကိုယ်ချင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်စမ်း၊ ရေပြင်က မြေပြင်ဖြစ်သွားတာကို တွေ့လိုက်ရတဲ့အခါမှာ မိမိတို့ရဲ့သဒ္ဓါတရားနဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတော်တို့ကို ဆတက်ထမ်းပိုး တိုး၍တိုး၍ ဘယ်လောက် များ အားကိုးကြမလဲ၊ ဘယ်လောက်များ ယုံကြည်ကြမလဲ”

“ဟုတ်ပါရဲ့နော်၊ ကျွန်မဖြင့် အဖေကြီးပြောတာ စဉ်းစားနေမိတာတောင် ကြက်သီးမွေးညင်း ထ,လာပါတယ်”

“အေး၊ အဲသလို ဝမ်းသာအားရ ပီတိသောမနဿနဲ့ ခရီးဆက်လာကြပြန်တဲ့အခါ ဒုတိယ မြစ်တစ်စင်းကို တွေ့ရပြန်ပါတယ်၊ ယူဇနာ၀က် အကျယ်ရှိတဲ့ နီလာဝါဟိနီမြစ်ပေါ့၊ အဲဒီနေရာမှာ မင်းသာဆိုရင် ဘာလုပ်မလဲ”

“အို၊ ပိုတက်နေတဲ့ သဒ္ဓါတရားနဲ့ အားကိုးလို့ဖြစ်မှန်းသိတဲ့ သစ္စာစကားကို ရဲရဲဝံ့ဝံ့ကြီး ဆိုပစ်လိုက်မှာပေါ့”

“အေး၊ အဲဒါ သဘာဝပေါ့ကွ၊ မဟာကပ္ပိနမင်းကြီးလည်း ဒီလိုဆိုတာပဲ၊ ယခုတစ်ခါဆိုတာကတော့ ဓမ္မဂုဏ်ရည် သစ္စာစကားလေ၊ ‘လောကုတ္တရာ အရိယာမဂ်လေးပါးသည် စင်စစ်ကေန် အမှန်ပင်နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏၊ အရိယာမဂ်ဖြင့် ရောက်အပ်နိဗ္ဗာန်မြတ်တရားသည်လည်း ချမ်းသာစင်စစ် ကေန်ဖြစ်၏၊ ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့် မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏ မြတ်ဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည် အန္တရာယ် မမှောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း’ အဲဒီအခါမှာလည်း မြစ်ရေပြင်ဟာ မဟာကပ္ပိနမင်းကြီးတို့အတွက် ကျောက်လမ်းခင်းပေးသကဲ့သို့ ဖြစ်လာပါတယ်၊ မဟာကပ္ပိန မင်းကြီးနဲ့ အမတ်တစ်ထောင်တို့ဟာလည်း သဒ္ဓါတရားတွေ တိုးတက်လာကြပါတယ်၊ သစ္စာစကားကိုလည်း အားကိုးသည်ထက် အားကိုးလာကြပါတယ်၊ ဒီလိုနဲ့ ချမ်းသာစွာ ဖြတ်ကူးပြီးတဲ့နောက် တတိယမြောက်



မြစ်ကြီးတစ်စင်းရဲ့ ကမ်းနားကို ရောက်ခဲ့ပြန်ပါတယ်၊ အဲဒီမြစ်က တစ်ယူဇနာအကျယ်ရှိတဲ့ ‘စန္ဒဘာဂါမြစ်’ ပေါ့၊ မဟာကပ္ပိနမင်းကြီးအတွက် မြစ်ကြီးက ဘယ်လောက်ကျယ်ကျယ် အမှု မထားတော့ပါဘူး၊ မစိုးရိမ်တော့ပါဘူး၊ မကြောင့်ကြတော့ပါဘူး၊ သံဃာရတနာ့ဂုဏ်ရည် သစ္စာစကားကိုသာ ဆိုလိုက်ပါတယ်၊ ‘ပရမတ္ထ အရိယာ သံဃာတော်မြတ်သည် စင်စစ်ကေန် အမှန်ပင် သံသရာ ခရီးခဲကို အုံ့အဲစလောက် ဘက်ကမ်းရောက်အောင် ကူးမြောက်ပြီး ဖြစ်တော်မူ၏၊ အတုမရှိ မွန်မြတ်ဘိသော ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏၊ ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့် မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏ မြတ်စွာဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည် အန္တရာယ် မမှောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း’ အဲသလို သစ္စာဆိုလိုက်တာနဲ့ အထက်ကအတိုင်း မြေပြင်တလျှောက်မှာ ကျောက်လမ်းခင်းသလို ဖြစ်သွားပါသတဲ့၊ အဖေကြီးရေ”

“နေဦး၊ အဖေကြီးရေ၊ ဒီလိုဖြစ်ရပ်မျိုးဆန်ဆန် ကျွန်မကြည့်ခဲ့ရတဲ့ ရုပ်ရှင်ကားတစ်ခုကို သတိရလိုက်တယ်၊ ဟိုလေ၊ အမေရိကန် ဓာတ်ကားတစ်ခုထဲမှာပါ၊နာမည်တော့မေ့နေပြီ၊အဖေကြီးနဲ့ပဲ သွားကြည့်တာပါ၊ အခု ‘ဝဇီရာ’ ရုံဖြစ်လာတဲ့ ‘အိပ်စယ်စီရာ’ ရုပ်ရှင်ရုံမှာပါ”

“ပညတ်တော်ဆယ်ပါးဓာတ်ကားပါကွာ၊ ခရစ်ယာန် ဘာသာဝင် တိုင်းသူပြည်သား အများအပြားကို (သူတို့အခေါ်) မိစ္ဆာဒိဋ္ဌိ ဘုရင်ဖြစ်တဲ့ ရောမဘုရင်ရဲ့ စစ်တပ်ကြီးက လိုက်လံသတ်ဖြတ်သုတ်သင်ကြတယ်လေ၊အဲဒီခရစ်ယာန်ဘာသာဝင်တွေဟာ ‘ပင်လယ်နီ’ ဘက်ကို ထွက်ပြေးလာကြတယ်၊ နောက်ကလည်း မြင်းတပ်ကြီးက လိုက်လာတယ်၊ အဲဒီမှာတင် ပင်လယ်နီ ရေပြင်ကြီးဟာ နှစ်ခြမ်းကွဲပြီး မြေကြီးပေါ်လာတယ်၊ အဲဒီလမ်းအတိုင်း ဖြတ်ပြေးကြရတယ်လေ

www.burmeseclassic.com

www.burmeseclassic.com



မြင်းတပ်ကြီးက ထက်ကြပ်မကွာ လိုက်လာတော့ တစ်တပ်လုံး ပင်လယ်ရေဖုံးပြီး သေကုန်ကြရတာမှုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီနေရာဟာ သိပ်ကြည့်လို့ ကောင်းတာပဲ၊ အံ့သြစရာလည်း သိပ်ကောင်းတာပဲနော် အဖေကြီး"

"အေး၊ တို့ ဗုဒ္ဓလက်ထက်တော်က မဟာကပ္ပိနမင်းကြီးရဲ့ ဖြစ်ရပ်ကို မဖတ်ဖူး မကြားဖူးရင် အံ့သြစရာကြီးလို့ ထင်ရမှာပေါ့ကွယ်၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံယူတော်မူပြီးတဲ့နောက် နှစ်ပေါင်း သုံးလေးရာ လောက်ကြာမှပေါ်ပေါက်ခဲ့တဲ့ဖြစ်ရပ်တွေပါ၊ မင်းက ရုပ်ရှင် အကြောင်း ပြောလို့ ရုပ်ရှင်သဘောနဲ့ တွေးကြည့်ရရင် မဟာကပ္ပိန မင်းကြီးတို့ စန္ဒဘာဂါမြစ်ကမ်းကို ရောက်တဲ့အချိန်မှာ ငါတို့မြတ်စွာဘုရားက တစ်ဘက်ကမ်းမှာရှိတဲ့ ညောင်ပင်ကြီးရဲ့ ခြေရင်းမှာ ထက်ဝယ် ဖွဲ့ခွေ နေတော်မူလျက် မဟာကပ္ပိနတို့အား ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ကြိုဆိုတော်မူပုံ မြင်ကွင်းကို ပြလိုက်ရရင် သိပ်ကောင်းမှာပဲ"

"အို၊ မြတ်စွာဘုရားကိုယ်တော်တိုင်က မဟာကပ္ပိနမင်းကြီး ကို ကြွရောက်ကြိုဆိုတော်မူသတဲ့လား"

"ဟုတ်ပါတယ်၊ ရှင်တော်မြတ်ဘုရားက ပါရမီရှင်ကြီးများ အား ချီးမြှောက်သောအနေဖြင့် ကြိုဆိုတော်မူတာ ရှိပါတယ်၊ သဘောကတော့ စကြဝတေးမင်းကြီးက တိုင်းပြည် အုပ်ချုပ်ရာမှာ အရည်အချင်းပြည့်ဝတဲ့ မြို့စားငယ် ရွာစားငယ်တို့ကို အားပေးချီး မြှောက် ကြိုဆိုတဲ့သဘောမျိုးပါပဲ၊ အဲသလို မြတ်စွာဘုရားသခင်၏ ကြိုဆို ချီးမြှောက်ခြင်းခံရတဲ့ ဝိသေသပုဂ္ဂိုလ် ခုနစ်ဦး ရှိပါသတဲ့၊ ၁- အရှင်မဟာကဿပ၊ ၂- မဟာကပ္ပိနမင်းကြီး၊ ၃- အရှင်အနုရုဒ္ဓါ၊ ၄- အရှင်ကောဏ္ဍိကဏ္ဏသောဏ၊ ၅- ဝနဝါသီတိဿသာမဏေ၊ ၆- ရေဝတ သာမဏေ၊ ၇- ပုက္ကုသာတိမင်းကြီးတို့ဖြစ်ကြောင်း 'မူလပဏ္ဏာသ' မှာ ပါတဲ့အတိုင်း အဂ္ဂမဟာပဏ္ဍိတ အရှင်ဦးသြဘာသာ



ဘိဝံသ စီရင်တော်မူတဲ့ 'သုတေသန သရုပ်ပြ အဘိဓာန်' မှာ တွေ့ရှိ ပါတယ်၊ ကဲ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တစ်ထောင်တို့ဟာ မြစ် တစ်ဘက်ကမ်းရောက်လို့ မြတ်စွာဘုရားကို ဖူးမြော်ရတဲ့အခါမှာ အလွန် တောင့်တခဲ့ရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရား ဒေသနာကို နာယူရပါတယ်၊ တရားတော်အဆုံးမှာပဲ ပရိသတ်အားလုံး သောတာပတ္တိမဂ် ကိုရလိုက် ပါတယ်၊ ထိုမှတစ်စပ်တည်း ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်သည့်အခါ ဗုဒ္ဓမြတ်စွာက 'ဧဟိဘိက္ခု' (ဧထ-ဘိက္ခဝေါ) ခေါ်တော်မူသဖြင့် အသီးသီး ပရိက္ခရာအစုံနှင့်တကွ ရဟန်း ဖြစ်ကုန် ကြပါတယ်"

"ဧဟိ-ဘိက္ခုလို့ မြတ်စွာဘုရားက ခေါ်တော်မူလိုက်ရင် သင်္ကန်းပရိက္ခရာအစုံနဲ့ ရဟန်းအဖြစ်ကို ရောက်သွားတာဟာ ရှေးရှေးဘဝ ဘဝက သံဃာတော်တို့အား သင်္ကန်းပရိက္ခရာလှူခဲ့ဖူးတဲ့ ကောင်းမှုကြောင့်ပေါ့နော် အဖေကြီး"

"ဟုတ်ပါတယ်ခင်ဗျား၊ သာသနာတော်မှာ အဲဒီကောင်းမှုက အရေးအကြီးဆုံးပေါ့၊ အထက်ပါပုဂ္ဂိုလ် ခုနစ်ယောက်အနက် ပုက္ကုသာတိ မင်းကြီးကိုကြည့်၊ မြတ်စွာဘုရားနဲ့ တွေ့ဆုံပြီးသည့်နောက် ရဟန်းအဖြစ်ကိုရလိုသော်လည်း သင်္ကန်းပရိက္ခရာ လှူခဲ့ဖူးတဲ့ ကောင်းမှု မရှိခဲ့လို့ 'ဧဟိဘိက္ခု' အခေါ်မခံရလေတော့ သင်္ကန်း အရှာထွက်ရာမှာ 'နွားဆိုး' ဇော့၍ စုတေခဲ့ရတယ်၊ ကဲ မဟာကပ္ပိန မထေရ်အကြောင်းကို နိဂုံးချုပ်ကြပါစို့၊ မြတ်စွာဘုရားထံတော်မှာ ဆက်လက်ကြိုးစား ကျင့်ကြံတဲ့အတွက်အာသဝေါကင်းကွာလို့ ရဟန္တာဖြစ်သွားတယ်ကွယ်၊ အဲဒီနောက် 'နောက်ပါရဟန်း တစ်ထောင်ကို တရားပြတော်မူ' လို့ 'တစ်စုတစ်ဝေးတည်း' အကျွတ် တရားရကုန်ကြတယ်၊ အဲဒီဂုဏ် အရည်အချင်းကြောင့် မြတ်စွာဘုရားက မဟာကပ္ပိနမထေရ်ကို 'ဘိက္ခု သြဝါဒက' ဧတဒဂ်အရာ ထားတော်မူလိုက်ပါသတဲ့ကွယ်" ■

www.burmeseclassic.com

www.burmeseclassic.com




ပုဏ္ဏသာတိမင်းကြီးဟာ
ပံသုကူသင်္ကန်း
အရှာထွက်တဲ့အခါ
နွားဆိုးမ
အဝှေ့ခံရလို့
အမှိုက်ပုံပေါ်မှာတင်
စုတိစိတ်ကျပြီး

"ဇမ္ဗူကျက်သရေ၊ ချက်ဖွေဘူမိ၊ အပရာဇိခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလနိုက်၊ ကာမလောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟည်း၊ ပွဲတင်တီးအောင်၊ ဖျက်ဆီး လုယက်လာသော၊ မေခလာဂီရိ၊ တောင်တရှိမျှ၊ ပြောင်ကြီးသေဌ်နင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော် မူစေ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက် တိုက်လှန်ခြင်းငှာ၊ အာနာပါနဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထ သမာပတ်တို့ကို၊ အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ ပစ္စဝေက္ခဏာဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီတည်းဟူသော၊ ဝသီဘော်ငါးတန်ဖြင့်၊ အဖန်ဖန်လေ့လာတော်မူပြီးလျှင်၊ ရှေးတီးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်အမျိုးစသော၊ ပရမတ် ပညတ်တို့ကို၊ တပ်အပ်သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသဉာဏ်။ သုံးတန်ဘုံသား၊ အများသတ္တာ၊ ဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လာဘုဋ္ဌာနနှင့်တကွ၊

www.burmeseclassic.com



ဒွိရုပဋိစ္ဆန္နံ၊ သဏ္ဍာသုခမဖြစ်သော ရူပါရုံကို၊ အကုန်မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်။ လေးတန်ဩဃ၊ အာသဝနှင့်၊ ယောဂဂန္ထ၊ လေးဖြာ ဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယ ခုနစ်အင်၊ သံယောဇဉ် ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ မိုလ်ခြေကွပ်ကဲ၊ သူ့ရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စွာပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ၊ အမည် ရသော၊ အာသဝက္ခယဉာဏ်။ ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာရှစ်ပါးနှင့်၊ ပြည့်စုံတော်မူသဖြင့်၊ သယမ္ဘူအထွတ်၊ လူတမွတ်ဟု၊ မချွတ်သမိုက် အပ်ထသော"

ယနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်၊ ဦးချမ်းသာသည် ကျေးဇူးရှင် ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ ပကိဏ္ဏက အစိန္တေယျကြီး ဘုရားရှိခိုးကို ရွတ်ဆိုပူဇော်ရာ၌ သဒ္ဒါ တရားထက်သန်နေလေသည်၊ အထူးသဖြင့် အထက်ပါစာပိုဒ်ကို ထူးထူးခြားခြား စိတ်ဝင်စား၍ ကြည်ညိုလိုက်သည်။

ဗုဒ္ဓမြတ်စွာသည် လွန်ခဲ့သော ၂၅၇၅ နှစ်၊ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိမဏ္ဍိုင်၌ ပုဗ္ဗေ နိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်တော်ကြီးများကို ရတော်မူခဲ့ကြောင်း သတိပြုလိုက်မိလေသည်၊ ဗုဒ္ဓရတနာ ပေါ်ထွန်းရာကား ထိုနေ့ ထိုည ထိုအချိန်မှ စခဲ့သည်၊ ထိုဗုဒ္ဓကိုယ်တော်မြတ်ကြီးအား လောကဝေါဟာ 'ရတနာ' ဟူသည့် စကားနှင့် နှိုင်းယှဉ်တွဲစပ် ဂုဏ်နှင့်ဒြပ်ညီအောင် သုံးနှုန်း တင်စားသည့် ဗိမ္ဗိသာရမင်းကြီး၏ စကားတွေကိုလည်း အမှတ်ရ လိုက်မိပါသည်၊ ဒါကို ဇနီးသည်အား ဖောက်သည်ချချင်နေသည်။

"အမေကြီးရေ အားပြီလား"

"လာပြီ လာပြီ၊ အဖေကြီးရေ"

မကြာမီ ဦးချမ်းသာအနီးသို့ လိမ္မော်ရည်ဖန်ခွက်တစ်ခွက်



နှင့် ရောက်လာသည်၊ ဖန်ခွက်တင်လာသော ပန်းကန်ပြားကိုဦးချမ်းသာ ရှေ့ရှိ စားပွဲနိမ့်ကလေးတွင် တင်ပေးလိုက်ရင်း "ရာသီဥတုများကလည်း ပူလိုက်တာ" ဟု ညည်းလေ၏။

ဦးချမ်းသာက အိုက်စပ်စပ် ဖြစ်နေစဉ်အတွင်း ချိုမွှေး အေးမြသော အဖျော်ရည်လေးကို လာပေးဖော်ရသဖြင့် ကောက်ကာ ငင်ကာ တစ်ကြိုက်မျှ သောက်လိုက်လေသည်။

"ဘာများပြောမလို့တုံးရှင့်"

ဦးချမ်းသာက "ဩော်–" ဟု တစ်ခွန်းတည်းသာ ပြောပြီး ဖန်ခွက်ကို စားပွဲပေါ်သို့ ချလိုက်သည်။ ပြီးမှ ဒေါ်မြမေအား စေ့စေ့ ကြည့်လိုက်သည်။

"ခါတိုင်းတော့ စကားပြောဖို့ မင်းက ငါ့ကို အစဖော်ပေးရ တယ် မဟုတ်လား။ ဒီနေ့တော့ ငါကကို စ,ပြောချင်လို့ တရားနာ မယ့်လူ ဖိတ်ခေါ်လိုက်ရတာပေါ့၊ ဒီနေ့ ကဆုန်လပြည့်နေ့လေ၊ညနေ ခြောက်နာရီ ထိုးလုပြီ"

ဒေါ်မြမေက တိုင်ကပ်နာရီကို မော့ကြည့်လိုက်သည်။

"ဘာလဲ၊ အဖေကြီးက သီလယူထားပြီး ထမင်းဆာလို့လား"

"တောက်တီးတောက်တဲ့ကွာ"

ဦးချမ်းသာက မနှစ်မြို့သလိုမဟုတ်ဘဲ ချေချေငံငံရှိသဖြင့် ပြက်ချော်ချော်ပြောမိသော ဒေါ်မြမေမှာအားတုံ့အားနာ ဖြစ်သွားမိသည်။

"ဒီအချိန်လောက်မှာ ဗုဒ္ဓမြတ်စွာဖြစ်မည့်ဆဲဆဲ အလောင်းတော် ကြီးကို မာရ်နတ်က စစ်ခင်းပြီးလာတိုက်တာ ပြောချင်လို့ပါ"

ဤတွင်မှ ဒေါ်မြမေမှာ စိတ်ဝင်တစား ဖြစ်လာသည်။

"အင်း၊ 'မှောင်မဝင်ခင် အောင်မြင်တော်မူ၍' ဆိုတဲ့စကား အတိုင်းပေါ့နော်၊ ဆက်ပြောပါ အဖေကြီးရယ်၊ ဆက်ပြောပါ"

"အဲသလိုနဲ့၊ ညဦးယံမှာ 'ပုဗ္ဗေနိဝါသဉာဏ်' ကို ရတော်မူ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သန်းခေါင်ယံမှာ 'ဒိဗ္ဗစက္ခုဉာဏ်' ကို ရတော်မူတယ်၊ မိုးသောက်ယံမှာ 'အာသဝက္ခယဉာဏ်' ကို ရတော်မူတယ်မဟုတ်လား၊ အဲဒီအချိန်ကစပြီး လောကသုံးပါးမှာ ဘုရားပွင့်တော်မူခဲ့တယ်လေ၊ မနေ့က 'မဟာကပ္ပိန' မင်းကြီးအကြောင်း ပြောတဲ့အထဲမှာ ဗုဒ္ဓကိုယ်တော်တိုင်သနားချီးမြှင့်တော်မူသောအားဖြင့် 'ပုက္ကုသာတိ' မင်းကြီးကို ကြိုဆိုတော်မူတဲ့အကြောင်း တစ်စွန်းတစ်စပါသွားတာ မင်းအခုမှတ်မိမှာပေါ့"

"မှတ်မိပါတယ်ရှင်"

"အေး၊ အဲဒီပုက္ကုသာတိမင်းကြီးကို ဗိမ္ဗိသာရမင်းကြီးက 'ဗုဒ္ဓရတနာ' မင်္ဂလာသတင်း ရွှေပေလွှာပါးတဲ့အခါ 'ရတနာ' ဆိုတဲ့အဖွင့်ကို ပြောချင်လွန်းလို့ မင့်ကိုခေါ်လိုက်ရတာပါ"

ဒေါ်ပြုမေက သဒ္ဓါရွှင်လန်း ဖြစ်နေသော ဦးချမ်းသာကို ကြည့်လျက် ငံ့လင့်နေပေသည်။

"သာသနာဝင် ဇာတ်ဝတ္ထုများစွာတို့မှာ ဗိမ္ဗိသာရမင်းကြီးရဲ့အကြောင်းကို မကြာမကြာ ဖတ်ရှုကြားနာခဲ့ရတယ် မဟုတ်လား၊ အဲဒီ ဗိမ္ဗိသာရမင်းကြီးဟာ ဘုရင်ဧကရာဇ်များစွာတို့အနက် ဗုဒ္ဓဘုရားသခင်ကို အကြည်ညိုဆုံး ဘုရင်တစ်ပါးလို့ ဆိုရမှာဖြစ်တယ်၊ ကြည့်လေ၊ အလောင်းတော်သိဒ္ဓတ္ထမင်းကြီးအဖြစ်က အနော်မာသောင်ခုံမှာ ရဟန်းပြုပြီးတဲ့နောက် တရားကျင့်တော်မူရန် ဥရုဝေလ တောသို့ကြွတော်မူတဲ့အခါ ရာဇဂြိုဟ်ပြည်ကို ဖြတ်လာခဲ့ရတယ်၊ အဲဒီအခါ ဗိမ္ဗိသာရမင်းကြီးက အလောင်းတော်ကို တွေ့မြင်ကြည်ညိုလွန်းလို့ သူပိုင်တဲ့ မဂဓနိုင်ငံကို ထက်ဝက်ခွဲယူ၍ ဘုရင်တစ်ဆူလုပ်ပါမယ့်အကြောင်း တောင်းပန်တော်မူပါသတဲ့၊ အဲသလောက် ကြည်ညိုခဲ့တယ်၊ ဘုရားအလောင်းတော်က လက်ခံတော်မမူဘဲ ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်ကြံတော်မူမည်လို့ ဆိုပြန်တော့ ဗိမ္ဗိသာရမင်းကြီးက အလောင်းတော်ကြီးအား 'ဗုဒ္ဓစင်စစ်' ဘုရားဖြစ် တော်မူသည့်အခါ



တပည့်တော်ထံ ဦးစွာပထမ ကြွလာချီးမြှောက်တော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားသတဲ့၊ ဒါကြောင့် တောထွက်တော်မူကတည်းက အလောင်းတော်ကြီးကို ဦးစွာပထမ သဒ္ဓါကြည်ညိုခဲ့သူ ဖြစ်တယ်"

"ဟုတ်ပါရဲ့နော်"

"အဲဒါကို စွဲစွဲမြဲမြဲမှတ်ထားမှ ဗိမ္ဗိသာရမင်းကြီးရဲ့ ကြည်ညိုရင်းစွဲ သဒ္ဓါပသန္နကို သိရလိမ့်မယ်၊ အဲသလိုသိတော့မှ ဗုဒ္ဓမြတ်စွာကို အတုမရှိသော 'အမြတ်ဆုံးရတနာ' လို့ ချီးမွမ်းကြည်ညိုတဲ့ အဖွင့်ကို သဘောပေါက်လိမ့်မယ်၊ အဲဒီတော့ ဆက်ပြောကြရအောင်ကွာ၊ ဗိမ္ဗိသာရမင်းကြီးမှာ မင်းပျိုမင်းလွင်ဘဝကတည်းက အလွန်ချစ်ကြည် ရင်းနှီးခဲ့တဲ့ မင်းဧကရာဇ်တစ်ပါးရှိတယ်၊ အဲဒီမင်းက တက္ကသိုလ်ပြည့်ရှင်ပုက္ကုသာတိဘုရင် ဖြစ်တယ်၊ သူတို့နှစ်ဦးဟာ အခါအခွင့်သင့်တိုင်းမာကြောင်းသာကြောင်း သတင်းများနဲ့တကွ အဖိုးထိုက် အဖိုးတန်လက်ဆောင်ပဏ္ဏာများ အလဲအလှယ် ဆက်သလေ့ရှိတယ်၊ တစ်ဦးရဲ့နိုင်ငံမှာအဖိုးအတန်ဆုံး အမွန်မြတ်ဆုံးသော သဝိညာဏက အဝိညာဏက ရတနာအထူးအဆန်းများ ပေါ်ပေါက်တွေ့ရှိခဲ့လျှင် တစ်ဦးကိုတစ်ဦး သတင်းပေးအကြောင်းကြားဖို့ ကတိကဝတ်ပြုထားကြတယ်"

"အဝိညာဏကရတနာ, သဝိညာဏကရတနာဆိုတာကို ပြောပါဦး"

"သက်ရှိသက်မဲ့ ရတနာမျိုးကို ဆိုတာပေါ့ကွယ်၊ သက်ရှိရတနာက ဆင်ကောင်း မြင်းကောင်း ရတနာ, သမီးကညာရတနာချိုးပေါ့၊ သက်မဲ့ရတနာဆိုတာမျိုးက စိန် ကျောက် ပတ္တမြား နဝရတ်ကိုးပါးနဲ့တကွ လူ့အသုံးအဆောင် ပစ္စည်းများပေါ့၊ အဲ၊ တစ်နေ့တော့ ပုက္ကုသာတိမင်းကြီးထံမှ လက်ဆောင်ပဏ္ဏာဆက်သလာတယ်၊ သံတမန်ကြီးများက ထူးထူးဆန်းဆန်း တခမ်းတနား လက်ဆောင်များပို့ဆက်ရောက်လာကြတယ်၊ အဲဒီလက်ဆောင်များက ရွှေသေတ္တာ ရှစ်လုံးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ထိုသေတ္တာများကို ဆွေတော်မျိုးတော်နဲ့တကွ မှူးမတ်ဗိုလ်ပုံ တိုင်းသူပြည်သားများ အလယ် မင်းရင်ပြင်မှာ ဖွင့်ကြည့်ပါလို့အမှာတော် ရှိလိုက်သတဲ့၊ ဒီတော့ ဗိမ္ဗိသာရမင်းကြီး ကလည်း ထိုလက်ဆောင် ပစ္စည်းများဟာ အလွန်တရာမွန်မြတ်တဲ့ ဝတ္ထုပစ္စည်းဖြစ်လိမ့်မယ်ဆိုတာ သိတော်မူတဲ့အတွက် အကြည်တော်ပုက္ကုသာတိမင်းကြီး မှာလိုက်တဲ့ အတိုင်း မင်းခမ်းမင်းနားနဲ့ မင်းရင်ပြင် မှာ ဖွင့်လှစ်တော်မူလိုက်ပါတယ်၊ ရွှေသေတ္တာတစ်လုံးစီကို ဖွင့်လိုက်တဲ့ အခါ စန္ဒကူးသေတ္တာ တစ်လုံးစီ ပေါ်လာပါတယ်၊ အလွန်မွှေးပျံ့ သင်းကြိုင်တဲ့ စန္ဒကူးရနံ့များဟာ မင်းရင်ပြင်တစ်ခုလုံး သင်းလှိုင်သွား ပါသတဲ့၊ အဲဒီစန္ဒကူးသေတ္တာများ ကို ဖွင့်လိုက်တဲ့အခါမှာတော့ အဆင်းငါးပါးရှိသော ကမ္ဗလာရှစ်ထည်ကို တွေ့လိုက်ရပါသတဲ့၊ အဲဒီကမ္ဗလာ များဟာ နူးညံ့ပျော့အိ၍ ထိရက်စရာ ကိုင်ရက်စရာတောင် မရှိဘူးတဲ့၊ မင်းပရိသတ် ဗိုလ်ပုံဟာ ရင်သပ် ရှုမောအံ့သြနေကြရတယ်၊ ကမ္ဗလာ တစ်ထည်တစ်ထည်၏ တန်ဖိုးဟာ အဖိုးတစ်သိန်းစီလောက် ထိုက်တန်နေပါလိမ့်မယ်”

“ဘယ်လောက်များ ကောင်းနေသလဲမသိဘူးနော်၊ ရှေးဘုန်း ရှေးကံရှိတဲ့ ပုဂ္ဂိုလ်များနဲ့သာ ထိုက်တန်တဲ့ အဝတ်အထည်ဖြစ်မှာပဲ”

“ဟုတ်တာပေါ့ကွယ်၊ ရှေးဘဝတုန်းက မြတ်စွာဘုရားကို မွန်မြတ်သောသင်္ကန်း ကပ်လှူခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေ နေမှာပေါ့၊ ဗိမ္ဗိသာရမင်းကြီးဟာ ထိုလက်ဆောင်များကို အလွန်အားရနှစ်သက် တော်မူသတဲ့၊ တက္ကသီလပြည်မှာ အမွန်မြတ်ဆုံးရတနာ ဖြစ်လိမ့်မယ် လို့လည်း ယုံကြည်စိတ်ချလိုက်ပါသတဲ့၊ အဲဒီတော့ ကိုယ်ကလည်း ကျေးဇူးတင်စွာနဲ့လက်ဆောင်တုံ့ပြန်ဖို့ လိုလာပါတယ်၊ ဒီအချိန်မှာ ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင် မြတ်စွာဘုရားကို ဖူးမြော်ခွင့်၊ တရားတော် ကြားနာခွင့်ရပြီးလို့ သောတာပန် အရိယာဖြစ်နေပါပြီ၊ ဒီတော့ မိမိထံမှ ပြန်ပေးဖို့ အမွန်မြတ်ဆုံးရတနာကို စဉ်းစားကြံဆလိုက်တဲ့



အခါ ဘယ်လိုများ တွေးမိပါသလဲဆိုတော့

“လောက၌ နှစ်သက်ဖွယ်ရာ ရတနာမည်သည်မှာ ၁- သဝိ ညာဏက = သက်ရှိရတနာ၊ ၂- အဝိညာဏက = သက်မဲ့ရတနာဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် သက်မဲ့ဖြစ်သည့် ရွှေငွေ အစရှိသော အဝိညာဏက ရတနာသည် သက်ရှိရတနာ၏ အဆင်တန်ဆာ စသည်အားဖြင့် အသုံးအဆောင်သာ ဖြစ်ရ၏။ သို့ရကား ဤ သဝိညာဏကရတနာ, အဝိညာဏကရတနာ နှစ်မျိုးတို့တွင် သဝိ ညာဏက ရတနာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။

သဝိညာဏက (သက်ရှိ) ရတနာသည်လည်း ၁- တိရစ္ဆာန် ရတနာ၊ ၂- လူရတနာဟူ၍ နှစ်မျိုးနှစ်စား ရှိပြန်ရာ ဆင်ရတနာ, မြင်းရတနာ အစရှိသော တိရစ္ဆာန်ရတနာသည် လူတို့ သုံးဆောင်ရန် သာလျှင် ဖြစ်ရှိလာ၏။ သို့ရကား ဤတိရစ္ဆာန်ရတနာ, လူရတနာ နှစ်ပါးတို့တွင်လည်း လူရတနာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှ ပေ၏။

တစ်ဖန် လူရတနာသည်လည်း ၁- မိန်းမရတနာ၊ ၂- ယောကျာ်း ရတနာဟူ၍ နှစ်မျိုးရှိပြန်ရာ စကြဝတေးမင်း၏ မိဖုရားရတနာပင် ဖြစ်လင့်ကစား မိန်းမရတနာသည် ယောကျာ်း၏အသုံးအဆောင် သာလျှင် ဖြစ်ချေ၏။ သို့ရကား ဤမိန်းမရတနာ, ယောကျာ်းရတနာ နှစ်မျိုးတို့တွင်လည်း ယောကျာ်းရတနာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။

တစ်ဖန် ယောကျာ်းရတနာသည်လည်း ၁-အာဂါရိယရတနာ= အိမ်ရာအစီးအပွား၌ အားထုတ် ယှဉ်သူလူဝတ်ကြောင် ရတနာ၊ ၂- အနာဂါရိယရတနာ=အိမ်ရာအစီးအပွား၌ အားမထုတ် မယှဉ်သူ ရဟန်းသာမဏေရတနာဟူ၍ နှစ်မျိုးနှစ်စားပင် ရှိလေရာ အာဂါရိယ ရတနာတို့တွင် စကြဝတေးမင်းပင် ဖြစ်လင့်ကစား ယနေ့ရှင်ပြုသစ်စ

www.burmeseclassic.com

www.burmeseclassic.com



သာမဏေငယ်ကို တည်ခြင်းငါးမျိုးဖြင့် ပူဇော်ရလေသည်။ သို့ရကား ဤအာဂါရိယရတနာ ၊ အနာဂါရိယ ရတနာနှစ်မျိုးတို့တွင်လည်း အနာဂါရိယရတနာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။

တစ်ဖန် အနာဂါရိယရတနာသည်လည်း ၁- သေက္ခရတနာ = သိက္ခာသုံးပါးကျင့်နေဆဲ (ကျင့်၍မပြီးသေး) ဖြစ်သည့် ပုထုဇဉ်နှင့် အောက်အရိယာ ပုဂ္ဂိုလ်ရတနာ၊ ၂- အသေက္ခရတနာ = ရဟန္တာ ရတနာဟူ၍ နှစ်မျိုးပင်ရှိပြန်လေရာ သေက္ခရတနာပေါင်း တစ်သိန်း ပင်ဖြစ်လင့်ကစား အသေက္ခရတနာ ရဟန္တာတစ်ပါးကို (ဂုဏ်ကျေးဇူး ကြီးမြတ်သောအရာ၌) လိုက်၍ မမီနိုင်ချေ။

သို့ရကား ဤသေက္ခရတနာနှစ်မျိုးတို့တွင်လည်း အသေက္ခ ရတနာ=ရဟန္တာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။

ထိုအသေက္ခရတနာသည်လည်း ၁- ဗုဒ္ဓရတနာ၊ ၂- သာဝက ရတနာဟူ၍ နှစ်မျိုးနှစ်စားပင်ရှိပြန်လေရာ၊ သာဝကရဟန္တာပေါင်း တစ်သိန်းပင်ဖြစ်လင့်ကစား ဗုဒ္ဓရတနာ ဘုရားတစ်ဆူကို (ဂုဏ်ကျေးဇူး ကြီးမြတ်သောအရာ၌) လိုက်၍ မမီချေ၊ သို့ရကား ဤဗုဒ္ဓရတနာ၊ သာဝကရတနာ နှစ်မျိုးတို့တွင်လည်း ဗုဒ္ဓရတနာသည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။

တစ်ဖန် ဗုဒ္ဓရတနာသည်လည်း ၁- ပစ္စေကဗုဒ္ဓရတနာ= သီးခြားပွင့်တော်မူသော ဘုရားငယ် ဘုရားသီးပစ္စေကဗုဒ္ဓါ အရှင်မြတ် ရတနာ၊ ၂- သဗ္ဗညုဗုဒ္ဓရတနာ=သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရတနာဟူ၍ နှစ်ဆူနှစ်မျိုးပင် ရှိပြန်လေရာ၊ ပစ္စေကဗုဒ္ဓါ အရှင် တစ်သိန်းပင် ဖြစ်လင့်ကစား သဗ္ဗညုဘုရားတစ်ဆူကို (ဂုဏ်ကျေးဇူး ကြီးမြတ်သောအရာ၌) တစ်စိတ်တစ်ဒေသပင် လိုက်၍ မမီနိုင်ချေ။ သို့ရကား ဤပစ္စေကဗုဒ္ဓရတနာ, သဗ္ဗညုတ ဗုဒ္ဓ ရတနာနှစ်မျိုးတို့တွင်လည်း သဗ္ဗညုဗုဒ္ဓရတနာ သည်သာလျှင်



ချီးမွမ်းအပ် အမြတ်ဆုံး ဖြစ်ပေ၏။

မှန်၏။ နတ်ဗြဟ္မာနှင့်တကွသော သတ္တလောကကြီးတစ်ခုလုံး၌ သဗ္ဗညုမြတ်စွာဘုရားရတနာနှင့်တူသော ရတနာမည်သည် မရှိချေ။ သို့ရကား အတုမရှိရတနာကိုသာလျှင် ငါ့သူငယ်ချင်းပုဏ္ဏသာတိ မင်းထံ ပို့သပေအံ့”

ဦးချမ်းသာသည် မဟာဗုဒ္ဓဝင်ပါစာသား၏ အရသာကို အတိအကျ ခံစားစေလိုသဖြင့် မဟာဗုဒ္ဓဝင်ကိုဖတ်၍ ရှင်းပြလိုက်လေသည်၊ ဒေါ်မြမေမှာ တည်ငြိမ်လေးနက်စွာ စူးစူးစိုက်စိုက် စဉ်းစားနေပုံရသည်၊ ထို့နောက်မှ ဦးချမ်းသာကိုကြည့်၍

“ကောင်းလိုက်တာအဖေကြီးရယ်၊ အဲသလို ရတနာချင်းယှဉ်ပြမှ ဗုဒ္ဓရတနာသာ အမွန်မြတ်ဆုံးဆိုတာ ထင်ထင်ရှားရှားကြီး ပေါ်လွင်လာတော့တာပဲ၊ ဆက်ပြောပါဦး”

ဦးချမ်းသာက အဖျော်ရည်ကို တစ်ကြိုက်မျှ ထပ်သောက်လိုက်သည်၊ ထို့နောက် ‘အဟမ်း’ ဟုလည်ချောင်းရှင်းပြီးမှ ဆက်ပြောသည်။

“ဗိမ္ဗိသာရမင်းကြီးက အမွန်မြတ်ဆုံး ရတနာသတင်းကို သူ့အကြည်တော်မင်းအား ပေးရအောင် သို့ကလို စီစဉ်ပါသတဲ့”

“ပထမဦးစွာ ဇမ္ဗူရာဇ် ရွှေစင်အစစ်ကို အလျားလေးတောင် အနံတစ်ထွာ ရွှေပေလွှာ ခတ်စေပါတယ်၊ ထို့နောက် မိမိကိုယ်ကို မိမိသန့်ရှင်းစင်ကြယ်အောင် ရေမိုးချိုး၍ အဋ္ဌင်္ဂသီလ ဥပုသ်ဆောက် တည်ပါတယ်၊ တစ်ထပ်တည်းသော နံနက်စာကို မျှတအောင် သုံးဆောင်ပြီး ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်သို့ တစ်ကိုယ်တော်တည်း တက်ရောက်သွားပါတယ်၊ ပြာသာဒ် နန်းဆောင်ထက်မှာ ရွှေပေလွှာကို ဖြန့်ခင်းပြီး ဟင်္သပဒါးဆေးနဲ့ မဟာဗုဒ္ဓဝင်ကို အတိုချုပ်ရေးပါတယ်၊ မြတ်စွာဘုရားအလောင်း တုသိတာနတ်ပြည်မှ ကပ္ပိလဝတ်ပြည် မယ်တော် မဟာမာယာ ဝမ်းကြာတိုက်၌ သန္ဓေတည်ပုံ၊ လုမ္ဗိနီဥယျာဉ်၌

www.burmeseclassic.com

www.burmeseclassic.com



ဖွားမြင်တော်မူပုံ၊ သက်တော် နှစ်ဆယ့်ကိုးနှစ်တွင် တောထွက်တော်မူပုံ၊ ဥရုဝေလတောသို့ ကျင့်နိုင်ခဲ သမျှသော ဒုက္ကရစရိယာကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူပြီးသည့်နောက် သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူပုံ၊ မိဂဒါဝုန်တောသို့ ပဉ္စဝဂ္ဂီအမျှးရှိသော နတ်ပြဟ္မာတို့အား ဓမ္မစကြာ တရားဟောတော်မူသဖြင့် ဗုဒ္ဓရတနာ ဓမ္မရတနာ သံဃာရတနာ သုံးပါး ထွန်းပေါ်လာပုံတို့ကို ဗိမ္ဗိသာရ မင်းကြီးကိုယ်တိုင် တရိုတသေ တလေးတစား ရေးသားတော်မူပါသတဲ့"

"ဟုတ်တာပေါ့နော်၊ ရတနာသုံးပါးရဲ့အစဟာ မိဂဒါဝုန်က စတင်ဖြစ်ပေါ်ခဲ့တယ်လို့ ပြောနိုင်တာပေါ့"

"ဟုတ်ပါတယ်၊ သရဏဂုံသုံးပါးဆိုတာလည်း အဲဒီနေရာဌာန အဲဒီအချိန်ကာလက စခဲ့တယ်လို့လည်း ပြောနိုင်တာပေါ့၊ အဲသည့်နောက် အရဟံ အစရှိတဲ့ ဗုဒ္ဓဂုဏ်တော် ကိုးပါးကို ရေးတော်မူပြန်ပါတယ်၊ဓမ္မဂုဏ်တော် ခြောက်ပါးကိုလည်း ရေးသားတော်မူပြန်ပါတယ်၊ အရိယာသံဃာတော်တို့၏ ဂုဏ်တော်ကိုးပါးကိုလည်း ရေးသားတော်မူပါသတဲ့၊ အဲဒီရွှေပေလွှာကို သေသပ်စွာ လိပ်ခွေပြီး နံ့သာမျိုးငါးပါး ထုံမွမ်းထားတဲ့ စန္ဒကူးသေတ္တာမှာ ထည့်သွင်းပါတယ်၊ အဲဒီစန္ဒကူးသေတ္တာကို ငွေသေတ္တာ၊ ရွှေသေတ္တာ၊ နဝရတ် ကိုးပါး ခြယ်စီထားတဲ့ သေတ္တာမှာ ထည့်သွင်းပါတယ်၊ အဲဒီသေတ္တာကို မင်္ဂလာဆင်တော်ပေါ်တင်ပြီး ထီးဖြူများအုပ်မိုးကာ ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင် မင်းခမ်းမင်းနား ရှေ့ဝင်းနောက်ဝင်း တပ်တော်ကြီးခင်းပြီး မဂဓတိုင်းနယ်စပ်အထိ လိုက်ပို့တော်မူပါတယ်။ လမ်းခရီး တစ်လျှောက်မှာလည်း သဲဖြူခင်း ရာဇမတ်ကာ တံခွန်ကုက္ကား မုလေးပွားတို့နဲ့တကွငှက်ပျောပင်ကြံပင်ရှင်တို့ကိုစိုက်၍ ပွဲလမ်း သဘင်မျိုးစုံနဲ့ တိုင်းသူပြည်သားတို့က ဗုဒ္ဓရတနာလက်ဆောင်သေတ္တာကို ပူဇော်စေပါတယ်"

"ဗိမ္ဗိသာရမင်းကြီးက ရတနာသုံးပါးကို အထွတ်အမြတ်ထား၍



လေးစားပူဇော်တာ ထင်ရှားပါတယ်နော်"

"ထင်ရှားတာပေါ့ကွယ်၊ သူကိုယ်တိုင် ရေးသားပူဇော်သကဲ့သို့ အကြည်တော်ပုက္ကုသာတိမင်းကြီးကိုယ်တိုင်လည်းသူ့ရတနာလက်ဆောင်ကို လေးစားပူဇော်စေလိုတယ်၊ ဒါကြောင့် သူ့အစီအရင်အတိုင်း တက္ကသိလပြည်နယ် အစွန်အဖျားနယ်စပ်မှ ပုက္ကုသာတိ မင်းကြီးကိုယ်တိုင် တပ်တော်ခင်းပြီး ကြိုဆိုပါမည့်အကြောင်း သံတမန်ကြီးများအား ကြိုတင်စေလွှတ် အစီရင်ကြီးစီရင်ဖို့ မှာကြားထားပါတယ်၊ ဒါတင်မကဘူး၊ ထိုလက်ဆောင်ပစ္စည်းကို မင်းပရိသတ် ဗိုလ်ပုံအလယ်မှာ ဖွင့်လှစ်ခြင်းမပြုဘဲ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်မှာ တံခါးပိတ်ပြီး ပုက္ကုသာတိမင်းကြီးကိုယ်တိုင် တစ်ပါးတည်း ဖွင့်လှစ်ကြည့်ရှုသုံးသပ်ပါလို့လည်း အထူးစကားအဖြစ် မှာကြားလိုက်ပါသေးသတဲ့"

" ဗိမ္ဗိသာရမင်းကြီးက သူကိုယ်တိုင် တစ်ပါးတည်း ရေးခဲ့သလို ပုက္ကုသာတိ မင်းကြီးကိုလည်း တစ်ကိုယ်တည်းဖတ်စေချင်လို့ပေါ့နော်"

"အေးပေါ့ကွ၊ မင်းပရိသတ်ဗိုလ်ပုံအလယ်မှာ အတီး အမှုတ် အကအခုန်တွေ ရုတ်ရုတ်သဲသဲဖြစ်နေရင် ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ဖတ်ရှုတဲ့အခါမှာ အာရုံတွေပြား လွင့်ပါး သွားနိုင်တယ်လေ၊ တို့တစ်တွေကိုယ်တိုင်ပဲ ကိုယ်ချင်းစာကြည့်၊ ဗုဒ္ဓပူဇနီယပွဲတော်ဆိုတဲ့ ဘုရားပွဲတော်များမှာ ပွဲတွေ လမ်းတွေ ဈေးဆိုင်ကနားတွေ၊ အပျော်အပါးတွေကို အာရုံပြုကြသလား၊ ဘုရားရဲ့ဂုဏ်ကို အာရုံပြုကြသလား"

"ဘုရားကိုတောင် ဦးချဝတ်ပြု မရှိကြပါဘူးတော်၊ ဈေးဝယ်စားသောက်ပြီး ဇာတ်ရုံထဲ တန်းဝင်ကြတာက အများစုဖြစ်နေပါတယ်၊ အဲဒီထဲ ကျွန်မတို့တောင်ပါသေး၊ ဟဲ ဟဲ"

"ဒီကနေ့ ငါပြောချင်တာက ရတနာမြတ်သုံးပါးဟာ လောကီရတနာတို့နဲ့ မနှိုင်းယှဉ်အပ်သော ရတနာအစစ်အမှန်များ ဖြစ်တဲ့အကြောင်းကို ပြောချင်တာပါ၊ ပုက္ကုသာတိမင်းကြီးအကြောင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



မနေ့က နည်းနည်းပြောပြီးပါပြီ၊ ဒါကြောင့် အတိုချုပ်ရရင် ပုက္ကုသာတိမင်းကြီးဟာ အကြည်တော်ဗိမ္ဗိသာရမင်းကြီး ပေးလိုက်တဲ့ လက်ဆောင်မွန်တို့ကို ဘုံခုနစ်ဆင့်မှာ တစ်ကိုယ်တည်း ဖွင့်လှစ်ဖတ်ရှုတော် မူပါတယ်၊ ဖတ်လျှင်ဖတ်ချင်းပဲ ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်မြတ်နိုးသွားတော်မူတယ်၊ ဒီနေရာမှာ ဗိမ္ဗိသာရမင်းကြီးထက် လွန်ကဲသွားတာကတော့ အဲဒီဘုံခုနစ်ဆင့်ပေါ်မှာပဲ မြတ်စွာဘုရားကို ရည်မှန်းပြီးသင်္ကန်းဝတ်တော်မူတယ်၊ ရဟန်းအဖြစ် ရယူတော်မူတယ်ပေါ့ကွယ်”

“ဗိမ္ဗိသာရမင်းကြီးထက် လွန်ကဲပြီး သဒ္ဓါတရား ပြည့်စုံတယ်ဆိုတာ ဟုတ်တာပေါ့၊ ဗိမ္ဗိသာရမင်းကြီးက သားတော် အဇာတသတ်ကြောင့် နတ်ရွာစံခဲ့တဲ့အထိ သောတာပန် လူပုဂ္ဂိုလ်ပဲဖြစ်တယ်လေ၊ ရဟန်းဘဝကို မရခဲ့ဘူး၊ အခု ပုက္ကုသာတိမင်းကြီးက ရဟန်းပြုတယ်ဆိုတော့ သာလွန်တာဟာထင်ရှားတာပေါ့”

“အေး၊ အဲသလိုနဲ့ပဲ ပုက္ကုသာတိမင်းကြီးက ဘုံခုနစ်ဆင့်မှာ ရဟန်းအသွင်ပြောင်းခဲ့ပြီးတဲ့နောက် ဗုဒ္ဓမြတ်စွာကို ကိုယ်တိုင်ဖူးတွေ့ပြီး ဓမ္မရတနာကို ကြားနာချင်တယ်၊ သံဃာရတနာအဖြစ် သာဝကရဟန်းဘဝ ခံယူလိုတယ်၊ ဒါကြောင့် ဆွေတော်မျိုးတော် မိဖုရားမောင်းမမိဿံ တိုင်းသူပြည်သားအားလုံးတို့ ငိုယိုလူးလိမ့် တောင်းပန်သည့်ကြားက မြေကြီးကို မင်းအာဏာ ‘စည်း’ တားပြီး တောထွက်တော်မူခဲ့တယ်၊ မင်းအာဏာစည်းတားတယ်ဆိုတာကို မင်းသဘောပေါက်အောင် ပြောရဦးမယ်၊ မင်းကြီးရဲ့နောက်ပါးမှကပ်၍ တောင်းပန်ငိုကြွေးပြီးလိုက်လာတဲ့ ပရိသတ်ကို ‘ဤစည်း’၊ ‘ဤမျဉ်း’ မှ ကျော်လွန်လိုက်ပါလာသူတို့အား မင်းအာဏာကို တော်လှန်သူဟူ၍ သတ်မှတ်ထားမည်လို့ ကြေညာပြီး မြေကြီးကိုမျဉ်းသားလိုက်တာဖြစ်တယ်၊ ဒါကြောင့် မည်သူမျှ မကျူးလွန် မကျော်လွှား မဖျက်ဆီးဝံ့တော့ဘဲ မြေကြီးကို ဦးတိုက်၍သာ ကျန်ရစ်ခဲ့ရရှာတယ်”



“ဪ၊ တိုင်းသူပြည်သား မိဖုရားနဲ့ မောင်းမမိဿံ ဆွေတော်မျိုးတော်တို့လည်း မင်းအာဏာကို သည်လောက်အထိ လိုက်နာ ရှိသေကြတာပဲနော်”

“တိုတိုပြောကြပါစို့ကွာ၊ တက္ကသီလပြည်နဲ့ သာဝတ္ထိပြည်ကြီးဟာ ၁၉၂ ယူဇနာ ဝေးပါသတဲ့၊ သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်ဟာ ၄၅ ယူဇနာ ဝေးပါသေးတယ်၊ ဒီတော့ တက္ကသီလပြည်မှ ရာဇဂြိုဟ်ပြည်အရောက်ဆိုရင် ၂၃၇ ယူဇနာတောင် ဝေးပါသေးတယ်၊ ဤမျှလောက် အခွန့်ရှည်သောခရီးကို ပုက္ကုသာတိမင်းကြီးဟာ လှာဖိနပ်မှမစီးဘဲ ပင်ပန်းကြီးစွာ လာခဲ့ရပါတယ်၊ မြေပြင်ကို ခြေမတင်ခဲ့ဖူးတဲ့ မင်းဇကေရာဇ်ကြီးဟာ ခြေဖဝါးများ ဖူးရောင်ပေါက်ကွဲပြီး သွေးအလိမ်းလိမ်း ဖြစ်ရပါတယ်၊ အဲဒီအချိန်မှာ ဗုဒ္ဓမြတ်စွာဘုရားသခင်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူလျက်ရှိပါတယ်၊ ဒါပေမဲ့ပုက္ကုသာတိမင်းကြီးဟာ ရွှေပေလွှာပါးလိုက်တဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ ရာဇဂြိုဟ်နေပြည်တော်မှာပဲ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူလိမ့်မယ်လို့ထင်တာကြောင့် သာဝတ္ထိပြည်မှလွန်ပြီး ရာဇဂြိုဟ်ပြည်အရောက် လိုက်ခဲ့ပါတယ်”

“အို၊ လေးဆယ့်ငါးယူဇနာလုံးလုံး ခရီးလွန်ခဲ့တာပေါ့နော်”

“အေးလေ၊ ခရီးပိုဝေးအောင် ဖြစ်ခဲ့ရတာပေါ့၊ တစ်ယူဇနာဆိုတာ တစ်ဆယ့်နှစ်မိုင်လောက်ရှိတယ်၊ တက္ကသီလပြည်မှ ရာဇဂြိုဟ်ပြည်အရောက်ဆိုရင် ၂၃၇ ယူဇနာရှိတယ်ဆိုတော့ ၂၈၄၄ မိုင်ရှိတယ်၊ အဲသလောက်ခရီးကို ဘယ်နှစ်ရက်၊ ဘယ်နှစ်လ ခြေလျင်ကြွတော်မူရသလဲ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ရာဇဂြိုဟ်ပြည်မှ ဖွားတော်မူရာကပ္ပိလဝတ်ပြည်ကို ကြွတော်မူရာခရီးဟာ ယူဇနာ ၆၀ ရှိတယ်၊ အဲဒီခရီးကို တစ်နေ့လျှင် တစ်ယူဇနာသာ ကြွတော်မူတဲ့အတွက် နှစ်လတိုင်တိုင် ကြွချီတော် မူခဲ့ရသတဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ပုက္ကုသာတိမင်းကြီးဟာ ၂၃၇ ယူဇနာဆိုတော့ အနည်းဆုံး တစ်နှစ်နီးပါး ကြာသွားမှာပဲ၊ အဲဒီအထဲ ၄၅ ယူဇနာ လွန်လာရသေးတယ်၊ ကျွန်မတို့ဆိုရင်တော့ စိတ်ပျက်အားငယ်ပြီး ဝမ်းနည်းပမ်းနည်း ဖြစ်နေမှာပဲနော်"

"သဒ္ဓါဝီရိယအားကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ လုံ့လဉဿာဟလည်း အားကြီးနေတာပေါ့၊ 'ဘုရားမှာတစ်ခါဆုံတယ်' တုန်းက မင်းကိုပြောခဲ့တဲ့ တရုတ်ဘုန်းတော်ကြီး 'ဖာဟီယန်' တို့လိုပေါ့၊ ကဲ ဆက်ပြောကြရအောင်၊ ပုက္ကုသာတိမင်းကြီးဟာ ရာဇဂြိုဟ်ပြည်ရောက်တော့နေဝင်ချိန်ဖြစ်နေပါပြီတဲ့၊ ဗုဒ္ဓဘုရား သီတင်းသုံးတော်မူရာကို မေးမြန်းပြန်တော့လည်း မိမိဖြတ်သန်းလာခဲ့တဲ့ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူကြောင်း သိရပြန်တယ်၊ ဒီတော့ ရာဇဂြိုဟ်ပြည်မှာ တစ်ညနားနေပြီးမှ မိမိခရီးလွန်ခဲ့သည့် သာဝတ္ထိပြည်ကို လှည့်ပြန်သွားရတော့မယ်လို့ ဆုံးဖြတ်လိုက်ရတယ်၊ တစ်ညနားခိုဖို့ကတော့ အိုးထိန်းသည်တစ်ယောက်ထံခွင့်တောင်းပြီးအိုးဖုတ်တဲ့တဲတင်းကုပ်မှာအနားယူရပါသတဲ့"

"အင်း၊ ပါရမီရှင်ကြီး ပီသပါပေရဲ့တော်"

"တို့နဲ့က လူချင်းလည်းမတူ၊ ကံချင်းလည်းမတူ၊ သဒ္ဓါချင်းလည်းမတူဘူးလို့ ပြောခဲ့တာမဟုတ်လားကွယ်၊ မြတ်စွာဘုရားသခင်က ပုက္ကုသာတိဘုရင်ရဲ့ သဒ္ဓါတရားကို ထိုနေ့နံနက်အရုဏ်ကပင် သိမြင်တော်မူတယ်၊ လေးဆယ့်ငါးယူဇနာတိုင်တိုင် ခရီးလွန်သွားတဲ့ အမျိုးကောင်းသားကို ဘုရားကိုယ်တော်တိုင် သနားချီးမြှောက်တော် မူလိုတဲ့အတွက် ပုက္ကုသာတိမင်းကြီး ခြေလျင်လာဘိသကဲ့သို့ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ခြေလျင်ခရီးဖြင့် တစ်ကိုယ်တည်း ကြွရောက်တွေ့ဆုံတော်မူပါသတဲ့၊ ထူးခြားတာတစ်ခုကို ပြောရဦးမယ်၊ မြတ်စွာဘုရားသခင်က ဗုဒ္ဓအသရေတော်နဲ့ ရောင်ခြည်တော် ခြောက်သွယ်တို့ကို မထင်ရှားစေဘဲ၊ အာဂန္တုအချင်းချင်း ခရီးအတွင်းမှာ တွေ့ဆုံ



ကြုံကြိုက်သကဲ့သို့ တရားဟောပြတော်မူခြင်းပါပဲ"

"ဒါဖြင့် ဗုဒ္ဓကိုယ်တော်မြတ်ကြီးနဲ့ တွေ့နေပါလျက် ပုက္ကုသာတိမင်းကြီးမှာ ဘုရားမှန်း မသိရှာဘူးပေါ့နော်"

"တွေ့လျှင်တွေ့ချင်းတော့ မသိရှာပါဘူး သို့ပေမဲ့ ဟောပြတော်မူသော ခန္ဓာ အာယတန ဓာတ် သစ္စာ တို့နဲ့တကွ ဗောဓိပက္ခိယတရား ၃၇ ပါးကို ကြားနာရတယ်ဆိုရင်ပဲ 'ဤပုဂ္ဂိုလ်ကား သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ဘုရားစင်စစ် ကေန်ဖြစ်တယ်လို့ ဒိဋ္ဌသိလိုက်ရပါတယ်၊ အဲဒီအချိန်ကာလဟာ အရုဏ်တက်ချိန် ဖြစ်ခဲ့ပါပြီ၊ ပုက္ကုသာတိမင်းကြီးလည်း အနာဂါမိမဂ်ကို ရလိုက်ပါပြီ၊ ဒီတော့ မြတ်စွာဘုရားထံမှာ ရဟန်းပြုခွင့် တောင်းတော်မူပါတယ်"

"ဒီနေရာမှာ အရှင် ကောဏ္ဍညတို့လို သပိတ်သင်္ကန်း ပရိက္ခရာစုံနဲ့ ရဟန်းဖြစ်လာအောင် 'ဧဟိဘိက္ခု' ခေါ်တော်မမူတာဟာ ပုက္ကုသာတိ မင်းကြီးကိုယ်တိုင် ဘုရားအစရှိတဲ့ ရဟန်းတော်များကို သင်္ကန်းလှူခဲ့ဖူးတဲ့ ကောင်းမှုမျိုး မရှိခဲ့လို့နေမှာပေါ့နော်"

"အေး၊ မင်းမှတ်မိသားပဲ၊ ဒါကြောင့် အနာဂါမ်ဖြစ်တဲ့ ပုက္ကုသာတိမင်းကြီးဟာ 'ပံသုကူ' သင်္ကန်းအရှာထွက်သောအခါမှာ နွားဆိုးမ အဝှေ့ခံရလို့ အမှိုက်ပုံပေါ်မှာတင် စုတိစိတ်ကျပြီး 'အဝိဟာ ဗြဟ္မာ့ဘုံ' သို့ လားတော်မူပါတယ်၊ ထိုဗြဟ္မာ့ဘုံမှာမှ အရဟတ္တမဂ်ဆိုက်ရောက်ပြီး ပရိနိဗ္ဗာန်ပြုရမှာ ဖြစ်ပါတယ်"

"ဒီလိုဆိုရင် ပုက္ကုသာတိမင်းကြီးဟာ ဗုဒ္ဓသာဝကတော့ မဖြစ်လိုက်ရရှာဘူးပေါ့နော်၊ ဗုဒ္ဓမြတ်စွာကလည်း နွားဆိုးမရဲ့ အန္တရာယ်မှ တားဆီးပေးတော်မမူဘူးလား"

"အပရာပရိယကံကြောင့်ဖြစ်လာမယ့် မရဏအေးကို မြတ်စွာဘုရားသော်မှ တားဆီးပေးခြင်း မပြုနိုင်ကြပါဘူးကွယ်၊ 'ကမ္မသတ္တေ ဝိဘဇ္ဇတိ၊ သဗ္ဗေသတ္တာ ကမ္မသကာ'" ■

www.burmeseclassic.com

www.burmeseclassic.com

## အရှင်မဟာကဿပ



> မြတ်စွာဘုရားက
> သက်န်းချင်းအလဲအလှယ်ပြုပြီး
> ဝတ်ရုံခွင့်ပေးတော်မူတာဟာ
> ဤသာသနာမှာ
> အရှင်မဟာကဿပ
> တစ်ပါးသာရှိပါတယ်

"မြတ်စွာဘုရားက သနားချီးမြှောက်တော်မူတဲ့အနေနဲ့ ကိုယ်တော်တိုင်ထွက်ကြွ၊ ကြိုဆိုခြင်းခံရတဲ့ ပုဂ္ဂိုလ်ထူး ခုနစ်ဦးရှိတယ် လို့ အဖေကြီးပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ ၁ – အရှင်မဟာကဿပ၊ ၂ – အရှင်မဟာကပ္ပိန၊ ၃ – အရှင်အနုရုဒ္ဓါ၊ ၄ – အရှင်ကောဏ္ဍိကဏ္ဏသောဏ၊ ၅ – ဝန ဝါသီတိဿသာမဏေ၊ ၆ – ရေဝတသာမဏေ၊ ၇ – အရှင်ပုက္ကုသာတိ တို့လေ၊ အားလုံး ခုနစ်ပါးပေါ့၊ ဘာဖြစ်လို့မေးတာလဲ"

"သြော်၊ ကျွန်မတို့ပြောခဲ့ကြတာက 'အရှင်မဟာကပ္ပိန' နဲ့ 'အရှင်ပုက္ကုသာတိ' တို့အကြောင်းက စခဲ့ကြလို့ပါ"

"တကယ်တော့ ဘုရားဖူးသွားခြင်းဆိုတဲ့အကြောင်းက စကားစပ်မိလို့ ပြောခဲ့ကြတာလေ၊ အစဉ်အတိုင်းသာဆိုရင် အရှင်မဟာကဿပ အကြောင်းက စရမှာပေါ့"

"ဒါဖြင့် ဒီနေ့ အရှင်မဟာကဿပအကြောင်း ပြောပါလားရှင်"

"သြော်၊ လက်စ ပတ်တော့ ဒီလိုကိုး"

ဦးချမ်းသာက ရယ်လိုက်သဖြင့် ဒေါ်မြမေမှာ 'ပြုံးစနဲ့နဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

"တစ်ခါတစ်ခါ 'စကားစ' ဖော်ပေးမှ အဖေကြီးက ပြောအားရှိတယ်ဆို"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ဒီတစ်ခါရယ်လိုက်သူကတော့ ဒေါ်မြမေ ဖြစ်လေသည်၊ ဦးချမ်းသာက အတန်ကလေးကြာအောင် စဉ်းစားရင်း ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။

"အေး၊ မထေရ်မြတ်ကြီးရဲ့အကြောင်းကို စဉ်းစားလိုက်ရင် ကြည်ညိုစရာတွေ ကျေးဇူးတင်စရာတွေ အများကြီးပေါ်လာလိမ့်မယ်၊ ဒါတောင် တို့အသိကလေး တို့ဉာဏ်ကလေးနဲ့ ပြောရတာဖြစ်တယ်၊ အချုပ်အားဖြင့်ဆိုရရင် 'ဘုရားငယ်တစ်ဆူ' လို့ပြောရင်တောင်ပြောနိုင်ပါလိမ့်မယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ဗုဒ္ဓကိုယ်တော်မြတ်ကြီးရဲ့ ဟောတော်မူခဲ့သမျှ ဓမ္မဝိနယတို့ကို ယနေ့အထိ မပျောက်မပျက်တည်နေအောင် ဦးစွာပထမခေါင်းဆောင်၍ 'သံဂါယနာ' တင်ခဲ့တဲ့ကျေးဇူးရှင်ကြီးဖြစ်တယ်၊ ယခုတို့ဆိုနေသမျှကြားနေရသမျှ 'ဇော့မေသုတ်' အစရှိတဲ့ တရား တော်တွေဟာ အရှင်မြတ်ကြီးရဲ့ ကျေးဇူးတော် ဂုဏ်တော်တွေပေါ့"

"အဲဒီ ဇော့မေသုတ် ဆိုတာတွေဟာ အရှင်အာနန္ဒာမထေရ်က ဖြေကြားလျှောက်ထားရတာ မဟုတ်လားဟင်၊ အဖေကြီး"

"ဟုတ်ပါတယ်၊ အမေးရှိလို့ အဖြေထွက်လာတာပါ၊ မေးသူမှာ ဉာဏ်ကြီးကျယ်သလို ဖြေသူမှာလည်း ဉာဏ်ကြီးကျယ်ပါတယ်၊ ဒါကြောင့် ထိုရဟန္တာအရှင်မြတ်နှစ်ပါးစလုံးဟာ ဤသာသနာရဲ့ အဓိကရ ကျေးဇူးရှင်ကြီးများစင်စစ်ကေန် အမှန်ဖြစ်နေပါတယ်၊ အခုတို့ပြောကြရမှာက အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး တစ်ပါးတည်း အကြောင်းကို မီးမောင်းထိုးသလို ထိုးကြည့်ရမှာပါ"



"ဟုတ်ကဲ့အဖေကြီး"

"ရှင်မဟာကဿပ ကိုယ်တော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို မြင်တော်မူလို့ မြတ်စွာဘုရားက အရှင်မဟာကဿပနဲ့ သင်္ကန်းချင်း အလဲအလှယ်ပြုပြီး ဝတ်ရုံခွင့် ပေးတော်မူတယ်၊ ဒီလိုချီးမြှောက်ခြင်း ခံတော်မူရတာဟာ ဤသာသနာမှာ အရှင်မဟာကဿပ မထေရ်မြတ်တစ်ပါးသာ ရှိပါတယ်၊ မြတ်စွာဘုရား ဝတ်ရုံတော်မူတဲ့ သင်္ကန်းရဲ့ ဂုဏ်တော်ကြီးမားပုံကိုလည်း ကြည့်ဦးလေ၊ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် 'သေနနီဂုံး' လူသေကောင်စွန့်ပစ်ရာ အရပ်မှ 'သင်္ကန်းလျာ' အဖြစ် အဲဒီပံသုကူကောက်ယူတော်မူစဉ်က ပထဝီမြေကြီးဟာ သိမ့်သိမ့်တုန်သွားရပါတယ်၊ အဲသလောက် တန်ခိုးရှိန်စော် အာနုဘော်ကြီးမားတဲ့ သင်္ကန်းကြီးပါ၊ အရှင်မဟာကဿပကလည်း မြတ်စွာဘုရားရဲ့ 'ပံသုကူ' သင်္ကန်းတော်မြတ်ကြီးကို ဝတ်ရုံလိုက်တဲ့အချိန်က စပြီး ဓုတင်အကျင့် တစ်ဆယ့်သုံးပါးကို အသက်ထက်ဆုံး ကျင့်ဆောင်သွားပါတယ်"

"အဲဒီ ဓုတင် တစ်ဆယ့်သုံးပါးဆိုတာကို ပြောပြပါလား အဖေကြီး ရယ်၊ ကျွန်မ အကုန်လုံးမသိလို့ပါ"

"နေဦးကွ၊ ပထမဦးဆုံး 'ဓုတင်' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကိုသိမှ ကျင့်ကြံအားထုတ်တော်မူကြတဲ့ သဒ္ဓါ ဝီရိယကို တို့တစ်တွေမှာ အံ့ဩလို့မဆုံး ချီးမွမ်းလို့မဆုံး ကြည်ညိုနိုင်ကြမယ်"

"ဟုတ်ကဲ့၊ ပြောပါ အဖေကြီးရယ်၊ ကြည်ညိုရအောင်"

"ဓုတင်ဆိုတာ ကိလေသာအနှောင်အဖွဲ့မှ 'ခါထွက်ခြင်း' လို့ အဓိပ္ပာယ်ရတယ်၊ 'ခါထွက်ခြင်း' ဆိုတဲ့ စကားကလည်း 'လုံ့လဝီရိယ' နဲ့ 'ဆောင့်ခါရုန်းထွက်' တဲ့သဘော၊ သာယာမှုနှင့်သမျှ တွန်းလှန်ပယ်ရှားတဲ့သဘောပေါ့ကွယ်၊ အဲဒီ တစ်ဆယ့်သုံးပါးကို ခင်းနားလည်ရုံ မြန်မာစကားနဲ့ ပြောရမှာဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



၁။ ပံသုကူဓုတင် = ဒါယကာတို့လှူဒါန်းသော သင်္ကန်းကို မဝတ်ရုံဘဲ လူတို့စွန့်ပစ်ထားသော အဝတ်များကိုသာ လျှော်ဖွပ် အရောင်ဆိုး၍ ချုပ်ဖာ ဆက်စပ်ပြီး ဝတ်တော်မူကြတာ။

၂။ တိစီဝရိက်ဓုတင် = ခါးဝတ်သင်းပိုင်၊ ကိုယ်ရုံကောသီ၊ ပခုံးတင်ဒုကုဋ်သင်္ကန်းကြီး ဤသုံးထည်မှ အပိုမထားမရှိ၊ မသုံးဆောင်တာ။

၃။ ပိဏ္ဍပါတ်ဓုတင် = ဆွမ်းခံလို့ရသောဆွမ်းမှ အပ လာဘ်ပိုလာဘ်လျှံကို အလှူမခံတာ။

၄။ သပဒါနစာရိကဓုတင် = ဆွမ်းရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အိမ်စဉ်အတိုင်းသာရပ်၍ ဆွမ်းခံတာ။

၅။ ဧကာသနိက်ဓုတင် = တစ်ထိုင် တစ်နေရာတည်းတွင်သာ ဆွမ်းကိုစားတာ။

၆။ ပတ္တပိုင်ဓုတင် = သပိတ်တစ်လုံးတည်းဖြင့်သာ ဆွမ်းကိုစားတာ"

"အဲဒါကိုတော့ မသိလို့မေးပါရစေ အဖေကြီးရယ်၊ ကျွန်မတို့ ပြောပြောနေကြတာကတော့ 'ဗတ်လဗိုင်' လို့ပြောနေကြတာပဲ၊ ဆွမ်းရော ဆွမ်းဟင်းပါရောနှော်ပြီး စားရတယ်၊ အရိုးအသားတောင် ရွေးချယ်စွန့်ပစ်ခြင်း မရှိစေရဘူးတဲ့၊ အဲဒီလို မဟုတ်လား"

"မဟုတ်ပါဘူး၊ သပိတ်တစ်လုံးမှတစ်ပါး အခြားခွက်ယောက် ပန်းကန်များနှင့် အလှူမခံတဲ့သဘောပါ၊ 'ပတ္တ' ဆိုတာ ခွက်၊ သပိတ်တို့ကို ခေါ်တယ်၊ 'ပတ္တပိဏ္ဍိက' ဆိုတဲ့ ပါဠိမှ 'ပတ္တပိုဏ်' ဖြစ်လာတယ် အဲဒီစကားကမှ 'ပတ္တပိုင်' ဖြစ်လာတယ်၊ အဲဒါကို တို့မြန်မာတွေကခေါ်တော့ 'ဗတ်လဗိုင်' ဖြစ်သွားရော"

"သြော်၊ သြော် ဒီလိုကိုး"

"၇။ ခလုပစ္ဆာဓုတင် = အကပ်ခံပြီးသော ဆွမ်းဘောဇဉ်ကို



စားပြီးသည့်နောက် ထိုဆွမ်းဘောဇဉ်ကို ဝိနည်းတော်အရ ပရိကံပြုပြီး၍ နောက်ထပ် လာကပ်ပြန်သော် လက်ခံသုံးဆောင်ခြင်း မရှိတာ။

၈။ အာရညိကဓုတင် = ရွာကျောင်းမှာမနေဘဲ တောကျောင်း၌သာ နေတာ။

၉။ ရုက္ခမူဓုတင် = အမိုးအကာရှိသောကျောင်းတွင်မနေဘဲ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်၌သာနေတာ။

၁၀။ အဗ္ဘောကာသိကဓုတင် = ကျောင်းမှာလည်းမနေ သစ်ပင်အောက်မှာလည်းမနေဘဲ လွင်တီးခေါင်၌သာ နေတာ။

၁၁။ သုသာနဓုတင် = သုသာန်၌သာ နေတာ။

၁၂။ ယထာသန္ထတိ ဓုတင် = နေရာကောင်း ကျောင်းကောင်း ဆွမ်းကောင်းတို့ကို မရွေးချယ်ဘဲ ရသမျှနှင့် တင်းတိမ်ကျေနပ်တာ။

၁၃။ နိသဇ်ဓုတင် = လဲလျောင်းခြင်း အိပ်စက်ခြင်းမပြု ထိုင်ခြင်း ထခြင်း စင်္ကြံသွားလျက်သာနေတာ၊ အဲဒါတွေပေါ့ကွာ'

"ဓုတင်အကျင့်ဟာ သိပ်ဆင်းရဲမှာပဲနော် အဖေကြီး"

"တို့တစ်တွေအနေနဲ့ကတော့ ဆင်းရဲတယ်ထင်မှာပေါ့ကွာ၊ ကိလေသာစက်ကွင်းက ဖွတ်အတင်း ထွက်ချင်ကြတဲ့ သူတော်ကောင်းကြီးများအဖို့ကတော့ မငြီးမငြင် ချမ်းသာစွာကျင့်တော်မူကြလို့ ဓုတင်၏ ကျေးဇူး နှစ်ဆယ့်ရှစ်ပါးတောင်ရှိပါသတဲ့၊ ထားပါတော့ကွာ၊ အရှင်မဟာကဿပ ကိုယ်တော်ကြီးအကြောင်းသာ ဆက်ကြပါစို့၊ အဲဒီတော့ ရဟန္တာမြတ်ကြီးရဲ့ နောက်ထပ်ဂုဏ်တစ်ခုကို ပြောကြဦးစို့၊ မြတ်စွာဘုရားဘခင်ဟာ သက်တော်ရှစ်ဆယ် ဝါတော် လေးဆ[illegible]ငါးဝါမှာ ပရိနိဗ္ဗာန်ပြုတယ်၊ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ [illegible]ကြင်း ဥယျာဉ်ကြီးထဲ[illegible]ပေါ့၊ သက္ကရာဇ်အားဖြင့်တော့ ၁၄၈ [illegible]ဆုန်လပြည့် အင်္ဂါနေ့မှာ ဖြစ်တယ်၊ အလောင်းတော်အား စကြ[illegible]တေးမင်းကြီးဖြ

www.burmeseclassic.com



အလောင်းတော်ကို ပူဇော်တဲ့ အစီအရင်အတိုင်း မီးပူဇော်၍ သဂြိုဟ်ကြတယ်၊ သို့သော်လည်း အလောင်းတော်မှာ မီးမစွဲပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အရှင်မဟာကဿပကိုယ်တော်ကြီး မရောက်လာသေး၍ ဖြစ်ပါသတဲ့၊ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် ခုနစ်ရက်မြောက်မှ အရှင်မဟာကဿပကိုယ်တော်ကြီး တပည့်ငါးရာနဲ့ ရောက်လာပါတယ်၊ အဲသည့်အခါ ဘုရားကိုယ်တော်မြတ်ကြီးအား နောက်ဆုံးပူဇော်ခြင်းဖြင့် 'ခြေဖဝါးတော်အစုံကို ဦးခိုက်ဖူးလိုက်ပါရစေသား' လို့ ·အဓိဋ္ဌာန်ပြုတော်မူလိုက်ပါတယ်၊ အဲသည့်အခါ ကြီးမားစွာသော ထင်းပုံအတွင်းမှ မြတ်စွာဘုရား၏ ရွှေကြာပဒုံခြေတော်အစုံတို့ဟာ တင့်တယ်စွာ ထွက်ကြွလာ၍ ရှင်မဟာကဿပကြီးရဲ့ ဦးခေါင်း၌ တည်တော်မူပါတယ်၊ အားရကျေနပ်အောင်ထိပ်တင်မြတ်နိုး ရှိခိုးပြီးသည့်အခါကျတော့မှ မူလစံတော်မူရာသို့ ပြန်ဝင်ကြွသွားတော်မူပါတယ်၊ အဲသည့်နောက် အလောင်းတော်မှာ အလိုလို တေဇောဓာတ် လောင်ကျွမ်းသွားရပါသတဲ့"

"အင်း၊ ဗုဒ္ဓမြတ်စွာကိုယ်တော်ကြီးက နောက်ဆုံးချီးမြှောက်ခြင်း အနေနဲ့ ချီးမြှောက်တော်မူသွားသေးတယ်နော်၊ နေဦး၊ နေဦး၊ ကျွန်မအမှတ်ရပြီ၊ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနစ်နေ့ ဘုရားရှိခိုးထဲမှာ ပါသားပဲ"

"ဆိုပြစမ်းပါဦးကွာ၊ မှတ်မိရင်"

"နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သီဂီရွှေလျော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြို၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ်ကြွင်းတယ်ကို"

"သာဓု၊ သာဓု၊ ကောင်းလိုက်တာဗျာ၊ ကဲ ဒီတော့ မထေရ်မြတ်ကြီးရဲ့ ဂုဏ်တွေကို စုပေါင်းကြည့်ကြရအောင်



၁။ ရဟန်းဝတ်၍ တောထွက်လာစဉ်ပင် မြတ်စွာဘုရားကိုယ်တော်တိုင်က ကြွရောက်ပြီး ကြိုဆိုတော်မူခြင်း။

၂။ ဘုရားမြတ်စွာ၏ သင်္ကန်းတော်ကို အလဲအလှယ်ပြု၍ ဝတ်ရုံတော်မူရခြင်း။

၃။ ဓုတင်တစ်ဆယ့်သုံးပါးကို အသက်ထက်ဆုံး ကျင့်ဆောင်တော်မူခြင်း။

၄။ မြတ်စွာဘုရားအလောင်းတော်ကို နောက်ဆုံးဖူးမြော်ခြင်းဖြင့် ဖူးမြော်ပြီးမှ တေဇောဓာတ် တောက်လောင်တော်မူစေခြင်း။

၅။ ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် ပထမသံဂါယနာကို ဦးဆောင်၍ တင်တော်မူခြင်း။

၆။ သက်တော် ၁၂၀ ရှည်တော်မူခြင်း။

၇။ အမည်တူ ငါးဦးရှိသည့်အနက် 'မဟာဘွဲ့' ကို အသီအမှတ်ပြုခံရခြင်း"

"နေပါဦး အဖေကြီးရဲ့၊ 'မဟာဘွဲ့' တပ်ရတယ်ဆိုတဲ့ အကြောင်း ပြောပါဦး"

"မြတ်စွာဘုရား၏ သာဝကရဟန်းတော်တွေအနက်မှာ ကဿပဆိုတဲ့ နာမည်တူ၊ ဘွဲ့တူရဟန်းတော်ငါးပါး ရှိပါတယ်၊ အဲဒီ ကဿပဆိုတဲ့ အမည်ကလည်း အမျိုးအနွယ်အလိုက် ခေါ်ကြတဲ့ နာမည်များသာဖြစ်ပါတယ်၊ ဗြာဟ္မဏလူမျိုးများဟာ မျိုးဆက်နာမည်တွေကို ငယ်နာမည်ထက် တန်ဖိုးထားကြတာမဟုတ်လား၊ ဒီတော့ ကဿပအမျိုးအနွယ် ပုဂ္ဂိုလ်တွေဖြစ်လို့ နာမည်တူတွေ ဖြစ်နေကြတာပေါ့၊ ဒါကြောင့် ဂင်္ဂါမြစ်နားမှာနေတဲ့ ကဿပကို 'နဒီကဿပ' လို့ခွဲခြားပြီး ခေါ်ရတယ်၊ ဥရုဝေလတောမှာနေတဲ့ ကဿပကိုတော့ 'ဥရုဝေလ ကဿပ' လို့ ခေါ်ကြတယ်၊ ဘုရင့်သားတော်ဖြစ်တဲ့ ကဿပကိုတော့ 'ကုမာရကဿပ' လို့ ခေါ်ရတယ်၊ အဲ အခုတို့ပြောနေတဲ့ ကဿပ ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကျေးဇူးအထူးကြီးကျယ်တဲ့ ကဿပမို့ 'အရှင်မဟာ ကဿပ' လို့ ခေါ်ကြရပါသတဲ့ကွယ်၊ ငယ်နာမည်ကတော့ 'ပိပ္ပလိ' ပါတဲ့"

"ဟုတ်ကဲ့၊ မြတ်စွာဘုရားက ကြိုတော်မူတဲ့အကြောင်း ရောက်အောင် ဆက်ပြောပါဦး အဖေကြီးရယ်၊ မသကာ အကျဉ်း လောက် ဖြစ်ဖြစ်ပေါ့"

"ပိပ္ပလိသတို့သားရဲ့ မိဘများက 'မဂဓတိုင်း မဟာတိတ္ထ ပုဏ္ဏားရွာက မင်းပုဏ္ဏားကြီး ကပိလနဲ့ မိဖုရား ဘဒ္ဒကာ' တို့ ဖြစ်ကြပါတယ်၊ သတို့သားဟာ ရုပ်ဆင်းအင်္ဂါ အလွန်ချစ်စရာ ကောင်းလွန်းလို့ ပိပ္ပလိ လို့ အမည်မှည့်ခေါ်တာ ဖြစ်ပါသတဲ့၊ မျိုးရိုးဇာတ်အားဖြင့်လည်း အင်မတန် မြင့်မြတ်စင်ကြယ်တဲ့ ကဿပ အမျိုးအနွယ်များ ဖြစ်ကြပါတယ်၊ ပိပ္ပလိ သတို့သား အသက်နှစ်ဆယ် ပြည့်မြောက်တဲ့နှစ်မှာ မိဘများက ဂုဏ်ရည်တန်းတူ အမျိုး ကောင်းသမီးတစ်ဦးဦးနဲ့ လက်ထပ်ထိမ်းမြားပေးချင်ပါတယ်၊ ပိပ္ပလိ သတို့သားက 'အိမ်ရာထောင်မှု မပြုပါရစေနဲ့၊ ကျေးဇူးရှင် မိဘနှစ်ပါး တို့ကိုသာ ပြုစုသွားပါရစေ၊ မိဘနှစ်ပါးကွယ်လွန်လျှင် ရဟန်းပြုဖို့သာ စိတ်ဆန္ဒရှိနေပါတယ်' လို့ ပြောပါတယ်၊ မိဘများကလည်း တစ်ဦးတည်းသောသားမို့ မိဘဘိုးဘွားတို့ရဲ့ အနွယ်အဆက်ကို မပျက်အောင် မပြတ်အောင် အားကိုးလို့ အမျိုးမျိုးတောင်းပန်ကြတယ်၊ ပိပ္ပလိသတို့သားကလည်း အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆန်နေမြဲ ဖြစ်တယ်၊ ဒီတော့ မိဘနှစ်ပါးစလုံး စိတ်ဆင်းရဲနေကြတာပေါ့၊ ဒီလိုဆိုပြန်တော့လည်း မိမိကြောင့် စိတ်ဆင်းရဲနေတာကို သားဖြစ် သူက မကြည့်ရက် မမြင်ရက်ပြန်ဘူးပေါ့၊ ဒီတော့ ကိုယ့်အပြစ်လည်း မဖြစ်အောင်၊ အိမ်ထောင်ရက်သားလည်း မပြုရလေအောင် လူမမီ နတ်မမျှတဲ့ မိန်းမလှရွှေရုပ်ကို ပိပ္ပလိသတို့သားက အနုပညာရှင် များအား သဘာဝမိန်းကလေးတစ်ယောက်နဲ့ အရွယ်တူ သွန်းထ



ပြုလုပ်စေပါတယ်၊ နေ့ရှည်လများ ကြိုးစားသွန်းထု ပြုလုပ်ပြီးတဲ့အခါ မှာတော့ အလွန့်အလွန်လှတဲ့ မိန်းမလှရွှေစင်ရုပ်မှာ 'အသက်ဝင်နေ သလား' လို့တောင် ထင်ကြရပါသတဲ့"

"ပိပ္ပလိသတို့သားက ဘာဖြစ်လို့များ ဒီရွှေစင်ရုပ်ကို ထုတာ လဲဟင် အဖေကြီး"

"သူ့အကြံက ဒီလိုလေ၊ အဲဒီ ရွှေစင်ရုပ်နဲ့တူအောင်လှတဲ့ သတို့သမီးကို ရရင်တော့ အိမ်ထောင်ပြုမယ်ပေါ့၊ မိဘကို အဲသလို အကျပ်ကိုင်ပါတယ်၊ ဒီတော့ မိဘတွေကလည်း အလျှော့မပေးပါဘူး၊ ပညာဗဟုသုတနဲ့ ပြည့်စုံထင်ရှားတဲ့ ပုဏ္ဏားတော်ရှစ်ပါးကို ရွှေရုပ် အပ်ပြီး အနယ်နယ် အရပ်ရပ် အတိုင်းတိုင်းအပြည်ပြည်မှာ သတို့သမီး အရှာလွှတ်ပါတယ်၊ ပညာရှိ ပုဏ္ဏားများက ဇမ္ဗူဒိပ်ကျွန်းမှာ ...လွန်းဆွေ အမျိုးသမီးကောင်း ထွက်ပေါ်ထင်ရှားတဲ့ 'မဒ္ဒရာဇ်' တိုင်း၊ သာဂလနေပြည်တော်ကို တိုက်ရိုက်သွားကြပါတယ်၊ ဝေဿန္တရာ မင်းကြီးရဲ့ မိဖုရား မဒ္ဒီဒေဝီဟာ မဒ္ဒရာဇ်တိုင်းသူပေါ့၊ ငါးရာ့ငါးဆယ် ဇာတ်တော်မှာ 'ကုသ' မင်းကြီးရဲ့ မိဖုရား 'ပဘာဝတီ' ဆိုတာ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲနဲ့ လင်းလောက်အောင် လှတယ် လေ၊ အဲဒီပဘာဝတီဟာလည်း သာဂလမြို့သူပဲပေါ့"

"ပပဝတီ မဟုတ်ဘူးလား အဖေကြီး"

"ဒါက တို့တစ်တွေနှုတ်ကျိုးနေကြတာပါကွာ၊ 'ပ,ဘာ' ဆိုတဲ့ ပါဠိက 'အရောင်အလင်း' ကို ပြောတာ"

"သြော် သြော်"

"အဲဒီ သာဂလမြို့မှာပဲ ရွှေရုပ်လိုလှတဲ့ အမျိုးသမီးကို တွေ့ရပါတယ်၊ ပုဏ္ဏားကြီး 'ကောသိယ' ရဲ့ သမီး 'ဘဒ္ဒာကာပိလာနီ' ...င အမျိုးသမီးလေးပေါ့၊ အသက်က တစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ တိုတိုပြောကြပါစို့ကွာ၊ ပုဏ္ဏားတော်ရှစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရုပ်ကို အတွင်းဉစ္စာပြုပြီး ပိပ္ပလိသတို့သားအတွက် တောင်းရမ်းစေ့စပ်ပါတယ်၊ ဖခင်ပုဏ္ဏားကြီးကလည်း သတို့သားရဲ့ မျိုးရိုးဉစ္စာဂုဏ်သိက္ခာတို့ကို ကျေနပ်လို့ လက်သင့်ခံလိုက်ပါတယ်၊ အောင်မြင်စွာပြန်လာကြတဲ့ ပုဏ္ဏားတော်များ၏စကားကိုကြားရတော့ ပိပ္ပလိလုလင်ရဲ့မိဘဖြစ်တဲ့ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့မှာ ဝမ်းသာအားရဖြစ်နေကြသလောက် ပိပ္ပလိ သတို့သားမှာတော့ အကြီးအကျယ်စိတ်ညစ်နေပါတယ်၊ 'အိမ်ထောင် မပြုရလေအောင် ပရိယာယ်ဝေဝုစ်ဖြင့် ရွှေရုပ်နှင့်တူသူကို ဤဇမ္ဗူမှာရှာမတွေ့နိုင်ဘူး' လို့ထင်ခဲ့တာ မကြာမီ လက်ထပ်ရတော့မယ့် အခြေအနေမျိုး ရောက်ခဲ့ပြီလေ၊ ဒီတော့ နောက်တစ်မျိုး ကြံပြန်တယ်၊ ဘယ်လိုလုပ်သလဲဆိုတော့ သူ့အတွင်းရေးမှူး လူယုံတော်တွေကို စာတစ်စောင်ပေးအပ်ပြီး သာဂလမြို့က ဘဒ္ဒကာပိလာနီ သတို့သမီးလေးထံ လျှို့ဝှက်စာ ပို့ခိုင်းလိုက်တယ်၊ စာထဲ ရေးသားထားတာကတော့ 'နှမ ဘဒ္ဒကာပိလာနီ ငါနှင့်အိမ်ထောင်ပြုဖို့ မလိုလားပါလင့်၊ ငါကား မိဘများကွယ်လွန်သော် ရဟန်းပြုမည့်သူဖြစ်သည်၊ ထိုအခါတွင် သင်တစ်ဦးတည်း စိတ်ဆင်းရဲစွာ ကျန်ရစ်ခဲ့ရပါလိမ့်မည်' အဲသလိုရေးထားပါသတဲ့၊ ဒီနေရာမှာ 'ပါရမီရှင်ဆုကြီးပန်' တို့ရဲ့ သဘောချင်း တိုက်ဆိုင်တာကို ပြောရဦးမယ်၊ ဘဒ္ဒကာပိလာနီ အမျိုးသမီးလေးမှာလည်း မိဘကပေးစားလို့ 'လင်သားသနှာ' ပြုရမှာကို အင်မတန် ထိတ်လန့် စက်ဆုပ်ရွံရှာနေပါသတဲ့၊ ဒီတော့ သူကလည်း သူ့အတွင်းလူယုံ အစေအပါးယောကျ်ားများကိုခေါ်ပြီး ပိပ္ပလိ ထံ စာတစ်စောင်ရေးပြီး လျှို့ဝှက်စွာပေးအပ်လိုက်ပါတယ်၊ အဲဒီစာ ထဲမှာလည်း 'သူ့အားလက်မထပ်လိုပါနှင့်၊ ရဟန်းမိန်းမ ဘိက္ခုနီပြုရန် သာ စိတ်ဆန္ဒရှိပါသည်' ဆိုတဲ့ သဘောမျိုးပါပဲ"

"တိုက်တိုက်ဆိုင်ဆိုင် ရှိလိုက်တာနော်"



"တိုက်ဆိုင်ဆို အရှင်မဟာကဿပအလောင်းတော် ပိပ္ပလိလုလင်နဲ့ ဘဒ္ဒကာပိလာနီတို့ဟာ လွန်ခဲ့သော ကမ္ဘာတစ်သိန်းတုန်းက ပွင့်တော်မူခဲ့တဲ့ ပဒုမုတ္တရ မြတ်စွာဘုရားထံ ဆုကြီးပန်ခဲ့ကြတာကိုး၊ ထိုအချိန်မှစ၍ ဘဝပေါင်းများစွာ အတူတကွ ပါရမီဖြည့်ခဲ့ကြတယ်၊ တစ်ခုသောဘဝမှာ စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်ပြီး တစ်ဦးကရဟန်းတစ်ဦးက ရဟန်းမ ပြုခဲ့ကြတယ်၊အသက်ထက်ဆုံး 'ဈာန်ဝိပဿနာ' ပွားပြီး ဗြဟ္မာ့ပြည်ကို လားကြရတယ်၊ အခု တို့ဘုရားရှင် လက်ထက်တော်မှာ ဗြဟ္မာ့ပြည်က စုတေပြီး ပိပ္ပလိလုလင်နဲ့ ဘဒ္ဒကာပိလာနီသတို့သမီး ဖြစ်ခဲ့ကြတာကိုးကွဲ့၊ ဒီတော့ အိမ်ရာတည်ထောင်လူ့တို့ဘောင်မှာ ကိလေသာအညစ်အကြေးတွေနဲ့ မနေချင်ကြတော့ဘူးပေါ့ကွယ်"

"အင်း၊ ဒါကြောင့် သဘောတူ ငြင်းကြတာကိုး"

"အေး၊ နောက်ဆုံးသဘောတူကြတာကို ပြောကြဦးစို့ရဲ့၊ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် လက်မထပ်ဖြစ်အောင် 'သဝဏ်လွှာစေတမန်' များ လွှတ်လိုက်ကြတာ မအောင်မြင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပြည်ထောင်နယ်ခြားက ရပ်နားအပန်းဖြေကြတဲ့ စခန်းတစ်ခုမှာ စေတမန်အချင်းချင်း မိတ်ဆွေအပေါင်းအသင်းဖြစ်သွားကြတယ်၊ သူ့ကိစ္စ ကိုယ့်ကိစ္စဆွေးနွေးကြတယ်၊ ဆွေးနွေးရာက သဝဏ်လွှာအကြောင်း ရောက်သွားတယ်၊ အလဲအလှယ်ပြုပြီးဖတ်ကြည့်ကြတယ်၊ စာပါအကြောင်းတွေသိရတော့ ကိုယ့်သခင်နဲ့ကိုယ်သခင်မလေးတို့ရဲ့ဆန္ဒတွေကို ရင်ထုမနာ ဖြစ်ကြတယ်၊ သူတို့က လောကီအာရုံကာမဂုဏ်နယ်တွင်းက လူတွေမဟုတ်လား၊ ဒီတော့ သူတို့စေတနာနဲ့ သူတို့ လက်ထပ်ပွဲဖြစ်အောင် စာကိုပြင်ရေးပြီး တစ်ယောက်တစ်ဦးစီပေးလိုက်ကြတာပေါ့၊ ဒီလိုနဲ့ နောက်ဆုံးတော့ ပိပ္ပလိနဲ့ ဘဒ္ဒကာပိလာနီတို့ဟာ ကြီးကျယ်စွာ လက်ထပ်လိုက်ကြရပါတယ်၊ အဲဒီလက်ထပ်တဲ့ည

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့က စီမံခင်းကျင်းထားတဲ့ အိပ်ခန်းကို ဝင်တဲ့အခါ တစ်ဦးနဲ့ တစ်ဦးအကြားမှာ ပန်းကုံးများခြားပြီး သန့်ရှင်းစင်ကြယ်စွာ အိပ်စက်ကြပါသတဲ့၊ ရာဂမဖက် မေတ္တာသက်သက်နဲ့သာ ပြောဆို ဆက်ဆံကြပါသတဲ့၊ ဒီလိုနဲ့ပဲ မိဘနှစ်ဦးစလုံး သေဆုံးကွယ်လွန်ကြတဲ့ အခါမှာတော့ အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို စွန့်ခွာပြီး ဗုဒ္ဓမြတ်စွာကို အာရုံပြုလျက် ပရိက္ခရာသကၤန်းနဲ့ ရဟန်းဝတ်ပြီး တောထွက်ခဲ့ ကြပါသေးတယ်၊ ဒီလောက်အထိ သဘောချင်းက တူညီတာကွဲ့"

"အင်း၊ သူတို့ရဲ့လိုအင်ဆန္ဒပြည့်သွားကြပြီပေါ့နော်"

"အဲဒီအချိန်မှာ ဗုဒ္ဓမြတ်စွာဘုရားသခင်က ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ ပိပ္ပလိ ရဟန်းနဲ့ ဘဒ္ဒကာပိလာနီ ရဟန်းမ,တို့က ရာဇဂြိုဟ်ပြည်ကို ဦးတည်၍ တစ်ခရီးတည်း လာကြပါတယ်၊ အဲသလို ရှေ့သွား နောက်လိုက် အစဉ်တစိုက် သွားနေကြရာက ပိပ္ပလိ ရဟန်းက စဉ်းစားမိတယ် ရဟန်းနဲ့ရဟန်းမ အတူတကွ သွားနေကြတာဟာ လူများမြင်လို့မတင့် တယ်နိုင်ပါကလား၊ ရဟန်းဝတ်ထားပါလျက် မိန်းမသား တစ်ယောက်ကို မခွဲနိုင်မခွာရက်ဖြစ်နေသကဲ့သို့ ရှိပေတယ်၊ ဒါကြောင့် သူနဲ့ငါတော့ လမ်းခွဲကြရမှ သင့်ပေလိမ့်မယ်လို့ ဆုံးဖြတ်လိုက်ပါသတဲ့"

"ဟုတ်ပါတယ်လေ၊ တစ်ရွာဝင်တစ်ရွာထွက်လာရာမှာ အများက မသင်္ကာစရာ ဖြစ်နိုင်တာပဲကိုး"

"မကြာခင် လမ်းနှစ်သွယ်ခရီးဆုံတစ်ခုသို့ ရောက်လာပါလေရော၊ ဒီတော့ ပိပ္ပလိ ရဟန်းက အကျိုးအကြောင်းပြပြီး ခရီးလမ်းခွဲကြဖို့ ပြောပါသတဲ့၊ အဲဒီအခါမှာလည်း ဘဒ္ဒကာပိလာနီက သဘောချင်း တူမျှတာပါပဲ၊ ဒီတော့ လက်ဝဲလမ်း လက်ယာလမ်း ကြိုက်ရာလမ်းကိုရွေးဖို့ ပိပ္ပလိ လုလင်က အခွင့်အရေးပေးပါတယ်၊ ဒါကို ဘဒ္ဒကာပိလာနီ က 'မင်းယောကျ်ားတို့မည်သည် လက်ယာလမ်း



ကိုသာယူ၍ မင်းမိန်းမများက လက်ဝဲလမ်းကိုသာယူသင့်တာမို့ မိမိက လက်ဝဲလမ်းကို လိုက်ပါတော့မယ်၊ သံသရာဘဝအဆက်ဆက်က ပါရမီကို တူညီစွာ ဖြည့်ကျင့်ခဲ့တဲ့ မိမိအနေဖြင့် အရှင်ဘုရားအား တပည့်တော်မ,က နောက်ဆုံးကန်တော့ခြင်းဖြင့် ရှိခိုးကန်တော့လိုက်ပါတယ်' လို့ ဆိုပြီး မြေကြီးပေါ်မှာ 'ပုဆစ်ဒူးချ' ကန်တော့လိုက်ပါတယ်"

"အမယ်လေး၊ သနားစရာ၊ ဝမ်းနည်းစရာကြီးပါလား အဖေကြီးရယ်၊ ကျွန်မတို့သာဆို ငိုလို့ဆုံးမှာမဟုတ်တော့ဘူး"

"သူတို့က အရင့်အမာတွေဆိုတော့ ကိလေသာ ကင်းတန်သလောက် ကင်းနေကြပြီလေ၊ ငိုသောစိတ်ဟာ အဟိတ်ခေါ်ဆို အကုသိုလ်တဲ့ဗျ၊ အဲသလို ကန်တော့ပြီး တစ်ယောက်တစ်ခရီး ခွဲခွာလိုက်ကြတာနဲ့တစ်ပြိုင်နက် မဟာပထဝီမြေကြီးဟာ 'တော်ပဲ့တင်သံ' ဟည်း၍ အကြီးအကျယ် တုန်လှုပ်ပါတော့တယ်"

"အင်း၊ 'အနိယတ' ပုဂ္ဂိုလ်တွေမဟုတ်ဘူးနော်"

"အေး၊ နိယတဗျာဒိတ်ခံ ပုဂ္ဂိုလ်တွေကိုးကွဲ့၊ အရှင်မဟာကဿပ ကိုယ်တော်ကြီးက ဓုတင် အရာမှာ ဧတဒဂ်ရတယ်၊ ဘဒ္ဒကာပိလာနီ ရဟန္တာထေရီက ပုဗ္ဗေနိဝါသ ဧတဒဂ်ရတယ် မဟုတ်လား၊ ဒါကကျော်ပြီး ပြောလိုက်တာလေ၊ အစဉ်အတိုင်းသာ ဆိုရင်တော့ ပထဝီမြေကြီး တုန်ဟည်းလှုပ်ခါလိုက်တာကို သမန္တစက္ခုရှင် ဘုရားသခင်သိမြင်တော်မူလိုက်ပါပြီ၊ ဒါကြောင့် ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်နဲ့ နာလန္ဒမြို့အကြား ဗဟုပုတ္တက ပညောင်ပင်ရင်းအရောက် သုံးဂါဝုတ်မျှခရီးကို မြတ်စွာဘုရားရှင် တစ်ကိုယ်တော်တည်း ကြွရောက် 'ဒိသာဖရဏ' ရောင်ခြည်တော် ခြောက်သွယ်လွှတ်ကာ စံနေကြိုလင့်တော်မူပါသတဲ့၊ ကဲ၊ ဒို့ပြောတဲ့ စကား အနုသန္ဓေစပ်ပြီး လိပ်ပတ်လည်လောက်ရောပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

# အရှင်အနုရုဒ္ဓါ



အရှင်အနုရုဒ္ဓါဟာ
အရဟတ္တမဂ်ဆိုက်ဖို့
ရောက်လုနီးနီးမှာ
မတင်မကျ လက်စမသတ်
ဖြစ်နေရပါသတဲ့

"ဗုဒ္ဓကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်များအနက် 'အရှင်အနုရုဒ္ဓါ' အကြောင်းက တစ်မျိုးတစ်ဖုံ ထူးခြားပါတယ်"

"ဘယ်လိုထူးခြားတာလဲ အဖေကြီး"

"အရှင်အနုရုဒ္ဓါက ဗုဒ္ဓမြတ်စွာရဲ့ ညီတော်တစ်ဝမ်းကွဲ သကျသာကီဝင်မျိုးဖြစ်တယ်၊ ဗုဒ္ဓသခင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ညီတော်အရင်းဖြစ်တဲ့ 'သုက္ကောဒနမင်းကြီး' ရဲ့ သားတော်နှစ်ပါးအနက် တစ်ပါးဖြစ်တယ်၊ အလွန်သိမ်မွေ့နူးညံ့သူလည်း ဖြစ်တယ်၊ ဘုန်းကံကြီးမားသူလည်း ဖြစ်တယ်၊ သူ့အတွက်ဆိုလျှင်ဘာမဆို 'မရှိဘူး' 'မရဘူး' ဆိုတာကြားတောင် မကြားဖူးဘူး၊ သိတောင်မသိဖူးဘူး၊ မင်းသားငယ် ကလေးအရွယ်လောက်က သူငယ်ဖော်များနဲ့ ကစားရင်း သူစားနေတဲ့ မုန့်တစ်ခုကုန်သွားလို့ အထိန်းတော်လ်မှာ ထပ်တောင်းတယ်၊ မုန့်ကလည်း နောက်ထပ် ပေးစရာမရှိတော့ဘူး၊ ဒီတော့ အထိန်းတော်များက 'ပေးစရာမုန့် မရှိပါဘုရား' လို့ချော့ပော့ လျှောက်တင်ကြတယ်၊ 'မရှိ' ဆိုတဲ့စကားကို မကြားဖူးတဲ့ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးက 'အဲသည် မရှိဆိုတဲ့မုန့်ကိုပဲယူခဲ့ပါ' လို့ ပြောသတဲ့"

"ဟောတော့၊ 'မရှိ' ဆိုတာ မုန့်နာမည်လို့ပဲ မှတ်နေတယ် ထင်ပါရဲ့နော်၊ ဒီတော့ ဘယ်လိုလုပ်ကြမတုံး"

"အထိန်းတော်များက မယ်တော်ဆီသွားလျှောက်ရတာပေါ့၊ ဒီတော့ မယ်တော်က 'ငါ့သားကလေးဟာ မရှိဆိုတဲ့စကားကိုနားမလည် ရှာဘူး၊ ဒီတစ်ခါတော့ သူနားလည်သွားအောင် ပွဲတော်အုပ်ထဲမှာဘာမှ မပါရှိစေဘဲ အဖုံးကိုသာအုပ်ပြီး ဆက်လိုက်ကြ၊ သားတော်လေးက သူကိုယ်တိုင်ဖွင့်ကြည့်ပြီး ဘာမှမတွေ့တဲ့အခါကျမှ 'မရှိ' ဆိုတာ အဲဒါပါဘုရားလို့ လျှောက်တော့' လို့ အကြံပေးလိုက်ရပါသတဲ့၊ဒါပေမဲ့ မင်းသားလေးက ပွဲတော်အုပ်လည်း ဖွင့်လိုက်ရော မြို့စောင့်နတ်များက ထည့်ပေးလိုက်တဲ့ 'နတ်ဩဇာ' မုန့်တို့ကို တွေ့လိုက်ရပါသတဲ့"

"ရှေးဘုန်း ရှေးကံက ကြီးမားလိုက်တာနော် အဖေကြီး"

"ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်များအတွက် ဘဝအကျိုးပေးများက အစစအရာရာမှာ ပြည့်စုံတတ်ပါတယ်၊ အနုရုဒ္ဓါမင်းသားဟာ အလွန်တရာ အဆင်းလှပါတယ်၊ စိတ်သဘောကလည်း နူးညံ့သိမ်မွေ့ ပါတယ်၊ ဉာဏ်ပညာလည်း ကြီးကျယ်ပါတယ်၊ ခမည်းတော် မယ်တော်နဲ့ တကွ ဆွေတော်မျိုးတော်အပေါင်းကလည်း အလွန်တရာ ချစ်ခင်ယုယ ကြပါတယ်၊ သူ့နောင်တော် မဟာနာမမင်းသားဆိုရင် ညီတော်မောင်ကို နေရာတကာမှာ ဦးစားပေး၍ အလိုလိုက်ကာ အကြိုက်ကို ဆောင်ခဲ့ပါတယ်၊ ဒီလိုနဲ့ပဲ ခမည်းတော် သုက္ကောဒန မင်းကြီးရဲ့ ရွှေထီး ရွှေနန်း ကြငှန်းပြာသာဒ်အလယ်မှာ မင်းစည်းစိမ် အပြည့်အဝကို ခံစားစံစားရင်း အရွယ်ရောက်ခဲ့ရပါတယ်"

"ဗုဒ္ဓအလောင်းတော် သိဒ္ဓတ္ထမင်းသားနဲ့ ညီအစ်ကိုဝမ်းကွဲတွေ နေမှာပေါ့နော် အဖေကြီး"

"ဟုတ်တာပေါ့၊အလောင်းတော်သိဒ္ဓတ္ထမင်းသားက နောင်တော်



အကြီးဆုံးဖြစ်တယ်၊ ယသော်ဓရာဒေဝီမိဖုရားနဲ့ တစ်ဆယ့်သုံးနှစ်တိုင်မျှ ရွှေနန်းစည်းစိမ်ခံစားပြီးတော့ သားတော်လေးရာဟုလာ မွေးဖွားပြီး သည့်နောက် မဟာနိက္ခမ တောထွက်တော်မူသွားတယ်၊ ဒုက္ကရစရိယာ ခြောက်နှစ်တိုင်တိုင်မျှ ဆင်းရဲပင်ပန်းစွာ ကျင့်တော်မူပြီး မဇ္ဈိမပဋိပဒါ မဂ္ဂင်တရားနဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူပါတယ်၊ အဲဒီနောက် ပဉ္စဝဂ္ဂီ ငါးဦးတို့ရှိရာ မိဂဒါဝုန်တောသို့ကြွပြီး တရားဦး ဓမ္မစကြာကို ဟောတော်မူပါတယ်၊ ပဉ္စဝဂ္ဂီငါးဦးစလုံးလည်း ဗုဒ္ဓသာဝက ရဟန်းများ ဖြစ်ကုန်ကြပါတယ်၊ အဲဒီအချိန်ကစပြီး ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃာ ရတနာရယ်လို့ ရတနာသုံးပါး ပေါ်ထွန်းလာခဲ့ ပါတယ်"

"ဟုတ်ပါရဲ့နော်၊ ဗုဒ္ဓသာသနာမှာ ရတနာသုံးပါး အပြည့်အစုံ ပေါ်ခဲ့တာဟာ မိဂဒါဝုန်တောမှာ လို့ပြောရမယ်ထင်ပါတယ်"

"ကောင်းကောင်းကြီး ပြောနိုင်တာပေါ့၊ အဲဒီ ပဉ္စဝဂ္ဂီငါးဦးမှ အစပြုပြီး ယသသူဌေးသား ရဟန်းပြုလာတယ်၊ ဘဒ္ဒဝဂ္ဂီမင်းသား ညီနောင်နဲ့ အပေါင်းအပါတို့ ရဟန်းပြုလာတယ်၊ နောက် ဥရုဝေလ ကဿပ ရသေ့ညီနောင်အပေါင်းအပါများလည်း ရဟန်းပြုကြ တယ်၊ အဲဒီနောက် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ကြွတော်မူတဲ့အခါမှာအရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နဲ့ အပေါင်းအပါတပည့်များစွာ တို့ ရဟန်းပြုကြတယ်၊ ဒီလိုနဲ့ပဲ ဗုဒ္ဓသာဝက သံဃာတော် အရေအတွက် ဟာ နှစ်သောင်းကျော်ရှိလာပါပြီ၊ အဲဒီအချိန်မှာ သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင်မှစ၍ ဆွေတော်မျိုးတော် အပေါင်းတို့က မြတ်စွာ ဘုရားကို အလွန်အမင်း ဖူးမြော်ချင်ကြတယ်၊ ကပ္ပိလဝတ်ပြည်နဲ့ ရာဇဂြိုဟ်ပြည် ဟာ ယူဇနာခြောက်ဆယ် ဝေးကွာပါတယ်၊ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက သားတော်ဗုဒ္ဓကို ဖူးမြော်ချင်တဲ့အတွက် ကပ္ပိလဝတ်ပြည်ကို ကြွလာချီးမြှောက်တော်မူပါရန် အမတ်များအား အကြိမ်ကြိမ် စေလွှတ်၍ အ:ပင့်အလျှောက်ခိုင်းတယ်၊ အဲဒီ အပင့် အလျှောက်စေလွှတ်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမတ်များဟာ ဗုဒ္ဓတရားတော်များကို ကြားနာရတဲ့အခါ အခြွေအရံ များနဲ့တကွ ရဟန္တာအသီးသီး ဖြစ်သွားကြတဲ့အတွက် မပင့်မလျှောက မိကြတော့ဘူး၊ နောက်ဆုံး ဗုဒ္ဓဘုရားနဲ့ ဖွားဖက်တော်ဖြစ်တဲ့ ကာဠုဒါယီ အမတ်ကြီးကို လွှတ် လိုက်တော့မှ သံဃာတော်နှစ်သောင်းနဲ့တကွ ဗုဒ္ဓမြတ်စွာ ကြွလာတော်မူပါတယ်"

"ကာဠုဒါယီအမတ်ကြီးကလည်း ရဟန္တာဖြစ်သွားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ တို့အခုပြောရမှာက အရှင် အနုရုဒ္ဓါ အကြောင်း ဆိုတော့ လိုရင်းရောက်အောင် ပြောပါတော့မယ်ကွာ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ကမ္ဘာဦးမှအစ ခတ္တိယ သကျသာကီဝင်ဆိုတဲ့ ဇာတိမဟတ္တဂုဏ်ကို အလွန် အလေးအမြတ်ပြုသူ တန်ဖိုးထားသူဖြစ် တယ်၊ ဗုဒ္ဓမြတ်စွာကတော့ မျိုးမတူ ဇာတ်မတူတွေကိုပါ သာဝက သံဃာပြုပေးတော်မူပြီး ထိုပုဂ္ဂိုလ်တို့၏ အခြံအရံ အလုပ်အကျွေးဖြင့်သာ နေတော်မူတဲ့အတွက် ခမည်းတော်က နှစ်သက်တော်မမူပါဘူး၊ ဒါ ကြောင့် သွေးရင်းသားရင်း သကျသာကီဝင် မင်းသားတို့ကို နောင်တော် ဗုဒ္ဓထံပါးမှာ လိုက်ပါရဟန်းပြုပြီး အခြံအရံဖြစ်စေလိုပါတယ်"

"ဒါကတော့ ခမည်းတော်ကြီးရဲ့ စေတနာပေါ့လေ၊ နော် အဖေကြီး"

"ထားပါတော့၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ တိုက်တွန်း ချက်အရ သာကီဝင်မျိုးစုထဲမှ မင်းသားခြောက်ဦး မြတ်စွာဘုရားနောက် သို့လိုက်၍ ရဟန်းပြုကြပါတယ်၊ ဘယ်သူတွေလဲဆိုတော့ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါနဲ့ ဒေဝဒတ်မင်းသားတို့ပေါ့၊ အဲသလို ရဟန်းပြုပြီး လောကုတ္တရာတရားကို ပွားများအားထုတ်ကြတဲ့အခါ ပထမဝါမှာပင် ဘဒ္ဒိယမထေရ်က ရဟန်းကိစ္စပြီးလို့ အရဟတ္တဖိုလ် ပေါက် ရဟန္တာဖြစ်သွားပါသတဲ့၊ ဘဂုနဲ့ကိမိလ မထေရ်တို့က နောင်



အခါမှ ရဟန္တာများဖြစ်ကြပါသတဲ့၊ အာနန္ဒာကတော့ သောတာပန် ဖြစ်ပါသတဲ့၊ ဒေဝဒတ်ကတော့ လောကီအဘိညာဉ်ကိုသာ ရရှိပါတယ်၊ အနုရုဒ္ဓါ မထေရ်ကတော့ ဒိဗ္ဗစက္ခု အဘိညာဉ်မျှသာ ရပါသေးသတဲ့၊ ကိလေသာ အာသဝေါတရားတို့မှ မကင်းသေးဘူးပေါ့ကွယ်"

"အဲဒီကိလေသာ အာသဝေါတရားတွေ မကင်းရင် ရဟန္တာ မဖြစ်သေးဘူးပေါ့နော်"

"မဖြစ်သေးပါဘူး၊ အရဟတ္တမဂ်ရောက်ဖို့ကိစ္စမှာ အချုပ် အားဖြင့် ဝိဇ္ဇာသုံးပါး ရှိပါသတဲ့၊ အဲဒီဝိဇ္ဇာဉာဏ် သုံးပါးဟာအဆင့်ဆင့် ရောက်ရှိတတ်ကြပါသတဲ့၊ ၁ – ပုဗ္ဗေနိဝါသဉာဏ်=မိမိ ကိုယ်တိုင်သော် လည်းကောင်း သူတစ်ပါးသော်လည်းကောင်း၊ ရှေးဘဝ ဘဝသံသရာမှာ ကျင်လည်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သိမြင်နိုင်တဲ့ ဉာဏ်ဖြစ်ပါတယ်၊ ၂ – ဒိဗ္ဗစက္ခုဉာဏ်ဆိုတာက ယခုဘဝမှအစပြု၍ သတ္တဝါများရဲ့ဖြစ်ပျက် လတ္တံ့သော အခြင်းအရာတို့ကို သိမြင်နိုင်တာမျိုး ဖြစ်ပါတယ်၊အဝေး ဆုံးနေရာမှာပင်ဖြစ်စေ၊ အသေးငယ်ဆုံး သော ပုဂ္ဂိုလ်သန္တာန်ကိုဖြစ်စေ၊ ထင်ထင်ရှားရှားမြင်နိုင်တဲ့ ဉာဏ်မျိုးလည်းဖြစ်ပါတယ်၊ ၃ – အာသဝက္ခယဉာဏ်ဆိုတာကတော့ ကာမာသဝ=ကာမဂုဏ်တို့၌ ယစ်မူးခြင်း၊ ဘဝါသဝ=ဘဝ၌ ယစ်မူးခြင်း၊ ဒိဋ္ဌာသဝ = မိမိ၏မှားယွင်း သော အယူအဆ သဘောတရားတို့၌ ယစ်မူးခြင်း၊ အဝိဇ္ဇာသဝ = ဘာမှ အတွေးအခေါ် အယူအဆ မရှိတာကိုပဲ ယစ်မူးခြင်းဆိုတဲ့ အာသဝေါ တရားလေးပါးမှ ကုန်ခန်းရာ အာသဝက္ခယဉာဏ်တို့ ဖြစ်ပါတယ်၊ အဲဒီဉာဏ်သုံးပါးပြည့်စုံမှ အရဟတ္တမဂ် ဆိုက်ရောက်ပါတယ်၊ ရှေးသူတော်ကောင်းကြီးများက 'ပု,ဒိ,အာ နှင့် ပြည့်စုံရပေါင်၏' လို့ ဆုတောင်းတော်မူကြတာဟာ အဲဒီဉာဏ်သုံးမျိုးကို ရပါစေလို့ အတိုချုပ်ပြီး ဆုတောင်းကြတာ ဖြစ်ပါတယ်"

"သြော်၊ ဒါကြောင့် ကျွန်မတို့ ဘုရားရှိခိုးတဲ့အခါမှာ အာသဝေါ

www.burmeseclassic.com

www.burmeseclassic.com



တရား လေးပါးတို့မှ ကင်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို ရပါလို၏ အရှင်ဘုရား' လို့ ရွတ်ကြရတာကိုးနော့"

"ဟုတ်ပါတယ်၊ ဒါကြောင့်တစ်နေ့တော့ အနုရုဒ္ဓါမထေရ်ဟာ အရှင်သာရိပုတြာ့ထံ သွားရောက်လျှောက်ထားပါသတဲ့"

"ဘယ်လိုလျှောက်ထားသလဲအဖေကြီး"

"နေဦးကွ၊ တိတိကျကျဖြစ်အောင် ငါမင်းကို ဖတ်ပြမယ်"

ဦးချမ်းသာသည် ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား၏ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ပထမပိုင်း) စာအုပ်ကိုထယူ၍ စာမျက်နှာ ၁၆၂ မှ အရှင်အနုရုဒ္ဓါနှင့် အရှင်သာရိပုတ္တရာတို့၏ အပြန်အလှန်လျှောက်ထားပုံကို ဖတ်ပြရလေ၏။

"'ငါ့ရှင် သာရိပုတ္တရာ၊ အကျွန်ုပ်သည် အထူးသဖြင့် စင်ကြယ်သော၊ လူတို့၏မျက်စိအမြင်ကို လွန်သော၊ နတ်မျက်စိနှင့်တူသော မျက်စိဖြင့် တစ်ထောင်သောလောကဓာတ်ကို မြင်နိုင်ပါ၏။

အကျွန်ုပ်သည် မတွန့်မဆုတ် လုံ့လကို အားထုတ်ပါ၏။ မေ့လျော့ခြင်းမရှိမူ၍ သတိသည် ထင်ပါ၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပါ၏၊ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ပါ၏။

ထိုသို့ဖြစ်ပါလျက်လည်း အကျွန်ုပ်၏စိတ်သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ (စွဲလမ်းမှုမရှိသော) အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ' လို့လျှောက်ထားတယ်၊ အဲဒီအခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က အရှင်အနုရုဒ္ဓါမထေရ်ကို

'ငါ့ရှင်အနုရုဒ္ဓါ (သင်ပြောသောစကား၌) ငါသည် အထူးသဖြင့် စင်ကြယ်သော၊ လူတို့၏ မျက်စိအမြင်ကို လွန်သော၊ နတ်မျက်စိနှင့်တူသော မျက်စိဖြင့်တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်၏ ဟု ဤသို့အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် မာနဖြစ်၍နေ၏။



ငါသည် မတွန့်မဆုတ် လုံ့လကို အားထုတ်၏၊ မေ့လျော့ခြင်းမရှိမူ၍ သတိသည်ထင်၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်၏ ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ ဖြစ်၍နေ၏။

ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏စိတ်သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ (စွဲလမ်းမှုမရှိသော) အာသဝေါတရားတို့မှ မလွတ်ကင်းသေး ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် တွေးတောမှု သံသယကုက္ကုစ္စ ဖြစ်၍နေ၏။

ငါတိုက်တွန်း တောင်းပန်စကားပြောကြားလိုသည်မှာ အရှင်အနုရုဒ္ဓါ (သင်သည်) မိမိသန္တာန်၌ ဖြစ်ပွားနေသော ဤ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ တရားသုံးမျိုးတို့ကို နှလုံးမသွင်းမူ၍ အမြိုက်(နိဗ္ဗာန်) ဓာတ်သို့ မိမိစိတ်ကို ပို့ဆောင်စေချင်ပါသည် 'ဟု ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူတယ်ကွယ်"

"အင်း၊ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ပညာအရာမှာ ဧတဒဂ်ရတော်မူတဲ့ ရဟန္တာဖြစ်တော်မူလို့သာ အရှင်အနုရုဒ္ဓါရဲ့ မာနစိတ်၊ သံသယ ကုက္ကုစ္စစိတ်တို့ကို ခွဲခြမ်းဝေဖန်၍ ပြတော်မူလိုက်တာပေါ့နော်၊ သာမညသာတွေးကြည့်ရင် ဒိဗ္ဗစက္ခု အဘိညာဉ်တကယ်ရလို့ ရပါတယ်လို့ လျှောက်တာဟာ မာနလို့ထင်နိုင်စရာ မရှိပါဘူး၊ ဟုတ်ဘူးလားအဖေကြီးရယ်"

"သဘာဝကျတဲ့ ဓမ္မအစစ်ဆိုတာဟာ သိဖို့မြင်ဖို့ အလွန်တရာ ခက်ခဲတယ်၊ အလွန်တရာ နက်ရှိုင်းတယ်၊ အလွန်တရာသိမ်မွေ့တယ်လို့ ဆိုပါတယ်၊ 'အတ္တဆိုတဲ့အတ္တ' ကို သိဖို့ မြင်ဖို့ ပယ်ဖို့ခွန့်ဖို့က အရိယသစ္စာတရား ဖြစ်ပါတယ်၊ ပဥ္စဝဂ္ဂီငါးပါးတို့ဟာ အနတ္တလက္ခဏသုတ်ကိုနာပြီးမှ ရဟန္တာများဖြစ်ကြရတယ်လေ၊ ဒါ့ကြောင့် ပညာရှိကြီး

www.burmeseclassic.com

www.burmeseclassic.com



များရဲ့ ဝေဖန်မှု ဆုံးဖြတ်မှုတို့ဟာ အလွန်တရာ အကျိုးရှိတယ်လို့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောတော်မူပါတယ်၊ အခု အရှင်အနုရုဒ္ဓါအား ဗုဒ္ဓကိုယ်တော်မြတ်က ကြွရောက်ချီးမြှောက်တဲ့အကြောင်းကို ရောက်အောင် ဆက်ပြောကြပါစို့"

"ဟုတ်ကဲ့ အဖေကြီး ဆက်ပါ ဆက်ပါ"

"အရှင်အနုရုဒ္ဓါမထေရ်ဟာ ရှင်သာရိပုတ္တရာထံမှ ကမ္မဋ္ဌာန်းကို သင်ယူတယ်၊ အဲဒီနောက် မြတ်စွာဘုရားရှင်ကို ပန်ကြားလျှောက်ထားပြီး 'စေတီတိုင်း' ကိုသွားတယ်၊ အဲဒီစေတီတိုင်းအရှေ့ ဝါးတောအရပ်မှာ သီတင်းသုံးတော်မူ၍ ရဟန်းတရားကို ပွားများအားထုတ်တော်မူတယ်၊ တစ်ဆယ့်ငါးရက်ပတ်လုံး မအိပ်မနေစကြံသွား၍ တရားအားထုတ်တော်မူတဲ့အတွက်ကြောင့် ပင်ပန်းနွမ်းနယ်လာလို့ ဝါးရုံတစ်ခုအောက်မှာ ခေတ အပန်းဖြေ နားနေတော်မူတယ်၊ ဒီအခါမှာ ယောကျ်ားမြတ်တို့၏ မဟာပုရိသဝိတက်ကြီးများ ဖြစ်ပေါ်လာတယ်"

"ဝိတက်ဆိုတာ ဘာလဲအဖေကြီး"

"ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါငါးပါးမှာ ပထမဆုံးအင်္ဂါပေါ့ကွာ၊ ကြံစည်တွေးတောတာကို ခေါ်ပါတယ်၊ အဲဒီကြံစည်တွေးတောမှုဟာ လူတိုင်းမှာ ရှိတာပေါ့၊ မင်းတို့ငါတို့လို မိုက်မဲတွေဝေတဲ့ ပုထုဇဉ်များကျတော့ 'ကာမဝိတက်၊ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်' ရယ်လို့ ရှိတယ်၊ အကုသိုလ်ဝိတက်တွေပေါ့"

"နည်းနည်းလေး ရှင်းပြပါဦးလား အဖေကြီးရယ်"

"ကာမဝိတက်ဆိုတာက ကာမဂုဏ်အာရုံငါးပါးနဲ့ ပတ်သက်ပြီးတော့ လိုချင်တာတွေ၊ ရချင်တာတွေ၊ ခံစားချင်တာတွေ၊ သုံးဆောင်ချင်တာတွေကိုတွေးပြီး တွေးလုံးရစ်ပတ်ဖြစ်နေတဲ့ အကြံ အစည်တွေပေါ့၊ နေ့နေ့ညည အမြဲတွေးနေတတ်တယ်၊ အိပ်ပျော်တဲ့ အချိန်များတောင် အိပ်မက်မက်နေပါသေးတယ်၊ အဲဒီကာမဝိတက် မဖြစ်တဲ့



အချိန်ကလေးကျတော့ ဗျာပါဒဝိတက်ဆိုတာက ပေါ်လာ တတ်ပြန်ပါတယ်၊ အဲဒါက ဘယ်လိုလဲဆိုတော့ မိမိရဲ့ရန်သူ၊ မိမိရဲ့ပြိုင်ဘက်၊ မိမိက အငြိုးထားသူ၊ မိမိက မုန်းသူအပေါ်မှာ ပျက်စီးပါစေ၊ ဆုတ်ယုတ်ပါစေ၊ လျှောကျပါစေဆိုတဲ့ အကြံမျိုး အတွေးမျိုးတွေးနေတတ်ပါသတဲ့၊ ဝိဟိံသာဝိတက်ကျတော့ ထိုသူ အပေါ်မှာ နိုင်လိုမင်းထက် နှိပ်စက်ညှဉ်းဆဲပြီး မိမိကအသာရအောင် ကြံစည်တွေးတောနေတဲ့ အတွေးမျိုးဖြစ်ပါသတဲ့၊ အချိန်တိုင်း အချိန်တိုင်းမှာ တစ်ခုမပေါ်ရင် တစ်ခုပေါ်လာတတ်တယ်တဲ့၊ ကဲ အဲဒီဝိတက်သုံးပါးစလုံး အကုသိုလ်ဝိတက်တွေချည်းပဲ မဟုတ်လား"

"ဟုတ်တာပေါ့တော်"

"သူတော်ကောင်းကြီးများရဲ့ ဝိတက်ကိုတော့ 'မဟာပုရိသဝိတက်' လို့ ခေါ်ပါသတဲ့၊ ကုသိုလ်တရားနဲ့ ယှဉ်တာပေါ့၊ အခု အရှင်အနုရုဒ္ဓါရဲ့ ဝိတက်များကတော့

၁။ ဤလောကုတ္တရာတရား ကိုးပါးသည် အလိုနည်းသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အလိုကြီးသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

၂။ ဤလောကုတ္တရာတရားကိုးပါးသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ မရောင့်ရဲသော ပုဂ္ဂိုလ်၏သန္တာန်မှာ မပြည့်စုံနိုင်။

၃။ ဤလောကုတ္တရာတရား ကိုးပါးသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်၏သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

၄။ ဤလောကုတ္တရာတရား ကိုးပါးသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊

www.burmeseclassic.com

www.burmeseclassic.com



ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

၅။ ဤလောကုတ္တရာတရား ကိုးပါးသည် ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏သန္တာန်မှာ မပြည့်စုံနိုင်။

၆။ ဤလောကုတ္တရာတရား ကိုးပါးသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်၏သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ မတည်ကြည်သောစိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

၇။ ဤလောကုတ္တရာတရား ကိုးပါးသည် ပညာရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ ပြည့်စုံနိုင်၏၊ ပညာမဲ့သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

အဲဒီ ခုနစ်ချက် ဖြစ်ပေါ်လာပါသတဲ့"

"အမယ်လေး၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးပါးကိုရဖို့က သိပ်ခဲယဉ်းပါလားနော်၊ အဲဒီဝိတက် ခုနစ်ပါးကို မပြောနဲ့၊ တစ်ပါးပါးကိုတောင် ပြည့်စုံလုံလောက်အောင် တော်ရုံပုဂ္ဂိုလ်မှာ ဖြစ်နိုင်မှာ မဟုတ်ဘူး၊ အရှင်အနုရုဒ္ဓါက အဲဒီလို တွေးပြီးတဲ့အခါကျတော့ အမြင်မှန်ရပြီး မဂ်ဖိုလ်ကို ဆိုက်ရောလား"

"မဆိုက်ရောက်သေးပါဘူး၊ ရှစ်ခုမြောက်ဖြစ်တဲ့ မဟာပုရိသ ဝိတက်ကြီးတစ်ပါးကျန်နေပါသေးသတဲ့၊ သာဝကရဟန်းများ ကမ္မဋ္ဌာန်း ကျင့်တဲ့အခါမှာ မိမိတို့ရဲ့ ပကတိဉာဏ်ဖြင့် တိုးတက်အောင် မကြံနိုင်ကြပါဘူးတဲ့၊ ဤအဆင့်လောက်ရောက်လျှင် ပင်ပန်းနွမ်းနယ်ပြီး ဉာဏ်အဟုန် နုံ့နေးသွားတတ်မြဲဖြစ်ပါသတဲ့"

"သြော် သြော် ကျွန်မ နည်းနည်းသဘောပေါက်ပြီ၊ ဒါကြောင့် တရားရိပ်သာများမှာ ကမ္မဋ္ဌာန်းဆရာက ယောဂီများရဲ့ အခြေအနေကို စစ်မေးပြီးတော့ တိုးတက်အောင် နည်းပေးလမ်းပြ ဩဝါဒပေးတာကိုး၊



'ဉာဏ်စဉ်' နာရတယ်လို့ ပြောကြတာနေမှာပေါ့နော် အဖေကြီး"

"ဟုတ်ပါတယ်၊ မင်းပြောတာမှန်ပါတယ်"

"ဒီတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အရှင်အနုရုဒ္ဓါ ကို ဉာဏ်စဉ်တက်ပေးပါသလား"

"တက်မပေးပါဘူး၊ ဒီအချိန်မှာ အရှင်အနုရုဒ္ဓါက အရှင် သာရိပုတ္တရာနဲ့ခွဲခွာလာခဲ့ပြီး အရှေ့ဝါးတောမှာ တစ်ပါးတည်း သီးခြား ကျင့်နေဆဲ ဖြစ်ပါတယ်၊ ဒါကြောင့် 'ကမ္မဋ္ဌာနာစရိယ' ဆရာနဲ့ကင်းနေ တဲ့အချိန်လို့လည်း ပြောနိုင်ပါလိမ့်မယ်၊ နောက်တစ်ခုက ထိုကိစ္စမှာ သဗ္ဗညုတဉာဏ် အရာသာဖြစ်ပေလိမ့်မယ်၊ ဒါကြောင့် အရှင်အနုရုဒ္ဓါမှာ အရဟတ္တမဂ်ဆိုက်ဖို့ ရောက်လုနီးနီးမှာ မတင်မကျ လက်စမသတ် ဖြစ်နေရပါသတဲ့၊ ထိုအခြေအနေကို ဆိုက်နေတုန်း ပသာဒစက္ခု၊ဉာဏ စက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခုတည်းဟူသော စက္ခုတော် ငါးလုံးဖြင့် အဆုံးမဲ့ မြင်တော်မူထသော သဗ္ဗညုဉာဏ်ရှင် ဗုဒ္ဓသခင် ကိုယ်တော်မြတ်ကြီးက 'ဘေသကဠာ' တောအုပ်မှ အနုရုဒ္ဓါရဲ့ အခြေအနေကို သိမြင်တော်မူလိုက်ပါသတဲ့၊ အဲဒီတော့ 'ထိုအနုရုဒ္ဓါ၏ အလိုအကြံကို ငါဘုရားသည် ပြည့်စေမည် ဖြည့်စွက်ပေးမည်' ဟု ကြံစည်တော်မူပြီး ခဏအတွင်းမှာပဲ တန်ခိုးတော်နဲ့ အရှင်အနုရုဒ္ဓါရဲ့ ရှေ့မှောက်သို့ ကြွရောက်တော်မူလာတယ်"

"သြော်၊ ဒါကြောင့် ဘုရားကိုယ်တော်တိုင် ကြွရောက်ချီးမြှောက် ခြင်းခံရတယ်လို့ ဆိုတာကိုနော်"

"ဟုတ်တာပေါ့၊ ဒါကြောင့်လည်း အရှင်အနုရုဒ္ဓါက ရှိသေစွာ နေရာထိုင်ခင်းဝတ်ပြုပြီး ရှိခိုးလျက်နေပါတယ်၊ အဲဒီအခါမှာ မြတ်စွာ ဘုရားက

'အနုရုဒ္ဓါ ကောင်းစွ၊ ကောင်းစွ၊ သင်သည် ဤလောကုတ္တရာ တရားကိုးပါးသည် အလိုနည်းသော ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်၏၊

www.burmeseclassic.com

www.burmeseclassic.com



အလိုကြီးသောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင် အစရှိသော ယောကျ်ားမြတ်တို့၏ မဟာပုရိသဝိတက် ခုနစ်ပါးကို ကောင်းစွာသာလျှင် ကြံပေ၏။ အနုရုဒ္ဓါ၊ ထိုသို့ဖြစ်လျှင် သင်သည် ရှစ်ခုမြောက် ယောကျ်ားမြတ်တို့၏ အကြံကိုလည်း ကြံဦးလော့၊ ငါယော ကြားပေအံ့။ ထို ရှစ်ခုမြောက်တရားကား သံသရာကို ချဲ့ထွင်တတ်သည့် တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရား သုံးပါးတို့ဖြစ်သည်။

ဤလောကုတ္တရာတရား ကိုးပါးသည် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားမှ ကင်းလွတ်ရာနိဗ္ဗာန်၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သော ပုဂ္ဂိုလ်၏သန္တာန်၌ မပြည့်စုံနိုင်၊ ဤ ရှစ်ခုမြောက် ယောကျ်ားတို့၏ အကြံကိုလည်း ကြံဦးလော့'ဟု ဖြည့်စွက်ပေးတော်မူပါသတဲ့၊ အဲဒီနောက် မဟာပုရိသ ဝိတက်ကြီး ရှစ်မျိုးကို ကြံစည်၍ နေပါလျှင် လောကီစျာန် လေးပါးကိုလည်းကောင်း အရိယာဝံသပဋိပဒါ လေးပါးကိုလည်းကောင်း၊ အလွယ်နဲ့ရနိုင်ကြောင်း အကျယ်တဝင့် ဟောကြားတော်မူပါသတဲ့"

"အဖေကြီး၊ ခုနပြောတဲ့ သဗ္ဗညုတဉာဏ်တော် အရာသာ ဖြစ်တယ်ဆိုတာ ဒါမျိုးကိုပြောတာပေါ့နော်"

"ဟုတ်ပါတယ်၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့မှာ ရဟန္တာ သာဝကနဲ့ ပစ္စေကဗုဒ္ဓတို့ မရ မရှိ မသိနိုင်တဲ့ဉာဏ်တော် ခြောက်ပါးကို ရရှိသိမြင်တော်မူကြပါသတဲ့၊ အဲဒီဉာဏ်တော်မျိုးက ခြောက်ပါး ရှိပါတယ်၊ ဆ, အသာဓာရဏဉာဏ်တော် ခြောက်ပါးလို့ ခေါ်ပါတယ်။

၁။ သတ္တဝါတို့၏ စိတ်အစဉ်ကို သိတော်မူခြင်းဆိုတဲ့ အာသယာနုသယဉာဏ်။
၂။ ကျွတ်ထိုက်သည်၊ မကျွတ်ထိုက်သည် ဣန္ဒြေအနုအရင့်ကို သိမြင်တော်မူတဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
၃။ ပရမတ်၊ ပညတ်တရားမှန်သမျှ နံ့စပ်သိမြင်တော်မူတဲ့



သဗ္ဗညုတ ဉာဏ်တော်။
၄။ ဒွေ ယျမ်က ငါးပါးကို သိတော်မူရာ၌ အဆီးအကာ အပိတ်အပင်မရှိတဲ့ အနာဝရဏဉာဏ်တော်။
၅။ ရေအစုံ၊ မီးအစုံပြာဋိဟာပြတော်မူနိုင်တဲ့ ယမကပါဋိဟာရိယ ဉာဏ်တော်။
၆။ သတ္တဝါများအပေါ် သူမတူအောင် သနားတော် မူတတ်တဲ့ မဟာကရုဏာသမာပတ္တိဉာဏ်တော်၊ အဲဒီဉာဏ်တော်ခြောက်ပါးကိုပစ္စေကဗုဒ္ဓါသော်မှမရနိုင်ကြပါဘူး"

"ကြည်ညိုစရာကောင်းလိုက်တာ အဖေကြီးရယ်၊ သာဓု၊ သာဓု၊ ကဲဆက်ပြောပါဦး"

"အဲဒီနောက် မြတ်စွာဘုရားသခင်က အရှင်အနုရုဒ္ဓါအတွက် ကမ္မဋ္ဌာန်းစီးဖြန်းရန် သဟာယမျှတမည့် ဤဝါးတော၌ပင် ဝါကပ်ရန် မိန့်မှာတော်မူပြီး တန်ခိုးတော်ဖြင့် ဘေသကဠာ တောအုပ်သို့ပြန်လည် ကြွသွားတော်မူပါသတဲ့၊ အဲဒီအကြောင်းဟာ ဗုဒ္ဓဘုရားရှင်က အနုရုဒ္ဓါ မထေရ်အား ကိုယ်တိုင်ကြွရောက်ချီးမြှောက်ခြင်း ဖြစ်ပါတယ်ကွယ်"

"သြော် ဒါကြောင့် အဖေကြီးက အရှင်အနုရုဒ္ဓါ မထေရ်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်တော်မူပုံဟာ တစ်မျိုးတစ်ဖုံ ထူးခြားနေတယ်လို့ ပြောတာကိုး"

"ဟုတ်တာပေါ့ကွယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်တဲ့ တရားထူးကြီးပေါ့"

"အခုဆိုရင် ဘုရားကိုယ်တော်မြတ် ကြွရောက်ချီးမြှောက်တဲ့ ပုဂ္ဂိုလ်အကြောင်း လေးပါးရှိသွားပြီနော်၊ နောက်ထပ် သုံးပါး ကျန်သေးတယ်အဖေကြီး"

"အေးပါကွာ၊ နောက်တစ်ခါ 'သောဏ' မထေရ်အကြောင်း ပြောပါ့မယ်" ■

www.burmeseclassic.com

www.burmeseclassic.com




သူ့ကိုအကြောင်းပြုပြီး
မြတ်စွာဘုရား ဥဒါန်းကျူးတော်မူတာကို
ကြားလိုက်ရတဲ့အခါ သောဏမထေရ်ဟာ
ဘယ်လောက် ပီတိဖြစ်လိုက်မလဲ

"ကဲ၊ အဖေကြီး အရှင်သောဏမထေရ်အကြောင်း ဆက်လေ"

"အေးပါ၊ ငါသတိရပါတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟာ မဟာကရုဏာဉာဏ်တော်ကြီးနှင့် ပါရမီထူးရှိသူ ခုနစ်ဦးကို ကြွရောက်ကြိုဆို ချီးမြှောက်တော်မူခဲ့တယ်လို့ ပြောခဲ့ပြီး ပြီနော်"

"ဟုတ်ကဲ့အဖေကြီး၊ ပြောခဲ့ပြီးပါပြီ"

"အဲဒီမှာ အမည်တူ ဘွဲ့တူ 'သောဏ' မထေရ်နှစ်ပါးကို မဟာဗုဒ္ဓဝင်မှာ တွေ့ရပါတယ်၊ တစ်ပါးက 'ကောဋိကဏ္ဏသောဏ' မထေရ်ဖြစ်ပြီး တစ်ပါးက 'ကောဠိဝိသသောဏ' မထေရ်ဖြစ်ပါတယ်၊ မြတ်စွာဘုရားက ထူးထူးခြားခြား ချီးမြှောက်ခြင်းခံရတဲ့ ကောဋိကဏ္ဏသောဏ မထေရ်အကြောင်းကိုသာ ပြောကြပါစို့"

"ဟုတ်ကဲ့အဖေကြီး"

"အေး၊ မထေရ်မြတ်ကြီးရဲ့ အကြောင်းကိုပြောရင် သူ့မယ်တော် 'ကာဠီ' သူဌေးကတော်ကြီးရဲ့အဖြစ်က စ,ပြောမှ သဘာဝ ကျပေလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓသာသနာမှာ ဥပါသိကာ အမျိုးသမီးများအနက်မှ ပထမဦးစွာ သောတာပတ္တိမဂ်ကို ဆိုက်ရောက်သူဟာ အဲဒီ ကာဠီသူဌေးကတော်ပဲ ဖြစ်ပါတယ်"

"ဟုတ်လား အဖေကြီး၊ ကျွန်မက ပဇာပတိ ဂေါတမီထေရီသာလျှင် ပထမဦးစွာ သောတာပန်ရသူလို့ ထင်မှတ်နေခဲ့ပါတယ်"

"မဟုတ်ပါဘူး၊ ဂေါတမီထေရီဟာ အမျိုးသမီးထဲက ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးရဟန်းမိန်းမပြုရတဲ့ဘိက္ခုနီသာဖြစ်ပါတယ်၊လူ့ဘဝနဲ့ သောတာပန် အရိယာ ဖြစ်ရတာက ကာဠီ သူဌေးကတော်သာဖြစ်ပါတယ်"

"ဖြစ်ရပုံကို ပြောပြပါလား အဖေကြီးရယ်"

"အဲဒီကာဠီ အမျိုးသမီးဟာ ရာဇဂြိုဟ်ပြည်မှ သူဌေးသမီးဖြစ်ပါတယ်၊ မျိုးတူနွယ်တူ ဂုဏ်ရည်တူဖြစ်တဲ့ အဝန္တီတိုင်းကုရရဃရမြို့မှ သူဌေးသားနဲ့ လက်ထပ်ထိမ်းမြားပြီးတဲ့နောက် လင့်အိမ်ကိုလိုက်ပါခဲ့ရပါတယ်၊ သောဏမထေရ်အလောင်းဖြစ်တဲ့ သတို့သားကို သန္ဓေရှိပြီးတဲ့နောက် ကိုယ်ဝန်အရင့်အမာဖြစ်လာတော့ လင်ကိုခွင့်ပန်၍ မီးရှူးသန့်စင်ဖွားမြင်ရန် ရာဇဂြိုဟ်ပြည် မိဘများထံ ခေတ္တပြန်ခဲ့ပါတယ်၊ အဲဒီကာလအတွင်းမှာ မြတ်စွာဘုရားဟာ ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်ငါးပါးကိုအောင်မြင်၍ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ် ရောက်တော်မူပါတယ်၊ သတ္တ သတ္တာဟ သတ္တဋ္ဌာနတို့၌ လေးဆယ့်ကိုးရက် စံနေတော်မူပြီး ပဉ္စဝဂ္ဂီငါးဦးရှိရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်သို့ကြွ၍ တရားဦးဓမ္မစကြာကို ဟောတော်မူပါတယ်၊ အဲဒီလိုဟောတော်မူတဲ့ ညဦးအခါ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာများ စုဝေးရောက်ရှိလာပြီး တရားနာကြပါတယ်၊ အဲဒီ နတ်ဒေဝတာများ အတွင်းမှာ ယက္ခစစ်သေနာပတိ နှစ်ကျိပ်ရှစ်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်တဲ့ 'သာတာဂီရိ' နတ်စစ်သူကြီးလည်း ဓမ္မစကြာတရားကို ကြားနာရပါတယ်၊ အဲဒီလို တရားနာနေစဉ် အတွင်းမှာ သူ့မိတ်ဆွေဖြစ်တဲ့ 'ဟေမဝတ' နတ်မင်း ရောက်မလာတာကို သတိပြုမိပါတယ်၊အလွန်တရာ ကြုံရခဲတဲ့ တရားဦးဓမ္မစကြာကို သူ့မိတ်ဆွေပါ နာယူစေချင်တယ်၊ ဒါကြောင့် ဟေမဝတနတ်မင်းကို အရှာအဖွေထွက်လာတယ်၊ ကြုံကြိုက်ချင်တော့ ကာဠီ သူဌေးကတော် နေထိုင်ရာ အိပ်ခန်းဆောင်ရဲ့ အထက်ကောင်းကင်မှာ မိတ်ဆွေနှစ်ယောက် တွေ့ကြပါသတဲ့၊ ဒီတော့ သာတာဂီရိနတ်မင်းက ဟေမဝတနတ်မင်းကို သဗ္ဗညုတ ဗုဒ္ဓမြတ်စွာ



ပွင့်တော်မူလာ၍ မိဂဒါဝုန်မှာ ဓမ္မစကြာတရားဟောနေပါတယ်၊အမြန်လိုက်၍ တရားနာလှည့်ပါလို့ ခေါ်ပါတယ်၊ အဲဒီအခါ ဟေမဝတ နတ်မင်းက မြတ်စွာဘုရား၏ ကာယသမာစာရ (အကျင့်တရား)များကို မေးတယ်၊ သာတာဂီရိ နတ်စစ်သူ့ကလည်း ဟေမဝတ နတ်မင်းမေးသမျှကို ဖြေကြားလေတယ်၊ အဲဒီနတ်မင်းနှစ်ပါးတို့ရဲ့ အမေးအဖြေစကားတို့ကို ကာဠီသူဌေးကတော်က ကြားနာနေရပါတယ်၊ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို တစ်ဆင့် ကြားရုံနဲ့ ပါရမီသမ္ဘာရကို သဒ္ဓါတရား က နှိုးဆွလိုက်တာကြောင့် ဗုဒ္ဓကိုယ်တော်ကို ကိုယ်တိုင်မဖူးမြော်ရစေကာမူ 'သောတာပတ္တိမဂ်' သို့ ပေါက်မြောက်ပြီး အမျိုးသမီးတို့၏ ပထမဦးဆုံး 'သောတာပန်' ဖြစ်သွားပါသတဲ့"

"ဘုရားဖြစ်တော်မူပြီးစ လူပုဂ္ဂိုလ်ဆိုရင် ပဉ္စဝဂ္ဂီငါးပါးကိုသာ တရားဟောတော်မူရသေးတာပဲ၊ သူဌေးကတော်မှာ ပါရမီထူးလိုက်တာနော်"

"ပါရမီထူးပုံတော့ မပြောနဲ့၊ သောတာပန်ဖြစ်တဲ့ညမှာပဲ အရှင်သောဏအလောင်း သတို့သားကို ဖွားမြင်တော် မူပါသတဲ့ဗျာ"

"ဟယ် ကျက်သရေရှိလိုက်တာနော်၊ လောကုတ္တရာအကျိုးတိုးပွားမယ့် နိမိတ်လက္ခဏာပေပဲ၊ အဲဒီသတို့သားလေး အရှင်သောဏမထေရ် ဖြစ်လာတဲ့အခါ ဘုရားကိုယ်တော်မြတ်က ချီးမြှောက်တော်မူတာဟာ အထူးအဆန်းကြီး မဟုတ်တော့ပါဘူး၊ သောတာပန်က မွေးတဲ့ သားပဲလေ၊ ကဲ ဆက်ပြောပါဦး အဖေကြီးရယ်"

"ဆက်ပြောရမှာဖြင့် သောဏသတို့သားလေးကို ဖွားမြင်ပြီးတဲ့နောက် ခရီးသွားနိုင်တဲ့အချိန်ကျတော့ ကာဠီ သူဌေးကတော်ဟာ အခြွေအရံများနဲ့ ခင်ပွန်းသည်ရှိရာ ကုရရဃရမြို့ကို ပြန်လာခဲ့ပါသတဲ့"

"သူဌေးကတော်ရဲ့ ခင်ပွန်းသည်နာမည်က မထင်ရှားဘူးနော်"

"ဒါက ထုံးစံပဲကွ၊ လင့်ထက်မယားက ဂုဏ်သတင်းထင်ရှားရင်

www.burmeseclassic.com



ယောကျ်ားရဲ့နာမည်က မှေးမှိန်နေတတ်တယ်၊ ဒီလိုပဲ ယောကျ်ားရဲ့ ဂုဏ်သတင်းက ထင်ရှားရင် ဇနီးသည်ရဲ့အမည်ဟာ မှေးမှိန်နေတတ်တယ်၊ ဝိသာခါရဲ့ ယောကျ်ားနာမည်တို့၊ အနာထပိဏ်သူဌေးရဲ့မိန်းမ နာမည်တို့ကို အမှတ်တမဲ့ နေကြတယ်မဟုတ်လား၊ ဒီလိုပေါ့၊ ကာဠီ သူဌေးကတော်ဟာ သောဏသတို့သားကလေးကို အလွန် ချစ်မြတ်နိုး လှပါတယ်၊ အရွယ်ရောက်တဲ့အခါ အဖိုး တစ်ကုဋေတန် ပတ္တမြား နားတောင်းကို ပွဲကြီးပွဲကောင်းဖြင့် ဆင်ယင်တဲ့ မင်္ဂလာ သဘင်ကြီး ကျင်းပပေးပါတယ်၊ အဲဒါကြောင့် 'ကောဋိကဏ္ဏ' (တစ်ကုဋေတန် နားတောင်းကိုပန်ဆင်ရသူ) သောဏ သတို့သားရယ်လို့ ထင်ရှားလာခဲ့ ရပါတယ်"

"ဪ ဪ"

"အဲဒီအခါမှာ အရှင်မဟာကစ္စည်းမထေရ်ကြီးက ကုရရဃရမြို့ ကို အမှီဂေါစရဂါမ်ပြု၍ ဥပဝတ္တတောင်မှာသီတင်းသုံးတော်မူပါတယ်"

"အမှီဂေါစရဂါမ်ပြုတယ်ဆိုတာ ဆွမ်းခံရအောင် အမှီသဟဲ ပြုတာကို ပြောတာပေါ့နော် အဖေကြီး"

"ဟုတ်ပါ့ဗျာ၊ အဲဒီလို ရှင်မဟာကစ္စည်းကိုယ်တော်ကြီး ကြွ ရောက် သီတင်းသုံးတော်မူလာတယ်ဆိုတော့ ကာဠီ သူဌေးကတော် ဟာ အမြဲတမ်းဆွမ်းဒါယိကာမကြီးဖြစ်နေတာပေါ့၊ သားဖြစ်သူသောဏ ဟာလည်း ရဟန္တာမထေရ်မြတ်ကြီးရဲ့ တောရကျောင်းကို အရောက် အပေါက်များပြီး တရားဒေသနာကို မကြာခဏ ကြားနာနေရပါသတဲ့၊ တစ်နေ့တော့ သူဌေးသား သောဏဟာ မိတ်ဆွေ လှည်း ကုန်သည်များ နဲ့ အတူ ဥဇ္ဇေနီပြည်သို့ ကုန်ရောင်းလိုက်သွားပါတယ်၊ ခရီးအကြား အိပ်စက်နားနေရမယ့် စခန်းရောက်တော့ လှည်းသားငါးရာတို့ဟာ မူးယစ်သောက်စား စကားသောသွမ်း ဟော့ရမ်းဆူညံနေပါသတဲ့၊ ဒီတော့ သူဌေးသားသောဏဟာ သောတာပန်မိခင်ကြီးနဲ့ ထပ်တူ



ထပ်မျှ လောကကို ငြီးငွေ့နေသူဖြစ်လေတော့ သောက်သောက် စားစားလူရမ်းကားတို့ရဲ့ပတ်ဝန်းကျင်မှာ မနေနိုင်တော့ဘူးလေ"

"ဟုတ်တာပေါ့၊ စရိုက်မတူတဲ့ လူအချင်းချင်း ခရီး အတူတူ သွားရတာ အင်မတန် စိတ်ဆင်းရဲတာကလား"

"ဒီလိုစိတ်ဆင်းရဲရတဲ့ သောဏဟာ သူ့မိတ်ဆွေများ သောက်စား ပျော်ပါးနေရာက အမှတ်တမဲ့ထွက်လာပြီး တိတ်ဆိတ်တဲ့ တစ်နေရာမှာ သွားအိပ်ရပါသတဲ့၊ မိုးလင်းလို့ သူဌေးသား သောဏ အိပ်ရာက နိုးတဲ့အခါ လှည်းကုန်သည်တွေက မရှိကြတော့ပါဘူး၊ မိုးမလင်းခင်က မှူးမှူးရှူးရှူးနဲ့ ခရီးဆက်သွားကြဟန် တူပါတယ်"

"ဟုတ်မှာပေါ့၊ လူတွေက ရတ်ရတ် ရတ်ရတ်နဲ့ဆိုတော့ သူဌေးသား သောဏပါလာတယ် ပါမလာဘူးဆိုတာတောင် သူ့မိတ်ဆွေများက အမှတ်ပြုမိကြမယ် မထင်ပါဘူး"

"အေးပေါ့ကွ၊ ဒီအတိုင်းဖြစ်မှာပဲ၊ ဒီလိုနဲ့ သောဏဟာ တစ်ယောက်တည်း ကုန်းကြောင်းပြန်လျှောက်ပြီး လိုက်ခဲ့ရတယ်၊ ခတောအုပ်ထဲက ညောင်ပင်ကြီးတစ်ခုအနားရောက်တော့ အလွန် အကျည်းတန်အရုပ်ဆိုးတဲ့ ပြိတ္တာကြီးတစ်ကောင်ကို မထိတ်သာ မလန့်သာ တွေ့လိုက်ရပါသတဲ့၊ အဲဒီပြိတ္တာကြီးက သူ့အရိုးတွေမှ ကွာကွာကျတဲ့အသားကို ကောက်၍ ကောက်၍သာ စားနေပါသတဲ့"

"အမယ်လေး၊ ဘယ်လို အကုသိုလ် အကျိုးပေးပါလိမ့်တော်"

"အေး၊ မင်းမေးသလို သောဏက ပြိတ္တာကြီးကိုမေးတဲ့အခါ သူဟာ ဘာရုကစ္ဆ မြို့ကကုန်သည်တစ်ယောက်ဖြစ်ခဲ့ကြောင်း၊ ကောင်း ရောင်းကောင်းဝယ်မလုပ်ဘဲ ဝိသမလောဘနဲ့ ကောက်ကျစ် စဉ်းလဲခဲ့ ကြောင်း၊ ထို့ထက်ဆိုးတာက သံဃာတော်များ ဆွမ်းခံကြွ လာတာကို မလှူရက်ဘဲ 'ကိုယ့်အသား ကိုယ်ပြန်စား ကြပါလား'လို့ ဒေါသနဲ့ ပြောခဲ့မိလို့ ခံစားနေရကြောင်း ငိုကြွေး မြည်တမ်းပြီး ပြောပါသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဝစီဘေဒများ ကြောက်စရာကောင်းတယ်နော် အဖေကြီး"

"အေး၊ ဒါကြောင့် မိမိလျှာသည် အရသာမျိုးစုံကို ခံစားနိုင်ရာ မှာသာ ဖြစ်ပါစေ၊ ထိတိုင်းရှနိုင်တဲ့ သင်တုန်းဓားမဖြစ်ပါစေနဲ့လို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာဆိုတာပေါ့၊ 'ဝစီဘေဒထိတိုင်းရှ'သတဲ့၊သောဏ ဟာ သံဆေဂကြီးစွာဖြစ်ပြီး အဲဒီနေရာကထွက်ခဲ့တယ်၊ နောက်တစ်နေ့ရာ ရောက်တော့ ပြိတ္တာလေးနှစ်ကောင်ကို တွေ့ရပြန်ရော၊ သူတို့ကျတော့ ခံတွင်းက သွေးနက်တွေယိုစီးနေသတဲ့၊ သူတို့ကို မေးတော့ လူ့ဘဝက သူတို့အတွက်ထားတဲ့ထမင်းကို မိခင်ကြီးက ရဟန်းများအား လောင်းလှူ လိုက်မိလို့ 'ငါ့ထမင်းစားတဲ့လူ ပါးစပ်က သွေးနက်တွေ ထွက်ပါစေဗျာ' လို့ ကျိန်ဆဲမိကြသတဲ့၊ အဲဒီအကြောင်း တွေ ကြားရတော့ သောဏဟာ ပို၍ကြောက်လန့်လာတာပေါ့၊ ဥဇ္ဇေနီပြည်မှာ အရောင်းအဝယ်ကိစ္စ ပြီးတာနဲ့ တစ်ပြိုင်နက် သူ့အိမ်ပြန်လာတယ်၊ ရှင်မဟာကစ္စည်းထံသွား ပြီး ရှင်သာမဏေ ဝတ်ခွင့်တောင်းတယ်၊ ရှင်မဟာကစ္စည်းကသောဏ ရဲ့ ဉာဏ်ရင့်ကျက်မည့်အချိန်ကိုစောင့်၍ ဆိုင်းငံ့ထားသေးတယ်၊ နောက် တစ်နှစ်လောက်ကြာတဲ့အခါ ဒုတိယအကြိမ် ခွင့်တောင်းပြန် တယ်၊ အဲဒီအခါမှာလည်း ရှင်သာမဏေပြုခွင့်မရသေးပါဘူး၊ ဒီလိုနဲ့ စောင့်ဆိုင်း နေခဲ့ရတာ သောဏသူဌေးသား အသက် နှစ်ဆယ်ကျော်မှ ရှင်သာမဏေ ပြုခွင့်ရခဲ့ပါသတဲ့"

"အသက်နှစ်ဆယ်ရှိရင် ရဟန်းဘောင်ကိုတောင် တက်နိုင်ပြီ မဟုတ်လား အဖေကြီးရယ်"

"တက်နိုင်ပါတယ်၊ ဒါကြောင့် သောဏမထေရ်ကလည်း ရဟန်းသိက္ခာအပြည့်အဝနဲ့ ရဟန်းတစ်ပါး ဖြစ်ချင်နေပါတယ်၊ ဆရာ ဖြစ်တဲ့ အရှင်မဟာကစ္စည်းကို ရဟန်းပြုပေးဖို့တောင်းပန်တဲ့အခါ ဥပသမ္ပဒကံဆောင်ရန် ရဟန်းဆယ်ပါး မရနိုင်သေးတဲ့အတွက် အထ မမြောက်ခဲ့သေးပါဘူး၊ အဝန္တီတိုင်းဆိုတာက ဗုဒ္ဓသာသနာတော်မပျံ့နှံ့



မထွန်းကားသေးတဲ့ ပစ္စန္တ ရာဇ်တိုင်းမို့ ရဟန်းတော်များ အရောက် အပေါက် အလွန်နည်းပါး နေပါသတဲ့၊ နိဂုံးတစ်ခုမှာမှ တစ်ပါးနှစ်ပါး၊ တစ်နယ်မှာမှ တစ်ပါး နှစ်ပါး၊ တစ်ရွာမှာမှ တစ်ပါးနှစ်ပါးရှိကြလေ တော့ သံဃာတော် ဆယ်ပါး ပြည့်အောင် စည်းရုံးဖို့ခဲယဉ်းနေပါတယ်"

"အင်း၊ ဒါကြောင့်လည်း 'ရပ်ပြစ်ရှစ်ပါး' ဆိုတဲ့အထဲမှာ သာသနာ မထွန်းကားရာ ပစ္စန္တ ရာဇ်အရပ်ရယ်လို့ တစ်ပါးအပါအဝင် ပြထားတာပေါ့နော် အဖေကြီး"

"ဟုတ်တာပေါ့ဗျား၊ ဒုလ္လဘတရားငါးပါးမှာ ဗုဒ္ဓုပ္ပာဒေါ ဒုလ္လဘော၊ မနုဿတ္တဘာဝေါ ဒုလ္လဘောလို့ အစချီပြီး မြတ်စွာဘုရား၏ သာသနာထွန်းကားတဲ့အချိန်၊ ထွန်းကားတဲ့အရပ်မှာ လူရယ်လို့ ဖြစ်လာဖို့ အလွန်ခဲယဉ်းတဲ့အကြောင်း ဟောတော်မူထားတာပေါ့၊ ဟောတော်မူတာမှ တစ်ခါတည်း တစ်ရက်တည်း ဟောတော်မူတာ မဟုတ်ဘူးနော်၊ အရေးကြီးလွန်းလို့ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက အဲဒီဒုလ္လဘတရားငါးပါးကို နေ့စဉ်နေ့တိုင်း ဩဝါဒ ပေးတော်မူပါသတဲ့၊ ဒီလိုနဲ့ သောဏသာမဏေရဟန်းခံဖို့အတွက် ကံဆောင် သံဃာတော် ဆယ်ပါးပြည့်အောင် သုံးနှစ်သုံးမိုး စောင့်ဆိုင်း ခဲ့ရပါတယ်၊ သောဏသာမဏေဘဝမှ ရဟန်းအဖြစ် ရောက်တော်မူ တယ်ဆိုရင်ပဲ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်မဟာကစ္စည်းထေရ်ထံမှ နည်းနာနိဿယခံပြီး ဝိပဿနာတရား ကျင့်တော်မူလိုက်တာ မကြာခင် မှာပဲ အာသဝေါကင်းကွာလို့ ရဟန္တာဖြစ်တော်မူသွားပါတယ်၊ 'သုတ္တနိပါတ်' တရားတော်ကိုလည်း ဆရာတော့်ထံမှ ကျေညက်အောင် တက်ယူသင်ကြားခဲ့ပါတယ်၊ ဝါကျွတ်တဲ့ အချိန်ရောက်တော့ တစ်ကြိမ် တစ်ခါမျှ ဖူးမြော်ခွင့် မရဖူးတဲ့ အနန္တ ကျေးဇူးတော်ရှင် မြတ်စွာဘုရား ကို ခြေတော် ဦးခိုက် ရှိခိုးလိုက်ချင်တဲ့ဆန္ဒတွေ တဖွားဖွားပေါ်လာ ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေမှာပဲအဖေကြီးရယ်၊ သံသရာဝဋ်မှ ထွက်လွတ်ကူးမြောက်ရာ အမြိုက်တရားကိုခံစားရတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကျေးဇူးရှင်စစ်စစ်ကြီးကို အားရပါးရ ဖူးလိုက်ချင်မှာပေါ့၊ တွေ့လိုက်ချင်မှာပေါ့"

"အေး၊ ရှင်မဟာကစ္စည်းမထေရ်မြတ်ကြီးကလည်း အဲသလိုပဲ စာနာတော်မူပါလိမ့်မယ်၊ ဒါကြောင့် ဘုရားထံမှောက် အရောက်သွားရန် ခွင့်ပြုတော်မူလိုက်ပါတယ်၊ 'သောဏ၊ သင်ရောက်သွားလျှင် မြတ်စွာဘုရားသည် သင့်ကို ဂန္ဓကုဋိတစ်တိုက်တည်း၌နေစေပြီးလျှင် တရားဟောဆိုရန် တိုက်တွန်း တော်မူလိမ့်မည်၊ ယင်းသို့တိုက်တွန်းတော်မူချက်အရ သင်သည် တရားကို ရွတ်ဆိုဟောကြားရလိမ့်မည်၊မြတ်စွာဘုရားသည် သင်၏ တရားစကား၌ သဒ္ဓါကြည်ညိုတော်မူလှ၍သင့်အား ဆုပေးတော်မူလိမ့်မည်၊ သင်သည် ဆုကိုယူသောအခါ 'ဤမည် ဤမည်သောဆု' များကို ယူလေလော့၊ ငါမှာလိုက်သောစကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ငါ၏ကိုယ်စား သင်ရှိခိုးပါလော့၊ အရှင်မဟာကစ္စည်း ရဟန္တာမြတ်ကြီးက အနာဂတ်ကို သိမြင်တော်မူတဲ့အတွက် ယခုလို ကြိုတင်ပြီး မိန့်မှာတော်မူလိုက်ပါသေးတယ်၊ အရှင်သောဏလည်း ဆရာကို ရိုသေစွာရှိခိုးပြီးတဲ့နောက် မယ်တော်ထံသို့ သွားရောက်နှုတ်ဆက်တဲ့အခါ သူဌေးကတော် ကာဠီက မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်တွင် အခင်းပြုရန် အဖိုးထိုက် တန်တဲ့ ကမ္ဗလာတစ်ထည်ကို ပေးအပ်လှူဒါန်းလိုက်ပါတယ်၊ ကောဋိ ကဏ္ဏသောဏမထေရ်လည်း သာဝတ္ထိပြည်ကိုရောက်လို့ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရားသခင်အား သဒ္ဓါကြည်ညိုစွာ ဖူးလိုက်ရပါတယ်၊ ဗုဒ္ဓါသနမမ္မပလ္လင်ပေါ်မှ မြတ်စွာဘုရားက ကောဋိကဏ္ဏ သောဏမထေရ်ကို ပဋိသန္ထာရစကားဖြင့် မွက်ကြား နှုတ်ဆက်တော်မူပါတယ်"

"ပဋိသန္ထာရစကားဆိုတာ ဘယ်လိုဟာလဲ အဖေကြီးရယ်၊ ကြားတော့ကြားဖူးနေတာပဲ"



"တို့ခေတ်စကားနဲ့ပြောရမယ်ဆိုရင် ကျန်းမာရဲ့လား၊ ဆွမ်းကွမ်းမျှတပါရဲ့လား၊ ချမ်းသာစွာတရားရှေးရှုနိုင်ပါရဲ့လားဆိုတဲ့ အမိန့်ဟုတ်ယ်တွေပေါ့ကွယ်၊ အာဂန္တုရဟန်းဆိုရင် မြတ်စွာဘုရားက အဲသလိုပဲ 'အာဂန္တုကဝတ်' ပြုတော်မူလေ့ရှိပါတယ်၊ အခုလည်း အရှင်သောဏကို နှုတ်ခွန်းဆက်ပြီးတော့မှ အပါးမှာရှိတဲ့ ရှင်အာနန္ဒာကို 'ချစ်သား အာနန္ဒာ၊ ကောဋိကဏ္ဏသောဏဘိက္ခုအတွက် ကျောင်းအိပ်ရာနေရာကို သိလော့' လို့ အရိပ်အမြွက်ဖြင့် မိန့်တော်မူလိုက်ပါတယ်၊ သဘောကတော့ အရှင်သောဏအတွက် လျောက်ပတ် ထိုက်တန်သော အိပ်ရာကို စီမံခိုင်းတာဖြစ်ပါတယ်၊ ရှင်အာနန္ဒာကလည်း မြတ်စွာဘုရားသည် အရှင်သောဏအတွက် ဂန္ဓကုဋိ တိုက်တွင်းတစ်နေရာမှာ ချပေးထားစေလိုကြောင်း သိတော်မူလိုက်ပါတယ်"

"အဲ့ဩစရာပဲ၊မဟာဂန္ဓကုဋိတိုက်ဆိုတာမြတ်စွာဘုရား တစ်ပါးတည်း သီးသန့်စံနေတော်မူတဲ့ အထွတ်အမြတ်နေရာ မဟုတ်လား"

"ဟုတ်လှချည်ပေါ့ဗျာ၊ လက်ယာရံ လက်ဝဲရံ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ပင်လျှင် မြတ်စွာဘုရားနဲ့အတူ စံနေတော်မူတယ်လို့ စာထဲပေထဲမှာ မတွေ့ခဲ့ဖူးပါဘူး၊ အနီးကပ်ဆုံး အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာလည်း မနေခဲ့ဖူးပါဘူး၊ ငါဖြင့် အဲဒီကောဋိကဏ္ဏသောဏမထေရ်တစ်ပါးသာ မြတ်စွာဘုရားနဲ့အတူ တစ်ညတာ နေတော်မူရတယ်လို့ ထင်မိပါတယ်"

"ဒါကြောင့် အထူးခြားဆုံးချီးမြှောက်ခြင်းလို့ ပြောနိုင်တာ ဖြစ်လိမ့်မယ် အဖေကြီးရယ်နော်"

"ပြောနိုင်တာပေါ့၊ နောက်လည်း ရှိသေးတယ်ကွဲ့၊ အဲ... သာ အရှင်သောဏမထေရ်ဟာ တစ်ည၌ပတ်လုံး မြတ်စွာဘုရားနဲ့အ... သမာပတ်ဝင်စားပြီးမှ မဟာဂန္ဓကုဋိတိုက်ထဲသို့ လိုက်ပါကြွဝင်ပေး... မူပါတယ်၊ မြတ်စွာဘုရားအား ရိုသေသောအားဖြင့် ခြေရင်းဘက်၌

www.burmeseclassic.com



သက်န်းကန့်လန့်ကာခြား၍ ထိုင်နေတော်မူပါတယ်၊ ပစ္ဆိမယံ ကုန်ဆုံးခါနီး အခါမှာတော့ မြတ်စွာဘုရားက 'ချစ်သားသောဏ၊ သင်ရွတ်ဆိုလိုသောတရားရှိလျှင် ရွတ်ဆိုလော့'လို့ ခွင့်ပြုတော်မူပါတယ်၊ အဲဒီအခါမှာ အရှင်သောဏ မထေရ်ကလည်း သူ့ဆရာ့ထံမှ သင်ကြားတက်ယူခဲ့တဲ့ 'သုတ္တနိပါတ်' ဒေသနာတော်ကို ချိုသာအေးမြသောအသံဖြင့် ဌာန်ကရိုဏ်းကျစွာ မထစ်မငေါ့ မရှုပ်မထွေး ပြင်းကောင်းပြေးသကဲ့သို့ အစဉ်အတိုင်း ရွတ်ဆိုသရဇ္ဈာယ်လိုက်ပါတယ်"

"'ကောင်းပေစွချစ်သား၊ ကောင်းပေစွ၊ သင်ချစ်သားသည် အဋ္ဌကဝဂ်=သုတ်ပေါင်း တစ်ဆယ့်ခြောက်သုတ် အားလုံးတို့ကို ကောင်းစွာသင်ထားပေ၏၊ ကောင်းစွာ ဆောင်ထားပေ၏၊ ကောင်းသောစကားသံနှင့်လည်း ပြည့်စုံပေ၏၊ သန့်လည်းသန့်ရှင်း အပြစ်လည်းကင်း လိပ်လည်းခြင်းလည်းမရှိသော, အနက်ကို သိစေတတ်သော စကားနှင့်လည်း ပြည့်စုံပေ၏' ဟု မြတ်စွာဘုရားက ကောင်းချီးနှမော် သာဓုခေါ်ပါသတဲ့၊ ဒီလိုနဲ့ပဲ နောင်သောအခါမှာ ချိုသာအေးမြသောအသံဖြင့် တရားဟောရာ၌ အသာလွန်ဆုံးဆိုတဲ့ 'ကလျာဏဝါက္ကရဏ' ဧတဒဂ်ကို ပေးတော်မူတာပေါ့"

"သြော် သြော် ဒီလိုလား"

"အဲဒီညက အရှင်သောဏအား မြတ်စွာဘုရားက မေးတော်မူပါသေးတယ်၊

'ချစ်သား၊ ရဟန်းဘယ်နှစ်ဝါရပြီလဲ'

'အရှင်ဘုရား၊ တစ်ဝါမျှသာ ရပါသေးသည်ဘုရား'

'ချစ်သားရဟန်း၊ သင်သည် အဘယ့်ကြောင့် ဤသို့ကြာမြင့်မှ ရဟန်းပြုသနည်း'

'မြတ်စွာဘုရား၊ တပည့်တော်သည် ကာမဂုဏ်တို့၏ အပြစ်ကို မြင်နေသည်မှာ ကြာမြင့်ပါပြီ၊ သို့သော် လူ့ဘောင်၌ လူတို့သည်



များသောကိစ္စ များသောပြုဖွယ်များ ရှိကြပါကုန်၏ဘုရား'

လို့ လျှောက်ထားတဲ့အခါမှာတော့ မြတ်စွာဘုရားက

'သင်္ခါရလောက၌ မမြဲသော ဆင်းရဲသော ဖောက်လွဲဖောက်ပြန်ဖြစ်သော အပြစ်များကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်သည်ဖြစ်စေ၊ နိဗ္ဗာန်တရားကို ထိုးထွင်းသိမြင်ခြင်းကြောင့်ဖြစ်စေ အရိယာ သူတော်ကောင်းသည် မကောင်းမှုတို့၌ မပျော်ပိုက်ချေ၊ အကြောင်းမှုကားစင်ကြယ်သော ကာယကံမှုရှိသောပုဂ္ဂိုလ်သည် ညစ်နွမ်းသောအကုသိုလ်တရားအစု၌ ပျော်ပိုက်ရိုး ထုံးစံမရှိချေ' လို့ ဥဒါန်း ကျူးတော်မူပါတယ်၊ မြတ်စွာဘုရားက သူ့ကို အကြောင်းပြုပြီး ရွှေနှုတ်မြွက်ဖော် ဥဒါန်းကျူးတော်မူတာကို ကြားရတဲ့အခါ သောဏမထေရ်ဟာ ဘယ်လောက်ပီတိသောမနဿ ဖြစ်လိုက်မလဲ၊ စဉ်းစားသာကြည့်ပေတော့ အမေကြီးရယ်"

"အဖေကြီး အခုပြောနေတာကို ကြားရတာတောင် ကျွန်မဖြင့် ကြက်သီးတဖြန်းဖြန်း ထလိုက်မိပါရဲ့၊ အရှင်သောဏ မထေရ်ဟာ သူ့ဥပဇ္ဈာယ်ဆရာကို ပြန်ပြီးသတိရမိမှာပေါ့"

"သတိရမိပါသတဲ့၊ ဒါကြောင့် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး' ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ တပည့်တော်၏ ဆရာက သူ့ကိုယ်စား အရှင်ဘုရားကို ရှိခိုးကန်တော့လိုက်ပါဟု မှာကြားလိုက်ပါသည်ဘုရား၊ ထိုမှတစ်ဆက်တည်း မြတ်စွာဘုရားက ဆုပေးတော်မူလျှင် တပည့်တော် တောင်းပန်လျှောက်ထားလတ္တံ့သော အနုညာတဆု ငါးပါးကို ဦးထိပ်ရွက် ပန်ဆင်၍ ပြန်ခဲ့ရန် မှာကြားလိုက်ပါသည်ဘုရား' လို့ လျှောက်ထားပါသတဲ့ဗျား"

"ဘယ်လိုဆုငါးပါးလဲ အဖေကြီးရဲ့၊ အစက အဖေကြီးပြောတဲ့ စကားထဲမှာ မပါသေးဘူးထင်ပါရဲ့"

"အေး၊ ကျမ်းဂန်စာပေရေးသားရာမှာ အကြောင်းအရာ တစ်ခုခုကို ကြိုတင်၍ ဖော်ပြတာမျိုးလည်း ရှိတယ်၊ အရိပ်အမြွက်မျှသာ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပြီး ဆိုင်ရာအခန်းရောက်မှ အတိအကျ ဖော်ပြတာမျိုးလည်း ရှိတယ်၊ အရှင်မဟာကစ္စည်းမထေရ်ကြီးရဲ့ အမှာစကားမှာ 'ငါ့ရှင်သောဏ၊ သင့်အား မြတ်စွာဘုရားက ဆုပေးလိမ့်မည်။ ထိုအခါ၌မည်သောဆုများကို ယူလေလော့' ဆိုတဲ့စကားကို မင်းပြန်စဉ်းစားကြည့်ပါ၊ အဲဒါဟာ ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပြုစုရေးသားတော်မူတဲ့ 'မဟာဗုဒ္ဓဝင်' မှာ ပါရှိတဲ့အတိုင်း ဖြစ်ပါတယ်"

"သြော် သြော် သဘောပေါက်ပါပြီရှင်၊ သဒ္ဓါရိုကျိုးရှိခိုးလိုက်ပါတယ်၊ ဆက်သာပြောပါတော့"

"အဝန္တီတိုင်းကဲ့သို့သော ပစ္စန္တရာဇ် အရပ်၌

၁။ ဥပသမ္ပဒ ကံဆောင်ရာတွင် သံဃာတော် ဆယ်ပါးပြည့်အောင် ပင့်ဖိတ်ရန် ခဲယဉ်းပါသဖြင့် ထိုအရေအတွက်မှ လျော့နည်းသော သံဃာတို့ဖြင့် ကံဆောင်နိုင်ခွင့် ပြုနိုင်လေမည်လား မသိ၊ (ငဲ့ညှာခွင့်ပြုတော်မူစေလိုပါသည်ဆိုတဲ့ သဘောပေါ့ကွယ်)

၂။ ပူပြင်းခြောက်သွေ့သော ဒေသဖြစ်သည့်အားလျော်စွာ ကြမ်းတမ်းခက်တရော်သော ခယောင်းလမ်းတို့၌ တစ်လွှာတည်းသော ဖိနပ်အစား အထပ်များသော ဖိနပ်တို့ကို သုံးဆောင်ခွင့် ပြုနိုင်လေမည်လားမသိ၊

၃။ အိုက်စပ်ပူလောင်သော ရာသီဥတုနှိပ်စက်သည် ဖြစ်ရကား ရဟန်းများအား တစ်ဆယ့်ငါးရက်မှာ တစ်ကြိမ်သာ ရေချိုးခွင့်ပြုထားသည်ကို နေ့စဉ် ရေချိုးခွင့် ပြုတော်မူလေမည်လားမသိ၊

၄။ သင်ဖျာ မြက်ဖျာများထက် သမင်ရေ အစရှိသော အထိုင်အခင်းများက ရလွယ်သည်ဖြစ်ခြင်းကြောင့် ထိုသားရေတို့ကို ရဟန်းတို့မှာ သုံးဆောင်ခွင့် ပြုလေမည်လားမသိ၊

၅။ လှူကြဲပါးလိုက်သောသင်္ကန်းကို အလှူရှင်ထံမှ ယူဆောင်၍ ရည်ညွှန်းသောရဟန်းအား တစ်ဆင့်လှူဒါန်းလျှင် ထိုအလှူခံရဟန်း



က သိက္ခာပုဒ်အားလျော်စွာ သံသယ ကုက္ကုစ္စကင်းလျက် အလှူခံယူထိုက်လေမည်လား မသိ၊ (ငဲ့ညှာခွင့်ပြုတော်မူစေလိုပါသည်ဆိုတဲ့ သဘောပေါ့ကွယ်) အဲဒီလို အရှင်သောဏ က ဆရာ့ကိုယ်စားလျှောက်ထား ဆုပန်ပါတယ်၊ အကျဉ်းချုံးပြောရရင် မြတ်စွာဘုရားကအဝန္တီတိုင်းကဲ့သို့သော ပစ္စန္တရာဇ် အရပ်များ၌၁ –ဥပသမ္ပဒ ကံဆောင်ရာတွင် ရဟန်းငါးပါးမျှနှင့် ကံဆောင်ခွင့်ပြုတော်မူပါတယ်၊ ၂– အထပ်များသော ဖိနပ်တို့ကို စီးခွင့်ပြုတော်မူပါတယ်၊ ၃– နေ့စဉ် ရေချိုးခွင့်ပြုတော်မူပါတယ်၊ ၄ –သားရေအထိုင်အခင်းတို့ကို ခွင့်ပြုတော်မူပါတယ်၊ ၅ –ဒါယကာ တို့ထံမှ တစ်ဆင့်လှူဒါန်းလိုက်သောသင်္ကန်းကို ခံယူခွင့်ပြုတယ်"

"မြတ်စွာဘုရား ပွင့်တော်မူရာဒေသဟာ မဇ္ဈိမတိုင်း အိန္ဒိယပြည်အလယ်ပိုင်းမှာ ဖြစ်ပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်တော်မူရာမှာ အများအားဖြင့် မဇ္ဈိမတိုင်းရှိသာဝကသံဃာတော်များအတွက်သာ ရည်ညွှန်းပညတ်တော်မူတာဖြစ်ပါတယ်၊ ထိုမဇ္ဈိမတိုင်းမှအပ သာသနာ တော်မပျံ့နှံ့ မရောက်ရှိသေးတဲ့ ပစ္စန္တရာဇ်အရပ်များကို ဆင်းရဲငြိုငြင်စွာ ကြွရောက် သီတင်းသုံးကြတဲ့ သာသနာပြု ရဟန်းများအတွက် ကာလ၊ ဒေသ၊ ဥတုသပ္ပာယတို့ဖြင့် အထိုက်အလျောက် လျော်ညီစွာ 'ခုဒ္ဒါနု ခုဒ္ဒက' ဝတ်ငယ်အကျင့်ငယ် သိက္ခာပုဒ်တို့ကို ပြင်ဆင်၍ သက်သာမှုတအောင်ခွင့်ပြုတော်မူလေ့ရှိပါတယ်၊ သာသနာတော်ကိုကြည်ညိုကြသော မင်း၊ သူဌေးသူကြွယ်၊ ကုန်သည်၊လယ်လုပ် အမျိုးလေးပါးတို့၏ အကျိုးငှာငဲ့ညှာတော်မူတဲ့သဘောလို့လည်းဆိုနိုင်ပါလိမ့်မယ်၊ အဲသလိုနဲ့ပဲ အရှင်သောဏ မထေရ်ဟာဆုငါးပါးကို ဦးထိပ်ရွက် ပန်ဆင်လျက် မယ်တော်ကာဠီ သူဌေးကတော်၏ ကမ္ဗလာထည်ကို လှူဒါန်းပြီးတဲ့နောက်အရှင်တက်ပြီ 'အချိန်မှာ အဝန္တီတိုင်းသို့ ပြန်ကြွတော်မူပါသတဲ့ဗျား"

www.burmeseclassic.com



# ခဒိရဝနိယရေဝတသာမဏေ

> သူ့ဇနီးအသစ်စက်စက်နဲ့
> မိဘဘိုးဘွားတွေကို
> သူငယ်ချင်းတွေနဲ့
> လိုက်တမ်းပြေးတမ်း
> ကစားဦးမယ်လို့ပြောပြီး

"အမေကြီးရေ၊ ဒီနေ့တော့ 'ရေဝတသာမဏေ' အကြောင်းပြောကြရအောင်၊ 'ရေဝတ' ဆိုတဲ့ အမည်တူ ဘွဲ့တူ နှစ်ပါးရှိပြန်သကွဲ့၊ တစ်ပါးက 'ကင်္ခါရေဝတ' တဲ့၊ သူကတော့ ရဟန်းပါ၊ နောက်တစ်ပါးကတော့ 'ခဒိရဝနိယ ရေဝတ' တဲ့၊ သူကတော့ ရှင်သာမဏေပါ၊ လက်ယာရံ ရှင်သာရိပုတ္တရာမထေရ်ကြီးရဲ့ ညီငယ်အထွေးဆုံးပေါ့၊ ဘုရားကိုယ်တော်မြတ် ကြွလာချီးမြှောက်ခြင်းခံရတာဟာ အဲဒီ 'ခဒိရဝနိယရေဝတ ရှင်သာမဏေ' ဖြစ်ပါတယ်၊ အရှင်သာရိပုတ္တရာမထေရ် ဆိုရင် မြတ်စွာဘုရား၏ လက်ယာတော်ရံ ဓမ္မသေနာပတိ ပညာဓိက ဧတဒဂ်ရတော်မူထားတယ်၊ နိမ့်ချသောသဘော၊ အဆိုးအမကိုခံယူသော သုဝစောစသဂုဏ်နဲ့ ပြည့်စုံရာမှာ အလွန်ထင်ရှားတယ် မဟုတ်လား၊ ကောသလတိုင်း သာဝတ္ထိပြည်အနီး နာလကပုဏ္ဏားရွာမှာ ရူပသာရီသူဌေးကတော်ကြီးရဲ့ သားဖြစ်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးငယ်မည် 'ဥပတိဿ' ဆိုတဲ့ အမည်ပျောက်ပြီး 'သာရိပုတ္တရာ' လို့ သာသနာတော်မှာ ထင်ရှားခဲ့တယ်လေ၊ သူ့အောက် မှာ ညီငယ်သုံးယောက်က စုန္ဒ၊ မွေးချင်းခြောက်ယောက်ရှိပါတယ်၊ ညီငယ်သုံးယောက်က စုန္ဒ၊ ဥပသေန၊ ရေဝတတို့ ဖြစ်ကြတယ်၊ နှမငယ်များကတော့ စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့ ဖြစ်ကြပါတယ်၊ ယခုပြောမယ့် 'ရေဝတ' ကတော့ မွေးချင်းခုနစ်ယောက်ထဲမှာ အငယ်ဆုံး အထွေးဆုံး ဖြစ်ပါသတဲ့"

"အင်း၊ ကျွန်မတို့အနေနဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ကိုသာ အသိများပြီး ညီတော်နှမတော်များအကြောင်းကို အမှတ်တမဲ့ ဖြစ်နေတတ်ကြတယ်၊ သူတို့တစ်တွေကကော သာသနာမှာ 'အကျော် ဇေယျ' နောင်တော်ကြီးကို အားကျပြီး ဘိက္ခု ဘိက္ခုနီမများ မလုပ်ကြ ဘူးလားဟင်"

"ဘယ်နေကြလိမ့်မလဲ၊ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့် သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏' ဆိုတဲ့ စကား ရှိတယ် မဟုတ်လား၊ အာဇာနည်နွားလား ဥသဘကြီးက ရှေ့မှ ဖြောင့်ဖြောင့်တန်းတန်းသွားတဲ့အခါ နောက်မှ နွားမျိုးကောင်းတို့သည် လည်း ဖြောင့်ဖြောင့်တန်းတန်း လိုက်ကြတယ်ဆိုတဲ့ စကား ဥပမာလို နောင်တော်ကြီးရဲ့ လမ်းစဉ်ကိုလိုက်ပြီး ညီတော်နှမတော်များ အားလုံး ရဟန္တာနဲ့ရဟန္တာမများ ဖြစ်ကုန်ကြပါတယ်၊ ဗုဒ္ဓဝါဒီမဟုတ်တဲ့ မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးပင်လျှင် အရှင်သာရိပုတ္တရာ ကိုယ်တော် ကြီးက ပရိနိဗ္ဗာန်စံယူတော်မူခါနီးမှာ ကြွလာချီးမြှောက်ပြီး တရားဟော တော်မူတဲ့အတွက် သောတာပန်အရိယာ ဖြစ်သွားပါသတဲ့၊ အင်း၊ မင်းက စကားခေါ်တာနဲ့ ငါက ကွက်ကျော်တွေပြောနေမိပြီ"

"ဒါဖြင့်လည်း အစဉ်အတိုင်းသာ ပြောပါရှင်၊ ကျွန်မက သိချင်တဲ့ ဇောနဲ့ လောကြီးပြီးမေးနေမိတာပါ"



"အဲ၊ အစဉ်အတိုင်းသာပြောရမယ်ဆိုရင် သားအကြီးဆုံး သာရိပုတ္တရာကြောင့် ညီငယ်နှမငယ်များ တစ်ယောက်ပြီးတစ်ယောက် သာသနာ့ဘောင်သို့ ဝင်သွားလိုက်ကြတာ အငယ်ဆုံးသား ရေဝတ လုလင် တစ်ယောက်တည်းသာ ကျန်တော့သတဲ့၊ အဲဒီတော့ မိဘဆွေမျိုး တို့ဟာ မျိုးရိုးပျောက်မှာ စိုးကြောက်နေကြတယ်၊ ဗုဒ္ဓဝါဒီမဟုတ်တဲ့ လူတိုင်းဟာ 'ဇာတိမဟတ္တဂုဏ်' ဆိုတဲ့ ကိုယ့်ဘိုးဘွား မိဘမျိုးရိုး အဆက်အနွယ်ကို ဂုဏ်ယူကြတယ်၊ အလွန်စောင့်ရှောက်ကြတယ် မဟုတ်လား"

"ဟုတ်တယ်နော်၊ အိန္ဒိယပြည်မှာ ခုထက်ထိ ဇာတ်နိမ့်ဇာတ်မြင့် ဆိုတဲ့ အယူသန်မှုကြီးတွေဟာ မကင်းရှင်းကြသေးဘူးတဲ့"

"အေး၊ ဗုဒ္ဓမြတ်စွာ မပွင့်သေးတဲ့အခါတုန်းက ပို၍ဆိုးကြ တာပေါ့၊ မြတ်စွာဘုရား ပွင့်လာတော်မူတဲ့အခါသော်မှ သာသနာ တော်ကို မသက်ဝင်သေးတဲ့သူတွေကို ဟောလို့ချွတ်လို့ မရပါဘူးတဲ့၊ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်ကြီးရဲ့ မိဘဘိုးဘွားများကလည်း 'သားကြွင်း သားကျန်' ရေဝတလုလင်ကလေးကို အမြန်ဆုံးအိမ်ထောင် ချထား လက်ထပ်ထိမ်းမြားဖို့ စီစဉ်ကြပါသတဲ့၊ အဲဒီအချိန်က ရေဝတ မှာ အသက်တစ်ဆယ့်ခြောက်နှစ်သာ ရှိပါသေးတယ်၊ သူငယ်ချင်း အပေါင်းအဖော်များနဲ့ 'လိုက်တမ်းပြေးတမ်း' ကစားနေချိန်ပါပဲတဲ့၊ ကလေးစိတ်မပျောက်သေးဘူးပေါ့ကွယ်၊ သို့ပေမဲ့ မိဘဘိုးဘွားများက အမျိုးတူ အရွယ်တူ ဂုဏ်ရည်တန်းတူ အမျိုးကောင်းသမီးလေးတစ်ဦးနဲ့ လက်ထပ်ထိမ်းမြားပေးစားလိုက်ပါသတဲ့၊ အဲဒီ အမျိုးကောင်းသမီးက လည်း အလွန်တရာ လှပရွှန်းစို အပျိုရည်အပျိုသွေးနဲ့ တစ်ဆယ့်လေးနှစ် အရွယ်သာ ရှိပါသေးသတဲ့"

"အင်း၊ ဟိုခေတ်ကသားသမီးများဟာ မိဘတို့က နေရာချထား ပေးတာကိုသာ လိုက်နာခဲ့ကြတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေထားပါတော့ကွာ၊ ဒီလိုနဲ့ မင်္ဂလာဆောင်တဲ့နံနက်မှာ သတို့သားနဲ့သတို့သမီးတို့က မိဘဘိုးဘွားကို ကန်တော့ကြရပါတယ်၊ အဲဒီလိုကန်တော့တဲ့အခါမှာ ရူပသာရီသူဌေးကတော်ကြီးက ဇနီးမောင်နှံသစ်လွင်တို့ကို 'ချစ်လှစွာသော ငါ့သား ငါ့ချွေးမတို့သည် ယခုကန်တော့ခံနေကြသော မင်းတို့၏ အဘိုးအဘွားများ အသက်အရွယ်အထိ အိုအောင်မင်းအောင် ပေါင်းကြရပါစေသတည်း' လို့ ထူးထူးခြားခြား ဆုပေးစကား ဆိုလိုက်ပါသတဲ့"

"နေပါဦး၊ ထူးထူးခြားခြားလို့ ဆိုရအောင် ဘာများထူးလို့လဲ၊ လူကြီးမိဘများက လင်မယားစုံတွဲ ကန်တော့ကြတဲ့အခါတိုင်း 'အိုအောင်မင်းအောင် ပေါင်းကြရပါစေ' လို့ ဆုပေးတာ ထုံးစံမဟုတ်လားရှင့်"

"အေး၊ တို့လို လူသာမန် ပါရမီသာမန် ကံသာမန် ဉာဏ်သာမန် သမားတွေကတော့ အဲသလိုဆုပေးတာပဲ ထုံးစံလို့ပဲ သဘောထားကြတယ်၊ အိုအောင်မင်းအောင် ပေါင်းရမှာကိုပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်၊ အဲ၊ ရေဝတလုလင်ပျိုကတော့ အဲဒီလို ဆုပေးသံကြားလိုက်ဟာနဲ့တစ်ပြိုင်နက် အလွန်တရာလှပ နုပျိုတဲ့ သူ့ဇနီးအသစ်စက်စက်ကလေးကို ကြည့်လိုက်မိတယ်၊ အဲဒီနောက် ဆံဖြူသွားကြွေ ပါးရေနားရေတွန့်ပြီး မျက်စိမှုန်မှုန် နားထိုင်းထိုင်းနဲ့ ခါကိုင်းနေတဲ့ သူ့ဘွားအေကြီးကို ကြည့်ပြီး ဇရာဆိုတဲ့ ဒုက္ခသစ္စာကို ရိပ်မိလိုက်တယ်၊ ဒီတော့ 'နုနယ်ရပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ၏' ဆိုတဲ့ သံဝေဂမျိုး ရလိုက်မိတယ်၊ အိုပြီးရင်နာရဦးမယ်၊ နာပြီးရင် သေရဦးမယ်၊ သေပြီးတော့ကော အဆုံးသတ်မှာလား၊ အဆုံးမသတ်သေးပါဘူး၊ နောက်တစ်ဘဝဇာတိကို စ,ရဦးမယ်၊ ဇာတိရလာပြန်တော့ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ အဲသလိုတွေးမိပြီးတော့ ထိတ်လန့်တုန်လှုပ်သွားတယ်၊ ဘဝဆိုတာကို



စက်ဆုပ်သွားတယ်၊ ဒါကြောင့် ဘဝမှပြတ်အောင် နောင်တော်ကြီး အရှင်သာရိပုတ္တရာလမ်းစဉ်ကို လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါသတဲ့ကွယ်"

"အမယ်လေး၊ ကြည်ညိုစရာကောင်းလိုက်တာ၊ အံ့သြစရာကောင်းလိုက်တာ၊ ချီးမွမ်းစရာကောင်းလိုက်တာ အဖေကြီးရယ်နော်"

"တို့တစ်တွေအနေနဲ့သာ အံ့သြစရာချီးမွမ်းစရာလို့ ပြောရပေမဲ့ ရေဝတလုလင်အနေနဲ့ကဖြင့် မထူးဆန်းပါဘူးကွယ်၊ သွေးတူသားတူ တစ်အူတုံဆင်းညီရင်းအစ်ကိုဖြစ်တဲ့ နောင်တော်ကြီးရဲ့ ပညာပါရမီကိုပဲ ကြည့်လေ၊ ငယ်မည်ဥပတိဿ အရွယ်က အရှင်မဟာမောဂ္ဂလာန်ဖြစ်လာမယ့် ကောလိတသူငယ်ချင်းသူဌေးသားနဲ့ နက္ခတ်သဘင်မှာ ကချေသည်ပွဲတစ်ခုကို ကြည့်နေကြတုန်း အနိစ္စလက္ခဏာကို မြင်ခဲ့တယ် မဟုတ်လား၊ သဘောက 'အခု လှပနွဲ့ပျောင်း အကကောင်းနေတဲ့ လူတွေလည်း တစ်နေ့မှာ သေကြရမှာပဲ၊ ပျော်ရွှင် မြူးထူး ရူပါရုံကို ယစ်မူးပြီး ကြည့်နေကြတဲ့ လူတွေလည်း တစ်နေ့မှာ သေကြရမှာပဲ' လို့ သံဝေဂဖြစ်ခဲ့တယ်လေ"

"ဟုတ်ပါရဲ့နော်၊ ကျွန်မတို့ဖတ်ဖူးထားတာ အခုမှ သတိရတော့တယ်"

"နေဦးလေ ရှိသေးတယ်၊ အဲဒီလို သံဝေဂဖြစ်လို့ အနိစ္စကို ကျော်လွန်အောင် တရားရှာကြတယ်၊ သိဉ္စည်းဆရာကြီးထံရောက်ပြီး တပည့်ခံတယ်၊ သို့ပေမဲ့လည်း သူ့အလိုရှိတဲ့ တရားကိုမရခဲ့ဘူး၊ ဒီတော့ ဆရာအသစ်ရှာဖို့ ထွက်ခဲ့တယ်၊ တစ်နေ့သောအခါတွင်မှ ပဉ္စဝဂ္ဂီ အပါအဝင် အရှင်အဿဇိမထေရ်ကို တွေ့ရတယ်၊ ဗုဒ္ဓမြတ်စွာပွင့်တော်မူတဲ့အကြောင်း ကြားရတယ်၊ ထိုမြတ်စွာဘုရား၏ တရားတော်ကို နာယူပါရစေလို့ အသနားခံ တောင်းပန်တဲ့အခါ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစချီတဲ့ ဂါထာတစ်ဝက်ကို ကြားလိုက်ရုံမျှနဲ့ 'ထင်းခနဲ'

www.burmeseclassic.com

www.burmeseclassic.com



သောတာပန် ဖြစ်သွားတယ်လေ၊ အဲသလောက် ဉာဏ်ကြီးတဲ့ နှောင်တော်ကြီးရဲ့ ညီရင်းအငယ်ဆုံး ရေဝတလုလင်အတွက် သံဝေဂဉာဏ်ဟာ အံ့သြစရာလို့ မဆိုနိုင်တော့ပါဘူး၊ ဒီတော့ သူ့ဇနီးအသစ်စက်စက်နဲ့ မိဘဘိုးဘွားတွေကို သူငယ်ချင်း များနဲ့ 'လိုက်တမ်းပြေးတမ်း' ကစားလိုက်ဦးမယ်လို့ ပရိယာယ် ဝေဝုစ်နဲ့ပြောပြီး တစ်ချိုးတည်း အိမ်မှထွက်ပြေးခဲ့တယ်၊ သူတို့ နာလကရွာမှ အတော်ကြီးအလှမ်းဝေးတဲ့ တောထဲမှာ ပံသုကူစုတင် ကျင့်နေကြတဲ့ တောကျောင်းတစ်ခုကို ရောက်သွားတယ်၊ အဲဒီရဟန်းများကို သူ့အား ရဟန်းပြုပေးပါမည့်အကြောင်း တောင်းပန် လျှောက်ထားတယ်၊ ရဟန်းများက မိဘနာမများကို စစ်မေးကြတဲ့ အခါ 'အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ တပည့်တော်မိဘများ အမည်နာမထက် တပည့်တော်၏ နောင်တော်ကြီးအရင်းကို အရှင် ဘုရားတို့ကိုယ်တိုင် အလေးအမြတ်အသိအမှတ်ပြုတော်မူကြလိမ့် မယ်လို့ ထင်ပါတယ်၊ တပည့်တော်ဟာ ငွဒ္ဓမြတ်စွာ၏အဂ္ဂသာဝက လက်ယာတော်ရံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၏ ညီအရင်းဖြစ်ပါတယ်ဘုရား' လို့လျှောက်လိုက်တဲ့အခါမှာ ရဟန်းတော် များက ဝမ်းမြောက်ဝမ်းသာ သူတို့ပိုင်ပရိက္ခရာနဲ့ပဲ ရှင်သာမဏေ ပြုပေးလိုက်ပါသတဲ့၊ အသက်နှစ်ဆယ် မပြည့်သေးလေတော့ရဟန်းအဖြစ် ဥပသမ္ပဒကံ မဆောင်ရွက်နိုင်ကြသေးဘူးပေါ့"

"နေပါဦးအဖေကြီး၊ မိဘများရဲ့အခွင့်မရဘဲ ရှင်ပြုမပေးရဘူးလို့ ဝိနည်းတော်မှာ ရှိတယ်မဟုတ်လား"

"အဲဒီဝိနည်းတော်ကို မြတ်စွာဘုရား ကပိလဝတ်ပြည်ကို ရောက်တော်မူတဲ့အခါ သားတော်လေးရာဟုလာကို ဘုရား ကိုယ်တော်တိုင်က ရှင်ပြုပေးတော်မူတာကို ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက နှကျေနပ်လို့ လျှောက်ထားတဲ့အခါကျမှ 'နှောင်တွင် မိဘထံကအခွင့်

www.burmeseclassic.com



မရသော သားငယ်များအား ရှင်သာမဏေ မပြုစေရ' လို့ ပညတ်ခြင်းပြုခဲ့တာဖြစ်ပါတယ်"

"သြော် သြော်၊ ဒါကြောင့်ကိုး၊ ဆက်ပြောပါဦး အဖေကြီးရယ်"

"ရှင်ရေဝတဟာ ဥပဇ္ဈာယ် ဆရာများထံမှ ကမ္မဋ္ဌာန်းတရားကို ယူ၍ ထိုတောကျောင်းမှတစ်ဆင့် ပိုမိုနက်ခေါင်ပြီး ချုံနွယ်ပိတ်ပေါင်းထူထပ်တဲ့ ရှားတောကို အမှီပြု၍ ကမ္မဋ္ဌာန်းတရား ပွားများနေပါသတဲ့၊ အဲသလိုတောမျိုးဟာ သာသာယာယာ စိုစိုပြည်ပြည် မရှိကြပါဘူး၊ ကျောက်စရစ်မြေ၊ ကျတ်တီးကုန်းဖြစ်လို့ မာကျောတဲ့မြေကြီးများဟာ လှိုင်းအလိပ်လိပ်ထသလို မညီမညာမပြေမပြစ် ဖြစ်နေပါတယ်တဲ့၊ 'တစ်မော့်ရုံလျှိုး၊ တစ်ချုံတိုး' ဆိုသလို တချို့နေရာများမှာ ခေါင်းငုံ့ခူးထောက်ပြီးတောင် သွားရပါသတဲ့၊ အလွန်ဆင်းရဲ ငြိုငြင်စရာကောင်းတဲ့ အရပ်မျိုးဖြစ်ပါသတဲ့ကွယ်"

"အဖေကြီးရေ၊ ရေဝတသာမဏေဟာ သူ့မိဘများလိုက်ရှာလို့ မတွေ့အောင် ဒီလိုနေရာမျိုးကို ရွေးသလားမှ မသိတာနော်"

"အေး၊ မင်းထင်သလိုလည်း ဖြစ်နိုင်ပါရဲ့၊ နောက်တစ်ကြောင်းကလည်း ရှိသေးသကွဲ့၊ အဲဒီအကြောင်းကတော့ လွန်ခဲ့သောကမ္ဘာတစ်သိန်းက ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူစဉ် ဆိတ်ငြိမ်တဲ့ 'အရညကင်' တောအရပ်၌ မွေ့လျော်နိုင်သော ရဟန်းတော်တစ်ပါးအား ဧတဒဂ်ဘွဲ့ ချီးမြှင့်တော်မူတာကို အားကျဆုတောင်းခဲ့တဲ့ ရေဝတမထေရ်အလောင်းရဲ့ ပါရမီအကြောင်းကံကလည်း ရှိသေးတယ်ကွာ"

"သြော် သြော်၊ ဒီလိုကိုး၊ ကျွန်မဖြင့် ယခု ဗုဒ္ဓသာသနာတော်မှာ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ယခင့်ယခင် ဘုရားကိုယ်တော်များလက်ထက်က ဧတဒဂ်အသီးသီးရကြတဲ့ ပုဂ္ဂိုလ်မြတ်တွေကို အားကျကြည်ညိုတဲ့ လူတွေချည်းပဲ ဖြစ်နေလိမ့်မယ်ထင်တယ်"

"ဟုတ်လှချည်ပေါ့ဗျာ၊ အမေကြီးက ဘယ်သူ့လို့တုံး၊ အားကျ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့စိတ်မျိုးဟာ ကောင်းတဲ့လူကို အားကျရင် သမ္မာ ဆန္ဒအရှင် ဆုကြီးပန်ဖြစ်တတ်တယ်၊ မကောင်းတဲ့လူကို အားကျရင်လည်း ငရဲအိုးထဲဇောက်ထိုးသာဆင်းပေရော့၊ ကဲ ဆက်ပြောမယ်ကွာ၊ ရှင်ရေဝတ သာသနာတော်အတွင်း ဝင်လာတယ်ဆိုတဲ့ သတင်းကို နောင်တော်ကြီး ရှင်သာရိပုတ္တရာက ကြားတယ်ဆိုရင်ပဲ သူ့ညီတော်ကလေးကို တွေ့ချင်တဲ့စိတ်က ပြင်းထန်နေပါသတဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ညီကလေးဟာ ကလေးစိတ် မပျောက်တပျောက်မို့ ...က်န်းဝတ်နဲ့ မြဲမှမြဲပါ့မလား၊ ကာမဘောဂီ လောကီချမ်းသာကို ...ဖြတ်နိုင်ဘဲ လူဝတ်လဲသွားမှာ စိုးရိမ်တော်မူရှာပါသတဲ့၊ ဒါကြောင့် သာသနာတော်မှာ မွေ့လျော်ကြီးစားဖို့ အားပေးတော်မူချင်တယ်လေ၊ ဒါနဲ့ ညီတော်ထံ သွားခွင့်ပြုပါမည့်အကြောင်း မြတ်စွာဘုရားအား လျှောက်ထားခွင့်ပန်ပါတယ်၊ ထိုအခါ မြတ်စွာဘုရားက 'ငံ့လင့်ဦး သာရိပုတ္တရာ' လို့ တားမြစ်တော်မူပါသတဲ့၊ နောက်တစ်လလောက် ကြာပြန်တော့ အရှင်သာရိပုတ္တရာကခွင့်ပန်ပြန်ပါတယ်၊ ထိုအခါမှာလည်း ရှေးနည်းအတူ ဆိုင်းငံ့ထားတော်မူပြန်ပါတယ်"

"ဘယ်လိုအကြောင်းကို မြင်တော်မူလို့ မြတ်စွာဘုရားက တားတော်မူတာလဲဟင် အဖေကြီး"

"သမန္တစက္ခု သဗ္ဗညုမြတ်စွာဘုရားသခင်က ရှင်ရေဝတ ရဲ့ ကမ္မဋ္ဌာန်းတရားကို မြင်တော်မူတယ်၊ ရှင်ရေဝတဟာ လုံ့လနဲ့ ကြိုးပမ်း လို့ ရဟန္တာဖြစ်ဖို့ နီးကပ်နေပြီလေ၊ ဒီလိုအချိန်အခါမျိုးမှာ ပရိသတ် အနှောင့်အယှက်မှ ကင်းရှင်းဖို့လိုတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်းဆိုတဲ့အလုပ်ဟာ မီးကျိုးမီးခဲကို 'တောက်ခါနီးလေ၊ အဆက်မပြတ် လေမှုတ်ပေးရလေ' လုပ်ရတာမျိုးဖြစ်သတဲ့၊ ဒါကြောင့် မြတ်စွာဘုရားက ရှင်ရေဝတ အရဟတ္တမဂ်ဆိုက်ရောက်မယ့် အချိန်ကို စောင့်စေလို၍ ဖြစ်တယ်"



"ဒါကို အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက မသိမမြင်လို့ နေမှာပေါ့နော်"

"သမန္တစက္ခု သဗ္ဗညုဉာဏ်တော်ကြီးဆိုတာ ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါတို့ပင်လျှင် မသိမမြင်နိုင်တဲ့ ဗုဒ္ဓကိုယ်တော်ကြီး၏ ဆ အသာဓာရဏ ဂုဏ်တော်များဖြစ်တယ်၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားရဲ့ 'ပကိဏ္ဏက' ဘုရားရှိခိုးကြီး အပိုဒ် ၄ ကို ရွတ်ကြည့်စမ်း"

"ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့၊ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ၊ ဝေနေယျ ပုဂ္ဂိုလ်တို့၏၊ အလိုဆန္ဒ၊ အာသယ ကိန်းဟန်ကို၊ ဧကန်သိမြင်နိုင်သော၊ အာသယာနုသယဉာဏ်။ ဣန္ဒြေ ရင့်မရင့်ကို၊ ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယ ပရောပရိ ယတ္တိဉာဏ်။ ပရမတ်ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင်၊ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ၅ ဉ ယျမ်ငါးအင်ကို၊ သိမြင်တော်မူရာ၌၊ ဆီးကာ ပိတ်ပင်ခြင်းမရှိသော အနာဝရဏဉာဏ်။ ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။ သနားထိုက်လှစွာသော၊ ဝေနေယျသတ္တဝါကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ်။ ဤခြောက်တန်သော ဆ, အသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို၊ ညိုထောင် ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ဝေးနီးစကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခတ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခုတည်းဟူသော မျက်စိတော် ငါးလုံးဖြင့် အဆုံးမဲ့ မြင်တော်မူပြီးထသော"

"အေး၊ အဲဒီဘုရားရှိခိုးကြီးကို နှုတ်တက်အရသားနဲ့ ...ပွာယ်ကို သဘောမပေါက်ဘဲကိုးကွ"

"ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့၊ အခု ပြန်စဉ်းစားတော့ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



သိပါပြီရှင်၊ အဖိုးတန်လိုက်တာ၊ ဆရာတော်ဘုရားရဲ့ ကျေးဇူးပါပဲ၊ ကဲ ဆက်ပြောပါဦး"

"အဲသလိုနဲ့ သုံးလလွန်မြောက်တဲ့အခါ ရှင်ရေဝတဟာ အရဟတ္တမဂ် ဆိုက်ရောက်သွားပါတယ်၊ အရှင်သာရိပုတ္တရာကလည်း ညီတော်ထံသွားဖို့ ခွင့်ပန်လာပြန်ပါတယ်၊ အဲဒီအခါကျတော့ မြတ်စွာဘုရားက 'ချစ်သား သာရိပုတ္တရာ၊ ရေဝတသာမဏေထံ သွားရောက်ဖို့ အချိန်တန်လေပြီ၊ ငါဘုရားပါလိုက်ပါအံ့၊ အခြားလိုက်လိုသော ရဟန်းများကိုလည်း ပြောကြားစည်းဝေးစေလော့' ဟု အရှင် သာရိပုတ္တရာ အား မိန့်တော်မူပါတယ်၊ အဲဒါကြောင့် ရေဝတသာမဏေကို ဗုဒ္ဓမြတ်စွာက ချီးမြှောက်တော်မူတဲ့နေရာမှာ သာလွန်ထူးခြားတယ်လို့ ဆိုနိုင်ပါသတဲ့၊ ကြည့်လေ၊ အခြားသော ပုဂ္ဂိုလ်များထံ ကြွသွားသလို ဗုဒ္ဓမြတ်စွာတစ်ပါးတည်းသာမဟုတ် လက်ယာရံ လက်ဝဲရံမှစ၍ အာနန္ဒာမထေရ်နဲ့တကွ ရဟန်းပေါင်းများစွာ သံဃာ့အစည်းအရုံးနဲ့ ကြွလာတော်မူခြင်း ဖြစ်တယ်၊ ထိုအထဲမှာ လာဘ်လာဘပေါများတဲ့အရာမှာ ဧတဒဂ်ရတဲ့ ရှင်သီဝလိ မထေရ်တောင် ပါလိုက်သေးတယ်၊ ဒါကြောင့်လည်း ယူဇနာသုံးဆယ်ခရီးကို တစ်နေ့လျှင် တစ်ယူဇနာ တစ်လကြာအောင် ကြွတဲ့ခရီးမှာ လူနေအရပ်မဟုတ်သော်လည်း ဗုဒ္ဓနှင့်တကွ သံဃာတော်များမှာ ဆွမ်းမပြတ်ကြရပါဘူးတဲ့"

"အဲ အဲ၊ တစ်ခါလောက် ရှင်သီဝလိအကြောင်းကို စုံစုံလင်လင် ပြောပြစမ်းပါ အဖေကြီးရယ်"

"မင်းက လာဘ်ရွှင်တယ်ဆိုတာနဲ့ပိုပြီးသိချင်နေတာ မဟုတ်လား၊ တစ်နေ့တော့ ပြောတာပေါ့၊ ကဲ ရေဝတသာမဏေအကြောင်း ဆက်မယ်၊ ရေဝတသာမဏေလည်း 'ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ' တည်းဟူသော အဘိညာဉ်ခြောက်ပါး ရတော်မူထားတဲ့အတွက် ရဟန်းများစွာခြံရံပြီး



ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ကြွလာတော်မူမယ်ဆိုတာကို သိလိုက်ပါတယ်၊ အဲဒီတော့ ချုံနွယ်ပိတ်ပေါင်းနဲ့ ခယောင်းကုန်းမြေဖြစ်တဲ့ ရှားတောအရပ်ကို သာယာစိမ်းလန်းတဲ့ ပန်းမန်ဥယျာဉ်ကြီးအဖြစ် ရေတွင်း ရေကန်နဲ့တကွ ဖန်ဆင်းထားလိုက်ပါတယ်၊ ကျောက်စရစ်ကုန်း၊ ကျတ်တီးပြင်ဖြစ်တဲ့ မညီမညာ မြေကြီးကိုလည်း တစ်ပြေးတည်း ချောမွေ့ပြေပြစ်အောင် ဖန်ဆင်းထားလိုက်ပါတယ်၊ အရာမ်တံတိုင်းနဲ့တကွ သံဃာတော်များနေလောက်အောင် ကျောင်းကြီးကျောင်းငယ်တို့ကိုလည်း တင့်တယ်အောင်ဖန်ဆင်းထားလိုက်ပါတယ်၊ ချိုးရေ သုံးရေ ခြေဆေးရေ သောက်ရေအိုးများကိုလည်း သူ့နေရာနဲ့သူ အိပ်ရာနေရာနဲ့တကွ ညောင်စောင်းများမှာလည်း အခင်း အခြုံအပြည့်အစုံ ဖန်ဆင်းထားပါတယ်၊ ဗုဒ္ဓမြတ်စွာအတွက်မူကား သီးသန့်တစ်နေရာမှာ ဇေတဝန်ကျောင်းတော်နဲ့မခြား ဂန္ဓကုဋိတိုက်နဲ့တကွ နေ့သန့်တော်မူရန် ညသန့်တော်မူရန် နေရာများပါ အသီးသီး ဖန်ဆင်းထားလိုက်ပါသတဲ့"

"ရေဝတသာမဏေက တန်ခိုးကြီးလိုက်တာနော်၊ ရဟန္တာဖြစ်ရင် အဲဒီ အဘိညာဉ်ခြောက်ပါးကို ရတာပဲလား အဖေကြီး"

"ပါရမီဆုတောင်း အကြောင်းကံကောင်းတဲ့ ရဟန္တာများသာ ရတော်မူကြပါသတဲ့၊ ဒီလိုပုဂ္ဂိုလ်မျိုးက ဂုဏ်ထူးနဲ့အောင်တဲ့ တက္ကသိုလ်ဘွဲ့ပိုင်ရှင်တွေလိုပေါ့ကွယ်၊ အဲသလို ရေဝတ သာမဏေ ကြိုတင်ဖန်ဆင်းထားတဲ့ ကျောင်းတိုက်ကြီးကို ရောက်လာကြတဲ့အခါ လောကုတ္တရာတရားကို ကျင့်ဆဲ ပုထုဇဉ်ရဟန်းများက အလွန်တအံ့ဩငေးမောနေကြပါသတဲ့"

"မြတ်စွာဘုရား ကိုယ်တော်မြတ်ကတော့ မိမိထံတော်သို့ ချဉ်းကပ်ဝပ်လျှိုး ရှိခိုးကန်တော့ဝတ်ပြုလာတဲ့ ရေဝတကို 'ဘယ့်နှယ်လဲ ချစ်သား ရေဝတ၊ သို့ကလောက်ကြမ်းတမ်းတဲ့ တောကြီးမျက်မည်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တောကောင်၊ ခြင်္သေ့၊ သစ်ကျား၊ သားရဲများနှင့် ရောပြွမ်းနေရတဲ့အတွက် မချောက်ချားပေဘူးလား' လို့ မေးတော်မူပါသတဲ့၊ ရှင်ရေဝတက 'ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ တပည့်တော်သည် ထူထပ်သောတောအုပ်ကိုလည်းကောင်း၊ ခြင်္သေ့ သစ်ကျား သားရဲများ၏ အသံတို့ကိုလည်းကောင်း မွေ့လျော်နှစ်ခြိုက် ပါသည်ဘုရား' လို့လျှောက်ထားပါသတဲ့၊ ရဟန္တာစင်စစ်ဖြစ်တော်မူတဲ့ ကိုယ်တော်များကတော့ ရေဝတသာမဏေအား ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကိလေသာကင်းစင်ပြီး ရဟန္တာဖြစ်ကြောင်းသိတော်မူကြလို့ ချီးကျူးနှမော် သာခုခေါ်ကြသတဲ့"

"အင်း၊ ဝမ်းမြောက်တော်မူကြတဲ့အထဲမှာ နောင်တော်ကြီးသာရိပုတ္တရာလည်း အပါအဝင်ဖြစ်မှာပေါ့နော် အဖေကြီး"

"မေးဖို့ဘယ်လိုတော့မလဲကွယ်၊ ဒီလိုနဲ့ပဲ မြတ်စွာဘုရားနဲ့ ဘက္ကု ရဟန်းတော်များဟာ လခွဲ (တစ်ဆယ့်ငါးရက်) တိုင်တိုင် ထိုကျောင်းတော်ကြီးမှာ သီတင်းသုံးနေတော်မူကြပါတယ်၊ ဆွမ်းကွမ်းလည်း ပြည့်စုံကြပါတယ်၊ ရဟန်းကိစ္စဖြစ်တဲ့ ဝိပဿနာဓုရ အကျင့်တရားများ ကိုလည်း ကျင့်တော်မူကြပါတယ်၊ ထိုအထဲမှာ ပုထုဇဉ်ရဟန်းများလည်း ပါလေတော့ အသီးသီး တရားရှုမှတ်နေကြရာက ရှင်ရေဝတထံ မကြာခဏ စိတ်ရောက်၍ ရောက်၍သွားပြီး စဉ်းစားမိကြပါသတဲ့၊ ဘယ်လိုလဲဆိုတော့ 'လူနေအရပ်နဲ့ ဝေးလံသီခေါင်တဲ့ တောတောင်များအလယ်မှာ သို့ကလောက်ကောင်းအောင်ကျောင်းဆောက်ကို ဆောက်နေတဲ့အတွက် ရေဝတသာမဏေမှာ ငါတို့လောက်မှ ကမ္မဋ္ဌာန်း တရား အားထုတ်နိုင်ရှာမှာ မဟုတ်ပါဘူး' လို့ ဥဒ္ဓစ္စ ဖြစ်နေကြပါသတဲ့လေ"

"ဥဒ္ဓစ္စဆိုတာ 'စိတ်ပျံ့လွင့်တဲ့သဘော' လို့ ပြောကြတာများလားဟင်"

"ဟုတ်ပါတယ်၊ ကမ္မဋ္ဌာန်းယောဂီများ မိမိရဲ့ကမ္မဋ္ဌာန်း



အပေါ်မှာ စိတ်တည်အောင် (သမာဓိတည်အောင်) မထားနိုင်သေးရင် အခြားတစ်ပါးကို စိတ်ရောက်ရောက် သွားတတ်ပါသတဲ့၊ တစ်ပါးသူရဲ့ အပြုအမူ အပြောအဆို အကျင့်အကြံတို့ကိုလည်း ဝေဖန်နေတတ်ပါသတဲ့၊ အဲဒါက အနှောင့်အယှက်ကြီးတစ်ခုပေါ့ကွယ်၊ အဲသလိုဖြစ်နေတဲ့အခါ ထိုပုဂ္ဂိုလ်မျိုးကို မြတ်စွာဘုရားသခင်က သံသယရှင်းပြီး ဟုက္ကုစ္စကင်းအောင် နည်းအမျိုးမျိုးဖြင့် စောင့်ရှောက်ဟောကြား တရားပြသတော်မူလေ့ ရှိပါတယ်၊ အဲဒါကြောင့် ဗုဒ္ဓမြတ်စွာက ရေဝတသာမဏေကို သနားချီးမြှောက်သောအားဖြင့် တောကျောင်း၌နေရခြင်း အကျိုးအာနိသင်တို့ကို ဂါထာငါးရာ ပြည့်စုံစွာ ဟောကြားပြီးသည့်နောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်လည်ကြွမြန်းတော်မူရအောင် စီစဉ်ပါသတဲ့၊ အဲဒီအချိန်မှာ ဥဒ္ဓစ္စသမား ရဟန်းများကို သူတို့ယူဆောင်လာတဲ့ တောင်ဝှေး ထီး ဖိနပ် ဆီကျည်တောက်အစရှိတဲ့ ပရိဘောဂလေးများကို မေ့ကျန်ရစ်ခဲ့အောင် အဓိဋ္ဌာန်ပြုလိုက်ပါသတဲ့"

"ဆီကျည်တောက်ဆိုတာ ဘာလဲအဖေကြီးရဲ့"

"ခရီးဝေးသွားတဲ့ ရဟန်းများအတွက် ခြေသလုံး ဒူးဆစ် မနာမကျင် မကိုက်ခဲရအောင် ဆေးဝါးအဖြစ်လိမ်းတဲ့ ဆီဘူးလေးပေါ့ကွယ်၊ အဲသလိုနဲ့ အပြန်ခရီးတစ်ဝက်လောက်ကျမှ သတိမေ့လာကြတဲ့ရဟန်းများ သတိရလို့ ကိုယ့်ပစ္စည်းကိုယ်ယူရအောင် ကျောင်းတိုက်ကို ပြန်သွားကြတဲ့အခါကျတော့ လား လား ကျောင်းတိုက်တွေကွယ်ပျောက်လို့ တောကြီးမျက်မည်းထဲမှာ မိမိတို့ရဲ့ ပစ္စည်းလေးတွေဟာ ချုံနွယ်တွေရဲ့အပေါ်မှာ သစ်ကိုင်း ဝါးကိုင်းတို့ရဲ့ ကြားမှာ သွားတွေ့သတဲ့၊ ဒီတော့မှ ရေဝတသာမဏေအပေါ်မှာ သံသယ ကုက္ကုစ္စ ကင်းပြီး တန်ခိုးဣဒ္ဓိပါဒ်နဲ့ ရဟန္တာစင်စစ် ဖြစ်နေတဲ့အကြောင်း ကောင်းကောင်းကြီး သိလိုက်ကြရပါသတဲ့ကွယ်"

■

www.burmeseclassic.com

# ဝနဝါသီတိဿသာမဏေ



သဒ္ဓါကြည်ညိုလို့
တဖွဲဖွဲလာရောက်လှူဒါန်းကြတာတွေကို
တိဿသာမဏေကလေးက
မနှစ်သက်ပါဘူး
ဒါတွေက သူ့အတွက်
ပလိဗောဓဖြစ်တဲ့အကြောင်း
သတိထားမိပါတယ်

"ကဲ၊ အမေကြီးရေ၊ ဒီနေ့တော့ 'တိဿ သာမဏေ' အကြောင်းကိုပြောပြီး နိဂုံးချုပ်ကြစို့ရဲ့"

"ဟောတော့၊ ခုနစ်ပါးပြည့်သွားပြီလား"

"အေးလေ၊ တို့ပြောခဲ့တာ ပထမ,အရှင်မဟာကပ္ပိန၊ ဒုတိယ, အရှင်ပုဏ္ဏသာတိ၊ တတိယ, အရှင်မဟာကဿပ၊ စတုတ္ထ, အရှင်အနုရုဒ္ဓါ၊ ပဉ္စမ, အရှင်ကောင်္ဒိုကဏ္ဍသောဏာ၊ ဆဋ္ဌမ, အရှင်ရေဝတသာမဏေအထိ ရောက်ခဲ့ပြီမဟုတ်လား၊ ယခု သတ္တမ, တိဿသာမဏေရဟန္တာအကြောင်းကို ပြောရမှာပေါ့"

"မြတ်စွာဘုရားသခင်က သနားချီးမြှောက်တော်မူတဲ့ ပုဂ္ဂိုလ်ကြီးများမှာ တစ်ဦးစီ၊ တစ်ဦးစီ ဂုဏ်ထူးဝိသေသ ထူးပြားဆန်းကြယ်တော်မူကြပါတယ်၊ အခုပြောမယ့် 'တိဿသာမဏေ' ကဖြင့် တစ်မျိုးတစ်ဖုံထူးခြားတဲ့ဂုဏ်တွေနဲ့ ပြည့်စုံနေပါတယ်၊

ပထမအချက် - မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်ကာလအတွင်းမှာပဲ နှစ်တန်နှစ်ဘ၀ သာသနာတော်၌ ကြုံခဲ့ရခြင်းဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက် –ခုနစ်နှစ်သား သာမဏေအဖြစ်နဲ့ပင် ရဟန္တာ ဖြစ်ခဲ့ရပါတယ်၊

တတိယအချက် – ငယ်မည်နဲ့တကွ 'ဘွဲ့' လေးပါးကို ရတော်မူခဲ့ပါတယ်၊

စတုတ္ထအချက် – ဒေသစာရီ ကြွချီတော်မူရာမှာ မြတ်စွာဘုရားသခင်နဲ့ ရင်ပေါင်တန်း လိုက်ပါတော်မူလျက် ချစ်ကြည်ရင်းနှီးစွာ လျှောက်ထားဖို့ အခွင့်ရခဲ့ပါတယ်၊

ကျေးဇူးရှင် ညောင်လေးပင်တောရ ဆရာတော်ဘုရား ပြုစုရေးသားတော်မူခဲ့တဲ့ 'ဓမ္မပဒ' ဝတ္ထုတော်ကြီးကို မှီငြမ်းပြုပြီး ပြောမယ်၊ တိဿသာမဏေဟာမြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ် အချိန်ကာလ အတောအတွင်းမှာပဲ နှစ်တန်နှစ်ဘဝ သာသနာတော်နှင့် ကြုံခဲ့ရတယ်၊ အဲဒါကိုက အခြားပုဂ္ဂိုလ်များထက် တစ်မူထူးခြားနေပါတယ်၊ အေး၊ အရှင်သာရိပုတ္တရာရဲ့ ခမည်းတော် မယ်တော်တို့ဟာ 'ဝင်္ဂန္တ' ပုဏ္ဏားသူဌေးကြီးနဲ့ သူဌေးကတော် ရူပသာရီတို့ဖြစ်တဲ့ အကြောင်း ငါတို့ပြောခဲ့ပြီးပြီ၊ အဲဒီ သာရိပုတ္တရာရဲ့ခမည်းတော်ဝင်္ဂန္တသူဌေးကြီးနဲ့ အပေါင်းအသင်းမိတ်ဆွေရင်းဖြစ်ခဲ့ဖူးတဲ့ ဗုဒ္ဓဝါဒီပုဂ္ဂိုလ်ကြီး တစ်ယောက် ရှိပါတယ်၊ အမည်က 'မဟာသေန' ဖြစ်တယ်၊ နေတာက ရာဇဂြိုဟ်ပြည်မှာပါ၊ ယခင်က အင်မတန် ချမ်းသာကြွယ်ဝသူ ဖြစ်သော်လည်း ယခုအချိန်မှာတော့ သိမ်ငယ်ဆင်းရဲပြီး နေရရှာပါသတဲ့၊ အရှင်သာရိ ပုတ္တရာ မထေရ်ကြီးကလည်း သူဌေးသား 'ဥပတိဿ' အဖြစ်ဖြင့် ချမ်းသာစွာနေခဲ့ရစဉ်က ထိုပုဂ္ဂိုလ်ကြီးနဲ့ တူရင်းသားရင်းလို ချစ်ခင် ရင်းနှီးဆက်ဆံခဲ့ရတာကြောင့် ယခုလိုဆင်းရဲနေတဲ့အချိန်မှာ ချီးမြှောက်တော် မူလိုပါသတဲ့၊ သံဃာတော်များ က ချီးမြှောက်တော်မူတယ်ဆိုတာဟာ မိမိတို့အားလှူဒါန်းသော ဆွမ်း အစရှိသည့် ဒါနကုသိုလ်ရှင်များကို သူတို့ရဲ့ကောင်းမှုကို အကြောင်းပြုပြီး သာဓု အနု



မောဒနာ တရားဟောကြားတော်မူတာဖြစ်တယ်၊ အဲဒီအခါမှာ မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်လျှင် အကျိုးပေးကြီးကျယ်ပါတယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက သူ့တဲအိုကလေးရှေ့မှာ ကြွလာပြီး ဆွမ်းရပ်တော်မူပါသတဲ့၊ သူဆင်းရဲအိုကြီး မဟာသေနမှာ အရှင်သာရိပုတ္တရာကို မှတ်မိပေမဲ့ တစ်စုံတစ်ရာမျှ လောင်းလှူစရာ မရှိရှာပါဘူး၊ ဒါကြောင့် အရှက်ကြီးရှက်ပြီး စိတ်မချမ်းမသာနဲ့ ကွယ်ရာမှာပုန်းလို့သာ နေရပါသတဲ့၊ သူဌေးသူဆင်းရဲကြီးဟာ သူ့ဘဝ အခြေအနေအရ ဆွမ်းကောင်း ဟင်းကောင်း မလောင်းလှူနိုင်တာကို ရှက်နေရှာတာဖြစ်မှာပေါ့၊ စိတ်ကတော့ ဘယ်ချမ်းသာမလဲလေ၊ ဒီတော့ အရှင်သာရိပုတ္တရာလည်း အရပ်တစ်ပါးသို့ ကြွသွား တော်မူရတာပေါ့၊ နောက်တစ်နေ့လည်း ကိုယ်တော်ကြီးက ချီးမြှောက်ရအောင် ဆွမ်းလာ၍ ရပ်ခံပြန်တယ်၊ အဲဒီအခါမှာလည်း ထိုက်ထိုက် တန်တန် လှူစရာမရှိလို့ မဟာသေနမှာ ပုန်းလို့သာနေရရှာပါသတဲ့"

"ဖြစ်မှဖြစ်ရလေ အဖေကြီးရယ်၊ သူ့ခမျာ သနားပါတယ်၊ သဒ္ဓါတရားမရှိလို့ မလှူဖြစ်တာ အရေးမဟုတ်ဘူး၊ လှူချင်ပါလျက် မတတ်နိုင်တာမျိုးက အင်မတန်စိတ်ဆင်းရဲရမှာပဲနော်"

"အေး၊ ဒါကြောင့် 'မရှိလို့ မလှူ၊ မလှူလို့ မရှိ' ဆိုသလို ဆင်းရဲ 'တာ' သံသရာလည်နေတတ်တယ်တဲ့၊ တစ်နေ့တော့ ရာဇဂြိုဟ်ပြည်ရဲ့ မြို့စွန်မြို့ဖျား နိဂုံးတစ်ခုမှာ ဗြာဟ္မဏတို့ရဲ့ စာဆိုတော်ပွဲ တစ်ခုပြုလုပ်ပါတယ်၊ ညနေချမ်းမှာ ဝေဒကျမ်းတတ် ပညာရှင်ကြီးများကဂါထာမန္တာန်ရွတ်ပြီး ဝေဒကျမ်းကြီးများအကြောင်းကို ဟောကြခြင်း ဖြစ်ပါတယ်၊ ဒီအခါမှာ မဟာသေန ပုဏ္ဏားကြီး ကိုလည်း ပင့်ဖိတ်ကြပါတယ်၊ ပစ္စည်းသာဆင်းရဲပေမဲ့ ပညာအရာမှာ ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးကိုးကွဲ့"

"အဲဒီ စာဆိုတော်ပွဲမှာ နွားနို့တစ်အိုး ပုဆိုးကြမ်းတစ်ထည်နဲ့ ပူဇော်ကန်တော့ကြတယ်၊ အဲဒီပစ္စည်းနှစ်ခုကို ရတယ်ဆိုရင်ပဲ 'ငါ့သား

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာကို လှူစရာရပဟဲ့' လို့ မဟာသေနပုဏ္ဏားကြီးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာပါသတဲ့၊ သူ့တဲကလေး ပြန်ရောက်တော့ သူစားနေကျ ဆန်ကွဲ ဆန်ညှာကလေးတွေကို ပြာပြီး ဆန်ကောင်း ဆန်သန့်ကလေးတွေရအောင် ရွေးပါသတဲ့၊ အဲဒါကလေးတွေနဲ့ ရေမရောတဲ့နို့ကို မတူးမခြစ်ရအောင် ယာဂုကျိုပါသတဲ့၊ အလွန်တရာ ပီတိ ဖြစ်နေရှာတာပေါ့၊ လှူချင်နေတုန်းမှာ လှူစရာရတယ်ဆိုတော့ ဒီလိုနဲ့ အရုဏ်တက်တဲ့အချိန်မှာ အရှင်သာရိ ပုတ္တရာ မထေရ်ကြီး ကလည်း သမာပတ်က ထတော်မူပြီး မဟာသေနပုဏ္ဏားကြီးကိုဆင်ခြင် ကြည့်ရှုတော်မူလိုက်ပါသတဲ့၊ အခုအခါမှာ မဟာသေနပုဏ္ဏား၌ လှူဖွယ် ဝတ္ထုများ အဆင်သင့်ရှိနေပြီလို့ သိတော်မူတဲ့အခါ တဲအိုရှေ့မှာလာ၍ ရပ်တော်မူပါသတဲ့၊ဒီအခါမှာတော့မဟာသေနပုဏ္ဏားကြီးက ဝမ်းမြောက် ဝမ်းသာ ပျာပျာသလဲ ကြိုဆို၍ သူ့တဲအိုလေးထဲသို့ ပင့်ဖိတ်သွားပါတယ်၊ အရှင်သာရိပုတ္တရာ မထေရ်ထက်ဝယ်ဖွဲ့ခွေ နေတော်မူတဲ့အခါ ယာဂုအိုးကိုယူလာပြီး သပိတ်ထဲသို့လောင်းထည့်ပါတယ်၊ အရှင်သာရိပုတ္တရာက တစ်ဝက်သော ယာဂုကိုသာ အလှူခံသည့်လက္ခဏာဖြင့် သပိတ်ကို ဖုံးလိုက်တဲ့အခါမှာတော့ မဟာသေနပုဏ္ဏားကြီးက 'အရှင်ဘုရား၊ တပည့်တော် ပုဏ္ဏားအိုကြီးအား လောကုတ္တရာတရားဖြင့် အပြည့်အစုံ အကုန်အစင် ရစေခြင်းအကျိုးငှာ ဤယာဂုဆွမ်းကိုအကြွင်း အကျန်မရှိ လောင်းလှူပါရစေဘုရား' လို့ လျှောက်ထားပြီး တစ်အိုးလုံး လောင်းလှူလိုက်ပါသတဲ့၊ နောက်ပြီး မိမိအပူဇော်ခံခဲ့ရတဲ့ ပုဆိုးကြမ်း ကိုလည်း လှူလိုက်ပြန်ပါတယ်၊ အရှင်သာရိပုတ္တရာကလည်း မဟာသေနပုဏ္ဏားကြီးရှေ့မှာပင် ဆွမ်းဘုဉ်းပေးပြီးသည့်နောက် 'အသင်ဒါယကာ ပုဏ္ဏားကြီး၊ သင်အလိုရှိအပ်သော လောကုတ္တရာတရားတို့ကို အကြွင်းအကျန်မရှိ အကုန်အစင် သိပါစေသတည်း' လို့ အနုမောဒနာ တရားဟောကြားပြီး ကြွသွားတော်မူပါသတဲ့၊ မဟာသေနပုဏ္ဏားကြီး



လည်း ထွက်ကြွသွားတော်မူတဲ့ ရှင်သာရိပုတ္တရာကို ကြည်ညိုလို့မဆုံး အားကိုးလို့မဆုံး ကြည့်ရှုငေးမျှော်ရင်း ကျန်ရစ်ခဲ့ပါတယ်၊ အဲသလို ကြည်ညိုတဲ့စိတ် သဒ္ဓါတဲ့စိတ် အားကိုးတဲ့စိတ်ဟာ ဘယ်လောက်အထိ ပြင်းထန်သလဲဆိုရင် မကြာမီကာလအတွင်း လူကြီးနာဖြင့် မဟာသေန ပုဏ္ဏားကြီး သေပြီးသည့်နောက် အရှင်သာရိပုတ္တရာကြီးရဲ့ အလှူဒါယိကာမတစ်ဦးဖြစ်တဲ့ သာဝတ္ထိမြို့က သူဌေးကတော်ထံမှာပဋိသန္ဓေ တည်နေစွဲကပ်ပါသတဲ့ကွယ်"

"သြော်၊ ဒါကြောင့် နှစ်ဘဝဆက်ပြီး ဘုရားလက်ထက်မှာ ဖြစ်ခဲ့ရတယ်လို့ ပြောတာကိုး၊ နော"

"ဟုတ်ပါတယ်၊ 'ဘဝအကြား' မရှိ မဟာသေန ပုဏ္ဏားကြီး အဖြစ်မှ တိဿသာမဏေဖြစ်လာရမယ့် အန္တိမဘဝကို ကူးပြောင်း နိုင်ခဲ့တယ်၊ အဲဒါဟာ 'ပထမဝိသေသကြီး' ဖြစ်ပါတယ်၊ အဲသလို ပဋိသန္ဓေတည်နေတယ်ဆိုရင်ပဲ မိခင် ဒါယိကာမကြီးမှာ အာသာဆန္ဒ တောင့်တစိတ်တွေ ပေါ်လာပါတယ်၊ မင်းတို့မိန်းမများရဲ့ ဝေါဟာရ ပြောကြတာက 'ချင်ခြင်း' တပ်တယ်ပေါ့ကွယ်၊ ဘယ်လိုလဲဆိုတော့ ရှင်သာရိပုတ္တရာအမှူးပြုပြီး သံဃာတော်ငါးရာကို ဃနာနို့ဆွမ်း ကပ်ချင် တယ်၊ အဲဒီအခါမှာ မိမိကိုယ်တိုင် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီး သံဃာတော်များရဲ့ဆွမ်းကျန်ကို စားချင်တယ်"

"အင်း၊ ဘုန်းကံ ပါရမီရှင်တို့ကို ပဋိသန္ဓေရှိတဲ့အခါ မိခင်က ထူးထူးခြားခြား ချင်ခြင်းမျိုး ဖြစ်ပေါ်လာတယ ထင်ပါရဲ့နော်"

"ဟုတ်ပါတယ်၊ သန္ဓေသားကထူးရင် အာသာချင်ခြင်းတွေက လည်း ထူးခြားလာတတ်ပါသတဲ့၊ သန္ဓေတည်တဲ့ သားဟာ သူတော်ကောင်းဆိုရင် ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ကောင်းမှုကိစ္စတွေကို လိုလားတပ်မက်လာကြတယ်၊ မိဘ လင်သားဆွေမျိုးများက မိခင်လောင်းရဲ့ဆန္ဒကို ပြည့်စုံအောင် ဆောင်ရွက်ပေးတတ်ကြပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်သန္ဓေကိုလည်း တယုတယ ပြုစု စောင့်ရှောက် ကြပါတယ်၊ ဒီလိုနဲ့ တစ်လတစ်ခါ အရှင်သာရိပုတ္တရာနဲ့တကွ ရဟန်းတော်ငါးရာကို ဃနာနို့ဆွမ်းကပ်လှူတယ်၊ မိခင်လောင်း ကိုယ်တိုင်လည်း ဖန်ရည်စွန်း သော အဝတ်ကိုဝတ်လျက် သံဃာတော် များ၏ ဆွမ်းကျန်ကိုနှစ်သက်စွာ သုံးဆောင်လာခဲ့တယ်၊ ဒီလိုနဲ့ ကိုးလလွန်မြောက် ဆယ်လရောက်လို့ သတို့သားကို ဖွားတဲ့အခါ မှာလည်း ဆွမ်းကပ်ပြန်တယ်၊ အဲဒီနေ့မှာ တော့ မီးဖွားစ သားကလေး ကို အဖိုးတစ်သိန်းတန် ကမ္ဗလာပေါ်မှာ တင်ပြီး သိပ်ထားပါသတဲ့၊ မင်္ဂလာယူတဲ့အနေနဲ့ သားကလေးကို ရှင်သာရိပုတ္တရာကိုယ်တော်ကြီးအား မျက်နှာပြဖို့ ပွေ့ချီလိုက်တဲ့ အခါမှာ သတို့သားကလေး၏ လက်မှာ အခင်းကမ္ဗလာ ဆုပ်ကိုင်လျက် သား ပါလာတော့တယ်၊ ဒီတော့ မိခင်ဖြစ်သူက 'အရှင်ဘုရားအား သားကလေးက ထိုကမ္ဗလာ ကို လှူဒါန်းခြင်း ဖြစ်ပါတယ်ဘုရား' လို့ လျှောက်ထား ကပ်လှူလိုက်ပါသတဲ့၊ အဲဒီအချိန်မှာ သားကလေးကလည်း အရှင်သာရိ ပုတ္တရာကြီးကို မျက်တောင်မခတ် 'စိန်းစိန်းကြီး' ကြည့်နေရှာပါသတဲ့ကွယ်"

"အင်း၊ ဘဝဟောင်းက မဟာသေနဒါယကာကြီး ကြည်ညိုသလို အားကိုးသလို ကြည်ညိုနေဟန် တူပါရဲ့နော်"

"ဟုတ်တာပေါ့ကွယ်၊ ဝသီဘော်ဆိုတာ ဒါမျိုးနေမှာပေါ့၊ အဲဒီ ဒီလိုနဲ့ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ ရောက်လာခဲ့တယ်၊ အခါမှာလည်း ရှင်သာရိပုတ္တရာနဲ့ သံဃာတော်များကို ဆွမ်းကပ်မြဲ အတိုင်း ကပ်လှူပါတယ်၊ ထိုအချိန်မှာ အရှင်သာရိပုတ္တရာက 'ဤသား ငယ်ကို အဘယ်အမည်ပေးသနည်း' လို့မေးတဲ့အခါ 'အရှင် ဘုရား၏ ငယ်မည်ဖြစ်သော ဥပတိဿကို အစွဲပြုသောအားဖြင့် 'တိဿ' ဟူ၍ မှည့်ခေါ်ခွင့်ပြုတော်မူပါဘုရား' လို့ လျှောက်ထား တောင်းပန်လိုက် ပါသတဲ့၊ အရှင်သာရိပုတ္တရာမထေရ်ကလည်း ဆိတ်ဆိတ်နေ၍ ခွင့်ပြု



တော်မူလိုက်ပါသတဲ့၊ ဒါနဲ့ပဲ ထိုအချိန်မှစပြီး 'တိဿသတို့သား' ရယ်လို့ ထင်ရှားလာခဲ့ပါတယ်၊ ခုနစ်နှစ်သားအရွယ်ရောက်တော့ 'အရှင်သာရိပုတ္တရာထံမှာ သာမဏေပြုပါရစေ' လို့ မိဘများထံ ခွင့်ပန်ပါတယ်၊ မိဘဆွေမျိုး များကလည်း သတို့သားအလိုကို လိုက်လျောပြီး အရှင်သာရိပုတ္တရာကျောင်းသို့ လိုက်ပို့ကြပါတယ်၊ ဒီအခါ အရှင်သာရိပုတ္တရာမထေရ်ကြီးက 'သတို့သားတိဿ သင်ကား ငယ်ရွယ် လှသေး၏၊ နုနယ်လှသေး၏၊ မိဘရင်ခွင်ကြား၀ယ် ချမ်းသာစွာ နေရသူဖြစ်၏၊ ရှင်သာမဏေဘ၀ကား အစားလည်းဆင်းရဲ၏၊ အနေလည်းဆင်းရဲ၏၊ ထိုဆင်းရဲခြင်းတို့ကို သင် သည်းခံနိုင်စွမ်း ရှိပါမည်လော' လို့စစ်မေး တော်မူပါသတဲ့၊ အဲဒီအခါ တိဿသတို့သားက 'အရှင်ဘုရား၊ တပည့် တော်သည် ထိုဆင်းရဲခြင်းတို့ကို သည်းခံနိုင်ပါ၏၊ မွေ့လျော်နိုင်ပါ၏။ အရှင်ဘုရား၏ ဆုံးမစကားကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံ နိုင်ပါ၏' လို့ ရဲရဲတောက်လျှောက်ထားလိုက်ပါသတဲ့၊ ဒီလိုနဲ့ပဲ တိဿ သာမဏေဘဝကို ရောက်ခဲ့ပါသတဲ့၊ မိဘဆွေမျိုးများက အရှင်သာရိ ပုတ္တရာကျောင်းမှာ မြတ်စွာဘုရားနဲ့တကွ သံဃာတော်တို့အား ပင့်ဖိတ်ပြီး ခုနစ်ရက်လုံးလုံး ဃနာနို့ဆွမ်းကပ်ကြပါတယ်၊ ခုနစ်နှစ်မျှ သာရှိသေးတဲ့ တိဿသာမဏေ ရှင်ပြုတဲ့သတင်းဟာလည်း သာဝတ္ထိ ပြည်တွင်းမှာ အကျော်တဖော ဖြစ်သွားပါသတဲ့၊ ရှစ်ရက်မြောက်သော နေ့မှာ တိဿသာမဏေလေး ဆွမ်းခံ ထွက်တယ်ဆိုရင်ပဲ အရုဏ်ဦး ကတည်းက သာဝတ္ထိမြို့သူမြို့သားများဟာ အုတ်အုတ်ကျက်ကျက် ထွက်၍ကြည့်ကြပါသတဲ့၊ သာမဏေလေးရဲ့ ကြည်လင်တဲ့မျက်နှာထား၊ ကြီးမားတဲ့ ဣန္ဒြေ၊ သမဏ ပါသာဒိက ကျက်သရေကို မြင်ရသူတိုင်း မိမိတို့ရဲ့ရင်နှစ်သည်းချာ သားရတနာကလေးလို ချစ်ခင်ကြည်ညို ပါသတဲ့"

"ဟုတ်မှာပေါ့လေ၊ ဆော့နေကစားနေတဲ့ အရွယ်ကလေးက

www.burmeseclassic.com



ဘက်န်းကို သပ်သပ်ရပ်ရပ်ရှုလို့ သပိတ်ကိုကျကျနနပိုက်လို့ စင်္ကြံကြွ ချပြီး ဆွမ်းခံကြွလာတဲ့အခါ ချစ်ခင်စရာ ကြည်ညိုစရာ သနားစရာလေး ဖြစ်နေမှာပဲ၊ အဲဒီအခါက မြတ်စွာဘုရား သာသနာမှာ သာမဏေငယ် များ ရှားလိမ့်ဦးမယ်ထင်ပါရဲ့နော် အဖေကြီး”

“မင်းထင်တဲ့အတိုင်း ဟုတ်မှာပါပဲကွာ၊ ဒါကြောင့် မြို့သူမြို့သား ငါးရာက ဆွမ်းအုပ်ငါးရာကို ရွက်ပြီး ကျောင်းအရောက် လိုက်ပို့ ကြပါသတဲ့၊ တိဿသာမဏေငယ်ကလည်း အဲဒီဆွမ်းအုပ်များကို ကျောင်းနေရဟန်းတော်များကို တစ်ဆင့်လှူဒါန်းလိုက်ပါတယ်၊ နေ့ဆွမ်း အတွက် ဆွမ်းခံထွက်ပြန်တော့လည်း အထက်ကနည်းအတိုင်း မြို့သူ မြို့သားများက ဆွမ်းအုပ်ငါးရာ ပို့လာပြန်လို့ ရဟန်းတော်များအား လှူဒါန်းလိုက်ပါ သတဲ့၊ အဲသလို တစ်နေ့တစ်ရက်တည်းနဲ့ ဆွမ်းအုပ် တစ်ထောင် လှူဒါန်းနိုင်တာကြောင့် အားလုံးသောရဟန်းများက ‘ပိဏ္ဍပါတဒါယကတိဿ’ ဆွမ်းအလှူရှင် တိဿသာမဏေလို့ ဘွဲ့ပေးလိုက် ကြပါသတဲ့ကွယ်”

“ဩော်၊ ဒါကြောင့် ငယ်နာမည်နဲ့တကွ ဘွဲ့လေးမည်ရတယ် ဆိုတာကိုး၊ အခု အမည်နှစ်ခုရှိသွားပြီနော်၊ နောက်ထပ်ရတဲ့ ဘွဲ့တွေကိုလည်း ပြောပါဦး အဖေကြီးရဲ့”

“နေဦးလေ၊ သူ့အကြောင်းနဲ့သူ့အမည် အစီအရီပြောမှ ကောင်း မှာပေါ့၊ အဲ၊ ဆောင်းရာသီရောက်တဲ့ တစ်နေ့သောအခါမှာ ရဟန်းတော် အများအပြားဟာ ချမ်းလွန်း အေးလွန်းလှလို့ ညဘက် ဆိုရင်မီးပုံလေး တွေပြုပြီး ဟိုတစ်စု သည်တစ်စု ဥတုဒဏ်ကို တော်လှန်နေကြ ရှာပါသတဲ့၊ ဒီတော့ တိဿသာမဏေကလေးက လျှောက်တယ်၊

‘အရှင်ဘုရားတို့၊ အအေးဒဏ်ကို သည်းမခံနိုင်လောက်အောင် ရှိနေကြပါသလား’

‘ငါ့ရှင်သာမဏေငယ်၊ ရာသီဥတုက နှိပ်စက်လွန်းလှတယ်’



‘အရှင်ဘုရားတို့မှာ နွေးထွေးသော အပေါ်ရုံများ မရှိကြလေ သလား’

‘ဝတ်ထားသော ဤသင်္ကန်းများမှအပ မရှိကြပါ ငါ့ရှင် သာမဏေငယ်’

‘ဤသို့ဖြစ်လျှင် နက်ဖြန်နံနက်၌ ခြုံထည်ကမ္ဗလာများရရန် အတွက် တပည့်တော် အလှူခံထွက်ပါမယ်၊ အလိုရှိသော ရဟန်းတော် များ လိုက်ပါတော်မူခဲ့ကြပါဘုရား’ လို့ လျှောက်ထားလိုက်တယ်၊ သံဃာတော်များကလည်း တိဿသာမဏေရဲ့ ရှေးဘုန်းရှေးကံ တို့ကို ယုံကြည်တော်မူကြလို့ နောက်တစ်နေ့နံနက် ထွက်ကြွတဲ့အခါ ကျောင်း အသီးသီးမှ ရဟန်းအရေအတွက်ဟာ တစ်ထောင်မျှရှိပါသတဲ့၊ မြို့သူ မြို့သားများကလည်း တိဿသာမဏေကို မေးလျှောက်ပြီး ရဟန်း ပါးလျှင် တစ်ထည်စီ ကပ်လှူလိုက်ကြပါသတဲ့၊ အဲဒီလိုမြို့သူမြို့သား များက ကိုယ်တိုင်ကိုယ်ကျ ကပ်လှူခြင်းဖြစ်ပေမဲ့ ရဟန်းတော်များ ကတော့ တိဿသာမဏေကို အကြောင်းပြုပြီး ရခဲ့ကြတာမို့ သူ့ကိုပဲ ‘အလှူ့ဒါယကာ’ ရယ်လို့ အသိအမှတ်ပြုပြီး ‘ကမ္ဗလဒါယကတိဿ’ သာမဏေလို့ ဘွဲ့တစ်မျိုး ထပ်ပေးလိုက်ပြန်ပါတယ်”

“အင်း၊ ဘွဲ့သုံးမျိုးရှိသွားပြီနော် အဖေကြီး၊ ကမ္ဗလာထည်တွေကို ရလွယ်တဲ့ အကျိုးပေးကလည်း မဟာသေနဘဝတုန်းက အရှင်သာရိ ပုတ္တရာ ရဟန္တာကို ပုဆိုးလှူခဲ့တဲ့အကြောင်းကြောင့် ဖြစ်မှာပဲ”

“ဟုတ်လှချည်ပေါ့ဗျာ၊ အဲသလို အကျိုးပေးသန်လို့ လာဘ် လာဘ ပူဇော်သက္ကာရများနေပေမဲ့ တိဿသာမဏေကလေးက နှမ်းပြုမှု ခြင်း မရှိပါဘူးတဲ့၊ သူ့အပေါ်မှာ သံယောဇဉ်တွယ်တာလို့ မိဘဆွေမျိုး များက ခဏခဏလာတွေ့နေကြတာကိုလည်း မကြိုက်ပါဘူး၊ သဒ္ဓါ ကြည်ညိုလို့ နေ့တိုင်းနေ့တိုင်း တဖွဲဖွဲလာရောက်လှူဒါန်းကြတဲ့ သာဝတ္ထိ မြို့သူမြို့သားများကိုလည်း မနှစ်သက်ပါဘူးတဲ့၊ ဒါတွေက သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ပလိဗောဓဖြစ်တဲ့အကြောင်း သတိထားမိပါတယ်”

“ပလိဗောဓဆိုတာ ဘာလဲ အဖေကြီးရယ်”

“အနှောင့်အယှက်လို့ ခေါ်တာပေါ့ကွယ်၊ ဝိပဿနာတရားကို အနှောင့်အယှက်ဖြစ်စေတတ်တဲ့ အကြောင်းတရားတွေပေါ့၊ အဲဒါတွေက ဆယ်ပါးရှိသတဲ့၊

၁။ အာဝါသပလိဗောဓ = ကျောင်း၊ အိပ်ရာနေရာ၊ အရာမ်၊

၂။ ကုလပလိဗောဓ = အလုပ်အကျွေးပစ္စည်းလေးပါး ဒါယကာ၊

၃။ လာဘ ပလိဗောဓ = ပစ္စည်းလေးရပ် လာဘ်သပ္ပကာ၊

၄။ ဂဏပလိဗောဓ = ဂိုဏ်းသံဃာအပေါင်းအဖော်၊

၅။ ကမ္မပလိဗောဓ = နဝကမ္မခေါ် အမှုသစ်ပြုလုပ်စရာများ၊

၆။ အဒ္ဓါနပလိဗောဓ = ခရီးသွားစရာများ၊

၇။ ဉာတိပလိဗောဓ = သာသနာ့မျိုးဆွေ၊ အိမ်မျိုးဆွေ၊

၈။ အာဗာဓပလိဗောဓ = မကျန်းမာခြင်း၊ အနာရောဂါ ထူပြောခြင်း၊

၉။ ဂန္ထပလိဗောဓ = သင်ကြားပို့ချနေသော ကျမ်းဂန် ကိစ္စများ၊

၁၀။ ဣဒ္ဓိပလိဗောဓ = နှောင့်ယှက်ဖျက်ဆီးတတ်သော ပုထုဇဉ်တို့၏တန်ခိုး၊

အဲဒါတွေပေါ့ကွာ၊ ဒါကြောင့် ပရိသတ်နဲ့ကင်းဝေးရာ တောအုပ် တစ်ခုခုထဲသွားဖို့ ဆုံးဖြတ်လိုက်ပါသတဲ့၊ ဒီလိုနဲ့ မြတ်စွာဘုရား ထံတော်မှာ ဝိပဿနာ ကမ္မဋ္ဌာန်းကို သင်ယူပြီး ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာအား ကန်တော့နှုတ်ဆက်၍ ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာဝေးတဲ့ခရီးကို ထွက်ခဲ့ပါသတဲ့၊ တောအုပ်ကြီးတစ်ခုရဲ့အနီးက ရွာကြီးတစ်ရွာရောက်တော့ ဒါယကာ တစ်ယောက်နဲ့တွေ့တယ်၊



‘ဒါယကာကြီး ဒီတောထဲမှာ ရဟန်းများသီတင်းသုံးတဲ့ တောရကျောင် ရှိသလား’ လို့ မေးတဲ့အခါ ထိုဒါယကာက ‘တောရကျောင်းရှိ အကြောင်း သူကိုယ်တိုင်လိုက်ပို့ ပါမယ်’ လို့ လျှောက်ထားပြီးတော ထိုကျောင်းအရောက်လိုက်ပို့လို့ တိဿသာမဏေမှာ ချမ်းသာစွ သီတင်းသုံးနေရပါသတဲ့၊ အဲဒီအခါက အစပြုပြီး ‘ဝနဝါသီတိဿ တောကျောင်းမှာ သီတင်းသုံးတဲ့ တိဿသာမဏေ ဆိုတဲ့ ဘွဲ့အသ တစ်ခု ထပ်ရပြန်ပါသတဲ့”

“အင်း၊ ဘွဲ့တော်လေးခုရှိသွားပြီ၊ ဆက်ပြောပါဦး အဖေကြီး ရယ်”

“အဲဒီလို တောကျောင်းမှာ သီတင်းသုံးနေပြန်တော့လည်း ‘တစ်ယောက်ကစ တစ်ရာ’ ဆိုသလို ဒါယကာကြီးက သတင်းလွှင့် လိုက်တာနဲ့ နိဂုံးဂါမ ရွာသူရွာသားအများအပြား လာရောက်ဖူးမြော် ကြတယ်၊ ဆွမ်း ဘောဇဉ် အာဟာရမှအစ လှူဒါန်းဖို့လာကြတာဟာ များပန်းခတ်မျှ စည်ကားနေကြပြန်တာပါပဲ၊ သာမဏေလေးကတော့ ထွေထွေရာရာ စကားမပြောပဲ ‘သုခိတာ ဟောထ၊ ဒုက္ခာမုစ္စထ’ အဲဒီ စကားနှစ်လုံးတည်းသာ ပြန်ပြောလေ့ရှိပါသတဲ့၊ ဒါကိုပဲ လူကြီးများ တဲ့ ကိုယ်တော်လေးရယ်လို့ ကြည်ညိုနေကြပြန်သတဲ့လေ၊ တိဿ သာမဏေလေးကတော့ နေ့နေ့ညည ပြင်းပြင်းထန်ထန် သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ်ဆိုတဲ့ ဗလငါးတန်နဲ့ ကြိုးစားလိုက်တာ သုံးလပြည့်သောနေ့မှာပဲ ပဋိသမ္ဘိဒါလေးပါးနဲ့ တကွ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွားပါသတဲ့”

“ပဋိသမ္ဘိဒါလေးပါးဆိုတာကိုလည်း ပြောပြပါဦး အဖေကြီး ရယ်”

“၁-အတ္ထပဋိသမ္ဘိဒါတဲ့၊ အဲဒါက မည်သည့်ဘုမျိုးခြားစကားကို မဆို နားလည်နိုင်တဲ့ဉာဏ်၊

www.burmeseclassic.com



၂ – ဓမ္မပဋိသမ္ဘိဒါ၊ ဓာတ်တူတူ မတူတူ ဘာသာကွဲများကိုပါ မိမိကပြောနိုင်သောဉာဏ်၊

၃ – နိရုတ္တိပဋိသမ္ဘိဒါ၊ ပြောသမျှစကားတို့ဟာ သဒ္ဒါနည်းဖြင့် စေ့စပ်သေချာတဲ့ဉာဏ်၊

၄ – ပဋိဘာနပဋိသမ္ဘိဒါ၊ ကိုယ်တိုင်သိသမျှတရားတို့ကို ထွေထွေပြားပြား စကားအရာ တန်ဆာဆင်၍ ပြောနိုင်တဲ့ဉာဏ်၊

အဲဒီလေးပါးကို 'ပဋိသမ္ဘိဒါလေးပါး' လို့ ခေါ်ပါတယ်ကွာ၊ သာမန်ရဟန္တာပုဂ္ဂိုလ်များနဲ့ ပစ္စေကဗုဒ္ဓါ ကိုယ်တော်များသော်မှ ထိုဉာဏ်တော်လေးပါးစလုံးမရ၊ မရှိကြပါဘူးတဲ့၊ ဒါ့ကြောင့်ပေါ့ 'ဘုရားငယ်' လို့ တို့တစ်တွေသိနေကြတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များဟာ သူတို့ကိုယ်တိုင် သိတော်မူထားကြတဲ့ သစ္စာလေးပါးကိုသူတစ်ပါးအားပြောကြားတော်မမူနိုင်ကြပါဘူးတဲ့၊ အဲသလိုမှတ်သားရဖူးပါတယ်"

"သြော် သြော်၊ တိဿသာမဏေ ရဟန္တာကလေးက ပါရမီကြီးလိုက်တာနော်"

"အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက သူ့တပည့်သာမဏေငယ်ကလေး ရဟန္တာဖြစ်သွားတဲ့အကြောင်း သိတော်မူလိုက်ပါပြီ၊ ဒါကြောင့် ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်တော်မူလိုတဲ့အတွက် တိဿသာမဏေလေးရှိရာသို့ သွားခွင့်ပြုရန် မြတ်စွာဘုရားအား လျှောက်ကြားတောင်းပန်တယ်၊ ထိုအခါ မြတ်စွာဘုရားက တိဿသာမဏေငယ်ကို အကြောင်းပြုပြီး ဝေနေယျအများအပြား တရားထူးရကြစေခြင်းအကျိုးငှာ အဂ္ဂသာဝက နှစ်ပါးနှင့်တကွ အသီတိသာဝကများပါ ခြံရံပြီး ကိုယ်တော်တိုင် ဒေသစာရီကြွရန် စီမံစေပါသတဲ့၊ တိဿသာမဏေငယ် ရဟန္တာကလည်း မြတ်စွာဘုရားနဲ့တကွ သံဃာတော်လေးထောင် ကြွလာတော်မူကြမည်ကို သိလိုက်တဲ့အတွက် ကျောင်းနေရာ အစီအစဉ်များနဲ့တကွ ဆွမ်းကိစ္စများကိုပါ



ကြိုတင် စီစဉ်ထားလိုက်ပါသတဲ့၊ အဲဒီနောက် မြတ်စွာဘုရားသခင်က နောက်ပါသံဃာတော်လေးထောင်နဲ့ တိဿသာမဏေ သီတင်းသုံးရာ တောအုပ်သို့ ကြွလာပါတယ်၊ ရွာသူရွာသားများစွာတို့ကလည်း ဝမ်းပန်းတသာ စေတနာ သဒ္ဓါတရားဖြင့် ဆွမ်းကိစ္စမှအစ နေရာတကာ မငြိုငြင် မဆင်းရဲရလေအောင် ပြုစုလှူဒါန်းကြပါတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က အရာအထောင်မကသော ရွာသူရွာသားတို့ကို တိဿသာမဏေအား အကြောင်းပြု၍ တရားဒေသနာများ ဟောကြားတော်မူသဖြင့် အကျွတ်တရားရကြပါတယ်၊တစ်နေ့တော့ တောင်ထိပ်တစ်ခုသို့ မြတ်စွာဘုရား ကြွတော်မူရာမှာ တိဿသာမဏေငယ်ကို ဗုဒ္ဓမြတ်စွာ၏နံဘေးမှ လိုက်ပါခွင့် ပြုတော်မူခဲ့ပါတယ်၊ တောင်ထိပ်ရောက်လို့ ထိုအရပ်မှ လှမ်းမျှော်၍ ကြည့်လိုက်တဲ့အခါ ပင်လယ်သမုဒ္ဒရာကိုတွေ့တော်မူရပါသတဲ့၊ ထိုအခါ မြတ်စွာဘုရားက တိဿသာမဏေအား ဤသို့ မေးမြန်းတော်မူသတဲ့၊

'ချစ်သားတိဿ၊ ထိုပင်လယ်သမုဒ္ဒရာကို မြင်ရဲ့ မဟုတ်လား'

'မြင်ပါသည် အရှင်ဘုရား'

'ချစ်သားတိဿ၊ ထိုပင်လယ်ကို မြင်ရသောအခါ အဘယ်သို့ သဘောထားပါသနည်း'

'ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား၊ 'အနမတဂ္ဂ' သံသရာ၌ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတည်းဟူသော ကိလေသာတို့ကြောင့် တပေါက်ပေါက်ကျခဲ့ရသော တပည့်တော်၏ မျက်ရည်များကို စုပေါင်းလိုက်လျှင် ဤပင်လယ် သမုဒ္ဒရာတမျှ ရှိပေလိမ့်မည်ဟု သဘောရပါသည်အရှင်ဘုရား'

'သာဓု သာဓု၊ ကောင်းလေစွ ကောင်းလေစွ၊ အသင်လျှောက်ကြားသောစကားအတိုင်းဟုတ်မှန်လှပေ၏၊ 'တစ်ယောက် တစ်ယောက်' သော သတ္တဝါ၏ ဆင်းရဲဒုက္ခတွေ့ကြုံသောအခါ ယိုစီးသော မျက်ရည်

www.burmeseclassic.com



တို့သည် သမုဒ္ဒရာလေးစင်းရှိ ရေတို့ထက် အလွန့်အလွန် များကုန်သည်သာလျှင်တည်း၊ ချစ်သားတိဿ အသင်နေထိုင်သော တောင်ဝှမ်းအရပ်ကို မြင်သောအခါ ချစ်သား အဘယ်သို့ နှလုံးသွင်းဘိသနည်း'

'အရှင်ဘုရား၊ ဤတောင်ဝှမ်းအရပ်၌ သံသရာ ဘဝပေါင်းများစွာ သေခဲ့ရသဖြင့် တပည့်တော်၏ အလောင်းကောင် ပစ်ချမြှုပ်နှံရာမှ ကင်းလွတ်သော နေရာကွက်လပ်မရှိအောင်ပင် ဖြစ်ပါသည်ဟု ထင်မြင်နှလုံးသွင်းမိပါသည်ဘုရား'

'သာဓု သာဓု၊ ချစ်သား၊ အသင်လျှောက်ထားသော စကားအတိုင်း ဟုတ်မှန်လှပေ၏၊ ဤသတ္တဝါတို့အား မဟာပထဝီ မြေကြီးထက်၌ လျောင်းအိပ်စက်လျက် မသေဖူးသော နေရာမည်သည် မရှိ၊ ချစ်သား တိဿ၊ အကြင်ပုဂ္ဂိုလ်၌ သစ္စာလေးပါးသိကြောင်း ရှေ့အဖို့သစ္စာဉာဏ်သည်လည်းကောင်း၊ ကုသိုလ်တရားသည်လည်း ကောင်းရှိ၏၊ မညှဉ်းဆဲခြင်းကရုဏာသည်လည်း ရှိ၏၊ သီလ စောင့်ရှောက်ခြင်းသည်လည်းရှိ၏၊ ဣန္ဒြေကို ဆုံးမခြင်းလည်းရှိ၏၊ ဤဂုဏ်လေးပါးအပေါင်းရှိသော ပုဂ္ဂိုလ်အား ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့သည် ချီးမွမ်းကြကုန်၏၊ လောက၌ ဤဂုဏ်လေးပါး အပေါင်းသည် သေခြင်းကင်းသည်ကို ပြီးစေတတ်သောကြောင့် 'အနာမတ' မည်ပေ၏'

"မြတ်စွာဘုရားက တိဿသာမဏေငယ် ရဟန္တာအားအမေးအဖြေပြု၍ တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူပါတယ်၊ အဲသလိုနဲ့ပဲ မြတ်စွာဘုရားသခင်နှင့်တကွ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမှစ၍ သံဃာတော်အပေါင်း သာဝတ္ထိပြည်သို့ ပြန်လည်ကြွတော်မူတဲ့အခါမှာတော့ တိဿသာမဏေဟာ ထိုအရပ်မှာပဲ သီတင်းသုံးနေရစ်တော်မူပါသတဲ့ကွယ်"

သုစိအဏ္ဏာန် ပရိဟာရမ္ဟ၊

သုစ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com